# အဘိဓမ္မာယင်ဇောနှင်း
# ပို့ချချက်များ
## (တတိယတွဲ)


**အရှင်သီလာနန္ဒာဘိဝံသ** (D.Litt.)

အဂ္ဂမဟာပဏ္ဍိတ–အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

ပါမောက္ခချုပ်ဆရာတော်

အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်

Printed for free distribution by
**The Corporate Body of the Buddha Educational Foundation**
11F., 55 Hang Chow South Road Sec 1, Taipei, Taiwan, R.O.C.
Tel: 886-2-23951198 , Fax: 886-2-23913415
Email: overseas@budaedu.org
Website:http://www.budaedu.org
**This book is strictly for free distribution, it is not for sale.**
ဓမ္မစာအုပ်များကိုအခမဲ့ ပေးလှူသည်ဖြစ်၍ရောင်း ဝယ်ခြင်းမပြုရ။

# အဘိဓမ္မာသင်တန်းပို့ချချက်များ
(တတိယတွဲ)

## မာတိကာ


**အဘိဓမ္မာသင်တန်း (၂၇)**
ဘုံပိုင်း (ဝီထိမုတ်ပိုင်း)
ဘူမိစတုက္က၊ ပဋိသန္ဓေစတုက္က ၂
**အဘိဓမ္မာသင်တန်း (၂၈)**
ဝီထိမုတ်ပိုင်း၊
ကမ္မာဖြစ်ပုံပျက်ပုံ ၂၃
**အဘိဓမ္မာသင်တန်း (၂၉)**
ဝီထိမုတ်ပိုင်း၊
ကမ္မစတုက္က ၅၅
**အဘိဓမ္မာသင်တန်း (၃၀)**
ဝီထိမုတ်ပိုင်း
ကမ္မစတုက္က၊ အကုသိုလ်ကာယကံ ၃-ပါး ၈၀
**အဘိဓမ္မာသင်တန်း (၃၁)**
ဝီထိမုတ်ပိုင်း၊ ကမ္မစတုက္က အကုသိုလ်ဝစီကံ ၄-ပါး၊
မနောကံ ၃-ပါး ၁၀၄
**အဘိဓမ္မာသင်တန်း (၃၂)**
ဝီထိမုတ်ပိုင်း၊ ကမ္မစတုက္က၊
အကုသိုလ်ကံနှင့် ကာမာဝစရကုသိုလ်ကံ ၁၂၆
**အဘိဓမ္မာသင်တန်း (၃၃)**
ဝီထိမုတ်ပိုင်း၊
ကမ္မစတုက္က ၁၅၀
**အဘိဓမ္မာသင်တန်း (၃၄)**
ဝီထိမုတ်ပိုင်း၊
ကာမာဝစရကုသိုလ်၊ ရူပါဝစရကုသိုလ် ၁၇၄
**အဘိဓမ္မာသင်တန်း (၃၅)**
ဝီထိမုတ်ပိုင်း၊
မရဏုပ္ပတ္တိ၊ သေခြင်းဖြစ်ပုံ ၂၀၀
**အဘိဓမ္မာသင်တန်း (၃၆)**
ဘုံပိုင်း (ဝီထိမုတ်ပိုင်း)၊
စုတိနောင် ပဋိသန္ဓေ ၂၂၈

# ကျေးဇူးမှတ်တမ်း

ဤစာအုပ် ထုတ်ဝေနိုင်ရေးအတွက် တိတ်ခွေမှ စာသားအဆင့်သို့ ရောက်အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ကြသော

အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ် Fremont မြို့ မြန်မာကျောင်း ပဓာန နာယကနှင့်၊ ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ထားဝယ်ငါးကျမ်းပြန် သာသနာ့ရိပ်သာဆရာတော် အရှင်ဓမ္မပိယ (M.A Ph.D.) Thesis တပည့်သံဃာတော်များနှင့်

* စာမူအဆင့်တွင် အမှားကင်းစင်အောင် ဝိုင်းဝန်းကြီးကြပ် ဆောင်ရွက်ပေးသော
* ဒေါက်တာအရှင်ဥတ္တရဉာဏ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာဌာနမှူး, ပဋိပတ္တိမဟာဌာန၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်နှင့်
* အဘိဓမ္မာသင်တန်းကို အစမှအဆုံးတိုင် ကြည်ညိုသဒ္ဓါစိတ်ဖြင့် တက်ရောက်ကြသော အမေရိကန်နိုင်ငံရောက် မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင် သူတော်စင် ဒါယကာ ဒါယိကာမတို့အား အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**သီရိ**
ရွှေစန္ဒာထွန်းစာပေ၏
စီစဉ်သူ

# နိဒါန်း

ဤအဘိဓမ္မာသင်တန်း ပို့ချချက်များကို အမေရိကန်နိုင်ငံရောက် မြန်မာ အမျိုးသားအမျိုးသမီးများအတွက် ပို့ချခဲ့ပါသည်၊ မြန်မာနိုင်ငံ၌ ထုတ်ဝေရန် ရည်ရွယ်ချက် မရှိခဲ့ပါ၊ အကြောင်းကား မြန်မာနိုင်ငံ၌ မိမိထက် အဘိဓမ္မာအရာ၌ ကျွမ်းကျင်သောဆရာတော်များ ရှိနေ၍တစ်ကြောင်း, မြန်မာလို ရေးသားထားသော အဘိဓမ္မာစာအုပ်များ များစွာရှိနေ၍ တစ်ကြောင်း ဖြစ်ပါသည်။

တစ်ပတ်တစ်ခါ, တစ်ခါလျှင် တစ်နာရီပို့ချခဲ့ပါသည်၊ အားလုံးပေါင်း ၅၆ ကြိမ်, တိတ်ခွေ ၅၆ ခွေစာ ပို့ချခဲ့ပါသည်၊ နဂိုက မြန်မာနိုင်ငံ၌ထုတ်ဝေရန် ရည်ရွယ်ချက် မရှိသော်လည်း တစ်နေ့သ၌ Fremont မြို့ မေတ္တာနန္ဒဝိဟာရ ကျောင်းတိုက် ဆရာတော်ဦးဓမ္မပိယနှင့် စကားစပ်မိရာ သူက မြန်မာနိုင်ငံ၌ ထုတ်ဝေလိုကြောင်း, မြန်မာအမျိုးသား အမျိုးသမီးများအဖို့လည်း ကျေးဇူးများနိုင် ကြောင်းနှင့် မိမိတို့အနေနှင့်လည်း နည်းယူစရာရနိုင်မည်ဖြစ်ကြောင်းများကို ပြောသဖြင့် မြန်မာပြည်၌ထုတ်ဝေရန် သဘောတူခဲ့ပါသည်၊ တစ်ဖန်တုံ ဤသို့ စာအုပ်ရိုက်မည့်အကြောင်းကို ရွှေစန္ဒာထွန်းစာပေမှသိရှိသွား၍ သူတို့ကပင် တာဝန်ယူရိုက်၍ ဖြန့်ချိရန် တောင်းပန်သဖြင့် ဤစာအုပ်မှာ ပို၍ လျှင်မြန်စွာ ထွက်ပေါ်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ဤသင်တန်းမှာ အမေရိကန်ပြည်ရောက် မြန်မာများအတွက် ပို့ချခဲ့ခြင်း ဖြစ်၍ ၎င်းတို့မှာ အင်္ဂလိပ်လိုတတ်သူများဖြစ်ကြ၍ အချို့နေရာ၌ အင်္ဂလိပ် စကားလုံးကိုညှပ်၍ သုံးထားသည်တို့ကို တွေ့ရမည်ဖြစ်ပါသည်၊ ထိုသို့သုံးထား ခြင်းမှာ အချို့အရာ၌ အင်္ဂလိပ်လိုပြောခြင်းက သူတို့အဖို့ ပိုမိုလွယ်ကူစွာ နားလည်နိုင်မည်ဖြစ်သောကြောင့်ဖြစ်ပြီး အခြားအကြောင်းတစ်ခုမှာမူ အကျင့်ပါနေ သောကြောင့်ဟု ဆိုရပါမည်၊ ထိုအင်္ဂလိပ် အသုံးအနှုန်းများကိုလည်း ပင်ကိုယ် အတိုင်းပင် ထားခဲ့ပါသည်၊ မြန်မာပြန်ဆိုခြင်း မပြုခဲ့ပါ၊ ထို့ပြင် သင်တန်းပို့ချချက်

အားလုံးလိုလိုပင် သူ့အတိုင်းထားခဲ့ပါသည်၊ အချို့ စကားမချောသောနေရာများတွင်သာ ရွှေစန္ဒာထွန်းစာပေမှ ဆရာမဒေါ်သီရိက ဒိုင်ခံ၍ ပြင်ပေးပါသည်၊ စာတစ်အုပ်လုံးကို ဒိုင်ခံ၍ တည်းဖြတ်ပေးသူကားအပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ပဋိပတ္တိ မဟာဌာနမှူး၊ ဒေါက်တာဘွဲ့ရ ဦးဥတ္တရဉာဏ ဖြစ်ပါသည်၊ သူက မြန်မာမှုဆိုင်ရာ၌လည်းကောင်း၊ အင်္ဂလိပ်စာဆိုင်ရာအပိုင်း၌လည်းကောင်း တတ်စွမ်းသလောက် ပြင်ဆင်ပေးပါသည်၊ အင်္ဂလိပ်စာပိုင်းဆိုင်ရာ၌ ဤစာရေးသူလည်း အထူးဂရုစိုက်၍ ပြင်ပေးပါသည်၊ ထိုပြင်ချက်အားလုံးကိုမှ ပုံနှိပ်တိုက်မှပြင်၍ ရိုက်နှိပ်ခဲ့ပါသည်၊ ဤသို့ ကြိုးပမ်းကြပါသော်လည်း အမှားကတော့ကင်းချင်မှ ကင်းမည်၊ အမှားတွေ့ရှိပါက ဖြန့်ချိသူတို့ထံသို့ စာဖြင့် အကြောင်းကြားပါလျှင် ထိုပြင်ချက်များ မှတ်ထားပြီး နောက်တစ်ကြိမ် ရိုက်သောအခါ ထည့်သွင်းပြင်ဆင်ပါမည်။

လက်ာများကို များသောအားဖြင့် လယ်တီဆရာတော်ဘုရားကြီး၏ပရမတ္ထသံခိပ်နှင့် တောင်မြို့မဟာဂန္ဓာရုံ ဆရာတော်၏ ဘာသာဋီကာမှရယူပါသည်။

ပစ္စည်းပိုင်းလာ အခန်းများကို ဆူးလေအဘိဓမ္မာပြန့်ပွားရေးအသင်းမှ ထုတ်ဝေသောစာအုပ်မှ ရယူပါသည်။

အရှင်သီလာနန္ဒာဘိဝံသ


၁၃၆၅ ခု၊ နယုန်လဆန်း ၄ ရက် အင်္ဂါနေ့

(၃-၆-၂၀၀၃)

အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနပြုတက္ကသိုလ်

ရန်ကုန်မြို့၊

မြန်မာနိုင်ငံ။




* ဘဝ တစ်ခု၊ သန်ဘွင် စု၊ သုံးခု ထပ်စမြဲ။

* ဘုံ ဓာတ် သံ သင်၊ အာ ငါးအင်၊ သန်ဘွင် စု မကွဲ။

# အဘိဓမ္မာသင်တန်း ၂၇

## ဘုံပိုင်း (ဝီထိမုတ်ပိုင်း)

## ဘူမိစတုက္က ပဋိသန္ဓေစတုက္က

မေလ ၁၅–ရက်နေ့။

ပဉ္စမပိုင်းစမယ်၊ ဘုံပိုင်းလို့လည်းခေါ်တယ်၊ ဝီထိမုတ်ပိုင်းလို့လည်း ခေါ်တယ်။

ဘုံပိုင်းလို့ ခေါ်တာကတော့ ၃၁–ဘုံက စပြီးတော့ပြတာ၊ ဝီထိမုတ်ပိုင်းလို့ ခေါ်တာကတော့ နောက်ဆုံးအပိုင်းက မရဏာသန္နဝီထိပေါ့လေ၊ သေခါနီး အခါ ကာလဋ္ဌဖြစ်ပုံကိုပြတာ၊ သေတဲ့စိတ်ဆိုတော့ ဝီထိမုတ်စိတ်၊ အဲဒါကြောင့် ဝီထိမုတ် ပိုင်းလို့ ခေါ်တယ်၊ ဝီထိမုတ်ပိုင်းခေါ်တာကတော့ ကျမ်းဆရာကိုယ်တိုင် ပေးတဲ့နာမည်။

ဘုံပိုင်းဆိုတာကတော့ မြန်မာပြည်မှာ ခေါ်ကြတာ၊ ဘုံပိုင်းမှာ ပထမဦးဆုံး ဘူမိစတုက္ကလို့ခေါ်တဲ့ ဘုံလေးမျိုးလို့ပြောရင် ဟုတ်တယ်ပေါ့၊ ၃၁–ဘုံလို့ပြောရင်လည်း ဟုတ်တယ်ပေါ့၊ အဲဒီဘုံတွေကို ပထမပြောပြတယ်၊ အဲဒီနောက် ပဋိသန္ဓိ စတုက္ကဆိုတာက ပဋိသန္ဓေအကြောင်းပြောပြတယ်၊ ဘုံနဲ့ပဋိသန္ဓေနဲ့ ပဋိသန္ဓေစိတ်နဲ့ စသည်ဖြင့် သွားတာ။

ပုံလေးပြပြီး ပြောရတာ သိပ်လွယ်သွားပြီ၊ ဘုံ ၃၁–ရှိတော့ ၃၁–ဘုံ အကြောင်းတော့ ဗုဒ္ဓဘာသာဝင်တွေအနေနဲ့ နားလည်ရမှာ၊ ဒီပုံကို ကြည့်လိုက်တဲ့အခါ အောက်ဆုံးမှာဘာတွေ့တုန်း၊ အနန္တာကာသ၊ အနန္တဆိုတာက အဆုံးမရှိတာ၊

အာကာသဆိုတာက ကောင်းကင်ပေါ့, အဆုံးမရှိတဲ့ကောင်းကင်ကြီးရှိတယ်၊ အဲဒီ အဆုံးမရှိတဲ့ ကောင်းကင်ကြီးရဲ့အထက်မှာ ဘာတည်သလဲဆိုရင်တော့ လေထု တည်တယ်၊ အဲဒီလေထုက ဘယ်လောက်ကျယ်ဝန်းသလဲဆိုရင် ဘယ်လောက်မြင့် သလဲဆိုရင်ယူဇနာ ၉–သိန်း ၆–သောင်းတဲ့။

**ကိုးသိန်းခြောက်သောင်း, အထုပေါင်း, တည်လျှောင်းအောက်ခံလေ။** ဒါက လယ်တီဆရာတော်ဘုရားကြီး ရေးထားတဲ့လင်္ကာ။

ကိုးသိန်း ခြောက်သောင်း ယူဇနာရှိတယ်တဲ့၊ အဲဒီလေထုအပေါ်မှာမှ ရေထု ရှိတာတဲ့၊ လေက အောက်ကခံတာနော်၊ လေကပင့်ထားလို့ ရေကနေနိုင်တာ၊ ဒါကြောင့်မို့ ဝါယောဓာတ်က ဝိက္ခမ္ဘနသတ္တိ ထောက်ကန်တွန်းကန်တတ်တဲ့ သတ္တိရှိတယ်၊ ဝါယောဓာတ် ရှိတဲ့အတွက်ကြောင့်မို့ လူတွေထောင်နိုင်တာနော်၊ အမျိုးမျိုး အစုံရှိတယ်ပေါ့လေ၊ အခုလည်း လေဆိုတာ ဝါယောဓာတ်, သူက အောက်ကခံထားတာ, အဲဒီအပေါ်မှာမှ ရေထုကတည်တာတဲ့၊ အဲဒီရေထုက ယူဇနာ လေးသိန်းရှစ်သောင်း။

**လေးသိန်းရှစ်သောင်း, အထုပေါင်း, တည်လျှောင်းလေထက်ရေ** တဲ့။

လေထက်ဆိုတာ လေရဲ့အထက်မှာနော်။ လေထုယူဇနာ လေးသိန်း ရှစ်သောင်း အထက်မှာမှ မြေထုယူဇနာ နှစ်သိန်းလေးသောင်း ရှိတာ၊ မြေက အဲဒီအပေါ်မှာ တည်တာ၊ ဒါကြောင့် လေ, ရေ, မြေ၊ အဲဒီမြေထုက ၂–သိန်း ၄–သောင်းရှိတယ်၊ အဲဒီ ၂–သိန်း ၄–သောင်း ကိုလည်း တစ်ဝက်စီ ခွဲလိုက်ရင် အောက်ပိုင်းကဟာကို သိလာပထဝီလို့ ခေါ်တယ်၊ ကျောက်မြေပေါ့လေ၊ ကျောက်မြေက ဘယ်လောက်ရှိသလဲ ၁–သိန်း ၂သောင်းပေါ့နော်၊ ပံသုပထဝီတဲ့၊ ပံသုဆိုတာက မြေမှုန့်၊ မြေကြီးမြေက ၁–သိန်း ၂–သောင်းတဲ့၊ ဒါကြောင့်မို့–

* **သိလာပံသု, မြေနှစ်ခု, အထုထက်ဝက်ဝေ၊**

**နှစ်သိန်းလေးသောင်း, အထုပေါင်း, တည်လျှောင်းရေထက်မြေ။**

ရေရဲ့အထက်မှာ မြေက ၂–သိန်း ၄–သောင်းရှိတယ်၊ ပြီးတော့မှ **သိလာပံသု, မြေနှစ်ခု, အထုတက်ဝက်ဝေ** တဲ့၊ သိလာပထဝီရယ်, ပံသုပထဝီရယ် ဆိုပြီးတော့ ၂–ခုထက်ဝက်ဝေလိုက်ပါတဲ့၊ အဲဒီအပေါ်မှာမှ ၃၁–ဘုံကလာမှာ, သင်္ဂြိုဟ်ကျမ်းမှာ တော့ ဒါတွေ အကုန်လုံး ပြောမထားပါဘူး၊ သင်္ဂြိုဟ်ကျမ်းမှာတော့ ၃၁–ဘုံ သာမညပဲ ပြောထားတယ်၊ အောက်ကခံတဲ့ လေထုရေထုတို့က တခြားပါဠိတော် အဋ္ဌကထာ ဋီကာတွေကနေ ထုတ်ပြီးတော့၊ ရှေးဆရာတော်ကြီး တွေက ရေးထားတာ။

အဲဒီမြေထုယူဇနာ ၂–သိန်း ၄–သောင်းမှာမှ ပထမအပါယ်လေးဘုံ ဆိုတာ ရှိတယ်၊ အပါယ်လေးဘုံ ဆိုတာငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်, ဒါကို အပါယ်လေးဘုံလို့ခေါ်တယ်။

မြေကြီးပေါ်မှ ဆိုပေမယ်လို့ အမှန်ကတော့ မြေကြီးထဲမှာ ဒီငရဲဘုံတွေ တည်ရှိတယ်၊ အဲဒီငရဲဘုံ ဘယ်နှစ်ဘုံတည်ရှိသလဲဆိုတာ ငရဲဘုံအကြောင်း ပြောတဲ့ အခါကျတော့ အထက်ကစပြီးပြောသွားတယ်၊ ဒါကြောင့်မို့ ပထမငရဲက ဘာခေါ်တယ်၊ သဉ္ဇိင်းလို့ ဖတ်ရတယ်။ သဉ္ဇီဝဆိုတဲ့ ပါဠိသသဒ္ဒါကလာလို့၊ နောက်တစ်ခုက ကာလသုတ်ငရဲတဲ့၊ နောက်တစ်ခုက သင်္ဃာတငရဲ၊ နောက်တစ်ခုက ရောရုဝငရဲ၊ နောက်တစ်ခုက မဟာရောရုဝငရဲ၊ နောက်တစ်ခုက တာပနငရဲ၊ နောက်တစ်ခု မဟာတာပနငရဲ၊ နောက်တစ်ခု အဝီစိငရဲ, အဝီစိငရဲက အောက်ဆုံးမှာနေတယ်၊ ဒါ ပံသုပထဝီထဲမှာ အမှန်ကတော့ သူတို့နေတာ၊ အဝီစိငရဲက သိလာပထဝီပေါ်မှာ တည်နေတယ်တဲ့၊ ပံသုပထဝီမှာ ရောက်သွားတယ်ပေါ့၊ အဲဒါကို ငရဲကြီး ၈ ထပ်လို့ ခေါ်တာ၊ ဒါကြောင့်မို့ လယ်တီဆရာတော်ဘုရားကြီးက–

**သဉ္ဇိုဝ်း, ကာလ, သင်္ဃာတ, ဒွယ ရောရုဝါ, (ရောရုဝ ၂ ခု)**
**တာပန ဒွိ, အဝီစိ, တည်ရှိ ငရဲရွာ။**

ငရဲကြီး ၈–ထပ်ရှိတယ်၊ အဲသလို ငရဲကြီး ၈–ထပ်မှာလဲ အခြံအရံငရဲငယ်တွေ ရှိသေးတယ်တဲ့၊ အဲဒါတွေကို ဥဿဒငရဲငယ်လို့ခေါ်တယ်၊ အဲဒီ ဥဿဒ ငရဲငယ်လို့ ခေါ်တာက တော့ ဝါဒ ၂–မျိုး ရှိတယ်၊ ဘယ်ဘက်က စာတွေဖတ်ကြည့်လိုက်စမ်း ဘာတွေ တွေ့မလဲ, ဥဿဒငရဲငယ်တဲ့၊ တစ်မျက်နှာမှာ ငရဲငယ် ၄–ခုဆိုတော့ ၄– မျက်နှာ ဆိုတော့ ငရဲငယ် ၁၆–ခု ရှိသွားတာပေါ့လေ၊ ၁၆ x၈ လီကျတော့ ၁၂၈– ရှိတယ်၊ အဲဒီလေးခုက ဘင်ပုပ်ငရဲတဲ့၊ ဘင်ပုပ်ဆိုတာ မစင်တွေ ပြောတာ၊ မစင်တွေထဲမှာ ဒီကောင်တွေပေါလော ပေါလောနဲ့ ကူးနေရတာ၊ နောက်တစ်ခုက ပြာပူငရဲတဲ့၊ နောက်တစ်ခုက လက်ပံတောငရဲ၊ လက်ပံပင်ဆိုတာတက်လို့ ပြုလို့မရဘူး မဟုတ်လား၊ အပင်မှာ ဆူးတွေရှိတယ်၊ အဲဒီမှာ တက်နေရတာ လက်ပံတောငရဲ, သစ်ပင်တောငရဲတဲ့။

**ဘင်, ပြာ, လက်သံ, အစဉ်ရံ, လေးတန် ဥဿဒ** တဲ့၊ ၄–မျိုးရှိတယ်တဲ့၊ ဘင်ပုပ်ငရဲ ပြာပူငရဲ, လက်ပံတောငရဲ, သံလျက်အရွက်ရှိတဲ့ သစ်ပင်တောငရဲတဲ့၊ ထိလိုက်ရင်ရှမှာပဲနော်၊ ဓားတွေလို သံလျက်တွေလို အရွက်ရှိတဲ့ သစ်ပင်တွေပေါ့လေ၊ အဲဒီသစ်ပင်တွေ ရှိတဲ့တော, အဲဒါလေးမျိုး၊ အရံဥဿဒ ငရဲငယ်လို့ခေါ်တယ်၊ ဒါ

အဝိစိမှာ ရှိတယ်၊ မဟာတာပနမှာ ရှိတယ်၊ တာပနမှာ ရှိတယ်။

နောက်တစ်နည်းက ဘာတဲ့လဲ၊ ညာဘက်မှာ ဖတ်ကြည့်စမ်း၊ ငရဲကြီး ၈ ထပ်၊ အဲဒါ ထားဦး၊ ဘင်၊ ပြာ၊ လက်၊ သစ်ပင်တော၊ ကြိမ်ပိုက်ချောင်း၊ ၅–မျိုးတဲ့၊ ဒီကျတော့ ဘင်ပုပ်ငရဲဆိုတာကတော့ ခုနကလို မစင်တွေ၊ ပြာပူငရဲ လက်ပံတောငရဲ သံလျက်တောငရဲ၊ ပြီးတော့ ကြိမ်ပိုက်ချောင်းတဲ့၊ လက်ာထဲကတော့ မြစ်အရံလို့ဆိုတယ်၊ **ဘင်ပြာလက်သံ, မြစ်အရံ, ငါးတန်တစ်နည်းမှာ**၊ ဆူးတွေရှိတဲ့ ကြိမ်တွေနဲ့ ဖုံးလွှမ်းနေတဲ့ မြစ်ပေါ့လေ။

အဲဒီလို ငရဲတစ်ခုခုမှာ ငရဲ ၅–ခုဆိုရင် ငရဲငယ်က တစ်မျက်နှာ ၅–ခုဆိုရင် ၄–မျက်နှာ၊၂၀၊ ၂၀ x ၈ လီ ၁၆၀၊ အဲဒီလို ၂၊ မျိုးရှိတယ်၊ ဒါ ငရဲငယ်။

တစ်ခါတလေလည်း အဝိစိကျသင့်တဲ့သူက အဝိစိမှာမကျပဲနဲ့ အဝိစိရဲ့ အရံဖြစ်တဲ့ ငရဲမှာကျတတ်တယ်၊ အဇာတသတ်ဟာ အဝိစိမှာမကျဘူးတဲ့၊ အဝိစိကျဖို့ပဲ အဖေသတ်ထားတာ၊ ဒါပေမယ်လို့ မြတ်စွာဘုရားကို သူ အလွန် ကြည်ညိုသွားတာကို ဘာမှတော့ မကယ်နိုင်တော့ဘူး၊ သို့သော် ငရဲမှာတော့ ဥဿဒငရဲပေါ့လေ၊ အဲဒီ အဝိစိရဲ့ အခြံအရံဖြစ်တဲ့ ငရဲတစ်ခုမှာကျတာ နည်းနည်းတော့ သက်သာမှာပေါ့လေ။

**မေး** – အဝိစိမှာ ၄–ခုစီ၊ ၄–ခုစီ ရှိတာလား ဘုရား။

**ဖြေ** – ဟုတ်တယ်၊ အဝိစိငရဲမှာ တောင်ဘက်မှာ ၄–ခု, မြောက်ဘက်မှာ လေးခု၊ အရှေ့ဘက်မှာ၄–ခု၊ အနောက်ဘက်မှာ ၄–ခု၊ အဲဒီလို သူတို့တတွေက ပတ်ပတ်လည် အထပ်ထပ်အနေနဲ့ သွားမှာပေါ့လေ၊ ၁၆–ခု သို့မဟုတ် ၂၀–ပေါ့လေ၊ အဲသလို ပတ်ပတ်လည်မှာတည်ရှိမယ်။

ငရဲဘုံပြီးတော့ ဘာလာလဲ,* တိရစ္ဆာန်ဘုံတဲ့၊ တိရစ္ဆာန်ဘုံ ဆိုတာကတော့ ဘုံသီးခြားမရှိဘူး၊ လူတွေနဲ့အတူတူရောနေတာပဲမဟုတ်လား၊ တိရစ္ဆာန်က ဘာကြောင့် သူတို့ကို တိရစ္ဆာန်လို့ ခေါ်တာလဲဆိုရင် တိရ ဆိုတာက ဖီလာကန့်လန့်၊ ခွေးတွေ နွားတွေဟာ ဖီလာကန့်လန့်သွားတတ်တယ်ပေါ့လေ၊ ဒါကြောင့် သူတို့ကို တိရစ္ဆာန်လို့ခေါ်တာ၊ သူတို့ရဲ့ ခန္ဓာသည်သာလျှင် သူတို့ရဲ့ဘုံပဲတဲ့။

ပြိတ္တာဆိုတဲ့ တစ္ဆေ, သူရဲ, မင်စာ ခြောက်တတ်တဲ့ကောင်တွေ အကုန်လုံး ပြိတ္တာထဲပါတယ်၊ တစ္ဆေဖြစ်သွားတယ်ဆိုရင် အမှန်က ပြိတ္တာဘုံ ရောက်တာပဲ။

**မေး** – ဘီလူးတွေကောဘုရား၊

**ဖြေ** – အောက်တန်းစား ဘီလူးတွေလည်းပါတာပဲ၊

အသုရကာယ်ဆိုတာကတော့ ပြိတ္တာအကြီးစား၊ သူတို့က ပြိတ္တာထက်တော့

နည်းနည်းတော်သေးတယ်၊ ဒါပေမယ့် သူတို့လည်း အမြဲတမ်း ဒုက္ခ ခံစားနေရတာ၊ ဆိုပါတော့, စားစရာသောက်စရာမရှိ၊ ရေတွေမြင်လို့ ရေထဲဆင်းသွားရင် ရေတွေက မရှိတော့ဘူး၊ အဲဒီလို ဆင်းရဲခံနေရတဲ့ သတ္တဝါတွေပေါ့လေ၊ တချို့ နေ့စံ ညခံ ဆိုတာရှိတယ်၊ ဝတ္ထုတွေဘာတွေ ဖတ်ဖူးတယ် မဟုတ်လား၊ နေ့တော့ ကောင်းကောင်း မွန်မွန် ခံစားရပြီးတော့ ညကျတော့သွားပြီးတော့ ငရဲခံရတယ်၊ အဲဒီ ၅-မျိုးတွေကို အသူရကာယ်လို့ခေါ်တယ်၊ အသူရကာယ်နဲ့ ပြိတ္တာဟာ ခပ်နီးနီးပါပဲ၊ ပြိတ္တာအကြီးစား တွေကို အသူရကာယ်လို့ ခေါ်တာပဲ၊ သူတို့က အပါယ်ဘုံသားတွေ၊ ပြိတ္တာနဲ့ အသူရကာယ်က ခပ်ဆင်ဆင်သွားတာပေါ့၊ ပမာပြောရင် ဝိညာဉ်လောက ကောင်တွေ ပေါ့လေ၊ တိရစ္ဆာန်ကတော့ ခုမြင်နေ ကြရတာ။

အဲဒီငရဲ တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ကို အပါယ်လေးဘုံလို့ခေါ်တယ်၊ မင်း အပါယ်လေးပါး ကျမယ်ဆိုရင် ဒီလေးဘုံထဲက တစ်ဘုံဘုံကို ဆိုလိုတယ်၊ သောတာပန် အပါယ်ဘုံ မရောက်တော့ဘူးဆိုရင် ဒီအပါယ်လေးဘုံ တစ်ဘုံဘုံမှကို မရောက်တော့ဘူးဆိုလိုတယ်၊ သောတာပန်ဖြစ်ရင် ပြိတ္တာမဖြစ်တော့ဘူး, အသူရကာယ် မဖြစ်တော့ဘူး၊ ငရဲမကျတော့ဘူး၊ ဒါက အပါယ်လေးဘုံတဲ့။

အပါယ်လေးဘုံပြီးတော့ လူ့ဘုံတဲ့၊ တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ဆိုတာ တွေက ဘုံသီးခြားမရှိဘူး၊ သူတို့က တောတောင် သစ်ပင်ရေထဲဘာထဲ ဒီလိုနေကြ ရတာတွေ၊ လူ့ဘုံနဲ့ တစ်ပြင်တည်းနေကြရတယ်၊ လူ့ဘုံတဲ့, လူ့ဘုံ အထက်မှာ ကြည့်လိုက်စမ်း၊ နတ်ခြောက်ဘုံရှိတယ်၊ စတုမဟာရာဇ်, တာဝတိံသာ ယာမာ တုသိတာ အသံထွက် တုသ်သိတာ တုသ်သိတာနဲ့ ခေါ်ခေါ်နေကြတယ်၊ အမှန်အတိုင်း ဖတ်ရင် တုသိတာ၊ နိမ္မာန-ရတိလို့ ဖတ်ရမယ်၊ အဲဒါမှတ်ထား၊ နိမ္မာနရတိလို့ သွားမဖတ်ရဘူးနော်၊ နိမ္မာနဆိုတာက ဖန်ဆင်းတာ၊ ရတိဆိုတာက မွေ့လျော်ခံစားတာ၊ ကိုယ်ကြိုက်သလို ဖန်ဆင်းပြီးတော့ မွေ့လျော်ခံစားတတ်တဲ့ နတ်တွေ, ကိုယ့်သဘောရှိ ဖန်ဆင်းပြီးတော့ ခံစားတာ နိမ္မာနရတိ၊ နောက်တစ်ခုက ပရနိမ္မိတ ဝသဝတ္တီ၊ ဝသဝတ္တီ မဟုတ်ဘူးနော်၊ မြန်မာပြည်မှာ အဲဒီလို အမှားနှုတ်တည့် ဟာသိပ်များတယ်၊ ဘုန်းကြီးတွေက နှုတ်တည့်နေတာ၊ ပရနိမ္မိတ ဝသဝတ္တီတဲ့၊ သူတို့က ခုနက နိမ္မာနရတိ နတ်တွေထက် အထက်တန်းကျတော့ သူတို့ခံစားချင် တာကို သူတို့ ကိုယ်တိုင် မဖန်ဆင်းဘူး၊ သူများဖန်ဆင်းခိုင်းတာ၊ ပရဆိုတာက သူများ, နိမ္မိတ ဆိုတာက ဖန်ဆင်းထားတာကိုမှ ဝသဝတ္တီဆိုတာ ကိုယ့်အလိုသို့ လိုက်စေတာ၊ သူများဖန်ဆင်းထားတာကို သူက ခံစားတာ၊ ရှုးပြီးသားစားတဲ့ လူလိုပေါ့နော်၊

အဲဒါက နတ်ပြည်ခြောက်ထပ်တဲ့။

လူ့ဘုံနဲ့ နတ်ပြည်ခြောက်ထပ်ကို ဘာလို့ခေါ်သလဲ, ကာမသုဂတိ ၇ ဘုံ၊ အပါယ် ၄–ဘုံ, ကာမသုဂတိ ၇–ဘုံ၊ ကာမသုဂတိ ၇–ဘုံက လူ့ဘုံနတ်ပြည် ၆ ထပ်၊ ကာမသုဂတိ ၇–ဘုံ မှာလဲ သင်္ဂြိုဟ်ကျမ်းကတော့ အကွာအဝေးတွေ ဘာတွေမပြပါဘူး၊ ဒါပေမယ့် အခြားကျမ်းတွေက ယူပြီးတော့ ဆရာ တော်ကြီးတွေ ပြထားတာရှိတယ်၊ အဲဒီတော့ လူ့ဘုံနဲ့ စတုမဟာရာဇ် ဘယ်လောက် ကွာသလဲ၊ ယူဇနာ ၄ သောင်း ၂ ထောင်စီ ကွာတယ်တဲ့၊

*** လေးသောင်းနှစ်ထောင်, အကွာဆောင်, လူ့ဘောင်ဆင့်ဆင့်သိ။**

လူ့ဘုံကနေ စတုမဟာရာဇ်, စတုမဟာရာဇ်ကနေ တာဝတိံသာ, တာဝတိံသာကနေ ယာမာ စသဖြင့် သွားလိုက်တဲ့ လေးသောင်းနှစ်ထောင်စီ မြင့်တယ်တဲ့၊ အဲဒီတော့ လေးသောင်းနှစ်ထောင် နှစ်ပြန်ဆို ရှစ်သောင်း လေးထောင်၊ အဲဒီ ၈ သောင်း ၄ ထောင်ဟာဖြင့် မြင့်မိုရ်တောင်ရဲ့ အမြင့်ပဲ။

အဲဒီတော့ စတုမဟာရာဇ်ဘုံဟာ မြင့်မိုရ်တောင်ပေါ်မှာ မရှိဘူး၊ မြင့်မိုရ်တောင်ခြေ မြင့်မိုရ်တောင် ထက်ဝက်လောက်မှာ ပတ်ပတ်လည်မှာရှိတယ်၊ ဒါကြောင့် စတုမဟာရာဇ်နတ်ဟာ ခတ်ချာချာပေါ့၊ အောက်တန်းစားနတ်ပဲ၊ ခုန အသူရကာယ်တွေထက်တော့ သာတာပေါ့လေ၊ ဒါပေမယ်လို့ အလွန်ကြီးအထက်တန်း မကျလှဘူး။

တာဝတိံသာကျတော့ မြင့်မိုရ်တောင်ထိပ်မှာ တည်ရှိတယ်၊ မြင့်မိုရ်တောင် ထဲတော့ မပါဘူး၊ မြင့်မိုရ်တောင်ထိပ် အထိကို မြေကြီးလို့ပဲ ခေါ်ရတယ်၊ အဲဒီက ဟိုဘက် ဗြဟ္မာ့ဘုံတွေတော့ ကောင်းကင်မှာ တည်သွားတော့တယ်၊ မြေကြီးပေါ်မှာ တည်တာမဟုတ်တော့ဘူး။

**မေး** – ယာမာကော ကောင်းကင်ရောက်သလား။

**ဖြေ** – ယာမာလည်း ကောင်းကင်ရောက်သွားပြီ၊ တာဝတိံသာကတော့ တောင်ထိပ်ပေါ်မှာ

အပါယ်လေးဘုံရယ်၊ ကာမသုဂတိ ၇–ဘုံရယ် ပေါင်းလိုက်စမ်း၊ ၁၁ မရဘူးလား၊ အဲဒီ ၁၁–ဘုံကို ကာမ ၁၁–ဘုံလို့ခေါ်တယ်၊ ကာမာဝစရ ၁၁–ဘုံ၊ ကာမာဝစရစိတ်ဆိုတာ အဲဒီ ကာမာဝစရ ၁၁–ဘုံမှာ ဖြစ်တတ်တဲ့ စိတ်လို့ ဆိုတာပဲ၊ များသောအားဖြင့် ဖြစ်တတ်တာ၊ ကာမာဝစရ ၁၁–ဘုံ၌ များသောအားဖြင့် ကျင်လည်တတ် ဖြစ်တတ်တဲ့စိတ်ကို ကာမာဝစရစိတ်လို့ ဆိုတာပဲ၊ ရူပဘုံလည်း ဖြစ်တော့ဖြစ်ဦးမယ်၊ အရူပဘုံလည်း ဖြစ်တော့ဖြစ်ဦးမယ်၊ သို့သော် များသောအား

ဖြင့်တော့ ကာမာဝစရဘုံမှာဖြစ်တယ်၊ ကာမာဝစရဘုံဆိုတာ အခုနားလည်ပြီနော်၊ ၁၁–ဘုံရှိတယ်၊ အပါယ် ၄–ဘုံ၊ ကာမသုဂတိ ၇–ဘုံ။

ပရနိမ္မိတဝသဝတ္တီအထက်မှာ ဗြဟ္မာဘုံတွေ တည်ရှိတယ်၊ အဲဒီမယ် ဗြဟ္မပါရိသဇ္ဇာကနေ စဖတ်ရလိမ့်မယ်၊ ဗြဟ္မပါရိသဇ္ဇာ၊ ဗြဟ္မပုရောဟိတာ၊ မဟာဗြဟ္မာလို့ ပထမဈာန် ၃–ဘုံရှိတယ်၊ သူတို့က တစ်ပြင်တည်းတည်တယ်၊ ဒါကြောင့်မို့ ပုံထဲမှာ တစ်ပြင်တည်းထားတယ် နော်။

ဗြဟ္မပါရိသဇ္ဇာ၊ ပါရိသဇ္ဇာဆိုတာ ပရိသတ်အခြံအရံဆိုတဲ့ အဓိပ္ပါယ်ရှိတယ်၊ ဗြဟ္မာကြီးရဲ့ အခြံအရံပေါ့၊ ဗြဟ္မပုရောဟိတာဆိုတာက ပုရောဟိတာ ပုရောဟိတ်ဆိုတာ ပုဏ္ဏားတို့ (minister) တို့ဘာတို့ ဖြစ်သွားပြီ၊ မဟာဗြဟ္မာဆိုတာကတော့ ဗြဟ္မာကြီးပေါ့လေ၊ အဆင့်အတန်း အဲဒီလိုကွာသွားတယ်၊ ပထမဈာန် ၃–ဘုံ။

ဒုတိယဈာန် ၃–ဘုံ ဆိုတာက ဘာလဲ၊ ပရိတ္တာဘာ, အပ္ပမာဏာဘာ၊ အာဘဿရာ၊ ဒါက ဒုတိယဈာန် ၃–ဘုံ၊ အာဘာဆိုတာ အရောင်အလင်း၊ ပရိတ္တဆိုတာကနည်းတာ၊ ပထမက အရောင်အလင်း နည်းတယ်၊ အပ္ပမာဏာက ဆိုတာကတော့ သိပ်အရောင်များသွားပြီ၊ အာဘဿရာဆိုတာ ပိုပြီးတော့ တောက်ပြောင်တယ်၊ ဒါက ဒုတိယဈာန် ၃–ဘုံလို့ပဲ ခေါ်ရမယ်၊ ပရိတ္တာဘာ, အပ္ပမာဏာဘာ, အာဘဿရာ, ဒီ ၃–ဘုံကို ဒုတိယဈာန် ၃–ဘုံလို့ ခေါ်ရမယ်။

တတိယဈာန် ၃–ဘုံ သွားလိုက်စမ်း၊ ပရိတ္တသုဘာ၊ အပ္ပမာဏသုဘာ၊ သုဘကိဏှာ, မြန်မြန်ဖတ်တော့ သုဘကိဏ္ဏာ, သုဘကိဏှလို့ ဖတ်ရင်သာကောင်းတယ်၊ အဲဒီ ၃–ဘုံက တတိယဈာန် ၃–ဘုံလို့ခေါ်တယ်၊ အဲဒါ သေချာမှတ်နော်၊ ရှုပ်သွားမယ်၊ ဟိုဘက်က စတုတ္ထဈာန်ဘုံရှိသေးတယ်၊ ဒါကြောင့်မို့ တတိယဈာန် ၃–ဘုံက ပရိတ္တာသုဘာ၊ အပ္ပမာဏသုဘာ၊ သုဘကိဏှ။

နောက် စတုတ္ထဈာန်ဘုံတဲ့, ဘယ်နှစ်ဘုံရှိသလဲ ကြည့်လိုက်စမ်း၊၇–ဘုံတဲ့၊ ဝေဟပ္ဖိုလ်ကစမယ်၊ ဝေဟပ္ဖိုလ်တစ်ဘုံ၊ အသညသတ်တစ်ဘုံ၊ ပြီး အထက်တက်လိုက်၊ အဝိဟာ၊ အတပ္ပါ၊ သုဒဿာ၊ သုဒဿီ၊ အကနိဋ္ဌ၊ အဝိဟာကစပြီး ၅–ဘုံကို သုဒ္ဓါဝါသ ၅–ဘုံလို့ခေါ်တယ်၊ သုဒ္ဓဆိုတာစင်ကြယ်, စင်ကြယ်တဲ့ သတ္တဝါတွေရဲ့ နေရာပေါ့လေ၊ အနာဂါမ် ပုဂ္ဂိုလ်တွေမှ အဲဒီဘုံမှာဖြစ်တာနော်၊ ဝေဟပ္ဖိုလ်ဘုံ, အသညသတ်ဘုံရယ်၊ သုဒ္ဓါဝါသ ၅–ဘုံ ပေါင်းလိုက် တော့ ၇–ဘုံ, အဲဒီ ၇–ဘုံကို စတုတ္ထဈာန် ၇–ဘုံ။

အားလုံးပေါင်းလိုက်စမ်းပါ၊ ပထမဈာန်ကနေစပြီးတော့ ၃–၆–၉–၁၀–

၁၆–ဘုံ၊ အဲဒီ ၁၆–ဘုံကို ရူပါဝစရ ဗြဟ္မာ ၁၆–ဘုံ၊ ဗြဟ္မာ ၂–မျိုး လာလိမ့်မယ်၊ ရူပါဝစရဗြဟ္မာ, အရူပါဝစရဗြဟ္မာ, ရူပါဝစရဗြဟ္မာဘုံ ဘယ်လောက်ရှိတုန်း၊ ၁၆–ဘုံရှိတယ်၊ ပဌမဈာန် ၃–ဘုံ၊ ဒုတိယဈာန် ၃–ဘုံ၊ တတိယဈာန် ၃–ဘုံ၊ စတုတ္ထဈာန် ၇–ဘုံ။

အဲဒီ အထက်သွားလိုက်ရင် အရူပါဝစရဆိုတဲ့ အာကာသာနဉ္စာယတနဘုံ၊ ဝိညာဏဉ္စာယတနဘုံ၊ အာကိဉ္စညာယတနဘုံ၊ နေဝသညာ နာသညာ ယတနဘုံ၊ ၄–ဘုံရှိတယ်တဲ့၊ ၄–ရယ်၊ ၁၆–ရယ်၊ ၁၁–ရယ်၊ ပေါင်းလိုက်ရင် ၃၁–ဘုံ ရတာပေါ့၊ ၃၁–ဘုံ ကျင်လည်ကုန်သော ဝေနေယျသတ္တဝါ ဆိုပြီးတော့ ရေစက်ချ တဲ့အခါ အမျှဝေတဲ့အခါ ဝေကြတယ်၊ ၃၁–ဘုံဆိုတာ ဒါကို ဆိုလိုတယ်။

ကောင်းပြီ နတ်ပြည်ကနေ ဗြဟ္မာပြည် အကွာအဝေးကြည့်လိုက်စမ်းပါဦး၊ ဘယ်လောက်ကွာသတဲ့လဲ။

*** ယူဇနာ ငါးသန်း ငါးသိန်း, ရှစ်ထောင်ချိန်း, ခြားကိန်းစင်စစ်တည်း။**

ပရနိမ္မိတဝသဝတ္တီဘုံကနေပြီးတော့ အထက်ကို တစ်ပြင်ကနေ တစ်ပြင် တစ်ဆင့်ဆီ တစ်ဆင့်ဆီ ကွာသွားတာဟာ ၅–သန်း ၅–သိန်း ၈–ထောင်၊ ဘယ်လို ကွာတယ်တော့ မသိဘူး၊ ဒါတွေဟာ ဒီလိုပဲ မှတ်ထားကြတာပေါ့နော်၊

ကောင်းပြီ, တစ်ခါ လူ့ဘုံကနေပြီးတော့ နေဝသညာ နာသညာဘုံတိုင်အောင် အထက်ဆုံးဘုံကို ဘဝဂ်လို့ခေါ် တယ်နော်၊ ဘဝဂ်ဆိုတာ ဘဝ + အဂ္ဂ = ဘဝ ဆိုတာဘုံ, အဂ္ဂဆိုတာ ထိပ်ဖျား, အဲဒီ အထက်ဆုံးဘုံ နေဝသညာ နာသညာယတန ဘုံထိအောင် ဘယ်လောက်ဝေး သတဲ့တုန်း၊ ယူဇနာ ညာဘက်စွန်းမှာရှိတယ်၊ ၇– ကုဋေ ၁–သန်း၊ ၈–သိန်း၊ ၅ သောင်း၊ ၆–ထောင်။

*** ကုဋေခုနစ်၊ သန်းမှာတစ်၊ သိန်းရှစ် သောင်းပဉ္စာ**

*** ထောင်မှာကား ဆ, လူနေဝ, ဝေးလှ ယူဇနာ** ဆိုပြီးတော့ မှတ်ထား၊ လင်္ကာလေးမှတ်ထားရင် ကောင်းတယ်၊ ဒီအတိုင်းမှတ်ထားရင် မေ့သွားမယ်၊

ကုဋေခုနစ်တဲ့, ၇–ကုဋေ၊ သန်းမှာတစ်တဲ့, ၁–သန်း၊ သိန်း ရှစ်, ၈–သိန်း သောင်းပဉ္စာ ပဉ္စဆိုတာ ၅–သောင်း၊ ထောင်မှာကားဆ၊ ဆဆိုတာ ခြောက်၊ ၆ ထောင်, လူနေဝ= လူနဲ့နေဝသညာနာသညာယတနဘုံ သို့မဟုတ် ဘဝဂ်, ဝေးလှ ယူဇနာတဲ့။

**မေး** – ဘဝဂ်ဆိုတာ အာကာသာနဉ္စာယတနဘုံက စတာလား ဘုရား။

**ဖြေ** – ဟင့်အင်း, ဘဝဂ်ဆိုတာ နေဝသညာနာသညာယတနဘုံကို တစ်ခုထဲကို

ဘဝင်လို့ခေါ်တာ, ဘုံတွေရဲ့ ထိပ်ဆုံးပေါ့လေ။

အကျွာအဝေးနဲ့ ဘုံခန်းပြီးသွားပြီတဲ့၊ ဘုံခန်းပြီးသွားတော့ ဘာလာမလဲဆိုရင် ဒီနေရာမှာ

**မေး** – ယူဇနာတွေကို တစ်ဆင့်တစ်ဆင့် ဘယ်လို လုပ်တိုင်းတာလဲဘုရား။

**ဖြေ** – ယူဇနာတွေ တစ်ဆင့်တစ်ဆင့်ဆိုတာ (hight)ကို တိုင်းတာပေါ့၊ ဒါပေမယ့် ဘယ်လိုလုပ်ပြီး တိုင်းတာတော့မသိဘူး၊ ဒီလိုပဲသတ်မှတ်ထားတော့ ဒီအတိုင်းပဲရှိတယ်။

**မေး** – တာဝတိံသာက မြင့်မိုရ်တောင်ထိပ်မှာဆိုတော့ မြင့်မိုရ်တောင်က ဘယ်မှာလဲ ဘုရား။

**ဖြေ** – မြင့်မိုရ်တောင်ကို သီဟိုဠ်ဆရာတော်ကြီးတစ်ပါး ပြောတာ၊ ဦးဇင်းကတော့ သဘောကျတယ်၊ မြင့်မိုရ်တောင်ဆိုတာ နတ်တွေနေတဲ့ နေရာဆိုတော့ သူက နူးညံ့တဲ့ရုပ်ဖြစ်တဲ့အတွက်ကြောင့်မို့ ဒို့မမြင်ရတာတဲ့၊ တစ္ဆေတွေနတ်တွေကို ဒို့မမြင်ရတာမျိုးပေါ့၊ အဲဒါကြောင့် မမြင်ရတာတဲ့၊ ရှိတော့ရှိတယ်လို့ ဆရာတော်ကြီးက အမိန့်ရှိဖူးတယ်၊မဆိုးပါဘူး၊ မြင့်မိုရ်တောင် လူမရောက်နိုင်ဘူးလို့ဆိုတယ် မဟုတ်လား၊ လူရောက်နိုင်တဲ့ နေရာမျိုးမဟုတ်ဘူး၊ လူမြင်နိုင်တဲ့ ရုပ်မျိုး မဟုတ်ဘူး၊ သို့သော် မမြင်တိုင်း မရှိဘူးလို့ မဆိုနိုင်ဘူးမဟုတ်လား၊ လေက မမြင်ရပေမယ့် ရှိနေတာပဲ၊ ထို့အတူ တစ္ဆေတို့ သူရဲတို့ နတ်တို့ဟာလည်း ရှိနေတာပဲ၊ ဒါပေမယ့် လူတွက မမြင်ရဘူး အဲသလို–

**မေး** – တစ်ခါတုန်းက အရှင်ဘုရား ပြောဖူးတယ်၊ ယူဇနာကို မိုင်နဲ့တွက်တယ်လို့၊

**ဖြေ** – ယူဇနာကို တွက်တဲ့အခါမှာ အမျိုးမျိုးရှိတယ်၊ အဲဒါကြောင့် ပိုခက်တာ၊ အဆိုအမိန့် အမျိုးမျိုးရှိရာမှာ ၂–မျိုးပဲ မှတ်ဖို့ကောင်းတယ်၊ တစ်မျိုးကတော့ တစ်ယူဇနာကို ၈–မိုင်၊ အဲဒါက အခု တော်တော်ကလေး နီးစပ်တယ်၊ ဟိုနာလန္ဒာနဲ့ ရာဇဂြိုဟ်ကို တစ်ယူဇနာရှိတယ်လို့ စာမှာပြဆိုတယ်၊ အခု အတိုင်းအတာနဲ့ ၈–မိုင်လောက်ပဲရှိတယ်လို့ ဆိုကြတယ်၊ အဲဒီတော့ တစ်ယူဇနာ ၈–မိုင်ဆိုတာ ကောင်းလိမ့်မယ်ထင်တယ်၊ တစ်နည်းအားဖြင့်တော့ ပါဠိအဘိဓာန်ကျမ်းမှာ ပြထားတာကို တွက်ကြည့်တော့ အတိအကျတော့ မမှတ်မိဘူး၊ အရင်ကတော့ သေသေချာချာတွက်ကြည့်ဖူးတယ်၊ ၁–ယူဇနာကို ၁၂ မိုင် ခွဲလောက်ရှိတယ်၊ အဲဒါကြောင့် ၁–ယူဇနာကို ၁၂–မိုင်ခွဲသော်လည်းကောင်း၊ ၈–မိုင်သော်လည်းကောင်း မှတ်ပေါ့၊ ၈–မိုင်ကတော့ ပိုပြီးတော့ နီးစပ်တယ်လို့ ထင်တယ်၊ အခုခေတ်တိုင်းတာကြည့်လိုက်တဲ့အခါ စာမှာဆိုတာနဲ့ ညီမျှသလောက်ဖြစ်တာ တွေ့ရတယ်၊ အဲဒါက ၃၁–

ဘုံတဲ့နော် ၃၁ ဘုံက နောက်ထပ်ဘာပြောစရာ ကျန်သေးတုန်း၊
**မေး** – ငရဲကို ဘယ်လိုရောက်တာလဲ, ဘယ်လို သူ့ကို စီရင်ချက် ချတာလဲဘုရား။
**ဖြေ** – ငရဲရောက်တာက အကုသိုလ်အားကြီးတော့ သေချာတဲ့သူကတော့ တိုက်ရိုက် တန်းရောက်သွားမှာပဲ။
**မေး** – တပည့်တော်ထင်တာကတော့ ငရဲရောက်ပြီးတော့မှ ဟိုကနေပြီးတော့ မင်းက အဝိစိကိုသွား၊ မင်းကရောရုဝကို သွား၊ ဒီလို ဆုံးဖြတ်ပေးတာလားလို့။
**ဖြေ** – ဟင့်အင်း, မဟုတ်ဘူး, မဟုတ်ဘူး, မရှိဘူး၊ သို့သော် ယမမင်းဆိုတာရှိတယ်၊ ကြားဖူးလိမ့်မယ်လို့ထင်တယ်၊ အဲဒါက အကုသိုလ်လည်း အလွန်ကြီး မများဘူး၊ ကုသိုလ်ကလည်း သိပ်မများတော့ မရေရာတဲ့ လူမျိုးပေါ့လေ၊ အဲသလို လူမျိုးကျတော့ ယမမင်းဆီ ရောက်တယ်လို့ဆိုတယ်၊ တိုက်ရိုက်မသွားဘူး ပေါ့လေ၊ ယမမင်းဆီ ရောက်တော့ကို ယမမင်းရဲ့အလုပ်က အဲဒီသူ့ဆီရောက်တဲ့ သူတွေကို နှိပ်စက်ဖို့ ဟုတ်ဘူး၊ အမှန်ကတော့ ကယ်ဖို့ထားတာ၊ ဒါကြောင့်မို့ အမှုဝေတဲ့အခါမှာ ယမမင်းထည့်ပြီး အမှုဝေရတယ်ဆိုတာ အဲဒါ, တစ်ခါတလေကျတော့ ဒီအကောင်က ဘယ်လိုမှ သတိမရတော့ဘူး၊ အဲဒီအခါကျရင် ယမမင်းက စဉ်းစားတယ်တဲ့၊ ဒီကောင်ငါ့များအမှုဝေဖူးသလား၊ ကောင်းမှုကုသိုလ်ပြုပြီးတော့ အဲဒီလို သူသိတဲ့အခါ ကျတော့ မင်းလှူတုန်းက ဆိုပါတော့ မင်းဘယ်အချိန် ဘယ်အခါတုန်းက ငါ့ကို အမှုဝေတာပဲလို့ သတိပေးလိုက်တော့, ပြောလိုက်တော့ ဟိုကောင် ပြန်ပြီး သတိရ လိုက်တဲ့အချိန်မှာ သူကောင်းရာ ရောက်တော့တာပဲ၊ အဲဒီလို ဘာမှ လုပ်မရတော့ဘူး ဆိုရင်တော့၊ ကိုင်း မင်း ငါလည်း မကယ်နိုင်ဘူး၊ မတတ်နိုင်ဘူး၊ မင်းကံနဲ့ မင်းပဲဆိုပြီးတော့မှ ငရဲထိန်းတွေက ခေါ်သွားတယ်လို့ ဆိုတာပဲ၊ ယမမင်းအစစ်ခံ ကတော့ ပါဠိတော်မှာကိုရှိတာ၊ အဋ္ဌကထာကရေးတာ မဟုတ်ဘူး၊ ဒေဝဒူတသုတ် ဆိုတာရှိတယ်၊ အမှန်ကတော့ အလွန်ကြင်ကြင်နာနာနဲ့ ကယ်ဖို့ မေးမြန်းတာပါပဲ၊ ဟို အပြစ်ရှိအောင်လုပ်ပြီး ငရဲပို့ဖို့ လုပ်တာ မေးမြန်းတာမဟုတ်ဘူး။
**မေး** – အရှင်ဘုရား, စဉ်းစားကြည့်ရင် ဘုံပိုင်းကြည့်လိုက်တဲ့အခါကျတော့ လူ့ဘုံရယ်, အသုရကာယ် ပြိတ္တာရယ် တိရစ္ဆာန်ရယ်က ငရဲဘုံမဟုတ်လား၊
**ဖြေ** – ဟင့်အင်း မဟုတ်ဘူး၊ ငရဲကအောက်ထဲမှာ ငရဲကမြေကြီးထဲမှာ ရှိတယ်။
**မေး** – တိရစ္ဆာန်ရယ်၊ ပြိတ္တာရယ်၊ အသူရကာယ်ကကော၊ အဲဒီတော့ အဲ အပါယ်လေးဘုံက မြေထုယူဇနာရဲ့ အပေါ်မှာလား၊ ဒါမှမဟုတ် မြေထုထဲမှာလား ဘုရား။

**ဖြေ** – မြေထုထဲမှာ ပါသွားတယ်၊ ဘာပြုလို့လည်းဆိုတော့ မြေထုတစ်ဝက်ထိအောင် သူက ရောက်သွားမှာကိုး။

ဒါ ၃၁–ဘုံနော်၊ ၃၁–ဘုံမှာ ဘယ်ဘုံတွေမှာ ဘယ်ပုဂ္ဂိုလ်ရထိုက်တယ်ဆိုတဲ့ ဘုံပုဂ္ဂိုလ်တွေ ရထိုက်တယ်ဆိုတာလေးတွေ လုပ်လိုက်ကြဦးစို့၊ ဒါသင်္ဂြိုဟ်ကျမ်းထဲမှာလည်း တိုက်ရိုက်ပြထားတာရှိတယ်၊ ဘုံပုဂ္ဂိုလ်ရလို့ခေါ်တယ်၊ ဆိုပါတော့ အပါယ်ဘုံမှာ ပုဂ္ဂိုလ်ဘယ်နှစ်ယောက် ဖြစ်နိုင်သလဲ၊ လူ့ဘုံမှာ ပုဂ္ဂိုလ်ဘယ်နှစ်ယောက် ဖြစ်နိုင်သလဲ၊ ဝိထိပိုင်းအဆုံးတုန်းက ပုဂ္ဂိုလ်ဘယ်နှစ်ယောက် တွေ့ခဲ့သလဲ ၁၂ ယောက်, ဒုဂ္ဂတိ အဟိတ် သုဂတိအဟိတ် ဒွိဟိတ်, တိဟိတ်, အရိယာ ၈–ယောက်, ပုထုဇဉ် ၄–ယောက် အရိယာ ၈–ယောက်၊ သောတာပတ္တိမဂ္ဂဋ္ဌ, သောတာပတ္တိဖလဋ္ဌ စသည်ဖြင့် ပုထုဇဉ် ၄–ယောက်က အဟိတ် ၂–ယောက်၊ ဒွိဟိတ် ၁–ယောက်၊ တိဟိတ် ၁–ယောက်၊ အရိယာကတော့ ၈–ယောက်ပဲ၊

အဲဒီဟာ ဒီ ၃၁–ဘုံနဲ့တွက်မယ်၊ အဲဒီတော့ ကိုယ့်ဟာကို ရေးစမ်းပါ၊ အပါယ်လေးဘုံမှာ ဘယ်ပုဂ္ဂိုလ်ဖြစ်နိုင်သလဲ ဒုဂ္ဂတိအဟိတ်, ပုဂ္ဂိုလ်တစ် ယောက်ပဲ ဖြစ်နိုင်တယ်၊ ဒါကြောင့်မို့ အပါယ်လေးဘုံ ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ် တစ်ယောက်ဆိုတော့ တစ်ဘုံ တစ်ယောက်နဲ့ တွက်လိုက်စမ်း၊ ပုဂ္ဂိုလ်လေးယောက် ရမယ်၊ မှတ်ထားနော်၊ တော်ကြာကျတော့ ဒါ အကုန်ပေါင်းမှာ။

လူ့ဘုံမှာ ဘယ်နှစ်ယောက်ဖြစ်နိုင်သလဲ, ၁၂–ယောက်ထဲက ဘယ်နှစ်ယောက် ဖြစ်နိုင်လဲ၊ ဒုဂ္ဂတိအဟိတ် မဖြစ်နိုင်ဘူး၊ ဒုဂ္ဂတိအဟိတ်က အပါယ်ဘုံအတွက်ထားတာ၊ အဲဒီတော့ ဒုဂ္ဂတိအဟိတ် ချန်လိုက်ရင်ဘာကျန်သလဲ၊ ကျန် ၁၁–ယောက်၊ သုဂတိ အဟိတ်ကနေပြီးတော့ ဟို ရဟန္တာထိအောင် လူ့ဘုံမှာဖြစ်နိုင်တယ် ရေးလိုက်စမ်း– ၁၁။

စတုမဟာရာဇ်လည်း ဒီအတိုင်းပဲတဲ့၊ ၁၁–ယောက်ပဲဖြစ်နိုင်တယ်၊ ဘာကြောင့် တုန်းဆိုတော့ စတုမဟာရာဇ် နတ် ခပ်ချာချာလေးတွေထဲမှာလည်း သုဂတိအဟိတ် ပဋိသန္ဓေ ဖြစ်နိုင်သေးတယ်၊ ဒါ ပဋိသန္ဓေလေ့လာတဲ့အခါကျတော့ ပေါ်လွင်လာ လိမ့်မယ်၊ ဒါကြောင့်မို့စတုမဟာရာဇ်မှာလဲ ၁၁–ယောက်။

တာဝတိံသာကစပြီး ဒုဂ္ဂတိအဟိတ် မဖြစ်နိုင်ဘူး၊ သုဂတိ အဟိတ် မဖြစ်နိုင်ဘူး၊ တာဝတိံသာနတ်တွေကျတော့ အဆင့်အတန်း မြင့်သွားပြီ၊ ဒါဖြင့် တာဝတိံသာကနေပြီးတော့ ပရနိမ္မိတ ဝသဝတ္တီတိုင်အောင် ၁၀–ယောက်စီဆိုတော့ ၅၀–မရဘူးလား၊ ကောင်းပြီ။

ဗြဟ္မပါရိသဇ္ဇာ, ဗြဟ္မပုရောဟိတာ, မဟာဗြဟ္မာ, အဲဒီတော့ ဗြဟ္မာ့ဘုံမှာ ဒွိဟိတ်ပုဂ္ဂိုလ်ဖြစ်နိုင်မလား၊ ဈာန်ရတဲ့ ပုဂ္ဂိုလ်ဆိုတာ တိဟိတ်ပုဂ္ဂိုလ်မှရတာ၊ ဈာန်ရတဲ့ပုဂ္ဂိုလ်မှသာလျှင် ဗြဟ္မာ့ဘုံ ဖြစ်နိုင်တာ၊ ဒီဘဝဈာန်ရ ဈာန်နဲ့သေတော့ ဗြဟ္မာဘုံသွားဖြစ်တာ၊ ဒါဖြင့်ရင် တိဟိတ် ပုထုဇဉ်ရယ် အရိယာ ၈–ယောက်ရယ် မရနိုင်ပေဘူးလား၊ ၉–ယောက်ရမယ်၊ အဲဒီတော့ ဗြဟ္မပါရိသဇ္ဇာမှာ ၉–ယောက်၊ ဗြဟ္မပုရောဟိတာမှာ ၉–ယောက်၊ မဟာဗြဟ္မာမှာ ၉–ယောက်၊ ပရိတ္တာဘာ အပ္ပမာဏာဘာ၊ အာဘဿရာ၊ ပရိတ္တသုဘာ၊ အပ္ပမာဏသုဘာ၊ သုဘကိဏှာ ဝေဟပ္ဖိုလ်, ၉–ယောက်စီ ရမယ်ဆိုတော့ ဒီ ဗြဟ္မဘုံ ၁၀–ဘုံမှာ ၁–ဘုံမှာ ၉ ယောက်ဆိုတော့ ၉၀–မရဘူးလား၊ ပဌမဈာန် ၃–ဘုံ၊ ဒုတိယဈာန် ၃–ဘုံ၊ တတိယဈာန် ၃–ဘုံ၊ ဝေဟပ္ဖိုလ်ဘုံ၊ စတုတ္ထဈာန်ထဲက ဝေဟပ္ဖိုလ်။

အသညသတ်ဆိုတာကတော့ ရုပ်ချည်းသွားဖြစ်တာ၊ ရုပ်ချည်းသွားဖြစ်တဲ့ အတွက်ကြောင့်မို့ သူ ဘာမှ မရှိဘူး၊ ဘာမှမရှိပေမယ့် ပဋိသန္ဓေအနေနဲ့ ခေါ်တော့ သုဂတိအဟိတ်လို့ သူ့ကိုခေါ်ရတယ်၊ စိတ်နဲ့ပဋိသန္ဓေနေတာတော့ မဟုတ်ဘူး၊ ဒါပေမယ့် သုဂတိဘုံလည်း ဟုတ်တယ်၊ ရုပ်ဆိုတော့ ဟိတ်မရှိဘူး၊ ရုပ်ဆိုတာ ဟိတ်နဲ့ မယှဉ်ဘူး၊ ဒါ သေချာတာပေါ့, နာမ်သာဟိတ်နဲ့ ယှဉ်တာ၊ ဒါကြောင့် ရုပ်ကို အဟေတုကလို့ခေါ်တယ်၊ အဲဒီတော့ ရုပ်ပဋိသန္ဓေ ဖြစ်တဲ့အတွက်ကြောင့်မို့ အဟိတ်ပဋိသန္ဓေလို့ ခေါ်ရတယ်၊ သူက ဒုဂတိလား၊ ဒုဂ္ဂတိလားလို့မေးရင် သုဂတိ၊ ဒါကြောင့် သုဂတိအဟိတ်လို့ဆိုရတယ်၊ ဒါဖြင့် အသညသတ်မှာ ဘယ် နှစ်ယောက်ရသလဲ၊ တစ်ယောက်ပဲရတယ်၊ သုဂတိအဟိတ်။

သုဒ္ဓါဝါသ ငါးဘုံတဲ့၊ ဒီဘဝ အနာဂါမ်ဖြစ်ပြီးမှ သုဒ္ဓါဝါသ ငါးဘုံသွားမှာ၊ ဒီဘဝ အနာဂါမ်ဖြစ်, အနာဂါမ်ဖြစ်ပြီးတော့ သေပြီးတော့ သုဒ္ဓါဝါသဘုံမှာအနာဂါမ် သွားဖြစ်ရော၊ အနာဂါမ်အဖြစ်နဲ့ ပဋိသန္ဓေနေပြီးတော့ အဲဒီသုဒ္ဓါဝါသ ငါးဘုံမှာ ရဟန္တာဖြစ်မှာ၊ အရဟတ္တမဂ် အရဟတ္တဖိုလ် ရမှာဆိုတော့ သုဒ္ဓါဝါသ ငါးဘုံ အထက် အရိယာ ၃–ယောက် မဖြစ်ပေဘူးလား၊ အနာဂါမိဖိုလ်၊ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ဆိုတော့ကို တစ်ဘုံမှာ ၃–ယောက်၊ ၅–ဘုံဆိုတော့ ၁၅–ယောက်။

ကောင်းပြီ၊ အာကာသာနဉ္စာယတနဘုံ ဘယ်လောက်ရနိုင်မလဲ၊ သူက သောတာပတ္တိမဂ် မရနိုင်ဘူး၊ ဒါ မှတ်မိလား။

**မေး** – လူ့ပြည်က ရသွားရင်ကော။

**ဖြေ** – ဟိုမှာ မရနိုင်ဘူး (ပရတောဃောသ)ဆိုတဲ့ သူများဆီက အသံမကြားနိုင်လို့။

ဒါဖြစ်ရင် သောတာပတ္တိမဂ် မပါနိုင်ဘူး၊ သောတာပတ္တိဖိုလ်ကနေ ၇-ယောက်ဆိုတော့ တိဟိတ်ပုထုဇဉ် မရနိုင်ဘူးလား၊ ရနိုင်တယ်လေ၊ တိဟိတ်ပုထုဇဉ်က အရူပဈာန် ရသွားပြီး ဟိုမှာ သွားဖြစ်မယ်၊ ဒါဖြစ်ရင် ဘယ်လိုဖြစ်မလဲ၊ ၈-ယောက်ဖြစ်မယ်နော်၊ တိဟိတ်ပုထုဇဉ်ရယ်၊ သောတာပတ္တိမဂ် မပါဘူး၊ တခြားအထက်အရိယာ ၇-ယောက်ဆိုတော့ ၈ယောက်၊ ၈x၄ လီ = ၃၂ အားလုံးပေါင်းလိုက်စမ်း၊ ဘယ်နှစ်ယောက်ရမလဲ၊ ၄+၁၁+၁၁+၅၀+၉၀+၁+၁၅+၃၂ = ဟုတ်လား၊ အားလုံး ဘယ်လောက်ရမလဲ၊ ၂၁၄-ဟုတ်ရဲ့လား။

အပါယ် ၄ ဘုံမှာ ၄-ယောက်၊ ၁ ဘုံမှာ ၁-ယောက်ကို၊ လူ့ဘုံမှာ ၁၁-ယောက်၊ စတုမဟာရာဇ်ဘုံမှာ ၁၁-ယောက်၊ ပြီးတော့ တာဝတိံသာကနေပြီးတော့ ပရနိမ္မိတ ဝသဝတ္တိတိုင်အောင် ၁၀ ယောက်ဆိုတော့ ၅၀, ဗြဟ္မာဘုံ ၁၀ ဘုံက ၉-ယောက်ဆိုတော့ ၉၀, အသညသတ် ၁-ယောက်၊ သုဒ္ဓါဝါသ ၃-ယောက်ဆိုတော့ ၁၅-ယောက်၊ အရူပါဝစရက ၈-ယောက်စီဆိုတော့ ၃၂-ယောက် ဟုတ်ပြီလား၊ ပြန်ပေါင်းဦး။

ရှေးဆရာကြီးတွေ ရေးထားတဲ့ လင်္ကာရှိတယ်၊ လင်္ကာက များတဲ့အတွက် မပြောတော့ဘူး၊ **ပုဂ္ဂိုလ်အပြား, ဝါကရား** ဆိုပြီးတော့ ဝါကရားဆိုတော့ ၂၁၄, **သင်္ချာနဲ့** မှတ်ထားနော်၊ ဝ က ၄, ကက တစ်, ရားက ၂, ပြောင်းပြန်ပြန်ပေး ၂၁၄၊ ၂၁၄ -ယောက်ဆိုပြီးတော့ အဲဒီလို ရှေးကပြောလေ့ရှိတယ်၊ ဒါ ဘုံပုဂ္ဂိုလ် ရလို့ခေါ်တယ်၊ ဘယ်ဘုံမှာ ဘယ်ပုဂ္ဂိုလ် ရနိုင်တယ်၊ ဟုတ်ပြီလား။

၁-ခေါက်ပြန်ဦးမယ်။

အပါယ်လေးဘုံမှာ ဘယ်နှစ်ယောက် ရနိုင်တုန်း, တစ်ယောက်စီ ၄-ယောက်၊ လူ့ဘုံမှာ ဘယ်နှစ်ယောက် ရနိုင်တုန်း, ၁၁-ယောက်၊ ဒုဂ္ဂတိအဟိတ် မပါဘူး၊ စတုမဟာရာဇ်ဘုံမှာ ထို့အတူပဲ၊ ဒုဂ္ဂတိအဟိတ် မပါဘူး၊ တာဝတိံသာကနေပြီးတော့ ပရနိမ္မိတဝသဝတ္တိတိုင်အောင် ၁၀-ယောက်စီရမယ်၊ ၁၀-ယောက်ဆိုတာ အဟိတ် ၂-ယောက် မပါဘူး၊ ပြောကြပါစို့နော်၊ ဒွိဟိတ် တိဟိတ်နဲ့သွားတာ၊ ဗြဟ္မာဘုံ ၁၀ ဘုံ ဝေဟပ္ဖိုလ်တိုင်အောင် ဗြဟ္မာဘုံ ၁၀ ဘုံ တစ်ဘုံမှာ ၉ ယောက်၊ တိဟိတ်ပုထုဇဉ်ရယ်၊ အရိယာ ၈-ယောက်၊ ပြီးတော့ အသညသတ်ဘုံ သုဂတိအဟိတ် တစ်ယောက်, သုဒ္ဓါဝါသ ၅ ဘုံမှာ အထက် ၃ ယောက်စီဆိုတော့ကို ၁၅ ယောက်၊ ပြီးတော့ အာကာသာနဉ္စာယတနစတဲ့ အရူပလေးဘုံမှာ ၈ ယောက် စီဆိုတော့ ၃၂-ယောက်၊ သောတာပတ္တိမဂ်မပါဘူး၊ တိဟိတ်ပုထုဇဉ်ရယ်, ကြွင်းတဲ့ အရိယာ

၇-ယောက်၊ အားလုံးပေါင်းလိုက်ရင် ၂၁၄ ယောက် ရတယ်တဲ့၊ ဒါ ဘယ်ဘုံမှာ ဘယ်ပုဂ္ဂိုလ်ဖြစ်နိုင်တယ်ဆိုတာ တော်ကြာကျရင် ပဋိသန္ဓေ စတုက္ကနဲ့ တွဲတဲ့အခါ ကျတော့ထပ်ပြီးတော့ ထင်ရှားလိမ့်ဦးမယ်နော်။

ကောင်းပြီ၊ ပဋိသန္ဓိစတုက္ကဆိုတာ နည်းနည်းလေးသွားကြရအောင်၊ အဲဒီဘုံတွေမှာ အဲဒီပုဂ္ဂိုလ် ရနိုင်တယ်လို့ ပြောထားပြီ၊ အဲဒီဘုံတွေမှာ သွားသွားဖြစ်တဲ့အခါကျတော့ ပဋိသန္ဓေမနေရပေဘူးလား၊ ပဋိသန္ဓေစိတ် ဖြစ်ရမှာပေါ့၊ အဲဒီတော့ ဘယ်ဘုံမှာ ဘယ်ပဋိသန္ဓေ စိတ်ဖြစ်သလဲ၊ ဒါလည်းသိရမယ်၊ ပဋိသန္ဓေက အပါယ် ပဋိသန္ဓေရှိမယ်၊ ကာမာဝစရသုဂတိ ပဋိသန္ဓေရှိမယ်၊ ရူပါဝစရ ပဋိသန္ဓေရှိမယ်နော်၊ ကောင်းပြီ, ဘယ်ဘုံမှာဘယ်ပဋိသန္ဓေနဲ့ ပဋိသန္ဓေနေသလဲ၊ ပဋိသန္ဓေစိတ် ဘယ်နှစ်ခု ရှိသလဲ၊ ၁၉-ခု ရှိတယ်၊ အဲဒါတွေနဲ့ ကြည့်ရလိမ့်မယ်၊ အဲဒီတော့ ဒုဂ္ဂတိ အဟိတ်ပုဂ္ဂိုလ်၊ အဲဒီဒုဂ္ဂတိ အဟိတ်ပုဂ္ဂိုလ်ဟာ၊ ဘယ်စိတ်နဲ့ ပဋိသန္ဓေနေသလဲ၊ ဘယ်ဘက်ကဟာကို ကြည့်လိုက်စမ်းပါ၊ အပါယ်လေးဘုံ အကုဝိ, ဥသန္တီ, အကုသလဝိပါက် ဥပေက္ခာ, သဟဂုတ်သန္တီရဏ၊ စိတ်ပိုင်းပြန် ဟုတ်လား၊ ထောက်ကိုထောက်လိုက်၊ အဲဒီ စိတ်ကို အကုသလဝိပါက်ဆိုတော့ အဟိတ်စိတ်၊ ဥပေက္ခာသဟဂုတ်သန္တီရဏဆိုတာ နောက်ဆုံးကဟာ၊ အဟိတ်စိတ် ပထမအတန်း အောက်ဆုံးစိတ်ဟာ ဥပေက္ခာသဟဂုတ် သန္တီရဏ မဟုတ်ဘူးလား၊ အကုသလဝိပါက်၊ အဲဒီ စိတ်နဲ့ ပဋိသန္ဓေနေတယ်၊ အပါယ်လေးဘုံမှာ ငရဲကျလည်း ဒီစိတ်ပဲ၊ တိရစ္ဆာန်ဖြစ်လည်း ဒီစိတ်ပဲ၊ ပြိတ္တာဖြစ်လည်း ဒီစိတ်ပဲ၊ အသူရကာယ်ဖြစ်လဲ ဒီစိတ်နဲ့ပဲ၊ ဒါကြောင့် အပါယ်လေးဘုံ အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏနဲ့ ပဋိသန္ဓေနေတယ်၊ ဟုတ်ပြီနော်။

**မေး** – အကုသလဝိပါက်ရယ်, ဥပေက္ခာသဟဂုတ်, သန္တီရဏ ရယ်လားဘုရား။

**ဖြေ** – မဟုတ်ဘူး၊ အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏဆိုတာ ၁-ခုတည်းပဲ၊ ၇-ခုထဲက ၁-ခုထဲပဲ၊ အကုသလဝိပါက်လို့ ဝိသေသန မပြီးတော့ ပြောတာက ကုသလဝိပါက်နဲ့ ကွဲသွားအောင်ပြောတာ၊ အကုသလဝိပါက်စိတ် အကုန်ပြောတာမဟုတ်ဘူး၊ ပထမတန်းက အကုသလဝိပါက်စိတ် မဟုတ်ဘူးလား၊ အဲဒီ အကုသလဝိပါက်စိတ် ၇-ခုထဲက အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏလို့ သာမညအနေနဲ့ပြောလိုက်ရင် အကုသလဝိပါက်လား ကုသလဝိပါက်လား မကွဲဘူးလေ၊ ဒါကြောင့်မို့-

**မေး** – ဒီစိတ်တစ်ခုတည်းနဲ့ ပဋိသန္ဓေနေတာလား။

**ဖြေ** – ဒီစိတ်တစ်ခုတည်းနဲ့ ပဋိသန္ဓေနေတာ, ငရဲဖြစ်ရင် တိရစ္ဆာန်ဖြစ်ရင်, ပြိတ္တာဖြစ်ရင်, အသူရကာယ်ဖြစ်ရင် ဒီစိတ်နဲ့ပဲ ပဋိသန္ဓေနေတယ်၊ ဒါကြောင့်မို့လည်း သူတို့ကို ဒုဂ္ဂတိအဟိတ်၊ အဟိတ်နဲ့ပဋိသန္ဓေနေတယ်၊ ဒုဂ္ဂတိဆိုတာက မကောင်းတဲ့ ဘဝမှာ အဟိတ်ပဋိသန္ဓေသွားနေတာ။

ကောင်းပြီ၊ ပြီးတော့ ဟိုဘက်ဟာက လူ စတု စာလုံးကသေးလို့။

*** လူစတု၊ ကန်းကျိုးကု၊ ဉသန္တိ။**

အဲဒါက လူ့ဘုံနဲ့ စတုမဟာရာဇ်ဘုံမှာ မွေးကတည်းက ကန်းလာတာ၊ မွေးကတည်းက ကျိုးလာတာ၊ ဆွံ့အလာတာ၊ အဲဒီလို သတ္တဝါတွေအတွက် ကုသလဝိပါက် ဥပက္ခာသဟဂုတ် သန္တီရဏစိတ်နဲ့ ပဋိသန္ဓေနေတယ်တဲ့ ဆိုတော့ အဟိတ်စိတ် ကော်လံ ၂–ခုထဲက ဒုတိယကော်လံ အောက်ဆုံးဟာပဲ, အောက်ဆုံး တစ်ခုပဲ၊ အဲဒီစိတ်နဲ့ ပဋိသန္ဓေနေတယ်၊ လူနဲ့စတုမဟာရာဇ် အညံ့စားလို့ ပြောကြပါစို့၊

**မေး** – တိရစ္ဆာန်တို့ မပါတော့ဘူးလား။

**ဖြေ** – မပါတော့ဘူး၊ တိရစ္ဆာန်က အကုသလဝိပါက်နဲ့ နေတာ၊ အခုဟာက ကုသလဝိပါက်နဲ့နေတာ။

**မေး** – ဥပက္ခာဖြစ်ပါသလား၊

**ဖြေ** – ဟုတ်တယ်၊ ဥပေက္ခာ၊ သောမနဿ မဟုတ်ဘူး၊ သောမနဿက ပဋိသန္ဓေ စုတိ ဘဝင် ကိစ္စကို မတပ်ဘူး၊ ဥပေက္ခာကသာ တပ်တာ။

လူ့ဘုံမှာ ပဋိသန္ဓေနေတဲ့အခါကျတော့ ဒါကတော့ ရုပ်ပိုင်းကျမှ သိလိမ့်မယ်၊ ဘယ်အချိန်မှာ မျက်စိပသာဒပေါ်တယ်၊ ဘယ်အချိန်မှာ နားပသာဒပေါ်တယ်ဆိုတာ လာလိမ့်မယ်၊ ၇–ရက်၊ ၇–ရက်နဲ့ ပိုင်းတယ်၊ အဲဒီပေါ်ရမယ့် အချိန်မှာ မပေါ်ရင် မွေးကတည်းက ကန်းတယ်လို့ ခေါ်တယ်။

အဲဒီပေါ်ပြီးတဲ့နောက်မှ အကြောင်းတစ်မျိုးမျိုးကြောင့် ပသာဒပျက်စီးသွားတာလည်း ရှိချင်ရှိလိမ့်မယ်၊ ပေါ်ချိန်တုန်းကတော့ ပေါ်လိုက်တယ်၊ နောင်အခါကျမှ အကြောင်းတစ်မျိုးမျိုးကြောင့် ပျက်စီးသွားတာမျိုး မဆိုလိုဘူး၊ အဲဒီ ပသာဒဖြစ်ချိန်မှာ မဖြစ်တာကို မဖြစ်တဲ့သတ္တဝါတွေကို ပဋိသန္ဓေက ကန်းလို့ပဲ ပြောကြပါစို့၊ ပါဠိလိုတော့ ဝစ္စန္ဓလို့ခေါ်တယ်၊ ပဋိသန္ဓေကတည်းက ကန်းလာတာ၊ ပဋိသန္ဓေကတည်းက နားလေးလာတာ၊ လူဖြစ်ပြီးတော့ အလွန်ညံ့ဖျင်းတဲ့ သတ္တဝါမျိုးတွေရှိသေးတယ်မဟုတ်ဘူးလား၊ ဘာပြောလို့ ပြောမှန်းမသိဘူး၊ အရှေ့ အနောက်တောင်

မြောက်တောင် တချို့ မမှတ်တတ်ဘူး၊ ဟို mental လိုဟာမျိုး ဖြစ်နေတယ်၊ တစ်ခါတလေ စကားပြောရင် လေးလုံးမကွဲဘူး၊ အဲသလို မပီတပီဖြစ်နေတာ ငန်းစွဲတယ်လို့ မြန်မာလိုခေါ်တယ်၊ အဲဒီ သတ္တဝါနဲ့ အဲဒီလူတွေဟာ ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တိရဏနဲ့ ပဋိသန္ဓေနေတာ၊ လူဖြစ်တာကတော့ သူတို့က ကုသိုလ်ရဲ့ အစွမ်းသတ္တိကြောင့်ဖြစ်တာ၊

ဒါပေမယ်လို့ သူတို့ရဲ့ကုသိုလ်က ညံ့ခဲ့တဲ့အတွက်ကြောင့်မို့ ဒီမှာ ညံ့ဖျင်းတဲ့ အကျိုးပဲလာရတာ၊ အကုသိုလ်ကြောင့် ဖြစ်တာတော့မဟုတ်ဘူး၊ ကုသိုလ်ကြောင့်ပဲ၊ သို့သော် သူတို့ရဲ့ ကုသိုလ်က ပြည့်စုံအောင် အကျိုးမပေးနိုင်တဲ့ ကုသိုလ်ပေါ့လေ၊ နတ်တွေလည်း တချို့ခတ်ချာချာနတ်တွေ ရှိသေးတယ်လို့ဆိုတယ်၊ စတုမဟာရာဇ် နတ်တွေပေါ့လေ၊ အဲဒါ တချို့ကျတော့ ဘုမ္မစိုးနတ်ကြီးတွေကို အမှီပြုပြီးတော့ ဆင်းဆင်းရဲရဲနေရတဲ့ နတ်တွေရှိသေးတယ်၊ သူတို့တွေလည်း ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တိရဏနဲ့ ပဋိသန္ဓေနေတယ်။

**မေး** – ရက္ခစိုးတွေလည်း စတုမဟာရာဇ်ပဲလား။

**ဖြေ** – ရက္ခစိုးတွေလည်း စတုမဟာရာဇ်ပဲ၊ သူတို့မှီပြီးတော့ နေရတာ၊ သူတို့ထက် အောက်တန်းကျသွားတာပေါ့လေ၊ ခပ်ချာချာနေရတယ်၊ စတုမဟာ ရာဇ်တော့ စတုမဟာရာဇ်ပဲ၊ အဲဒီနတ်မျိုးတွေကျလည်းပဲ ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တိရဏစိတ်နဲ့ ပဋိသန္ဓေနေတယ်၊ လူတွေလည်း မွေးကတည်းက ကန်းကျိုးလာတာ တွေပေါ့လေ၊ သူတို့ကို သုဂတိ အဟိတ် ပဋိသန္ဓေလို့ခေါ်တယ်၊ အပါယ်အတွက်က ဒုဂ္ဂတိအဟိတ် ပဋိသန္ဓေ၊ အခုဟာက သုဂတိအဟိတ် ပဋိသန္ဓေ၊

လူ့ဘုံမှာနှင့်တကွ စတုမဟာရာဇ် တာဝတိံသာ စသည်မှာလည်း ကာမသုဂတိ ၇–ဘုံ၊ မဟာဝိပါက် ၈–ကို တွေ့လား၊ ဘယ်ဘက်ကကြည့်, အဲဒီ ကာမသုဂတိ ၇ဘုံမှာ မဟာဝိပါက်စိတ် ၈–ပါးနဲ့ ပဋိသန္ဓေနေတယ်တဲ့၊ လူ့ဘဝရောက်လာပြီးတော့ ကျိုးကန်းလာတာ မဟုတ်တဲ့ လူမျိုးပေါ့နော်၊ အဲဒီလိုမျိုးဆိုရင် မဟာဝိပါက် ၈– ခုထဲက တစ်ခုခုနဲ့ ပဋိသန္ဓေနေလိမ့်မယ်၊ ထို့အတူပဲ စတုမဟာရာဇ် တာဝတိံသာ ယာမာ, တုသိတာ နိမ္မာနရတိ ပရနိမ္မိတဝသဝတ္တီ အဆင့်အတန်းမှီတဲ့သူ ဆိုကြပါစို့၊ အထက်တန်း မှီတဲ့ နတ်တွေ သူတို့ကျတော့ မဟာဝိပါက်စိတ် ၈–ပါးထဲက တစ်ပါးပါးနဲ့ ပဋိသန္ဓေနေလိမ့်မယ်၊ ဒါကြောင့်မို့ သူတို့ကို ကာမသုဂတိ ပဋိသန္ဓေပေါ့၊

ကောင်းပြီ, ဗြဟ္မာတွေ သွားကြစို့၊ ဗြဟ္မာတွေသွားတဲ့အခါကျတော့ စေတသိက်ပိုင်းတုန်းက ဦးဇင်းပြောခဲ့ဖူးတယ်ထင်တယ်၊ စိတ်ပိုင်းတုန်းကလည်း

ပြောခဲ့လိမ့်မယ်ထင်တယ်၊ ဈာန်တွေကို ငါးပါးလည်း ခွဲလို့ရတယ်၊ လေးပါးလည်းခွဲလို့ရတယ်၊ အခု အဲဒီမှာ လေးပါးခွဲမှ ဖြစ်မှာ၊ လေးပါးနဲ့ ငါးပါးခွဲလိုက်တဲ့အခါ နည်းနည်းရှုပ်မယ် ထင်တယ်၊ ဘုံက ၄–မျိုးပဲရှိတယ်၊ ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ ဈာန်စိတ်ကျတော့ ငါးမျိုးလုပ်ထားတော့ အဲဒီမှာ ရှုပ်သွားနိုင်တယ်၊ အမှန်ကတော့ မရှုပ်ပါဘူးနော်။

ကောင်းပြီ၊ ပထမဈာန် ၃–ဘုံ ဗြဟ္မာတွေ ဘယ်ဝိပါက်စိတ်နဲ့ ပဋိသန္ဓေနေသလဲ၊ ပထမဈာန်ဝိပါက်စိတ်နဲ့၊ ဒုတိယဈာန် ၃–ဘုံ ကျတော့၊ ဒုတိယဈာန် ဝိပါက်စိတ်နဲ့၊ တတိယဈာန် ဝိပါက်စိတ်နဲ့၊ ဘာကြောင့်လဲဆိုတော့ ဈာန်၄–ပါးနည်းနဲ့ ဈာန် ၅–ပါးနည်းကို ဟပ်ကြည့်လိုက်ရင် ဈာန်၅–ပါးမှာ–၁၊ ဈာန် ၄–ပါးမှာ–၁၊ ဟုတ်တယ်မဟုတ်လား၊ ဈာန် ၅–ပါးမှာ ၂–၃၊ ဈာန် ၄–ပါးမှာ ၂၊ ဈာန်၅–ပါးမှာ ၄၊ ဈာန် ၄–ပါးမှာ–၃၊ ဈာန်၅–ပါးမှာ–၅၊ ဈာန်၄–ပါးမှာ ၄၊ အဲဒီလိုသွားတာ၊ အဲဒီတော့ ၂ နှင့် ၃ က ဈာန်၄–ပါးမှာ ၂–ပဲသွားဖြစ်တယ်။

ဒါကြောင့်မို့ ဒုတိယဈာန်ဘုံမှာ ဘယ်စိတ်နဲ့ ပဋိသန္ဓေ နေသလဲဆိုရင် ဒုတိယဈာန် ဝိပါက်စိတ်နှင့်သော်လည်းကောင်း, တတိယဈာန် ဝိပါက်စိတ်နှင့်သော်လည်းကောင်း ပဋိသန္ဓေနေတယ်နော်၊ သူ့ အဆင့်တန်းတော့ ရှိသွားမှာပေါ့နော်၊ ဒုတိယဈာန် ပဋိသန္ဓေနေတဲ့ ဗြဟ္မာနဲ့ တတိယဈာန်နဲ့ ပဋိသန္ဓေနေတဲ့ ဗြဟ္မာတော့ အဆင့်အတန်းတော့ ရှိသွားမှာပေါ့၊ သို့သော်လည်း တစ်ဘုံထဲပဲ။

ဒါကြောင့်မို့ ဒုတိယဈာန် ၃–ဘုံဆိုတာ ဘယ်စိတ်နဲ့ ပဋိသန္ဓေနေသလဲ၊ ဒုတိယဈာန်, တတိယဈာန် ဝိပါက်နဲ့ ပဋိသန္ဓေနေတယ်၊ တတိယဈာန် ၃–ဘုံမှာ ဘယ်စိတ်နဲ့ ပဋိသန္ဓေနေသလဲ, စတုတ္ထဈာန်ဝိပါက်နဲ့ ပဋိသန္ဓေနေတယ်နော်။

ဝေဟပ္ဖိုလ်ဘုံ ဘယ်စိတ်နဲ့ ပဋိသန္ဓေနေသလဲ ပဉ္စမဈာန် ဝိပါက်စိတ်နဲ့ ပဋိသန္ဓေနေတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူက စတုတ္ထဈာန်ဘုံ မဟုတ်ဘူးလား၊ အဲဒီတော့ စတုတ္ထဈာန်ဘုံမှာ ပဉ္စမဈာန် ဝိပါက်စိတ်နဲ့ ပဋိသန္ဓေနေတယ်။

အသညသတ်ဘုံမှာ စိတ်မှမရှိပဲ၊ ဒါကြောင့် ဟိုဘက်မှာ ရေးထားတယ်၊ အသညသတ် ဇီဝိတနဝက၊ ဒါ ရုပ်ပိုင်းကျမှ နားလည်လိမ့်မယ်နော်၊ ဇီဝိတနဝက ဆိုတာ ရုပ်ပဲ၊ ရုပ်သက်သက် အသက်တော့ရှိတယ်၊ စိတ်မရှိဘူး။

**မေး။** ။ အဲဒီအသညသတ်မှာ ဘယ်စိတ်နဲ့ ပဋိသန္ဓေနေသလဲ၊

**ဖြေ။** ။ ဥပေက္ခာနဲ့ ပဋိသန္ဓေနေလိမ့်မယ်၊ ဥပေက္ခာကမြင့်တယ်၊ အမှန်ကတော့ ဥပေက္ခာက ပျော်တာလည်းမဟုတ်ဘူး၊ စိတ်ညစ်တာလည်း မဟုတ်ဘူးပေါ့လေ၊

ဥပေက္ခာနဲ့ နေနိုင်တယ်ဆိုတာ အဆင့်အတန်းမြင့်တဲ့သူမှ နေနိုင်တာ၊ စိတ်နိုင်တဲ့သူမှ ဖြစ်တာ၊ ဒါကြောင့် ဥပေက္ခာက ပိုမြင့်တယ်။

ဝေဟပ္ဖိုလ်လား၊ အသညသတ်ကျတော့ ရုပ်ချည်းပဋိသန္ဓေနေတယ်၊ ဒါကြောင့် သူ့ကို ရုပ်ပဋိသန္ဓေလို့ခေါ်တယ်၊ နာမ်ပဋိသန္ဓေလို့ မခေါ်ဘူး၊ ဘယ် စိတ်နဲ့မှ ပဋိသန္ဓေမနေဘူး၊ ဇီဝိတနဝကကလာပ်သည်သာလျှင် အဲဒီမှာ ပဋိသန္ဓေ ဖြစ်တယ်၊ ဒါတွေ ရုပ်ပိုင်းကျတော့ နားလည်လိမ့်မယ်။

ဒါဖြင့် သုဒ္ဓါဝါသ ငါးဘုံတဲ့၊ သူတို့ကလည်း စတုတ္ထဈာန်ဘုံပဲ၊ စတုတ္ထဈာန် ဘုံဖြစ်တဲ့အတွက်ကြောင့်မို့ ပဋိသန္ဓေနေရင် ပဉ္စမဈာန် ဝိပါက်စိတ်နဲ့ ပဋိသန္ဓေနေမယ် နော်၊ ပြီးရောပေါ့၊ ဒါ ရူပါဝစရ ပဋိသန္ဓေ။

ကောင်းပြီ, ပြန်ပြောစမ်း၊ ပထမဈာန် ၃–ဘုံမှာ ပထမဈာန်ဝိပါက်စိတ်နဲ့ ပဋိသန္ဓေနေတယ်၊ ဒုတိယဈာန် ၃–ဘုံမှာ ဒုတိယဈာန်ဝိပါက်၊ တတိယဈာန်ဝိပါက် စိတ်နဲ့ ပဋိသန္ဓေနေတယ်၊ တတိယဈာန် ၃–ဘုံမှာ စတုတ္ထဈာန် ဝိပါက်စိတ်နဲ့ ပဋိသန္ဓေနေတယ်၊ ဝေဟပ္ဖိုလ်ဘုံမှာ ပဉ္စမဈာန် ဝိပါက်စိတ်နဲ့ ပဋိသန္ဓေနေတယ်၊ အသညသတ်ဘုံမှာ ဇီဝိတနဝက ကလာပ်ရုပ်နဲ့ ပဋိသန္ဓေနေတယ်၊ သုဒ္ဓါဝါသ ငါးဘုံမှာ ပဉ္စမဈာန်ဝိပါက်စိတ်နဲ့ ပဋိသန္ဓေနေတယ်၊ ရူပါဝစရ ပြီးသွားပြီ။

အရူပါဝစရ သူ့ဟာသူ ရှင်းပါတယ်။

အာကာသာနဉ္စာယတနဘုံမှာ အာကာသာနဉ္စာယတနဝိပါက်စိတ်နဲ့ ပဋိသန္ဓေနေတယ်၊ ဝိညာနဉ္စာယတနဘုံမှာ ဝိညာနဉ္စာယတနဝိပါက်စိတ်နဲ့ ပဋိသန္ဓေနေတယ်၊ အာကိဉ္စညာယတနဘုံမှာအာကိဉ္စညာယတနဝိပါက်စိတ်နဲ့ ပဋိသန္ဓေနေတယ်၊ နေဝသညာနာသညာယတနဘုံမှာ နေဝသညာနာသညာယတန ဝိပါက်စိတ်နဲ့ ပဋိသန္ဓေနေတယ်၊ ပဋိသန္ဓေစိတ်တွေ,သူ့ဟာနဲ့သူ သတ်မှတ်ပြီး သား၊ ဘယ်ဘုံမှာဖြစ်ရင် ဘယ်စိတ်နဲ့ ပဋိသန္ဓေနေတယ်ဆိုတာ။

အဲဒီတော့ ဒီစိတ်နဲ့ ပဋိသန္ဓေနေရင် အဲဒီဘဝမှာ ဘဝင်လည်း ဒီစိတ်ပဲဖြစ်မှာပဲ၊ သေတဲ့အခါ စုတိစိတ်လည်း ဒီစိတ်ပဲ ဖြစ်မယ်နော်၊ ဒါလေးလည်းမှတ်ထား၊ တစ်ဘဝမှာ ပဋိသန္ဓေ ဘဝင်စုတိဟာ အတူတူပဲ။

ပြန်ပြောမယ်နော်၊ အပါယ်ဘုံမှာဆိုပါတော့, ပဋိသန္ဓေနေတာအကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏနဲ့ ပဋိသန္ဓေနေရင် တစ်ဘဝလုံးဖြစ်မယ် ဘဝင်ကလည်း ဒီစိတ်တွေချည်းဖြစ်မှာပဲ၊ ပြီးတော့ ဘဝဆုံးလို့ သေတဲ့အခါလည်း ဒီစိတ်နဲ့သေမှာပဲ၊ တခြားဟာတွေလည်း၊ ဒီအတိုင်းပဲသွားမှာ, အဲဒီတော့ တစ်ဘဝမှာ ပဋိသန္ဓေ

ဘဝင်စုတိဟာ တူရိုးထုံးစံရှိတယ်တဲ့နော်။

ကောင်းပြီ၊ ဘာလာသလဲ၊ သက်တမ်းတစ်ခါလာတယ်၊ ခုဟာက ပဋိသန္ဓေပြီးသွားပြီ၊ ဘယ်ဘုံမှာ သက်တမ်းဘယ်လောက်ရှိသလဲ၊ သက်တမ်းက ညာဘက်မှာရှိတယ် တွေ့လား၊ အပါယ်ဘုံ, လူ့ဘုံ, ဘုမ္မစိုးနတ်, သက်တမ်းမမြဲ၊ အပါယ်ဘုံမှာ သက်တမ်းမမြဲဘူးတဲ့၊ အမှန်ကတော့ သူ့အကုသိုလ် ရှိသလောက် ခံရတာကိုး၊ အကုသိုလ်များရင်ကြာမယ်ပေါ့၊ အကုသိုလ်မများရင် မြန်မြန်လွတ်မယ်ပေါ့၊ အဲဒါကြောင့်မို့ အပါယ်ဘုံမှာ သက်တမ်းမမြဲဘူး၊ တချို့ငရဲကျပြီး ခဏလေးနဲ့မြန်မြန်လွတ်လာတာလည်းရှိတယ်၊ ဒေဝဒတ်တို့လို တစ်ကမ္ဘာလုံးခံရမယ့် ငရဲသားလည်းရှိတာပေါ့။

လူ့ဘုံကော သက်တမ်း ဘယ်မြဲမလဲ၊ ဆိုပါတော့, မြတ်စွာဘုရားလက်ထက်ကဆို တစ်ရာတမ်း အခု ဆုတ်လာတာပဲ၊ အခုခေတ် လူတွေက အသက်ပိုရှည်လာတယ်ဆိုတာ မဟုတ်ဘူး၊ သက်တမ်းတိုးလာတာ မဟုတ်ဘူး၊ ကလေးအသေနည်းတာနဲ့ ဘာနဲ့ လုပ်လိုက်တဲ့အတွက်ကြောင့်မို့ အသက်တမ်း ပိုရှည်လာတယ်လို့ထင်တာ၊ အမှန်က မဟုတ်ဘူး၊ အဲဒါလူတွေက မေးကြတယ်နော်၊ အရှင်ဘုရားတို့ ဗုဒ္ဓဘာသာက ပြောတယ်၊ အသက်တမ်းဟာ တဖြည်းဖြည်း ဆုတ်ယုတ်လာတယ်၊ အခု လူတွေအသက်ပိုရှည်လာပါလားလို့, အမှန်က အသက်ပိုရှည်လာတာ မဟုတ်ဘူး၊ ကလေးအသေနည်းလာတာ၊ ဒါတွေရောပြီး ပျမ်းမျှ တွက်လိုက်တဲ့အခါကျတော့ အသက်ရှည်တယ်လို့ တွက်ကြတာ၊ တစ်နေ့က ဆေးစာအုပ်ထဲမှာ အဲဒါ သွားတွေ့တော့ ဝမ်းသာလိုက်တာ၊ ဟန်ကျလိုက်တာဟော့လို့, သို့မဟုတ်ရင် သူတို့က အသက် ပိုရှည်လာတယ်လို့ချည်း ထင်ကြတာကိုး၊ အမှန်ကတော့ မဟုတ်ဘူး။

ဒါကြောင့်မို့ လူလည်း အသက်တမ်းမမြဲဘူးတဲ့နော်၊ ဦးဇင်းတို့ ကျမ်းဂန်တွေအရ ပြောရရင် လူတွေရဲ့ အသက်တမ်းဟာ တဖြည်းဖြည်းနဲ့ ကျသွားတာ ၁၀–နှစ် တမ်းအထိအောင် ရောက်သွားမှာပဲတဲ့၊ အဲဒီကနေ တဖြည်းဖြည်းတက်တက်တက်တက်သွားတာ အသင်္ချေယျတမ်းပေါ့လေ၊ အရှည်ကြီးနေရမှာ၊ အဲဒီလိုပေါ့လေ၊ တက်လိုက်ကျလိုက်နဲ့ သွားနေရမယ်၊ အခုခါ ဆုတ်ကပ်လို့ခေါ်တယ်၊ မြတ်စွာဘုရားက ဆုတ်ကပ်အခါမှ ပွင့်တယ်၊ တက်ကပ်မှာမပွင့်ဘူး၊ ဘာပြုလို့လည်းဆိုတော့ တရား ဟောခက်လို့၊ ဆုတ်ကပ်တောင်မှ ဒီနိုင်ငံ (အမေရိကန်)မျိုးရှိရင် တရားဟောခက်တယ် ဟုတ်လား၊ ဒီနိုင်ငံကတဏှာလောဘကို အလွန်အားပေးတဲ့ နိုင်ငံပဲကိုး၊ အဲဒီတော့ ဆိုပါတော့, ပန်းလေးတွေ့တယ်ဆိုရင် ဒါလေးကို သူတို့က သာယာရမယ် (appreciate) လုပ်ရမှာ၊ ဒါမလုပ်နဲ့ဆိုရင် သူတို့က မခံနိုင်ဘူး၊

မြတ်စွာဘုရားက ဘုရားဖြစ်ပြီးစက တရားမဟောချင်တာ အဲဒါ ကြောင့်ပဲ၊ သတ္တဝါတွေဟာ တွယ်တာမှုတွေ အားကြီးနေတယ်၊ တွယ်တာမှုတွေမှာ မွေ့လျော် ပျော်ပါးနေတာဆိုတော့ ငါဟောမယ့်တရားက တွယ်တာမှုဖြတ်ရမှာ, သိမယ့်လူ သိပ်ရှိမှာ မဟုတ်ဘူးဆိုပြီး ဘုရားက စိတ်ညစ်သွားတာ, ပြီးတော့မှ ပြန်ကြည့် လိုက်တော့, ဩော်–သတ္တဝါဆိုတာကလည်း အမျိုးမျိုးရှိတာ၊ နားလည်မယ့် သူလည်း ရှိတယ်၊ နားမလည်မယ့်သူလည်း ရှိတယ်ဆိုပြီးတော့ ဟောတော်မူတာ၊ အဲဒါကြောင့်မို့ လူ့ဘုံဟာ အဲသလိုသွားနေမှတဲ့။

ပြီးတော့ ဘုမ္မစိုးနတ်တွေ သူတို့လည်း အသက်မမြဲဘူး၊ တချို့ ဘုမ္မစိုးနတ်တွေ ကျတော့ အသက်သိပ်ရှည်တာတွေရှိတယ်၊ ရက္ခစိုးနတ်ကြီးတွေလေ၊ တချို့ ဘုမ္မစိုး နတ်ကြီး တွေရှည်တယ်၊ တချို့လည်း မရှည်ဘူး၊ သူတို့မှာ သက်တမ်း မမြဲဘူးတဲ့၊ လူထိအောင် မမြဲဘူးတဲ့နော်၊ အပါယ်လေးဘုံထိ မမြဲဘူးတဲ့။

စတုမဟာရာဇ်ဘုံကျတော့ နတ်သက် ၅၀၀–တဲ့နော်၊ လူသက် ၉–သန်း၊ အဲဒီလို ၂–မျိုး ၂–မျိုးသွားရမှာ၊ တာဝတိံသာနတ်သက်တစ်ထောင် လူသက် ၃၆ သန်းတဲ့၊ လေးဆတက် လေးဆတက်သွားလိမ့်မယ်၊ နတ်သက်က ၂–ဆ, ၂ ဆ တက်မယ်၊ လူသက်ကျ ၄ ဆ ၄ ဆ တက်သွားမယ်၊ ယာမာကျတော့ ၁၄၄ သန်း, တုသိတာ ၅၇၆ သန်း၊ နိမ္မာနရတိ ၂၃၀၄ သန်း၊ ပရနိမ္မိတဝသဝတ္တိ ၉၂၁၆ သန်းနော်၊ အဲဒီလို သက်တမ်းရှည်သွားမယ်တဲ့၊ ဒါကတော့ ဖြစ်နိုင်တာပြောတာပါ၊ ဒီအသက် တမ်းထိအောင် ပြည့်အောင်နေရမယ်လို့ မဆိုလိုဘူး၊ လူလိုပေါ့၊ လူ ၁၀၀–တမ်း ဆိုပေမယ်လို့ ငယ်ငယ်လေးနဲ့ သေချင် သေတာပဲ၊ သူတို့နတ်လည်း ဒီအတိုင်းပဲ၊ သို့သော် အပြည့်အဝ နေရမယ်ဆိုရင် ဒီလောက်နေရမယ်၊ ဆိုတဲ့ အဓိပ္ပါယ်ရှိတယ်။

ဒါပေမယ့် နတ်မှာသေဖို့အလွန်လွယ်တဲ့ဟာ ရှိတယ်နော်, ကြားဖူးလား မသိဘူး၊ ခေါ်သရယ်, ပြီးတော့ တဏှာလောဘရယ်၊ တဏှာလောဘက ဘာတုန်း ဆိုတော့ အပျော်ကျူးနေလို့၊ နတ်သုဒ္ဓါစားချိန်မှာ မစားလိုက်မိဘူးဆိုရင် သေရောတဲ့၊ (breakfast) လွတ်သွားလို့ နေ့လည်ကျ ငါပိုစားမယ်ဆိုလို့ မရတော့ဘူး၊ သူ့အချိန်မှာစားရတာ၊ ဒီအချိန်မှာစားရင် ဒီအချိန်ကိုစားရမယ်၊ သူတို့ရုပ်က နူးညံ့တယ်၊ နူးညံ့တဲ့အခါကျတော့ နတ်သြဇာနဲ့ ထိန်းရတာပေါ့၊ အဲဒီအချိန်မှာ မစားလိုက်မိရင်မရဘူး၊ ပန်းကညိုးသွားပြီးတဲ့နောက် ရေအိုးတစ်ရာနဲ့ လောင်းရင်လည်း ပြန်မလန်းတော့ဘူး၊ အဲဒါကြောင့်မို့ အပျော်အပါး လွန်ကျူးပြီးတော့ စားချိန် မစားမိရင် သေရော၊ ဒါ ခိဍ္ဍာပဒေါသိကနတ်လို့ ခေါ်တယ်၊ မနောပဒေါသိက

နတ်ဆိုတာက ဒေါသဖြစ်တာ၊ ဒေါသဖြစ်တာက ဒီတစ်ယောက်က ဟိုတစ်ယောက်ကို ဒေါသဖြစ်ရင် ဟိုတစ်ယောက်က ပြန်မဖြစ်ရင် ကိစ္စမရှိဘူး၊ ဟိုတစ်ယောက်ကလည်း ပြန်ပြီးတော့ ဒေါသဖြစ်တယ်၊ အပြန်အလှန်ဖြစ်သွားရင် အဲဒီဒေါသဒဏ်မခံနိုင်ဘူး, နှစ်ယောက်စလုံး သေရော။

အဲဒီတော့ နတ်ပြည်ရောက်တယ်ဆိုပေမယ်လို့ သေဖို့က လူ့ပြည်ထက်တောင်လွယ်သေးတယ်၊ ဒါပေမယ့် နေရမယ်ဆိုရင်တော့ သူတို့က ၃၆–သန်းစသည်ဖြင့် နေရမှာပေါ့၊ ပြီးတော့ ဘာလာလဲဗြဟ္မာ၊ ဗြဟ္မာမလာခင် ဘယ်ဘက်မှာရှိတဲ့ ကပ်လေးပါးဆိုတာ ကြည့်လိုက်စမ်းပါ၊ အဲဒါ ပထမကြည့်လိုက်၊ ကပ် ၄–မျိုးရှိတယ်တဲ့၊ ဒါ ကပ်ကြီး ၃–ပါးနဲ့ မဆိုင်ဘူး၊ ဒီကပ်ဆိုတာက ကမ္ဘာကိုပြောတာ၊ ကမ္ဘာကိုပဲ ကပ်လို့ခေါ်တာ၊ ဒါ ပါဠိစကား ကပ္ပ၊ ကပ္ပကို မြန်မာက ကပ္ပါကနေပြီးတော့ ကမ္ဘာလို့ခေါ်တာ၊ ကပ္ပါကနေပြီးတော့ ဘယ်နှယ့် မနဲ့ဘကုံးဆင့်ပြီးတော့ ကမ္ဘာလို့ ရေးမှန်း မသိဘူး၊ ဒါကြောင့်မို့ တချို့ဘုန်းကြီးတွေက ကပ္ပါလို့ရေးတာ၊ ဖတ်တာကတော့ မင်းတို့ဖတ်ချင်သလို ဖတ်ပေါ့လေ၊ စာလုံးပေါင်းတော့ အမှန်အတိုင်းဆိုပြီးတော့ ကပ္ပါလို့ ရေးထားတာ အများကြီးရှိတယ်။

အမှန်က ကပ္ပပြဿနာလို့ ဖတ်ရမှာမဟုတ်ဘူး၊ ကမ္ဘာပြဿနာလို့ ဖတ်ရမှာကောင်းပြီ၊ ပထမကပ်က ဘာကပ်လဲ, အာယုကပ်တဲ့နော်၊ အာယုကပ်ဆိုတာကတော့ အမှန် ကတော့ သက်တမ်းကိုခေါ်တာ၊ ဒီအထဲမှာ ၁၀–နှစ်တမ်းမှ အသင်္ချေ၊ အသင်္ချေမှ ၁၀–နှစ်တမ်း၊ အဲဒါကတော့ သိပ်မဟုတ်ဘူးနဲ့ထင်တယ်၊ သာမည သက်တမ်းကိုပဲ အာယုကပ်လို့ခေါ်တာ၊ ဘာဖြစ်လို့လည်းဆိုတော့ လယ်တီဆရာတော်ကြီးရေးတဲ့ ပရမတ္ထသံခိပ်မှာ **"အာယုအန္တရာ, အသင်္ချာ, မဟာ လေးမျိုးကပ်"** ဆိုပြီးတော့ လင်္ကာရှိတယ်၊ ကပ်သည် အာယုကပ်, အန္တရကပ်, အသင်္ချေယျကပ်, မဟာကပ်ဟူ၍ ၄–မျိုးရှိ၏၊ ထိုထိုအသက်တမ်းကို အာယုကပ်ဆိုသည်၊ သက်တမ်းကိုက အာယုကပ်လို့ ဆိုတာတဲ့၊ လူ့အာယုကပ်ဆိုတာ ခုခေတ်တစ်ရာ ပေါ့နော်၊ နတ်အာယုကပ်ဆိုတာ ခုနကဟာ။

# အဘိဓမ္မာသင်တန်း (၂၈)

## ဝီထိမုတ်ပိုင်း

## ကမ္ဘာဖြစ်ပုံ ပျက်ပုံ

ဒီနေ့ မေလ ၂၂-ရက်။

လွန်ခဲ့တဲ့အပတ်တုန်းက အာယုကပ်လေးပါးစသည် ပြောနေတာ မပြီးခဲ့ဘူး၊ ကပ်လေးပါးကိုပဲ ပြန်လေ့လာကြရအောင်။

ဘုံ ၃၁-ပါးတဲ့၊ စာရွက်မှာ ကပ်ဆိုတာ အမှန်ကတော့ ကမ္ဘာလို့ ဆိုလိုတာ၊ ပါဠိလို ကပ္ပ၊ ကပ္ပကိုကပ်လို့ဆိုတာ၊ အဲဒီတော့ ကမ္ဘာ ၄-မျိုးပေါ့နော်၊ အာယုကပ်, အန္တရကပ်, အသင်္ချေယျကပ်, မဟာကပ်လို့ အဲဒီလို ၄-မျိုးရှိတယ်၊ အာယုကပ်လို့ ပြောခဲ့တဲ့နေရာမှာ ဒီဇယားကွက်ထဲမှာပါနေတာက ၁၀-နှစ်တမ်းမှ အသင်္ချေယျ, အသင်္ချေယျမှ ၁၀-နှစ်တမ်းလို့ အဲဒီလို ပါနေတယ်၊ ဒါပေမယ်လို့ တခြားကျမ်းတွေမှာ ရေးနေတာက ဒီလိုမဟုတ်ဘူးနော်။

အာယုကပ်ဆိုတာ ဘာလဲဆိုရင်သက်တမ်းပဲ၊ ထိုထိုအသက်တမ်းကို အာယုကပ်ဆိုသည်လို့ ပရမတ္ထသံခိပ်ကျမ်းမှာ လာတာနော်၊ အဲဒီမှာ **အာယုအန္တရာ**

**အသင်္ချာ, မဟာ လေးမျိုးကပ်,** ဆိုပြီးတော့ အဲဒီလို၊ အဲဒီတော့ အသက်တမ်းပေါ့၊ လူ့အသက်တမ်းဆိုရင် ၁၀၀–ဆိုရင်ဖြင့် ၁၀၀–ပေါ့၊ အဲဒါကို အာယုကပ်လို့ခေါ်တာ၊ နတ်ဟာလည်း နတ်သက် ၅၀၀–သို့မဟုတ် ၉–သန်း၊ အဲဒီလို အသက်တမ်းတစ်ခုကို အာယုကပ်လို့ခေါ်တာ၊ ၁၀–နှစ်ကနေ အသင်္ချေ, အသင်္ချေကနေ ၁၀–နှစ်တမ်း, ဒီလို မဆိုလိုဘူး၊ ကျမ်းဂန်မှာ အဲဒီအတိုင်းရှိတယ်၊

အာယုကပ်ပြီးတော့ အန္တရကပ်တဲ့၊ အန္တရဆိုတာက မြန်မာအဓိပ္ပါယ်နဲ့ဆိုရင် အကြားလို့ ဆိုလိုတာပေါ့၊ အကြားအန္တရကပ်ဆိုတာ တက်ကပ်ဆုတ်ကပ် ၂–ပါး ၁ စုံကို အန္တရကပ်လို့ခေါ်တယ်၊ ဆုတ်ကပ်တက်တက်။

လူတွေက စစခြင်းဆိုပါတော့, အသင်္ချေယျတမ်းလို့ခေါ်တဲ့ နှစ်ပေါင်းများစွာ ရှည်တယ်ပေါ့လေ၊ အဲဒီလို အသင်္ချေယျတမ်းကနေပြီးတော့ တဖြည်းဖြည်းနဲ့ ဆုတ်ဆုတ်ဆုတ်ဆုတ်သွားမယ်၊ လူတွေက အကျင့်ပျက်လို့၊ အဲဒီလို ဆုတ်လိုက်တာမှာ ဘယ်ထိအောင် ဆုတ်သွားသလဲဆိုရင် ၁၀–နှစ်တမ်းထိအောင် ဆုတ်သွားမယ်၊ အဲဒီ ၁၀–နှစ်တမ်းကျတော့ အလွန်ဆိုးတဲ့အခြေအနေတွေ ဖြစ်ကုန်ပြီပေါ့၊ မြက်ပင်လေး ကောက်ကိုင်လိုက်တယ်ဆိုရင်ပဲ လက်နက်ဖြစ်သွားပြီဆိုတဲ့ အခြေအနေမျိုးပေါ့။

အဲဒီကနေ လူတွေက တစ်ခါ သတိတရားရပြီးတော့ ပြန်ပြီးတော့ အကျင့်ကောင်းပြီးတော့ ပြန်တက်တက်လာတာ အသင်္ချေယျတမ်းပြန်ရောက်၊ အဲဒီ အသင်္ချေယျကနေပြီးတော့ ၁၀–နှစ်၊ ၁၀–နှစ်ကနေ အသင်္ချေယျတမ်း၊ အဲဒီလောက်ကြာတဲ့ကာလကို အန္တရကပ်လို့ခေါ်တယ်၊ နှစ်ပေါင်းဘယ်လောက် ကြာတယ်ဆိုတာ ဘယ်သူမှ မပြောနိုင်ဘူးနော်၊ အဲဒီတော့ ဆုတ်ကပ်တက်ကပ် တစ်ခုပေါ့လေ၊ အဲဒါကအန္တရကပ်။

နောက်ကပ်က အသင်္ချေယျကပ်တဲ့၊ အဲဒီအချေယျကပ်ကတော့ ခုနက ပြောခဲ့တဲ့ အန္တရကပ်ပေါင်း ၆၄–ကပ်အတိုင်းအရှည်ရှိတဲ့ ကာလကို အသင်္ချေယျကပ်။

တစ်ခါ နောက်တစ်ခုက မဟာကပ်၊ မဟာကပ်ကလည်းပဲ အသင်္ချေယျကပ် ၄–ကပ် အတိုင်းအရှည်ရှိတဲ့ ကာလပေါ့၊ အာယုကပ်, အန္တရကပ်, အသင်္ချေယျကပ်, မဟာကပ်လို့ အဲဒီလို ၄–မျိုးရှိတယ်။

အဲဒီတော့ ဗြဟ္မာဘုံတွေရဲ့ သက်တမ်းကို လေ့လာတဲ့အခါမှာ (သို့မဟုတ်) သတ်မှတ်တဲ့အခါမှာ ဘယ်လိုသတ်မှတ်ရမလဲတဲ့၊ ပထမဈာန် ၃–ဘုံအတွက် ဘယ်လို သတ်မှတ်သလဲ၊ ဒုတိယဈာန် ၃–ဘုံအတွက် ဘယ်လိုသတ်မှတ်သလဲ၊ တတိယဈာန် ၃–ဘုံအတွက် စသည် ဘယ်လိုသတ်မှတ်သလဲ၊ ဒါ အရေးကြီး

တယ်နော်၊ အဲဒီတော့ အဲဒီဟာ မသွားခင် ကမ္ဘာကြီးဖြစ်ပုံပျက်ပုံ နားလည်ဖို့ တစ်ခါလိုလာတယ်၊ ဒါ ဗုဒ္ဓဘာသာ ကျမ်းဂန်တွေမှာ ဆိုထားတာပေါ့လေ၊ ကမ္ဘာကြီး ပျက်သွားမယ်၊ နောက် ကမ္ဘာကြီး ဖြစ်လာမယ်၊ ကမ္ဘာပေါ်မှာ သတ္တဝါတွေ ဘယ်လိုဖြစ်လာတယ်၊ လူကိုပဲပြောတယ်၊ တခြားသတ္တဝါတွေ ထည့်မပြောဘူးနော်၊ အဲဒီဟာလည်း ဗဟုသုတအနေနဲ့ သိထားသင့်တယ်။

အဲဒီတော့ ဒီအသင်္ချေယျကပ် တစ်ခုမှာတစ်ခါ ၄–မျိုးရှိပြန်တယ်၊ သံဝဋ္ဋကပ်, သံဝဋ္ဋဋ္ဌာယီကပ်၊ ဝိဝဋ္ဋကပ်, ဝိဝဋ္ဋဋ္ဌာယီကပ်လို့ အဲဒီလို ၄–မျိုး ရှိပြန်တယ်၊ အဲဒီမှာ သံဝဋ္ဋကပ်ဆိုတာ ကမ္ဘာပျက်ဆဲတဲ့နော်၊ ဒီလောက် အချိန်အကြာကြီး ကမ္ဘာပျက်နေမှာ၊ ကမ္ဘာပျက်တယ်ဆိုတာ ချက်ခြင်း ဒီနေ့ပျက် ဒီနေ့ပြီးတာမဟုတ်ဘူး၊ ပျက်နေတဲ့ အချိန်ပိုင်းကာလလည်း အကြာကြီးသွားမယ်တဲ့၊ ပျက်ပြီးတဲ့နောက် အပျက်အတိုင်းနေတာ၊ ထပ်မပျက်တော့ဘူး၊ ကုန်ပြီ၊ ဘာမှကို မရှိတော့ဘူး၊ အဲဒီဟာက သံဝဋ္ဋဋ္ဌာယီတဲ့။

နောက်တခါ ပြန်ဖြစ်တာ, ဖြစ်နေတဲ့ဟာက ဝိဝဋ္ဋကပ်၊ အဲဒီလိုဖြစ်ပြီးတဲ့နောက် တည်နေပြီ အဖြစ်နဲ့ပဲ တည်နေတယ်၊ အခုကပ်မျိုးပေါ့နော်၊ အဲဒါကို ဝိဝဋ္ဋဋ္ဌာယီကပ်၊ အဲဒီလို ၄–မျိုးရှိတယ်၊ အဲဒီ ၄–မျိုးတစ်ခုဟာ အသင်္ချေယျကပ်တစ်ခု ဖြစ်တော့တာပဲ၊ သံဝဋ္ဋကပ်, သံဝဋ္ဋဋ္ဌာယီကပ်, ဝိဝဋ္ဋကပ်, ဝိဝဋ္ဋဋ္ဌာယီကပ်တဲ့။

ကမ္ဘာတစ်ခုဟာ ဘယ်လောက် ကြာသလဲဆိုတာက အခုပေးထားတဲ့ စာရွက်ထဲမှာ အဲဒါပါတယ်၊ တစ်နေ့မှာ ရဟန်းတစ်ပါးက မြတ်စွာဘုရားကို လျှောက်တယ်တဲ့နော်၊ ကမ္ဘာဟာ ဘယ်လောက်ရှည်ပါသလဲ ဘုရားလို့ လျှောက်တော့ မြတ်စွာဘုရားက ကမ္ဘာဟာ သိပ်ရှည်တယ်၊ နှစ်တွေဒီလောက်ရှိတာပဲ၊ သို့မဟုတ် နှစ်ရာပေါင်း ဘယ်လောက်ရှိတာပဲ, နှစ်ထောင်ပေါင်း ဘယ်လောက်ရှိတာပဲ၊ နှစ်သောင်းပေါင်း ဘယ်လောက်ရှိတာပဲ, နှစ်သိန်းပေါင်း ဘယ်လောက်ရှိတာပဲလို့ ရေတွက်ခြင်းငှာ မလွယ်ဘူးတဲ့၊ ဘယ်လောက်ရှိတယ်လို့ကို မပြောနိုင်ဘူးပေါ့၊ အဲဒီတော့ အဲဒီရဟန်းက လျှောက်တယ်၊ ဒါဖြင့် ဥပမာလေးနဲ့များ မပြောနိုင်ဘူးလားပေါ့ဆိုတော့ မြတ်စွာဘုရားက ဘယ်လိုအမိန့်ရှိသလဲ၊ "မကွဲမပြတ်သော အခေါင်းမရှိသော တစ်ခဲနက်သော ကျောက်တောင်ကြီးတစ်တောင်ရှိမယ်တဲ့၊ အလျားအားဖြင့် တစ်ယူဇနာတဲ့နော်၊ ၈–မိုင်လောက်ရှိမယ်ပေါ့၊ အနံအားဖြင့် တစ်ယူဇနာ၊ အစောက်အားဖြင့် တစ်ယူဇနာ၊ အစောက်ဆိုတာ အမြင့်ပေါ့နော်၊ အဲဒီတော့ တွေးကြည့်ပေါ့နော်၊ အဲဒီကျောက်တောင်ကြီးကို ယောကျ်ားတစ်ယောက်က

အနှစ်တစ်ရာ, တစ်ရာလွန်တဲ့အခါ ကာသိတိုင်းဖြစ် အဝတ်ဖြင့်ဆိုတာ နူးညံ့တဲ့ အဝတ်ကိုဆိုလိုတယ်၊ ကာသိတိုင်း ဆိုတာ ယခုခေတ်တော့ ဗာရာဏသီနယ်ပေါ့၊ အဲဒီကဖြစ်တဲ့ အဝတ်ကနူးညံ့တယ်ပေါ့နော်၊ အဲဒီလို နူးညံ့တဲ့အဝတ်ဖြင့် တစ်ကြိမ် တစ်ကြိမ်သာ ပွတ်တိုက်ရာတဲ့၊ အနှစ်တစ်ရာကြာမှ တစ်ခါလာပြီး ပွတ်တိုက်ရမယ်တဲ့၊ ထိုကျောက်တောင်ကြီးသည် ဤလုံ့လဖြင့် လျှင်စွာသာလျှင် ကုန်ဆုံးခြင်းသို့ ရောက်ရာ၏တဲ့၊ အဲဒီလို ပွတ်တိုက်လို့ ဒီကျောက်တောင်ကြီးသာ ကုန်ချင်ကုန်သွား မယ်တဲ့၊ ကမ္ဘာသည် ကုန်ဆုံးခြင်းသို့ မရောက်ရာတဲ့၊ ကမ္ဘာကြီး မကုန်သေးဘူးတဲ့၊ အဲဒီလောက်ရှည်တယ်တဲ့နော်၊ အဲဒီတော့ ဘယ်လောက်မှန်းကို မပြောနိုင်ဘူး။

သူတို့အနောက်နိုင်ငံမှာလည်း ဒီလိုဟာမျိုးတွေရှိတယ်နော်၊ ငှက်ကလေးက အဲဒီကျောက်တောင်ကြီးကို နှုတ်သီးကလေး သွားသွားသုတ်တာ ဆိုတာရှိတယ်၊ သူတို့လည်းပဲ ဒါမျိုးရှိတယ်။

ခုနကသုတ်က ပဗ္ဗတသုတ်တဲ့, နောက်သုတ်က သာသပသုတ်တဲ့, အတူတူ ပါပဲ၊ ဥပမာ တစ်မျိုးပြတာပဲ၊ ဒီကျတော့ ဥပမာက တွင်းကြီးတဲ့၊အလျားတစ်ယူဇနာ အနံတစ်ယူဇနာ၊ အစောက် တစ်ယူဇနာရှိသော မုန့်ညှင်းစေ့တို့ဖြင့် အစိုင်အခဲဖွဲ့လျက် ပြည့်သံဖြင့်ပြီးသော မြို့သည်ရှိရာ၏တဲ့၊ မြို့ကြီးတစ်မြို့ လိုဏ်ခေါင်းကြီးတစ်ခု ပေါ့၊ အလျား ၈-မိုင်၊ အနံ ၈-မိုင်၊ စောက် ၈-မိုင်ရှိတဲ့ လိုဏ်ခေါင်းကြီးတစ်ခုနော်၊ အဲဒီအထဲမှာ မုန့်ညှင်းစေ့တွေ ပြည့်နေမယ်တဲ့၊ ယောကျ်ားသည် ထိုမြို့တွင်းရှိ မုန်ညင်းစေ့ပုံမှ အနှစ်တစ်ရာ အနှစ်တစ်ရာကို လွန်သောအခါ မုန်ညှင်းစေ့တစ်စေ့စီ၊ တစ်စေ့စီ ထုတ်ယူရာ၏တဲ့၊ ထိုကြီးစွာသော မုန့်ညှင်းစေ့အစုသည် ကုန်ဆုံးခြင်းသို့ ရောက်ရာ၏၊ ကမ္ဘာသည်ကုန်ဆုံးခြင်းသို့ မရောက်နိုင်ရာ၊ ကမ္ဘာကြီးဟာ ကုန်ခြင်းသို့ မရောက်ဘူး၊ ကမ္ဘာတစ်ခုတစ်ခုဟာ ဒီလောက်ကြာတယ်တဲ့။

ကောင်းပြီ၊ သံဝဋ္ဋကပ်ဟာ ဘယ်လောက်ကြာလဲ၊ သံဝဋ္ဋဌာယီကပ်ဟာ ဘယ်လောက်ကြာတာလည်း ဆိုတာလည်းဘယ်သူမှ မပြောနိုင်ဘူး၊ ဒီဟာကိုပဲ မြတ်စွာဘုရား ဟောထားတဲ့ သုတ်တစ်သုတ်ရှိတယ်နော်၊ “ရဟန်းတို့,ကမ္ဘာပျက်ဆဲ သံဝဋ္ဋအခါကို ဤမျှလောက်နှစ်တို့ဟူ၍လည်းကောင်း, ဤမျှလောက် နှစ်အရာတို့ဟူ၍ လည်း ကောင်း, ဤမျှလောက် နှစ်အထောင်တို့ဟူ၍လည်းကောင်း, ဤမျှလောက် နှစ်အသိန်းတို့ဟူ၍လည်းကောင်း, ရေတွက်ခြင်းငှာ မလွယ်တဲ့၊ ဘယ်နှစ်နှစ်ရှိတယ်၊ နှစ်ဘယ်နှစ်ဆယ်ရှိတယ်၊ ဘယ်နှစ်ရာရှိတယ်၊ ဘယ်နှစ်ထောင်ရှိတယ်၊ ဘယ်နှစ်သိန်း ရှိတယ်လို့ ဒီလိုပြောဖို့ရန် မလွယ်ဘူး၊ သိပ်ရှည်တယ်ပေါ့၊ အဲဒီမှာ ကမ္ဘာကြီး

အဲဒီလောက် အကြာကြီး ပျက်နေတယ်၊ ပျက်ပြီးတော့ တစ်ခါပြန်ပြီး ပျက်လျက်ကြီးနဲ့ တည်နေတယ်၊ နောက်တစ်ခါ ပြန်ပြီးတော့ ဖြစ်လာတယ်၊ ဖြစ်ပြီးတဲ့နောက် တည်နေတယ်၊ ဒီအတိုင်းသွားနေမယ်၊ ကမ္ဘာတစ်ခု တစ်ခုဟာ ဒီကမ္ဘာပျက်ချိန်တန် တော့ပျက်၊ ပျက်ပြီးတော့ ပျက်တဲ့အတိုင်းနေ၊ ပြန်ဖြစ် ဖြစ်တဲ့အတိုင်း သွားနေမယ်၊ ဒီလိုချည်းသွားနေမယ်တဲ့၊ ဒီလိုဟာ အဆုံးအစ မရှိဘူးနော်။

အဲဒါနဲ့ ပတ်သက်ပြီးတော့ ကမ္ဘာကြီးပျက်ပုံကို ဘုရားဟောရော, အဋ္ဌကထာတွေ ဖွင့်တာရော, အားလုံးပေါ့လေ၊ ဒီ ၂–ခု စုပေါင်းပြီးတော့၊ ရှေးစာအုပ်တွေ ကျမ်းဂန်တွေမှာ ရေးထားတာရှိတယ်၊ အဲဒါလေးကို အခုပြောရမယ်၊ အဲဒါကို မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးက လင်္ကာလေးစီပြီးတော့ ရေးထားတာ သိပ်ကောင်းတယ်။

အဲဒီတော့ ကမ္ဘာပျက်တဲ့အခါမီးဖျက်တဲ့ကမ္ဘာရှိတယ်, ရေဖျက်တဲ့ ကမ္ဘာရှိတယ်, လေဖျက်တဲ့ကမ္ဘာရှိတယ်တဲ့၊ အခု လင်္ကာစီထားတာကတော့ မီးဖျက်တဲ့ကမ္ဘာကို စီထားတယ်။

အဲဒီမှာ **"ရှေးဦးစွာပျက်, ကုဋေဖက်သည့်, သိန်းစက္ကဝါ, မိုးကြီးရွာသော်, ညီညာရွှင်ပျ, စိုက်ပျိုးကြသား, ဂေါဏစားလောက်, ပင်ငယ်ရောက်က, တစ်ပေါက်မကျ** ဆိုလိုတာက ဘာလည်းဆိုတော့ ကမ္ဘာကြီးပျက်ဖို့ နီးလာတဲ့အခါမှာပထမဘာဖြစ်သလည်းဆိုတော့ မိုးကြီးရွာတယ်တဲ့နော်၊ ကုဋေဖက်သည် သိန်းစက္ကဝါ မိုးကြီးရွာသော်တဲ့၊ အဲဒီကုဋေတစ်သိန်းလောက် စကြာဝဠာကြီးမှာ တစ်ပြိုင်နက်ဖြစ်လေ့ ပျက်လေ့ရှိတယ်၊ ဒီစကြာဝဠာကြီးမှာ မိုးကြီး ပထမ ရွာလိုက်တယ်နော်၊ အဲသလို မိုးကြီးရွာပြီးတဲ့နောက် လူတွေက ပထမ ဝမ်းမြောက် ဝမ်းသာနဲ့ ပေါ့လေ၊ ပထမ မိုးမကောင်းဘူးဆိုပါတော့၊ နောက် မိုးကြီးကောင်းကောင်း ရွာလိုက်တယ်၊ ညီညာရွှင်ပျ စိုက်ပျိုးကြသားတဲ့နော်၊ ဝမ်းမြောက်ဝမ်းသာနဲ့ စိုက်ကြပျိုးကြတယ်၊ ဂေါဏစား လောက်ပင် ငယ်ရောက်က တစ်ပေါက်မကျ။ ဂေါဏစားလောက်ဆိုတာ နွားစား လောက်တဲ့ ကောက်ပင်လေးတွေ ဖြစ်လာတဲ့ အခါမှာ မိုးကတစ်ပေါက်မှမကျတော့ဘူး၊ မိုးကြီးခေါင်သွားပြီ၊ ကမ္ဘာကြီးက အဲဒီအချိန်မှာ ဖျက်တော့မှာကို၊ အဲဒီလိုအခါ လောက်မှာပဲ **တစ်သိန်းမျှက, လောကဗျူဟာ နတ်ကာမာတို့, မေတ္တာထားကြ, ကြီးမိဘကို, တုပ်ကွမြတ်လေး, လုပ်ကျွေးကြပါ, ကြွေးကြော်လာ၏။**

အဲဒီလိုအချိန်အခါမှာ လောကဗျူဟာနတ်ဆိုတဲ့ နတ်တွေဟာ လောကကြီး ဆီလာပြီး ကြွေးကြော်တယ်တဲ့၊ လောကဗျူဟာဆိုတာကတော့ ဒီလောကလူတွေ

စုအောင်လုပ်တတ်တယ်ဆိုတဲ့ အဓိပ္ပါယ်နဲ့ သူ့ကို လောကဗျူဟာလို့ခေါ်တယ်၊ အဲဒီ ကာမာဝစရနတ်တွေ၊ အဲဒီနတ်တွေက တစ်ခါတည်း အဝတ်နီကြီးတွေ ဝတ်လိုတဲ့ ဆံပင်ဖားလျားချ မျက်ရည်တွေနဲ့ပေါ့လေ၊ သတိပေးနှိုးဆော်တယ်၊ သူတို့က ဘာလို့လည်းဆိုတော့ ဒီနေ့က နေပြီးတော့ နောင်အခါ အနှစ်တစ်သိန်း လွန်တဲ့အခါမှာ ကမ္ဘာကြီးပျက်တော့မယ်တဲ့၊ သမုဒ္ဒရာကြီးတွေလည်း ခြောက်သွား လိမ့်မယ်၊ မြေကြီးတွေ မြင့်မိုရ်တောင်တွေဘာတွေလည်း ဘာမှမရှိအောင် အကုန်လုံး ပျက်စီးကုန်တော့မယ်၊ ဒါကြောင့်မို့ မင်းတို့ တစ်ယောက်နဲ့တစ်ယောက် မေတ္တာ ကရုဏာစသည် ဗြဟ္မစိုရ်တရားတွေပွားကြပါ၊ လူကြီး မိဘတွေကို ရိုရိုသေသေနဲ့ လုပ်ကျွေးကြပါ၊ ဒီလိုလိုက်ပြီးတော့ ကြွေးကြော်တာ။

အဲဒီလို လိုက်ပြီးတော့ ကြွေးကြော်တဲ့အခါကျတော့ လူတွေက အလွန် ထိတ်လန့် ကုန်တာပေါ့၊ နက်ဖြန်ပျက်တော့မလား, သန်ဘက်ခါ ပျက်တော့မလား, သူတို့ ထင်သွားကြတယ်၊ ဒါကြောင့်မို့ **လောကဗျူဟာ, နတ်ကာမာတို့, မေတ္တာပွားကြ, ကြီးမိဘကို, တုတ်ကွမြတ်လေး, လုပ်ကျွေးကြပါ, ကြွေးကြော်လာ၏။** အဲဒီလို ကြွေးကြော်ပြီးတဲ့နောက် **သတ္တဝါအများ, ဈာန်ကိုပွားလျက်, စံလား, ဗြဟ္မာတဲ့။** အဲဒီလို ဖြစ်တဲ့အခါ လူတွေက ထိတ်လန့်ပြီးတော့ မေတ္တာကရုဏာစတဲ့ ဗြဟ္မစိုရ် တရားတွေပွားများ ဈာန်ရပြီးတော့ ဗြဟ္မာဘုံရောက်ကုန်ကြတယ်၊ ဈာန် တိုက်ရိုက်မရ ရင်လည်း လူ့ဘုံကနေ နတ်ဘုံရောက်, နတ်ဘုံကနေ ဈာန်ရပြီးတော့ ဗြဟ္မာဘုံရောက် အပါယ်မှာရှိတဲ့သူတွေလဲ ဒီအတိုင်းပဲတဲ့နော်၊ သူတို့မှာလဲ ဟိုး ရှေးရှေးဘဝက လုပ်ထားတဲ့ ကံကရှိသေးတာကိုး၊ အဲဒီကံရဲ့ ကျေးဇူးပြုချက်ကြောင့် သူတို့တွေလည်း လူ့ဘုံတို့ဘာတို့လာဖြစ်၊ နတ်ဘုံတို့ လာဖြစ်ပြီးတော့ တခါ တစ်ဆင့် ဗြဟ္မာဘုံရောက် ကြရတယ်၊ သတ္တဝါတွေ အားလုံးဟာ ကမ္ဘာပျက်တဲ့ အခါမှာ ကမ္ဘာကြီးမှာမရှိတော့ဘူး၊ အကုန်လုံးဗြဟ္မာ့ဘုံ ရောက်နေပြီလို့ ဆိုလိုတယ်နော်၊ **သတ္တဝါအများ, ဈာန်ကိုပွားလျက် စံလားဗြဟ္မာ၊** အဲဒီတော့ အပရာ ပရိယဒေဝနိယ ကံဆိုတာက တတိယဘဝက ဟိုဘက်ကို အကျိုးပေးနိုင်တဲ့ကံမျိုးပေါ့၊

ဒီကံတွေက လူတိုင်းလူတိုင်း သတ္တဝါတိုင်း သတ္တဝါတိုင်းမှာ ရှိတယ်၊ အဲဒီကံတွေကြောင့် ခုနကပြောတဲ့ငရဲတိရစ္ဆာန်ဖြစ်နေတဲ့ ကောင်တွေလည်း ဒီအချိန် ကျတော့ လွတ်တာပဲ၊ လွတ်လာပြီ၊ လူဖြစ်,နတ်ဖြစ် တစ်ခါတည်း အဲဒီကနေ တစ်ဆင့် ဈာန်ပွားပြီးတော့ အားလုံးဗြဟ္မာ့ပြည်ပဲရောက်တယ်။

အဲဒီတော့ ဘယ်သူတွေသာ ကျန်သလဲဆိုတော့ နိယတမိစ္ဆာဒိဋ္ဌိ အလွန်ခိုင်မြဲတဲ့

မိစ္ဆာဒိဋ္ဌိရှိတဲ့သူတွေကျတော့ မရဘူးတဲ့၊ သူတို့ကျတော့ မပျက်တဲ့ကမ္ဘာက အဝီစိမှာ ပြောင်းပြီးတော့ ခံရတယ်တဲ့၊ အဲဒီလိုဆိုတယ်။

အဲဒီလိုနဲ့ ဗြဟ္မာဘုံရောက်ကုန်ကြပြီ ဆိုပါတော့နော်၊ ဗြဟ္မာဘုံရောက်တဲ့ အခါမှာ ပထမဈာန် ၃-ဘုံ မရောက်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့က မီးဖျက်တဲ့ထဲ ပါလိမ့်မယ်၊ မီးဖျက်တယ်ဆိုတာ **အဲဒီ ပထမဈာန် ၃-ဘုံထိအောင် ဖျက်မှာနော်**၊ အဲဒီတော့ ဒုတိယဈာန် ၃-ဘုံက စပြီးတော့ အထက်ဘုံတွေပေါ့လေ၊ ပရိတ္တာဘာ, အပ္ပမာဏာဘာ, အာဘဿရာ စသည်တွေမှာ ဖြစ်ကုန်မယ်။

စာမှာတိုက်ရိုက်ဆိုတာက အာဘဿရာလို့ဆိုတယ်၊ ဒါပေမယ့် တစ်ပြင်တည်းမှာ တည်ရှိနေတာဆိုတော့ ပရိတ္တာဘာလည်းဟုတ်တာပဲ၊ အပ္ပမာဏာ ဘာလည်း ဟုတ်တာပဲ၊ အာဘဿရာလည်း ဟုတ်တာပဲ၊ အဲဒီဘုံမှာ သွားပြီးဖြစ်ကုန်ကြတယ်။

အဲဒီလို ဖြစ်ကုန်ပြီးတော့ နောက် ဘာဖြစ်တော့မလဲ၊ အဲဒီတော့ ကမ္ဘာကြီးမှာ သတ္တဝါတွေ မရှိတော့ဘူးလို့ ဆိုပါတော့၊ အဲဒီအခါမှာ

**သတ္တဝါအများ, ဈာန်ကိုပွားလျက်, စံလားဗြဟ္မာ, ကာလကြာ၍, ဒုတိယာနေ, ပေါ်ထွက်လေသော်၊** အဲဒီလို ဗြဟ္မာ့ဘုံရောက်ပြီးတဲ့နောက်ကျတော့ ဒုတိယနေတစ်စင်း ထွက်လာလိမ့်မယ်၊ နေတစ်စင်းပြီးတစ်စင်း ထွက်လာလိမ့်မယ်၊ ဒါဘုရားဟော ထားတာ၊ ပါဠိတော်မှာကိုရှိတယ်၊ **ဒုတိယာနေ, ပေါ်ထွက်လေသော်, မြစ်ငယ်ရေ ခြောက်, ညဥ့်လည်းပျောက်၏** အဲဒီနေတစ်စင်းက မနက်ကနေထွက်သွားပြီ၊ ဒါရိုးရိုးနေ၊ သဘာဝနေပေါ့၊ သူလည်းဝင်သွားရော နောက်တစ်စင်းက ထွက်လာပြီ ဆိုတော့လူတွေမှာ နေပူလျှော့သွားတဲ့အချိန်မရှိတော့ဘူး၊ ဆက်ပူလာတော့ အပူချည်း ဖြစ်လာတာပေါ့။

အဲဒီလိုအပူချည်းဖြစ်လာတဲ့အခါ ဘာဖြစ်သလဲ၊ မြစ်ငယ်ရေခြောက် ငယ်တဲ့ မြစ်တွေ ရေခမ်းကုန်တယ်၊ ညဥ့်လည်းပျောက်၏တဲ့၊ ညမရှိတော့ဘူးပေါ့၊ နေတစ်စင်းပြီးတစ်စင်းထွက်နေတာ၊ အဲဒီတော့ အဆိုကတော့ ပထမနေမှာတော့ နေစောင့်နတ်သား ရှိတယ်ပေါ့လေ၊ ဒုတိယ ထွက်တဲ့နေကတော့ ဒါမျိုးမရှိဘူး ပူတာပေါ့။

**မြစ်ငယ်ရေခြောက်, ညဥ့်လည်းပျောက်၏, သုံးမြောက်လေးစင်း, ငါးစင်း ဆဋ္ဌ, သတ္တမနေ, ပေါ်ထွက်ချေသော်, ခြောက်လေမြစ်ကြီး, အိုင်ကြီး သမုဒ္ဒရာ, စက္ကဝါခိုးထ, မီးလျှံကြွ၍, သင်္ခါရပင်း, ပြာမကြွင်းခဲ့။**

ဘာလဲဆိုတော့ ခုန ဒုတိယနေပေါ်တော့ ငယ်တဲ့ မြစ်တို့ အိုင်သေးသေးတို့မှာ ရေခြောက်သွားပြီ၊ မြစ်မရှိတော့ဘူး၊ တတိယနေပေါ်ထွက်တဲ့အခါကျတော့ ဘာဖြစ်

သလဲတဲ့၊ **ခြောက်လေမြစ်ကြီးတဲ့**၊မြစ်ကြီးကရေတွေ ခြောက် ကုန်ပြီ၊ ရောဝတီတို့လိုပေါ့၊ ဒီနိုင်ငံဆို မစ္စစ္စပီတို့လိုပေါ့၊ အဲဒီလို မြစ်ကရေတွေ ခြောက်ကုန်ပြီ၊ နေသုံးစင်းတောင် ထွက်မှမပူပဲ ခံနိုင်ပါ့မလား၊

နောက်တစ်ခါ နေလေးစင်းထွက်ပြီတဲ့၊ စတုတ္ထနေထွက်တဲ့အခါကျတော့ ခြောက်လေ မြစ်ကြီးဆိုတော့ ရှေးတုန်းကတော့ မြစ်ကြီးငါးစင်း, ငါးသွယ်ဆိုတာ ရှိတယ်မဟုတ်လား၊ ဂင်္ဂါ, ယမုနာ, အစိရဝတီ, မဟီ, သရဘူဆိုတဲ့ မြစ်ကြီးငါးသွယ်၊ စတုတ္ထနေထွက်တဲ့အခါကျတော့, အိုင်ကြီး ၇–အိုင်တဲ့၊ အိုင်ကြီးတွေလည်းရှိသေးတယ်၊ မြင့်မိုရ်တောင် ပတ်ပတ်လည်မှာနော်၊ အဲဒီအိုင်ကြီးတွေ ခြောက်ပြန်ပြီတဲ့၊ သီဟပ္ပပါတအိုင်, ဟံသပပါတအိုင်, ကဏ္ဏမုဏ္ဍအိုင်, ရထကာရကအိုင်, အနောတတ္တအိုင်, အနောတတ္တအိုင်ကတော့ ကြားဖူးတယ်၊ အနဝတ္တအိုင်လို့ခေါ်တယ်၊ ဆဒ္ဒန်အိုင်, ကုဏာလအိုင်လို့ အိုင်ကြီးတွေရှိတယ်၊ အဲဒီအိုင်ကြီးတွေက ရေတွေလည်း နေလေးစင်းထွက်တဲ့အခါကျတော့ ခြောက်ကုန်ပြီတဲ့ –

ပဥ္စမနေထွက်နေပြီတဲ့၊ ၅–ခုမြောက်နေထွက်လာတဲ့အခါကျတော့ ပင်လယ်သမုဒ္ဒရာကြီးက ရေတွေခန်းပြန်ပြီတဲ့၊ ဆဋ္ဌမ ခြောက်ခုမြောက်နေထွက်တဲ့ အခါကျတော့ စကြာဝဠာတစ်ခုလုံး အခိုးတွေထလာတယ်၊ မီးမလောင်သေးဘူး၊ အခိုးတွေထနေတယ်၊ အကုန်လုံးခြောက်ကုန်ပြီ (moisture) ဆိုလို့ ဘာမှ မရှိတော့ဘူးဆိုတဲ့ အခြေရောက်လာတော့ အခိုးတွေထလာတယ်၊ ကမ္ဘာကြီးတစ်ခုလုံး စကြာဝဠာ အကုန်လုံးပေါ့။

အဲဒီနောက် သတ္တမ နေ ပေါ်လာတဲ့အခါကျတော့ မီးလျှံကြွ၍ မီးလောင်ကုန်ပြီ၊ အကုန်လုံးလောင်တော့မယ်၊ အဲဒီအခါကျတော့ သင်္ခါရခပင်း၊ ပြာမကြွင်းခဲ့ ဘာပြာလေးတောင်မကျန်တော့ဘူး၊ အကုန်လောင်တော့တာတဲ့၊ ဆိုပါတော့ ဒီရေတွေခြောက်ကုန်ပြီးတော့ မြေကြီးတွေလောင် မြေကြီးတွေကနေ လူ့ဘုံလောင်၊ လူ့ဘုံကနေ နတ်ဘုံလောင်, နတ်ဘုံကနေ တဖြည်းဖြည်းပေါ့၊ လောင်,လောင် လာလိုက်တာ ဗြဟ္မာ့ဘုံအထိ လောင်သွားတယ်၊ အဲဒီပထမစျာန် ၃–ဘုံ အထိ မီးဖျက်တဲ့အခါမှာ လောင်လိမ့်မယ်။

ဒါကြောင့်မို့ **သင်္ခါရခပင်း, ပြာမကြွင်းခဲ့, ဟင်းလင်းထက်အောက်, မိုက်မှောင်ရောက်သည်၊** ဟင်းလင်းကြီး ဖြစ်နေပြီ ဘာမှမရှိတော့ဘူး၊ ပြီးတော့ နေလည်းမရှိတော့ဘူး၊ အမိုက်မှောင်ကြီးကျနေတယ်၊ **ဟင်းလင်းထက်အောက်၊ မိုက်မှောင်ရောက်သည်, ကွယ်ပျောက်လုံးစုံ အမြဲ့တည်း။**

ဒါဟာ ကမ္ဘာကြီးပျက်နေတဲ့ကပ်ပေါ့၊ သံဝဋ္ဋကပ်လို့ခေါ်တာ၊ ခုနက ပြောသလို နှစ်ပေါင်း မရေတွက်နိုင်အောင် ဖြစ်နေတဲ့အခါမှာ ဒီဟာတွေ အကုန်လုံး ဖြစ်လိမ့်မယ်တဲ့၊

အဲဒီလို ကမ္ဘာပျက်ပြီးတဲ့နောက် ဒီအတိုင်းကြီး ဟင်းလင်းကြီးနဲ့ တည်နေတာက နောက်ထပ် သံဝဋ္ဋဋ္ဌာယီကပ်နော်။

ရေကြောင့်ပျက်တဲ့အခါကျတော့ နေ ၇–စင်းအစား မိုးတွေ ရွာမှာပေါ့နော်၊ ဆားငန်မိုးကြီးလို့ ပြောတယ်၊ အခု အက်စစ်မိုးကြီးကျတော့ တော်တော့ကို နီးစပ်တယ်၊ အက်စစ်မိုးလည်း တော်တော်ကြောက်စရာကောင်းတယ်၊ ဆားငန်မိုးကြီး ရွာလိုက်တဲ့အခါကျတော့ ဘာမှမခံနိုင်တော့ပဲ အကုန်လုံး ကြေမွကုန်တယ်၊ အဲဒီလို မိုးရွာပြီးတော့ ရေဖျက်မယ်ပေါ့လေ။

လေဖျက်တဲ့ကမ္ဘာကျတော့လည်း လေအပြင်းအထန်တိုက်ပြီးလေကြောင့် တစ်ခါတည်း အကုန်လုံး မှုန့်မှုန့်ညက်ညက် ကြေပျက်ကုန်မယ်။

အဲဒီတော့ မီးဖျက်တဲ့အခါမှာ ပထမဈာန် ၃–ဘုံပါသွားမယ်။

ရေဖျက်တဲ့အခါ ဒုတိယဈာန် ၃–ဘုံပါသွားမယ်၊

လေဖျက်တဲ့အခါမှာ တတိယဈာန် ၃–ဘုံပါသွားမယ်။

**ပ ဒု တ တွေ, ဈာန်ဘုံဖွေ, မီးရေလေနယ်မှတ်** ဆိုပြီးတော့ လင်္ကာရှိတယ် ကောင်းပြီ၊ မီးဖျက်လို့ပဲဖြစ်ဖြစ်, လေဖျက်လို့ပဲဖြစ်ဖြစ်, ရေဖျက်လို့ပဲဖြစ်ဖြစ်, ကမ္ဘာကြီးပျက်သွားပြီဆိုပါတော့၊ အဲဒီတော့ ကမ္ဘာကြီးအပျက်အတိုင်းဖြစ်နေပြီနော်။

ကမ္ဘာတည်ချိန်ရောက်လာတော့ ဘယ်လိုဖြစ်မှာတုန်းတဲ့။

**ထို့နောက်ကမ္ဘာ ပြုမိုးရွာသော် လောင်ရာတလျှောက်, လေခံ ထောက်ထား၊**

အဲဒီတော့ ဟာလာဟင်းလင်းကြီး ဖြစ်နေပြီးတဲ့နောက်၊ ဘာမှမရှိတော့ဘူး၊ ဘာမှမရှိတဲ့နောက် ကမ္ဘာကြီးပေါ်လာတဲ့အချိန်ရောက်လာတဲ့ အခါကျတော့ အဲဒီ ကမ္ဘာပြုမိုးဆိုပြီးတော့ တဖြည်းဖြည်း နည်းနည်းကျ၊ နောက် တဖြည်းဖြည်းနဲ့ မိုးရေကြီးကြီးရွာချမယ်တဲ့၊ အဲဒီတော့ မီးလောင်ထားရာ နေရာမှာ မိုးကြီးကြီးရွာချ လိုက်တော့ငြိမ်းသွားပြီဆိုပါတော့, အဲဒီရေကို အောက်မကျအောင် လေကထောက်ခံထားတာနော်၊

ဒါကြောင့်မို့ **ထို့နောက် ကမ္ဘာ, ပြုမိုးရွာသော်, လောင်ရာတစ်လျှောက်, လေခံထောက်ထား, ခမ်းခြောက်စဉ်သင့်, ရွှေတိုင်းဖြင့်လျှင်, တည်လင့်ထက်ဘုံ,**

**မြေရောက်တုံသော်၊**

အဲဒီလို တဖြည်းဖြည်းနဲ့ မိုးရွာတော့ ရေတွေရှိလာပြီနော်၊ အဲဒီရေတွေကို အောက်က လေကလည်း ပင့်ထားတယ်၊ ဘေးကလေတွေကလည်း တွန်းပေးထားတော့ ဒီအတိုင်းကြီးနေတာ၊ ကားလည်းထွက်မသွားဘူး၊ အောက်လည်း ကျမသွားဘူး၊ အဲဒီလိုနဲ့ ဘေးကလေတွေ တိုက်တိုက်လာတဲ့အခါမှာ အဲဒီရေတွေ ခမ်းခြောက်သွားတယ်။

**ခမ်းခြောက်စဉ်သင့်, ရှေ့တိုင်းဖြင့်လျှင်, တည်လင့်ထက်ဘုံ, မြေရောက်တုံသော်၊** ကဲ– အဲဒီလို ရေက ခမ်းခြောက်သွားတဲ့အခါကျမှ ခုန ဗြဟ္မာဘုံ နတ်ဘုံ ပြန်ပေါ်လာတာ၊ ပြန်ပေါ်လာတာ မဟုတ်ဘူးလေ, ပြန်တည်လာတာ၊ တည်တဲ့အခါကျတော့ ဗြဟ္မာ့ဘုံက စပြီးတော့တည်တာ၊ ပျက်တော့ နောက်ဆုံး မှပျက်တယ်၊ တည်တော့ ပထမဆုံးတည်တာလေ၊ အဲဒီတော့ ဗြဟ္မာဘုံ တဖြည်းဖြည်းနဲ့တည်၊ ရေကလည်း တဖြည်းဖြည်းနဲ့ ခမ်းသွားမယ်ဆိုတော့ တဖြည်းဖြည်းနဲ့ ဗြဟ္မာဘုံ ဗြဟ္မာဘုံကနေ နတ်ဘုံ၊ နတ်ဘုံကနေ မြင့်မိုရ်တောင်တို့ဘာတို့ အားလုံး လူ့ဘုံပါ အဲဒီလို တဖြည်းဖြည်းနဲ့ ဖြစ်လာတယ်။

**တည်လင့်ထက်ဘုံ, မြေရောက်တုံသော်, ဝါယုံဆို့နေ, ရေစစ်ရေသို့,တည်နေမယိုခန်းတိုင်းမိုလျက်၊ ရေချိုအထက်, မြေချိုတက်သား၊** အဲဒီလိုနဲ့ တဖြည်းဖြည်းလျော့ကျသွားတာ၊ ခမ်းခြောက်ပြီးတော့ ရှေးတုန်းက မြေကြီးတည်ရာ အရပ်လည်းရောက်တဲ့အခါ တစ်ခါ မြေကြီးတည်ပေါ့လေ၊ အဲဒီအခါမှာ ရေစစ်ထဲမှာ (ရေစစ်ဆိုတာ ဘုန်းကြီးသုံးတဲ့ ရေစစ်သိတယ်မဟုတ်လား) ရေကနေတယ်မဟုတ်လား၊ ဒီလေပေါက်လေး ပိတ်လိုက်ရင် အဲဒီ ဓမ္မကရိုဏ်ရေစစ်ရဲ့ အထက်က အပေါက်ကို ပိတ်ထားတဲ့အခါမှာ ရေစစ်ထဲကရေဟာ အောက်ကို မကျသလိုပေါ့၊ ထို့အတူပဲတဲ့ လေအဟုန်က ချုပ်ထားတဲ့အတွက်ကြောင့်မို့ ရေတချို့ကလည်း ကျန်တာပေါ့လေနော်၊

အဲဒီလိုကျန်တဲ့အခါကျတော့ ဘာဖြစ်လာတုန်းတဲ့, **ဝါယုံဆို့နေ,ရေစစ်ရေသို့, တည်နေမယို၊ ခန်းတိုင်းမိုလျက်, ရေချိုအထက် မြေချိုတက်သား၊** အဲဒီရေပေါ်မှာ မြေချိုပေါ့လေ၊ ရသပထဝီလို့ခေါ်တဲ့ (နွားနို့ကျိုတဲ့အခါ မလိုင်တက်သလို) အဲဒီလို မြေဆီတက်လာတာ။

**ရေချိုအထက်, မြေချိုတက်သား,** နှစ်ပေါင်းတော့အကြာကြီးနေမှာပေါ့လေ၊ အဲဒီလို ဖြစ်တဲ့အခါကျမှ **ထို့ထက်ဗြဟ္မာ, စုတေလာ၍၊** အဲဒီအခါကျမှ သတ္တဝါနေနိုင်လောက်တဲ့ အခြေဖြစ်သွားပြီလို့ဆိုလိုတာပေါ့လေ၊ အဲဒီလိုအခါကျမှ **ထို့ထက်ဗြဟ္မာ,**

**စတေလာ၍**တဲ့၊ ကမ္ဘာပျက်ရာမှာမပါတဲ့ ဗြဟ္မာဘုံမှာ ရောက်နေတဲ့ ဗြဟ္မာတွေ၊ အဲဒီဗြဟ္မာတွေဟာ ကံကုန်လို့ပဲဖြစ်ဖြစ်, သက်တမ်းကုန်လို့ပဲဖြစ်ဖြစ် စုတေပြီးတော့ ဒီမှာလာပြီးတော့ ဖြစ်ကြတယ်။

အဲဒီနေရာမှာ သတိထားမှတ်နော်၊ မြန်မာပြည်မှာ ပြောလေ့ရှိတာက ဗြဟ္မာကြီးလေးယောက် ဆင်းလာတာတဲ့၊ ဒါမဟုတ်ဘူး၊ ဗြဟ္မာအနေနဲ့ ဆင်းလာတာလည်း မဟုတ်ဘူး၊ ဗြဟ္မာကြီးလေးယောက်လည်းမဟုတ်ဘူး၊ ဘယ်နှစ် ယောက်ဆိုတာ မပါဘူး၊ ဗြဟ္မာဘုံမှာစုတေပြီးတော့ ဒီရောက်လာပြီးတော့ လူ့ပြည်မှာ လူလာဖြစ်တာ၊ ဒါပေမယ်လို့ အဲဒီကမ္ဘာဦးမှာ ဖြစ်လာတဲ့လူတွေက အခုလူတွေလို မဟုတ်သေးဘူး၊ သူတို့က ဗြဟ္မာတွေကိုး၊ ဗြဟ္မာ့ပြည်မှာက အစားအသောက် ဘာမှစားတာမဟုတ်ဘူး၊ ပီတိနဲ့နေတာ၊ ဗြဟ္မစိုရ်တရားပွားများနေတာ, ဈာန်ပွားများနေတာ။

အဲဒီအတိုင်းပဲတဲ့၊ သူတို့က လူ့ဘုံမှာ လူလာဖြစ်ပေမယ်လို့ ဟိုမှာနေသလို နေတာပဲတဲ့၊ ဈာန်ပွားများနေတာ၊ အစားစားဖို့လည်းမလိုဘူး၊ အဲဒီအချိန် အခါမှာ ပြီးတော့ သူတို့ခန္ဓာကိုယ်က အရောင်တွေက ထွက်နေတယ်၊ အဲဒီအခါမှာ နေလ မရှိသေးဘူးနော်၊ ဒါပေမယ်လို့ သူတို့ခန္ဓာကိုယ်က အရောင်ထွက်နေတဲ့ အခါကျတော့ ကောင်းကင်မှာ သွားလာနေနိုင်ကြတယ်၊ အဲဒါလည်း ပါဠိတော်မှာ ပါတယ်နော်၊ (အဲဒီဗြဟ္မာတွေ ဖြစ်လာတာတို့, မြေဆီပေါ်လာတာတို့) "ထိုသူတို့သည် ဤလူ့ဘုံ၌ ဥပစာရဈာန်စိတ် ကြောင့် ဖြစ်ကုန်၏၊ နှစ်သက်ခြင်း ပီတိလျှင် အစာရှိကုန်၏၊ မိမိတို့ကိုယ်ရောင်ဖြင့် လင်းလျက်ရှိကုန်၏၊ ကောင်းကင်၌ ကျက်စားကုန်၏"

ကမ္ဘာဦးက လူသတ္တဝါတွေဟာ မွေးလာတော့လည်း ဥပပါတ်လို့ခေါ်တယ်၊ နတ်တွေဖြစ်သလို ဖြုန်းကနဲဆိုလာဖြစ်တာနော်၊ အခုခေတ်ကျတော့ လူက အမိဝမ်း ထဲကနေပြီးတော့ မွေးလို့ရတာ၊ ပထမကမ္ဘာဦးတုန်းက ဒီလို မဟုတ်ဘူး၊ ဥပပါတ် ပဋိသန္ဓေနဲ့ လာဖြစ်တယ်၊ ဗြဟ္မာတွေလိုပဲ နေကြတယ်၊ စားစရာလည်းမလိုဘူး၊ ပီတိနဲ့ပဲ ပြီးနေတယ်၊ ကိုယ့်ခန္ဓာကိုယ်အရောင်တွေကလဲ ထွက်နေတယ်၊ အလင်း ရောင်တခြားအရောင်မလိုဘူး၊ ကောင်းကင်မှာပဲ ဒီလိုသွားလာနေကြတယ်၊ ဒါဟာ ကမ္ဘာဦးက လူတွေတည်ရှိပုံ။

ဒီလိုနေရာက ဘာဖြစ်လာသလဲတဲ့ **ထိုထက်ဗြဟ္မာ, စုတေလာ၍, ရသာပထဝီ, မြေအဆီကို, လုပ်ချိုသုံးဆောင်, တဏှာလောင်လျှက်, ကိုယ်ရောင်ကွယ်ပျောက် မိုက်မှောင်ရောက်၍။**

အဲဒီအခါမှာ စမ်းသပ်တဲ့လူတစ်ယောက်ယောက်ကလည်းပါလိမ့်မယ်၊ သူက ဒါလေးတွေ အနံ့ကလေးကကောင်းတယ် ဆိုပါတော့၊ အရသာကလဲ ကောင်းလိမ့်မယ် ထင်တယ် ဆိုပြီးတော့ သူက အဲဒီမြေအဆီလေးကို ယူပြီးတော့ စားလိုက်တာပေါ့၊ လျက်လိုက်တာပေါ့နော်။

**ရသာပထဝိ, မြေအဆီကို, လုပ်ချီသုံးဆောင်, တဏှာလောင်လျက်,** ပထမ စမ်းကြည့်တော့ ကောင်းတယ်၊ ကောင်းတော့ ဒီလိုပဲစားစားနဲ့ နောက်တော့ ထမင်းလုပ်လိုပေါ့လေ, အဲဒီလိုစားတာ၊ အဲဒီလို စားလိုက်တဲ့အခါကျတော့ နဂိုတုန်းက သူတို့မှာ လောဘတို့ဘာတို့မရှိဘူး၊ ဒေါသတို့မရှိဘူးပေါ့လေ၊ အခု လောဘဖြစ်လာပြီ၊ ဒါလေးစားပြီးတော့ အရသာက တွေ့လာပြီနော်။

အဲဒီလို ဖြစ်လိုက်တဲ့အခါကျတော့ ဘာဖြစ်သလဲဆိုတော့ **လုပ်ချီသုံးဆောင်, တဏှာလောင်လျက်, ကိုယ်ရောင်ကွယ်ပျောက် မိုက်မှောင်ရောက်၍၊** အဲဒီကျတော့ ကိုယ်ရောင်တွေကွယ်ပျောက်သွားတယ်၊ တဏှာရဲ့ အစွမ်းပေါ့၊ အဲဒီရသာတဏှာက အပူဓာတ်လိုနေတော့ ကိုယ်ရောင်ကိုယ် ဝါတွေ ကွယ်သွားပြီတဲ့၊ ကိုယ်ရောင်ကိုယ်ဝါ တွေ ကွယ်သွားတော့ ဘာဖြစ်တုန်း၊ **လုပ်ချီသုံးဆောင်, တဏှာလောင်လျက်, ကိုယ်ရောင်ကွယ်ပျောက်, မိုက်မှောင်ရောက်၍ အကြောက်ရကာ, ရဲကြရာဖို့, လျော်စွာဆန္ဒ, နေနှင့်လတို့, ပေါ်ကြထင်ရှား, နက္ခတ်များလည်း, လှည့်သွားဖြစ်ကြ, တပေါင်းလဟု, ပုဏ္ဏရက်သွင်း, ဆတ်ထမင်းသို့,ကုန်းကျင်းစုံစွာ, ဖြစ်တုံလာသည် ကမ္ဘာတည်ခင်းစုံသတည်းတဲ့။**

အဲဒီတော့ အဲဒီလို မှောင်လာတဲ့အခါကျတော့ ကြောက်လာပြီတဲ့၊ **အကြောက်ရကာ, ရဲကြရာဖို့, လျော်စွာဆန္ဒ, နေနှင့်လတို့၊** အဲဒီလို ဖြစ်ကြတဲ့အခါကျတော့ သူတို့ကံ အားလျော်စွာ အဲဒီအချိန်မှာ နေထွက်လာတယ်၊ နဂိုကနေ မရှိသေးဘူး ဆိုပါတော့၊ အမှောင်ရောက် သူတို့ကြောက်လန့်ပြီးတော့ ဖြစ်နေတဲ့အခါမှာ သူတို့ရဲ့ကံ အားလျော်စွာ အရှေ့ကနေပြီး နေကြီးထွက်လာတယ်၊ အဲဒီလို နေကြီး ထွက်လာတဲ့အခါကျတော့ သူတို့မှာ ရဲရင့်မှုဖြစ်လာတယ်၊ အဲဒီလိုဖြစ်တဲ့အတွက် ကြောင့်မို့ နေကို ပါဠိလို သူရိယလို့ခေါ်တယ်လို့ဆိုတယ်၊ သူရိယ, သူရဆိုတာ ရဲရင့်တာ၊ ရဲရင့်ခြင်းကို ဖြစ်စေတတ်တယ်ပေါ့လေ၊ အမှောင်ကြီးထဲမှာ နေရတာ ကြောက်တယ်၊ ဒါက ခုထိအောင်လည်းပဲ ဒီလိုပဲရှိသေးတာပဲ၊ အမှောင်ဆိုတာ ကြောက်တာပဲ။

နေကမနက်ထွက်လာပြီးတော့ ညနေကျဝင်သွားတော့ ညကျတော့ မှောင်ပြန်

ပြီပေါ့လေနော်၊ မှောင်တော့ တစ်ခါ တောင့်တကြတယ်တဲ့၊ အဲဒီနေကြီးလိုပဲ ညလည်းတစ်ခုခုတော့လာရင်ကောင်းမှာပါ၊ အရောင်တစ်ခုခုပေါ်လာရင်ကောင်းမှာပဲ၊ ဆန္ဒပြုကြတယ်၊ သူတို့ဆန္ဒအလျောက် ညအခါ လထွက်လာတယ်။

ဒါကြောင့်မို့ လကို စန္ဒလို့ခေါ်တယ်၊ ဆန္ဒ ဆန္ဒလို့ခေါ်ရာကနေ နောက်ကျတော့ စန္ဒဖြစ်လာတယ်၊ နေတို့လတို့ အဲဒီအချိန်မှာ ထွက်ပြီဆိုပါတော့၊ နေတွေလတွေ ထွက်ရင် နက္ခတ်တွေလဲ ထွက်လာလိမ့်မယ်၊ ဒါကြောင့်မို့ **အကြောက်ရကာ, ရဲကြရာဖို့, လျော်စွာဆန္ဒ, နေနှင့်လတို့, ပေါ်ကြထင်ရှား, နက္ခတ်များလည်း လှည့်သွားဖြစ်ကြ**၊ သူတို့ပေါ်လာပြီးတော့ နက္ခတ်တွေလည်း ဖြစ်လာပြီးတော့ လှည့်ပတ်ပြီးတော့ သွားလာတယ်တဲ့၊ အဲဒီလိုနေတွေလတွေ ပေါ်လာတာ ဘယ်နေ့ တုန်းဆိုရင် **တပေါင်းလဟု၊ ပုဏ္ဏရက်တွင်း၊** တပေါင်းလတဲ့၊ ဒါ စာရှိတာကို ပြောရတာလေ၊ ဗဟုသုတအဖြစ် မှတ်ထားရတာ ပေါ့၊ သူတို့လည်း သူတို့အလျောက် ကမ္ဘာကြီးဖြစ်ပုံ လျော်အောင် ဖန်ဆင်းတာရှိတာပေါ့၊ ဒီကတော့ သူတို့လောက် ဒဏ္ဍာရီမဆန်ဘူး၊ ဒါ သဘာဝအတိုင်းဖြစ်တာ။

အဲဒီလို စဖြစ်တာဟာ တပေါင်းလလို့ ဆိုလိုတယ်တဲ့၊ ဦးဇင်းတို့ မြန်မာ စကားမှာတော့ **ကမ္ဘာတည်ဦး တန်ခူးရက်မစုံ**လို့ အဲဒီလိုဆိုတာ၊ အဲဒါကတော့ တပေါင်းနဲ့ တန်ခူးက ဟိုရှေးတုန်းကတော့ လပြည့်ရင် လကုန်တာပဲ၊ လပြည့်ကျော်ရင် လသစ်ပဲ၊ အဲဒီသဘောပေါ့၊ ဒါကြောင့်မို့ တန်ခူးဆိုရင်လည်း ဟုတ်တာပေါ့၊ ထားပါတော့၊ **တပေါင်းလဟု ပုဏ္ဏရက်တွင်း, ဆတ်ထမင်းသို့, ကုန်းကျင်းစုံစွာ, ဖြစ်တုံလာသည်။** အဲဒီလို ဖြစ်တဲ့အခါ ကျတော့ ဒီမြေကြီးက ဘယ်လိုဖြစ်လာသလဲ၊ ဆတ်ထမင်း ချက်တဲ့အခါကျတော့ တချို့နေရာက မောက်တယ်၊ တချို့နေရာက နိမ့်တယ်၊ ဖြစ်သလိုမျိုးပေါ့လေ၊ မြေကြီးက အဲဒီလို ဖြစ်လာတော့ မောက်တဲ့နေရာက တောင်တွေဖြစ်တယ်၊ နိမ့်တဲ့နေရာတွေက ပင်လယ်တွေဖြစ်တယ်၊ ညီနေတဲ့ နေရာတွေက မြေကြီးဖြစ်တယ်ပေါ့လေ၊ အဲဒီလို ဖြစ်လာတယ်၊ **ပုဏ္ဏရက်တွင်း ဆတ်ထမင်းသို့, ကုန်းကျင်းစုံစွာ, ဖြစ်တုံလာသည်, ကမ္ဘာတည်ခင်း စုံသတည်း**တဲ့၊ ဒါ ကမ္ဘာကြီးတည်နေတာ၊ ဝိဝဋ္ဋကပ်ပေါ့နော်၊ ကမ္ဘာကြီး တည်နေတယ်။

အဲဒီတော့ ကမ္ဘာကြီး တည်နေတယ်ဆိုတော့ သူတို့ဘယ်လို ပိုင်းခြားသတ် မှတ်သလဲတဲ့၊ သံဝဋ္ဋကပ်, သံဝဋ္ဋဋ္ဌာယီကပ်လို့ အဲဒီလို ရှိတယ်မဟုတ်လားနော်၊ အဲဒီတော့ ကမ္ဘာကြီးပျက်နေဆဲကို သံဝဋ္ဋကပ်လို့ခေါ်တယ်၊ ဘယ်လိုလည်းဆိုရင် ကမ္ဘာဖျက်မိုးရွာတဲ့ အချိန်ကစပြီးတော့ မီးတောက်မီးလျှံတွေ ငြိမ်းသွားတဲ့အထိကို

ဘာလို့ခေါ်လဲဆိုရင် သံဝဋ္ဋကပ်လို့ခေါ်တယ်။

မီးတောက်မီးလျှံ ငြိမ်းတဲ့အခါကစပြီးတော့ နောက် ကမ္ဘာပြုမိုးရွာသည့်တိုင် အောင်ကို ရွာခါနီးထိအောင်ကို သံဝဋ္ဋဋ္ဌာယီကပ်။

တစ်ခါ အဲဒီ ကမ္ဘာပြုမိုးရွာပြီးတဲ့နောက် နေလ နက္ခတ်တွေ ဖြစ်ပေါ်ရာ ကာလအထိ ဝိဝဋ္ဋကပ်နော်၊ အဲဒီနောက်ကျရင် ဝိဝဋ္ဋဋ္ဌာယီ၊ အခု သတ္တဝါတွေဟာ ဝိဝဋ္ဋဋ္ဌာယီမှာပဲ ဖြစ်တော့မှာ၊ အဲဒီမှာလည်း ဖြစ်လာတဲ့အခါကျတော့ မြင့်မိုရ်တောင် တောင်စဉ် ၇–ထပ် ကျွန်းကြီးလေးကျွန်း၊ ဒါတွေရှိသေးတယ်ပေါ့လေ။

ကောင်းပြီ့ရှေ့ဆက်ကြဦးစို့၊ကမ္ဘာဦးစဖြစ်တာကို မကုန်သေး ဘူး၊ **ရသာမြေကို စားလေတုံမြို့, တဏှာပို့၍, တချို့မလှ, တချို့လှတည့်** အဲဒီလို ခုနက ရသာ ပထဝီဆိုတဲ့ဟာကို စားမိတဲ့အခါကျတော့ တဏှာပေါ်လာပြီ၊ တဏှာပေါ် လာပြီးတဲ့ နောက် တချို့က လှလာတယ်၊ တချို့က မလှဘူး၊ အဲဒီလို ရုပ်တွေက ပြောင်းလဲ လာတယ်၊ တဏှာများတဲ့သူက ရုပ်မလှဘူးဖြစ်ပါလိမ့်မယ်၊ အဲဒီလို ဖြစ်တဲ့အခါ ကျတော့ **ရသာမြေကို, စားလေတုံမြို့, တဏှာပို့၍, တချို့မလှ, တချို့လှတည့် ဆင်းမလှသူ, လှသသူက, မာန်မူသည့်တွက်,** အဲဒီကျတော့ ဟိုကောင်မ လှဘူး ဟုတ်လား၊ ငါမင်းထက်လှတယ် စသည်ဖြင့် မာန်မာနတွေဖြစ်လာတယ်၊ ဒါတော့ မတူဘူး ဆိုရင်ဖြစ်တော့မှာပဲ၊ တူနေရင်တော့ ကိစ္စမရှိဘူး၊ မတူတော့ဖြစ်လာတယ်။

အဲဒီလို မာန်မူတဲ့အခါ မာန်မာနတွေ ထလာတဲ့အခါကျတော့ ဘာဖြစ်လဲ၊ **မာန်မူသည့်တွက်၊ မြေညိုညက်လည်း၊ ကွယ်ဝှက်ပြန်ဘိ၊** ခုနရသာမြေကို ကွယ်သွား ပြီတဲ့၊ ရသာပထဝီခေါ်တဲ့ဟာတွေ မရှိတော့ဘူး၊ **ကွယ်ဝှက်ပြန်ဘိ, ဘူမိပဗ္ဗတက, မြေလွှာမြ နှင့်, ပဒါလတာ, ထို့တူလာ၏။**

အဲဒီရသာပထဝီ ကွယ်ပြီးတဲ့နောက် မြေလွှာတစ်မျိုး ပေါ်လာတယ်၊ ခုန ရသာပထဝီလောက် အရသာ မရှိတော့ဘူး၊ မကောင်းတော့ဘူး၊ သို့သော် အမှန်က အလွန်တော့ ကောင်းတော့ကောင်းသေးတာပေါ့၊ အဲဒီ ရသာပထဝီပြီးတဲ့နောက် ဘူမိပဗ္ဗတကလို့ ပါဠိလိုခေါ်တဲ့ မြေလွှာ ပေါ်လာတယ်၊ အဲဒီပေါ်လာတဲ့ မြေလွှာကိုပဲ စားကြရတယ်၊ ဒါတွေ စားနေတဲ့အချိန်မှာက ကိစ္စမရှိသေးဘူး၊ ဒါတွေက နူးညံ့ သိမ်မွေ့သေးတဲ့ အစားအစာတွေ ဖြစ်တော့ စားလိုက်ရင် ဗိုက်က လျှပ်လိုက်တာနဲ့ပဲ အစာကြေတယ်၊ အညစ်အကြေးတွေ အဲဒီအချိန်မှာ ဘာမှမရှိ သေးဘူး။

**ဘူမိပဗ္ဗတက, မြေလွှာမြနှင့်, ပဒါလတာ, ထို့တူလာ၏။**

မြေလွှာစားပြီးတဲ့အခါကျတော့ ခုနကလို တဏှာကပါလာပြန်တော့ လှမလှ

ဖြစ်ကြပြန်ပြီ၊ ပိုပြီးဖြစ်လာတော့ ပိုပြီး မာန်မာနတွေပေါ်တော့ အဲဒီမြေလွှာလည်း ကွယ်ပျောက်သွားပြန်ရော၊ ကွယ်သွားပြီးတဲ့နောက်ကျတော့ နွယ်ချိုလို အဲဒီမြေလွှာလေးတွေက ပေါ်လာပြန်တယ်၊ ခုနက မြေလွှာတုန်းက အချပ်ကြီးတွေ နေလိမ့်မယ်၊ ခုတော့ အသေးလေးတွေဖြစ်ကုန်ပြီပေါ့လေ၊ နွယ်လေးတွေလို နေလိမ့်မယ်၊ အဲဒါ ပဒါလတာဆိုတဲ့ နွယ်ပေါ်လာပြန်တယ်၊ ပေါ်လာပြန်တော့ စားပြန်တော့လည်း တဏှာဖြစ်ပြီးတော့ ခုနကလိုပဲ မာနတွေကလည်း ပေါ်လာပြန်ပြီတဲ့။

တစ်ခါ အဲဒီနွယ်လည်း ကွယ်ပြန်တာပေါ့လေ၊ တဖြည်းဖြည်းနဲ့ လူတွေက မာန်မာနများလာတော့ အဲဒီအခါကျတော့ **ရသာလိုပေး, ထွန်နှင့်ဝေးသည့်, သလေးဆန်စင်, စားလေလျှင်မှု၊** အဲဒီလို နွယ်ချိုပြီးတဲ့နောက်မှာ သလေးဆန်တွေပေါ်လာတယ်၊ မထွန်မယက်ရပဲနဲ့ အလိုလို ဆန်အတိုင်းသီးတာ၊ ဖွဲတို့ဘာတို့မပါဘူးတဲ့၊ အဲဒီ အချိန်အခါမှာတုန်းက အဲဒီလို သီးလာတဲ့ သလေးဆန်ကိုပဲ ယူပြီးတော့ အိုးတို့ဘာတို့ ထဲထည့်၊ ကျောက်တုံးပေါ်တင်ထားလိုက်ရင် အလိုလို မီးကလည်း တောက်လာ ပြီးတော့ ချက်ပြီး သားဖြစ်သွားတာတဲ့နော်၊ သိပ်ပြီးတော့ ဘာမှလုပ်စရာမလိုဘူး၊ ကမ္ဘာဦးအခါကိုး၊ အလိုလိုထမင်းကျက်သွားမှ မီးကလည်း ငြိမ်းတယ်တဲ့၊ အဲဒီလို ကျက်ပြီးတဲ့ သလေးထမင်းဟာ မြတ်လေးပန်းငယ်များလိုပဲ လှလိုက်တာတဲ့၊ အဲဒါတွေစားတာ၊ အဲဒါစားတော့လည်း ဟင်းမလိုဘူးတဲ့၊ ဘာပြုလို့လဲ ဆိုတော့ သူနဲ့ပဲ ရသာဓာတ်က အများကြီးပါနေတာကိုး။

အဲဒီလို စားလာတဲ့အခါကျတော့ ဘယ်လိုဖြစ်လာပြီတဲ့လဲ၊ အစာကကြမ်းလာပြီ၊ ရှေးတုန်းက မြေဆီတို့, မြေလွှာတို့ နွယ်ချိုတို့စားရတုန်းက ကိစ္စမရှိဘူး၊ ခန္ဓာကိုယ်ကို အစာကြေချက်ပြီး အသား အသွေးတွေ ဖြစ်ပြီးတော့ ကိစ္စမရှိဘူး၊ အခုခါကျတော့ သလေးထမင်းစားတဲ့ အခါကျတော့ အပိုတွေပေါ်လာပြီ၊ အညစ်အကြေးတွေ ဖြစ်လာပြီ၊ ခန္ဓာကိုယ်က အပြင်ဘက်ထုတ်ရတော့မှာ၊ အဲဒီတော့ သူတို့စဖြစ်တုန်းက ယောကျ်ားလည်း မဟုတ်ဘူး၊ မိန်းမလည်းမဟုတ်ဘူး၊ ယောကျ်ားအင်္ဂါလည်းမရှိဘူး၊ မိန်းမအင်္ဂါလည်း မရှိဘူး၊ ဗြဟ္မာဆိုတာက ယောကျ်ားမိန်းမမဟုတ်ဘူး၊ ပုံသဏ္ဌာန်ကတော့ ယောကျ်ား လိုဆိုတာပေါ့လေ၊ သို့သော် ယောကျ်ားမိန်းမ မရှိဘူး၊ အခု ဒီမှာ လာဖြစ်တဲ့အခါ ကျတော့လည်း Sex မပါဘူးပေါ့။

အခု ဒီလိုသလေးဆန်ကို စားပြီးတဲ့အခါကျတော့ ခုနပြောတဲ့ခန္ဓာကိုယ်မှာ အညစ်အကြေးဖြစ်လာပြီ၊ ဒီအညစ်အကြေးတွေ ထုတ်ရတော့မယ်ဆိုတော့ အဲဒီမှာ အပေါက်တွေပေါ်လာကြတယ်ပေါ့လေနော်၊ **သလေးဆန်စင်, စားလေလျှင်မှု,**

**မစင်ငယ်ကြီး, ဖြစ်ကြပြီး၍၊** ကျင်ကြီးကျင်ငယ်တွေ ဖြစ်ပြီတဲ့၊ **ယိုစီးဖို့ရာ, ထွက်ဖို့ဌာဟု, အမာဝပေါက်, ဘောလည်းရောက်၏၊** အဲလိုအခါကျတော့ သူတို့ထွက်ဖို့ရာ အပေါက်တွေပေါ်လာတဲ့အခါကျတော့, ဆိုပါတော့, ဗြဟ္မာမဖြစ်ခင်, ယောကျ်ားဖြစ်ခဲ့သူကလည်း ယောကျ်ားအင်္ဂါမျိုးပေါ့၊ ဗြဟ္မာမဖြစ်ခင်က မိန်းမဖြစ်ခဲ့သူလည်း ရှိပါလိမ့်မယ်၊ သူတို့ကျတော့လဲ မိန်းမပေါ့လေ၊ အဲလို ဘော ဆိုတာ ဒီစာထဲမှာ ဘောပဲ၊ ဘောဆိုတာ (Sex) ကို ပြောတာနော်၊ **အမာဝပေါက်, ဘောလည်းရောက်၏။** အဲဒီလို ဖြစ်လာတဲ့အခါကျတော့ မိန်းမယောကျ်ား ကွဲလာတယ်။

အဲဒီလိုဖြစ်လာတဲ့အခါကျတော့ ခုနကပြောတဲ့ ဒီဗြဟ္မာပြည် မရောက်ခင်က ယောကျ်ားဖြစ်တဲ့သူကလည်း ယောကျ်ားဘာဝ ပေါ်လာတယ်၊ မိန်းမဖြစ်တဲ့သူကလည်း မိန်းမဘာဝ ပေါ်လာတယ်၊ **တစ်ယောက်တစ်ယောက်, မေထုန် မြောက်အောင်, ဖွေဖောက်ယုတ်မာ, ကျင့်သည်တာကြောင့်, ပညာရှိများ, မြစ်တားမောင်းမဲ,ညှင်းဆဲ ပုတ်ခတ်, ပြုလေအပ်၍, ခိုကပ်ဖို့ရာ, အိမ်ယာတည်ဆောက်။**

ဆိုလိုတာက အဲဒီလိုဖြစ်လာတဲ့အခါကျတော့ တစ်ယောက်တစ်ယောက်ကြည့်ရင်း ကြည့်ရင်းနဲ့ ကာမဂုဏ်စိတ်တွေ ပေါ်လာတယ်ပေါ့လေ၊ နဂိုကတော့ ဘာမှ မသိဘူးပေါ့လေ၊ ခုတော့ ဒီလို တစ်ယောက်နဲ့တစ်ယောက် နဲ့ ကြည့်တဲ့အခါကျတော့ ကာမဂုဏ်စိတ်တွေပေါ်လာတယ်၊ ပေါ်လာပြီးတဲ့နောက် စိတ်တွေ မချုပ်နိုင်ကြတော့ဘူး၊ မေထုန်မှီဝဲမှုတွေ စပေါ်လာတယ်။

ပထမဆုံး စပေါ်တာဖြစ်တော့ အလွန်အဆန်းပဲ၊ ခုခေတ်တော့ သတ္တဝါတိုင်း လူတိုင်းဖြစ်နေတာပေါ့၊ အဲဒီလိုဖြစ်တဲ့အခါကျတော့ တခြားလူတွေက တားမြစ်လို့ မရဘူး၊ မရတော့ကဲ့ရဲ့ရှုတ်ချပြီးတော့ အဲဒီမှာ ခဲတို့ ဒုတ်တို့ မြေမှုန်တို့နဲ့ သူတို့ကို ပစ်ကြတာပေါ့လေ၊ မင်းတို့ကောင်တွေ လူယုတ်မာတွေပေါ့လေ၊ ဒီအကျင့် ကျင့်ရမလားဆိုပြီး၊ ရှေးတုန်းကဖြစ်ပုံပြောတာ၊ ဘယ်သူမှ ဒီကိစ္စမလုပ် သေးခင် ပထမလုပ်တဲ့လူဆိုတော့ သူတို့သိပ်အပြစ်ကြီးတာပေါ့လေ၊ တို့နဲ့အတူ မနေသင့်ဘူး ပေါ့လေ၊

အဲဒီ အလေ့အထကိုလိုက်ပြီး မြန်မာပြည်မင်္ဂလာဆောင် ခဲပေါက်တာ၊ အဲဒါ ခဲဖိုးပေးရတယ် မဟုတ်လား၊ မင်္ဂလာဆောင်မှာ ခဲပေါက်တယ်ဆိုတာ အဲဒါပဲ။

ဒါရှေးတုန်းက ကမ္ဘာဦးရဲ့အလေ့အထပဲ၊ မင်းတို့မတော်ကရော်လုပ်ကုန်ပြီ၊ ဒို့နဲ့အတူမနေသင့်ဘူး၊ သွားကြလို့ဆိုပြီးတော့ **တစ်ယောက်တစ်ယောက်, မေထုန်**

**မြောက်အောင်, ဖွေဖောက်ယုတ်မာ, ကျင့်သည်တာကြောင့်, ပညာရှိများ, မြစ်တားမောင်းမဲ, ညှင်းဆဲပုတ်ခတ်, ပြုလေအပ်၍, ခိုကပ်ဖို့ရာ, အိမ်ယာတည်ဆောက်,** အဲဒီလို ပြုကြတော့ အိမ်လေးဘာလေးဆောက်ရပြီပေါ့၊ ဒီကိစ္စပြုတဲ့အခါ လူမမြင်ရအောင်ခိုကိုးရာရအောင်ဆိုပြီး အိမ်ယာတည်ဆောက် နေကြပြန်ရော။

အဲဒီလို နေရာကနေ ဘာဖြစ်လာသလဲ၊ **လူပျင်းနောက်သို့, နီးလျောက်သိမ်းဆည်း, ထိုကတည်းက, ဖွဲလည်းမြေးယှက်, ရိတ်ရာကွက်မှ, မထွက်လာကြ, ငြီးတွားကြ၏တဲ့**၊ အဲသလိုလုပ်လာတဲ့ အခါကျတော့ ဘာဖြစ်လာသလဲ၊ ပျင်းတဲ့သူကလဲ ပါလာသေးတာပေါ့၊ ရှေးတုန်းကတော့ ခုနကပြောတဲ့ သလေးဆန်လေးကို စားခါနီးမှ သွားယူတာ၊ စားခါနီးမှ သွားယူပြီးတော့ အိုးထဲထည့်လိုက်ပြီးတော့, ကျောက်တုံးလေးပေါ်တင်လိုက်၊ အလိုလိုဖြစ်၊ စား, ဒီလိုနဲ့နေရာကနေပြီးတော့ **လူပျင်းနောက်သို့, နီးလျောက်သိမ်းဆည်း** ပျင်းတဲ့ကောင်က နေ့တိုင်းသွားယူနေရတာ, ဒုက္ခများတယ်ကွာ၊ ငါတော့ ၃–ရက်စာ သွားယူထားမယ်ပေါ့လေ ဆိုပြီးယူထားတော့ တခြားလူကတွေ့တော့ ဟေ့ကောင်, မင်းဘာလုပ်တာလဲ၊ ဟာ–သွားရတာ ပျင်းစရာကောင်းတယ်ကွ၊ သုံးရက်စာ တစ်ခါတည်းယူထားတာဆိုတော့ တခြားသူကအေး, ဟုတ်တယ်ကွ၊ ငါတို့လည်း ယူမယ်ဆိုပြီးတော့ ယူကြပေါ့လေ။

တော်ကြာကျ ၃–ရက်စာနဲ့ အားမရဘူး၊ ၄–ရက်စာ၊ ၅–ရက်စာ၊ ၆ ရက်စာ၊ ၇–ရက်စာ၊ အဲဒီလို ယူတဲ့အခါကျတော့ လောဘကများလာပြီ မဟုတ်လား၊ အဲဒီတော့ ဘာဖြစ်လာသလဲဆိုတော့ **"နီးလျောက်သိမ်းဆည်း, ထိုကတည်းက, ဖွဲလည်းမြေးယှက်"** ဖွဲပါလာပြီ၊ ဆန်က အရင်လိုမဟုတ်တော့ဘူးတဲ့နော်၊ ပြီးတော့ ရှေးတုန်းကတော့ ယူလိုက်ပြီးရင် ယူလိုက်တဲ့နေရာက အသစ်ထပ်ပေါက် လာတယ်၊ အခုတော့ဒီလိုမပေါက်တော့ဘူးတဲ့၊ **"ဖွဲလည်းမြေးယှက်, ရိတ်ရာကွက်မှ,မထွက်လာကြ, ငြီးတွား ကြ၏။"**

အဲဒီလို ဖြစ်လာတဲ့အခါကျတော့ လူတွေ ငြီးကုန်ပြီတဲ့နော်၊ ရှေးတုန်းကတော့ ဆိုပါတော့, ဒို့မြေဆီတွေ မြေလွှာတွေ နွယ်ချိုတွေ စားခဲ့တယ်၊ အဲဒီက နောက် တစ်ခါ သလေးစားခဲ့တယ် နော်၊ သလေးစားတုန်းကလည်း ကိစ္စမရှိသေးဘူး၊ အခုတော့ အဲဒီသလေးဆန်က ရိတ်ပြီးသားနေရာက ထပ်တောင် မပေါက်တော့ဘူး၊ နောက်ထပ်လည်း မထွက်တော့ဘူးလိုဖြစ်တော့မှ ကိုင်း,ဒီလိုဆိုရင် ဘာလုပ်မလဲ၊ အဲဒီတော့ အပိုင်းအခြားလုပ်ရပြီ၊ ဒါက မင်းနေရာ, ဒါက ငါ့နေရာ, တဖြည်းဖြည်းနဲ့ သိမ်းဆည်းမှုတွေများလာပြီ၊ လယ်ကွက်လိုပေါ့လေ၊ ပိုင်းခြား သတ်မှတ်ထားတာ။

**သူ့ပိုင်းခြားကို, ခိုးငြားမနိုင်, သုံးကြိမ်တိုင်အောင်** အဲဒီအခါမှာ ပျင်းတဲ့ကောင်ကလည်း ပါသေးတာပေါ့၊ ကိုယ့်လယ်ထဲကတော့ မယူဘူး, သူများလယ်ထဲက သွားသွားယူပြီးတော့ စားတော့ ပထမတစ်ကြိမ်မိတော့ မင်းမလုပ်နဲ့ ပြောလိုက်၊ မရဘူး၊ ဒီကောင်ကနောက်တစ်ကြိမ်မိ, နောက်တစ်ကြိမ်မိတဲ့အခါကျတော့ ခုနလိုပဲ သူ့ဝိုင်းပြီး ခဲနဲ့ပေါက်ကြ ဘာလုပ်ကြ၊ အပြစ်ပေးကြ လုပ်ရတယ်၊ အဲဒီလို ဖြစ်လာပြီတဲ့၊ အဲဒီတော့ လူ့အဖွဲ့အစည်းကြီးက မသာယာတော့ဘူးပေါ့၊ နဂိုတုန်းက အေးအေးချမ်းချမ်း နေခဲ့ရတာကနေပြီးတော့၊ ပထမက မေထုန်မှုအစ ပေါ်တယ်၊ မေထုန်မှုအစ ပေါ်ပြီးတဲ့နောက် ခိုးမှုပေါ်တယ်၊ အဲဒီလို ခိုးမှုတွေပေါ်လာပြီးတဲ့နောက်၊ လူတွေနေလို့မကောင်းတော့ဘူးပေါ့လေ၊ အဲဒီအခါကျမှ **မထွက်လာကြ, ငြီးတွားကြ၏, တားရရေးထား, သူ့ပိုင်းခြားကို, ခိုးငြားမနိုင်, သုံးကြိမ်တိုင်သော်, ဆွဲကိုင်ခဲတုတ်, သတ်ပုတ်ယှက်မြေး, နိုင်မဟေးလို့, စဝေးတိုင်ပင်, များထက်တင်သား** ခုနကလို, ခဲတွေဘာတွေပေါက်ကြ ပြုကြပေါ့လေ၊ သတ်ကြ ပုတ်ကြ ပြုကြတယ်။

အဲဒီအခါကျတော့ **စဝေးတိုင်ပင်, များထက်တင်သား, ဗုဒ္ဓင်္ကုံမြတ်, ဗောဓိသတ်ကို, ချဉ်းကပ်ပန်ထွာ သမုတ်ပါ၍** အဲဒီအချိန်အခါမှာ ပညာရှိတဲ့လူတစ်ယောက် ပါမယ်ပေါ့လေ၊ သူ့ဆီ သွားချဉ်းကပ်ပြီး အဲဒီအထဲမှာ ဒီလိုဒီလိုပဲ၊ ကျွန်တော်တို့ ဖြစ်နေတာကတော့ မကောင်းတော့ဘူး၊ အဲဒီတော့ ခင်ဗျားက ကျွန်တော်တို့ကို အုပ်ချုပ်ပါ၊ ကောင်းရာကောင်းကြောင်း ဆုံးမပါ၊ သူ့အပိုင်းခြား ကိုယ့်အပိုင်းခြား ခွဲဝေသတ်မှတ်ပေးပါပေါ့၊ အဲဒီလို လူတစ်ယောက်ကို သွားပြောပြီးတော့ သမုတ်ပြီး ထားတာ၊ ဒါကြောင့်မို့ သူ့ကို သမ္မတ၊ သမ္မတဆိုတာ သမုတ်ပြီးထားတာ၊ မဟာ သမ္မတမင်းလို့ ခေါ်တယ်မဟုတ်လား၊ **"စဝေးတိုင်ပင် များထက်တင်ထား"** အဲဒီလို အတင်ခံရတဲ့သူက ဘယ်သူလည်းဆိုရင် အဲဒီအချိန်မှာ ငါတို့ရဲ့ ဘုရား လောင်းတဲ့၊ ဒီကမ္ဘာမှာ ဂေါတမမြတ်စွာဘုရားလောင်းကပဲ အဲဒီအချိန်အခါမှာ လူဖြစ်တော့ သူ့ကိုပဲ မဟာသမ္မတအဖြစ်နဲ့ အတင်ခံရတယ်တဲ့။

ဗုဒ္ဓင်္ကုံမြတ် ဗောဓိသတ်ဆိုတာ ဘုရားလောင်းကိုဆိုတာ၊ **ဗုဒ္ဓင်္ကုံမြတ်, ဗောဓိသတ်ကို, ချဉ်းကပ်ပန်ထွာ, သမုတ်ပါ၍** သူ့ကိုပဲ သမုတ်ပြီးတော့ **မဟာသမ္မတ, ခတ္တိယနှင့်, ရာဇအပြား, မည်သုံးပါးဖြင့်, ထင်ရှားလူ့ဘောင်, စတည်ထောင်ခဲ့**သူ့ကို မဟာသမ္မတ လို့လည်းခေါ်တယ်၊ ဘာဖြစ်လို့လည်းဆိုတော့ လူအများက ဝိုင်းပြီးတော့ သမုတ်လိုက်လို့ မဟာသမ္မတ၊ ခတ္တိယ၊ ခတ္တိယလို့လည်းခေါ်တယ်တဲ့၊ ခတ္တိယလို့ ခေါ်တာကတော့ ဒီမြေကို သူပိုင်တယ်ဆိုတဲ့ အဓိပ္ပါယ်ပေါ့လေ၊ သူ့ကို ပုံအပ်ပြီးတော့မှ

သူကခွဲဝေ ပေးတာကို၊ အဲဒီတော့ မြေကြီးရဲ့ အရှင်သခင်ဖြစ်တယ်ဆိုတဲ့ အနေနဲ့ ခတ္တိယလို့လည်း ပါဠိလိုခေါ်တယ်၊ ပြီးတော့မှ ရာဇာလို့လဲ ခေါ်တယ်၊ ရာဇာဆိုတာက တော်တော်လေး တိုင်းသူပြည်သားတွေကို နှစ်သက်မြတ်နိုး နှစ်သိမ့်စေတတ်လို့၊ တိုင်းသူပြည်သားတွေ ကို နှစ်သက်အောင် စောင့်ရှောက်တတ်တဲ့ အတွက်ကြောင့်မို့ ရာဇာကို မင်းလို့ခေါ်တယ်၊ နောက်ပိုင်းကျ မင်းတွေက မကောင်းတော့ မင်းကရန်သူလို ဖြစ်လာတယ်၊ အဲဒီအချိန်အခါတုန်းကတော့ မဟုတ်ဘူး၊ ရာဇာဆိုတာ သတ္တဝါနှစ်သက်အောင် လုပ်ပေးတတ်တယ်, ကျေနပ်အောင် လုပ်ပေးတတ်တယ်၊ အဲဒါကြောင့်မို့ သူ့ကို ရာဇာလို့ခေါ်တာ, အမည်သုံးမျိုးနဲ့ လူ့ဘောင်ကြီးကို စတင်တည်ထောင်ခဲ့တာ။

ဒါကြောင့်မို့ **မဟာသမ္မတ, ခတ္တိယနှင့်, ရာဇအပြား, မည်သုံးပါးနှင့် ထင်ရှားလူ့ဘောင်, စတည်ထောင်ခဲ့** ဆိုတော့ အဲဒီအချိန်အခါက စပြီးတော့ မင်းမျိုးဆိုတာ ပေါ်လာပြီနော်၊ အဲဒီလို ပေါ်လာပြီးတဲ့နောက်တခါ တချို့လူတွေက "လူတွေတော့ အကျင့်တရားသိပ်ပျက်တယ်၊ သူတို့နဲ့ တို့တော့ နေလို့မဖြစ်ဘူးနော်၊ ကောင်းရာကောင်းကြောင်း ငါတို့တခြားဝေးရာသွားမှပဲဆိုပြီးတော့ တောထဲဘာထဲ သွားနေပြီးတော့ အကျင့်တွေကျင့်, ဈာန်တွေရ၊ အဲဒါကလည်း လူတစ်စုဖြစ်သွားပြန်ရော။

လူတန်းစားတစ်ခု ဖြစ်သွားတော့ ပထမ သူတို့က ဈာန်ရတယ်၊ ဈာန်ရရာကနေပြီးတော့ နောက်ကျတော့ သူတို့က ဈာန်ရအောင် မတတ်နိုင်ကြ တော့ဘူး၊ ဘာတွေလုပ်လည်းဆိုတော့ ဝေဒကျမ်းတွေဘာတွေ သင်ပေးတယ်ပေါ့လေ၊ ကိုယ်တိုင်လည်း လေ့လာတယ်, သူများလည်းသင်ပေး လုပ်လာတဲ့အခါကျတော့ သူတို့ကို ဗြာဟ္မဏလို့ ခေါ်တယ်၊ ပုဏ္ဏားမျိုးပေါ့လေ၊ ဘာသာရေးလူစုတစ်မျိုးပေါ့၊ အဲဒီလူတွေ ပေါ်လာတယ်။

အဲဒီနောက်တော့ ကောင်းရောင်းကောင်းဝယ်လုပ်နေတဲ့ ကုန်သည်မျိုးဆိုတာ တစ်ခါပေါ်လာတယ်၊ ပြီးတော့ လက်လုပ်လက်စားသမားပေါ့၊ အောက်တန်းကျတဲ့ အလုပ်တွေဘာတွေလုပ်ရတဲ့ လူမျိုးကျတော့ သုဒ္ဒမျိုး, သူဆင်းရဲမျိုးဆိုတာ တစ်ခါ ပေါ်လာပြန်တယ်၊ လူ့လောကကြီးမှာ အဆင့်လေးမျိုးပေါ့လေ၊ လူအမျိုးလေးမျိုး ပေါ့လေ၊ ပေါ်လာတယ်၊ မင်း, ပုဏ္ဏား, သူကြွယ်လို့လည်း ခေါ်တာပေါ့လေ၊ ကုန်သည်မျိုး၊ သူဆင်းရဲမျိုးလို့ အဲဒီကနေ တစ်ဆင့်ဆင့်နဲ့ ယခုထိအောင် ရောက်လာတယ်ပေါ့လေ။

**မဟာသမ္မတ, ခတ္တိယနှင့်, ရာဇအပြား, မည်သုံးပါးနှင့်,ထင်ရှားလူ့ဘောင်,**

**စတည်ထောင်ခဲ့, ထိုနောင်ဖြာပွားလာ, အမျိုးစသည်, ဝဏ္ဏလေးပါး, (ဝဏ္ဏဆိုတာ အမျိုး ပြောတာပါပဲ၊) ဤသို့အားဖြင့်, တရားသွေကွက်, ယွင်းချော်ပျက်၍, အသက်တိုလှ, ပါပကဟု, ဓမ္မလူတွင် ထွန်းသတည်း။** တဖြည်းဖြည်းနဲ့လူတွေ အကျင့်ပျက် လာတဲ့အခါကျတော့ အသက်ကလည်းတိုတိုပြီးတော့ လိုက်လာတယ်တဲ့၊ ဒါ ကမ္ဘာကြီးပျက်ပုံနှင့်ဖြစ်ပုံ ဗုဒ္ဓဘာသာကျမ်းဂန်တွေမှာ ပြောထားတာ။

အခု ပြောလာခဲ့တဲ့ အထဲမှာ ဘုရားဟောပါဠိတော်ထဲကလည်းပါတယ်နော်၊ အဋ္ဌကထာထဲကလည်း ဖြည့်စွက်တာလည်းပါတယ်၊ ပါဠိတော်ကို အခြေခံပြီးတော့ သူတို့ ပါဠိတော်မှာကို တော်တော်စုံစုံပါတယ်၊ အဂ္ဂညသုတ်ဆိုတာ ကမ္ဘာဦးဖြစ်ပုံ။

အဲဒီတော့ နေတွေလတွေထွက်တဲ့အချိန်က စပြီးတော့ နောက်ကမ္ဘာပျက်မိုး ရွာသည့်အချိန်တိုင်အောင် ဒီအတွင်းကို ဝိဝဋ္ဋဋ္ဌာယီဟာ အမှန်ကတော့ သတ္တဝါတွေ နေနိုင်တဲ့အချိန်ပဲ၊ ဟိုဘက် ၃–ခုကတော့ သတ္တဝါတွေမနေနိုင်ဘူး၊ အသက်မရှင် နိုင်ဘူး။

ဒါကြောင့်မို့ သံဝဋ္ဋ–သံဝဋ္ဋဋ္ဌာယီ ဝိဝဋ္ဋ ဝိဝဋ္ဋဋ္ဌာယီနော်၊ အဲဒါ ကမ္ဘာကြီး စပျက်ပုံနှင့် ဖြစ်ပုံ ဗုဒ္ဓဘာသာကျမ်းဂန်တွေမှာဆိုတာ၊ အခုခေတ်နဲ့တော့ ညှိမရပါဘူး၊ ဘာပြုလို့လဲဆိုတော့ လူသတ္တဝါ တွေပဲ ထည့်ပြောသွားတယ်၊ တခြားသတ္တဝါတွေ ဘာမှ မပါဘူး၊ အခု ဒီမှာ သစ်ပင်တွေ ဘာတွေလည်း ဘာမှမပါဘူး၊ အရေး မကြီးတဲ့ အနေနဲ့ဆိုရင်လည်း ဖြစ်မှာပေါ့လေ၊ သို့သော် ဒို့ကျမ်းဂန်တွေထဲမှာ ဒီလိုဆိုတယ်ဆိုတာ လေးတော့ သိထားဖို့ ကောင်းတယ်။

အဲဒီတော့ ပထမစျာန်ဘုံရဲ့ အသက်တမ်းကို ဆုံးဖြတ်တဲ့အခါမှာ မဟာကမ္ဘာနဲ့ ဆုံးဖြတ်လို့ ရ,မရ၊ မဟာကမ္ဘာဆိုတာ ခုန ဟို လေးခုကို ခေါ်တာမဟုတ်လား၊ သံဝဋ္ဋ, သံဝဋ္ဋဋ္ဌာယီ, ဝိဝဋ္ဋ, ဝိဝဋ္ဋဋ္ဌာယီနော်၊ အဲဒါ အသင်္ချေယျကပ်လေ၊ အဲဒီ အသင်္ချေယျကပ် ၆၄–ကပ်မှ မဟာကပ်တစ်ကပ် မဟုတ်လား။

အဲဒီတော့ ပထမစျာန်ဘုံရဲ့ အသက်ကို သတ်မှတ်တဲ့အခါမှာ မဟာကမ္ဘာနဲ့ သတ်မှတ်လို့မရဘူး၊ အသင်္ချေယျကပ် တစ်ခုတစ်ခုမှာ သူပျက်နေပြီ မဟုတ်လား၊ အဲဒီတော့ကို ဗြဟ္မပါရိသဇ္ဇာ, ဗြဟ္မပုရောဟိတာ, မဟာဗြဟ္မာတို့ရဲ့ အသက်ကို သတ်မှတ်တဲ့အခါမှာ မဟာကပ်နဲ့ မသတ်မှတ်ပဲနဲ့ အသင်္ချေယျကပ်နဲ့ သတ်မှတ်ရမယ်၊ ဒါကြောင့်မို့ အန္တရကပ် ၆၄–ကပ်ကို အသင်္ချေယျကပ်တစ်ကပ်။

အဲဒါကြောင့်မို့ ဗြဟ္မပါရိသဇ္ဇာဘုံရဲ့ သက်တမ်းဟာ အဲဒီအသင်္ချေယျကပ် ရဲ့ သုံးပုံတစ်ပုံ၊ ၆၄ ရဲ့ ၃–ပုံ ၁–ပုံ (twenty-one and one third)

ဟုတ်တယ်မဟုတ်လား၊ ဒါကြောင့်မို့ အဲဒါဟာ (twenty-one and one third) အန္တရကပ်၊ အသင်္ချေယျကပ်ရဲ့ ၃-ပုံ ၁-ပုံလို့ဆိုတယ်၊ အသင်္ချေယျကပ်ရဲ့ ၃-ပုံ၁-ပုံမှ အန္တရကပ်ပေါင်း ၂၁-ကပ်နဲ့ ၃-ပုံ ၁-ပုံ ရှိတယ်။

ဗြဟ္မပုရောဟိတာကျတော့ အသင်္ချေယျကပ်ရဲ့ ထက်ဝက်ဖြစ်တဲ့ အတွက်ကြောင့်မို့ အန္တရကပ် ၃၂-ကပ်၊ မဟာဗြဟ္မာကျတော့ အသင်္ချေယျကပ် ၁-ကပ်ဆိုတော့ အန္တရကပ် ၆၄-ကပ်။

အဲဒီလို မီးနဲ့ဖျက်တဲ့အခါမှာ ဗြဟ္မပါရိသဇ္ဇာ၊ ဗြဟ္မပုရောဟိတာ၊ မဟာဗြဟ္မာပါမှာဖြစ်တဲ့အတွက်ကြောင့်မို့ သူတို့ဟာ အကုန်မတည်နိုင်ဘူးပေါ့၊ သူတို့အသက်ကို မဟာကပ်နဲ့တွက်လို့ မရဘူး၊ ပါဠိမှာကပ္ပလို့ သာမညဆိုပေမယ်လို့ ဒီနေရာမှာ ကပ္ပအရ အသင်္ချေယျကပ်ကို ယူရတယ်၊ ဒုတိယစျာန်ဘုံစသည် တွက်တဲ့အခါကျတော့ ကိစ္စမရှိဘူး၊ မဟာကပ်ယူလို့ရတယ်။

ဘာကြောင့်လဲဆိုတော့ ကမ္ဘာပျက်ရိုးထုံးစံက မီးနဲ့ ၇-ကြိမ်ပျက်တယ်တဲ့နော်၊ မီးနဲ့ ၇-ကြိမ်ပျက်ပြီးရင် ၈-ကြိမ်မြောက်ကျတော့ ရေနဲ့ပျက်တယ်၊ ဟုတ်ပြီလား၊ မီး ၇-ကြိမ်၊ ရေတစ်ကြိမ်၊ တစ်ခါ မီး ၇-ကြိမ်၊ ရေတစ်ကြိမ်၊ မီး ၇-ကြိမ် ရေတစ်ကြိမ် သွား၊ ၆၄ ကြိမ်မြောက်ကျတော့မှ လေဖျက်တာ၊ အဲဒီလိုတဲ့။

အဲဒီတော့ ဒုတိယဘုံစသည်ကျတော့ မဟာကပ်နဲ့ပဲ တွက်ရတော့မှာ၊ မဟာကပ် ၂-ကပ်လို့ဆိုတယ်၊ အဲဒီကျတော့ မဟာကပ်တွက်လို့ရသွားပြီ၊ ဘာပြုလို့လည်းဆိုတော့ ၆၄-ကြိမ်သွားတော့မှာကိုး၊ မီး ၇-ကြိမ် ရေတစ်ကြိမ်၊ မီး ၇-ကြိမ် ရေတစ်ကြိမ်နဲ့ သွားမှာကို၊ အဲဒီတော့ မဟာကပ်နဲ့တွက်တယ်၊ ၂ ဆ ၂ ဆ တက်သွားနော်၊ အပ္ပမာဏာဘုံ ၄-ကပ်၊ အာဘဿရာဘုံကျတော့ ၈-ကပ်၊ ပရိတ္တာသုဘာဘုံကျတော့ ၁၆-၃၂-၆၄ စသည်သွားတော့၊ ဝေဟပ္ဖိုလ် အသညသတ် ကျတော့ မဟာကပ်-၅၀၀၊ အဝိဟာ တစ်ထောင်၊ အတပ္ပါ ၂-ထောင်၊ သုဒဿာ ၄-ထောင်၊ သုဒဿီ ၈-ထောင်၊ အကနိဋ္ဌာ ၁ သောင်း ၆ထောင်၊ အာကာသာနဉ္စာယတနဘုံ ၂ သောင်း၊ ဝိညာနဉ္စာယတန ဘုံ ၄ သောင်း၊ အာကိဉ္စ ညာယတနဘုံ ၆ သောင်း၊ နေဝသညာ နာသညာယတန ဘုံ ၈ သောင်း ၄ ထောင်၊ မဟာကပ်ပေါင်း ရှစ်သောင်းလေးထောင်ဆိုတော့ အကြာကြီးသွားမှာနော်၊ အဲဒီလို အသက်တမ်းကို ယူရမယ်။

အဲဒါကြောင့်မို့ ပထမစျာန်ဘုံအတွက်ကို မဟာကပ် မယူရပဲနဲ့ အသင်္ချေယျကပ် ယူရသလဲဆိုတာရှင်းပြီ၊ ဘာလို့လည်းဆိုတော့ကမ္ဘာပျက်တဲ့အခါမှာ သူတို့က

ပါ ပါသွားတာကို။

အဲဒီတော့ မီးနဲ့ဖျက်တဲ့အခါမှာ ပထမစျာန် ၃–ဘုံ၊ ရေဖျက်တဲ့အခါမှာ ဒုတိယစျာန် ၃–ဘုံ၊ လေဖျက်တဲ့အခါမှာ တတိယစျာန် ၃–ဘုံ ပါတယ်။

ကောင်းပြီ၊ နောက်ထပ်သိစရာ ဘာရှိသလဲ?၊ ဪ– ဒီဘက်မှာ ခေတ် ၃–ပါးဆိုတာ ရှိတယ်၊ ခေတ် ၃–ပါးက ဘာတဲ့လဲ၊ ဇာတိခေတ်, အာဏာခေတ်, ဝိသယခေတ် ရယ်လို့ရှိတယ်၊ ခေတ်ဆိုတာ နယ်ကို ဆိုလိုတာနော်၊ ဟိုမြန်မာစကား ခေတ်ကိုတော့ အချိန်လို့ ဆိုလိုတယ်နော်၊ အခုခေတ်နဲ့ ရှေးခေတ်နဲ့ မဟုတ်ဘူး၊ ဒီခေတ်က နယ်ပယ်လို့ ဆိုလိုတယ်နော်၊ အဲဒီတော့ ဇာတိခေတ်, အာဏာခေတ်, ဝိသယခေတ်တဲ့။

ဇာတိခေတ်ဆိုတာက စကြာဝဠာပေါင်း ဘယ်လောက်ရှိသလဲတဲ့၊ တစ်သောင်း ရှိတယ်တဲ့၊ ပြီးတော့ အာဏာခေတ်ကျတော့ စကြဝဠာကုဋေတစ်သိန်းတောင်ရှိတယ်၊ ဝိသယခေတ်ကတော့ အသင်္ချေအနန္တ ရှိတယ်တဲ့။

ဇာတိခေတ်ဆိုတာ မြတ်စွာဘုရား ပဋိသန္ဓေနေတဲ့အခါတို့ ဖွားတဲ့ အခါတို့မှာ မြေကြီးလှုပ်တဲ့အခါမှာ ဇာတိခေတ် အကုန်လှုပ်တာတဲ့၊ ဒီ ကမ္ဘာ တစ်ခုတည်းတင် လှုပ်တာမဟုတ်ဘူးတဲ့၊ စကြဝဠာတစ်သောင်းလုံးလှုပ်တယ်၊ ဒါကြောင့်မို့ အဲဒီ နယ်ပယ်ကို ဇာတိခေတ်လို့ခေါ်တယ်။

အာဏာခေတ်ဆိုတာက မြတ်စွာဘုရားဟောတော်မူတဲ့ သုတ်တွေရှိတယ်၊ ရတနသုတ်တို့ မေတ္တာသုတ်တို့ ခန္ဓသုတ်တို့, အဲဒီသုတ်တွေရဲ့ အာဏာနှံ့ရာ နယ်ပယ်လို့ ဆိုတယ်၊ အဲဒီသုတ်တွေရဲ့ အာဏာနှံ့ရာနယ်ပယ်က ကုဋေတစ်သိန်း တောင်ရှိတယ်၊ ဒါကြောင့် ရတနသုတ်ရဲ့ အစမှာ ကောဋိသတသဟဿေသု စက္ကဝါဠေသု ဒေဝတာနဲ့ လာတယ်နော်၊ ကုဋေတစ်သိန်းရှိတဲ့နတ်တွေဆိုပြီးတော့ အဲဒါ အာဏာခေတ်တဲ့, အာဏာပျံ့နှံ့ရာခေတ်ပေါ့။

ဝိသယခေတ်ဆိုတာကတော့ ရှိရှိသမျှ အကုန်ပဲ၊ မြတ်စွာဘုရားရဲ့ ဉာဏ်တော်မှာအဆုံးအစမရှိ ထင်ပေါ်နိုင်တယ်ပေါ့လေ၊ အဲဒီလို ဇာတိခေတ်, အာဏာခေတ်, ဝိသယခေတ်လို့ ခေတ်အားဖြင့် ၃–ပါးရှိတယ်တဲ့၊ **ဇာတိ, အာဏာ, ဝိသယာ, သုံးဖြာလောကဓာတ်, သောင်းသိန်းကုဋေ, အသင်္ချေ, သုံးတွေအစဉ်ဟပ်**၊ စကြဝဠာ ကုဋေတစ်သိန်းရယ်၊ စကြာဝဠာအနန္တ လို့ ဆိုလိုတာပေါ့နော်၊ ဇာတိခေတ်၊ အာဏာ ခေတ်၊ ဝိသယခေတ်လို့ ခေတ် ၃–ပါး။

စကြဝဠာတစ်သောင်းရယ်၊ စကြာဝဠာကုဋေတစ်သိန်းရယ်၊ စကြဝဠာ

အနန္တ ရယ်။

အာကာသခေတ်သည် ကမ္ဘာဖြစ်အတူ, ပျက်အတူဖြစ်၏၊ တစ်ခါတစ်ခါ ကမ္ဘာပျက်ရင် အာကာသခေတ် အကုန်ပျက်တာပဲတဲ့၊ အာကာသခေတ်မှာရှိတဲ့ ကမ္ဘာတွေ အကုန်လုံး တစ်ကြိမ်တည်းပျက်တယ်၊ အပျက်လည်းတူတယ်၊ အဖြစ်လည်းတူတယ် တဲ့၊ ဒါ ဘုံနဲ့ပတ်သက်ပြီးတော့ တော်တော်လေး သိသင့်သိထိုက်တာ စုံသွားပါပြီ။

ဒါပေမယ်လို့ ဘာတွေကျန်သေးတုန်းတဲ့၊ နည်းနည်းရှိသေးတယ်၊ ဒါကတော့ အခု ဒီစာတွေထဲမှာ မပါဘူး၊ တခြားကျမ်းဂန်တွေထဲမှာ ဆိုထားတာ ရှိသေးတယ်၊ အဲဒါကတော့ စကြဝဠာဆိုတာ ဒီလေးကျွန်းတစ်မြင့်မိုရ်လို့ ခေါ်တယ်၊ လေးကျွန်း တစ်မြင့်မိုရ်ကို စကြဝဠာလို့ခေါ်တယ်နော်၊ အဲဒီစကြဝဠာကို ဘယ်လို မြင်ရလည်း လို့ဆိုရင် အဝိုင်းကြီးလို့မြင်ရမယ် လင်ပန်းလို (circle) ပေါ့၊ အဲဒီလို မြင်လာတဲ့ အခါမှာ ပတ်ပတ်လည်မှာ တောင်ကြီးရှိနေတယ်တဲ့၊ ဒါကို စကြဝဠာတောင်လို့ ခေါ်တယ်၊ နံရံလိုကြီးနေမယ်ပေါ့၊ အဲဒီအထဲမှာမှ ရေရှိမယ်၊ မြေရှိမယ်၊ အဲဒီစကြဝဠာရဲ့ အလည်မှာ မြင့်မိုရ်တောင်ရှိတယ်၊ ယူဇနာ ၈–သောင်း ၄–ထောင်၊ ၂–သောင်း ၄– ထောင်က မြေကြီးထဲမြုပ်နေတယ်၊ ၂ သောင်း ၄–ထောင်က မြေပေါ်မှာ ပေါ်နေတယ်ဆိုပါတော့၊ အဲဒီ မြင့်မိုရ်တောင် ကိုမှပတ်ပြီးတော့ တောင်စဉ် ၇– ထပ် ဆိုတာရှိတယ်၊ အဲဒီတော့ circle လို ပတ်တာလား လေးထောင့် ပတ်တာလားတော့ မပြောနိုင်ဘူးပေါ့လေ၊ ထားပါတော့, ပတ်ပတ်လည်လည်မှာ တောင်စဉ် ၇–ထပ်ရှိတယ်၊ အဲဒီတောင် တစ်ခုတစ်ခုကြားမှာက ရေတွေရှိသေး တယ်နော်၊ သီတာ ၇–တန်လို့ခေါ်တယ်။

အဲဒီ အမြင့်ဆုံးတောင်ရဲ့ အပြင်ဘက်မှာကျ ဘာရှိသလဲဆိုတော့ ကျွန်းကြီး လေးကျွန်းရှိတယ်၊ အရှေ့ကျွန်း, တောင်ကျွန်း, မြောက်ကျွန်း, အနောက်ကျွန်း, ပေါ့လေ၊ အဲဒီ ကျွန်းကြီးလေးကျွန်းက မဟာသမုဒ္ဒရာလို့ ခေါ်တဲ့ ရေထဲမှာရှိတာပေါ့၊ ကျွန်းကြီးလေးကျွန်းရှိတဲ့ နေရာက ရေကို မဟာသမုဒ္ဒရာလို့ခေါ်တယ်၊ ပြီးတော့ တစ်ခုနဲ့တစ်ခုကြားမှာရှိတဲ့ရေကို အတွင်းသမုဒ္ဒရာလို့ ခေါ်မယ်ဆိုရင်လည်း ခေါ်နိုင်တာ ပေါ့လေ၊

ပြီးတော့မှ တစ်ခါ ကျွန်းကြီးတစ်ခုတစ်ခုမှာ ကျွန်းငယ်ပေါင်း ငါးရာ ငါးရာ အခြံအရံရှိတယ် နော်၊ ခုခေတ်ဆိုရင် အင်ဒိုနီးရှား တစ်ခုတည်းကိုပဲ ကျွန်း ၃–ထောင်လောက် ရှိတယ်ဆိုတာပဲ၊ သို့သော် ဒီမှာတော့ ခပ်ကြီးကြီးကျွန်းကိုပြောတာနဲ့

တူပါရဲ့၊ ဒါကြောင့်မို့ **ကျွန်းကြီးလေးသွယ်၊ ကျွန်းငယ်ငါးရာ**လို့ ဒီလို အဆိုရှိတယ်၊ အဲဒီလိုတည်နေတယ်၊ ဒါ (Map of World) ပေါ့လေ, ဗုဒ္ဓဘာသာအလိုအရ အဲဒီလိုရှိတယ်။

အလယ်မှာ မြင့်မိုရ်တောင်ရှိတယ်နော်၊ မြင့်မိုရ်တောင်ကို ပတ်ပြီးတော့ တောင်စဉ် ၇–ထပ်ရှိတယ်၊ တောင်စဉ် ၇–ထပ်ကြားမှာ ရေရှိတယ်၊ ဒါအတွင်း သမုဒ္ဒရာခေါ်တယ်၊ အဲဒီ ဟိုဘက်ကျတော့ မဟာသမုဒ္ဒရာရှိတယ်၊ အဲဒီမဟာသမုဒ္ဒရာ ထဲမှာမှ ကျွန်းကြီးလေးကျွန်းရှိတယ်၊ အဲဒီကျွန်းကြီးလေးကျွန်းရှိတော့ **သုံးကျွန်း လင်းခိုက် တစ်ကျွန်းမိုက်၍**၊ ဒီလိုဆိုတာရှိတယ်၊ နေကမြင့်မိုရ်တောင်ကို ပတ်သွား တာပေါ့လေ၊ ဒါ ဒီကအမြင်နဲ့ ပြောတာပေါ့လေ၊ လူ့ပြည်က ကြည့်လိုက်တဲ့အခါ ကျတော့နက္ခတ်တွေလည်း အဲဒီလို ပတ်သွားတယ်၊ အဲဒီလို ပတ်သွားတဲ့အခါကျတော့ မြင့်မိုရ်တောင်ကြီးက ရှိနေတော့ ဒီမြင့်မိုရ်တောင်က ကွယ်ထားတော့ ၃–ကျွန်း သာ လင်းနိုင်တယ်တဲ့၊ တစ်ကျွန်းမလင်းဘူးတဲ့၊ ဒီလို အဆိုရှိတယ်နော်၊ **သုံးကျွန်း လင်းခိုက်, တစ်ကျွန်းမိုက်**။

အဲဒီတော့ ပြောချင်တာက ဘာလည်းဆိုတော့ အိန္ဒိယနိုင်ငံမှာ နေ့ဖြစ်နေရင် ဒီမှာ ညဖြစ်နေတယ်၊ ဟုတ်တယ်မဟုတ်လား၊ အဲဒီနည်းနဲ့ပြောရင် အမေရိကဟာ မြောက်ကျွန်းလို့ဆိုနိုင်တယ်၊ မြောက်ကျွန်းရဲ့စရိုက်နဲ့တော့ သိပ်မကိုက်ဘူး ဆိုပါတော့ ဟုတ်လား၊ မြောက်ကျွန်းသူတွေက ငါးပါးသီလမြဲတာတို့ ဘာညာဆိုတာ ရှိတယ်၊ သို့သော် ခုန သုံးကျွန်းလင်းခိုက် တစ်ကျွန်းမိုက်ဆိုတာနဲ့ တွက်မယ်ဆိုရင် အမေရိကဟာ မြောက်ကျွန်းဖြစ်လောက်တယ်၊ Europe က အနောက်ကျွန်းဖြစ်မှာ ပေါ့၊ ဂျပန်တို့ဘာတို့ China အရှေ့အစွန်တို့က အရှေ့ကျွန်းဖြစ် မှာပေါ့၊ အဲဒီလို စကြဝဠာတစ်ခုတစ်ခု စကြဝဠာက ၃–ခု ၃–ခုဆိုင် ဆိုင်နေတယ်တဲ့၊ လင်ပန်း ၃– ချပ်တေ့ထားသလိုပေါ့။

အဲဒီစကြဝဠာ ၃–ခုတွေ့ခိုက်အလယ်မှာ ကွက်လပ်မရှိပေဘူးလား၊ လင်ပန်း ၃–ခုစပ်လိုက်ရင် အဲဒီကွက်လပ်ကို လောကန္တရိတ်ငရဲလို့ခေါ်တယ်၊ အဲဒီငရဲက စကြာဝဠာအကြားမှာ ရှိတဲ့ငရဲပေါ့လေ၊ ခုနက အရင်ပြောခဲ့တဲ့ ငရဲကြီး ၈–ထပ်က စကြဝဠာအတွင်း မြေကြီးထဲမှာရှိတယ်၊ သူက စကြဝဠာအကြားမှာရှိတယ်၊ အဲဒီမှာ ရှိတဲ့ ရေကလည်း အလွန်အေးတယ်တဲ့၊ နေ ဘယ်တော့မှ မပူဘူးတဲ့၊ အဲဒီမှာဖြစ်နေတဲ့ သတ္တဝါတွေကလည်း တောင်ကမ္ဘားယံတွေ ကုတ်ကပ်တက်နေရတာ၊ အမှောင်ကြီး

ထဲမှာပေါ့လေ၊ အဲဒီလိုဖြစ်, အကောင်ချင်း တွေ့ပြီးတော့ တစ်ခါတည်း သတ်ကြ, ရေထဲကျ, ရေထဲကျတော့ ရေကအေးလွန်းတော့ ကြေမွသွားတယ်၊ အဲဒီလိုရှိတယ်၊ အဲဒီလိုစကြဝဠာပေါင်းက အနန္တ ရှိတယ်တဲ့။

*

## ကမ္မစတုက္က

### ၁။ ကိစ္စ၏အစွမ်းဖြင့် ကံ ၄-မျိုး

၁။ ဇနကကံ – အကျိုးဝိပါက်ကို ပဋိသန္ဓေအခါ၌ဖြစ်စေ, ပဝတ္တိအခါ၌ ဖြစ်စေ, အခွင့်သင့်ရာအခါဝယ် မိမိကိုယ်တိုင် ဖြစ်စေနိုင်သောကံ။

၂။ ဥပတ္ထမ္ဘကကံ – ကိုယ်တိုင်ကား အကျိုးမပေးနိုင်၊ တပါးသောကံ အကျိုးပေးခွင့်ရလေအောင်, အကျိုးပေးခွင့်ရနေပြန်လျှင် အကျိုးပေးသန်လေအောင်,အကျိုးပေးသည့်အခါမှာလည်း ထိုအကျိုးများ ရှည်ကြာဖွံ့ဖြိုးလေအောင်,ကုသိုလ်အရာမှာဖြစ်စေ, အကုသိုလ်အရာမှာဖြစ်စေ, လျော်စွာ ထောက်မကူညီတတ် သောကံ။

၃။ ဥပပီဠက ကံ – တစ်ပါးသောကံကို အကျိုးပေးခွင့်မရလေအောင်, အခွင့်ရပြန်လျှင် အကျိုးပေးမထက်သန်အောင်, ရပြီးသောအကျိုးကိုလည်း မဖွံ့ဖြိုးလေအောင် ကပ်၍နှိပ်စက်တတ်သောကံ။

၄။ ဥပဃာတကကံ– နှိပ်စက်ရုံတွင်မက တစ်ပါးသောကံကို လုံးဝအကျိုးမပေးနိုင်အောင်, ပေးပြီးသောအကျိုးများကိုလည်း ပြတ်သွားအောင် သတ်ဖြတ်တတ်သောကံ။

### ၂။ အကျိုးပေးအလှည့်အစဉ်အားဖြင့် ကံ ၄-မျိုး

၁။ ဂရုက ကံ – တစ်ပါးသောကံတို့ မတားမြစ်နိုင်လောက်အောင် ကြီးလေး သောကံ။ (ကုသိုလ်အရာ၌ မဟဂ္ဂုတ်ကံများနှင့် အကုသိုလ်အရာ၌ ပဉ္စာနန္တရိယ ကံများ။

၂။ အာသန္နကံ – စုတေခါနီးလောလောဆယ်၌ ပြုအပ်သောကံ, သို့မဟုတ် ရှေးကပြုပြီးသားကို စုတေခါနီး၌ ထပ်၍အောက်မေ့အပ် (ဆင်ခြင်နေအပ်)သောကံ။

၃။ အာစိဏ္ဏကံ – နေ့စဉ်မပြတ် လေ့ကျက်အပ် ပြုအပ်သောကံ။

၄။ ကဋတ္တာ ကံ – ဂရုက အာသန္န အာစိဏ္ဏကံ အခြေအနေသို့ မရောက်တတ်ပဲ ဤဘဝ၌ သာမန်ပြုအပ်သောကံများနှင့် ရှေးရှေးဘဝက ပြုအပ်ခဲ့သောကံများ။

**၃။ အကျိုးပေးရာကာလနှင့်စပ်၍ ကံ ၄–မျိုး**

၁။ ဒိဋ္ဌဓမ္မဝေဒနီယ ကံ – မျက်မှောက် ပစ္စုပ္ပန်ဘဝ၌ အကျိုးပေးသောကံ။ (ပထမဇော စေတနာ)

၂။ ဥပပဇ္ဇဝေဒနီယ ကံ – နောက် ဒုတိယဘဝ၌ အကျိုးပေးသောကံ။ (သတ္တမဇော စေတနာ)

၃။ အပရာပရိယဝေဒနီယကံ – တတိယဘဝမှစ၍ နိဗ္ဗာန်ရသည့်တိုင်အောင် အကျိုးပေးသောကံ။ (အလယ်ဇော ၅–ချက် စေတနာ)

၄။ အဟောသိကံ – အကျိုးလုံးလုံးမပေးသောကံ။

**၄။ အကျိုးပေးရာ ဘုံဌာနနှင့်စပ်၍ ကံ ၄ မျိုး–**

၁။ အကုသိုလ် ကံ။

၂။ ကာမာဝစရကုသိုလ် ကံ။

၃။ ရူပါဝစရကုသိုလ် ကံ။

၄။ အရူပါဝစရကုသိုလ် ကံ။

**အကုသိုလ်ကံများ = အကုသလကမ္မပထ ၁၀–ပါး**

၁။ ကာယကံ ၃ – ပါး

၁။ သူ့အသက်သတ်ခြင်း – ဒေါသကြောင့်ဖြစ်။

၂။ သူ့ဥစ္စာကို ခိုးဝှက်တိုက်ခိုက် လုယ့်ပတ်၍ယူခြင်း – လောဘ ဒေါသကြောင့်ဖြစ်။

၃။ ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ခြင်း–လောဘကြောင့်ဖြစ်။

၂။ ဝစီကံ ၄–ပါး

၁။ လိမ်လည်ပြောဆိုခြင်း – လောဘဒေါသကြောင့်ဖြစ်။

၂။ ကုန်းတိုက်ခြင်း – လောဘဒေါသကြောင့်ဖြစ်။

၃။ ကြမ်းတန်းသောစကားကိုပြောခြင်း – ဒေါသကြောင့်ဖြစ်။

၄။ ပိန်ဖျင်းသောစကားကို ပြောခြင်း – လောဘဒေါသကြောင့်ဖြစ်။

၃။ မနောကံ ၃–ပါး

၁။ အဘိဇ္ဈာ – သူတပါးစည်းစိမ်ကို မတရားယူလိုမှု– လောဘကြောင့်ဖြစ်။

၂။ ဗျာပါဒ – သူတစ်ပါး၏ ပျက်စီးသေစေရန် ကြံစည်မှု–ဒေါသကြောင့်ဖြစ်။

၃။ မိစ္ဆာဒိဋ္ဌိ– အယူမှားမှု– လောဘကြောင့်ဖြစ်။

အကုသလကမ္မပထ ၁၀–ပါးသည် စိတ်အားဖြင့် အကုသိုလ်စိတ် ၁၂–ပါးပင်တည်း။

| | | |
|---|---|---|
| ကာမာဝစရကုသိုလ်ကံသည်လည်း | ကာယကံ | ကာယဒွါရ၌ဖြစ် |
| | ဝစီကံ | ဝစီဒွါရ၌ဖြစ် |
| | မနောကံ | မနောဒွါရ၌ဖြစ် |

ဟု ကမ္မဒွါရအားဖြင့် ၃–ပါးရှိ၏။

ထို့အတူဒါန သီလ ဘာဝနာ အားဖြင့် ၃–ပါးရှိ၏။

စိတ်အားဖြင့်ကား ၈–ပါးဖြစ်သည်။

ပုညကြိယာဝတ္ထုအားဖြင့် ၁၀–ပါးရှိသည်။

| | |
|---|---|
| ဒါန | ပေးကမ်းလှူဒါန်းမှု။ |
| သီလ | သီလဆောက်တည်မှု။ |
| ဘာဝနာ | ကမ္မဋ္ဌာန်း စီးဖြန်းမှု။ |
| အပစာယန | အရိုအသေပြုမှု။ |
| ဝေယျာဝစ္စ | သူများကုသိုလ်ကိစ္စ၌ ကူညီဆောင်ရွက်မှု။ |
| ပတ္တိဒါန | မိမိရသောကုသိုလ်အဖို့ကို အမျှဝေမှု။ |
| ပတ္တာနုမောဒန | မိမိသို့ရောက်လာသော ကုသိုလ်အဖို့ကို ဝမ်းမြောက်မှု။ |
| ဓမ္မဿဝန | တရားနာမှု။ |
| ဓမ္မဒေသနာ | လာဘ်လာဘကို မငဲ့ပဲ တရားဟောမှု။ |
| ဒိဋ္ဌိဇုကမ္မ | အယူကို ဖြောင့်မတ်စွာပြုမှု။ |

ပုညကြိယာဝတ္ထု ၁၀–ပါးကို ဒါနသီလ ဘာဝနာ ၃–ပါး၌ သွင်းပုံ

အပစာယန, ဝေယျာဝစ္စ ၂–ပါးကို သီလ၌ သွင်း၊

ပတ္တိဒါန, ပတ္တာနုမောဒန ၂–ပါးကို ဒါန၌သွင်း၊

ဓမ္မဿဝန, ဓမ္မဒေသနာ, ဒိဋ္ဌိဇုကမ္မ ၃-ပါးကို ဘာဝနာ၌သွင်း။
တစ်နည်း ဒိဋ္ဌိဇုကမ္မကို ဒါန, သီလ, ဘာဝနာ ၃-ပါးလုံး၌ သွင်း။

အကုသိုလ်ကံ စေတနာ ၁၂-နှင့် ကာမာဝစရကုသိုလ်ကံ စေတနာ ၈-ပေါင်းလျှင် ကာမာဝစရကံ ၂၀-ဖြစ်သည်။

ရူပါဝစရ ကုသိုလ်ကံကား မနောကံ တစ်မျိုးသာရှိသည်၊ ထိုမနောကံသည်လည်း ဘာဝနာတစ်မျိုးသာ၊ ယင်းသည်လည်း အပ္ပနာဈာန်သို့ရောက်သော မနောကံတည်း၊ ဈာန် အင်္ဂါယှဉ်ပုံအားဖြင့် ၅-ပါးရှိသည်၊ ပထမဈာန်စသည်။

အရူပါဝစရကုသိုလ်ကံသည်လည်း မနောကံတစ်မျိုးသာရှိသည်၊ ယင်းလည်း ဘာဝနာ တစ်မျိုးသာ၊ အပ္ပနာသို့ရောက်သော မနောကံတည်း၊ အာရုံအားဖြင့် ၄-မျိုးဖြစ်သည်။

### ကာမကံ အကျိုးပေးရာဘုံ

| | | | |
|---|---|---|---|
| ဥဒ္ဓစ္စကြဉ်အကု ၁၁ | အပါယ် ၄ | ပဋိ | အကုဝိ ဉသန္တီ |
| အကုသိုလ်ကံ ၁၂ | ကာမ ၁၁ | ပဝတ္တိ | အကုဝိရ |
| | ရူပ ၁၅ | ပဝတ္တိ | ဃာ, ဇိ, ကာကြဉ် အကုဝိ ၄ |
| မဟာကုသိုလ်ကံ ၈ | ကာမသုဂတိ ၇ | ပဋိ | ကုဝိ ဉသန္တီ၊ မဟာဝိ ၈ (၉) |
| | ။ | ပဝတ္တိ | မဟာဝိ၈၊ အဟိတ်ကုဝိ၈(၁၆) |
| | ရူပ ၁၅ | ပဝတ္တိ | ဃာ,ဇိကာကြဉ်အဟိတ်ကုဝိ ၅ |

**ကာမာဝစရကုသိုလ်ကံတို့တွင်လည်း**

တိဟိတ် ဥက္ကဋ္ဌ ကုသိုလ်ကံသည် **ပဋိသန္ဓေအခါ၌** တိဟိတ်ပဋိသန္ဓေ အကျိုးကို ပေးသည်။

တိဟိတ် ဥက္ကဋ္ဌ ကုသိုလ်ကံသည် **ပဝတ္တိအခါ၌** ဝိပါက်စိတ် ၁၆-ပါးကို ဖြစ်စေသည်။

တိဟိတ် ဩမက ကုသိုလ်ကံသည် **ပဋိသန္ဓေအခါ၌** ဒွိဟိတ်ပဋိသန္ဓေ ကျိုးကို ပေးသည်။

တိဟိတ် ဩမက ကုသိုလ်ကံသည် **ပဝတ္တိအခါ၌** တိဟိတ်မဟုတ်သော

ဝိပါက်စိတ် ၁၂–ပါးကို ဖြစ်စေသည်။

ဒွိဟိတ် ဥက္ကဋ္ဌ ကုသိုလ်ကံသည် **ပဝတ္တိအခါ၌** တိဟိတ်မဟုတ်သော ဝိပါက်စိတ် ၁၂–ပါးကို ဖြစ်စေသည်။

ဒွိဟိတ် ဩမက ကုသိုလ်ကံသည် **ပဋိသန္ဓေအခါ၌** အဟိတ်ပဋိသန္ဓေကျိုးကိုသာ ပေးသည်။

ဒွိဟိတ် ဩမက ကုသိုလ်ကံသည် **ပဝတ္တိအခါ၌** အဟိတ်ကုသလဝိပါက် ၈–ပါးကိုသာ ဖြစ်စေသည်။

| | | |
|---|---|---|
| တိဟိတ်ကုသိုလ် | – | ကုသိုလ်ပြုသောအခါ ကံ၏အကျိုးကိုသိသော ဉာဏ်ပါသော ကုသိုလ်။ |
| ဒွိဟိတ်ကုသိုလ် | – | ကုသိုလ်ပြုသောအခါ ကံ၏အကျိုးကိုသိသော ဉာဏ်မပါသောကုသိုလ်။ |
| ဥက္ကဋ္ဌကုသိုလ် | – | ရှေ့နောက် ကုသိုလ်ခြံရံသော ကုသိုလ် (အမြတ်စားကုသိုလ်) |
| ဩမကကုသိုလ် | – | ရှေ့နောက် အကုသိုလ်ခြံရံသော ကုသိုလ်(အညံ့စားကုသိုလ်) |

ကေစိ(အချို့)ဆရာတို့ကမူ အသင်္ခါရိကကုသိုလ်သည် သသင်္ခါရိကအကျိုးကိုမပေး၊ သသင်္ခါရိကကုသိုလ်သည် အသင်္ခါရိကအကျိုးကို မပေးဟု ဆိုကြသည်။

# ကာမာဝစရကုသိုလ်အကျိုးပေးပုံ

| ကံ | ဝိပါက် | | | |
|---|---|---|---|---|
| ကာမာဝစရ ကုသိုလ် | သမာနဝါဒ | | ကေစိ | |
| | အဟိတ်အကုဝိ | ကာမဝိ | အဟိတ်အကုဝိ | ကာမဝိ |
| ၁၊ တိဟိတ်၊ ဥ၊ အ | ၈ | ၁၂၃၄၅၆၇၈ | ၈ | ၁ ၃ ၅ ၇ |
| တိဟိတ်၊ ဩ၊ အ | ၈ | ၃၄ ၇၈ | ၈ | ၃ ၇ |
| ၂၊ တိဟိတ်၊ ဥ၊ သ | ၈ | ၁၂၃၄၅၆၇၈ | ၈ | ၂ ၄ ၆ ၈ |
| ဟိဟိတ်၊ ဩ၊ သ | ၈ | ၃၄ ၇၈ | ၈ | ၄ ၈ |
| ၃၊ ဒွိဟိတ်၊ ဥ၊ အ | ၈ | ၃၄ ၇၈ | ၈ | ၃ ၇ |
| ဒွိဟိတ်၊ ဩ၊ အ | ၈ | မရှိ | ၈ | မရှိ |
| ၄၊ ဒွိဟိတ်၊ ဥ၊ သ | ၈ | ၃၄ ၇၈ | ၈ | ၄ ၈ |
| ဒွိဟိတ်၊ ဩ၊ သ | ၈ | မရှိ | ၈ | မရှိ |
| ၅၊ တိဟိတ်၊ ဥ၊ အ | ၈ | ၁၂၃၄၅၆၇၈ | ၈ | ၁ ၃ ၅ ၇ |
| တိဟိတ်၊ ဩ၊ အ | ၈ | ၃၄ ၇၈ | ၈ | ၃ ၇ |
| ၆၊ တိဟိတ်၊ ဥ၊ သ | ၈ | ၁၂၃၄၅၆၇၈ | ၈ | ၂ ၄ ၆ ၈ |
| တိဟိတ်၊ ဩ၊ သ | ၈ | ၃၄ ၇၈ | ၈ | ၄ ၈ |
| ၇၊ ဒွိဟိတ်၊ ဥ၊ အ | ၈ | ၃၄ ၇၈ | ၈ | ၃ ၇ |
| ဒွိဟိတ်၊ ဩ၊ အ | ၈ | မရှိ | ၈ | မရှိ |
| ၈၊ ဒွိဟိတ်၊ ဥ၊ သ | ၈ | ၃၄ ၇၈ | | ၄ ၈ |
| ဒွိဟိတ်၊ ဩ၊ သ | ၈ | မရှိ | ၈ | မရှိ |

## ရူပါဝစရကုသိုလ် အကျိုးပေးရာဘုံ

ရူပါဝစရကုသိုလ်

| | | |
|---|---|---|
| ပထမဈာန် | အညံ့စား | ဗြဟ္မပါရိသဇ္ဇာ |
| | အလတ်စား | ဗြဟ္မပုရောဟိတ |
| | အမြတ်စား | မဟာဗြဟ္မာ |
| ဒုတိယဈာန် } တတိယဈာန် | အညံ့စား | ပရိတ္တာဘာ |
| | အလတ်စား | အပ္ပမာဏာဘာ |
| | အမြတ်စား | အာဘဿရ |
| စတုတ္ထဈာန် | အညံ့စား | ပရိတ္တာသုဘာ |
| | အလတ်စား | အပ္ပမာဏာသုဘာ |
| | အမြတ်စား | သုဘကိဏှာ |
| ပဉ္စမဈာန် | ရိုးရိုး | ဝေဟပ္ဖိုလ် |
| | နာမ်၌စက်ဆုပ်ပွား | အသညသတ် |

အနာဂါမ်ပုဂ္ဂိုလ်တို့သည် သုဒ္ဓါဝါသဘုံတို့၌ ဖြစ်ကုန်၏။

*** သဒ္ဓါ ဝီရိ၊ သတိ သမာ၊ ဓိ ပညာ၊ ငါးဖြာ ဣန္ဒြေခင်း။**
**သုဒ္ဓါဘုံ ငါး၊ ထက်သူများ၊ စံစား စဉ်တိုင်းသွင်း။**

## အရူပါဝစရကုသိုလ် အကျိုးပေးရာဘုံ

| | |
|---|---|
| အာကာသနဉ္စာယတနကုသိုလ် | အာကာသာနဉ္စာယတနဘုံ |
| ဝိညာဏဉ္စာယတနကုသိုလ် | ဝိညာဏဉ္စာယတနဘုံ |
| အာကိဉ္စညာယတနကုသိုလ် | အာကိဉ္စညာယတနဘုံ |
| နေဝသညာနာသညာယတနကုသိုလ် | နေဝသညာနာသညာယတနဘုံ |

ဤသို့လျှင် မဟဂ္ဂုတ်ကုသိုလ်ကံသည် ပိုင်းခြားသတ်မှတ်ထားအပ်တိုင်း သောဘုံ၌ မိမိနှင့်တူသောအကျိုးကို ပဋိသန္ဓေအခါတို့၌ ဖြစ်လေသည်။

# အဘိဓမ္မာသင်တန်း (၂၉)

## ဝီထိမုတ်ပိုင်း

### ကမ္မစတုက္က

ဒီကနေ့ မေလ ၂၉–ရက်။

လွန်ခဲ့တဲ့ အပတ်က လောကန္တရိတ်ငရဲအကြောင်း ပြောတာနဲ့ ပြတ်သွားတယ်၊ ဟို အများနားလည်တာက ငရဲကြီး ၈–ထပ်၊ ပြီးတော့ အဲဒီငရဲကြီး ၈–ထပ်မှာ အခြံအရံ ငရဲငယ်ပေါ့လေ၊ ဥဿဒငရဲ, အဲဒါတွေကတော့ နားလည်နေကြပြီ၊ အဲဒီ ငရဲတွေကတော့ မြေကြီးထဲမှာရှိတယ်၊ အဲဒီတော့ မြေကြီးထဲတင် မကပဲနဲ့စကြဝဠာ သုံးခုဆုံရာမှာရှိတဲ့ ငရဲရှိသေးတယ်၊ အဲဒါကို လောကန္တရိတ်ငရဲလို့ ခေါ်တယ်။

စကြဝဠာက ကျမ်းဂန်ကအတိုင်း ပြောရမယ်ဆိုရင် အဝိုင်းကြီး စကြဝဠာ တောင်ဆိုတာက ပတ်ပတ်လည်ရှိတယ်၊ အဲဒီအတွင်းမှာ မဟာသမုဒ္ဒရာဆိုတဲ့ ရေရှိတယ်၊ ကျွန်းကြီးလေးကျွန်းရှိတယ်၊ ကျွန်းကြီးတစ်ကျွန်းတစ်ကျွန်းမှာ ကျွန်းငယ် ငါးရာငါးရာ အခြံအရံရှိတယ်၊ အဲဒီကျွန်းကြီးလေးကျွန်းရဲ့ အတွင်းဘက်မှာတောင်စဉ် ၇–ထပ်နဲ့ သီတာ ၇–တန်ဆိုတာရှိတယ်၊ အဲဒီဟာတွေရဲ့ အလယ်မှာမှ မြင့်မိုရ်တောင် ဆိုတာရှိတယ်။

အဲဒီလို စကြဝဠာတွေဟာ မရေမတွက်နိုင်အောင်ရှိတယ်၊ အဲဒီမှာ စကြဝဠာ ၃–ခုဆုံတဲ့ နေရာမှာကျတော့ လင်ပန်း ၃–ခုဆုံတဲ့နေရာမှာ ကွက်လပ်ရှိနေသလိုပဲ

ကွက်လပ်ရှိတယ်၊ အဲဒီကွက်လပ်ထဲမှာလည်းရေတွေရှိတယ်လို့ ပြောတယ်၊ အဲဒီနေရာမှာက ဘယ်သောအခါမှာမှ နေရောင်မရဘူးတဲ့၊ နေရောင်မရတဲ့အတွက်ကြောင့်မို့ ရေက အလွန်အေးတယ်၊ အဲဒီငရဲမှာ သွားဖြစ်တဲ့ သတ္တဝါတွေဟာ လင်းနို့တွေလို နံရံကမ်းပါးတွေမှာ ကပ်တက်ပြီးတော့ နေကြတယ်ပေါ့လေ၊ နေကြရာကနေပြီးတော့ တစ်ကောင်နဲ့တစ်ကောင် တွေ့ကြတဲ့အခါ တစ်ခါတည်း ဖက်လုံးသတ်ကြတော့ ရေထဲကျသွားတာ၊ ရေထဲကျသွားတယ်ဆိုရင်ပဲသူတို့က ကြေမွသွားတယ်တဲ့၊ အဲဒါ လောကန္တရိတ်ငရဲလို့ ခေါ်တယ်၊ အဲဒါ ငရဲကြီး ၈–ထပ်ထဲမှာ မပါဘူး။

ကောင်းပြီ, ငရဲကြီး ၈–ထပ်ရယ်, လောကန္တရိတ်ငရဲရယ်၊ အဲဒီငရဲကြီး ၈–ထပ်က မြေကြီးထဲမှာရှိပြီးတော့ လူ့ဘုံက မြေကြီးပေါ်မှာ၊ ပြီးတော့ တခြားဘုံတွေကလည်း မြေကြီးပေါ်မှာရှိတယ်၊ မြင့်မိုရ်တောင်ထိပ်မှာ ရှိတာက တာဝတိံသာ၊ အဲဒီအထက်မှာကျတော့ ကောင်းကင်မှာ တည်ရှိကြတယ်၊ ယာမာ, တုသိတာ, စတဲ့ဘုံတွေ, အဲဒီဘုံတွေမှာလည်းပဲ ပဋိသန္ဓေနေတဲ့အခါ ဘယ်စိတ်နဲ့ ပဋိသန္ဓေနေတယ်ဆိုတာ၊ အရင်အပတ်တွေတုန်းက လေ့လာခဲ့ပြီးပြီ။

နောက်ဆုံးတစ်ခု ဘာကျန်သလဲ၊ ကျန်တယ်လို့သာပြောတာ၊ ပြောပြီးသားပါပဲ၊ ဘဝတစ်ခုမှာ ပဋိသန္ဓေစိတ်ရယ်, ဘဝင်စိတ်ရယ်, စုတိစိတ်ရယ် ၃–ခု တူရတယ်တဲ့၊ ဆိုပါတော့, အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်နဲ့ ပဋိသန္ဓေနေခဲ့ရင် အဲဒီသတ္တဝါဟာ တစ်ဘဝလုံးမှာဖြစ်တဲ့ ဘဝင်တွေကလဲ အဲဒီစိတ်ပဲ၊ သူသေတဲ့အခါမှာလည်း အဲဒီစိတ်နဲ့ပဲ စုတိကျမှာ။

ဒါကြောင့်မို့ **ဘဝတစ်ခု၊ သံ–ဘွင်စု၊ သုံးခုထပ်စမြဲ** လယ်တီဆရာတော်ဘုရားကြီးရေးထားတဲ့ လင်္ကာရှိတယ်၊ သံဆိုတာ ပဋိသန္ဓေ၊ ဘွင်ဆိုတာ ဘဝင်ပေါ့လေ၊ စု ဆိုတာက စုတိ၊ ဒါကြောင့်မို့ ဘဝတစ်ခုမှာ ပဋိသန္ဓေရယ် ဘဝင်ရယ်၊ စုတိရယ် ၃–ခုထပ်စမြဲတဲ့ အတူတူပဲလို့ ဆိုလိုတာ၊

* **ဘုံ, ဇာတ်, သံ, သင်, အာ, ငါးအင်, သံဘွင်စု မကွဲ**၊ သိပ်ကောင်းတယ်နော်၊ ဒီလင်္ကာလေးတွေဟာ ရထားရင် မေ့လည်းမမေ့ဘူး၊ ပြီးတော့လိုရင်းလေး အကုန်လုံး တစ်ခါတည်း ချုံးပြီးတော့ ထုတ်ပေးထားသလိုပဲ၊ ဘုံတဲ့၊ ဘုံအားဖြင့်လည်းတူတယ်၊ ဆိုလိုတာက ဘုံဆိုတာ၊ ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ ရှိတယ်မဟုတ်လား၊ အကယ်၍ ကာမာဝစရဝိပါက်နဲ့ ပဋိသန္ဓေနေခဲ့ရင် ကာမာဝစရဝိပါက်ပဲ ဘဝင်ဖြစ်မယ်၊ ကာမာဝစရ ဝိပါက်ပဲစုတိဖြစ်မယ်၊ ဒါမျိုးကို ခေါ်တာနော်၊

ဇာတ်ဆိုတာ ကုသိုလ် အကုသိုလ် ဇာတ်ပေါ့လေ၊ ဒီမှာတော့ အကုသိုလ်

ကုသိုလ်ရယ်လို့တော့ မရှိပါဘူး၊ ဝိပါက်ပါပဲ၊ ဝိပါက်ဇာတ်အားဖြင့် အတူတူပဲပေါ့နော်၊ အဲဒီတော့ ပဋိသန္ဓေစိတ်က ဝိပါက်ဖြစ်ရင် ဘဝင်စိတ်ကလည်း ဝိပါက်ဖြစ်မယ်၊ စုတိစိတ်ကလည်း ဝိပါက်ဖြစ်မယ်။

သံ ဆိုတာက သမ္ပယုတ္တဓမ္မကို ဆိုလိုတယ်၊ သမ္ပယုတ္တဓမ္မဆိုတာ ယှဉ်တာပြောတာ, သူတို့ယှဉ်တဲ့ စေတသိက်တွေလည်း အတူပဲပေါ့နော်၊ ပထမစိတ်က စေတသိက် (ဆိုပါတော့) ၁၀–ခုနဲ့ယှဉ်ခဲ့ရင် ဘဝင်လည်း စေတသိက် ၁၀–ခုနဲ့ ယှဉ်လိမ့်မယ်၊ စုတိလည်း ၁၀–ခုနဲ့ ယှဉ်လိမ့်မယ်။

သင်ဆိုတာက သင်္ခါရကို ပြောတာ, အသင်္ခါရိက သသင်္ခါရိကကိုပြောတာ၊ မဟာဝိပါက်စိတ်မှာဆိုရင် အသင်္ခါရိက သသင်္ခါရိက ဆိုတာရှိတယ်၊ အသင်္ခါရိက စိတ်နဲ့ ပဋိသန္ဓေနေရင် ဘဝင်ကျလည်း အသင်္ခါရိကပဲ၊ စုတိကျလည်း အသင်္ခါရိက စိတ်ပဲ။

အာဆိုတာ အာရုံ၊ အဲဒီတော့ ပဋိသန္ဓေစိတ်တွေမှာ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်လို့ အာရုံသုံးမျိုးရှိတယ် မဟုတ်လား၊ ပဋိသန္ဓေစိတ်က ကံကို အာရုံပြုခဲ့ရင် ဘဝင်စိတ်ကလည်း ကံကို အာရုံပြုတယ်၊ စုတိစိတ်ကလည်း အဲဒီကံကိုပဲ အာရုံပြုမှာ၊ ကမ္မနိမိတ် အာရုံပြုရင်လည်း ကမ္မနိမိတ်, ဂတိနိမိတ် အာရုံပြုရင်လည်း ဂတိနိမိတ်ပဲ အာရုံပြုမှာ၊ ဒါကြောင့် ဒီ ငါးမျိုးနဲ့ပတ်သက်ပြီးတော့ ပဋိသန္ဓေ, ဘဝင်, စုတိ စိတ်တွေဟာ မကွဲကြဘူးတဲ့၊

* **ဘုံ ဇာတ် သံ သင်, အာငါးအင်, သံဘွင် စုမကွဲ၊**

ဒါတစ်ဘဝမှာ တူမြဲတရားပေါ့၊ တူမြဲစိတ် ၃–ခုတဲ့၊ ဒီလိုဆိုရင် ဒါ ပဋိသန္ဓေစတုက္ကဆိုတဲ့ ပဋိသန္ဓေပိုင်း ဒီနေရာမှာ ကုန်သွားပြီနော်။

ဒီနေ့ ရှေ့သွားရမယ်။

ရှေ့သွားရမှာက ဘာလဲဆိုရင် ကမ္မစတုက္ကတဲ့၊ ကံပိုင်းပေါ့၊ ကံအကြောင်း စတုက္ကဆိုတာက ၄–ခု၊ အဲဒီတော့ ကံလေးမျိုး, လေးလီလို့ သူခွဲပြလိမ့်မယ်၊ ဒီ ကမ္မ စတုက္ကဟာ အရေးကြီးတယ်၊ ကံ ကံရဲ့ အကျိုးတရားသဘော,

ရှေးဦးစွာ ကံတွေ ဘယ်နှစ်မျိုးရှိတယ်, ဘာကံတွေ ဘာကံတွေဆိုတာကို မလေ့လာခင် ကံဆိုတာဘာလဲနားလည်ဖို့ အရေးကြီးတယ်နော်၊ အခုတော့ အဘိဓမ္မာ လုပ်နေဘော့ ရေးရေးတော့ နားလည်နေပြီနဲ့ တူပါတယ်နော်၊ များသောအားဖြင့်က ကံဆိုတာ ဘာလဲဆိုတာ ကံဆိုတာ အမှုပဲ, ကံဆိုတာ ပြုလုပ်တာ တစ်ခုပဲ, ဒီလိုပဲ ပြောလေ့ ရှိကြတယ်၊ ဟုတ်တယ်မဟုတ်လား၊ အလုပ်တစ်ခုခု လုပ်တာကို

ကံလို့ခေါ်တယ်၊ အလုပ်ကို ကံလို့ခေါ်တယ်၊ ပါဠိလိုကမ္မလို့ခေါ်တယ်၊ ဒါပေမယ်လို့ အဘိဓမ္မာနဲ့အညီ တိတိကျကျ ပြောမယ်ဆိုရင် ကံဆိုတာ (action)မဟုတ်ဘူး၊ ကံဆိုတာလုပ်တာ မဟုတ်ဘူး၊ အဲဒီလုပ်တဲ့ နေရာမှာ ပါတဲ့စေတနာ, အဲဒီစေတနာကို ကံလို့ခေါ်တာ။

စေတသိက် ၅၂–ပါးထဲမှာ စေတနာမပါဘူးလား, ပါတယ်နော်၊ အဲဒီစေတနာ စေတသိက်ကို ကံလို့ခေါ်တာ၊ သို့သော် စေတနာ စေတသိက်က စိတ်တိုင်းနဲ့ မယှဉ်ဘူးလား၊ ယှဉ်တယ်၊ ဒါပေမယ်လို့ ကံလို့ခေါ်ရတဲ့ စေတနာကတော့ စိတ်တိုင်းနဲ့ ယှဉ်တာကို မဆိုလိုဘူး၊ ကုသိုလ်စိတ် အကုသိုလ်စိတ်နဲ့ယှဉ်တာကို ဆိုလိုတယ်၊ ကုသိုလ်စိတ်နဲ့ ယှဉ်တဲ့စေတနာ၊ အကုသိုလ်စိတ်နဲ့ ယှဉ်တဲ့စေတနာ၊ အဲဒီစေတနာကို ကံလို့ခေါ်တာ။

ဒါကြောင့်မို့ တိတိကျကျပြောပါဆိုရင် ကံဆိုတာဘာလဲ၊ ကံဆိုတာ စေတနာ မြတ်စွာဘုရားဟောထားတဲ့ ပါဠိရှိတယ်၊ "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ" ဆိုလိုတာကတော့ စေတနာကိုပဲ ငါက ကံလို့ဆိုတယ်တဲ့၊ ကံနဲ့စေတနာ အတူတူပဲ လို့ဆိုတယ်၊ ဒါကြောင့်မို့ ကောင်းမှုတစ်ခုခုကို ပြုတဲ့အခါမှာဖြစ်စေ မကောင်းမှု တစ်ခုခုပြုတဲ့အခါမှာဖြစ်စေ စိတ်ဖြစ်တယ်၊ အဲဒီစိတ်နဲ့အတူဘာပါသလဲ၊ စေတနာ စေတသိက်ပါမယ်၊ အဲဒီစေတနာ စေတသိက်ကို ကံလို့ခေါ်တာနော်၊ အမှန်အတိုင်း ပြောမယ်ဆိုရင် ပြုခြင်းအမှုကို ကံလို့ခေါ်တာမဟုတ်ဘူး၊ သို့သော်လည်း အကြောင်း အကျိုးဆိုတဲ့ အနေနဲ့ ပြောမယ်ဆိုရင်တော့ (action နဲ့ reaction)နဲ့ ပြောရင်ရ ပါတယ်၊ generalize လုပ်ပြီး ပြောရင်ရပါတယ်။

သို့သော် တိတိကျကျ ပြောမယ်ဆိုရင်တော့ ကံဆိုတာ စေတနာ၊ အဲဒီ စေတနာကပြုလုပ်တဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ သို့မဟုတ် စိတ်ထဲမှာဖြစ်တာ၊ စိတ်ထဲမှာ ဖြစ်တယ်ဆိုတာ ကောင်းတာလုပ်ရင် ကုသိုလ်စိတ်ဖြစ်တယ်၊ မကောင်းတာလုပ်ရင် အကုသိုလ်စိတ်ဖြစ်တယ်၊ အဲဒီ ကုသိုလ်စိတ် အကုသိုလ်စိတ်နဲ့အတူတွဲပြီးတော့ ဖြစ်တဲ့စေ့ဆော်မှု သဘောတရား စေတနာ, တက်တက်ကြွကြွဖြစ်တဲ့ သဘောတရား၊ အဲဒီ သဘောတရားလေးကို ကံလို့ခေါ်တာ။

ကောင်းပြီ, အဲဒီတော့ စေတနာဟာ စေတသိက်တစ်ခု၊ စေတနာဟာ စေတသိက်တစ်ခု ဖြစ်တဲ့အတွက်ကြောင့်မို့ သူဟာ ဥပါဒ် ဌီ ဘင် ဖြစ်ပြီးရင် ချုပ် မသွားရပေဘူးလား၊ စိတ်ဟာ ဥပါဒ် ဌီ ဘင်ပြီးရင် ချုပ်ပျောက်သွားပြီ၊ ဖဿ စေတသိက် ဥပါဒ် ဌီ ဘင် ပြီးရင် ချုပ်ပျောက်သွားရပြီဆိုတော့ စေတနာဟာလည်း

ဒီအတိုင်းပဲပေါ့၊ ပရမတ္ထတရားတို့ရဲ့ သဘောအရ သူလည်းချုပ်ပျောက်သွားရတယ်။

သို့သော် သူက တခြားစေတသိက်တွေထက် ဘာထူးသလဲဆိုတော့ တခြားစေတသိက်တွေက ပျောက်ပြီဆိုရင် ပျောက်သွားတာပဲ၊ ဘာမှ မကျန်ရစ်တော့ဘူး၊ အရာထင်မကျန်ရစ်ခဲ့တော့ဘူး၊ ဒီ စေတနာကတော့ သူလည်းချုပ်ပျောက်သွားပေမယ်လို့ သူ့ရဲ့ အကျိုးပေးနိုင်တဲ့သတ္တိကို ချန်သွားတယ်၊ အဲဒါကျန်ရစ်တယ်၊ ပရမတ္ထအထည် ကိုယ် သဘောနဲ့ကတော့ သူကချုပ်ရမှာပဲ၊ မချုပ်လို့မဖြစ်ဘူး ဟုတ်လား၊ ဥပါဒ် ဌီ ဘင် ဆိုပြီးရင် ချုပ်သွားတာပဲ၊ အဲဒီလို ချုပ်သွားပေမယ်လို့ အကျိုးပေးနိုင်တဲ့ သတ္တိကို သတ္တဝါတွေရဲ့သန္တာန်မှာ သတ္တဝါတွေရဲ့စိတ်အစဉ်ထဲမှာ သူက ထားဖြစ်ခဲ့တယ်တဲ့၊ ဒါ သူရဲ့ထူးခြားချက်ပဲ၊ ဒါကြောင့်မို့လည်းပဲ တစ်ချိန်ကျတော့ ထပြီး အကျိုးပေးတာနော်၊ ပဋိသန္ဓေဖြစ်တယ်၊ ဟိုဘဝဖြစ်တယ်, ဒီဘဝဖြစ်တယ်, ဒါ ကံရဲ့အကျိုးကြောင့်ဖြစ်တာ။

အဲဒီတော့ ကံဟာ ထင်ရှားမရှိပေမယ်လို့ သူကတော့ ကံကတော့ချုပ်သွားတာပဲ၊ သို့သော် သူ့သတ္တိလေးက အစဉ်တစိုက် လိုက်ပါနေတော့ ဒီအခြေအနေကောင်းတွေနဲ့ ကြုံတဲ့အခါမှာ ကုသိုလ်ကံ ထ,အကျိုးပေးလိုက်တာပဲ၊ အခြေအနေမကောင်းတာနဲ့ ကြုံတဲ့အခါမှာ အကုသိုလ်ကံ ထပြီး အကျိုးပေးလိုက်တာပဲ၊ အဲဒီလို သူက ဒီ ချုပ်သွားပေမယ်လို့ သတ္တဝါတွေရဲ့သန္တာန်မှာ အကျိုးပေးနိုင်တဲ့သတ္တိကို ထားဖြစ်ခဲ့တယ်။

ဒါဖြင့်ရင် အဲဒီအကျိုးပေးနိုင်တဲ့ သတ္တိပဲပြောပြော, ကံလို့ပဲပြောပြော, အဲဒါ ဘယ်နားမှာရှိတယ်လို့ပြောနိုင်သလဲ၊ ဘယ်နားမှာရှိသလဲ၊ ဘယ်နေရာမှာ မြှုပ်နှံထား ခဲ့သလဲ၊ ဒါကတော့ ကိုယ်မပြောနဲ့, ရဟန္တာတောင် မဖြေနိုင်ဘူး၊ ဟုတ်လား၊ မိလိန္ဒမင်းကြီးက အဲဒါမေးတယ်၊ အရှင်နာဂသိန်ဖြေတာကို နားထောင်ပြီးတော့ "အရှင်ဘုရား နာဂသေနတဲ့, ဤရုပ်နာမ်ဖြင့် ကုသိုလ်ကံကိုလည်းကောင်း, အကုသိုလ်ကံကိုလည်းကောင်း ပြုလုပ်အပ်၏၊ သတ္တဝါဆိုတဲ့ ရုပ်နာမ်က ကုသိုလ်ပြုတယ်၊ အကုသိုလ်ပြုတယ်၊ ထိုကံတို့သည် အဘယ်၌တည်ရှိနေပါ ကုန်သနည်း"၊ အဲဒီကံတွေ ဘယ်သိမ်းထားသလဲ၊ ဘယ်မှာ စတို လုပ်ထားသလဲ။

အဲဒီတော့ ရှင် နာဂသိန်က ဖြေတယ်၊ "မင်းမြတ်, ထိုကံတို့သည် အစဉ်တစိုက် နောက်မှလိုက်သော အရိပ်ကဲ့သို့ အစဉ်တစိုက်နောက်မှ လိုက်တတ်ကုန်၏"တဲ့ အရိပ်လိုပဲ သတ္တဝါနောက်က ပါတယ်ပေါ့လေ၊ အရိပ်ပမာပါနေတယ်။

အဲဒီတော့ မိလိန္ဒမင်းကြီးကမေးတယ် "အရှင်ဘုရား၊ ဤနေရာ၌ လည်း

ကောင်း၊ ဤနေရာ၌လည်းကောင်း, ထိုကံတို့သည် တည်ရှိကုန်၏ဟု ပြခြင်းငှာ တတ်ကောင်းပါသလော" ဒီနားမှာရှိတယ်ကွ၊ ဟိုနားမှာရှိတယ်ကွလို့ ဒီလိုများ ပြောနိုင်ပါ့မလားဆိုတော့ "မင်းမြတ်, ဤနေရာ၌လည်းကောင်း, ဤနေရာ၌ လည်းကောင်း ထိုကံတို့သည် တည်ရှိကုန်၏ဟု ထိုကံတို့ကိုပြခြင်းငှာ မတတ်ကောင်း" မပြောနိုင်ဘူးတဲ့၊ ဒီနားမှာရှိတယ်ကွ၊ ဒီနားသိမ်းထားတယ်၊ ဟိုနားသိမ်းထားတယ်လို့ မပြောနိုင်ဘူးတဲ့၊ သို့သော် ရှိတော့ရှိနေတာပဲ၊ ရှိနေလို့လည်းပဲ အကျိုးတွေပေါ်တာပေါ့၊ ဒီကံ သို့မဟုတ် ဒီကံရဲ့သတ္တိသာ မရှိဘူးဆိုရင် အကျိုးမပေါ်နိုင်ဘူးနော်၊ အခု အကျိုးတွေ ပေါ်တာထောက်တော့ သူရှိတယ်။

အဲဒီတော့ မိလိန္ဒမင်းကြီးက "ဥပမာပြုတော်မူပါဦးလော့" ဥပမာလေးနဲ့ ပြောပါတဲ့၊ အဲဒီမိလိန္ဒပဥှာမှာ ဥပမာတွေနဲ့ချည်းပဲ၊ မိလိန္ဒမင်းကြီးကတော့ ဥပမာ အမြဲတမ်းတောင်းတယ်၊ "မင်းမြတ် ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ (မင်း ဘယ်လို ထင်သလဲတဲ့) အကြင်သစ်ပင်တို့သည် အသီးတို့ မသီးသေးကုန်၊ (သရက်ပင်စိုက်ထားတယ်ဆိုပါတော့၊ အသီးမသီးသေးဘူး) "ဤနေရာ၌လည်း ကောင်း၊ ထိုနေရာ၌လည်းကောင်း၊ ထိုအသီးတို့သည် တည်ရှိကုန်၏ဟု ထိုသစ်ပင် တို့၏ အသီးကိုပြခြင်းငှာ တတ်ကောင်းပါသလော" (အသီးတွေ အမြစ်ထဲရှိတယ်၊ သို့မဟုတ် ပင်စည်ထဲရှိတယ်၊ အကိုင်းထဲရှိတယ်၊ အရွက်ထဲရှိတယ်လို့ ဒီလိုပြောနိုင် သလားတဲ့၊ မပြောနိုင်ဘူးတဲ့။)

အဲဒီတော့ မိလိန္ဒမင်းကြီးက "အရှင်ဘုရား မတတ်ကောင်းပါ"တဲ့၊ "မင်းမြတ် ဤအတူသာလျှင် အစဉ်၏မပြတ်ခြင်းကြောင့်" (ဆိုလိုတာကတော့ သတ္တဝါတွေဟာ အစဉ်အတန်းကြီး ဒီလိုဖြစ်နေတာပေါ့လေ) တစ်ဘဝပြီးတစ်ဘဝ တစ်ဘဝပြီး တစ်ဘဝ သွားနေတဲ့ အစဉ်သန္တာန်ရှိတယ်) အဲဒီ"အစဉ်၏ မပြတ်ခြင်း ကြောင့် ဤနေရာ၌လည်းကောင်း, ဤနေရာ၌လည်းကောင်း, ထိုကံတို့သည် တည်ရှိကုန်၏ ဟု ပြခြင်းငှာ မတတ်ကောင်းတဲ့"နော်။

အဲဒီတော့ ရှင်နာဂသိန်တောင်မှ မပြနိုင်ဘူးဆိုရင်တော့ ဘယ်သူမှမပြနိုင်ဘူး၊ သို့သော် ပြတာမပြနိုင်တာ, ရှိတယ်လို့က ပြောရမှာပေါ့၊ ဥပါဒ် ဌီ ဘင် အနေနဲ့ ရှိတာမဟုတ်ဘူး၊ ဥပါဒ် ဌီ ဘင် အနေနဲ့ကတော့ ဖြစ်ပြီးချုပ်သွားပြီပေါ့၊ မရှိဘူး၊ သို့သော် တစ်နည်းနည်းနဲ့ ကျန်ရစ်တယ်တဲ့၊ ဒါ အတော်ဆန်းတယ်၊ သူကျန်ရစ်လို့ လည်းပဲ ဒီအခြေအနေတွေနဲ့ တွေ့လာတဲ့အခါမှာ အချိန်အခါကောင်း အချိန်အခါ မကောင်း၊ ဂတိကောင်း ဂတိမကောင်း, ဥပဓိကောင်း, ဥပဓိမကောင်း, ပယောဂ

ကောင်း, ပယောဂမကောင်းဆိုတဲ့ အခြေအနေတွေနဲ့ တွေ့တဲ့အခါမှာ ကောင်းတဲ့ အခြေအနေတွေနဲ့ တွေ့တဲ့အခါမှာ ကောင်းတဲ့ကံက အကျိုးပေးသွားတာပဲ၊ မကောင်းတဲ့ အခြေအနေတွေ ဖြစ်နေတဲ့အခါကျ မကောင်းတဲ့ကံက အကျိုးပေးသွားတာပဲ။

အဲဒါကြောင့်မို့ ကံဆိုတာ ဘယ်နားလာတယ်, ဘယ်နားသိမ်းထားတယ်လို့တော့မပြောနိုင်ဘူး၊ သို့သော်ကောင်းမှုကိုဖြစ်စေ, မကောင်းမှုကိုဖြစ်စေ ပြုတဲ့အခါ အထူးသဖြင့် တက်တက်ကြွကြွပြုရင် ပိုပြီးထင်ရှားတယ်ပေါ့လေ၊ စေတနာစေ့ဆော်မှုဟာ, အားထုတ်မှုဟာ ပိုထင်ရှားတယ်၊ သူဟာ ချုပ်သွားပေမယ်လို့ ခုန သတ္တဝါတွေရဲ့ အစဉ်သန္တာန်မှာ အကျိုးပေးနိုင်တဲ့ သတ္တိချန်ထားခဲ့တယ်၊ အဲဒါကြောင့်မို့ အကျိုးပေးတာ၊ အဲဒီတော့ ထင်ရှားမရှိသော်လပဲ အကျိုးပေးနိုင်တယ်။

အဲဒီနေရာမှာ တောင်မြို့ ဂန္ဓာရုံ ဆရာတော် ဦးဇနက ရေးတဲ့စာအုပ်ထဲမှာ တချို့ဆိုရင် မရှိပေမယ်လို့ ကြာမှ အကျိုးပေးတာတွေ အများကြီးရှိပါတယ်တဲ့၊ ဆိုပါတော့, စာကျက်ထားတယ်ဆိုပါတော့ အခုကကျက်ထားတယ်၊ ဟို နောင်ကျမှ သွားပြီးတော့ အကျိုးပေးတယ်, ဒါမျိုးတွေရှိတယ်၊ ငယ်ငယ်တုန်းက ကျန်းမာရေးဂရုစိုက်ခဲ့တယ်, အစားအသောက် ဂရုစိုက်ခဲ့တယ် အဲဒီလို နေခဲ့တဲ့အတွက်ကြောင့်မို့ ကြီးတဲ့အခါကျတော့ ကျန်းမာတယ်၊ အဲဒီလိုဟာတွေ အများကြီးရှိတယ်တဲ့၊ ဒါကြောင့်မို့ မရှိလို့ အကျိုးမပေးရဘူးလို့ ဒီလို တွက်လို့မရဘူးပေါ့၊ မရှိသော်လည်း သူတို့ရဲ့အကျိုးပေးဟာ တစ်ချိန်မှာ သွားပြီးတော့ ထင်ရှားတယ်နော်။

အဲဒါကြောင့်မို့ ကံဟာလည်းပဲ ထို့အတူပဲ ချုပ်သွားသော်လည်းပဲ မိမိရဲ့အစွမ်းသတ္တိကို သန္တာန်အစဉ်မှာထားပစ်ခဲ့တယ်၊ အဲဒီထားပစ်ခဲ့တဲ့ အတွက်ကြောင့်မို့ သူ အကျိုးပေးချိန် တန်တဲ့ အခါ(ဆိုကြပါစို့) ထ,ထပြီးတော့ အကျိုးပေးတယ်၊ ဒါကံရဲ့ သဘောပဲ။

ဒါကြောင့်မို့ ကံအကြောင်းပြောလာပြီဆိုရင် တိတိကျကျ ပြောလာပြီဆိုရင် စေတနာမှကံနော်၊ သို့သော် စေတနာဆိုတာ ပြုလုပ်တာနဲ့ ကင်းပြီးတော့ စေတနာဖြစ်နိုင်ပါ့မလား၊ မဖြစ်နိုင်ဘူး၊ အကုသိုလ်ပြုတာနဲ့ ကင်းပြီးတော့ အကုသိုလ်စေတနာ မဖြစ်နိုင်ဘူး၊ ကုသိုလ်ပြုတာနဲ့ ကင်းပြီး ကုသိုလ်စေတနာ မဖြစ်နိုင်ဘူး၊ အဲဒီတော့ မကင်းရာမကင်းကြောင်းအနေနဲ့ ပြောရင်တော့ အမှုဆိုတဲ့ ကောင်းမှုကုသိုလ်ဒါလည်းကံပေါ့၊ သို့သော် တိတိကျကျ ပြောမယ်ဆိုရင် စေတနာ စေတသိက်၊ အဲဒါမှ ကံ ကံ အကြောင်းကို အဲဒီလိုလေး သေသေချာချာ နားလည်ရမယ်။

ပြီးတော့ ဦးဇင်းတို့ ထေရဝါဒ ဗုဒ္ဓဘာသာမှာ ကံဆိုတာ ကံပဲနော်၊ ကံရဲ့ အကျိုးကို ကံလို့ ဘယ်သောအခါမှ မပြောဘူး၊ တချို့ အနောက်နိုင်ငံက လူတွေ ကံအကြောင်းရေးတဲ့အခါ သူတို့က ကမ္မဟာ (kamma and vipāka) ၂ခု စလုံးကို ဆိုလိုတယ်လို့ သူတို့က အဲဒါမျိုး လုပ်လုပ်နေကြတယ်၊ ဦးဇင်းတို့ ထေရဝါဒမှာတော့ ကံဆိုတာ အကြောင်းသက်သက်ပဲ၊ အကျိုးဆို ဟုတ်ကို မဟုတ်ဘူး၊ အကျိုးကို ဝိပါကလို့ခေါ်တာကိုးနော်၊ ကံဟာ အကြောင်းပဲ၊ အဲဒါကြောင့်မို့ အင်္ဂလိပ်လို ရေးတာတွေတွေ့ရင် သတိထားရမယ်။

အဲဒါနဲ့ပတ်သက်ပြီးတော့ ဟို ဉာဏ်လွန်တဲ့လူတွေအကြောင်း အဋ္ဌကထာ တွေမှာ တစ်နေရာမှာ ရေးထားတာရှိတယ်၊ အဲဒီတော့ အဘိဓမ္မာသင်ရောတဲ့၊ အဘိဓမ္မာသင်ပြီးတော့ သူက သိပ်ပြီးတော့ အတွေးခေါ်လွန် သွားရင် ဘာဖြစ်တတ်သလဲ၊ ပညာလွန်ရင် မာယာများတယ်တဲ့၊ တစ်ဘက်ကို ရောက်သွားတတ်တယ်ဆိုတာ ရှိတယ်နော်၊ သဒ္ဓါလွန်တော့ တွေ့ကရာ ယုံတတ်တယ်၊ ပညာလွန်တော့ ဟိုတွေး ဒီတွေးပြီးတော့ အတွေးတွေများကုန်တာ၊ အဲဒါနဲ့ ပတ်သက်ပြီးတော့ ပြောတဲ့နေရာမှာ စေတနာကို ဥပမာပေးထားတာရှိတယ်၊ အဘိဓမ္မာသိပ်တတ်ပြီးတော့ အဲဒီလို လမ်းမှားရောက်တဲ့သူတွေက ဘယ်လိုပြောလဲ "ကံဆိုတာ စေတနာ, စေတနာဆိုတာ စိတ်ထဲဖြစ်တာ၊ အဲဒီတော့ စိတ်ထဲ စေတနာဖြစ်နေရင်ပြီးတာပဲကွ၊ ဒါ လှူချင်တဲ့ စေတနာဖြစ်နေရင် ဒါနမြောက်တာပဲ၊ မင်း ဒါနလုပ်စရာ မလိုဘူး၊ သီလ ဆောက်တည်ချင်တဲ့ စေတနာဖြစ်နေရင်ပြီးတာပဲ၊ သီလဆောက်တည်စရာ မလိုဘူး" ပေါ့လေ၊ ဒါ အဲဒီလိုဆိုတော့ ဒါနလည်းမပြုဘူး၊ သီလလည်း မဆောက်တည်ဘူး ဆိုတော့ သူက ကောင်းရာမွန်ရာ မရောက်တော့ဘူးပေါ့လေ၊ အဲဒီလို အတွေးခေါ်လွန် သွားရင် ဖြစ်တတ်တယ်ဆိုတာ၊ ဒါနဲ့ အကြောင်းပြထားတာ။

ဒါပေမယ်လို့ သူတို့စဉ်းစားတာ မှားတာပေါ့၊ ဟုတ်တယ်မဟုတ်လား၊ ခုနပြောသလို လုပ်မှုကိုင်မှု မပါပဲနဲ့ စေတနာမှ မဖြစ်ပဲ၊ ဒါန စေတနာဆိုတာ ပေးတာမဟုတ်ဘူးလား၊ ဘာ တစ်ခုမှ မပေးပဲနဲ့ ထိုင်ပြီးတော့ ဒါန စေတနာလုပ်လို့ ရမလားနော်။

**မေး** – အရှင်ဘုရား အဲဒီလိုဆိုရင် တွေးတာဟာ ဝိတက်ဖြစ်မလား၊ သဒ္ဓါဖြစ်မလား ဘယ်လိုခေါ်မလဲ။

**ဖြေ** – ပညာ, အမှန်ကတော့ ပညာနဲ့တွေးတာ၊ ပညာနဲ့တွေးပေမယ်လို့ အတွေး လွန်သွားတော့ မာယာဆိုတာ ဖြစ်သွားတာ၊ ပါဠိလိုကျတော့ "ကေရာသိကံ ပက္ခံ

ပဇတိ"လို့ သုံးတယ်၊ စဉ်းလဲတဲ့ဘက် ရောက်သွားတယ်တဲ့၊ လူက သိပ်တတ်လာရင် ဒီလိုပဲမဟုတ်လား၊ သူများကို အနိုင်ယူပြီးတော့ အဟုတ်ကို မဟုတ်ပြော, မဟုတ်ကို အဟုတ်ပြော, ကြံဖန်ပြီးတော့ ပြောတတ်တယ် မဟုတ်လား၊ ပြောလိုက်ရင်ပဲ ဟုတ်သလိုပဲဆိုတော့ သူတို့ကို ယုံသွားတယ်၊ ခုနပြောသလိုပဲ စေတနာဆိုတာ နာမ်တရားပဲ၊ နာမ်တရားဆိုတာ မင်းစိတ်ထဲတွင်ဖြစ်တာ ဟုတ်တယ် မဟုတ်လား၊ အဲဒီတော့ လှူတဲ့စေတနာ မင်းစိတ်ထဲဖြစ်ရင် ပြီးတာပဲ၊ တကယ် မလှူပဲ ကုသိုလ်ရတာပဲဆိုရင် ဟုတ်သလိုလိုဖြစ်သွားတာပေါ့၊ ဒါပေမယ်လို့ ပစ္စည်းတစ်ခုခုပေးတာကို ဒါနလို့ခေါ်တာပေါ့၊ အဲဒီပစ္စည်းတစ်ခုခုကို မပေးပဲနဲ့ ဘယ်လိုလုပ်ပြီးတော့ ဒါနစေတနာဖြစ်မလဲ, မဖြစ်နိုင်ဘူး။

ကောင်းပြီ၊ ဒါ ကံအကြောင်းနော်၊ အဲသလို ကံအကြောင်းကို ကောင်းကောင်းနားလည်ရမယ်၊ အဲဒီကံတွေအကျိုးအမျိုးမျိုးရှိတယ်၊ အမျိုးမျိုးမှာ နောက်ဆုံးကျရင် ကုသိုလ်ကံ အကုသိုလ်ကံနဲ့သွားမယ်၊ သို့သော် အခုရှေ့ပိုင်းမှာတော့သုတ္တန်မှာ လာတဲ့ကံတွေကို သင်္ဂြိုဟ်ဆရာက ဒီမှာ ပြထားတယ်နော်၊ အဋ္ဌကထာ တွေမှာလည်း ဒါကိုပြတယ်၊ ဒါကြောင့်မို့ အဲဒီအစဉ်အတိုင်း ဒီနေ့ လေ့လာကြရမယ်။

ပထမဆုံး ဘာတဲ့တုန်း၊ ကိစ္စ၏အစွမ်းဖြင့် ကံ ၄–မျိုးတဲ့နော်၊ ကိစ္စဆိုတာ သူတို့ရဲ့ (function) ပေါ့လေ၊ ကံလေးမျိုးရှိတယ်တဲ့၊ အဲဒီကံ ၄–မျိုးက ပထမ ဘာကံတဲ့တုန်း၊ (၁) ဇနကကံ၊ ဇနကဆိုတာ ဖြစ်စေတတ်တယ်ဆိုတဲ့ အဓိပ္ပါယ်ရှိတယ်၊ သူ့သဒ္ဒါအနက်က ဇနက=ကံ ဖြစ်စေတတ်တယ် ဘာကို ဖြစ်စေတတ်တာတုန်း၊ အကျိုးဝိပါက်ကိုတဲ့၊ ပဋိသန္ဓေအခါ၌ဖြစ်စေ ပဝတ္တိအခါ၌ ဖြစ်စေ၊ ပဋိသန္ဓေအခါဆိုတာ တကယ့် ပဋိသန္ဓေစိတ်ရဲ့ ဥပါဒ်အခါမှာကိုဆိုလိုတာ၊ ဥပါဒ် ဌီ ဘင်ဖြစ်နေတုန်း ပဋိသန္ဓေလို့ခေါ်တာ၊ အဲဒီ ပဋိသန္ဓေနောက် ပထမ ဘဝင်ကစပြီးတော့ သေသည့်တိုင် ပဝတ္တိလို့ခေါ်တာ၊ ဒါကြောင့်မို့ ပဋိသန္ဓေ ဆိုရင် ပဋိသန္ဓေစိတ်ဖြစ်နေတဲ့ အခိုက်အတန့်ကို ဆိုလိုတယ်၊ ပဝတ္တိအခါဆိုရင် တစ်ဘဝလုံးကိုဆိုလိုတယ်၊ ပဋိသန္ဓေအခါ၌ဖြစ်စေ, ပဝတ္တိအခါ၌ဖြစ်စေ အခွင့်သင့်ရာ အခါဝယ် မိမိကိုယ်တိုင်ဖြစ်စေနိုင်သောကံ၊ ပဋိသန္ဓေအခါမှာ ပေးချင်ပေးမယ်၊ ပဝတ္တိအခါမှာ ပေးချင်ပေးမယ်၊ အဲဒီလို ကံမျိုးကို ဇနကကံလို့ခေါ်တယ်။

အကျိုးဝိပါက်ဆိုတာ ဝိပါက်စိတ်ရယ်, ဝိပါက်စိတ်နဲ့ယှဉ်တဲ့ စေတသိက်ရယ်, ကမ္မဇရုပ်ရယ်, ကံကြောင့်ဖြစ်တဲ့ရုပ်ရယ်၊ ကမ္မဇရုပ်ကတော့ နားမလည်သေးဘူး၊ ဒါ ရုပ်ပိုင်းကျလာလိမ့်မယ်၊ ပြီးတော့ အဲဒီကဆက်ပြီးဖြစ်တဲ့ ဥတုဇရုပ်ရယ်

ကမ္မပစ္စယဥတုဇတို့ ခေါ်တာပေါ့လေ၊ ကံကြောင့် ဥတုဇရုပ် ဆက်ဖြစ်တာနော်၊ ဒါ ပဋိသန္ဓေအခါမှာတင် မဟုတ်ဘူး၊ ပဝတ္တိအခါမှာရောပေါ့။

ဆိုပါတော့,ငရဲကျသွားတယ်၊ သူငရဲကျပြီးတဲ့နောက် ငရဲဒုက္ခတွေခံရတယ်၊ သင်တုန်းကြီးနဲ့ အဖြတ်ခံရတာတို့ ဘာတို့ညာတို့ပေါ့လေ၊ အဲဒါမျိုးတွေပေါ့၊ အဲဒါမျိုးတွေကို အကျိုးဝိပါက်လို့ခေါ်တယ်၊ ဒါကြောင့် အကျိုးဝိပါက်လို့ ပြောရင် ဘယ်လို နားလည်ရမလဲ၊ ဝိပါက်စိတ်ရယ်၊ ဝိပါက်စိတ်နဲ့ယှဥ်တဲ့ စေတသိက်ရယ်, ကမ္မဇရုပ်ရယ်, အဲဒီကမ္မဇရုပ်ကနေတစ်ဆင့် ထောက်ပြီးတော့ဖြစ်တဲ့ ဥတုဇရုပ်ရယ်၊ ဒါတွေကို အကျိုးဝိပါက်လို့ ဒီနေရာမှာခေါ်မှာ။

အဲဒါတွေကို ပဋိသန္ဓေအခါမှာ ဖြစ်စေ, ပဝတ္တိအခါမှာဖြစ်စေ, အခွင့်ရတဲ့ အခါမှာဖြစ်စေနိုင်တဲ့ ကံမျိုးကို ဇနကကံလို့ခေါ်တယ်၊ ဒါ ကုသိုလ်ဖြစ်ဖြစ် အကုသိုလ်ဖြစ်ဖြစ် ဖြစ်နိုင်တယ်ပေါ့နော်။

နောက် နံပါတ် ၂-က ဥပတ္ထမ္ဘကကံတဲ့၊ ဥပတ္ထမ္ဘကဆိုတာ ထောက်ပံ့တယ်လို့ အဲဒီလို အဓိပ္ပါယ်ရှိတယ်၊ ကိုယ်တိုင်ကအကျိုးမပေးနိုင်တဲ့၊ တစ်ပါးသောကံ အကျိုးပေးခွင့်ရလေအောင် ကူညီတတ်တဲ့ကံ၊ အဲဒီ နဂိုကံက အကျိုးပေးခွင့် ရနေပြန်ရင်လည်း အကျိုးပေးပိုပြီးတော့သန်အောင် သူက ကူညီပေးတယ်၊ အကျိုး ပေးတဲ့အခါမှာလည်းပဲ ထိုအကျိုးများကြာရှည်ဖွံ့ဖြိုးလေအောင်၊ သုံးချက်ရှိတယ်ပေါ့၊ ကိုယ်ကိုယ်တိုင်က အကျိုးမပေးနိုင်ပေမယ်လို့ တစ်ပါးသောကံ အကျိုးပေးခွင့်ရအောင်, အဲဒီကံက သူ့ဟာသူအကျိုးပေးခွင့် ရနေရင်လည်းပဲ အကျိုးပေးထက်သန်အောင်, နောက်အကျိုးပေးတဲ့အခါမှာလဲ ကြာရှည်ဖွံ့ဖြိုး အကျိုးပေးနိုင်အောင် ကုသိုလ်အရာ မှာဖြစ်စေ, အကုသိုလ်အရာမှာဖြစ်စေ, လျော်စွာထောက်ပံ့ ကူညီတတ်သောကံ (support) လုပ်တဲ့ကံ။

ဥပတ္ထမ္ဘကကံကလည်း အရေးကြီးတာပဲ၊ ဇနကကံက ဘဝတစ်ခုဖြစ်စေပြီ ဆိုရင် ဥပတ္ထမ္ဘကကံ တစ်ခါထောက်ပံ့ရင် အကောင်းချည်းတွေ့တာပေါ့၊ လူ့ဘဝမှာ အကောင်းချည်းတွေ့နေတာ ဥပတ္ထမ္ဘကကံ ထောက်ပံ့နေတာ အများကြီးပါတာပေါ့၊ ဒါကို ဥပတ္ထမ္ဘကကံလို့ခေါ်တယ်။

နောက်တစ်ခုက (၃) ဥပပီဠကကံတဲ့၊ ဥပပီဠကဆိုတာ ကပ်ပြီးတော့ နှိပ်စက်တတ်တယ်လို့ ဆိုတာ၊ တစ်ပါးသောကံကို အကျိုးပေးခွင့်မရအောင် သူက ဝင်နှောင့်ယှက်နေတာ, တားဆီးနေမှာ, အဲဒီလိုကံမျိုး၊ အခွင့်ရပြန်လျှင် အကျိုးပေး မထက်သန်အောင်၊ သူများ သူဟာသူအကျိုးပေးခွင့်ရ ပြန်လည်း သူကဝင်ပြီး

ကပ်ဖဲ့ယပ်ဖဲ့လုပ်မှာပေါ့၊ ဒီကံမျိုးတွေက ရပြီးသားအကျိုးကိုလည်း မဖွံ့ဖြိုးလေအောင် ရပြန်ရင်လည်း အကျိုးညံ့သွားအောင်ပေါ့လေ၊ ဘာခေါ်လဲ, ပြည့်ပြည့်ဝဝ အကျိုး မပေးအောင် အဲသလို ကပ်ပြီးတော့ နှိပ်စက်တတ်တဲ့ ကံမျိုးကို ဥပပီဠက ကံလို့ ခေါ်တယ်၊ ဒါကလည်းပဲ ကုသိုလ်ရော အကုသိုလ်ရော နှစ်မျိုးလုံးပဲ ဖြစ်နိုင်တယ်။

ကုသိုလ်ကို နှိပ်စက်တဲ့အခါမှာ အကုသိုလ်ကံပေါ့၊ အကုသိုလ်ကို နှိပ်စက်တော့ ကုသိုလ်ကံ၊ အကုသိုလ်နှိပ်စက်တော့ ကုသိုလ်ကံဆိုတာ ခွေးဖြစ်နေတယ်ဆိုပါတော့၊ ခွေးဖြစ်တယ်ဆိုတာ အကုသိုလ်ကံကြောင့်ခွေးဖြစ်တာ၊ အကုသလဝိပါက်, ဥပေက္ခာ သဟဂုတ် သန္တိရဏနဲ့ သူ ပဋိသန္ဓေနေတာ၊ ဒါပေမယ်လို့ ခွေးဘဝမှာ ဟန်ကျ ပန်ကျ နေရတယ်၊ စားကောင်းသောက်ကောင်းတွေ စားရတယ်၊ နေစရာ ကောင်းကောင်းနေရတယ်၊ အခု ဒီနိုင်ငံ(အမေရိကန်)က ခွေးတွေလိုပေါ့။။

ဒါက ဘာလဲဆိုရင် ကုသိုလ်ပီဠကကံက သူတို့ကို ဝင်ပြီးတော့ အကုသိုလ်ကံကို နှိပ်စက်ပေးနေတာ၊ သူ့ အကုသိုလ်အကျိုးပေးခွင့် အကျိုးပေးတာ မဖွံ့ဖြိုးအောင် လုပ်နေတာ။

အကုသိုလ်က ကောင်းကောင်းကြီး အကျိုးပေးမယ်ဆိုရင် ခွေးဘဝမှာလည်း ခွေးပိန်ခွေးနာဘဝနဲ့ ဒုက္ခရောက်နေရမှာကိုး၊ အခု ခွေးသာဆိုတယ်၊ တချို့နေရာတွေက လူတွေထက်တောင် သူတို့ကဟန်ကျသေးတယ်၊ အစားကောင်းစားရတယ်၊ ကျန်းမာရေးတို့ဘာတို့ ဆရာဝန်ဆီ မှန်မှန်ပို့ရတာတို့, ခြေသည်းလက်သည်း ဖြတ်ပေးရတာတို့, ရှန်ပူ လုပ်ရတာတို့, စုံနေတာပဲ၊

အဲဒီလို သူတို့ခံစားရတာတွေက ဘာလဲဆိုရင် ကုသိုလ်ဥပပီဠကကံက အကုသိုလ်ကံကို နှိပ်စက်ပေးတာ၊ အကုသိုလ်ကံကြောင့် ခွေးဖြစ်တယ်၊ သို့သော် ကုသိုလ်ဥပပီဠကကံက ဝင်ပြီးတော့ အဲဒီအကျိုးပေးကို ညံ့အောင်လုပ်လိုက်တော့ သူက ကောင်းတာလေးတွေ တွေ့နေတာပေါ့နော်၊ လူဖြစ်လာတယ်၊ ကုသိုလ်အကျိုး ကြောင့်ဖြစ်တယ်၊ လူ့ဘဝမှာ ကျိုးနေ,ကန်းနေ, ဆင်းရဲနေတာကျတော့ အကုသိုလ် ဥပပီဠကကံပေါ့နော်၊ ဒါကြောင့် တစ်ပါးသောကံကို အကျိုးပေးခွင့် မရလေအောင် အခွင့်ရပြန်လျှင် အကျိုးမထက်သန်အောင်, ရပြီးသား အကျိုးကိုလည်း မဖွံ့ဖြိုး လေအောင် ကပ်၍ နှိပ်စက်တတ်သောကံ၊ အကျိုးပေးခွင့် မရအောင်လည်း သူက နှိပ်စက်နိုင်တယ်၊ ကုသိုလ်အကျိုးပေးခွင့် မရလေအောင် အကုသိုလ်က နှိပ်စက်မယ်နော်၊ အကုသိုလ် အကျိုးပေးခွင့် မရအောင် ကုသိုလ်က နှိပ်စက်မယ်။

(၄) ဥပဃာတကကံဆိုတာ နှိပ်စက်တတ်တာနော်၊ ဒီနေရာမှာတော့

နိပ်စက်တယ်ဆိုတာ ဖြတ်ပစ်တဲ့သဘောရှိတယ်၊ ဒါကြောင့်မို့ နိပ်စက်ရုံတွင်မကပဲ ဟိုတုန်းကတော့ နိပ်စက်ရုံတင် နိပ်စက်တာ၊ ဒါကတော့ နိပ်စက်ရုံတင်မက တစ်ပါးသောကံကို လုံးဝ အကျိုးမပေးနိုင်အောင် သတ်ဖြတ်တတ်တဲ့ကံ, ပေးပြီးတဲ့ အကျိုးများကိုလည်း ပြတ်သွားအောင်သတ်ဖြတ်တတ်တဲ့ကံ၊ အဲဒီကံမျိုးကို ဥပဃာတကကံလို့ ခေါ်တယ်။

ဒါလည်း ကုသိုလ် အကုသိုလ် နှစ်မျိုးလုံးရှိတယ်ဆိုပါတော့၊ ပဋာနန္ဒ ရိယကံမျိုးကျတော့ နောက်ဘဝ အပါယ်ကို ကျကို ကျရမှာနော်၊ ရှောင်လို့လို မရဘူး၊ ဒါ ဥပဃာတကကံတွေပေါ့၊ အဇာတသတ်ဟာနောင်အခါမှာ ဘုရားကို သိပ်ကြည်ညိုသွားတယ်၊ ဘယ်လောက်ကြည်ညိုကြည်ညို အဖသတ်ထားတဲ့ ဥပဃာတကကံ၊ ပိတုဃာတကကံ ရှိထားတဲ့အတွက်ကြောင့်မို့ ငရဲပဲကျတယ်၊ ငရဲမလွတ်ဘူး၊ အဲဒါပေါ့၊ နိပ်စက်ရုံတင်မက တစ်ပါးသောကံကို လုံးဝ အကျိုးမပေးနိုင်အောင် ပြုလုပ်တတ်တယ်, အင်္ဂုလိမာလ လူတွေသတ်ထားတာ မနည်းဘူး ဟုတ်လား၊ လက်ညှိုးတစ်ထောင်လို့ ဆိုပေမယ်လို့ သူကသတ်ပြီးတော့ ဒီလက်ညှိုးဖြတ်ထားတော့ ကျိုးတွေက ချိသွား, ဘာတွေကချိသွားနဲ့ ဖြစ်နေတော့ ထပ်သတ်ရပြန်ပြီဆိုတော့ တစ်ထောင်ကမှာ မဟုတ်ဘူး၊ အဲဒီအကုသိုလ်ကံတွေ ဘယ်လောက်များသလဲ၊ ဒါပေမယ်လို့ အဲဒီ အကုသိုလ်ကံကို အရဟတ္တမဂ် ကုသိုလ်ကံက အကုန်လုံး သတ်ပစ်တာဖြစ်တော့ အကျိုးမပေးနိုင်တော့ဘူး။

ဒေဝဒတ်ဟာ ကုသိုလ်ကံကြောင့် လူဖြစ်တယ်, ရဟန်းဖြစ်တယ်, ဘုရားယောက်ဖတော်ဖြစ်တယ်, ဈာန်တွေဘာတွေရတယ်၊ ဒါပေမယ်လို့ တစ်ချိန်ကျတော့ ဘာဖြစ်သလဲ၊ မြတ်စွာဘုရားကို ပြိုင်ပြီးတော့ ပြစ်မှားပြီးတော့ မြတ်စွာဘုရားကို သွေးစိမ်းတည်အောင်ပြုတယ်၊ သံဃာအသင်းခွဲတယ်ဆိုတဲ့ အဲဒီ အကုသိုလ်ကံကြီးက ဖြတ်လိုက်တော့ နဂိုက ရထားတဲ့ ဈာန် အဘိဉာဉ်တွေ ကွယ်ပျောက်ပြီးတော့ သေသောအခါမှာလည်း အဝီစိကျတယ်၊ အဲဒီလို ဥပဃာတကကံ။

ဒါကြောင့်မို့ ဒီဥပပီဠကကက နိပ်စက်တာပေါ့လေ၊ ကပ်ဖဲ့ ယပ်ဖဲ့လုပ်တယ်၊ နိပ်စက်တယ်၊ အကျိုးပေးမထက်သန်အောင်လုပ်တယ်၊ ဒီကံကတော့ လုံးဝဖြတ်ပစ်လိုက်တာ၊ လုံးဝချေမှုန်းပစ်လိုက်တာပဲ၊ ဒါကို ဥပဃာတကကံလို့ ခေါ်တယ်။

ဒါကြောင့်မို့ သူကို့ရဲ့ကိစ္စအားဖြင့် ခွဲမယ်ဆိုရင် ကံ ၄- မျိုးရှိတယ်တဲ့၊ ဦးပုညရေးတဲ့ လေးချိုးလား ဘာလားရှိတယ်၊ ဦးဇင်းတော့ မရဘူး၊ ရကြလား၊ "အကုသိုလ်ဃာတကကယ်က, ယခုလိုလာ၍ဖြတ်သောကြောင့်" ဆိုလားဘာလား၊

သူသေခါနီးရေးသွားတာ, နောက်တော့ဖမ်းပြီး မြို့ဝန် ဦးသာအိုးက ဘုရင် မသိအောင် သတ်ပစ်တာလေ၊ သူ့ကို သတ်မယ်ဆိုတာ သိတဲ့အခါကျတော့ သူလင်္ကာတစ်ပုဒ်ရေးတယ်၊ အဲဒီမှာ "အကုသိုလ်ဃာတကကယ်က" သူလူ့ဘဝရနေ ပြီးတော့ ဥပဃာတကကံက ဝင်ဖြတ်လို့ ငါတော့သေရတော့မယ်ပေါ့၊ အတော် သနားစရာကောင်းတယ်၊ အဲဒါလေးတွေဟာ ဦးပုညလင်္ကာတွေက စကားလုံး သိပ်ပြောင်မြောက်တယ်၊ အယဉ်တော့ နည်းတယ်၊ သို့သော် စကားလုံးပြောင်တယ်၊ အချုပ်တန်း ဆရာဖေတို့ကျတော့ စကားလုံးယဉ်တယ်, တစ်မျိုးစီပဲ၊ အဲဒါက ဥပဃာတကကံတဲ့, အဲဒီလို ကံ ၄–မျိုး ရှိတယ်တဲ့၊ ဒါ အကျဉ်းပေါ့လေနော်။

နောက်တော့လည်း တခြားစာအုပ်တွေ ဖတ်စရာတွေ ဘာတွေရှိပါလိမ့်မယ်၊ ဟုတ်လား၊ ခုတော့ နည်းနည်းပါးပါး မှတ်မိရုံ, နားလည်ဖို့လောက်ကတော့ ဒါပဲ၊ ဒီနေ့ ဒါကြောင့်မို့ အပြည့်အစုံ အကုန်လုံး စာရေးလိုက်တယ်၊ နဂိုကတော့ နာမည်လေးပဲရိုက်မယ်လို့ စိတ်ကူးထားတာ၊ ဇနကကံ ဥပတ္ထမ္ဘကကံနဲ့, တော်ကြာ ပြောလည်း မှတ်မိဖို့လွယ်မှာ မဟုတ်ဘူးလေဆိုပြီးတော့ ဒါနဲ့ စာအုပ်ပါတဲ့ အကုန် ကူးပြီးတော့ ရိုက်ထားလိုက်တယ်၊ နည်းနည်းပိုပြီးတော့ အဓိပ္ပါယ် နားလည်သွား တာပေါ့။

ကောင်းပြီ, ကိစ္စ၏အစွမ်းဖြင့် ကံ ၄–မျိုး၊ အဲဒီတော့ ဒီကံ ၄– မျိုးမှာတော့ ကုသိုလ်ကံပဲ၊ အကုသိုလ်ကံပဲဆိုတာ ခွဲခြားပြီးတော့မထားဘူး၊ ကုသိုလ်လည်း ဖြစ်နိုင်တယ်၊ အကုသိုလ်လည်းဖြစ်နိုင်တယ်။

နောက်လေးခုတစ်စု တခါလာပြန်တယ်၊ ဒါကျတော့ ဘာ၏ အစွမ်းဖြင့်တဲ့ တုန်း, အကျိုးပေးအလှည့်အစဉ်အားဖြင့် ကံ၄–မျိုးရှိတယ်၊ ၄–ခုစလုံးပြုရင် ဘယ်ကံက အရင်အကျိုးပေးလိမ့်မယ်၊ ၃–ခုရှိရင် ဘယ်ကံကအရင်အကျိုးပေးလိမ့်မယ်၊ ၂–မျိုး ပြုထားတယ်၊ ဘယ်ကံက အကျိုးပေးမယ် စသဖြင့် အဲဒီလို အကျိုးပေး အစဉ်အား ဖြင့် ခွဲမယ်ဆိုရင် ၄–မျိုးရှိတယ်တဲ့၊ ဟိုဘက်ကကံနဲ့ ဒီဘက်ကကံတွေဟာ ဂရုကကံက ဟိုမှာ ဇနကကံဖြစ်မှာပဲ၊ ဥပထမ္ဘကလည်း ဖြစ်နိုင်တာပဲနော်၊ အဲဒီလို အလှည့်အစဉ်အားဖြင့် ၄–မျိုးတဲ့။

နံပါတ်တစ်ကံကို ဘာလို့ခေါ်လဲ ဂရုကကံတဲ့နော်၊ အတိုကောက်အားဖြင့်တော့ ဂရုကံ, ဂရုကံနဲ့ခေါ်ကြတယ်၊ အမှန်အတိုင်းခေါ်ရင်တော့ ဂရုကကံလို့ခေါ်ရမယ်၊ ဂရုဆိုတာ လေးတယ်လို့ ဆိုလိုတယ်၊ ကြီးလေးတဲ့ ကံမျိုးပေါ့လေ၊ ကုသိုလ်အရာမှာ ဖြစ်စေ၊ အကုသိုလ်အရာမှာဖြစ်စေ, ကြီးလေးတဲ့ကံမျိုး၊ တစ်ပါးသောကံကို

မတားမြစ်နိုင်လောက်အောင် ကြီးလေးတဲ့ကံတဲ့ ဘယ်လိုကံမျိုးတဲ့လဲ၊ ကုသိုလ်အရာ၌ မဟဂ္ဂုတ်ကံမျိုးများတဲ့, ကာမာဝစရရဲ့မဆိုင်ဘူး ဈာန်တွေပြောတာ၊ ရူပါဝစရဈာန်တွေ အရူပါဝစရဈာန်တွေ၊ ကုသိုလ်အရာ၌ မဟဂ္ဂုတ်ကံများနှင့် အကုသိုလ်အရာ၌ ပဉ္စာနန္တရိယကံများတ၊ ဒါတွေကို ဘာလို့ခေါ်သလဲ၊ ဂရုကကံတဲ့နော်၊ ကြီးလေးတဲ့ ကံဖြစ်တဲ့အတွက်ကြောင့်မို့ သူတို့ဟာ အကျိုးမပေးပဲ မနေဘူး, ပေးကိုပေးမှာတဲ့။

ဈာန်ရနေတယ်ဆိုပါတော့, ဈာန်ရပြီး ဒီပုဂ္ဂိုလ်သေရင် ဗြဟ္မာ့ပြည်ရောက်ကို ရောက်ရမယ်၊ ဈာန်ပျက်သွားရင်တော့ မရောက်ဘူးပေါ့၊ ဈာန်မပျက်ပဲနဲ့သာ သေသွားမယ်ဆိုရင် ဗြဟ္မာ့ပြည်ရောက်ကိုရောက်မယ်၊ တခြားကံကဝင်ပြီး မတားမြစ်နိုင် ဘူးနော်၊ အဲဒီလို ကံမျိုးတဲ့။

အကုသိုလ်အရာမှာဆိုရင် ပဉ္စာနန္တရိယကံတဲ့၊ ပဉ္စာနန္တရိယကံအကြောင်း ဟိုတစ်ခါတုန်းက ပြောပြီးပြီ၊ အမိသတ်တာ, အဖသတ်တာ, ရဟန္တာသတ်တာ, ဘုရားရှင်ကို သွေးစိမ်းတည်အောင်ပြုတာ, သံဃာအသင်းခွဲတာ၊ အဲဒီ ငါးမျိုးမှာလည်းပဲ သံဃာအသင်းခွဲတာက အပြစ်အကြီးဆုံးတဲ့၊ သံဃာအသင်းခွဲတာ နောက်ကျတော့ မြတ်စွာဘုရား သွေးစိမ်းတည်အောင် ပြုတာက အပြစ်ကြီးတယ်၊ အဲဒီနောက်ကျတော့ ရဟန္တာသတ်တာက အပြစ်ကြီးတယ်၊ အဲဒီနောက်ကို အမိနဲ့အဖနှစ်မျိုးရှိရာ, အမိရော အဖရောက သီလသိက္ခာချင်း ညီမျှနေရင် အမိသတ်တာက အပြစ်ကြီးတယ်၊ ဘာလို့လည်းဆိုတော့ အမေက ပို ကျေးဇူးများလို့တဲ့၊ သီလသာရင်တော့ သာတဲ့ပုဂ္ဂိုလ် သတ်တာက ပိုပြီးတော့ အပြစ်ကြီးတယ်ပေါ့လေ၊ အဲဒီလိုသွားတယ်။

အဲဒ ၅-မျိုးမှာလည်း အမိသတ်တာ, အဖသတ်တာဆိုတာ သိပ်ကြောက် စရာကောင်းတယ်နော်၊ တောလိုက်သွားရင်းဆိုပါတော့, ကိုယ်ကသေနတ်နဲ့ ပစ်လိုက်တယ်၊ မတော်တဆနဲ့ ကိုယ့်အဖေမှန်သွားတယ်ဆိုရင် အဲဒါ ဒီကံထိုက် တယ်တဲ့၊ မသိလည်းထိုက်တာပဲ၊

ရဟန္တာသတ်တယ်ဆိုပါတော့၊ သတ်တုန်းက မသေဘူးဆိုပါတော့ ဟုတ်လား၊ ရဟန္တာကလည်း ရှေ့ဖြစ်ချင်မှဖြစ်ဦးမှာ, သို့သော် ကိုယ်က ရိုက်လိုက်တယ်ဆိုပါတော့ ပြီးတော့မှ သူက အားထုတ်ပြီး ရဟန္တာဖြစ်သွားပြီးမှ သေတယ်ဆိုရင်လည်း ရဟန္တာ သတ်တာပဲတဲ့၊ ကိုယ့်လက်ချက်နဲ့ပဲ ဒီပုဂ္ဂိုလ်သေရတာကိုး၊ ချက်ခြင်းသေတာ မဟုတ်ပေမယ်လို့ ဓိဝိတိန္ဒြေက သူနဂိုနေမယ့်အတိုင်းမနေပဲနဲ့ တိုပြီးတော့ ပြတ်သွား တာကို၊ အဲဒါကြောင့်မို့ အတော့်ကို ကြောက်စရာကောင်းတယ်၊ အဲဒါတွေက အဲဒီ ပဉ္စာနန္တရိယကံကို ဘာကံထဲထည့်တုန်း၊ ကရုကကံထဲ ကြီးလေးတဲ့ကံထဲထည့်တယ်၊

ဟုတ်တာပေါ့နော်၊ ဒီကံမျိုးကတော့ သိပ်ကြောက်စရာကောင်းတယ်၊ ပဋ္ဌာနန္တရိယကံ ဟိုတစ်ခါ ပြောခဲ့ပါသေးတယ်၊ အန္တရာယ်ငါးပါး နော်၊ ကောင်းပြီ။

ဂရုကကံပြီးတော့ ဘာတဲ့တုန်း၊ အာသန္နကကံတဲ့၊ မြန်မြန်ခေါ်လိုက်တဲ့ အခါကျတော့ အာသန္နကံလို့ခေါ်တယ်၊ အာသန္နဆိုတာ နီးတယ်လို့ဆိုတယ်၊ အဲဒါ နီးတဲ့ကံ၊ နီးတဲ့ကံဆိုတာ စုတေခါနီး သေခါနီး လောလောဆယ်၌ပြုအပ်သောကံ, သေခါနီးကျမှ ပြုအပ်တဲ့ကံမျိုး, အဲဒီကံမျိုးကို အာသန္နကံလို့ခေါ်တယ်၊ သို့မဟုတ် ရှေးကပြုပြီးတာကို စုတေခါနီး၌ ထပ်၍ အောက်မေ့အပ် ဆင်ခြင်နေ အပ်သောကံ၊ ဟို ရှေးတုန်းက ပြုခဲ့တဲ့ကံပဲ၊ အခုထပ်ပြီးတော့ သတိရနေတာ အဲဒီကံမျိုးကိုလည်း အာသန္နကံ, သေခါနီးကပ်ပြီးတော့ ပြုတဲ့ကံ, သေခါနီးကပ်ပြီးတော့ သတိရတဲ့ကံလို့ ဆိုလိုတယ်၊ ဒါ အာသန္နကံတဲ့။

အာသန္နကံမှာလည်း ကုသိုလ် အကုသိုလ် နှစ်မျိုးပဲပေါ့၊ စုတေခါနီး လောလောဆယ် ပြုအပ်သောကံ၊ ဒါကြောင့်မို့ သေခါနီးမှာ ထပြီးတော့ဘာမှ မလုပ်ပေမယ်လို့ စိတ်ထဲက ဒေါမနဿဖြစ်နေတယ်၊ သို့မဟုတ် အစွဲအလန်းကြီးတွေနဲ့ သေသွားတယ်ဆိုရင် အဲဒါ ကောင်းရာမွန်ရာ မရောက်တော့ဘူး၊ ဒေါသနဲ့သေရင် ငရဲကျတတ်တယ်၊ ဟုတ်လား၊ သရဲတွေ ဘာတွေလည်းဖြစ်တတ်တယ်လို့ ဆိုတယ်၊ လောဘနဲ့ သေရင်လည်းပဲ ပြိတ္တာတို့ဘာတို့ ဖြစ်တတ်တယ်၊ အဲဒါကြောင့်မို့ စုတေခါနီး လောလောဆယ်မှာ ပြုအပ်တဲ့ကံ သို့မဟုတ် နောက်တုန်းက ပြုတာကိုပဲ စုတေခါနီးမှာ သတိရတဲ့ကံ, အောက်မေ့တဲ့ကံမျိုးကို အာသန္နကံလို့ ခေါ်တယ်။

စုတေခါနီးမှာပဲ ကောင်းမှုကုသိုလ်ပြုလို့ တစ်သက်လုံးက မကောင်းတာ လုပ်ပေမယ်လို့ ချက်ချင်းကတော့ဖြင့် ကောင်းတဲ့ဘဝရောက်သွားတယ်၊ ဒါမျိုးတွေ လည်းရှိတာပဲ၊ ဒါကြောင့်မို့ ဦးဇင်းတို့ ဗုဒ္ဓဘာသာဝင်တွေအဖို့မှာ သေခါနီး အရေးကြီးတယ်၊ သေခါနီး မိတ်ဆွေကောင်းဖို့ ရှိဖို့အရေးကြီးတယ်၊ သေခါနီးမှာ သေမယ့်သူ စိတ်အနှောင့်အယှက် မဖြစ်စေဖို့ သူ့စိတ်ကောင်းကောင်း မွန်မွန်နဲ့ သေအောင်, သေနိုင်အောင် ကိုယ်က ကူညီပေးနိုင်ဖို့ပေါ့လေ၊ အဲဒီလို မိတ်ဆွေမျိုး အရေးကြီးတယ်၊ ဒီ အာသန္နကံကလည်းပဲ သူက အကျိုးပေးတဲ့အခါ ကျတော့ သူက အရင်ထွက်ပြီးတော့ အကျိုးပေးတာ၊ ဂရုကကံတော့ ထားပေါ့လေ၊ အာသန္နကံနဲ့ အာစိဏ္ဏကံ ၂–မျိုးမှာဆိုရင်။

အဲဒီတော့ ဒီနေရာမှာ သောဏမထေရ်ရဲ့ ဖခင်ကြီးဝတ္ထု အရင်လည်း ပြောဖူးပါတယ်၊ မုဆိုးကြီးလုပ်ထားပြီးတော့ နောင်ကြီးရင့်တဲ့အခါကျတော့

ရဟာန်းပြုပေးထားတယ်၊ သေခါနီးကျတော့ ငရဲနိမိတ်တွေ ထင်တာလေ၊ အဲဒီနိမိတ်တွေကို ပြောင်းပေးတာ၊ ကလျာဏမိတ္တဆိုတာ အဲဒါမျိုးပဲ၊ သားလည်းဖြစ် ရဟန္တာလည်းဖြစ်ဆိုတော့ အကောင်းဆုံးမိတ်ဆွေ ရသွားတာကိုးနော်၊ ဒါ သိပ်အရေးကြီး တယ်၊ အဲဒီလို မိတ်ဆွေမျိုးမရပဲ မိတ်ဆွေဆိုးရရင်တော့ ဒုက္ခပဲ၊ အဲဒါ အာသန္နကံတဲ့။

နောက်တစ်ခုက အာစိဏ္ဏကံတဲ့၊ နေ့စဉ်မပြတ်လေ့ကျက်အပ် ပြုအပ်သောကံတဲ့၊ ဒါကတော့ အမြဲတမ်းပြုနေတဲ့ ကံမျိုးပေါ့၊ နေ့စဉ်ဘုရားရှိခိုးတာရှိတယ်၊ ပုတီးစိပ်တာရှိတယ်၊ တရားထိုင်တာရှိတယ် ပြီးတော့ အလှူအတန်းပြုတာတွေရှိတယ်၊ ဒါတွေဟာ နေ့စဉ်မပြတ် လေ့ကျက်အပ်တဲ့ အာစိဏ္ဏကံတဲ့၊ ပြီးတော့ တစ်ခါပြုထားပြီးတဲ့နောက် ခဏခဏ အောက်မေ့အပ် သတိရအပ်တဲ့ ကံမျိုးလည်း အာစိဏ္ဏကံပါပဲ၊ မပြတ်လေ့လာ အပ်တယ်လို့ ဆိုလိုတာပေါ့။

အာစိဏ္ဏကံကလည်း တကယ်အားကိုးရတယ်၊ ဘာလို့လဲဆိုတော့ ဒီအာစိဏ္ဏကံ သည်ပင် တော်ကြာကျ အာသန္နကံဖြစ်တယ်၊ အမြဲတမ်းကိုယ်က အလေ့အလာ လုပ်ထားတော့, အမြဲတမ်းပြုထားတော့ သေခါနီးကျတော့ သူက လာပေါ်တော့ တာပေါ့၊ ဒီအာစိဏ္ဏကံသည်ပင်အာသန္နကံ ဖြစ်လာနိုင်တယ်၊ ဒါကြောင့်မို့ ဦးဇင်းအဖေ ဒကာကြီးကတော့ "တပည့်တော်တော့ အာသန္နကံ အားမကိုးဘူး ဦးဇင်းတဲ့, အာစိဏ္ဏကံပဲ အားကိုးတယ်"တဲ့၊ နေ့တိုင်းကြိုးကြိုး စားစားလုပ်တယ်၊ မနက် ၃–နာရီက ဘုရားရှိခိုး, ပုတီးစိပ်, မေတ္တာပို့, မေတ္တာဆို ကျကျနနပို့တာ၊ သာမန်တစ်ခေါက် နှစ်ခေါက်ပို့တာ မဟုတ်ဘူး၊ ဆိုပါတော့, ကြည်ညိုတဲ့ ပုဂ္ဂိုလ်တွေ တွေးထားတယ်၊ ဘုန်းကြီးတွေရော, လူတွေရောပေါ့လေ၊ ၂၀/၃၀ ရှိတယ်၊ အဲဒါတစ်ယောက် တစ်ယောက်ကို အကြိမ် ၂၀–၂၀ ပို့တာဆိုတော့ အဝေရာဟောန္တု, အဗျာပဇ္ဇာဟောန္တု, အနိဃာဟောန္တု, သုခီအတ္တာနံ ပရိဟရန္တုဆိုပြီးတော့ တစ်ယောက် တစ်ယောက်ကို အကြိမ် ၂၀–၂၀ ပို့တာ၊ သူကတော့ အဲဒါပဲ၊ အာစိဏ္ဏကံ အားကိုးတယ်၊ အာသန္နကံက မရေရာဘူးတဲ့၊ ဒါကြောင့် အာစိဏ္ဏကံလည်း အရေးကြီးတယ်။

အခု ဟို board မှာ ကပ်ထားတာ ဘာတုန်း၊ ဂတိမြဲတဲ့ ပုဂ္ဂိုလ်ဆိုတာ, အဲဒါတွေ ဖတ်သွားကြဦးနော်၊ အဲဒါလည်း အာသန္နကံပဲ၊ အကြင်ပုဂ္ဂိုလ်ဟာ ဆွမ်းလှူလေ့ရှိတယ်၊ ကျောင်းလှူဖူးတယ် ဘာညာပေါ့လေ၊ စာရေးတံမဲ ချပြီးတော့ လှူလေ့ရှိတယ်, ဝါဆိုသင်္ကန်းလှူလေ့ရှိတယ်၊ အဲဒါဟာ အမှန်ကတော့ အာစိဏ္ဏကံ တွေပဲ၊ အဲသလို အာစိဏ္ဏကံရှိတဲ့သူတွေလည်း သောတာပန်တွေလိုပဲ နောက်ဘဝ

ဂတိသေချာတယ်ပေါ့လေ၊ ကောင်းရာမွန်ရာ ရောက်သွားတယ်၊ ဒီတော့ အာသန္နကံနဲ့ အာစိဏ္ဏကံ ဒီနှစ်ခု, အဲဒါ မှတ်ထားရမယ်၊

နောက်တစ်ခုကတော့ ကဋတ္တာကံတဲ့, ကဋတ္တာကံက ဂရုက အာသန္န အာစိဏ္ဏကံအခြေအနေသို့ မရောက်တတ်လည်း ဤဘဝ၌ သာမန်ပြုအပ် သောကံများတဲ့၊ အမှတ်တမဲ့ ပြုအပ်တဲ့ကံတွေလည်းရှိသေးတယ်၊ ပြီးတော့ ရှေးရှေးဘဝက ပြုအပ်ခဲ့တဲ့ကံများတဲ့၊ အဲဒီကံတွေကိုတော့ ကဋတ္တာကံတဲ့၊ ကဋတ္တာဆိုတာ ပြုအပ်သောကြောင့်လို့အဓိပ္ပါယ်ရှိတယ်၊ အဲဒီတော့ ကဋတ္တာကံဆိုတာ ပြုအပ်သောကြောင့်ကံခေါ်တာ၊ ဒါပေမယ့် သိပ်မဟုတ်တတ်ဘူးပေါ့လေ၊ ကံမည်ရုံ မျှပေါ့၊ ဂရုကကံမျိုးလို အာသန္န အာစိဏ္ဏကံမျိုးလို အစွမ်းမထက်ဘူးပေါ့၊သို့သော် သူကလည်း ပြုအပ်တာဖြစ်တဲ့အတွက်ကြောင့်မို့ ကံလိုတော့ ခေါ်ရတယ်၊ အဲဒီကံမျိုးကို ကဋတ္တာကံလို့ခေါ်တယ်၊ ဒီလိုကံလည်း အများကြီးရှိပါတယ်၊ အမှတ်တမဲ့ ပြုတာတွေ အများကြီးရှိတယ်နော်၊ ကောင်းတာဖြစ်ဖြစ် မကောင်းတာဖြစ်ဖြစ်နော်၊ ပြီးတော့ ဟို ရှေးရှေးဘဝက ပြုတဲ့ကံတွေတဲ့။

ကောင်းပြီ ဒီကံ ၄–မျိုးမှာ ၄–မျိုးစလုံး ပြုမိထားတယ်ဆိုပါတော့၊ ၄–မျိုးစလုံးပြုမိထားရင် ဘယ်ကံ အကျိုးပေးမလဲ၊ ဂရုကကံ အကျိုးပေးမယ်နော်၊ အကယ်၍ အာသန္နကံနှင့် အာစိဏ္ဏကံ ၃–ခုထားပါတော့၊ အောက်၃–ခု ပြုမိထားတယ်ဆိုရင် အာသန္နကံက အကျိုးပေးမယ်နော်၊ အောက် ၂–ခုပြုမိထားတယ်ဆိုရင် အာစိဏ္ဏကံက အကျိုးပေးမယ်၊ အထက် ၃–ခု ဘာမှမရှိဘူးဆိုရင်တော့ ဒီကဋတ္တာကံက ဝင်ပြီးတော့ အကျိုးပေးချင် ပေးလိမ့်မယ်နော်၊ အဲဒီလို အကျိုးပေးအလှည့်အစဉ်အားဖြင့် ကံ ၄–မျိုး ရှိတယ်။

အဲဒီတော့ အာသန္နကံနှင့် အာစိဏ္ဏကံမှာ မကျေနပ်စရာလေး တစ်ခုရှိတယ်၊ အာစိဏ္ဏကံက တစ်ဘဝလုံးအတွက် တစ်ခါတည်း အမြဲတမ်းဆိုပါတော့ မပြတ်ပြုလုပ်လာရတာ၊ လေ့လာအားထုတ်လာရတာ၊ အာသန္နကံက နီးမှပြုလုပ်ပြီးတော့ သူက အကျိုးပေးသွားတယ်၊ မခံချင်စရာ မကောင်းဘူးလား၊ ဘယ့်နှယ် အာစိဏ္ဏကံနဲ့ လုပ်လာပြီးတော့ အာသန္နကံလေး ကောင်းတာမကောင်းတာနဲ့ ဟိုဘဝ ဖြစ်သွားမယ်ဆိုတာ။

အဲဒီမှာ ကျမ်းဂန်တွေမှာ ဘယ်လို ဥပမာပြသလဲဆိုတော့ နွားကျောင်းသားဟာ ညနေပြန်လာတဲ့အခါကျတော့ နွားတွေကို ခြံထဲသွင်းတယ်တဲ့၊ ခြံထဲသွင်းတော့ နွားတွေဝင်လာကြတယ်ဆိုပါတော့၊ဝင်ကြတော့ နောက်ဆုံးမှဝင်တဲ့နွားက ခြံတံခါးမှာပဲ

နေရမှာ ဟိုဘက်ထိအောင် မသွားနိုင်ဘူး၊ အဲဒီနောက်ဆုံးမှဝင်တဲ့နွားဟာ နွားအိုကြီး ဖြစ်ပေမယ်လို့ မနက်တံခါးဖွင့်လိုက်တဲ့အခါကျတော့ သူက အလျင်ထွက်လိမ့်မယ်၊ ဘာပြုလို့လည်းဆိုတော့ သူက နီးနေတာကိုးနော်၊ အိုတော့ အိုနေတာပဲ,အိုတယ်ဆိုတော့ လုံးဝ အလုပ်မလုပ်နိုင်တာ မဟုတ်ဘူးပေါ့လေ၊ အဲဒီတော့ သူ အရင်ထွက်မယ်တဲ့၊ ဒီအတိုင်းပဲတဲ့နော်, အာသန္နကံနဲ့ အာစိဏ္ဏကံဆိုတာ အာသန္နကံက သူကနီးတာကို၊ စုတေဖို့နဲ့နီးတော့ နီးတဲ့အချိန်မှာပြုတဲ့ ကံဖြစ်တော့အကျိုးပေးရသွားတာတဲ့၊ အဲဒီတော့သူက အာစိဏ္ဏကံလောက် အားကောင်းတာတော့မဟုတ်ဘူးနော်၊ အမှန်ကတော့ သူကနီးကပ်နေတဲ့ အတွက်ကြောင့်မို့ (position) ကွာသွားတာပေါ့လေ၊ ဟုတ်လား၊ သူက အကျိုးပေးလိမ့်မယ်၊ သူအကျိုးပေးတာဟာ အကယ်၍ ဘဝ တစ်ခုလုံးမှာက အကုသိုလ်တွေ အများကြီးလုပ်လာခဲ့လိမ့်မယ်၊ အာသန္နကံလေး ကုသိုလ်လေးလုပ်လာပြီးလို့ ကောင်းတဲ့ ဘဝလေး ရောက်တယ်ဆိုပေမယ်လို့ သူက ဟိုမှာ ကြာရှည်နေရမှာ မဟုတ်ဘူး၊ ခဏနေပြီး သူက အကုသိုလ်အကျိုးခံရမှာ၊ သို့သော် ချက်ခြင်းကတော့ဖြင့် ကောင်းရာဖြစ်စေ မကောင်းရာဖြစ်စေပေါ့လေ၊ ဒီကုသိုလ် အကုသိုလ်အလိုက် ရောက်သွားရမှာနော်၊ ခုန နွားအိုကြီးလိုပဲ။

အကယ်၍များ အဲဒီနွားအိုကြီးက မထနိုင်အောင်ချို့တဲ့နေတဲ့ နွားဆိုရင်တော့ မတတ်နိုင်ဘူးပေါ့၊ သူထွက်နိုင်မှာ မဟုတ်ဘူး၊ ထို့အတူပဲ အာသန္နကံကလည်းပဲ ကိုယ်ဘယ်လောက်လုပ်ပေးပေး ဘေးကလူတွေက ဘယ်လောက် ကူညီပေးပေး သေခါနီးလူက စိတ်ရည်စူးမှု မပြုနိုင်ရင် အာသန္နကံကလည်း အားရှိတဲ့ကံ ဖြစ်မှာ မဟုတ်ဘူး၊ အဲဒီလို မဖြစ်ဘူးဆိုရင်တော့လည်း သူ့အကျိုးပေးခွင့်ရမှာ မဟုတ်ဘူး ပေါ့လေ၊ ဒါကြောင့်မို့ အဲဒီလို အကျိုးပေးအလှည့် အစဉ်အားဖြင့် ကံ ၄–မျိုးနော်၊ ကရုကကံ, အာသန္နကံ, အာစိဏ္ဏကံ, ကဋတ္တာကံ, လေးမျိုးတဲ့။

**မေး** – အဲဒါကို ထောက်သောအားဖြင့် တရားကို အစဉ်မပြတ် တရားရှုမှတ်မှ စိတ်ချရမယ်ထင်တယ်။

**ဖြေ** – အေး–အဲဒါ အကောင်းဆုံးပဲ, မှန်တယ်၊ ဟုတ်တယ်၊ စိတ်ချရတယ်၊ နောက်တစ်ခု သွားကြဦးစို့၊ အကျိုးပေးတာကာလနှင့်စပ်၍ ကံ ၄–ပါးတဲ့၊ ခုနဟာက အလှည့်အကြိမ်နော်၊ ဒါက အကျိုးပေးရာကာလ၊ ဘယ်ကာလမှာ ဘယ် အချိန်မှာ ဘယ်ဘဝမှာ အကျိုးပေးတယ်ပေါ့လေ၊ အဲဒီလို အကျိုးပေးရာ ကာလအစဉ်အားဖြင့် ခွဲဦးမယ်ဆိုရင်လဲပဲ ကံဟာ ၄–မျိုးရှိပြန်တယ်တဲ့နော်။

ကောင်းပြီ, နံပါတ် (၁) က ဘာတဲ့တုန်း၊ ဒိဋ္ဌဓမ္မဝေဒနီယကံတဲ့နော်၊

ဒိဋ္ဌဓမ္မဆိုတာက ယခုဘဝလို့ ဆိုတယ်၊ ဝေဒနီယဆိုတာက ခံစားအပ်တယ်လို့ ဆိုလိုတာ၊ ဒီဘဝမှာပဲ အကျိုးခံစားရမယ့်ကံမျိုးကို ဒိဋ္ဌဓမ္မဝေဒနီယကံလို့ခေါ်တယ် နော်၊ ဒါကို မြန်မာလို ဘယ်လို ပေးထားသလဲ, မျက်မှောက် ပစ္စုပ္ပန်ဘဝ၌ အကျိုးပေးသောကံတဲ့၊ ဒါကြောင့်မို့ ပြောလေ့ရှိတယ်၊ ဟော့ ဒိဋ္ဌဓမ္မ အကျိုးပေးသွားမယ်ဟော့နော်၊ ကောင်းတာဖြစ်စေ, မကောင်းတာဖြစ်စေလုပ်နေရင် အဲဒါ ဒီဘဝမှာ အကျိုးပေးနိုင်တဲ့ ကံတွေလည်း အများကြီးရှိတယ်၊ ကံဆိုတာ နောက်ဘဝမှ အကျိုးပေးတာ မဟုတ်ဘူး၊ ဒီဘဝမှာလည်း ပေးနိုင်တာတွေ အများကြီးရှိတယ်၊ ဒီ ပစ္စုပ္ပန်ဘဝမှာ အကျိုးပေးနိုင်တဲ့ကံမျိုးကို ဒိဋ္ဌဓမ္မဝေဒနီယကံလို့ ဒီလိုခေါ်တယ်။

အဲဒီ ဒိဋ္ဌဓမ္မဝေဒနီယကံဟာ ဘယ်စေတနာလည်းဆိုရင် (ကံဆိုတာ စေတနာနော်) ပထမဇော စေတနာ၊ ဇော–၇ကြိမ် ဇောတယ်မဟုတ်ဘူးလား၊ ဒါ (nomally) ဇော ၇–ကြိမ်ဇောတယ်၊ ဇော ၇–ကြိမ်ဇောတဲ့အနက်က ပထမဇော စေတနာဟာ ဒိဋ္ဌဓမ္မဝေဒနီယ၊ ဒါကြောင့်မို့ ပထမဇောစေတနာက ဒီဘဝမှာ အကျိုးပေးမယ်၊ ဒါဟာလဲပဲ (condition)တွေ ညီညွတ်မှပါ၊ ပထမဇောစေတနာ တိုင်းပေးတာ မဟုတ်ဘူး ပထမဇော စေတနာမှာလည်း အမျိုးမျိုးတွေ ရှိတယ်၊ သူ့ရဲ့အင်္ဂါတွေ ညီညွတ်လာရင်ပေါ့လေ၊ အမှန်ကတော့ သူများ အထောက်အပံ့လည်း ရတယ်၊ သူကိုယ်တိုင်ကလဲ အားကောင်းတယ်ဆိုပါတော့ အဲဒါမျိုးဆိုရင် ဒိဋ္ဌဓမ္မအကျိုး ပေးတာတွေရှိတယ်နော်၊ ဆိုပါတော့ ရှင်မဟာကဿပကို ဆွမ်းလှူလိုက်တဲ့အတွက် ကြောင့်မို့ ချက်ခြင်းတစ်ခါတည်း လူချမ်းသာကြီး ဖြစ်သွားတယ်။ ဒိဋ္ဌဓမ္မအကျိုး ပေးတာ ဒါမျိုးတွေ ရှိပါတယ်နော်၊ အဲဒါ ပထမဇောစေတနာ။

နံပါတ် ၂–က ဥပပဇ္ဇဝေဒနီယကံတဲ့၊ ဥပပဇ္ဇဆိုတာ ဒုတိယဘဝ လို့ခေါ်တယ်၊ ဒုတိယဘဝဆိုတာ ဒီဘဝကို ပထမဘဝလို့ခေါ်တော့ လာမယ့်ဘဝ ပေါ့နော်၊ အဲဒီဘဝကို ဒုတိယဘဝလို့ခေါ်တယ်၊ အဲဒီနောက် ဒုတိယဘဝ၌ အကျိုး ပေးမယ့်ကံမျိုးကို ဥပပဇ္ဇဝေဒနီယကံလို့ခေါ်တယ်၊ အဲဒီ ဥပပဇ္ဇဝေဒနီယကံဟာ ဘာလည်းဆိုရင် သတ္တမဇော စေတနာတဲ့၊ ဇော ၇–ချက်ထဲက နောက်ဆုံးဇောနော်၊ နောက်ဆုံးဇောကလည်း အားရှိတယ်၊ နောက်ဆုံးဇောက အားရှိတော့ သူက ဒုတိယဘဝမှာ သွားအကျိုးပေးတယ်။

ပထမဇောက သူ့ရှေ့ကဇော မဟုတ်ဘူး၊ သူ့ရှေ့က (ဇောရှေ့က) ဝုဋ္ဌော ရှိတယ်၊ ဝုဋ္ဌောနဲ့ဇောဆိုတာ ဇာတ်မတူဘူး၊ ဇာတ်မတူတော့ ကူညီခံရတဲ့နေရာမှာ အားမကောင်းဘူး၊ ဇောတစ်ခုက ဇောတစ်ခု၊ ဇောတစ်ခုက ဇောတစ်ခုကျတော့

သူက သဘောတူတဲ့သူချင်း ကူညီသလို သူက ပိုပြီးတော့ အားကောင်းသွားတယ်၊ ဟိုစာစကားနဲ့ ပြောရရင် အာသေဝနပစ္စည်းရတယ်၊ ပဋ္ဌာန်းစကားနဲ့ ပြောရင်လေ။

အာသေဝနပစ္စည်းရတဲ့ အတွက်ကြောင့်မို့ ပထမဇောက ဒုတိယဇော၊ ဒုတိယဇောက တတိယဇော ဒီလို အားကောင်းတယ်၊ အဲဒီတော့ သတ္တမဇော စေတနာက အားကောင်းတယ်၊ အားကောင်းတဲ့ အတွက်ကြောင့်မို့ ဒုတိယဘဝနော် အခြားမဲ့ လာလတ့်ဘဝမှာ အကျိုးပေးတယ်၊ အဲဒီတော့ ပထမဇောစေတနာ အကျိုးပေးတဲ့ မျက်မှောက်ဘဝအကျိုးနဲ့ သတ္တမဇော စေတနာ အကျိုးပေးတဲ့ ဒုတိယဘဝအကျိုး ဘယ်ဟာကပိုပြီး ကြီးကျယ်မလဲ၊ ဒုတိယဘဝကကြီးကျယ်တာပေါ့၊ ပထမဘဝ ဒီဘဝမှာ အကျိုးပေးတယ်ဆိုပါတော့၊ ကိုင်း, မွဲနေတဲ့ကောင် သူဌေး ဖြစ်သွားတယ်ဆိုပါတော့၊ ဒါဟာ နတ်ဖြစ်သွားတာနဲ့စာရင် ဘာမှမပြောပလောက်ဘူး ဟုတ်လား၊ လူ့ဘဝချမ်းသာတယ်ဆိုတာ နတ်ဘဝချမ်းသာနဲ့စာရင် ဘာမှ မပြောပ လောက်ဘူးနော်။

ဒါကြောင့်မို့ အမှန်အတိုင်းပြောရင် ဒိဋ္ဌဓမ္မအကျိုးဆိုတာ သိပ်ဟုတ်တဲ့ အကျိုးမဟုတ်ဘူး၊ အညံ့ပဲ၊ ဒါပေမယ်လို့ လောကအနေနဲ့ကြည့်မယ်ဆိုရင် တကယ်ကြီးကျယ်တယ်လို့ ထင်ရတယ်ပေါ့လေနော်၊ လူဆင်းရဲက ချက်ခြင်း ဟို လူချမ်းသာဖြစ်သွားတယ်၊ ဥပပဇ္ဇဝေဒနီယ နောက်ဘဝ ဒုတိယဘဝမှာ အကျိုးပေးမယ့် ကံတဲ့။

နံပါတ် ၃–အပရာပရိယဝေဒနီယကံနော်၊ သို့မဟုတ်လည်းပဲ တချို့ ဆရာတော်တွေ က အပရပရိယာယဝေဒနီယကံလို့ ဒီလိုလည်းခေါ်တယ်, ထားပါ တော့၊ ဒါကတော့ အဲဒါတွေ သိပ်လိုက်မနေနဲ့တော့ ဟုတ်လား၊ အပရာပရိယ ဝေဒနီယကံလို့ပဲ အများသုံးတဲ့အတိုင်း သုံးလိုက်ကြရအောင်၊ သူကတော့ တတိယ ဘဝမှစ၍ နိဗ္ဗာန်ရ သည့်တိုင်အောင် အကျိုးပေးသောကံ, ဘယ်ကံတွေတုန်း၊ ဘယ် စေတနာတွေတုန်း၊ အလယ်ဇောငါးချက်၊ (Second) ကစပေါ့၊ ဒုတိယ, တတိယ, စတုတ္ထ, ပဉ္စမ, ဆဋ္ဌမ, အဲဒီအလယ်ဇောငါးချက် စေတနာကတော့ တတိယဘဝမှ စ၍တဲ့၊ ဒီဘဝက ပထမဘဝ၊ နောက်ဘဝက ဒုတိယဘဝ, ဟိုဘက်ဘဝက တတိယဘဝ၊ အဲဒီ တတိယဘဝကစပြီးတော့ နိဗ္ဗာန်ရသည့်တိုင်အောင် ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန် ပြုသည့်တိုင်အောင် အကျိုးပေးတော့မယ့် ကံမျိုးကို အပရာပရိယ ဝေဒနီယကံလို့ ဒီလိုခေါ်တယ်။

အဲဒီကံဟာ ဘယ်ဇောစေတနာတွေလည်းဆိုရင် အလယ်ဇောငါးချက် စေတနာ

တွေ၊ ဒါကြောင့်မို့ နယ်အကျယ်ဆုံးက အလယ်ဇောငါးချက်တဲ့၊ အပရာပရိယ ဝေဒနီယကံဆိုတာ လူတိုင်းမှာရှိတယ်၊ သတ္တဝါတိုင်းမှာရှိတယ်၊ ကုသိုလ်ကောင်းမှု ပြုတယ်, အကုသိုလ်ပြုတယ်ဆိုရင် ဇော ၇–ချက်က လာတာချည်းပဲ၊ အဲဒီဇော ၇– ချက်မှာ ပထမဇောက ဒီဘဝ အကျိုးပေး၊ ဒီဘဝ သူက အကျိုးမပေးဘူးဆိုရင် ပြီးသွားပြီနော်၊ စတုတ္ထ အဟောသိကံ ဖြစ်သွားပြီ၊ အဲဒီကျတော့ တစ်ခါ သတ္တမ ဇော အကျိုးပေး၊ နောက်ဘဝ အကျိုးပေးခွင့် မရဘူးဆိုရင် သူလည်းအလကား ဖြစ်သွားပြီ။

အလယ်ဇော ငါးချက်ကတော့ အလကားဖြစ်တယ်လို့ မရှိဘူး၊ ဘာလို့လဲ ဆိုတော့ ဘဝကလည်း ဘယ်လောက်ကြာမှန်း မသိဘူး၊ နိဗ္ဗာန်ရသည့်တိုင်အောင်, ဒီအထဲမှာ သူ သင့်လျော်တဲ့ အခါမျိုးမှာ အခါအခွင့် သင့်တဲ့အခါမျိုးမှာ သူ အကျိုးပေးပေး သွားမယ်နော်၊ ဒါကြောင့်မို့ ဒီအပရာပရိယ ဝေဒနီယကံဟာ တို့ရဲ့ အားကိုးအားထားရာပဲ၊ ငရဲကျနေဦးမယ်လို့လည်း ကုသိုလ် အပရာပရိယဝေဒနီယ ကံက ဝင်ပြီးတော့ ထောက်ပံ့တဲ့အတွက်ကြောင့်မို့ ငရဲက လွတ်ထွက်နိုင်တယ်၊ ဒါကြောင့်မို့ အမြဲတမ်း မျှော်လင့်ချက်ရှိတယ်၊ ဗုဒ္ဓဘာသာမှာ မင်းငရဲကျပေမယ်လို့ သွားပြီလို့တော့ မထင်နဲ့တဲ့၊ ငရဲကျလည်း ခဏပဲတဲ့၊ ဆိုပါတော့, ခဏဆိုတာ အပြစ်ရှိသလောက် ခံရတာပေါ့လေ၊ ထောင်ကျတာမျိုးလို လွတ်နိုင်တဲ့ အခွင့်အလမ်း ရှိတယ်၊ လွတ်လည်းလွတ်မယ်နော် အဲဒီလို၊ ဒါဘာကြောင့်လည်းဆိုရင် အပရာပရိယ ဝေဒနီယကံတွေ ဝင်ပြီးတော့ အားပေးလို့၊ သို့မဟုတ်ရင် ငရဲကျတဲ့ သတ္တဝါမှာ ဆင်းရဲချည်း အမြဲခံနေရမှာ ဟုတ်တယ်မဟုတ်လား၊ ဒုက္ခချည်း အမြဲတမ်း ခံနေရ တာဆိုတော့ ကုသိုလ်စိတ်ဖြစ်ဖို့ အလွန်ခဲယဉ်းတယ်နော်၊

ဒါပေမယ်လို့ ဒီအပရာပရိယ ဝေဒနီယယံတွေက ရှိတော့ အဲဒီကံတွေက ဝင်ပြီးတော့ အကျိုးပေးတဲ့အခါကျတော့ ငရဲကလွတ်တာပဲ၊ တိရစ္ဆာန်ဘဝကလည်း လွတ်တာပဲ၊ ဒါကြောင့်မို့ ဒီအပရာပရိယ ဝေဒနီယကံဟာ သတ္တဝါတိုင်းရဲ့ အားကိုးအားထားရာ ကံတွေပဲ၊ ဒီကံတွေဟာ လူတိုင်းမှာရှိတယ်၊ အဲဒီတော့ အကုသိုလ်ကံအနေနဲ့ ပြောမယ်ဆိုရင်လည်း ကြောက်စရာကံတွေပဲ၊ တစ်နေ့နေ့ သူတို့ ကိုယ့်ကို လာချမှာပဲ ဟုတ်လား။

**မေး:** – ဟို ပထမဇော သတ္တမဇော အလယ်ဇောဆိုတာ ဇော ၇–ချက်ဟာ စိတ်တိုင်းမှာ ရှိတယ်ဆိုတာ ဝီထိတိုင်းမှာလား။

**ဖြေ** – ဝီထိတိုင်းမှာရှိတယ်၊ သို့သော် တကယ်အကျိုးပေးထက်သန်တာက

မနော္ဒါရမှာဖြစ်တဲ့ ဇောတွေ၊ ပဉ္စဒ္ဒါရဇောဆိုတာက (very weak) မနော္ဒါရမှာ ဖြစ်တဲ့ဇောတွေ၊ အဲဒီမှာ ဒါကြောင့်မို့ ပထမဇော စေတနာတွေ အများကြီးရှိတယ်၊ သတ္တမဇော စေတနာတွေ အများကြီးရှိတယ်၊ ဒါပေမယ်လို့ ပထမဇော စေတနာက ဒီဘဝ အကျိုးမပေးရင် သူက ပြီးသွားပြီ၊ အဟောသိကံ၊ စတုတ္ထကံ ဝိပါက် ဖြစ်သွားပြီနော်၊ ဒုတိယ ဘဝကလည်းပဲ ဒုတိယ အကျိုးပေးမှ မပေးရင်ပြီးသွားပြီ၊ အပရာပရိယကတော့ ပြီးတယ်လို့ မဆိုနိုင်ဘူး၊ ရဟန္တာဖြစ်မှပဲ ပြီးတော့တာကိုး၊ ခုနက ပြောတဲ့ အရှင်အင်္ဂုလိမာလပဲ ပြောကြစို့၊ သူပြုခဲ့တဲ့ကံတွေ၊ နောက်ဘဝက ပြုခဲ့တဲ့ကံတွေ အများကြီး ရှိခဲ့တာပေါ့၊ ဟုတ်လား၊ ဒီဘဝ ခုနကပြောတဲ့ သူ လူတွေသတ်ထားတဲ့ အထဲမှာလည်း အလယ်ဇောငါးချက် အများကြီး ရှိတာပေါ့ ဒါပေမယ်လို့ ရဟန္တာဖြစ်သွားပြီဆိုတော့ သူ့ကို အကျိုးပေးခွင့် မရှိတော့ဘူး အဟောသိကံ ဖြစ်သွားပြီ။

အဲဒါကြောင့်မို့ နံပါတ်-၄ အဟောသိကံ အဟောသိ ဆိုတဲ့ပါဠိဟာ ကြိယာပုဒ် အဟောသိဆိုတာ ဖြစ်ပြီလို့ ဆိုလိုတယ်၊ ဖြစ်ဖူးတဲ့အတွက်ကြောင့်မို့ ကံလို့ဆိုရတယ်၊ ဘာမှ အသုံးမကျဘူး၊ ဒါကို အဟောသိကံ အကျိုးလုံးလုံး မပေးသောကံတဲ့၊ ဒါကြောင့်မို့ တစ်စုံတစ်ခုပြုလိုက်လို့ ဘာမှ မဖြစ်လိုက်ဘူးဆိုရင် အဟောသိကံ ဖြစ်သွားတယ်လို့ အဲဒီလို ရှေးလူကြီးတွေ စကားပြောရင် ဒီစကားလုံး ထည့်ထည့်ပြော တတ်တယ်၊ အဟောသိကံဆိုတာက ခုနကပြောသလို တခြား ကံရယ်လို့ မဟုတ်ဘူး၊ ဒီ ဒိဋ္ဌဓမ္မရယ်၊ ဥပပဇ္ဇရယ်၊ အပရာပရိယဝေဒနီယရယ်၊ ဒါတွေပဲ၊ သူတို့အကျိုးပေးရာကာလကို လွန်သွားတဲ့အခါ အဟောသိကံ ဖြစ်သွား တာပေါ့၊ အဲဒီတော့ ဒိဋ္ဌဓမ္မက ဒီဘဝအကျိုးမပေးရင် အဟောသိကံ ဖြစ်သွားတယ်၊ ဥပပဇ္ဇက ဒုတိယဘဝ အကျိုးပေးရင်ပေး, မပေးရင် အဟောသိကံဖြစ်၊ အပရာပရိယ ဝေဒနီယဟာလဲ တတိယဘဝကစပြီး နိဗ္ဗာန်ရသည့် ဘဝအထိ အကျိုးပေးရင်ပေး၊ မပေးရင် အဟောသိကံဖြစ်ပေါ့လေ။

အဲဒီတော့ အပရာပရိယဝေဒနီယကံနဲ့ ပတ်သက်ပြီးတော့ သတိထားစရာ ရှိတယ်၊ ဦးဇင်းတို့ မြန်မာပြည်မှာ ဒီအတိုင်းပဲ၊ တတိယဘဝမှစ၍ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင်လို့ ဒီလိုသင်ကြားတယ်၊ ပါဠိဘာသာနဲ့ ရေးထားတဲ့ အဋ္ဌကထာ ဋီကာတွေမှာ တတိယဘဝလို့ တိတိကျကျ ထုတ်ဖော်တာ မရှိဘူးလားမသိဘူး၊ အဲဒီတော့ အဲဒီမှာ ဘာဖြစ်နေသလဲဆိုတော့ အဋ္ဌကထာမှာ တိုက်ရိုက် မလာတော့ သူတို့က ဘယ်လိုယူဆတုန်း၊ ဒုတိယဘဝစကပြီးတော့ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင်

ဆိုတာမျိုး အဓိပ္ပါယ်တွေ ရေးရေးနေကြတယ်၊ အင်္ဂလိပ်လို ရေးနေတဲ့ စာအုပ်တွေမှာ အဲဒါတွေရှိတယ်နော်။

အမှန်ကတော့ ဒုတိယဘဝနဲ့ မဆိုင်ဘူး၊ ဘာကြောင့်တုန်း၊ ဒုတိယဘဝမှာ အကျိုးပေးဖို့ဆိုရင် ဥပပဇ္ဇဝေဒနီယရဲ့နယ်၊ ဒါတွေဟာ တစ်ခုနဲ့တစ်ခု မရောရဘူးလို့ အဋ္ဌကထာတွေမှာ ဆိုတာရှိတယ်၊ သူ့နယ်နဲ့သူရှိတယ်၊ ပထမဇောက ဒီဘဝမှာပေး, မပေးရင် ပြီးပြီနော်၊ သတ္တမဇောက ဒုတိယဘဝမှာပေး မပေးရင်ပြီးပြီဆိုတော့ အကယ်၍ ဒုတိယဘဝကို အကျိုးပေးတဲ့ ကံကိုလည်းပဲ အပရာပရိယ ဝေဒနီယကံလို့ ခေါ်မယ်ဆိုရင် ရှုပ်ထွေးမှု ရှိမနေဘူးလား၊ ဘယ်ဟာကို ဥပပဇ္ဇလို့ ခေါ်ပြီးတော့ ဘယ်ဟာကို အပရာပရိယလို့ခေါ်ရမလဲ။

ဒါကြောင့်မို့ အမှန်အတိုင်း ယူဆဖို့ကတော့ တတိယဘဝမှစ၍ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် ဆိုတာကို မြဲမြဲယူထား၊ မရေမရာနဲ့ ကြွင်းသောဘဝတွေ ဘာတွေ လုပ်မနေနဲ့တော့နော်၊ အဲဒီလို ယူမှသာ ခုန အဋ္ဌကထာပြောတဲ့ ဒီကံ ၃–မျိုးဟာ တစ်မျိုးနဲ့ တစ်မျိုး မရောယှက်ဘူး၊ သူ့နယ်နဲ့သူ အပိုင်းအခြား သတ်မှတ်ပြီးသား ဆိုတာနဲ့ လိုက်တယ်၊ ဟုတ်လည်းဟုတ်တယ်နော်၊ သို့မဟုတ်ရင် ဘယ်နဲ့လုပ်မလဲ၊

ဒုတိယဘဝ အကျိုးပေးတာ ဥပပဇ္ဇ၊ ဒုတိယကနေပြီးတော့ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် အကျိုးပေးတာက အပရာပရိယ ဆိုရင် တကယ်ပြောစမ်းဆိုရင် ငါ့ အကျိုးပေးတာက ဥပပဇ္ဇက အကျိုးပေးတာလား, အပရာပရိယက အကျိုးပေးတာ လား ဘယ်သိတော့မလဲ၊ ဘယ်လိုလုပ် ပြောနိုင်မလဲနော်၊ ဒါကြောင့် ဦးဇင်းတို့ မြန်မာပြည်မှာတော့ တစ်ခါတည်း တိတိကျကျ ချလိုက်တော့တာပဲ၊ တတိယဘဝမှစ၍ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင်။

**မေး** – အကောင်းကော အဆိုးကောလား။

**ဖြေ** – အကောင်းကော အဆိုးကောပဲ၊ ဒါကတော့ ကုသိုလ်ရော အကုသိုလ်ရော နှစ်မျိုးလုံးပါတယ်။

**မေး** – တကယ်လို့ ကောင်းမှုရှိရင် နိဗ္ဗာန်အထိ, တကယ်လို့ မကောင်းမှုရှိရင် ဘဝက မကျွတ်ဘူးပေါ့။

**ဖြေ** – မဟုတ်ဘူး, သူတို့ကတော့ ကောင်းသည်ဖြစ်စေ, မကောင်းသည်ဖြစ်စေ လိုက်ပြီးတော့ အကျိုးပေးနေမှာကို၊ ဆိုပါတော့,ရဟန္တာဖြစ်လို့ ပရိနိဗ္ဗာန် မပြုခင် ထိအောင် သူတို့ အကျိုးပေးနိုင်တယ်၊ အရှင်မောဂ္ဂလာန် ကြည့်စမ်း၊ သူခိုးတွေ ရိုက်လို့ သေတာနော်၊ တကယ့်တန်ခိုးရှင်တောင် မရှောင်နိုင်ဘူး၊ ကံဆိုတာ

သိပ်ကြောက်စရာကောင်းတယ်၊ အဲဒါ အကုသိုလ်ကံက ဟိုး လွန်ခဲ့တဲ့ ဘဝတုန်းက အဖေ အမေကို သူသတ်ဖို့ရာ ရိုက်ခဲ့တဲ့ကံ၊ သေတော့ မသေဘူး၊ ကြားဖူးတယ် မဟုတ်လား၊ အမှန်ကတော့ မိန်းမက ဒီအမေအဖေတွေနဲ့ မနေချင်တော့ ဖျောက်ဖျက် ခိုင်းတာပေါ့၊ သူကလည်း မိန်းမပဲ စွဲလန်းကြိုက်နေတော့ သတ်မယ်ဟဲ့ဆိုပြီး တော့ အမေနဲ့အဖေကလည်း မျက်လုံးကွယ်နေ တယ်မဟုတ်လား၊ ကွယ်နေတော့ လှည်းနဲ့တင်ခေါ်သွားတာ၊ တောထဲလားဘာလား ရောက်တဲ့အခါကျတော့ သူခိုးတွေ လာပြီနဲ့၊ ဘာနဲ့ တကယ်မလာပဲနဲ့ လာသယောင် လုပ်ပြီးတော့ သူကပဲရိုက်တာ အမေရော အဖေရောကို သေအောင်ရိုက်မှာပေါ့လေ။

အဲဒီလို အရိုက်ခံရတော့ အမေနဲ့အဖေက ဘယ့်နှယ်ပြောသလဲ၊ ဟယ်, ငါ့သား,ငါ့သားမင်းလွတ်အောင်ရှောင်၊ ဒို့တော့ ကိစ္စမရှိဘူး၊ ကြီးပြီမို့ သေချင်သေပါစေ၊ မင်းသာ လွတ်အောင်ရှောင်လို့ ပြောတော့မှ အဲဒီကျမှ သူက သတိရတာ၊ ကြည့်စမ်း သူတို့သေရမှာတောင်မှ မငဲ့ဘူးပေါ့လေ၊ ငါ့ကိုငဲ့တယ်၊ ငါ့လွတ်အောင် ပြေးခိုင်းတယ်၊ ဒီလောက်ကျေးဇူးကြီးတဲ့ မိဘကိုတော့ ငါမသတ်ဘူးဆိုပြီးတော့ အဲဒီတော့မှ နောင်တတရားရပြီး အိမ်ပြန်ခေါ်သွားပြီးတော့ မိန်းမသာ နင်ဘာသာနင် သွားတော့ အဲသလိုနှင်လိုက်တာ။

သို့သော် ရိုက်တုန်းကတော့ အသေသတ်ဖို့ရိုက်တာ၊ အဲဒီကံ ပါလာတဲ့အတွက် ကြောင့် သူ အပါယ်ငရဲအမျိုးမျိုး ကူးပြီးပြီ, ဘဝတွေမှာလည်းခံခဲ့ရပြီးပြီ ထင်ပါတယ်၊ အခုနောက်ဆုံးဘဝမှာ တကယ့် တန်ခိုးရှင် မြတ်စွာဘုရားမှတပါး တကယ့်တန် ခိုးကြီးဆုံး ပုဂ္ဂိုလ်ကြီးဖြစ်တာတောင် မရှောင်နိုင်ဘူး၊ တစ်ခါ နှစ်ခါလောက် သူရှောင်လို့ရသေးတယ်၊ ပုန်းနေတယ်ဆိုတဲ့ သဘောပေါ့လေ၊ ဒါပေမယ့် တကယ် ကျတော့ သူကြည့်လိုက်တဲ့အခါကျတော့ ဟာ ဒါငါ့ကံ၊ အဲဒီတုန်းက ကံက ငါ့ကို အကျိုးပေးတာ၊ မရဘူးဆိုပြီးတော့ ဒီအတိုင်း ငုံ့ခံရတာပဲနော်၊ ခိုးသားငါးရာ ကရိုက်တော့ တစ်ခါတည်း စိစိညက်ညက် ကြေသွားအောင် ရိုက်ပြစ်လိုက်တာ၊ ဒါပေမယ့် ဈာန်တန်ခိုးနဲ့ဆိုတော့ သူ ခန္ဓာကို ခိုင်မြဲအောင် ဖန်ဆင်းပြီးတော့ မြတ်စွာဘုရားဆီ သွားပြီးတော့မှ ရှိခိုးပြီးတော့မှ ပရိနိဗ္ဗာန်ပြုသွားတာ၊ အဲဒါ အကုသိုလ်လိုက်လာတာကြည့်,အပရာပရိယ ဝေဒနီကကံပဲ။

အဲဒီတော့ ကုသိုလ်ဖြစ်ဖြစ် အကုသိုလ်ဖြစ်ဖြစ် သူကလာမှာပဲ၊ ရဟန္တာဖြစ်လို့ ပရိနိဗ္ဗာန်စံသည့်တိုင်အောင်ပဲ ဒီကံတွေရဲ့အကျိုးကတော့ ဖြစ်နိုင်တယ်ပေါ့လေ၊ ဒါပေမယ်လို့ ရှေ့အကျိုးပေးချင်မှလည်း ပေးမယ်ပေါ့လေ၊ မပေးချင်မပေးဘူး၊

အကြောင်းအားလျော်စွာပဲ၊ သို့သော် ပေးနိုင်တယ်၊ အဲဒါ အပရာပရိယ ဝေဒနီယကံ။

ဒါကြောင့်မို့လို့ဒိဋ္ဌဓမ္မဝေဒနီယကံ, ဥပပဇ္ဇဝေဒနီယကံ, အပရာပရိယဝေဒနီယကံ, အဟောသိကံလို့ ဒီကံလေးမျိုးမှာ ဘဝနဲ့ ပိုင်းခြား ထားတာ၊ ဒီဘဝ၊ ဒုတိယဘဝ၊ တတိယဘဝကနေ ဟိုဘက်၊ ဇောနဲ့ပိုင်းခြားပါဆိုရင် ဒီဘဝအကျိုးပေးတာက ပထမဇော၊ ဒုတိယဘဝအကျိုးပေးတာက သတ္တမဇော၊ တတိယဘဝကစ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် အကျိုးပေးတာက အလယ်ဇော ငါးချက်၊ အဲဒီဇောတွေသည် သူ့ဆိုင်ရာကာလ၌ အကျိုးမပေးခဲ့သည်ရှိသော် အဟောသိကံနော်၊ အကျိုးလုံးလုံးမပေးတဲ့ကံ ဖြစ်သွားမယ်၊ အဲဒီလို အကျိုးပေးရာ ကာလနဲ့ စပ်ပြီးတော့လဲ ကံလေးမျိုးရှိတယ်။

နောက်ဆုံး၄–မျိုးကတော့ အကျိုးပေးရာ ဘုံဌာနနှင့်စပ်၍ ကံ ၄–မျိုး၊ အဲဒီတော့ ခုနကပြောပြီးတဲ့ ကံ ၄–မျိုး ၃–ခုကို ဒီသင်္ဂြိုဟ်ကျမ်းမှာ ဘာမှအကျယ်မပြောဘူး၊ အခုပြောတဲ့ အဓိပ္ပါယ်တွေက သင်္ဂြိုဟ်ကျမ်းမှာလာတာ မဟုတ်ဘူး၊ ဋီကာတွေကရေးတာ၊ တခြား အဋ္ဌကထာတွေက ရေးတာကို ဋီကာတွေက တစ်ခါယူရေးတယ်၊ အဲဒီဟာတွေကို ယူပြီးတော့ပြောတာ၊ ပြီးတော့ ရှေးဆရာတော်ရေးတဲ့ မြန်မာလို စာအုပ်တွေကော ဘာကော အဲဒါတွေက ပြောတာ၊ သင်္ဂြိုဟ်ဆရာက ဘာမှမပြောခဲ့ဘူး၊ ဒီနာမည်လေးပဲ ပေးခဲ့တယ်ဆိုပါတော့ ဇနကကံ, ဥပထမ္ဘကကံ, ဥပပီဠကကံ, ဥပဃာတကကံဆိုပြီးတော့ ကိစ္စ၏အစွမ်းဖြင့် ကံလေးမျိုးရှိတယ်၊ ဒါပဲနော်၊ ထို့အတူပဲ, တစ်ခါ ကရုကကံ အာသန္နကံ, အာစိဏ္ဏကံ, ကဋတ္တာကံ, ဆိုပြီးတော့ အကျိုးအလှည့်အစဉ်အားဖြင့် ကံ ၄–မျိုးရှိတယ်၊ ဒါတွေပဲ ဒီလောက်ပဲ ပြောခဲ့တာ၊ ဘာကြောင့် အကျယ်မပြောလဲဆိုတော့ ဒါတွေက သုတ္တန်မှာလာတာကိုး၊ သုတ္တန်သဘောတွေ ဖြစ်နေတော့ ဒီမှာ အဘိဓမ္မာရေးတာဆိုတော့–

# အဘိဓမ္မာသင်တန်း (၃၀)

## ဝီထိမုတ်ပိုင်း

### ကမ္မစတုက္က, အကုသိုလ်ကာယကံ ၃-ပါး

ဒီနေ့ ဇွန် ၅-ရက်။

လွန်ခဲ့တဲ့အပတ်က ကံအမျိုးမျိုး လေ့လာခဲ့ပြီးပြီနော်၊ ကံလေးမျိုးလေးလီ ရှိရာမှာ ၄-မျိုး၁-လီ၊ ၄-မျိုး၂-လီ၊ ၄-မျိုး၃-လီ ကုန်ခဲ့ပြီနော်၊ အခု ၄-မျိုး၄-လီမြောက်ပေါ့လေ၊ နံပါတ် ၄၊ အဲဒီနံပါတ် ၄က အကျိုးပေးရာ ဘုံဌာနနှင့်စပ်၍ ကံ ၄-မျိုးတဲ့နော်။

အဲဒီတော့ အကျိုးပေးရာ ဘုံဌာနနှင့်စပ်၍ ကံ ၄-မျိုးရှိတယ်တဲ့၊ ကံ၄-မျိုးက တခြားနည်းနဲ့လဲ ကံ၄-မျိုးရှိတာ၊ ဟို အကျိုးပေးရာဘုံဌာနနှင့်စပ်ပြီးဆိုတော့ ဘာတွေတဲ့တုန်း၊ အကုသိုလ်ကံတဲ့နော်၊ အကုသိုလ်ကံဆိုတော့ ဘယ်ဘုံမှာ အကျိုးပေးမလဲ, အပါယ်ဘုံ၊ ပြီးတော့ လူ့ဘုံလည်း နည်းနည်းပါးပါး အကျိုးပေးပါသေးတယ်၊ ကာမာဝစရ ကုသိုလ်ကံ ကာမာဝစရဘုံဆိုကြပါစို့၊ ရူပါဝစရကုသိုလ်ကံ ရူပါဝစရဘုံမှာ အကျိုးပေးတယ်၊အရူပါဝစရကုသိုလ်ကံ အရူပါဝစရဘုံမှာ အကျိုးပေးတယ်၊ အဲဒီတော့ ကာမာဝစရ ကုသိုလ်ကံကတော့ ကာမာဝစရဘုံမှာလည်း အကျိုးပေးမယ်၊ ရူပါဝစရ အရူပါဝစရမှာလည်း အကျိုးပေးသလောက် အကျိုးပေးတာပေါ့လေ။

အဲဒီလို ကံ ၄–မျိုးတစ်ခါရှိပြန်တယ်တဲ့၊ အဲဒီကံ ၄–မျိုးကမှ အဘိဓမ္မာနဲ့ ဆိုင်တဲ့ ကံ ၄–မျိုးဖြစ်တဲ့အတွက်ကြောင့်မို့ ကျမ်းဆရာက ဒါကို နည်းနည်း ကျယ်ကျယ်ပြတယ်၊ ကျယ်ကျယ်ပြတဲ့အခါကျတော့ ပထမဆုံး အကုသိုလ်ကံဆိုတာ ရှိတယ်နော်၊ အဲဒီအကုသိုလ်ကံ ဘယ်နှစ်မျိုးရှိသလဲ၊ ဒီနေ့ ဒါကိုပဲ လေ့လာကြရမယ်။

အဲဒီတော့ အကုသိုလ်ကံနဲ့ ပတ်သက်ပြီးတော့ စကားပြောတဲ့အခါမှာ အကုသလကမ္မပထ ၁၀–ပါးလို့ ဒီလိုပြောလေ့ရှိတယ်၊ ဆိုလိုတာကတော့ အကုသိုလ်ကံရဲ့အကြောင်းပေါ့လေ၊ ဒီလိုမှမဟုတ် အကုသိုလ်ကံပဲပြောကြပါစို့, အကုသိုလ်ကံ ၁၀–ပါး၊ ၁၀–မျိုးရှိတယ်တဲ့၊ အဲဒီ ၁၀ မျိုးက ဘာတုန်း။

(၁) ကာယကံ ၃–ပါး။

(၂) ဝစီကံ ၄–ပါး။

(၃) မနောကံ ၃–ပါး။

ဒီလို အကုသိုလ်ကံ ၁၀–မျိုးရှိတယ်။

ဒါကတော့ အဘိဓမ္မာမတတ်တောင်မှ ဗုဒ္ဓဘာသာဝင်တွေအနေနဲ့ သေသေချာချာ နားလည်ထားထိုက်တယ်၊ ကာယကံဆိုတာဘာလဲ၊ ခန္ဓာကိုယ်နဲ့ပြုလုပ်တဲ့ကံပေါ့နော်၊ စိတ်ကတော့ ပါရတာချည်းပေါ့၊ သို့သော် ခန္ဓာကိုယ်နဲ့ ပြုလုပ်ရတဲ့ကံမျိုး၊ ခန္ဓာကိုယ်လှုပ်ရှားပြီးတော့ ပြုလုပ်ရတဲ့ကံမျိုး၊ ကာယဒွါရလို့ ခေါ်တယ်နော်၊ အဲဒီ ကာယဒွါရဖြင့် ပြုအပ်တဲ့ကံကို ကာယကံ၊ မြန်မာလို ရိုးရိုးပြောရင်တော့ ခန္ဓာကိုယ်နဲ့ ပြုလုပ်တဲ့ကံပေါ့။ အဲဒီကာယကံက ဘယ်နှစ်မျိုးရှိတုန်း၊၃–မျိုးရှိတယ်၊ သို့မဟုတ် ၃–ပါးရှိတယ်တဲ့။

နံပါတ်တစ်က သူ့အသက်သတ်ခြင်း။

သူ့အသက်သတ်ခြင်းဆိုတာကတော့ကို မြန်မာစကားလွယ်အောင် ရှင်းအောင် ပြောထားတာနော်၊ ပါဠိစကားနဲ့ ပြောမယ်ဆိုရင် ဒါဟာ ငါးပါးသီလထဲက ပါဏာတိပါတနော်၊ ပါဏာတိပါတဆိုတာ သတ္တဝါရဲ့ ဇီဝိတိန္ဒြေကို လျင်စွာချခြင်းလို့ အဓိပ္ပါယ်ရှိတယ်၊ သတ္တဝါရဲ့ ဇီဝိတိန္ဒြေကို လျင်စွာချခြင်းဆိုတာဘာလဲ၊ ဇီဝိတိန္ဒြေဆိုတာ အသက်ပဲ မဟုတ်လားနော်၊ ရုပ်ဇီဝိတိန္ဒြေရှိတယ်၊ နာမ်ဇီဝိတိန္ဒြေလို့ရှိတယ်၊ ရုပ်ဇီဝိတိန္ဒြေကတော့ မသိသေးဘူး ထားပါတော့ဟုတ်လား၊ ရုပ်ပိုင်း မရောက်သေးလို့ ခန္ဓာကိုယ်ထဲမှာ ရှိနေတဲ့ အသက်ဓာတ် တစ်မျိုးမျိုးပေါ့လေ၊ အဲဒါရုပ် ဇီဝိတိန္ဒြေ၊ နာမ်ဇီဝိတိန္ဒြေကတော့ စေတသိက်၊ အဲဒီ ဇီဝိတိန္ဒြေကို ဆက်လက်မဖြစ်ပွားအောင် လုပ်တာကိုပဲ လျင်စွာ ချတယ်လို့ ဒီလိုဆိုတယ်။

ဘာကြောင့်တုန်းဆိုတော့ ရုပ်ဇီဝိတိန္ဒြေအနေနဲ့ဆိုရင် စိတ္တက္ခဏ တစ်ဆယ့် ခုနစ်ချက် အသက်ရှည်တယ်၊ အဲဒီတစ်ဆယ့် ခုနစ်ချက် အတွင်းတော့ ဘယ်လိုမှ လုပ်လို့ရတာ မဟုတ်ဘူးနော်၊ လျှင်စွာချုတယ်ဆိုတာဟာ ဇီဝိတိန္ဒြေ တစ်ခုပြီးတစ်ခု, တစ်ခုပြီးတစ်ခု ဖြစ်နေမှာကို မဖြစ်အောင် လုပ်တာကိုပဲ လျှင်စွာ ချုတယ်၊ ဒါကိုပဲ သူ့အသက်ကို သတ်တယ်ဆိုတယ်နော်၊ သူ့အသက် သတ်ခြင်းဟာ ခန္ဓာ ကိုယ်နဲ့ ပြုလုပ်ရတဲ့ အကုသိုလ်တစ်မျိုးပေါ့။

အဲဒီ အကုသိုလ်တစ်မျိုးဖြစ်ရာမှာ သူက ကမ္မပထမမြောက်တဲ့ သူ့အသက် သတ်ခြင်းရှိတယ်တဲ့နော်၊ ကမ္မပထဆိုတော့ သေသေချာချာကြီး အကုသိုလ်ဖြစ်သွား တာ၊ ကံဖြစ်သွားတာ၊ တချို့ကတော့ ဒီလို သိပ်ကို မရေမရာဖြစ်တာ၊ ဒီလို၂- မျိုး ရှိတယ်၊ ကမ္မပထမြောက်တယ်၊ ကမ္မပထမမြောက်ဘူးလို့ ဒီလို ခေါ်တယ်နော်။

အဲဒီတော့ ကမ္မပထမြောက်ရင်တော့ ပဋိသန္ဓေအကျိုးကို ဧကန်ပေးနိုင်တဲ့ သတ္တိရှိသွားတယ်၊ တစ်ခါတလေကျတော့ ကမ္မပထ မမြောက်ပဲနဲ့ သတ်မိတာလေး တွေရှိတယ်၊ အဲဒါမျိုးကျတော့တဲ့၊ ပဋိသန္ဓေအကျိုးကို ပေးနိုင်တယ်, မပေးနိုင်ဘူး, ကိန်းသေမှတ်လို့ မရဘူးတဲ့၊ တချို့လည်းပေးနိုင်တယ်၊ တချို့လည်း မပေးနိုင်ဘူး။

အဲဒီတော့ ကမ္မပထမြောက် မမြောက်ကို ဘယ်လိုသိရမှာတုန်း၊ သတ္တဝါ တစ်ကောင် သတ်မိတယ်ဆိုပါတော့၊ အဲဒါ ကမ္မပထမြောက်တာက ဘယ်လိုလဲ ကမ္မပထ မမြောက်တာက ဘယ်လိုလဲဆိုတာ ဆုံးဖြတ်နည်းရှိတယ်။

အဲဒီဆုံးဖြတ်နည်းက ဘာလဲဆိုတော့ အဲဒါကတော့ (Notes)ကလေးတွေ ရေးနိုင်ရင် ကောင်းတယ်၊ အင်္ဂါနဲ့ လုံ့လပယောဂ အရေးကြီးလာတယ်နော်၊ ပါဏာတိပါက အင်္ဂါရှိတယ်နော်၊ သတ္တဝါ အသက်သတ်တဲ့အခါမှာ အင်္ဂါရှိတယ်၊ အဲဒီအင်္ဂါနဲ့ ပြည့်စုံရင်ကမ္မပထမြောက်တယ်၊ အဲဒီအင်္ဂါနဲ့ မပြည့်စုံဘူးဆိုရင် ကမ္မပထမမြောက်ဘူးတဲ့။

အဲဒီတော့ နံပါတ်တစ်အင်္ဂါက ဘာလဲ၊ သတ္တဝါလည်းဖြစ်စေတဲ့၊ ကိုယ်သတ်တဲ့ ပုဂ္ဂိုလ်ဟာ သတ္တဝါဟုတ်ရမယ်၊ နံပါတ်နှစ်က သတ္တဝါမှန်း သိသည်လည်းဖြစ်စေတဲ့၊ သတ္တဝါလို့ သိပြီးတော့သတ်မှ, သတ္တဝါလို့ မထင်ပဲနဲ့ လုပ်မိလို့ သေသွားတယ်၊ ဒါမဆိုင်ဘူး၊ သတ္တဝါလည်းဟုတ်ရမယ်၊ သတ္တဝါလို့လည်း ကိုယ်ကသိရမယ်၊ နံပါတ်သုံး သတ်လိုတဲ့ စေတနာလည်းရှိရမယ်၊ သတ်ချင်လို့သတ်တာ၊ မတော်တဆ နင်းမိသွားတယ်၊ တစ်ခါတလေ ပုရွက်ဆိတ်လို့တော့ သိသား, ကိုယ့်ခြေထောက်က မရှောင်နိုင်ဘူး၊ မတော်တဆ နင်းမိသွားတယ်၊ သတ်ချင်တဲ့ စေတနာမပါဘူး၊

ဒီကျတော့ဘာလဲ, သတ်လိုတဲ့ စေတနာရှိသည်လည်းဖြစ်စေ, နံပါတ်လေး သတ်ဖြတ်မှု လုံ့လတစ်ခုခုပြုသည်လည်းဖြစ်စေ, အထူးသဖြင့်တော့ ခန္ဓာကိုယ်နဲ့ပေါ့နော်၊ လုံ့လ လည်း ပြုရမယ်၊ ဘာနဲ့သတ်သတ်ပေါ့လေ၊ လုံ့လပြုမှုလည်း ဖြစ်စေ။

နံပါတ်ငါး၊ အဲဒီလုံ့လကြောင့် သေသည်လည်းဖြစ်စေ၊ အဲဒီလို အင်္ဂါငါးပါးနဲ့ ပြည့်စုံရမယ်တဲ့၊ အဲဒီလို ပြည့်စုံရင် ပါဏာတိပါတကံ ကမ္မပထမြောက်တယ်တဲ့၊ အဲသလိုဆိုရင် ပါဏာတိပါတကံက ကောင်း အပါယ်မှာ အကျိုးပေးတော့မှာပဲ၊

အင်္ဂါငါးမျိုး မှတ်မိပြီလား၊ သတ္တဝါလည်းဟုတ်ရမယ်နော်၊ သတ္တဝါမှန်းလည်း သိရမယ်၊ သတ်လိုတဲ့စိတ် စေတနာလည်းရှိရမယ်၊ သတ်ဖြတ်မှုလုံ့လ တစ်ခုခုလည်း ပြုရမယ်၊ အဲဒီလုံ့လကြောင့် သေတာလည်းဖြစ်ရမယ်၊ ကိုယ်ကတော့ သတ်တော့ သတ်တာပဲ၊ လွဲသွားတယ်၊ မသေဘူး၊ ဒါလဲရှိသေးတာကိုး၊ ဓားနဲ့ခုတ်လိုက်တယ်၊ သေအောင် ခုတ်လိုက်တာပဲ၊ မသေဘူးနော်၊ အဲဒါမျိုးဆိုရင် ပါဏာတိပါတ အစစ်မဖြစ်ဘူးပေါ့၊

**မေး** — ငါးခုလုံးပြည့်စုံမှလား၊

**ဖြေ** — ဒီငါးခုစလုံးပြည့်စုံမှ တစ်ခါတလေ ခုနပြောသလို စေတနာမရှိပဲနဲ့ သတ်မိတာလည်းရှိတယ်၊ သတ်တယ်လို့တောင် မဆိုထိုက်ပါဘူး၊ သို့သော် သတ်တယ်ပဲ ပြောကြပါစို့၊ ခုနကလို ပုရွက်ဆိတ်ကလေး ကိုယ်ကမရှောင်နိုင်တော့ဘူး၊ ဆိုပါတော့, နင်းမိသွားပြီ၊ အဲဒါမျိုးလေးတွေရှိတယ်၊ တစ်ခါတလေ ကားမောင်းသွားရင်း ခွေးမရှောင်နိုင်လို့ တက်နင်းသွားတာလည်း ဖြစ်နိုင်တယ်၊ သူ့သတ်ချင်တဲ့ စေတနာ မပါဘူး၊ မတော်တဆတိုက်မိ တော့ ခွေးက သေတာပဲ၊ အဲဒီလို ဟာမျိုးတွေလည်း ရှိတယ်။

တစ်ခါတလေကျတော့ သတ္တဝါမှန်းလည်း မသိပဲနဲ့ ကိုယ်က လုပ်မိရာကနေပြီး တော့ သတ္တဝါဖြစ်ပြီးတော့ သေသွားတာမျိုးကလည်း ရှိသေးတယ်၊ အဲဒီလို ကမ္မပထ မြောက်မှ အပြစ်ကြီးတယ်ပဲပြောကြပါစို့၊ အပြစ်ကတော့ ရှိတာချည်းပါပဲ၊ သို့သော် စေတနာမပါရင်တော့ ကိစ္စမရှိဘူး။

ကောင်းပြီ၊ အဲဒီကမ္မပထမြောက်တဲ့ အပြစ်မှာလည်းပဲ အပြစ်အကြီးအငယ် ဘယ်လို ကွာသေးသလဲတဲ့နော်၊ အပြစ်မှာတော့ အတော်အသေးစိပ်လိုက်တယ်၊ ဝိနည်းမှာကျတော့ ဘုန်းကြီးတွေ(ဆိုပါတော့) သတ္တဝါမသတ်ရဘူးဆိုတာရှိတယ်၊ လူမဟုတ်သေးဘူး၊ တခြားဟာပေါ့၊ လူလည်းပါတယ်၊ သတ္တဝါမသတ်ရဘူးဆိုတာ ရှိတယ်၊ဆိုပါတော့, ဘုန်းကြီးအနေနဲ့ ဝိနည်းအနေနဲ့ ပြောမယ်ဆိုရင် ပုရွက်ဆိတ်

သတ်တာနဲ့ ဆင်သတ်တာအတူတူပဲ၊ ပါစိတ်အာပါတ် သင့်တာပဲ၊ ပုရွက်ဆိတ်သတ်လည်း ဒီအာပါတ်ပဲ၊ ဒီထက်ကြီးတဲ့ သတ္တဝါခွေး, နွားသတ်လည်း ဒီအာပါတ်ပဲ၊ ဆင်သတ်လည်း ဒီအာပါတ်ပဲ၊ ဒါပေမယ်လို့ အဘိဓမ္မာကျတော့ ဒါမျိုး မရဘူးနော်။

အဘိဓမ္မာကျတော့ ဘယ်လိုလိုက်သလဲ၊ သတ္တဝါအကြီးအငယ် လိုက်ပြီးတော့လည်းပဲ အပြစ်အလေးအပေါ့ရှိတယ်၊ သတ္တဝါကြီးရင် ပိုပြီးအပြစ်များတယ်ပေါ့၊ သူက သတ္တဝါကြီးတော့ ဇီဝိတိန္ဒြေများတာပေါ့ဟုတ်လား၊ ဇီဝိတိန္ဒြေများများကို ဖြတ်ပြစ်ရတဲ့ သဘောရှိတယ်၊ အဲဒါကြောင့် သတ္တဝါကြီးရင် အပြစ်ကြီးတယ်၊ သတ္တဝါငယ်ရင် အပြစ်ငယ်တယ်ပေါ့။

ပြီးတော့တစ်ခါအဲဒီ အသတ်ခံရတဲ့ သတ္တဝါရဲ့ (သတ္တဝါဆိုတာလူလည်း ပါတယ်) အကျင့်သိက္ခာလိုက်ပြီးတော့ အပြစ်ကြီးမကြီးလည်းရှိတယ်နော်၊ အကျင့်သိက္ခာရှိတဲ့ ပုဂ္ဂိုလ်ကို သတ်မိရင် အပြစ်ကြီးတယ်၊ အကျင့်သိက္ခာမရှိတဲ့ ပုဂ္ဂိုလ်ကို သတ်မိရင် အပြစ်သိပ်မကြီးဘူး၊ အဲဒီလိုပဲ အသတ်ခံရတဲ့ ပုဂ္ဂိုလ်ရဲ့ အကျင့်သိက္ခာလိုက်ပြီးတော့ လည်းပဲ အပြစ်အကြီးအသေးရှိတယ်။

တစ်ခါ သီလ သိက္ခာရှိတဲ့သူကို သတ်မိမယ်ဆိုရင်တော့ အဲဒီသူပိုပြီးအပြစ်ကြီးသွားတာပေါ့၊ မိဘတို့ ရဟန္တာတို့ သတ်မိရင်တော့သွားပြီ၊ အနန္တရိယကံဆိုတာ ထိုက်သွားပြီ၊ ပိုပြီး အပြစ်ကြီးသွားပြန်ပြီ။

အဲဒီအကောင်အထည်အားဖြင့်ဖြစ်စေ, ဂုဏ်သိက္ခာအားဖြင့်ဖြစ်စေ, တူနေပါပြီတဲ့၊ အဲသလိုကျတော့ဘာလဲ၊ ပယောဂ လုံ့လစိုက်မှုအားကြီးရင် ပိုပြီးအပြစ်ကြီးတာပေါ့၊ လုံ့လစိုက်မှုသေးရင် အပြစ်သေးတာပေါ့နော်၊ အဲဒီလို အပြစ်မကြီးအသေးကလည်း ကွာသေးတယ်၊ ပုရွက်ဆိတ်သတ်တာနဲ့ ဆင်သတ်တာမတူဘူးပေါ့၊ ပုရွက်ဆိတ်သက် တာက လုံ့လသိပ်မထုတ်ရဘူး၊ ဆင်သတ်တာဆို လုံ့လအများကြီးထုတ်ရမယ်၊ အဲဒါကြောင့်မို့ အသတ်ခံရတဲ့ ပုဂ္ဂိုလ်ရဲ့ ဂုဏ်လိုက်ပြီးတော့လည်း ဖြစ်တယ်၊ သီလ လိုက်ပြီးတော့လည်း ဖြစ်တယ်၊ ဂုဏ်ဆိုတာလည်း သီလပါပဲ ဟုတ်လား၊ ပြီးတော့ အကြီးအသေးလိုက်ပြီးတော့လည်း ဖြစ်တယ်နော်၊ ပယောဂများတာ နည်းတာလိုက်ပြီး တော့လည်းဖြစ်တယ်။

တစ်ခါ အဲဒီသတ်တဲ့နေရာမှာ ပယောဂလို့ခေါ်တဲ့ အားထုတ်မှုကလည်း ရှိသေးတယ်၊ အဲဒီပယောဂတွေကိုလည်းပဲ သတိထားရမယ်။

ပထမဘာလဲဆိုတော့ ကိုယ်တိုင်သတ်တာတဲ့၊ ကိုယ်တိုင်သတ်ခြင်း, ဓားနဲ့ ခုတ်တယ်, တုတ်နဲ့ရိုက်တယ်၊ ဘာလုပ်လုပ်ပေါ့လေ ကိုယ်ထိလက်ရောက်သတ်တာ

ကိုယ်တိုင်သတ်တာကို ဘာလို့ခေါ်သလဲဆိုတော့ ပါဠိလိုကျတော့ သဟတ္ထိကလို့ ခေါ်တယ်၊ ကိုယ်တိုင်လျှုရင်လည်းပဲသဟတ္ထိက လျှုတယ်လို့ခေါ်တယ်၊ သဟတ္ထိက ဆိုတာ မိမိလက်နဲ့လုပ်တယ်လို့ ဆိုလိုတယ်၊ ကိုယ်တိုင်သတ်တာတစ်ခု။

နောက်တစ်ခုကတော့ ခိုင်းစေပြီးတော့သတ်တာ၊ ကိုယ်တိုင်မသတ်ဘူး၊ သူများကို အသတ်ခိုင်းတာ, နှုတ်နဲ့ဖြစ်ဖြစ်, စာနဲ့ရေးလို့ပဲဖြစ်ဖြစ်, အရိပ်နိမိတ်ပြလို့ပဲ ဖြစ်ဖြစ်, အသတ်ခိုင်းတာမျိုးကို အာဏတ္တိကလို့ခေါ်တယ်၊ ဒါဟာစေခိုင်းပြီးတော့ သတ်တာ၊ ပါးစပ်နဲ့ပြောမယ်ဟော့ ဘယ်ကောင်သတ်လိုက်စမ်း၊ ရုံးမင်းတွေ အမိန့်ချတာ မျိုးပေါ့၊ သို့မဟုတ် စာရေးပြီးတော့ စာနဲ့အမိန့်ချလိုက်တာ၊ သို့မဟုတ် အရိပ်နိမိတ်ပြ တာ၊ ကြိုးပေးတဲ့အခါတို့ ဘာတို့ကျတော့ လူတစ်ယောက်က အချက်ပြ လိုက်ရတယ် မဟုတ်လား၊ လက်ကိုင်ပဝါလေးဖြစ်ဖြစ် ဒီလိုလေး၊ လုပ်လိုက်ရတယ် ဟုတ်လား၊ အဲဒီလို အရိပ်နိမိတ်ပြလို့ဖြစ်စေ၊ အသတ်ခိုင်းတာမျိုးကို ကိုယ်တိုင်မသတ်ပဲနဲ့ သူများခိုင်းတာမျိုးကို အာဏတ္တိက ပယောဂလို့ခေါ်တယ်။

အခု ဒီမှာ သတိထားလိုက်စမ်း၊ ပါးစပ်နဲ့ ပြောတယ်၊ ပြီးတော့ ပါးစပ်နဲ့ သတ်ခိုင်းတာ ပါနေလို့, ဒီမှာ နော် တော်တော်ကြာကျတော့ အဲဒါပြန်ရှင်းမယ်၊ ကာယကံလား, ဝစီကံလားဆိုတာ၊ အာဏတ္တိက။

နောက်တစ်ခုက ဘာလဲဆိုတော့ ပါဠိလိုကျတော့ နိဿဂ္ဂိယလို့ခေါ်တယ်၊ ဒါကဘာလဲဆိုတော့ ပစ်လို့ရတဲ့ဝတ္ထု ပစ္စည်းနဲ့သတ်တာနော်၊ လေးနဲ့ပစ်သတ်တယ်၊ အခုခေတ်ဆိုရင် လက်နက်နဲ့ ပစ်တယ်၊ အဲဒီလို အဝေးကနေလှမ်းပြီးတော့ ပစ်ခတ်သတ်ဖြတ်မှုမျိုးကို နိဿဂ္ဂိယ ပယောဂလို့ ခေါ်တယ်နော်၊ ခဲနဲ့လှမ်းထုလို့ သေရင်လည်း နိဿဂ္ဂိယထဲသွားတာပေါ့လေ၊ အထူးသဖြင့်တော့ လေးမြားနဲ့ပစ်တာတို့ နော်၊ ဗုံးကြဲတာတို့ အမြောက်နဲ့ပစ်တာတို့ ဒါတွေဟာ ဘာလဲဆိုရင် နိဿဂ္ဂိယ ပယောဂတဲ့။

နောက်တစ်ခုကတော့ ထာဝရပယောဂလို့ခေါ်တယ်နော်၊ ဒါက ဘာလဲဆိုတော့ အမြဲထာဝရ တည်ရှိနိုင်တဲ့ ပစ္စည်းတစ်ခုခုနဲ့သတ်တာ၊ ဆိုလိုတာကတော့အခုခေတ် ဗုံးထောင်တာမျိုးပေါ့နော်၊ (Moving trap) အဲဒီလို ဗုံးထောင်ထားတာမျိုး၊ လမ်းခရီးမှာ တွင်းကြီးတူးထားတာမျိုး၊ လူတွေ ကျပြီးတော့သေအောင် တွင်းထဲမှာ ဆူးတွေထားပြီးတော့ လူတွေကျတဲ့အခါ သေအောင် လုပ်တာမျိုး၊ ပြီးတော့ ဒီလူက သူ့ကိုယ်သူ သတ်သေချင်တာ၊ သူ့နားသွားပြီးတော့ ဓားတို့လှံတို့ အလွယ်တကူ ရအောင် သွားချပေးထားတာမျိုး၊ ဒါမျိုးကို ထာဝရ ပယောဂလို့ ခေါ်တယ်။

ဒါကြောင့်မို့ လူသတ်စေဖို့ရာ လူတွင်မကဘူး သတ္တဝါတွေ သတ်စေဖို့ရာ လက်နက်လုပ်တာ အားလုံးပဲ ထာဝရပယောဂထဲပါတယ်၊ ဗုံးတွေလုပ်တယ် အမြောက်တွေလုပ်တယ်၊ အခုခေတ်ဆိုရင် နျူကလီးယားလက်နက်တွေလုပ်တယ်၊ ဒါတွေအားလုံးဟာ ကိုယ်တိုင်သတ်တာလည်း မဟုတ်ဘူး၊ သူများသတ်ခိုင်းတာလည်း မဟုတ်ဘူး၊ ဒါပေမယ့် သတ်စရာ ပစ္စည်းတွေ သူကလုပ်ပေးတာ၊ ဒါကြောင့်မို့ ထာဝရပယောဂ။

မင်းတုန်းမင်းကြီး လက်ထက်တုန်းက အိမ်ရှေ့မင်းက ဗုံးလုပ်ပြီးတော့ စမ်းလိုက်တော့ အောင်မြင်တယ်ပေါ့လေ၊ အောင်မြင်တော့ အများကတော့ ဝမ်းသာကြတယ်၊ နောက် မင်းတုန်းမင်းကြီးက ကြားတော့ ဒါ ဘာလဲကွာ, ဗုံးလုပ်လို့ အောင်မြင်ပြီပေါ့၊ အိမ်ရှေ့မင်းက သူ့ညီကို၊ အဲဒီတော့ မင်းတုန်းမင်းကြီးက မလုပ်ပါနဲ့ကွာ ထာဝရပယောဂ သူမလွတ်နိုင်ဘူးပေါ့၊ ပဋ္ဌမသင်္ဂါယနာတင် မင်းတရားကြီး က ထာဝရ ပယောဂ ဗုံးတွေဘာတွေ မကြိုက်ဘူးဆိုတော့ မလုပ်ရဘူး၊ အဲဒါကြောင့် မြန်မာပြည် ဆုံးရှုံးတယ် ဘာနဲ့တောင် နောက်လူတွေက အပြစ်တင်တာပဲ၊ အဲဒါထာဝရပယောဂလို့ခေါ်တယ်၊ သူများခလုတ်တိုက်ရင် လဲပြီးတော့သေအောင် ထောင်ချောက်ထောင်တာတို့ဘာတို့ စသည်ပေါ့လေ။

နောက်တစ်ခုကတော့ ဝိဇ္ဇာမယတဲ့၊ ဝိဇ္ဇာမယဆိုတာတော့ အတတ်ပညာနဲ့ ဆိုတော့ ပြုစားတာမျိုးပေါ့၊ စုံးတွေ ဘာတွေ ပြုစားတတ်တယ် မဟုတ်လား၊ ပြုစားတယ်ဆိုတာလည်း သေတာပဲ၊ အဲဒီလိုသေအောင် ပြုစားတာမျိုးကို ဝိဇ္ဇာမယလို့ ခေါ်တယ်၊ အင်းချပြီးတော့ သတ်တာမျိုး, လက်ဖွဲ့နဲ့ သတ်တာမျိုး, စသည်ပေါ့လေ၊ ဒါတွေဟာ ဝိဇ္ဇာမယပေါ့လေ၊ ခုခေတ် အရုပ်ကလေးတွေလုပ်၊ အဲဒီအရုပ်ကလေးတွေ အပ်တွေထိုးထားတယ်၊ ဟိုလူသေအောင်ဆိုပြီးတော့၊ တကယ်သေရင် အဲဒါ ပါဏာတိပါတ်ပဲ၊ ဒါတွေကလည်း မဖြစ်ဘူး မပြောနိုင်ဘူး၊ ဆေးဖယောင်းတိုင် ထွန်းတာတို့ အကုန်ပါတာပေါ့၊ သေရင် ပယောဂကုတဲ့ဆရာတွေ မြင်ဘူးလား၊ တစ်ခါတလေ ရိုက်တာနှက်တာတွေ၊ ဒီလူပဲဖြစ်ဖြစ် အပူးခံရတဲ့ သတ္တဝါဖြစ်ဖြစ်ပေါ့၊ သေရင် ဝိဇ္ဇာမယပဲ၊ တန်ပြန်အောင်လုပ်တာတွေလည်း ရှိတယ်နော် ဟုတ်လား၊ ဒါတွေလည်း သေရင်တော့ ပါဏာတိပါတ်ပဲ။

အဲ–နောက်တစ်ခုကတော့ ဣဒ္ဓိမယတဲ့၊ ဣဒ္ဓိမယဆိုတာကတော့ တချို့ပုဂ္ဂိုလ်တွေမှာ ကံကြောင့် သူတို့မှာ တန်ခိုးရှိနေတတ်တယ်၊ အဲဒီလို တန်ခိုးရှိနေတတ်တော့ သူတို့က နည်းနည်းလေးလုပ်လိုက်ပေါ့၊ တခြားတစ်ဖက်သားမှာ အကြီးအကျယ်

ထိခိုက်ပြီး သေသွားနိုင်တယ်၊ အဲဒီလိုဟာမျိုးနဲ့ သတ်တာမျိုးကို ဣဒ္ဓိမယနော်၊ တန်ခိုးနဲ့ သတ်တာလို့ဆိုတာ။

ဟိုးရှေးတုန်းက သီဟိုဠ် (သီရိလင်္ကာ) ကျွန်းမှာ ဘုရင်တစ်ပါးရှိတယ်တဲ့၊ အဲဒီ ဘုရင်တစ်ပါးက သူ စိတ်ဆိုးလာလို့ သူ့အစွယ်ကို ခေါက်လိုက်တာနဲ့ တစ်ခါတည်း ဟို လူတစ်ယောက်ဟာသေသွားတယ်၊ သူ့အစွယ် သူခေါက်လိုက်တာနဲ့ သူမနဆိုတဲ့ သူဌေးတစ်ယောက်ဟာ သေသွားတယ်၊ အဲဒီလို သူ့မှာ တန်ခိုးမျိုးရှိတယ်၊ပြီးတော့ ဝေဿဝဏ် နတ်မင်းကြီးဆိုတာရှိတယ်၊ မြင့်မိုရ်တောင်ရဲ့အရှေ့ စောင့်တာကတစ်ပါး၊ အနောက်စောင့်တာက တစ်ပါး၊ တောင်ဘက်စောင့်တာက တစ်ပါး၊ မြောက်ဘက် စောင့်တာကတစ်ပါးမှာ မြောက်ဘက်ပိုင်းစောင့်တဲ့ နတ်မင်းကြီးကို ဝေဿဝဏ္ဏနတ်မင်းလို့ခေါ်တယ်၊ ဝေဿဝဏ်နတ်မင်းဟာ စုံးပူး နတ်ပူး ဥစ္စာစောင့်ပူး ဘာပူး ညာပူးဆိုရင် ပယောဂဆရာတွေက ဝေဿဝဏ် နတ်မင်းကြီးကို တိုင်တည်တာပဲ၊ သူက အဲဒီဘက်က ယက္ခတွေကို အုပ်စိုးရတဲ့ နတ်မင်းကြီး၊ အဲဒီနတ်မင်းကြီး အရိယာမဖြစ်ခင်ကတဲ့ (နောက် အရိယာဖြစ်သွားတော့ ကိစ္စမရှိဘူး) အရိယာ မဖြစ်ခင်က မျက်စောင်းထိုးလိုက်တာနဲ့ တစ်ခါတည်း ဘီလူးတွေက သေသွားတာပဲတဲ့၊ သူ့မျက်စောင်းပေးလိုက်ရင် သွားပြီ၊ အဲဒါဟာ ဘာလည်းဆိုရင် ဣဒ္ဓိမယတန်ခိုးကြောင့်ဖြစ်တာ၊ အဲဒီလို ပါဏာတိပါတနဲ့ ပတ်သက် ပြီးတော့ ပယောဂဆိုတာတွေကိုလည်းပဲ သိထားရမယ်နော်၊ ခုနက အင်္ဂါငါးပါးသိခဲ့ပြီ၊ အခုပယောဂ။

ဒါကြောင့်မို့ ကိုယ်တိုင်သတ်မှ ပါဏာတိပါတ ဖြစ်တာမဟုတ်ဘူး၊ သူများ ခိုင်းသတ်ရင်လည်းပဲ ပါဏာတိပါတဖြစ်တာပဲ၊ အာဏတ္တိတ, နိဿဂ္ဂိယ, ထာဝရ ပစ္စည်းတွေ ဘာတွေလုပ်ရင်လည်းပဲ ပါဏာတိပါတ၊ ဒါကြောင့်မို့ လက်နက်ရောင်း တာတို့ ဘာတို့ကို သမ္မာအာဇီဝ မဟုတ်ဘူးလို့ မြတ်စွာဘုရားက ဟောတာပေါ့၊ လက်နက် ရောင်းတော့ ထာဝရပစ္စည်းကိုး၊ ထာဝရပစ္စည်း ရောင်းတာပေါ့။

ဝိဇ္ဇာမယ အတတ်ပညာနဲ့သတ်တာ၊ ဣဒ္ဓိမယကတန်ခိုးနဲ့သတ်တာ၊ အဲဒီလို ပယောဂတွေကလည်းပဲ အမျိုးမျိုးရှိသေးတယ်၊ ဒါတွေနဲ့ အကုန်လုံးလိုက်ပြီးတော့ ကြည့်ရမယ်၊ ပါဏာတိပါတ။

ခုနကပြောတဲ့ ဇီဝိတိန္ဒြေကိုလျင်စွာ ချတယ်လို့ ဒီလို စာတွေမှာသုံးတယ်၊ ဒါကလည်း ခုနကပြောတဲ့အတိုင်းပဲ၊ ဇီဝိတိန္ဒြေ နောက်ထပ်အဆက်မဖြစ်အောင် ပြတ်သွားအောင် လုပ်တဲ့သဘောပေါ့၊ သူ့ဟာသူ အသက်ရှည်နေမှာကို ကိုယ်က

နည်းနည်းလေးဖြစ်စေ တိုသွားအောင် လုပ်လိုက်ရင် ပါဏာတိပါတဖြစ်တာပဲ၊ ဒါကြောင့်မို့ ဦးဇင်းတို့ ဗုဒ္ဓဘာသာမှာ (mercy killing) မရှိဘူး။

လူတွေကတော့ ထင်တယ်၊ ဒါ သူ့ကို ကူညီတာပဲပေါ၊ ဒုက္ခ ရောက်နေတယ် မဟုတ်ဘူးလား၊ ဒုက္ခရောက်နေတော့ သူ ဒုက္ခငြိမ်းသွားအောင် ဆိုပြီးတော့ သတ်ပေးလိုက်တယ်၊ ခု ဒီနိုင်ငံမှာ သိပ်လုပ်လေ့ရှိတယ်၊ အထူးသဖြင့်တော့ တိရစ္ဆာန်တွေကို လုပ်လေ့ရှိတယ်၊ ဘာလဲ (put to sleep) ပြောတာပဲ၊ သနား တယ်ဆိုပြီးတော့ မိဘဖြစ်တော့ သံယောဇဉ်ဖြစ်မိတော့ ဒုက္ခခံနေတာ မကြည့်ရက်ဘူး ဆိုပြီးတော့ သတ်ပေးလိုက်တာပဲ၊

အဲဒါဟာ အဘိဓမ္မာနဲ့ပြောရင် ပါဏာတိပါတပဲ၊ သနားလို့ သတ်သတ်၊ စောစောတုန်းကတော့ ကရုဏာ အစစ်ပါလိမ့်မယ်၊ ဒါပေမယ့် သတ်တဲ့အချိန်မှာ ဘယ်တော့မှ ကရုဏာနဲ့ မသတ်နိုင်ဘူးတဲ့၊ ဒေါသမူစိတ်နဲ့ချည်းသတ်တာ၊ ရှေးတုန်းက ဘာပြောလာခဲ့လာခဲ့ပေါ့လေ၊ ဘယ်လိုပဲ စိတ်အနေထားရှိလာခဲ့ လာခဲ့, တကယ်သတ်ပြီ ဓိဝိတိန္ဒြေချပြီဆိုတဲ့အခါမှာကျတော့ ဒေါသမူစိတ်နဲ့ပဲ လုပ်လို့ရတယ်၊ ကရုဏာစိတ်နဲ့ လုပ်လို့မရဘူး၊ ကုသိုလ်စိတ်နဲ့ သတ်လို့မရဘူး။

ဒါကြောင့် ဒီသတ်တဲ့ အချိန်မှာ ဒေါသမူစိတ်နဲ့သာ သတ်လို့ရတာဖြစ်တဲ့ အတွက်ကြောင့်မို့ (mercy killing) ဆိုတာမျိုး ဦးဇင်းတို့ ဗုဒ္ဓဘာသာမှာ မရှိဘူး၊ အဲဒီတော့ သူ့ကို တတ်နိုင်သမျှ ကိုယ်က သက်သာအောင်သာ လုပ်ပေးဖို့ သာရှိတယ်၊ သူ့ကိုသွားသတ်ဖို့ ကိုယ့်မှာ (right) မရှိဘူး။ အမှန်အတိုင်းပြောရင် ဒီနိုင်ငံကျတော့ ဒါတွေဟာ လုပ်နေကြတာပဲနော်။

ဟိုတလောက ဦးဇင်းဒေါ်ခင်မကြီးဆီ သွားတုန်းက ဒကာမကြီးက ခွေး တစ်ကောင်ရှိတာ၊ အဲဒီခွေးလေးကရောဂါ ကြံကြံဖန်ဖန်ဖြစ်နေတော့ ခွေးဆရာဝန် သွားပြတော့ ခုနကလို သတ်ပစ်လိုက်ပါ ပြောတာ၊ အဲဒီတော့ ဒေါ်ခင်မကြီးကလည်း မလုပ်နိုင်ဘူးပေါ့၊ ဟာ, မဖြစ်ဘူး၊ ဒါကတော့ ဗုဒ္ဓဘာသာ ဆိုတော့ အိမ်ပြန်ခေါ် လာပြီးတော့ ဘာလုပ်တုန်းဆိုတော့ ပရိတ်တွေရွတ်ပေးတာပဲ၊ အဲဒါနဲ့ ကောင်လေးက မသေဘူးဗျ၊ ပြန်ပြီးနာလံထူလာတယ်၊ ဟို ဦးဇင်းသွားတုန်းအထိ ရှိသေးတယ်၊ ခုထိတော့ မပြောတတ်ဘူး၊ ဇန်နဝါရီ ဖေဖော်ဝါရီလအထိ ရှိသေးတယ်၊ နည်းနည်းတော့ ဟိုယိုင်ဒီယိုင်လေးတော့ တစ်ခါတစ်ခါ ဖြစ်တယ်၊ ဒါပေမယ်လို့ မသေရှာဘူး၊ သူတို့ပြောတဲ့အတိုင်း ဟိုတုန်းက သတ်လိုက်ရင် ခွေးလေးသေပြီ၊ အဲဒါ သူမလုပ်နိုင်ဘူး၊ အဲဒါ သူများတွေကတော့ သူ့ထင်တာ ရက်စက်တဲ့

မိန်းမပေါ့၊ ဒီဒုက္ခ ခံစားရတာကို ကြည့်နေတယ်ပေါ့၊ သူကတော့ မလုပ်ဘူးဆိုပြီးတော့ ပရိတ်ထိုင်ရွတ်တာပဲတဲ့၊ ဒီခွေးနာကို ပြန်ကောင်း လာတာ။

အဲဒါကြောင့်မို့ (mercy killing) များကော့ မလုပ်ကြနဲ့၊ ဘာလဲဆိုတော့ သူ့ကံနဲ့သူပဲ၊ သူ ခံစားရတာတော့ ကိုယ်မတတ်နိုင်ဘူးလေ၊ ကိုယ်ကလုပ်တာမှ မဟုတ်ပဲနဲ့၊ အဲဒီတော့ ကိုယ်ကဝင်ပြီးတော့ သူကို ကယ်ချင်လို့ဆိုပြီး သတ်လိုက်ရင် ကိုယ့်ကို အလကားနေရင်း ပါဏာတိပါတဖြစ်မယ်နော်။

ပြီးတော့ အဲဒီမှာနေတုန်းကပဲ စာစောင်လေးတစ်ခုမှာ ဆောင်းပါးတစ်ခု သွားတွေ့တယ်၊ မိန်းမတစ်ယောက် ကားတိုက်တာပဲထင်တယ်၊ ကားတိုက်ပြီးတော့ သတိမေ့သွားတာလေ, ကိုယ်ဝန်ကြီးနဲ့ဖြစ်တော့ အသက်ရှုတဲ့ စက်တပ်ထားရတာ၊ အောက်စီဂျင်ပေးထားတာ ခေါ်တာပေါ့၊ အသက်ရှုစက်တပ်ပြီး လုပ်ပေးထားတော့ ဆရာဝန်တွေက ပြောတယ်တဲ့၊ မရဘူး မျှော်လင့်ချက် လုံးဝမရှိဘူး၊ သွားတော့မှာပဲ၊ ဒါပေမယ်လို့ သူ့မိဘ ဆွေမျိုးတွေက မလျှော့ဘူးပေါ့လေ၊ ပြီးတော့ အဲဒီမိန်းမက ကိုယ်ဝန်ကြီးနဲ့ ၉-လလောက်ကြာသတဲ့၊ အဲဒီမှာ ကိုယ်မှာဖြစ်နေတာ၊ ဒီအသက်ရှု စက်နဲ့ပဲရှုနေတာ၊ အဲဒီလိုဖြစ်နေရင်းနဲ့ ဗိုက်ခွဲပြီး ကလေးမွေးပေးရတယ်၊ နောက် ကျတော့ သူက သတိပြန်လည်လာတယ်၊ ဓာတ်ပုံထဲကိုပါတာ၊ သူရော သူ့သားရော၊ သူ့သားကတော့ ၁၆ နှစ်လောက်ရှိပြီ သူက ပြောတယ်လေ၊ (I am a living proof) မင်းတို့ သွားပြီးတော့ မဖြတ်ကြနဲ့ပေါ့၊ ဘာပြုလို့လဲဆိုတော့ ဆရာဝန်တွေက မျှော်လင့်ချက်မရှိဘူး ဆိုပေမယ်လို့ သူပြန်ရှင်လာတယ်၊ မသေဘူးဆိုပါတော့လေ၊ အဲဒါကြောင့်မို့ အဲဒီစက်နဲ့ နေရင် လည်းပဲ သွားတော့ဖြင့်ဖြတ်လို့ မပြောကြနဲ့ပေါ့၊ သွားအဖြတ်ခိုင်းလိုက်ရင် ကိုယ့်မှာ ပါဏာတိပါတငြိနိုင်တယ်။

ဦးဇင်းတို့ တစ်ခါ သိပ်ကို ဂရုစိုက်လိုက်ရတယ်၊ ဆရာတော်ကြီးတစ်ပါး ဦးဇင်းတို့နဲ့ အလွန်ရင်းနှီးတယ်၊ ကိုယ့်ဆရာသမားပါပဲ၊ အဲဒီလိုပဲ မန္တလေးဆေးရုံမှာ ဖြစ်နေတော့ အောက်စီဂျင် တပ်နေရတယ်၊ ရှူးရှဲ ရှူးရှဲနဲ့ပေါ့၊ ကြာတော့ ဆရာဝန် တွေကလာပြောတယ်၊ "အရှင်ဘုရား၊ ဖြုတ်လိုက်တော့မယ်"တဲ့ "ဒို့တော့ လာမပြောနဲ့မောင် မဖြစ်ဘူး"လို့ "သူကတော့ အရှင်ဘုရားတို့ကန်တော့ရင် သွားကန်တော့ချေ"တဲ့၊ ဒါ နောက်ဆုံးကန်တော့ခြင်းပေါ့လေဆိုတော့ "ကန်တော့ တာတော့ ကန်တော့တယ်၊ ကိစ္စမရှိဘူး၊ ဒို့ကတော့ မင်းတို့ဖြုတ်တာလည်း သဘော ကျတယ်လို့လဲ မပြောဘူးလို့ ဟုတ်ဘူးလား၊ ဖြုတ်ပါလို့လည်း မပြောနိုင်ဘူး

လို့, သွားပြောမိရင် အလကားနေရင်း ကိုယ့်ပါရာဇိကကျမှာ, အဲဒါမျိုး သိပ်သတိထားရတယ်နော်။

တစ်နည်းအားဖြင့်ကြည့်, ခုနကလို ဆရာဝန် အနေနဲ့ ကြည့်ရင် ဟုတ်တာပေါ့၊ ဒါကြီးကတော့ ဘာလုပ်တော့မလဲ၊ အလကားပဲ၊ ရှုး‌ရဲ့ ရှူးရဲ့ စက်ကလုပ်နေတာပဲ၊ ဒါပေမယ်လို့ ခုနက မိန်းမက အဲဒါမျိုး၊ အဲဒီဆောင်းပါးလေး သိမ်းတောင်ထားချင်တာ၊ ဖလော်ရီဒါမှာတုန်းက တွေ့တာ Enquiry ထဲလား, ဘယ်ထဲလား မသိဘူး၊ အဲဒီလို စာစောင်မျိုး တစ်ခုပဲ၊ ဒေါ်ခင်မကြီး ဝယ်လာတာပဲ၊ အဲဒါ ဖွင့်ဖတ်လိုက်တော့ ဟာ နေရာကျပဟေ့လို့ ဓာတ်ပုံနဲ့ကိုပါလာတာ၊ ဒီအတိုင်းချည်း နေရတာ ၉–လ လောက်ကြသတဲ့၊ အဲဒါ သွားဖြုတ်မိရင် ပါဏာတိပါတတော့ ထိုက်နိုင်တယ်၊ ဘာပြုလို့လည်းဆိုတော့ သူက သတိမရပေမယ်လို့ သူ့ဇီဝိတက သွားနေသေးတာကိုး၊ အဲဒီအချိန်မှာ ဇီဝိတရှိနေသေးတယ်၊ ဒီဇီဝိတကို ချုပ်အောင်သွားလုပ်လိုက်ရင် ကိုယ့်မှာ ပါဏာတိပါတ ငြိနိုင်တယ်၊ ဒါသတိထားဖို့ ပြောတာနော်၊ ဒါဟာ သူ့အသက်သတ်ခြင်း ပါဏာတိပါတ၊ ပါဏာတိပါတကို တကယ်ရှောင်မယ်ဆိုရင် အတော်ကို သတိထားမှရမှာ။

**မေး** – ဒါဖြင့်ရင် ဆရာဝန်တစ်ယောက်ကလာပြီးတော့ သူ့လူနာက ဒုက္ခရောက်နေတယ်၊ သတ်ပေးရမလား၊ မသတ်ပေးရဘူးလား၊ ဘယ်လို decided လုပ်ပေးရမလဲ၊ ရေငုံနှုတ်ပိတ် မနေရဘူးဆိုရင် ဘယ်လိုလုပ် ဆုံးဖြတ်ချက်ချရမလဲ။

**ဖြေ** – သတ်တဲ့ဘက်ကတော့ မနေနဲ့။

**မေး** – တကယ်လို့ ခွဲစိတ်ပါလို့ လုပ်လို့ ပြောလိုက်ရင် အသက်ရှင်ဖို့ အလားအလာ ရှိတယ်၊ မလုပ်နဲ့လို့ ပြောလိုက်လို့ရှိရင် သေဖို့ chance နည်းနည်းရှိတယ်၊ ဆရာဝန်ကြီးရဲ့ ပြောပြချက်လေးအရ အဲဒီတော့ ဘယ်ဘက်သွားရမယ်ဆိုတာလည်း မသိဘူး၊ ခွဲစိတ်လိုက်လို့ ပျောက်ရင်လည်းပျောက်မယ်၊ မခွဲလို့ သေချင်မှလည်း သေမယ်၊ အဲဒီလို အနေအထားမျိုးမှာ ကိုယ်ကနေနေရတဲ့အခါကျတော့ ဘယ်လိုဆုံးဖြတ်ရမလဲ၊

**ဖြေ** – ဒါကျတော့ ကိုယ့်စေတနာရှိတယ်၊ သူ့ကို သေစေချင်တဲ့ စေတနာ ကိုယ့်မှာမရှိဘူး၊ ကိုယ်က သူကောင်းသွားစေချင်တဲ့ စေတနာရှိတယ်ဆိုတော့ ခွဲပါလို့ပြောလည်းရမှာပေါ့၊ သူ ဒီလိုခွဲခြင်းဖြင့် သူ့ရောဂါ သက်သာ လိမ့်မယ်လို့ ကိုယ်ကမျှော်လင့်ချက်နဲ့ ပြောတာကို၊ ဆရာဝန်တွေကလည်း ပြောတယ် (ဆိုပါတော့)

ခွဲရင်တော့ သက်သာဖို့ရာ ၆၀–ရာခိုင်နှုန်းရှိတယ်၊ ဒီအတိုင်းထားရင်တော့ သေမှာပဲဆိုတာမျိုးကျတော့ ခွဲပါလို့ ပြောမယ်ဆိုရင် ပြောနိုင်တာပေါ့၊ သူ့အသတ်ခိုင်းတာမှ မဟုတ်ပဲကိုး၊ သူ့အသက်ကယ်ခိုင်းတာ။

**မေး** – ခုနက အချက် ၅–ချက်ထဲမှာ တစ်ချက်လွတ်တာပေါ့၊ လုံ့လလည်း မရှိဘူး စေတနာလည်း မရှိဘူး။

**ဖြေ** – အင်း, ဟုတ်တယ်။

ကောင်းပြီနော်၊ ဒါ သူ့အသက်သတ်ခြင်း၊ ဒုတိယသွားကြဦးစို့၊ သူ့ဥစ္စာကို ခိုးဝှက်တိုက်ခိုက် လုယ့်ပတ်၍ယူခြင်း၊ အဒိန္နာဒါန သူ့ဥစ္စာမခိုးနဲ့ပေါ့၊ မြန်မာလိုရိုးရိုး ပြောတာကတော့ အဒိန္နဒါန, အဒိန္နဒါန, အဒိန္နဒါနမဟုတ်ဘူး၊ အဒိန္နာဒါနနော် အဲဒါလည်း သီလယူတဲ့အခါကျရင် သတိထားကြ၊ မှန်မှန်ဆိုနိုင်ရင် ပိုကောင်းတယ်၊ လူတွေက များသောအားဖြင့်ဆိုရင် အဒိန္နဒါနချည်း ဆိုတာပဲ, ဘုန်းကြီးတွေကတော့ အမှန်အကန်ချပေးတာပဲ၊ အဒိန္နာဒါနလို့, ဒါပေမယ်လို့ သူတို့ကလည်း သူ့ကို နှုတ်တည့်နေတဲ့ အတိုင်း အဒိန္နဒါနလို့ဆိုတာပဲ၊ ဘာပြုလို့လည်း ဆိုတော့ ဒီအဒိန္နာဒါန ဆိုတဲ့ပုဒ်က အဒိန္နဆိုတဲ့ပုဒ်နဲ့ အာဒါနဆိုတဲ့ပုဒ်နဲ့ ၂–ခုဆက်ထားတာ၊ အဒိန္နနဲ့အာဒါန ဆက်လိုက်တဲ့ အခါမှာ အဒိန္နာဒါနလို့ ဖြစ်လာတယ်၊ ဒါကြောင့်မို့ အဒိန္နာဒါန ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိပေါ့လေ၊ သီလယူရင်လည်း အဲဒီလို ဆိုရမယ်။

အဒိန္နဆိုတာက မပေးအပ်တဲ့ဥစ္စာ၊ အာဒါနဆိုတာက ယူတာ၊ အဲဒီတော့ ဥစ္စာရှင်က ကိုယ်ဖြင့်ဖြစ်စေ, နှုတ်ဖြင့်ဖြစ်စေ မပေးတဲ့ဥစ္စာကိုယူ၍ အဒိန္နာဒါနဖြစ်တယ်၊ ဒါကို မြန်မာလိုကျတော့ ခိုးဝှက်မှုလို့ ဆိုတာပေါ့၊ အဲဒီလို အရှင်က ကိုယ်နှုတ်ဖြင့် မပေးအပ်တဲ့ဥစ္စာကို ယူတာမှန်ရင် အဒိန္နာဒါန ဖြစ်တယ်ဆိုတော့ ခိုးရင်လည်း ဟုတ်တာပဲ၊ တိုက်ခိုက်ယူရင်လည်း ဟုတ်တာပဲ၊ လိမ်တာတွေတောင်မှ ပါတာပဲ၊ လိမ်ယူတာတို့ ဘာတို့လဲ သူက ပေးချင်တာမှ မဟုတ်ပဲကိုး၊ အဲဒါမျိုးဆိုတော့ လုယ့်ပတ် ယူတာတို့ ဘာတို့ အားလုံးဟာ အဒိန္နာဒါနထဲမှာပါတယ်၊ အဲဒီတော့ ရှော့လို့ ပါးစပ်နဲ့ပဲပြောပေးပေး, စာနဲ့ပဲပေးပေးပေါ့လေ၊ အဲဒါမျိုးဆိုရင်တော့ ကိစ္စမရှိပါဘူး။

ကောင်းပြီ, ဒီမှာလည်း ဝိနည်းနဲ့ သုတ္တန်လို့ပြောပြော, အဘိဓမ္မာလို့ပြောပြော ကွာခြားမှုရှိသေးတယ်၊ ဝိနည်းအရ ပြောမယ်ဆိုရင် ဘုန်းကြီးက တိရစ္ဆာန်ရဲ့ ပစ္စည်းကိုယူတာ အာပါတ်မသင့်ဘူးတဲ့၊ ဆိုပါတော့, တိရစ္ဆာန်ပိုင်တဲ့ ပစ္စည်းရှိတယ်ပဲ

ပြောကြပါစို့၊ ဒါပေမယ်လို့ အဘိဓမ္မာ သဘောတရား သို့မဟုတ် သုတ္တန်သဘော တရားအရကျတော့ ယူတာမှာ မပေးတာယူတာဆိုတော့ အပြစ်ကတော့ ရှိတာပဲ၊ အဲဒီလို ဝိနည်းနဲ့ သုတ္တန်နဲ့ မတူတာလေးတွေနည်းနည်းရှိတယ်၊ ကောင်းပြီ။

ဒီမှာလည်းပဲ အင်္ဂါနားလည်ဖို့ အရေးကြီးတယ်နော်၊ ဦးဇင်းဒကာကြီးကတော့ ပြောလေ့ရှိတယ်၊ ကိုယ်တော်တို့, ပါနောပါနသညာ အင်္ဂါတွေ ရှုပ်တယ် လုပ်မနေနဲ့၊ မသတ်ရဘူးဆိုရင် လုံးဝမသတ်နဲ့တဲ့၊ ပြီးတာပဲတဲ့၊ အင်္ဂါတွေဘာတွေနဲ့ မညီဘူးညီတယ် လုပ်နေရတယ်၊ ဒါသက်သက် အကြောင်းရှာလာတာ (excuse) ရှာလာတာပေါ့လေ၊ သို့သော် အင်္ဂါလည်း နားလည်ရမယ်။

ကောင်းပြီ, အခု အဒိန္နာဒါနမှာ ဘယ်လိုအင်္ဂါတွေရှိသလဲတဲ့၊ သူတစ်ပါး ဥစ္စာလည်းဖြစ်ရမယ်၊ ဒါတွေ သိပ်သိထားဖို့ကောင်းတယ်နော်၊ မြတ်စွာဘုရားရဲ့ သင်ကြားချက်တွေဟာ အသေးစိပ် အလွန်တိကျအောင် လုပ်ထားတာ၊ သူတစ်ပါး ဥစ္စာလည်းဖြစ်ရမယ်တဲ့, အဲဒါနံပတ်တစ်အင်္ဂါ။

နံပါတ်နှစ် အင်္ဂါက သူ့ဥစ္စာလို့လည်း သိရမယ်၊ သူ့ဥစ္စာလို့မသိလို့ ယူမိတာမျိုး၊ ဒီပစ္စည်းဟာ ပိုင်ဆိုင်သူရှိတယ်လို့ မသိလို့ ယူမိတာမျိုး၊ ဒါမျိုး မဆိုလိုဘူးလို့ဆိုတယ်၊ သူ့ဥစ္စာလို့လည်းသိရမယ်၊ ဒီပစ္စည်း ပိုင်ဆိုင်တဲ့သူရှိတယ်လို့ လည်း သိထားရမယ်။

ခုနကလိုပဲ နံပါတ်သုံးကလာပြန်ပြီ, ခိုးချင်တဲ့စိတ်လည်းရှိရမယ်၊ တစ်ခါတ လေကျတော့ ဆိုပါတော့, ခဲတံလေး ခဏငှားပြီးတော့ ရေးပြီးတော့ သူ့အိတ်ထဲ ထည့်သွားတယ်၊ ပါသွားတယ်၊ ခိုးချင်တဲ့စိတ်ရှိတာမဟုတ်ဘူး၊ ဒါကတော့ အမှတ် တမဲ့ပဲ၊ ကိုယ့်ဟာထင် ပြီးတော့ ကိုယ့်ရှေ့မှာယူသွားတာ၊ ဒါမျိုးမဆိုင်ဘူးနော်၊ အဒိန္နာဒါနမဖြစ်ဖူးပေါ့၊

နံပတ် လေး၊ ခိုးခြင်း၌ လုံ့လပြုခြင်း၊ နံပတ် ငါး တရားဝင် လက်တွေ့ခိုးယူခြင်း၊ ဒီ ငါးချက်မပြည့်စုံရင် ကမ္မပထ မမြောက်ဘူးပေါ့၊ ပြည့်စုံရင်ကမ္မပထ မြောက်တယ် ပေါ့။

အဒိန္နာဒါနမှာလည်းပဲ အပြစ်အကြီးအငယ်က ဘယ်လိုလဲတဲ့၊ ဥစ္စာတန်ဖိုး လိုက်ပြီးတော့လည်းပဲ အပြစ်အကြီးအငယ်ဖြစ်မယ်ပေါ့နော်၊ နည်းနည်းတန်တာခိုးတာ၊ များများတန်တာခိုးတာ, ပြီးတော့ ဥစ္စာရှင်ရဲ့ သီလရှိမှု မရှိမှု, ဥစ္စာရှင်က သီလ ရှိတဲ့ပုဂ္ဂိုလ်ဆိုရင် ပိုပြီးတော့ အပြစ်ကြီးမယ်ပေါ့၊ ပြီးတော့လုံ့လ ပယောဂကလည်း ခုနကလိုပေါ့လေ၊ လုံ့လပယောဂ များများပြုရရင် အပြစ်ပိုကြီးတာပေါ့၊ နည်းနည်းပြု

ရရင် အပြစ်သေးတာပေါ့၊ အဲဒီလို အပြစ်အကြီးအသေးလိုက်ပြီးတော့ ဖြစ်တယ်၊ အဲဒီ အဒိန္နာဒါနနဲ့ပတ်သက်ပြီးတော့ ခိုးခြင်း ၂၅–ပါးဆိုပြီးတော့ ဝိနည်းမှာလာတယ်၊ ဒါခုတော့ မပြောနိုင်ဘူးဟုတ်လား။

ဒါကြောင့်မို့ ဒီသိက္ခာပုဒ်ဟာ ဘုန်းကြီးတွေမှာ အလွန်ကြောက်စရာကောင်းတယ်လို့ ပြောတာ၊ ဘာလို့လည်းဆိုတော့ တကယ်ခိုးမှ ခိုးခြင်းဖြစ်တာ မဟုတ်ဘူး၊ ခိုးတာမဟုတ်ပဲနဲ့ ခိုးသလိုဖြစ်တာတွေပေါ့လေ၊ လိမ်တာမျိုးတွေ အဲဒါမျိုးတွေ အမျိုးမျိုးတွေ ဖြစ်နိုင်တယ်၊ အဲဒါကြောင့်မို့ အမှန်ကတော့ မြတ်စွာဘုရားက တပည့်သားတွေ စောင့်ရှောက်ချင်လို့ ဒီလို ဒီလို နည်းတွေရှိတယ်၊ ဒါဒီလိုလုပ်ရင် ခိုးတာပဲ၊ ဒီလိုလုပ်ရင် ခိုးတာပဲ စသဖြင့်ပေါ့၊ အဲဒီလို။

လူတစ်ယောက်က ပိုက်ဆံတစ်ခု အောက်ကျသွားတယ်ဆိုပါတော့၊ ကိုယ်က အသာလေး ခြေထောက်ကလေးနဲ့ နင်းထားလိုက်တယ်၊ ဟိုကောင်ရှာလို့ မတွေ့ဘူး၊ ဟုတ်တယ်မဟုတ်လား၊ မတွေ့ရင်ကိစ္စမရှိသေးဘူး၊ ခိုးတာမဖြစ်သေးဘူး၊ ဒီကောင်ထွက်သွားတဲ့အခါ ကိုယ်က ကောက်ယူလိုက်တယ်၊ နေရာရွှေ့သွားတာနဲ့ တစ်ပြိုင်နက် ခိုးခြင်းကိစ္စပြီးသွားပြီ၊ အဲဒါမျိုးတွေပေါ့လေ၊ ပြီးတော့ အထူးသဖြင့် အကောက်ခွန်ပေးဖို့ ရှောင်တာမျိုးတွေ, အဲဒါမျိုးတွေလည်း ကြောက်စရာကောင်း တယ်။

ဒါကြောင့်မို့လို့ ခိုးခြင်း ၂၅–ပါးဆိုတာ ဘုန်းကြီးတွေမှာတော့ရှိတယ်၊ အမှန်ကတော့လူတွေမှာလည်း အဲဒီထဲက တော်တော်များများဟာ သုံးလို့ရပါတယ်၊ ထားပါတော့, ဒါကတော့ ကျယ်လွန်းသွားပြီ၊ နောင်တစ်ကြိမ် အကျယ်လေ့လာချင်တဲ့အခါကျမှ လုပ်ကြစို့။

တတိယဟာက ကာမေသုမိစ္ဆာစာရ, ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းတဲ့၊ အဲဒီတော့ ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ခြင်းဆိုတာ မိမိတရားဝင် ဆက်ဆံကောင်းတဲ့ ပုဂ္ဂိုလ်မှတပါး တခြားပုဂ္ဂိုလ်တွေနဲ့ ကာမဂုဏ်ဆက်ဆံတာပေါ့လေ၊ ကာမေသုမိစ္ဆာစာရ၊ ကာမေသုဆိုတာက ကာမဂုဏ်တို့၌ မိစ္ဆာစာရ မှားယွင်းတဲ့အကျင့်, မှားယွင်းတဲ့အကျင့်ဆိုတာက ယုတ်မာတဲ့အကျင့်ပေါ့လေ။

ကာမေသုမိစ္ဆာစာရနဲ့ ပတ်သက်ပြီးတော့ ပြောစရာတွေလည်း အလွန်များတယ်၊ ပြဿနာတွေလည်း အလွန်များတယ်၊ ခုခေတ်အနေနဲ့ ကြည့်မယ်ဆိုရင်လဲ တချို့ဟာတွေက ဘာဖြစ်မယ်မသိဘူး၊ ဒါပေမယ်လို့ ဒို့ဘာသာမှာ ဒို့ကျမ်းဂန်တွေမှာ ဒီလိုဆိုထားတယ် ဆိုတာကိုတော့ နားလည်ထားရမယ်၊ သူများပြောတဲ့အခါမှာတော့ သူတို့ကြိုက်ချင်ကြိုက်မယ်၊ မကြိုက်ရင် မကြိုက်ဘူး၊ ဒါကတော့ မတတ်နိုင်ဘူး။

ဦးဇင်းတို့လည်း မေးရင်တော့ မှန်တဲ့အတိုင်းတော့ ပြောရတော့တာပဲ၊ သူတို့မကြိုက်မှာစိုးလို့ ကိုယ်က လျှော့ပြောလိုက်မယ်၊ ပြင်ပြောလိုက်မယ်ဆိုရင် ဘုရားတရားကို ကိုယ်က မတော်တရော် (misrepresent) လုပ်ရာရောက်တယ်လေ၊ သူတို့ကြိုက်တာ မကြိုက်တာတခြားပဲ၊ ဒီနိုင်ငံသားတွေအနေနဲ့က ကာမေသုမိစ္ဆာစာရဆို ဘယ်ကြိုက်မလဲ။

ဒီကလူတွေက အမှန်ကတော့ အကုသိုလ် အတော်နည်းတာ၊ ကာမေသုမိစ္ဆာစာရနဲ့ သုရာမေရိယ, ဒီကံ ၂-ကံက အတော်ကျူးလွန် ဖြစ်တာ၊ အဲဒီတော့ မတတ်နိုင်ဘူး, ဟုတ်လား၊ စာရှိတဲ့အတိုင်းပြောရမှာပဲ၊ မေးရင်တော့ ဦးဇင်းတို့က အဲဒီလိုပဲပြောတယ်၊ ဒါကတော့ မရှောင်နိုင်ဘူးလေ၊ ကြိုက်တာ မကြိုက်တာ လိုက်နာတာ မလိုက်နာတာကတော့ သူ့သဘောပေါ့။

ဦးဇင်း ဝါရှင်တန်မှာနေတုန်းက ဥရောပက လူတစ်ယောက်က လှမ်းပြီးတော့ ဝါရှင်တန်က ဘုန်းကြီးကို မေးလိုက်တာကိုး၊ ဘုန်းကြီးက အဖြေခက်နေတယ်၊ အမှန်အတိုင်း ပြောလိုက်ရင်လည်း သူတို့မကြိုက်ရင် တစ်မျိုးဖြစ်မှာပေါ့လေ၊ ဘယ်လိုလုပ် ဖြေရမှန်းကို မသိဖြစ်နေတာ၊ ဒါကတော့ အမှန်အတိုင်း ပြောလိုက်တာကောင်းတယ်လို့ ပြောရတယ်၊ ရှိတဲ့အတိုင်းဖြေလိုက်၊ လျှော့တော့ မဖြေလိုက်နဲ့, ကိစ္စမရှိပါဘူးကွာဆိုတာမျိုးတော့ မလုပ်လိုက်နဲ့လို့။

အဲဒီ ကာမေသုမိစ္ဆာစာရနဲ့ ပတ်သက်ပြီးတော့ အင်္ဂါပထမပြောကြစို့ပေါ့လေ၊ အင်္ဂါက ဘယ်လိုရှိသလဲဆိုတော့ မသွားလာထိုက်တဲ့ ဝတ္ထုလည်းဖြစ်ရမယ်တဲ့၊ မသွားလာ ထိုက်တဲ့ဆိုတာ ကာမဂုဏ်အားဖြင့် မဆက်ဆံထိုက်တဲ့ ပုဂ္ဂိုလ်ဆိုကြပါစို့ ဒါကို ပါဠိလိုကျ ဝတ္ထုလို့လည်းပဲသုံးတယ်၊ ပစ္စည်းလို့လည်းသုံးတယ်၊ မသွားလာထိုက်တဲ့ ဝတ္ထုလည်းဖြစ်ရမယ်၊ ပြီးတော့ အဲဒီမသွားလာထိုက်တဲ့ ဝတ္ထုမှာ မှီဝဲချင်တဲ့စိတ်, ဆက်ဆံချင်တဲ့စိတ်လည်း ရှိရမယ်၊ လုံ့လပယောဂလည်း ပြုရမယ်။

နောက်တစ်ခုကတော့ ပြောစရာရှိတော့ ပြောရတော့မှာပဲ၊ ဒါယိကာမကြီးပါနေလည်း မတတ်နိုင်ဘူး၊ မဂ်အချင်းချင်း ကျင့်ခြင်းကိုသာယာတာတဲ့၊ မဂ်ဆိုတာ sex organ ကိုပြောတာနော်၊ sex organ ၂-ခု ဆက်သွယ်မှုပေါ့လေ၊ အဲဒီဟာကို သာယာတာကို စာစကားနဲ့သုံးတော့ မဂ်အချင်းချင်းကျင့်ခြင်းကို သာယာခြင်းလို့ ဒီလိုဆိုတာ၊ အဲဒီတော့ အင်္ဂါဘယ်နှစ်ပါးရှိတုန်း ၄-ခု၊ အင်္ဂါ လေးပါးနဲ့ ပြည့်စုံရင် ကာမေသုမိစ္ဆာစာရ ဖြစ်တယ်နော်၊

ကိုင်း, ပြန်ပြောစမ်း၊ ပထမဟာက ဘာတုန်း၊ မသွားလာထိုက်တဲ့ ဝတ္ထု,

ဝတ္ထုဆိုတာ ပစ္စည်းတော့ မထည့်နဲ့ပေါ့လေ၊ ဝတ္ထုပဲနော်၊ ပြီးတော့ ဆက်ဆံလိုစိတ် ရှိရမယ်၊ လုံ့လပယောဂလည်း ရှိရမယ်၊ မဂ်အချင်းချင်း ကျင့်ခြင်းကို သာယာတယ်၊ အဲဒီ အင်္ဂါလေးပါးနဲ့ ပြည့်စုံရင် ဒါဟာ ကာမေသုမိစ္ဆာစာရ ကံထိုက်တယ်။

ကောင်းပြီ, ဒီနေရာမှာ မသွားလာထိုက်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်တွေက မသွားလာထိုက်တာလဲ၊ မဆက်ဆံထိုက်တာလဲဆိုတာ နားလည်ထားရမယ်၊ အဲဒီတော့ ဦးဇင်းတို့ အရှေ့တိုင်းဘာသာတွေက အရှေ့တိုင်းတင် မဟုတ်ပါဘူးလေ၊ ဒီ ဘာသာတွေဟာ ဘာခေါ်လဲ men dominated တဲ့၊ ယောကျ်ားဘက်ကနေ ကြည့်ကြည့်ပြီး ပြောတာတွေချည်းပဲ၊ ဒါကြောင့်မို့ ဒီမှာလည်း ယောကျ်ားဘက်ကနေ ကြည့်ပြီးတော့ ပြောလိမ့်မယ်၊ ဒါယိကာမကြီးတွေကတော့ ရှိတဲ့အတိုင်း မှတ်ပေါ့လေ။

ယောကျ်ားတွေအနေနဲ့ မသွားလာထိုက်တဲ့မိန်းမ အမျိုးအစားပေါင်း အများကြီး ရှိတယ်နော်၊ အဲဒီတော့ (၁) အမိစောင့်ရှောက်အပ်သောမိန်းမ၊ မိခင်က အုပ်ထိန်းထား သေးတယ်၊ မိခင်ရဲ့ အုပ်ထိန်းမှုအောက်မှာနေတဲ့ မိန်းမမျိုး၊ အဲသလို မိန်းမမျိုးကို ယောကျ်ားတစ်ယောက်က မသွားလာကောင်းဘူး၊ မဆက်ဆံကောင်းဘူးတဲ့။

(၂) အဖစောင့်ရှောက်ထားတဲ့မိန်းမ၊ အမေမရှိတော့ဘူး၊ အဖေပဲရှိတော့တယ်၊ အဲဒါ အဖစောင့်ရှောက်ထားတဲ့ မိန်းမ။

(၃) မိဘနှစ်ပါး စောင့်ရှောက်ထားတဲ့မိန်းမ၊ ၃–ခုရှိသွားပြီနော်။

(၄) ညီမအရင်းတွေက စောင့်ရှောက်ထားတဲ့မိန်းမ၊ အမေလည်းမရှိတော့ဘူး၊ အဖေလည်းမရှိတော့ဘူး၊ ဆိုပါတော့, ညီမတွေတော့ရှိနေတယ်ဆိုရင် ညီမတွေက စောင့်ရှောက်ထားတဲ့ မိန်းမမျိုးဆိုပါတော့, ငယ်ငယ်ဆိုရင်တချို့မှာ အစ်မနဲ့ ညီမနဲ့ အများကြီးကွာတာရှိတယ် မဟုတ်လား၊ ၁၀–နှစ်လောက်ကွာမယ်၊ ၁၂– နှစ်လောက်ကွာမယ် စသဖြင့်ဆိုရင် ထိန်းသိမ်းထားတာရှိတယ်၊

(၅) မောင်တို့အစ်ကိုတို့က စောင့်ရှောက်ထားတဲ့မိန်းမ၊ မိဘတွေသေသွားပြီ၊ အစ်ကိုကြီးရှိတယ်၊ အစ်ကိုကြီးက စောင့်ရှောက်ထားတယ်ပေါ့လေ၊ အဲဒီလို မိန်းမ မျိုးတဲ့၊ ဘယ်နှစ်ယောက်ရှိသွားပြီလဲ၊ ငါးမျိုးရှိသွားပြီနော်။

(၆) ဆွေမျိုးတွေက စောင့်ရှောက်ထားတဲ့မိန်းမ, မိဘတို့မောင်တို့ အစ်မညီမ အရင်းမရှိတော့ဘူးဆိုပါတော့၊ အဒေါ်တို့ဘာတို့ သို့မဟုတ်လည်း အဘိုးအဘွားတို့ပေါ့ လေ၊ သူတို့က စောင့်ရှောက်ထားတဲ့မိန်းမမျိုး၊ ဝမ်းကွဲတွေက စောင့်ရှောက်ထားတဲ့ မိန်းမမျိုး။

(၇) အနွယ်တူလူတစ်စုက စောင့်ရှောက်ထားတဲ့မိန်းမ၊အဲဒီတော့ ဦးဇင်းတို့

မြန်မာပြည်မှာတော့အနွယ်ကို သိပ်ဂရုမစိုက်ကြဘူး၊ အိန္ဒိယမှာတော့ သူက ဘာအနွယ်, သူက ဘာအနွယ်ဆိုတာရှိတယ်၊ အခု ဦးဇင်းတို့ မြတ်စွာဘုရားကို ဂေါတမအနွယ် (clan) ဒါကြောင့်မို့ ဂေါတမဘုရားလို့ခေါ်တာပေါ့၊ ဂေါတမဆိုတာ သူ့ရဲ့ (personal name) မဟုတ်ဘူး (clan name)၊ အခုဒီနိုင်ငံမှာလည်း အဲဒါတွေ ရှိတယ် မဟုတ်လား, (last name) လိုဟာမျိုးပေါ့၊ အဲဒီလို အနွယ်က စောင့်ရှောက် ထားတဲ့မိန်းမ။

အဲဒီတော့ ဒီမှာ တောင်မြို့ဆရာတော် ဦးဇနက ဆိုတာကတော့ ဆိုပါတော့တဲ့၊ ရှမ်းပြည်က ရှမ်းမလေးတစ်ယောက် မန္တလေးရောက်လာတယ်ဆိုတော့ မန္တလေးမှာ ရှိတဲ့ ရှမ်းတွေက ဝိုင်းပြီးစောင့်ရှောက်ထားရင်လည်းပဲ အနွယ်က စောင့်ရှောက်ထားတဲ့ မိန်းမလို့ ဆိုနိုင်လောက်တယ်ပေါ့လေ။

(၈) တရားကျင့်ဖော်ကျင့်ဖက် ပုဂ္ဂိုလ်တွေက စောင့်ရှောက်ထားတဲ့မိန်းမ, သီလရှင်လိုဟာမျိုးတွေပေါ့နော်၊ အတူတကွ တရားကျင့်ဖော်ကျင့်ဖက်ဖြစ်တဲ့သူတွေက စောင့်ရှောက်ထားတဲ့မိန်းမမျိုး။

ဘယ်နှစ်ယောက်ရှိသွားပြီလဲ၊ ၈–ယောက်ရှိသွားပြီ၊ အဲဒီ ၈–ယောက်က ကာမပိုင်ယောကျ်ားမရှိတဲ့မိန်းမ၊ အဲဒီတော့ သူတို့ ၈–ဦးက (ယောကျ်ားနဲ့မိန်းမ ဒီနေရာမှာ) မတူတာ၊ သူတို့ရဲ့ကာမကို သူတို့ပိုင်တယ်၊ စောင့်ရှောက်ထားတယ် ဆိုတာက သူများမစော်ကားနိုင်ရုံစောင့်ရှောက်တာ၊ သို့သော် သူတို့ရဲ့ကာမကို သူတို့ပိုင်တဲ့အတွက်ကြောင့်မို့ သူတို့အနေနဲ့က တခြားပုဂ္ဂိုလ်ကို သူတို့ကာမပေးလို့ သူတို့အနေနဲ့ကိစ္စမရှိဘူး, အပြစ်မရှိဘူး၊ ဒါပေမယ်လို့ ယောကျ်ားက အဲဒီပုဂ္ဂိုလ် တစ်ယောက်ယောက်နဲ့သွားပြီးဆက်ဆံရင်တော့ ယောကျ်ားကျတော့ အပြစ်ရှိတယ်။

ဒီနေရာမှာ ယောကျ်ားနဲ့မိန်းမမှာ ယောကျ်ားကပိုပြီးတော့ ဒုက္ခများတယ်၊ မိန်းကလေးတစ်ယောက်ရှိတယ်၊ မိဘ စောင့်ရှောက်ထားသေးတယ်ဆိုပါတော့၊ ဒါပေမယ့် ဒီမိန်းကလေးက သူရည်းစားနဲ့ ချစ်ကြိုက်ပြီးတော့ ကာမဂုဏ်ကိစ္စ ပြုမယ်ဆိုပါတော့၊ မိန်းကလေးမှာတော့ ကာမေသုမိစ္ဆာစာရမဖြစ်ဘူးတဲ့၊ ယောကျ်ား လေးကျတော့ ဖြစ်တယ်၊ ဘာလို့လဲဆိုတော့ မသွားလာထိုက်တဲ့ မိန်းမထဲမှာ သူလည်း အပါအဝင်ကိုး၊ ဒါကြောင့်မို့ ဒီ ၈–ယောက် ကာမပိုင်ယောကျ်ားမရှိဘူး၊ ဒါကြောင့်မို့ မိမိတို့ ကာမကို မိမိတို့ပိုင်တယ်၊ စောင့်ရှောက်တယ် ဘာတယ်ပြောတာက သူတစ်ပါး မစော်ကားနိုင်ရုံ စောင့်ရှောက်ထားတာ၊ ဒါကြောင့်မို့သူတို့က သူတစ်ပါးကို ပေးလို့ မိစ္ဆာစာရ မဖြစ်၊ သို့သော် ယောကျ်ားကတော့ သူတို့ကိုသွားပြီး မဆက်ဆံ

နဲ့နော်, ကာမေသုမိစ္ဆာစာရ ဖြစ်မယ်တဲ့။

**မေး** – ဒါဆို ဘယ်လိုလုပ် အိမ်ထောင်ပြုမလဲ။

**ဖြေ** – အိမ်ထောင်ပြုလို့တော့ ရတယ်လေ၊ အိမ်ထောင်ပြုရင် တရားဝင်သွားတာပေါ့။ အိမ်ထောင်ပြုပြီးတော့မှလက်ခံ, တရားဝင်ဖြစ်သွားပြီ၊ အိမ်ထောင်ပြုလိုက်ရင် သူက အပြစ်လွတ်သွားတာပေါ့၊ အဲဒါကတော့ မိဘကလည်း ကျေနပ်တယ်လေ။ ခုနဟာကတော့ မိဘကျေနပ်မှာ ဟုတ်ပါဘူးလေ၊ တိတ်တိတ်ပုန်းပေးတာကို။

၈–ယောက်နော်၊ ပြီးသွားပြီ၊ နောက်ထပ်လာဦးမယ်၊ စာမှာကတော့ အများကြီး ရှိတယ်။

(၉) နောက်တစ်ယောက်က မင်းပြစ်မင်းဒဏ် မကင်းတဲ့မိန်းမတဲ့၊ ဆိုလိုတာကတော့ ရှင်ဘုရင်က ဒီမိန်းမကို သူကိုယ်ပိုင် သိမ်းပိုက်ချင်တယ်ဆိုပါတော့, သိမ်းပိုက်ချင်တဲ့ အတွက်ကြောင့်မို့ "ဒီမိန်းမကို ဆက်ဆံရင် အပြစ်ရှိစေ" အဲဒီလိုလုပ်ထားတဲ့ မိန်းမမျိုးကိုတဲ့နော်၊ မင်းပြစ်မင်းဒဏ် မကင်းတဲ့မိန်းမဆိုတာ သူ့အပြစ်ရှိနေတာကို ပြောတာမဟုတ်ဘူး၊ မင်းက သိမ်းပိုက်မှာမို့လို့ ဒီမိန်းမ ဘယ်သူမှ မသွားလာရ၊ သွားလာတဲ့သူ အပြစ်ရှိစေ ဒဏ်ထားတာပေါ့လေ၊ အဲဒီလို မိန်းမမျိုး, အဲဒါ သိပ်အရေးကြီးတယ်နော်၊ အင်္ဂလိပ်လို ပြန်တဲ့အခါ အနောက်နိုင်ငံကလူတွေ အလွဲချည်း ပြန်ကြတာ၊ ဒဏ္ဍာကိုလည်း သူတို့က ဒုတ်လို့ ပြန်ချင်ပြန်တာ၊ ဒဏ္ဍာဆိုတာ ဒုတ်လို့ ပြန်လို့လည်းရတယ်။ punishment လို့ ပြန်လို့လည်းရတယ်။ ခုဟာက punishment လို့ ပြောတာ၊ ဒီမိန်းမ မသွားလာရ တံဆိပ်တပ်ထားတာမျိုးပေါ့၊ ဒီမိန်းမ ငါ့အတွက်ပေါ့, အဲသလို မိန်းမမျိုး။

(၁၀) နောက်တစ်ယောက်ကျတော့ အစောင့်အရှောက်ရှိသော မိန်းမလို့ ဒီလိုပဲသုံးတယ်၊ အဓိပ္ပါယ်ကတော့ ဘာလဲဆိုတော့ မမွေးခင် တည်းကတဲ့နော်၊ မိန်းကလေးဖြစ်ရင်ပေါ့လေ၊ ဒီမိန်းကလေး ငါသိမ်းပိုက်မယ် အဲဒီလို လုပ်ထားပြီးတော့ စောင့်ရှောက်ထားတဲ့ မိန်းမမျိုး၊ အဲဒါကို အစောင့်အရှောက်ရှိတဲ့မိန်းမလို့ ဆိုတယ်တဲ့၊ အဲဒါ မွေးဖွားလာရင် ကိုယ်သိမ်းပိုက်ဖို့ မယားပြုဖို့ တောင်းဆိုထားတဲ့ဟာမျိုး၊ အဲဒီတော့ အခုကာလ လက်မထပ်ရသေးပေမယ်လို့ engage လုပ်ထားတဲ့ဟာမျိုးလည်း ဒီမိန်းမမျိုးထဲမှာ ပါဝင်နိုင်တယ်တဲ့၊ ဒါကြောင့်မို့ အစောင့်အရှောက်ရှိသော မိန်းမ engage လုပ်ထားပြီးရင် ဟိုလူက တစ်နည်းနည်းနဲ့ ပိုင်ပြီ ဆိုကြပါစို့နော်၊

(၁၁) နောက်တစ်ယောက်က ဒါကတော့ ငွေနှင့်ဝယ်အပ်တဲ့ မယားတဲ့၊ ခုခေတ်ကတော့ ဒါမျိုးရှိချင်မှရှိမှာပေါ့လေ၊ ရှေးတုန်းကတော့ ရှိခဲ့တာပဲ၊ ပိုက်ဆံပေး

ပြီးတော့ ဝယ်ထားတာ၊ အဲသလို ငွေနှင့်ဝယ်အပ်တဲ့မယား။

(၁၂) နောက်တစ်ယောက် သူ့မယားဖြစ်ဖို့ သဘောတူတဲ့အတွက်ကြောင့်မို့ သူ့အိမ်သွားပြီးတော့နေတဲ့ မိန်းမမျိုးပေါ့လေ၊ အခု မိဘတွေက သဘောမတူပေမယ်လို့ လိုက်ပြေးတဲ့ မိန်းမမျိုး၊ သူသဘောကျလို့ သွားနေတာ၊ မယားဖြစ်သွားတာပေါ့၊ အဲဒါကျတော့ ယောကျ်ားလေးမှာ ကာမေသုမိစ္ဆာစာရ မဖြစ်ဘူးတဲ့၊ ဒါကသွားလာရုံ သွားလာတာ မဟုတ်ဘူးလေ၊ မယားဖြစ်အောင်ကို လက်ထပ်ယူလိုက်တဲ့ သဘော ပေါ့လေ၊ မယားဖြစ်အောင် လုပ်လိုက်တာပေါ့၊ မိစ္ဆာစာရ ဖြစ်တယ် ဆိုတာက သူက သွားလာရုံ သွားလာတာပေါ့၊ အဲဒီလိုကွာတယ်။

(၁၃) နောက်တစ်ယောက်ကတော့ စည်းစိမ်ဥစ္စာအတွက်သွားပြီး မယားခံတဲ့ မိန်းမမျိုး၊ ငွေနဲ့ဝယ်တာမျိုးလည်း မဟုတ်ဘူးနော်၊ ဒါပေမယ်လို့ သူက ဆင်းရဲတဲ့ အခါကျတော့ ဟို အသုံးဆောင်လေး, ဒီအသုံးဆောင်လေးရပြီးတော့ မယားအဖြစ်နဲ့ သွားနေတဲ့ မိန်းမမျိုး, ရှေးတုန်းကလို ပြောရင်တော့ မောင်းတို့ ကျည်ပွေ့တို့ ဒါလေး အသုံးအဆောင်လေးတွေပေါ့လေ၊ ခုခေတ်ဆိုရင်လည်း ခုခေတ်အသုံး အဆောင် လေးတွေပေါ့လေး၊ အဲဒီလိုနဲ့နေတဲ့ မိန်းမမျိုးတဲ့၊ ဒါ ခုခေတ်လည်း ရှိနိုင်တယ်နော်၊ ဟို ယောကျ်ားတွေက မိန်းမကို ပိုက်ဆံပေးထားပြီးတော့ မယားလည်း မဟုတ်ဘူးပေါ့လေ, အဲသလိုမျိုးပေါ့။

(၁၄) နောက်တစ်ခုကျတော့ အဝတ်အစားပေးပြီးတော့ မယားဖြစ်တဲ့ **မိန်းမမျိုး။**

(၁၅) နောက်တစ်ခုကျတော့ ရေခွက်ထဲမှာ လက်ဆုံချပြီးတော့ ထိမ်းမြားတဲ့ မယားမျိုး၊ ဒါကတော့ မြန်မာပြည်မှာ မင်္ဂလာဆောင်တဲ့နည်းနဲ့ မင်္ဂလာဆောင်ပြီး ဖြစ်တဲ့မယားမျိုးပေါ့လေ၊ ယောကျ်ားလက်နဲ့ မိန်းမလက် ဒီလိုလေး တွဲလိုက်ပြီးတော့ ရေနဲ့လောင်းလိုက်တာ၊ အဲဒါ ဘာသဘောလည်းဆိုတော့ ဒီခွက်ထဲမှာရှိတဲ့ရေဟာ မကွဲမပြား တစ်သားတည်းနေသလို သင်တို့ ဇနီးမောင်နှံဟာလည်းပဲ မကွဲမပြားတည် နေကြပါစေဆိုတဲ့ အဓိပ္ပါယ်မျိုးနဲ့ ရေလောင်းပေးတာတဲ့၊ အဲဒီလို ရေလောင်းပြီးတော့ ထိမ်းမြားတဲ့ မယားမျိုး။

(၁၆) နောက်တစ်ခုကတော့ ခေါင်းခုကိုချပြီးတော့ နေတဲ့ မယားမျိုးတဲ့၊ သူက သူဆင်းရဲဆိုတော့ကို ခေါင်းခုနဲ့ တစ်ခုခုရွက်ပြီးတော့ ခေါင်းရွက်ဈေးသည် တို့ဘာတို့ပေါ့၊ အဲဒါကနေပြီးတော့ အဲဒီမိန်းမမျိုးကို မယားလုပ်ထားတဲ့ လူမျိုးပေါ့၊ အဲဒါ နင် ဒါမလုပ်နဲ့, ငါ့မယားလာလုပ်တော့ စသည်ပေါ့လေ၊ အဲဒီလို နေတဲ့

မယားမျိုးတဲ့။

(၁၇) နောက်တစ်ခုကတော့ စစ်သုံ့ပမ်းဖမ်းလာတဲ့မိန်းမကို မယားပြုတဲ့ မယားမျိုးပေါ့၊ ရှေးတုန်းကတော့ စစ်တိုက်ရင်းဝင်ပြီး လူတွေဖမ်းလာတယ်မဟုတ်လား၊ မိန်းမတွေပါလာတယ်၊ အဲဒီမိန်းမတွေကို ပေါင်းသင်းနေတဲ့ မယားမျိုးပေါ့လေ။

(၁၈) နောက်တစ်ခုကတော့ အစေခံမယားမျိုးတဲ့၊ အစေခံလည်းဟုတ် မယားလည်း ဟုတ်ပေါ့လေ၊ အိမ်ခိုင်းတဲ့ အစေခံမကို မယားအဖြစ်နဲ့ ယူထားတာ၊ ဒါတွေလည်းရှိတယ်။

(၁၉) နောက်တစ်ခုက ကျွန်မယားမျိုး၊ ရှေးတုန်းကတော့ ကျွန်မဆိုတာ ရှိသေးတယ်၊ ကျွန်မကပိုပြီးတော့ အခွင့်အရေးက မရှိဘူးပေါ့။

(၂၀) နောက်ဆုံးတစ်ခုကတော့ ခဏ္ဍခဏမျှ ပေါင်းသင်းဆက်ဆံအပ်တဲ့ မယားမျိုးတဲ့၊ ရှေးတုန်းကတော့ မိန်းမငှားလို့ ရတယ်လို့ပြောတယ်၊ တစ်ပတ်ပဲ၊ တစ်ရက်ပဲ, နှစ်ရက်ပဲပေါ့လေ, သွားနေတာ၊ ခုခေတ်ပြည့်တန်ဆာမလည်း တစ်ခဏ ငှားတာပဲ၊

အားလုံးဘယ်လောက်ရှိသွားပြီလဲ၊ ၂၀–နော် အဲဒီ ၂၀–ဟာ ယောကျ်ား တွေ အနေနဲ့ မသွားလာထိုက်တဲ့မိန်းမ။ အဲဒီမိန်းမ ၂၀–ရှိတယ်၊ ဒါ အလွန်အရေး ကြီးတယ်၊ အဲဒီမိန်းမ ၂၀–ဟာ အဂမနီယဝတ္ထုလို့ ပါဠိလိုခေါ်တယ်၊ ယောကျ်ားတွေ အနေနဲ့ မသွားလာကောင်းတဲ့ သူများဖြစ်နေပြီဆိုတော့ မသွားလာနဲ့ပေါ့၊ လိင်ကိစ္စ အနေနဲ့ မဆက်ဆံနဲ့ပေါ့။

အဲဒီတော့ ဆိုပါတော့, ပထမ ၈–ယောက်ကတော့ သူတို့ကာမသူတို့ ပိုင်တယ်၊ နောက် ၁၂–ယောက်ကတော့ကို အမှန်အတိုင်းပြောရင် သူတို့ဟာ သူတို့မပိုင်ဘူး၊ လင်ယောကျ်ားက ပိုင်တယ်ပေါ့ ထိန်းသိမ်း သိမ်းပိုက်ထားတဲ့ ပုဂ္ဂိုလ်ကပိုင်တယ်၊ ဒါကြောင့်မို့ သူတို့အနေနဲ့က သူများကိုပေးရင် မိစ္ဆာစာရ ဖြစ်မယ်၊ ယောကျ်ားက သူတို့နဲ့သွားလာ ဆက်ဆံရင်လည်း မိစ္ဆာစာရဖြစ်မယ်။

ပြည့်တန်ဆာမ ဘယ်လိုလဲတဲ့၊ ပြည့်တန်ဆာမမှာလည်းပဲ (ethic) ရှိတယ်၊ ရှေးတုန်းကပေါ့လေ၊ ခုတော့ မပြောတတ်ဘူး၊ ဒီယောကျ်ားတစ်ယောက်ဆီက ပိုက်ဆံယူထားပြီးရင် ဒီယောကျ်ားနဲ့ ကိစ္စမပြီးသေးရင် နောက်ယောကျ်ား တစ်ယောက် ကို လက်မခံရဘူး၊ ရှေးတုန်းက ငါးပါးသီလနဲ့ ပတ်သက်ပြီးတော့ ဂရုဓမ္မဇာတ် ဆိုတာ ရှိတယ်၊ အဲဒီမှာ ငါးပါးသီလမြဲအောင် စောင့်ရှောက်တဲ့နေရာမှာ very maticulous ပေါ့လေ၊ အလွန်ကို နည်းနည်းလေးမှ ပြောစရာမရှိအောင်

စောင့်ရှောက်ကြတဲ့အကြောင်း ပြောတဲ့အခါမှာ ငါးပါးသီလ စောင့်ရှောက်တဲ့ဟာ လိုက်ရှာကြတော့ အဲဒီမှာ ပြည့်တန်ဆာမ တစ်ယောက်လည်းပါတယ်၊ သူများတွေက ညွှန်းတယ်၊ "အဲဒီ ပြည့်တန်ဆာဆီလည်းသွားဦး၊ သူက တကယ်သီလရှိတယ်"ပေါ့။ ကြည့်စမ်းနော်၊ ပြည့်တန်ဆာမဆိုပေမယ်လို့ သီလရှိတယ်။

အဲဒါနဲ့ သွားမေးတော့ ဘာပြောတုန်းဆိုတော့ အဲဒီလို ပြောတယ်၊ သူတို့ ပြည့်တန်ဆာမမှာ ယောကျ်ားတစ်ယောက်ဆီက ပိုက်ဆံယူထားပြီးရင် အဲဒီယောကျ်ားနဲ့ကိစ္စမပြီးသေးသမျှ နောက်ယောကျ်ားတစ်ယာက်လက်မခံရဘူး၊ ဒီတော့ သူ့ဖြစ်တာက ဘာလဲဆိုတော့ယောကျ်ားတစ်ယောက်ဆီက ငွေလက်ခံလိုက် တာပေါ့လေ၊ ငွေ ၅၀၀–ပေးရတယ် ပြောတယ်၊ လက်ခံလိုက်ပြီးတော့ အဲဒီ ယောကျ်ားက မလာဘူးတဲ့၊ မလာတော့ သူက စောင့်တာပေါ့လေ၊ စောင့်ရင်းနဲ့ အချိန်ကြာလာတော့ စားစရာမရှိအောင် ဖြစ်သွားတယ်၊ အဲဒီလို ဖြစ်သွားတဲ့ အချိန်မှာ နောက်တစ်ယောက်က လာပြီးတော့ ငွေလာပေးပြန်တယ်ပေါ့လေ၊ ကျွန်တော်နဲ့ ပေါင်းသင်းပါရစေပေါ့၊ ငွေ ၅၀၀–နဲ့လာတော့ သူက ယူမယ်လို့ လက်ကလေး လှမ်းလိုက်မိတယ်တဲ့၊ မယူသေးဘူးနော်၊ အဲဒီလို ယူမယ်လို့ လက်လှမ်းတဲ့အချိန်မှာ ဟို အရင်လူက ပေါ်လာတယ်တဲ့၊ အဲဒါကြောင့်မို့ သူ့အနေနဲ့ လက်လှမ်းမိလိုက်တဲ့ အတွက်ကြောင့်မို့ ငါ့သီလဟာ မစင်ကြယ်တော့ဘူး၊ အဲဒီလောက်ထိအောင် သူကသီလကို စင်ကြယ်အောင် စောင့်ရှောက်တာ။

ဒါကြောင့်မို့ ပြည့်တန်ဆာမတွေအနေနဲ့ဟာ မိမိငွေယူထားတဲ့ယောကျ်ားနဲ့ ကိစ္စမပြီးသေးသမျှ တခြားယောကျ်ားနဲ့ မဆက်ဆံရဘူးလို့ သူတို့မှာ (ethic) အဲဒီလိုရှိတယ်၊ ရှေးတုန်းကပေါ့လေ၊ ရှေးတုန်းက ပြည့်တန်ဆာလုပ်တယ်ဆိုတာ အကျင့်မကောင်းတဲ့ မိန်းမမှ လုပ်တာ မဟုတ်ဘူး၊ တစ်ခါတလေ သူဌေးသမီးတို့ ဘုရင့်သမီးတို့တောင် လုပ်တာ, ပြည့်တန်ဆာလို့ခေါ်တာဟာ တိုင်းပြည်ရဲ့ အင်္ဂါတစ်မျိုး ပဲလို့ ဒီလိုယူဆတာ။

ကောင်းပြီ၊ ယောကျ်ားတွေအနေနဲ့ဆိုရင် ဒီမိန်းမ ၂၀–ရှောင်ကြဥ်ရမယ်၊ ရှင်းရှင်းကတော့ ကိုယ့်မယားမှ လွဲရင်ပေါ့၊ တခြားမိန်းမနဲ့ဟာ သိပ်မလွယ်လှဘူးပေါ့လေ၊ တစ်ခုတော့ရှိတယ်၊ အခု ဒီနိုင်ငံအနေနဲ့ ပြောမယ်ဆိုရင် ၁၈–နှစ်ပြည့်ပြီးတဲ့နောက် လွတ်လွတ်လပ်လပ်နေသွားပြီ၊ ဒီနိုင်ငံမှာ ထုံးစံရှိတယ်၊ အဲဒီလို မိန်းမမျိုးနဲ့ သွားလာရင်တော့ မိစ္ဆာစာရ ဖြစ်ချင်မှဖြစ်တော့မှာ၊ ဘာလို့လည်းဆိုတော့ သူတို့ကို မိဘကလည်း မအုပ်ချုပ်တော့ဘူး၊ အုပ်ချုပ်တဲ့သူလည်း မရှိတော့ဘူး၊

သူတို့ကို သူတို့ လွတ်လွတ်လပ်လပ် နေပြီကို၊ အဲဒီလိုဆိုတော့ လွတ်နိုင်စရာအကြောင်း ရှိတယ်၊ တစ်နည်းနည်းနဲ့ အုပ်ချုပ်နေသေးရင် သို့မဟုတ် ယောကျ်ားရှိနေရင် ဘာရင်မရဘူးပေါ့၊ ရှင်းရှင်းကတော့ ဘာမှလုပ်မနေနဲ့, ဘုရားဟောတဲ့ သဒါရ သန္တောသ ကိုယ့်မယားနဲ့ပဲ ကျေနပ်တာနော်၊ သူများမယား တခြားမိန်းမကို စိတ်ကူးထည့်ကို ထည့်မနေနဲ့ ဆိုတာလိုပေါ့လေ၊ အဲဒီလို နေနိုင်ရင် အကောင်းဆုံးပဲ၊ ဟိုရှုပ်ရှုပ်, ဒီရှုပ်ရှုပ်လုပ်နေရင် တစ်နေ့နေ့ ဒုက္ခရောက်တာပဲ, စိတ်ဆိုတာ မထိန်းနိုင်ဘူးလေ၊ မထိန်းနိုင်တော့ ကြာတော့ လုပ်မိသွားတတ်တယ်၊ လုပ်မိသွားရင် ကာမေသုမိစ္ဆာစာရဆိုတာ အလွန်ဆိုးတဲ့အပြစ်ပဲ၊ အေး ကာမေသု မိစ္ဆာစာရ။

ဒီနေရာမှာ တောင်မြို့ဆရာတော် ဦးဇနကက ပြဿနာလေးတွေ ထုတ်ပေးထားတာရှိတယ်၊ ဒါလေးတွေလည်း သိထိုက်တယ်၊ အမှောင်ထဲမှာ သူ့မယားကို ကိုယ့်မယားထင်ပြီး သွားလာတဲ့ ယောကျ်ား၊ကိုယ့်ခင်ပွန်းထင်ပြီး သည်းခံတဲ့မိန်းမ၊ သူတို့ဟာ ကာမေသုမိစ္ဆာစာရ ဖြစ်မလား, မဖြစ်ဖူးလားတဲ့၊ အဲဒါ ဘယ်လိုထင်သလဲ၊ အင်္ဂါ ၄–ချက်နဲ့ ကိုက်သလား, မကိုက်သလား ပြန်ကြည့်စမ်း၊

ငြိတယ်၊ စေတနာမပါဘူး၊ မှိုဝဲချင်တဲ့စိတ်သာပါတာ၊ ဒါ ကျတော့ မိစ္ဆာစာရ တော့ဖြစ်တယ်၊ အပြစ်တော့ကြီးလာမယ်မဟုတ်ဘူး၊ ဘာကြောင့်လည်းဆိုတော့ မသိလို့ လုပ်မိတာကိုး၊ မသိပေမယ်လို့ တစ်ခါတလေကျတော့ အင်္ဂါပြည့်စုံရင် အပြစ်တော့ ဖြစ်တယ်။

**မေး** – ဒါမျိုးရှိလို့ဖြစ်မှာပေါ့ဘုရား၊ သတင်းစာထဲမှာ ဖတ်ဖူးတယ်။

**ဖြေ** – ရှိလို့လည်းရေးတာဖြစ်မှာပေါ့၊ သူလည်းကြားဖူးလို့နေလိမ့်မယ်။

**မေး** – တဲလေးတစ်လုံးရှိတယ်၊ အဲဒီမှာ လင်မယားနေကြတယ်၊ မိန်းမကအိပ်ပျော်ကာနီးမှာ အိပ်ရာထဲဝင်လာ သူကို သူ့ယောကျ်ားထင်တယ်၊ ခေါ်ကြည့်တော့လည်း ဒီကောင်က မထူးဘူး၊ အဲဒါနဲ့မိန်းမက မသိလို့လက်ခံတယ်၊ ယောကျ်ားကသိရက်နဲ့, မိန်းမက သူ့ယောကျ်ား မဟုတ်မှန်း နောက်မှသိတာ။

**ဖြေ** – အဲဒါဆိုရင်တော့ မိန်းမမှာ အပြစ်ရှိတော့ရှိတယ်ပေါ့လေ၊ သို့သော်အပြစ်မကြီးနိုင်ဘူး၊ ယောကျ်ားကတော့အပြစ်ကြီးမှာ သေချာတယ်၊ ဒါကတစ်ခုနော်၊ ဆရာတော်က ပြောတာက ကံထိုက်တိုင်းလည်း အပြစ်မကြီးဘူးတဲ့၊ ကံမထိုက်ပေမယ့်လဲ အပြစ်ကြီးတာလေးတွေ ရှိနိုင်တယ်တဲ့၊ ဒီမှာတော့ ကာမေသုမိစ္ဆာစာရကံတော့ ထိုက်တယ်ပေါ့၊ ဒါပေမယ့် အပြစ်ကြီးလာမယ် မဟုတ်ပါဘူးတဲ့။

နောက်တစ်ခုက ဘာပြဿနာလဲဆိုတော့ မိမိသမီးကို ကျူးလွန်တဲ့အဖေဟာ

မိစ္ဆာစာရ ဖြစ်မလား, မဖြစ်ဖူးလားတဲ့၊ ဒီနိုင်ငံမှာတော့ ဒီလိုမျိုးတွေ သိပ်ပေါတယ်၊ ဒီနိုင်ငံမှာ ကျောင်းသမားတွေကိုး။

အဲဒါကျတော့ ဘယ်လိုလဲ၊ ငါ့သမီးပဲကွာ၊ ငါပိုင်တယ်ထား၊ ဘယ်လိုလည်းပေါ့၊ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ဆရာတော်က ဘယ်လို ရေးထားသလဲဆိုတော့ သမီးကို မိခင်က စောင့်ရှောက်နေသေးရင် အဖေမှာ မိစ္ဆာစာရ ဖြစ်တယ်ဆိုပါတော့၊ မိဘ နှစ်ပါးလုံး စောင့်ရှောက်ထားတဲ့ သမီးမျိုးကို အဖေက ကျူးလွန်ရင် မိစ္ဆာစာရဖြစ်မယ်။

အဲသလို စောင့်ရှောက်မှုမရှိဘူးဆိုပါတော့, အမေကလည်း မရှိတော့ဘူး၊ အဖေကပဲစောင့်ရှောက်ထားတယ်ဆိုပါတော့၊ မိစ္ဆာစာရ ဖြစ်ချင်မှဖြစ်မယ်၊ အစောင့် အရှောက် မရှိဘူးဆိုတဲ့ သဘောဖြစ်တယ်၊ အဖေကပဲစောင့်ရှောက်တယ်၊ တခြားသူ အစောင့် အရှောက် မရှိဘူးဆိုတဲ့ သဘောဖြစ်တယ်။

အကယ်၍ အမေက သေသွားပြီ၊ သမီးက သူ့ညီအစ်မတွေနဲ့ သွားနေတယ်၊ အဲဒီဟာမျိုးကို လွန်ကျူးမယ်ဆိုရင်တော့ မိစ္ဆာစာရဖြစ်မယ်၊ ဘာကြောင့်တုန်းဆိုရင် စောင့်ရှောက်တာက ညီအစ်မတွေက စောင့်ရှောက်တာကိုး၊ သူ(အဖေ) စောင့်ရှောက်တာမှမဟုတ်ပဲ၊ အဲဒီလို ဖြစ်နိုင်တယ်တဲ့။

(၂) ပြီးတော့ နောက်တစ်ခုက ပြည့်တန်ဆာမတို့၌ သွားလာတဲ့သူတဲ့၊ သူကော မိစ္ဆာစာရဖြစ်မလား မဖြစ်ဘူးလားတဲ့၊ ဆရာတော်ဖြေတာကတော့ ပြည့်တန်ဆာမဆိုတာ မိဘတို့ကတော့ ကျေနပ်မှာမဟုတ်ဘူး၊ သို့သော် သူ့မှာ အထိန်းရှိတယ်၊ အဲဒီအထိန်း(ခေါင်း)က ကျေနပ်ရင် မိစ္ဆာစာရဖြစ်ဖို့ မရှိဘူးတဲ့၊ ငွေပေးပြီးတော့ သွားလာတယ်၊ အဲဒီအချိန်မှာလည်း တစ်နည်းအားဖြင့် အထိန်း(ခေါင်း)က ပိုင်နေတာကိုး၊ အဲဒီခေါင်းကို မိမိက ပိုက်ဆံပေးပြီး သွားလာတာဖြစ်တဲ့အတွက်ကြောင့် မိစ္ဆာစာရ ဖြစ်ဖို့မရှိဘူးတဲ့။

(၄) တိရစ္ဆာန်မတို့ အရှုးမတို့ကို သွားလာတဲ့ယောကျ်ားတဲ့၊ အဲဒါ ဘယ်လို ဖြစ်မလဲတဲ့၊ ဖြစ်တော့မဖြစ်နိုင်ဘူးပေါ့လေ၊ တိရစ္ဆာန်မမှာ အမြဲလင်ရှိနေတယ်တဲ့၊ တိရစ္ဆာန်ထီးရှိနေတယ်ပေါ့၊ ဒါပေမယ့် ဒီခေတ်မှာတော့ မရှိနိုင်တော့ပါဘူး၊ အမြဲတမ်း လင်ယောကျ်ားဆိုတာ တိရစ္ဆာန်မှာမရှိနိုင်ပါဘူး၊ သို့သော် နဂါးတို့ဘာတို့တွေကိုလည်း တိရစ္ဆာန်လို့ခေါ်တာကိုး၊ သူတို့မှာတော့ ကိုယ့်လင်ကိုယ့်မယားရှိလိမ့်မယ်၊ အဲသလို ရှိရင်တော့ မိစ္ဆာစာရဖြစ်မယ်၊ အဲသလိုမရှိရင်တော့ မိစ္ဆာစာရ မဖြစ်နိုင်ဘူးပေါ့လေ။

အရှုးမကျတော့မိဘစသည်တို့က အုပ်ထိန်းထားသေးရင် မိစ္ဆာစာရ ဖြစ်မယ်တဲ့၊ အုပ်ထိန်းသူမရှိဘူး၊ လွှတ်လွှတ်လပ်လပ်ဖြစ်နေတယ်၊ ဘယ်သူကမှ သူ့ကိုစောင့်ရှောက်

ထားတာ မရှိဘူးဆိုရင်တော့ မိစ္ဆာစာရမဖြစ်ဘူးတဲ့၊ ဒါက ဒီဆရာတော်ရဲ့ အယူအဆ၊ အဲဒီမှာ ဆရာတော်က ဘာဆက်ရေးထားသလဲဆိုတော့ "ဤအဖြေများ၌ အယူအဆ ကွဲလွဲကြပေလိမ့်မည်" အယူအဆတူချင်မှ တူမယ်တဲ့၊ အင်္ဂါနှင့်တကွ ပါဠိအဋ္ဌကထာ သိက္ခာပုဒ်များ ကြည့်ရှု၍ စဉ်းစားကြပါလေတဲ့၊ ဒါက ဘုန်းကြီးတွေ အတွက်ပြောတာ။

**မေး** – အဲဒီအရှုးမဆိုတာကတော့ မိုးကုတ်မှာ ဖြစ်ခဲ့ကြတာ၊ မိန်းမတစ်ယောက်က ကြောင်နေတယ်၊ သူက ဈေးထဲက ကြက်သားရောင်းတဲ့ဆိုင်တန်းမှာအိပ်နေ တတ်တယ်၊ နောက်တော့ ဒီမိန်းမဟာ ကိုယ်ဝန်ရှိလာတယ်၊ ဘယ်သူနဲ့မှန်းမသိဘူး၊ ရူးရက်နဲ့ ဒီကလေးကို ချော့မြူသီချင်းဆိုနေတယ်၊ ဒါကိုကြည့်ခြင်းအားဖြင့် တစ်ယောက်ယောက်နဲ့ မှောက်မှားခဲ့တာ ထင်ရှားတာပေါ့လေ၊ သူက ယဉ်ယဉ်နဲ့ရူးတာ သူများဆီက လျှောက်တောင်းစားတတ်တယ်။

ကောင်းပြီ၊ ဒါ ကာမေသုမိစ္ဆာစာရတဲ့၊ ဒီနိုင်ငံအနေနဲ့ ကာမေသုမိစ္ဆာစာရတော့ သိပ်ဖြစ်မယ်မထင်ဘူး၊ ဘာကြောင့်လဲဆိုတော့ လင်မယားချင်းလဲပြီး ပျော်ပါးကြတာ မျိုးရှိတတ်တော့ ကာမေသုမိစ္ဆာစာရ ဖြစ်မယ်မထင်ဘူး၊ မိန်းမကလည်း သူ့ယောကျ်ား တခြားမိန်းမနဲ့ သာယာနေတာ, လင်ကလည်း သူ့မိန်းမ တခြားယောကျ်ားနဲ့ ပျော်ပါးနေတာ သဘောတူနေတယ်၊ အဲသလို သဘောတူနေတယ်ဆိုတော့ အပြစ်ဖြစ်ချင်လဲ ဖြစ်မယ်၊ ဒါပေမယ့် သိက္ခာပုဒ်နဲ့ ပြောမယ်ဆိုရင်တော့ လွတ်ချင် လွတ်လိမ့်မယ်၊ ဘာကြောင့်လည်းဆိုတော့ သဘောတူနေတာကိုး၊ မိစ္ဆာစာရဖြစ်တယ် ဆိုတာက ယောကျ်ားက မိန်းမကိုပိုင်တယ်၊ ယောကျ်ားမသိပဲ တိတ်တိတ်ပုံးလုပ်တာ၊ ခိုးပေးတာဆိုတော့ မိစ္ဆာစာရ ဖြစ်တယ်၊ အခုဟာက ဖြောင်ကြီးပဲ၊ ယောကျ်ားကိုက ခွင့်ပြုထားပြီး နင်လည်း နေချင်ရာနေ ငါလည်းနေချင်ရာနေမယ်ဆိုရင် အဲသလို နှစ်ဦး သဘောတူခွင့်လွှတ်ထားနိုင်တယ်ဆိုရင်တော့ မိစ္ဆာစာရ ဖြစ်ချင်မှဖြစ်မယ်၊ ဒီနိုင်ငံက လူတွေက အတော်ဆန်းတယ်၊ ဒါတွေလည်း စဉ်းစားစရာပဲ။

# အဘိဓမ္မာသင်တန်း (၁၁)

## ဝီထိမုတ်ပိုင်း

### ကမ္မစတုက္က၊ အကုသိုလ်ဝစီကံ ၄–ပါး၊ မနောကံ–၃ ပါး

ဒီနေ့ ဇွန်လ–၁၉ ရက်၊ လွန်ခဲ့တဲ့အပတ်က စာဝါမချဖြစ်ဘူး၊ ခရီးသွားနေလို့ အဲဒီ ဟိုဘက်အပတ်တုန်းက အကုသလကမ္မပထ တရား ၁၀–ပါးထဲက ကာယကံ ၃–ပါး ပြီးသွားပြီပဲ ဆိုကြပါစို့၊ ကာမေသုမိစ္ဆာစာရကံ အဲဒါ ရှင်းနေတာနဲ့ပဲ အချိန်ကုန်သွားတာ၊ အဲဒီကံ ၃–ပါးကို ဘာလို့ခေါ်သလဲ၊ ကာယကံ ၃–ပါးလို့ ခေါ်တယ်နော်။

အဲဒီမှာ စာမှာသုံးတာက ကာယဒွါရမှာဖြစ်တဲ့အတွက်ကြောင့်မို့ သူတို့ကို ကာယကံလို့ ခေါ်တယ်တဲ့၊ ကာယဒွါရဆိုတာ မြန်မာလို ရှင်းရှင်းနားလည်အောင် ဆိုရင်တော့ ခန္ဓာကိုယ်ကြီးပေါ့လေ၊ လှုပ်ရှားတဲ့ ခန္ဓာကိုယ်ကြီးကို ကာယဒွါရလို့ ဒီနေရာမှာခေါ်တယ်၊ စက္ခုဒွါရ, သောတဒွါရ ဆိုတဲ့ ဒွါရသင်္ဂဟက ဒွါရနဲ့ မတူဘူး။

ဒါကြောင့်မို့ ဝေါဟာရဟာ တစ်ခါတစ်ခါကျတော့ သူ့နေရာနဲ့သူ အဓိပ္ပါယ်ကို နားလည်ရမယ်၊ ဟိုတုန်းက ကာယဒွါရဆိုတာက ခန္ဓာကိုယ်မှာရှိတဲ့ ထိသိတာရဲ့

အစပေါ့လေ၊ အဲဒီအခံဓာတ်ကို ကာယဒွါရလို့ခေါ်တာ၊ အခု ဒီမှာ ကာယဒွါရ ဆိုတာက ပါဠိလိုပြောရင် စောပနကာယလို့ခေါ်တယ်၊ တစ်ခုခုပြုတဲ့အခါမှာ စေတနာရှိတယ်၊ အဲဒီစေတနာက တစ်ခါ ခန္ဓာကိုယ်မှာ ဝိညတ်ရုပ်ဆိုတာကို ဖြစ်စေတယ်၊ ဝိညတ်ဆိုတာ အလိုကို သိစေတတ်တဲ့သဘော၊ ဒါ ရုပ်ပိုင်းကျမှ နားလည်မှာ၊ အထူးသဖြင့်တော့ ခန္ဓာကိုယ်လှုပ်ရှားတာ၊ လှုပ်ရှားမှု ဖြစ်စေတာကို ဝိညတ်လို့ခေါ်တယ်နော်၊ အဲဒီကာယဝိညတ်ကို ကာယဒွါရ၊ အဲဒီကာယဒွါရမှာဖြစ်တဲ့ အတွက်ကြောင့်မို့ ဒီကံတွေကို ကာယကံလို့ခေါ်တယ်။

တချို့က ကာယကံ, ဝစီကံ, မနောကံနဲ့ ရှိခိုးတယ်၊ တချို့က ကာယဒွါရ, ဝစီဒွါရ, မနောဒွါရနဲ့ ရှိခိုးတယ်၊ ဒွါရဂိုဏ်းဆိုတာ အဲဒါပဲ၊ ဘုန်းကြီးတွေမှာ ဒွါရဂိုဏ်းဆိုတာရှိတယ်၊ ကံဂိုဏ်း ဒွါရဂိုဏ်းပေါ့၊ ကာယကံနဲ့ ရှိခိုးတဲ့ဂိုဏ်းကို ကံဂိုဏ်းပေါ့လေ၊ ကာယဒွါရ, ဝစီဒွါရ, မနောဒွါရ၊ အဲဒီလို ရှိခိုးတာကို ဒွါရ ဂိုဏ်းတယ်။

အဲဒီတော့ ကာယကံဟာ ဘယ်မှာဖြစ်တာလဲဆိုရင် ကာယဒွါရမှာ ဖြစ်တယ်၊ ကာယဒွါရမှာဖြစ်တော့ အမြဲတမ်း ဖြစ်တာလားဆိုတော့ များသောအားဖြင့်တဲ့၊ များသောအားဖြင့်ဆိုတော့ နည်းနည်းကတော့ ကာယဒွါရမှာမဖြစ်ဘူးလည်း ရှိလိမ့် မယ်တဲ့။

ပါဏာတိပါတဆိုပါတော့, သူ့အသက်သတ်တာ ကိုယ်ကိုယ်တိုင် ခုတ်သတ်မှ ပစ်သတ်မှ၊ အဲသလိုဆိုရင်တော့ ပါဏာတိပါတ၊ တကယ်လို့ ကိုယ်က ပါးစပ်နဲ့ ခိုင်းပြီတဲ့၊ ဒါကော ပါဏာတိပါတမဖြစ်ဖူးလား၊ ဖြစ်တယ်၊ အဲဒီတော့ ဝစီကံမှာ အနည်းအကျဉ်းတော့ဖြစ်တယ်၊ သို့သော် ကာယဒွါရမှာ များသောအားဖြင့် ဖြစ်တဲ့ အတွက်ကြောင့်မို့ သူ့ကို ကာယကံလို့ ခေါ်တယ်၊ များသောအားဖြင့် ဆိုတာလေးမှတ်ထား။

ဆိုပါတော့, လူတစ်ယောက်ကို တောသားလို့ခေါ်တယ်၊ သူဟာမြို့ကို လာလည်း သူ့ကို တောသားလို့ခေါ်တာပဲ၊ ဘာကြောင့်လည်းဆိုတော့ သူဟာ တောမှာအနေများတယ်၊ အကျင်လည်များတာကိုး၊ မြို့သားဆိုရင် မြို့မှာအနေများ တယ်၊ တောကို တစ်ခါ တလေသွားရင် သူ့ကို တောသားလို့ မခေါ်ဘူး။

အဲဒီလိုပဲ ကာယဒွါရမှာ အဖြစ်များတဲ့အတွက်ကြောင့် ကာယကံလို့ခေါ်တယ်၊ သို့သော် သူတို့ဟာ ကာယဒွါရမှာသာဖြစ်ရမယ်၊ ဝစီဒွါရမှာ မဖြစ်ရဘူး မဆိုလိုဘူး၊ ရံခါ အနည်းအကျဉ်းအားဖြင့်တော့ ဝစီဒွါရမှာလည်း ဖြစ်လိမ့်ဦးမယ်။

ကောင်းပြီ, ဒါကြောင့်မို့ ကာယဒွါရမှာ များသောအားဖြင့် ဖြစ်တဲ့ကံကို ကာယကံ, ကာယကံ ၃–ပါးရှိတယ်၊ အကုသိုလ်နှင့်ဆိုင်တဲ့ ကာယကံ ၃–ပါး ရှိတယ်၊ သူ့အသက်သတ်ခြင်း, သူ့ဥစ္စာခိုးယူခြင်း, ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းတဲ့၊ အဲဒီကာယကံထဲမှာ နောက်မှ ပြောစရာရှိတယ်၊ ဒါတွေကုန်ပြီးမှ ပြန်ပြောမယ်၊ ဝစီကံ ၄–ပါးသွားကြဦးစို့။

ဝစီကံ ၄–ပါးတဲ့၊ ဝစီဆိုတာ နှုတ်၊ နှုတ်မှာဖြစ်တဲ့ကံ ၄–ပါးတဲ့၊ ခုနကာယ ဒွါရ ပြောသလိုပဲ အခုလည်း ဝစီဒွါရလို့ ပြောရမယ်၊ ဝစီဒွါရဆိုတာ အမှန်တော့ စကားပေါ့၊ စကားပြောတဲ့အခါကျတော့ ခုန ဝစီဝိညတ်ဆိုတာရှိတယ်၊ အဲဒီ ဝိညတ် ပါလို့ ကိုယ်ပြောတဲ့စကား သူနားလည်, သူပြောတဲ့စကား ကိုယ်နားလည်တာ၊ အဲဒီ ဝစီ ဝိညတ်ကို ဝစီဒွါရလို့ခေါ်တယ်၊ အဲဒီ ဝစီဒွါရမှာ ဖြစ်တဲ့ကံကို ဝစီကံလို့ ခေါ်တယ်၊ လွယ်လွယ်မှတ်ထားရင်တော့ စကားနဲ့ ဖြစ်တဲ့ကံ၊ စကားပြောခြင်းဖြင့် ဖြစ်တဲ့ကံ၊ ပါးစပ်နဲ့ဖြစ်တဲ့ကံပေါ့လေ၊ ဒါကို ဝစီကံလို့ခေါ်တယ်၊

ဒီမှာလည်းပဲ များသောအားဖြင့် ဖြစ်တယ်လို့ပဲ မှတ်ရမယ်၊ အနည်းအကျဉ်း အားဖြင့် ကာယကံမှာလည်း ဖြစ်လိမ့်ဦးမယ်၊ ဝစီကံ ၄–ပါးရှိတယ်၊ (၁) လိမ်လည် ပြောဆိုခြင်း၊ ပါဠိလို မုသာဝါဒ မဟုတ်မမှန်ပြောဆိုခြင်း၊ ကိုယ်ပြောတဲ့စကားလုံးရဲ့ အဓိပ္ပါယ်ကို မဟုတ်ဘူးပေါ့၊ အဲသလို မဟုတ်မမှန်ပြောဆိုတာကို လိမ်လည်ပြော ဆိုတယ်၊ ပါဠိလို မုသာဝါဒ။

လူတွေက ဟထိုးထည့်ထည့်ပြီး မှုသား, မှုသားနဲ့ပြော, ပြောနေကြတယ်၊ အမှန်ကတော့ ပါဠိစကားလုံးမှာဟထိုးမပါဘူး၊ ဒါကြောင့်မို့ ဂရုစိုက်တဲ့ ဘုန်းကြီး တွေပြောရင် မုသားလို့ပြောတယ်၊ အမှတ်တမဲ့ပြောရင် မှုသား ပြောမိတယ်ပေါ့၊ အမှန်ကတော့ ဟထိုးမပါဘူး။

မုသာ ဆိုတာ ပါဠိစကားလုံး, မှားယွင်းတယ်ဆိုတဲ့ အဓိပ္ပါယ်ရှိတယ်၊ ဝါဒ ဆိုတာက စကားပြောတာ၊ မှားယွင်းစွာပြောတာ, လိမ်လည်ပြောတာ, မဟုတ်မမှန် ပြောဆိုတာ, ဒါကို မုသာဝါဒလို့ခေါ်တယ်။

အဲဒီ မုသာဝါဒမှာ ကမ္ဘပထမြောက်တာ ကမ္ဘပထမမြောက်တာကလည်း ရှိသေးတယ်၊ ကမ္ဘပထမြောက်တဲ့ မုသားက ဘယ်လိုဟာလဲဆိုတော့ အင်္ဂါနဲ့ပြည့်စုံ ရမယ်၊ ဘာလဲဆိုတော့ မဟုတ်မမှန်တဲ့ဝတ္ထုဖြစ်ရမယ်၊ ကိုယ်ပြောတာ မဟုတ်တာ ဖြစ်ရမယ်၊ ပြီးတော့ မှားယွင်းစေလိုတဲ့ စိတ်ရှိရမယ်၊ လူတစ်ဖက်သား အသိ မှားသွားစေလိုတဲ့ စိတ်ရှိရမယ်၊ ပြီးတော့ အဲဒီစိတ်အားလျော်စွာ အဲဒီစေတနာ

အားလျော်စွာ ကိုယ်နှုတ်တို့ဖြင့် လုံ့လပြုတာလည်းဖြစ်ရမယ်၊ အထူးသဖြင့် နှုတ်နဲ့ပေါ့၊ သူတစ်ပါး အသိမှားသွားတာလည်းဖြစ်ရမယ်၊ အမှားကို အမှန်လို့သိရမယ်၊ အမှန်ကို အမှားလို့ သိရမယ်၊ အဲဒီလို အင်္ဂါနဲ့ ၄-ပါးပြည့်စုံရင် မုသာဝါဒ ဖြစ်တယ်၊မုသာဝါဒ ကမ္မပထမြောက်ပြီး မပြည့်စုံရင် ကမ္မပထတော့မမြောက်ဘူး၊ ဒါပေမယ့် မုသာဝါဒတော့ ဖြစ်ဦးမှာပဲ၊ သူတစ်ပါးမယုံပေမယ့်လည်း လိမ်လည်တာတွေ ဖြစ်ဦးမှာပဲ။

အဲဒီမှာလည်းပဲလုံ့လပယောဂ အနေနဲ့က စေခံထိတာ၊ ဒီလိုကျမ်းဂန်ဟောင်းတွေ မှာဆိုတယ်၊ နောက်ကျမ်းဂန်တွေကျတော့ စေခိုင်းပြီးတော့ လိမ်တာမျိုးလည်း ဖြစ်နိုင်တယ်၊ ပြီးတော့ ပစ်စာရေးပို့ပြီးတော့ လိမ်တာမျိုးလည်းဖြစ်နိုင်တယ်။

ဆိုပါတော့, သူတစ်ပါးကို ဒီလိုပြောဟော့ ဒီလိုဆိုဟော့ဆိုပြီး လိမ်ခိုင်းတာဆိုရင် သူတစ်ပါးကို စေခိုင်းပြီးတော့ လိမ်တာပေါ့၊ သူတပါးအထင်မှားအောင် မဟုတ်မမှန် အကြောင်းတစ်ခုရေးပြီး ပစ်စာချတယ်၊ ဒီလိုဆိုရင် နိသဂ္ဂိယခေါ်တဲ့ လိမ်တာပေါ့၊ တစ်ခါတရံကျတော့ နံရံတို့ဘာတို့မှာ မဟုတ်မမှန်တဲ့ စာရေးထားတယ်တဲ့၊ ဒါဟာ ထာဝရ ပယောဂပေါ့၊ လက်နက်တို့ သူ့နားသွားချထားတာမျိုးပေါ့၊ သူတို့ကြည့်ဖတ်ပြီးရင် အမှားသိအောင်လုပ်တာမျိုး၊ အဲဒီလိုပယောဂတွေလည်းပါတယ်ပေါ့၊ အထူးသဖြင့် ကတော့ လိမ်ညာပြီးတော့ သဟတ္ထိကပေါ့၊ အဲဒီအင်္ဂါ ၄-ပါးနဲ့ ပြည့်စုံရင် မုသား ဖြစ်သွားပြီ။

ကောင်းပြီ၊ အဲဒီတော့ လိမ်လည်ပေမယ့်လည်း သူတစ်ပါးက မယုံဘူးတဲ့၊ ဒီလိုဆိုရင် ကမ္မပထမမြောက်ဘူးနော်၊ ယုံလည်းယုံတယ်၊ လိမ်ပြီးတော့ တစ်စုံတစ်ခုသော ကိစ္စအတွက် အကျိုးစီးပွားလည်း ပျက်တယ်ဆိုရင် ကမ္မပထမြောက်တယ်။

အဲဒီတော့ အမှန်အတိုင်းက သူတစ်ပါးအကျိုးစီးပွားပျက်မှ အပြစ်ကြီးတယ် ဆိုကြပါစို့၊ သူတစ်ပါးက မယုံဘူး၊ အကျိုးစီးပွား သိပ်မပျက်ဘူးဆိုရင် ဒီလောက် အပြစ်မကြီးဘူး၊ မဟုတ်မမှန် ပြောတာတော့ ပြောတာပေါ့၊ အခုခေတ်မှာ white lie ဆိုတာရှိတယ် မဟုတ်လား, သူတစ်ပါးစိတ်ချမ်းသာအောင် ပြောတာမျိုး ဘာမျိုးဟာ မုသာဝါဒတော့ မြောက်တယ်၊ ကမ္မပထမြောက်တဲ့ အပြစ်မကျူးဘူး။

အဲဒီတော့ တစ်ခါတလေတဖက်သားလည်း စိတ်ချမ်းသာအောင် အလွန်အကျုံကြီးလည်း မုသားမဖြစ်အောင်ဆိုပြီးတော့ white lie ဆိုတာမျိုးလေးတွေ တစ်ခါတစ်ခါ သုံးကြရတယ်ပေါ့၊ ပြီးတော့ ကိုယ်ပစ္စည်းလာရောင်းနေရင် ရှိလျက်နဲ့ မရှိဘူးလို့ ပြောလိုက်တယ်၊ အဲဒါမျိုးကတော့ အပြစ်မကြီးလှဘူးပေါ့၊ လိမ်တာတော့

လိမ်တာပဲ၊ ဘာကြောင့်လည်းဆို သူတပါးအကျိုးကို ပျက်စီးအောင်လုပ်တာ မဟုတ်တဲ့အတွက် ကြောင့်မို့ပေါ့၊ လိမ်တဲ့အခါမှာလည်း အလိမ်ခံရတဲ့သူရဲ့ သီလ အလိုက် အပြစ်အကြီး အသေးကလည်း ကွာသွားဦးမယ်ပေါ့၊ ဒါက လိမ်လည်ပြော ဆိုခြင်းတဲ့။

ပါဠိလေးတွေ မပြောခဲ့ရဘူးဖြစ်နေတယ်၊ ကာယကံတုန်းက (၁) သူ့အသက် သတ်တာက ပါဏာတိပါက (၂) သူ့ဥစ္စာခိုးတာက အဒိန္နာဒါန (၃) ကာမေသုမိစ္ဆာ စာရ ဒါကို ၅ပါးသီလ ရွတ်တတ်ရင်ရပြီ၊

ဝစီကံ ၄–ပါးကတော့မရဘူး၊ ဝစီကံ ၄–ပါးမှာ(၁) မုသာဝါဒ (၂) ကုန်း တိုက်ခြင်း၊ ပါဠိလို ပိသုဏာဝါစာ။

ပိသုဏာဆိုတာ ချောပစ်ခြင်းဆိုတဲ့ အဓိပ္ပါယ်ရှိတယ်၊ အဲဒီတော့ တစ်ဦးနှင့် တစ်ဦး ချစ်ခင်နေတာကို မိတ်ဆွေဖြစ်နေတာကို ချေဖျက်တတ်တဲ့ စကားမျိုးကို ပိသုဏာ ဝါစာတဲ့။

တစ်နည်းအားဖြင့်လည်း ပိသုဏာမှာ ပိဆိုတာက ချစ်ခြင်း၊ သုဏာကကျဉ်းသွား အောင်လုပ်တာ၊ အမှန်တော့ မထူးပါဘူး၊ ချစ်ခြင်းကျဉ်းသွားအောင် လုပ်တတ်တဲ့ စကားမျိုးကိုပိသုဏာဝါစာ၊ ဒါကို မြန်မာလိုတော့ ချောပစ်ကုန်းတိုက်ခြင်းတဲ့၊ ဒီလိုဆိုတယ်။

ချောပစ်ဆိုတာလည်း လူအများနားလည်တဲ့ စကားမဟုတ်ဘူး၊ လူဝတ်ကြောင် တွေ အနေနဲ့ နားလည်မယ့်သူအလွန်နည်းတယ်၊ ရှေးစကားကိုး၊ ဘုန်းကြီးတွေကတော့ ကျမ်းစာတွေ သင်နေရတော့ ရှေးစကားကိုလည်း အလိုလိုသိနေရတော့တာ။

ချောပစ်ကုန်းတိုက်ခြင်းဆိုတာ တစ်ဦးနဲ့တစ်ဦး ချစ်ခင်တာမှာ ဟိုလူနဲ့ ဒီလူကွဲအောင် ဟိုလူပြောစကား ဒီလူ့ဆီပို့၊ ဒီလူ့ပြောစကား ဟိုလူ့ဆီပို့, အဲဒါမျိုး ကို ချောပစ်ကုန်းတိုက်ခြင်းလို့ အဲသလိုခေါ်တယ်။

အဲဒီချောပစ်ကုန်းတိုက်ခြင်းက ဘယ်လိုလဲတဲ့၊ ခွဲအပ်သည်တဲ့၊မတည့်အောင် လုပ်အပ်တဲ့ပြုခြင်းပေါ့၊ မောင်ကကြီးနဲ့ မောင်ခကွေးမတည့်အောင် လုပ်တော့မယ်ဆို သူတို့နှစ်ယောက်ရှိရမယ်။

ပြီးတော့ သူတို့ရဲ့ကွဲပြားမှုကို ရှေ့ရှုခြင်းတဲ့၊ ကွဲပြားမှုကို လိုလားခြင်းလို့ ဆိုလိုတယ်၊ ပြီးတော့ ကိုယ့်လူဖြစ်လာအောင်လုပ်လိုခြင်း၊ လုံ့လပြုခြင်း၊ အပြောခံရတဲ့ သူကလည်း သိခြင်း၊ ဒီမှာလဲ အင်္ဂါ ၄–ပါးပဲ၊ အဲဒီအင်္ဂါ၄–ပါးနဲ့ ပြည့်စုံရင်ကမ္မပထ မြောက်တယ်တဲ့။

အဲဒီတော့ လူနှစ်ယောက်ကွဲအောင် လုပ်တော့မယ်ဆိုရင် သူတို့ကွဲစေလိုတာလည်း ပါတယ်၊ ကိုယ့်လူဖြစ်စေလိုတာလည်းပါတယ်၊ ဟိုလူရှေ့ ဒီဟာပြော၊ ဒီလူရှေ့ ဟိုဟာပြော၊ အပြောခံရတဲ့သူတွေကတော့ ကိုယ့်ကို သဘောကျတာပေါ့၊ သူတို့နှစ် ယောက်ကတော့ ကွဲရော၊ သူတို့နှစ်ယောက်လည်း ကွဲစေချင်တယ်၊ ကိုယ့်လူလည်း ဖြစ်စေချင်တယ်။

အဲသလို သူတို့နှစ်ယောက်က ကွဲစေလိုတဲ့စိတ် မပါပေမယ်လို့ ရန်တိုက်စကားပြောရင်တော့ ပိသုဏဝါစာတော့ဖြစ်မယ်၊ ကမ္မပထတော့ မမြောက်ဘူး၊ အပြစ်တော့ အလွန်ကြီးမကြီးဘူးပေါ့၊ သို့သော် မုသားဖြစ်မယ်။

ဒီမှာလည်းပဲ ပယောဂအားဖြင့် ပြောမယ်ဆိုရင် နှုတ်ပေါ့၊ ဝစီပယောဂကိုယ်တိုင် ပြောတာပဲ၊ဒါဖြင့် လက်ပြခြေပြနဲ့ကော မဖြစ်ဘူးလား၊ ဖြစ်နိုင်တာပဲ၊ သိတယ်ဆိုတာ အပြောခံရတဲ့သူက ဒါကို သိရှိနားလည်တာပဲ၊ အဲသလိုဖြစ်ရင် ပိသုဏဝါစာအင်္ဂါနဲ့ ပြည့်စုံတယ်။

တစ်ခါတလေကျတော့ တချို့လူတွေမှာ အလေ့ရှိတတ်တယ်၊ ဟိုပြောဒီပြော လျှောက်ပြောတတ်တယ်၊ ဘာရယ်လို့မဟုတ်ဘူး၊ အလေ့ဖြစ်နေလို့ပြောတာမျိုးလည်း ရှိတယ်၊ စေတနာနဲ့ပြောတာမျိုးလည်းရှိတယ်၊ ဘယ်လိုပဲဖြစ်ဖြစ် ချောပစ် ကုန်းတိုက်ခြင်းပဲ။

နောက်တစ်ခုက ကြမ်းတမ်းသောစကားကို ပြောဆိုခြင်း၊ ဖရုသဝါစာတဲ့၊ အသံအနေနဲ့ ကြမ်းတမ်းတယ်ရယ်လို့ မဟုတ်ဘူး၊ အနက်အဓိပ္ပါယ်ကြမ်းတမ်းတာ၊ စေတနာကြမ်းတမ်းတာပေါ့၊ ဆဲတာဆိုတာတွေကတော့ တကယ်ကြမ်းတမ်းတဲ့ စကားတွေပေါ့၊ ဒီလိုကြမ်းတမ်းတာ မဟုတ်ပဲနဲ့ ကျိန်တာတွေ ရှိသေးတယ်၊ ဘာဖြစ်ပါစေ, ညာဖြစ်ပါစေနဲ့ အဲဒီလိုပေါ့၊ ရှေးတုန်းကတော့ ကျွဲခတ်သေပါစေပေါ့၊ အခုခေတ်တော့ ကားတိုက်သေပါစေပေါ့၊ အဲဒီလို ကျိန်ဆိုတာတွေဟာ (ကိုယ့်ကိုကိုယ် ကျိန်တတ်တာတွေလည်းရှိသေးတယ်) ဖရုသဝါစာ ကြမ်းတမ်းတဲ့စကားတဲ့၊ လွှသွားလိုပဲ တစ်ဖက်သားနားမခံသာဘူးပေါ့၊ အဲဒါကြောင့်မို့ ဖရုသဝါစာလို့ ခေါ်တယ်။

ဖရုသဝါစာရဲ့ အင်္ဂါတွေက ဘာတဲ့တုန်း၊ စိတ်ဆိုးခြင်း၊ စိတ်ဆိုးဖို့ပြောတာကိုး၊ စိတ်ဆိုးမှုပါရမယ်၊ အပြောခံရတဲ့သူ, အဆဲခံရတဲ့သူရှိရမယ်၊ ပြီးတော့ဆဲရေးခြင်း (သို့မဟုတ်) ကြမ်းတမ်းသောစကားကိုပြောခြင်းလုံ့လ၊ အဲဒီ ၃–ခုစုံရင် ကြမ်းတမ်းသော စကားဖရုသဝါစာဖြစ်တယ်။

အဲဒီတော့လူမှာ sensitive spots လေးတွေရှိတတ်တယ်မဟုတ်လား၊ ဒါလေးတွေ ထိလိုက်ရင် ပိုနာတယ်၊ အဲဒါမျိုးကို စာတွေမှာ မမ္မလို့ခေါ်တယ်၊ ဖရုဿဝါစာကို စာတွေမှာ ဘယ်လိုရေးသလည်းဆိုတော့ သေခြင်းကို ဖြတ်သလို ထိခိုက်အောင် ပြုတတ်တယ်တဲ့။

တစ်ခါတလေ အနာလေးဘာလေးဖြစ်တဲ့အခါကျတော့ သူကနည်းနည်း သူ့ကိုထိလိုက်ရင် အခြားနေရာထက် ပိုနာတယ်မဟုတ်လား၊ အဲဒါမျိုးလိုပဲ, မြန်မာ စကားရှိတယ်မဟုတ်လား၊ အနာပေါ် တုတ်ကျဆိုတာ၊ အဲသလို နေရာမျိုး သုံးလိုက်ရရင် ပိုနာတယ်၊ အဲသလို သေခြင်းကို ဖြတ်တတ်တဲ့အတွက် ထိခိုက်တတ်တဲ့ စကားကို ဖရုဿဝါစာတဲ့။

အဲဒီတော့ ဖရုဿဝါစာက တကယ်စေတနာကြမ်းမှ ကြမ်းတဲ့စေတနာနဲ့ ပြောမှသာ ဖရုဿဝါစာဖြစ်တယ်တဲ့၊ တကယ်လို့ စကားက မကြမ်းတောင်မှ စေတနာက ကြမ်းရင်လည်း ဖရုဿဝါစာဖြစ်တာပဲ၊ ဘာလဲဆိုရင် အခုခေတ်လုပ်လေ့ ရှိတယ်၊ ကိုယ့်အိမ်မွေးထားတဲ့ခွေးကလေး ဘာလေးတွေ ဒုက္ခရောက်တဲ့အခါ သတ်ပစ်တယ်၊ put to sleep အိပ်အောင် လုပ်တယ်လို့ ဒီနိုင်ငံမှာ သုံးလေ့ရှိကြတယ်၊ သူ့ကို အိပ်ခိုင်းလိုက်ပါဆိုရင် သတ်ခိုင်းတာပဲ။

အဲဒီလိုပြောတဲ့အချိန်မျိုးမှာ စကားလုံးကတော့ ကောင်းတယ်၊ မကြမ်းတမ်းဘူး၊ သို့သော် စေတနာကတော့ သေစေချင်တဲ့ စေတနာပါတဲ့အတွက်ကြောင့် ဒါမျိုး ကိုလည်း ဖရုဿဝါစာထဲ ထည့်ရတယ်။

တရားသူကြီးတွေလည်း ဒီအတိုင်းပဲ၊ ဒီတရားခံကိုအိပ်အောင်လုပ်လိုက်ကြ သို့မဟုတ် တခြားစကားလုံးပေါ့၊ စကားလုံးအနေနဲ့တော့ မကြမ်းတမ်းဘူး၊ အဲဒီ အချိန်မှာခိုင်းတဲ့ စေတနာက ကြမ်းတမ်းတဲ့အတွက်ကြောင့် ဖရုဿဝါစာဖြစ်တယ်၊ အဲဒီအချိန်မှာ ဒေါသမူစိတ် ရှိကိုရှိရမယ်၊ ဒေါသမူစိတ်နဲ့သာ အဲဒါမျိုးပြောလို့ရတယ်။

အလားတူပဲ၊ စကားလုံးကြမ်းတမ်းပေမယ်လို့ စေတနာတကယ်မကြမ်းတမ်း ရင်တော့ ဖရုဿဝါစာမဖြစ်ဘူးတဲ့။

**မေး**– ဒီလိုဆိုရင် တရားသူကြီးဟာ သူ့ရဲ့လုပ်ငန်းဖြစ်လို့ သူ့တာဝန်သူထမ်းတဲ့အတွက် အပြစ်ကမလွတ်ဘူးလား၊

**ဖြေ** –အပြစ်ရှိတာပဲ၊ အဘိဓမ္မာသဘောအရကတော့ ရှောင်လို့မရဘူး၊

**မေး** – သူလုပ်စားတာ မဟုတ်ဘူးလား။

**ဖြေ** – သူလုပ်စားပေမယ်လို့ ရှောင်မရဘူး၊ ဘာကြောင့်ဆို သူအမိန့်ချတာကိုး၊

သူ့အမိန့်ချလို့သေရမှာ၊ သူ့မှာအပြစ်မလွတ်ဘူး၊ တရားသူကြီးလုပ်ရတာ သိပ်နေရာမကျဘူး၊ ရှေ့နေလုပ်ရတာလည်း သိပ်နေရာမကျဘူး၊ အသက်မွေးဝမ်းကျောင်းတော့ဟုတ်တယ်၊ ဒါပေမယ့် မလွတ်နိုင်ဘူး၊ ငါးသတ်စားတဲ့ တံငါလိုပဲ၊ ငါးသတ်တာသူ့အသက်မွေးဝမ်းကျောင်းပဲ၊ ဒါပေမယ့် ပါဏာတိပါတကတော့ မလွတ်နိုင်ဘူး။

ခုန စေတနာကြမ်းရင် စကားလုံးမကြမ်းပေမယ့်လည်း ဖရုသဝါစာဖြစ်တယ်၊ ပြောင်းပြန်ပြန်လိုက်, စကားလုံးကြမ်းပေမယ့် စေတနာတကယ်မကြမ်းရင် ဖရုသဝါစာမဖြစ်ဘူးတဲ့၊ တစ်ခါတလေ ဆရာမိဘတွေက တပည့်သားသမီးတွေကိုစကားလုံးခပ်ကြမ်းကြမ်းနဲ့ ပြောတာတွေရှိတယ်။

ရှေးတုန်းကလူတစ်ယောက်က တခြားအရပ်ထွက်သွားမယ်ဆိုတော့ အမေကတားတယ်၊ မသွားနဲ့ဆို မရဘူး, ဇွတ်သွားတယ်၊ သွားတော့အမေက ကျိန်ဆဲလိုက်တယ်၊ နင့်ကို ကျွဲခတ်ပြီး သေပါစေကျိန်လိုက်တယ်၊ သူဟာ တောထဲရောက်သွားတော့ တကယ်ကို ကျွဲနဲ့တွေ့ပြီး ကျွဲက သူ့ကိုခတ်ဖို့လိုက်ပါလေရော၊ အဲဒီအခါမှာ သူကဓိဋ္ဌာန်လိုက်တယ်တဲ့၊ ငါ့အမေက ငါ့ကို တကယ်ကျွဲခတ်စေလိုတဲ့စေတနာရှိရင် ဒီကျွဲငါ့ကို ခတ်ပါစေပေါ့၊ အဲသလို စေတနာမပါရင် ငါ့ကိုကျွဲမခတ်နိုင်ပါစေနဲ့ဆိုတော့ ကျွဲက ရှောင်သွားတယ်တဲ့။

အဲသလို စိတ်ဆိုးပြီး အမှတ်တမဲ့ မထိန်းချုပ်လို့ပြောမိတာ၊ တကယ်တော့ကိုယ့်သားကို သေစေချင်တဲ့ စေတနာ ဘယ်ပါမလဲ၊ အဲဒါမျိုးကျတော့ ဖရုသဝါစာမဖြစ်ဘူး၊ စိတ်ဆိုးတဲ့အတွက်ပြော မိတာကတော့ အကုသိုလ်ပါသွားတာပေါ့၊ သို့သော် ကမ္မပထမြောက်တဲ့ ဖရုသဝါစာ မဖြစ်ဘူး၊ အကောင်းဆုံးကတော့ကြမ်းတမ်းတဲ့စကားလုံးဆိုရင် ဘယ်တော့မှ မသုံးရင် အကောင်းဆုံးပဲ၊ ကိုယ့်အချင်းချင်းဖြစ်စေ, သူများနဲ့ဖြစ်စေ, ချိုချိုသာသာပြောတာ အကောင်းဆုံးပဲ၊ ကိုယ်လည်းလူချစ်လူခင်များတယ်။

ကြမ်းကြမ်းတမ်းတမ်း စကားဆိုတာကတော့ ကိုယ်လည်း နားမထောင်ချင်ဘူး၊ သူများလည်း ဒီလိုနေမှာပဲ၊ အဲဒါကြမ်းတမ်းသောစကားပြောဆိုရခြင်း ဖရုသဝါစာတဲ့။

နံပတ်၄-က သိမ်ဖျင်းသောစကားကို ပြောဆိုခြင်းတဲ့၊ စပါးတွေ ဘာတွေမကောင်းရင် ဖျင်းတယ်လို့ သုံးတယ် မဟုတ်လား၊ အဲသလိုပဲ သိမ်ဖျင်းတယ်ဆိုတာ အနက်အဓိပ္ပါယ်မရှိတာ, အကျိုးမရှိတာလို့ ဆိုလိုတယ်၊ အနက်အဓိပ္ပါယ်မရှိတဲ့စကား, စီးပွားချမ်းသာကို မဖြစ်စေနိုင်တဲ့ (သို့မဟုတ်) ဖျက်ဆီးတတ်တဲ့စကားမျိုး၊ သမ္ဖပ္ပလာပဆိုတာ ဇရမ်းဇတာ လျှောက်ပြောတာ၊ သိမ်ဖျင်းတဲ့စကား

ပြောဆိုတာ၊ သိမ်တယ်ဆိုတာ အနှစ်အဆံမပါတာ၊ ဒဏ္ဍာရီတို့ ဝတ္ထုတို့ဘာတို့တွေဟာ ဒီထဲအကုန်အကျုံးဝင်တာပဲ။

သို့သော် ဒီလိုတော့ရှိပါတယ်၊ နောက်တော့ လာလိမ့်ဦးမယ်၊ အကျိုးမဲ့ အနှစ်မဲ့စကားကို ရှေ့သွားပြုတာရယ်, ပြောဆိုတာရယ်, ဒီနှစ်ခုပါရမယ်၊ ဟိုတစ်ဖက်သားယုံကြည်မှ ကမ္မပထမြောက်တယ်၊ တစ်ဖက်သားက မယုံကြည်ရင်တော့ ကမ္မပထမမြောက်ဘူးပေါ့လေ၊ ဒါပေမယ့်လည်း အကျိုးမရှိတဲ့စကား ပြောရတာ အကျိုးမရှိ ဖြစ်တာပဲ။

အဲဒီတော့ ဒဏ္ဍာရီတို့ ကွက်စိပ်တို့ စာပြောဆရာတို့ ရှေးတုန်းက ရှိတယ်မဟုတ်လား၊ အခုခေတ်တော့ မြန်မာပြည်မှာ မရှိတော့ဘူးထင်တယ်။

**မေး** – ဗလွတ်ရွှတ်တတွေ လျှောက်ပြောတာကော သမ္ဖပ္ပလာပဖြစ်ပါသလား။

**ဖြေ** – အဲသလို လျှောက်ပြောတာလည်း သမ္ဖပ္ပလာပဖြစ်တယ်။

အဲဒီတော့ ဦးဇင်းတို့ စာတွေမှာ သိပ်ပြီးတော့ မတရားတဲ့သဘောလေးတွေ ရှိတယ်နော်၊ ဘာကြောင့်လဲဆိုတော့ သမ္ဖပ္ပလာပနဲ့ ပတ်သက်ပြီးပြောလိုက်ရင် သီတာမိဖုရားဝတ္ထုတို့၊ ရာမနဲ့ သီတာဝတ္ထု မဟာဘာရတဝတ္ထုတို့ ပြောလိုက်ရင် သမ္ဖပ္ပလာပဖြစ်တယ်ဆိုပြီး စာတွေမှာ ပယ်တာရှိတယ်၊ ဟိန္ဒူတွေအနေနဲ့ဆိုရင် ဘယ်ခံနိုင်မလဲ။

သီတာဝတ္ထုတို့ကျတော့ သဘောထားကြီးကြီးနဲ့ ပြောရမယ်ဆိုရင် သူတို့ကလည်း ဟုတ်တယ်ထင်လို့ ပြောနေတာပဲ၊ တကယ်ယုံကြည်ပြီး ပြောနေတာဆိုတော့ မဆိုးဘူးလို့ ထင်တာပဲ၊ အဋ္ဌကထာတွေကတော့ အမြင်တစ်မျိုးရှိတာပေါ့လေ၊ သီတာမိဖုရားအကြောင်းတို့ဟာ ဒဏ္ဍာရီတွေ, အဟုတ်ဖြစ်ခဲ့တာမဟုတ်ဘူး၊ ယုံတမ်းစကားတွေ၊ ဒိပြင်ဝတ္ထုတွေ အကုန်လုံးလည်း ဒီထဲအကုန်ပါတာပဲ၊ သို့သော် တစ်ဖက်သားက မယုံဘူးဆိုရင် သိပ်အပြစ်မကြီးဘူး ဆိုရမှာပေါ့။

အဲသလို မယုံတော့ အပြစ်မကြီးဘူးပေါ့၊ အမှန်ကတော့ ဒါတွေ ဖတ်၊ နားထောင် ပြောပြီးနေတော့ အချိန်ကုန်ပြီး ကုသိုလ်မရဘူးပေါ့လေ၊ ဒါအတွက်ပါပဲ။

**မေး** – အချိန်ကို တရားဘက်သုံးရမှာလို့ ထင်ပါတယ်။

**ဖြေ** – ဟုတ်တယ်, အချိန်ကို တရားဘက်သုံးရမှာ, မသုံးပဲနဲ့ ဒါတွေပြောဆိုနားထောင်ပြီး အချိန်ကုန်အောင်လုပ်တာပေါ့။

တစ်ခါတလေ အကျိုးရှိအောင်လို့ကြံဖန်ပြီး ပြောရတာမျိုးလေးတွေ ရှိတတ်တယ်၊ တကယ်ဖြစ်ခဲ့တာ မဟုတ်ပေမယ့် တကယ်ဖြစ်ခဲ့သလိုကို လုပ်ပြီးဟောတာ၊

ရှေးတုန်းက စကားပုံတွေရှိတယ်၊ တချို့ဟာတွေက တကယ်ဖြစ်ခဲ့တာ၊ တချို့ဟာတွေက တကယ်မဖြစ်ခဲ့ပဲနဲ့ ကြံဖန်ပြီးပြောတာတွေလည်း ရှိနိုင်တယ်၊ သို့သော် ဒါကတော့ သူတပါးအကျိုးရှိအောင် ပြောတာမို့ ကမ္မပထမြောက်တဲ့ သိမ်ဖျင်းတဲ့ စကားမျိုးတော့ဖြစ်မှာ မဟုတ်ပါဘူး၊ အတတ်နိုင်ဆုံးတော့ ဒါတွေ ဆင်ခြင်ရင် ကောင်းတာပေါ့၊ နားထောင်တဲ့သူမှာ အကျိုးရှိရင် သိမ်ဖျင်းတဲ့စကားလို့ မဆိုနိုင်ဘူး။

ဒါကြောင့်မို့ ဝစီကံ ၄ပါးတဲ့ မုသာဝါဒ, ပိသုဏာဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပတဲ့၊ ဝစီဒုစရိုက် ၄–ပါးလို့လည်းသုံးတယ်နော်၊ သူတို့ကို ဒုစရိုက်လို့ ခေါ်တယ်၊ ကာယဒုစရိုက်၃–ပါး၊ ဝစီဒုစရိုက် ၄–ပါး။

အဲဒီဝစီ ၄–ပါးက ဝစီ ၄–ရပ်လို့ခေါ်တဲ့ ဝစီဒွါရမှာ များသောအားဖြင့် ဖြစ်တတ်သောကြောင့် ဝစီကံလို့ခေါ်တယ်၊ ကာယဒွါရမှာလည်း အနည်းငယ် ဖြစ်နိုင် သေးတယ်နော်။

စာတွေမှာ ရေးတာ ရှိတယ်နော်၊ ကျီးတွေဘာတွေ ခြောက်ချင်တဲ့အခါမှာ လက်ထဲခဲမပါပဲနဲ့ ခြောက်တာ၊ ဒါလည်း မုသာဝါဒ မလွတ်ဘူးတဲ့နော်၊ မဟုတ်မမှန်တာ လုပ်တာတဲ့။

ဘုရားလောင်း ပါရမီတွေ ဖြည့်ခဲ့စဉ်က အဲဒီ ကမ္မပထမြောက်တဲ့ မုသာဝါဒ တော့ဘယ်တော့မှ မသုံးခဲ့ဘူးတဲ့၊ တခြားသိက္ခာပုဒ်တွေသာ ကျိုးချင်ကျိုးမယ်၊ ဆိုပါတော့, ပါဏာတိပါတ ကျိုးချင်ကျိုးမယ်၊ အဒိန္နာဒါန ကျိုးချင်ကျိုးမယ်၊ မုသာဝါဒတော့ မကျိုးဘူးတဲ့၊ တကယ့်ကို တိုက်ရိုက်လိမ်ပြောတာမျိုး ဘယ်တော့မှ မရှိဘူး၊ အဲဒါဝစီကံ ၄–ပါး။

ဒီကိစ္စဟာ လုံးဝသန့်ရှင်းအောင်လုပ်ဖို့ မလွယ်ဘူး၊ တစ်ခါတစ်ခါလည်း ပြောမိကြတာပဲ၊ တရားမှတ်နေတုန်းတောင်မှ တရားစစ်တဲ့အခါမှာ လိမ်တာတွေ ဘာတွေ ဖြစ်နိုင်သေးတယ်၊ သူများပြောလို့ကြားတာလေး မှတ်ထားပြီး ကိုယ်က တကယ်ဖြစ်သယောင် တရားရသယောင် ပြောမိတာ။

ဒါကြောင့် တရားအားထုတ်တဲ့ပုဂ္ဂိုလ်မှာ သေသေချာကြည့်ရင် တစ်ခုက ဘာလဲဆိုတော့ in truth ရိုးသားရမယ်ဆိုတာပါတယ်၊ အဲဒါပဲ အရေးကြီးတယ်၊ ဝစီကံ ၄–ပါးပြီးသွားပြီ။

မနောကံ ၃–ပါးတဲ့, မနောဆိုတာ စိတ်၊ ဒီနေရာမှာတော့ မနောအရ အကုသိုလ်စိတ်ပေါ့၊ မနောဒွါရဖြစ်တဲ့ ကံ ၃–ပါးရှိတယ်၊ သူ့ကျတော့ ကာယကံ ဝစီကံ မပါတော့ဘူး၊ ကာယဒွါရမှာ မဟုတ်တော့ဘူး၊ ဝစီဒွါရမှာ မဟုတ်တော့ဘူး၊

မနောဒွါရမှာသာ စိတ်ထဲမှာသာ ဖြစ်တယ်။

သူ့အကြောင်းပြုပြီးတော့ ကာယယံ ဝစီကံဖြစ်နိုင်တာပေါ့၊ သို့သော် သူ့အတွက် သက်သက်ကတော့ စိတ်ထဲမှာသာ ဖြစ်နိုင်တယ်၊ အဲဒီ မနောကံက ၃–ပါးတဲ့။

ပထမဟာက အဘိဇ္ဈာတဲ့၊ အဘိဇ္ဈာဆိုတာ မြန်မာစကားလုံးလိုတောင် ဖြစ်နေပြီ၊ အဘိဇ္ဈာအားကြီးတယ် ဘာတယ်နဲ့ ပြောလေ့ရှိတယ်၊ အဘိဇ္ဈာဆိုတာ သူတပါးစည်းစိမ်ကို မတရားယူလိုမှုတဲ့၊ သူတပါးစည်းစိမ်ကို မြင်တဲ့အခါ ကျတော့ သူတပါးပစ္စည်းကို ငါ့ပစ္စည်းဖြစ်ရင် ကောင်းမှာပဲလို့ အဲဒီလို မတရား ယူချင်တယ်၊ သာမန်တောင်မဟုတ်ဘူး၊ တကယ့်ကို လိုချင်တယ်၊ အဲဒီလိုဟာကို အဘိဇ္ဈာလို့ ခေါ်တယ်။

အဘိဇ္ဈာလို့ခေါ်တဲ့ လောဘကမတရားတဲ့ လောဘပေါ့၊ သူများက သူတို့ရဲ့ ချွေးနဲ့သွေးနဲ့ ရှာထားတဲ့ပစ္စည်း ကိုယ်က ကိုယ့်ပစ္စည်း လုပ်ချင်တာကိုး၊ ဒါကြောင့် ဝိသမလောဘဆိုတာလည်း ဒါပဲ၊ အဘိဇ္ဈာလိုပဲ၊ အဘိဇ္ဈာရဲ့ စကားလုံးအနက် ကတော့ သူတပါးပစ္စည်းကို ရှေ့ရှုကြဲတယ်လို့ ဒီလိုဆိုတာ။

ရှေ့ရှုကြဲတယ်ဆိုတာက အဲဒီပစ္စည်း ငါ့ပစ္စည်းဖြစ်ရင်ကောင်းမှာပဲ, ငါ့ပစ္စည်း ဖြစ်ပါတော့, အဲဒီလိုမျိုး၊ တစ်ခါတလေ ပိုက်ဆံရှိတဲ့သူတွေ အိမ်ကြီး အိမ်ကောင်းတွေ မြင်ရရင် အဲသလိုမျိုးဖြစ်တတ်တယ်။

ဒါကြောင့်မို့ ဒီနေရာမှာ ဦးဇင်းတို့က စိတ်ထားပြတ်တယ်၊ တစ်ဝမ်းတစ်ခါး လေးစားရဝတ်ရဖို့မှာ သူ့ခမြာများ ရိုးရိုးသားသားနဲ့ မဖြစ်နိုင်ကြဘူး၊ အမျိုးမျိုးစိတ်တွေ ဖြစ်တယ်၊ commercial လုပ်ငန်းတွေမှာပေါ့။

ပစ္စည်းလေးတစ်ခုကို စာလုံးလေးသေးသေးနဲ့ ရေးထားတာကတစ်မျိုး၊ စာလုံး ကြီးနဲ့ ရေးထားတာကတစ်မျိုး မဟုတ်လား၊ တကယ်လိမ်သလားဆိုတော့ တိုက်ရိုက် ကြီး ဥပဒေအရ မလိမ်ဘူး၊ အဲဒီတော့ လှည့်ပတ်တာပဲ၊ ဒါပေမယ့်လို့ လိမ်တာ ဘာမှမဖြစ်ဖူး၊ လိမ်တာဘယ်သူမဆို သိတယ်၊ ဥပဒေဘောင်အတွင်းက သုံးနိုင်ရင် သုံးတော့၊ အဲသလိုမျိုး။

ဦးဇင်းတို့ မြန်မာပြည်မှာက ဒီလောက်မညာဘူး၊ ရိုးရိုးပေါ့လေ၊ ကျွန်တော့ ပစ္စည်းကောင်းပါတယ်ဆိုတာမျိုးတော့ အရေးမကြီးဘူး။

ဆိုပါတော့, ပစ္စည်းတစ်ခုမှာလိုက်တယ်၊ ဒီပစ္စည်းက ဘယ်လောက်ကျတယ်၊ နည်းနည်းလေးလျှော့ထားတယ်၊ handling ကျတော့ ပိုယူလိုက်တယ်၊ အဲဒီတော့

ပစ္စည်းတွေအတွက်ပါ ယူလိုက်တာနဲ့ အတူတူလို ကျသွားတယ်၊ အဲဒါမျိုးတွေ ရှိတယ်။

ပစ္စည်းတစ်ခုကို list price က ဘယ်လောက်, ပြီးတော့ your price က ဘယ်လို, တကယ်တော့ list priceကို ပေးမဝယ်ဘူး, ဘယ်သူမှလည်း မရောင်း ဘူး၊ သက်သက်ညာနေတာ၊ ဝယ်တဲ့လူကလည်း ညာမှန်းသိတယ်၊ ဘာဖြစ်လို့ ညာနေသလဲ၊ သူလည်းသိ ကိုယ်လည်းသိ ဒါဖြတ်လိုက်ဖို့ကောင်းတယ်၊ သက်သက်မဲ့ လှန်ကြည့်နေရတာ၊ list price က ဘယ်လောက်၊ ဒါပေမယ်လို့ ငါက မင်းတို့ကို ဒီလောက်နဲ့ ရောင်းတာ၊ ဒီလိုလုပ်နေကြတာပဲ၊ ဒါကြောင့်မို့ ဒီနိုင်ငံက မလွယ်ဘူးဟော့၊ တစ်ဝမ်းတစ်ခါး စားရဖို့ ရိုးရိုးသားသားကို လုပ်ဖို့ မလွယ်ဘူးလို့၊ အဘိဇ္ဈာကနေ ဆက်သွားတာ၊ ကိုင်း, သူတစ်ပါးစည်းစိမ်ကို မတရားယူလိုမှုတဲ့, အဘိဇ္ဈာ၊ လောဘသာမန် မဟုတ်ဖူးပေါ့၊ ဆိုးတဲ့လောဘ၊ မတရားတဲ့လောဘ။

ဗျာပါဒ၊ ဗျာပါဒဆိုတာ သူတစ်ပါးပျက်စီးသေစေရန် ကြံစည်မှုတဲ့၊ သူတစ်ပါး ပျက်စီးအောင်ကြံစည်တာ၊ ဒီကောင်တော့ သေရင်ကောင်းမှာပဲ၊ ဘယ်တော့များ သေပါ့မလဲ၊ သေပါစေလို့ ဒီလိုစိတ်ထဲက ကြံတာမျိုး၊ အဲဒါမျိုးကို ဗျာပါဒ ခေါ်တယ်၊ လူတင်မဟုတ်ပါဘူး၊ တိရစ္ဆာန်ကြလည်း ဒီလိုပဲ၊ ဗျာပါဒခေါ်တယ်၊ ဗျာပါဒမှာ ဒေါသပါတယ်။

အဲဒီလို သေစေလိုတဲ့ အကြမ်းစားဒေါသကို ဗျာပါဒလို့ခေါ်တယ်၊ စိတ်ဆိုးရုံ သက်သက်နဲ့ ကမ္မပထမမြောက်ဘူး၊ ဗျာပါဒတော့ဖြစ်တယ်။

အဘိဇ္ဈာရဲ့အင်္ဂါကတော့ သူတပါးဥစ္စာဖြစ်ခြင်းအပေါ် မိမိဥစ္စာဖြစ်လိုခြင်း၊ အခုဗျာပါဒကျတော့ ဒေါသထွက်စရာ သတ္တဝါဖြစ်စရာဖြစ်ခြင်းရယ်, သူ့ရဲ့ပျက်စီးမှုကို ကြံစည်ခြင်းရယ်, အဲဒါဗျာပါဒတဲ့၊ အဲဒါလည်း မဖြစ်အောင်တော့ ကြိုးစားကြပေါ့။

လူဆိုတာ သူ့ကံနဲ့သူပဲ၊ သူများဆဲတာခံရလည်း ကိုယ်ကံပေါ့၊ နောက်ဘဝက ကိုယ့်အကုသိုလ်ရှိလို့ ခံရတယ်လို့ ဒီလိုပဲ တွက်ရမယ်။

သေတာကို သဘောကျတယ်ဆိုတော့ ပထမတော့ ဒေါသပါမယ်၊ ဝမ်းမြောက် ဝမ်းသာဖြစ်တာကတော့ နောက်တစ်ဆင့် ဖြစ်မယ်၊ စ,စချင်းကတော့ ဒေါသပဲ ဖြစ်မယ်၊ ကြာရင်တော့ ဒေါသတော့ဖြစ်မယ်ပေါ့လေ၊ ကံတော့မဟုတ်ဘူး၊ ဗျာပါဒကံ ထိအောင်တော့ မရောက်ပေဘူးထင်တယ်၊ အကုသိုလ်တော့ဖြစ်တယ်၊ အကုသိုလ်ဖြစ် တိုင်းလည်း ကံမဖြစ်ဘူး၊ ကမ္မပထမမြောက်ဘူးပေါ့။

(၃) မိစ္ဆာဒိဋ္ဌိ အယူမှားမှုတဲ့၊ မှားသောအယူရှိတဲ့အခါ ဗုဒ္ဓဘာသာအနေနဲ့

ဗုဒ္ဓဘာသာဘက်က ကြည့်ပြီး မှားတယ်လို့ ဆိုရမှာပေါ့လေ၊ မှားသောအယူ။

မှားသောအယူဆိုတာ ဘယ်လိုဟာတွေတုန်းတဲ့၊ လောကမှာ တွေ့မြင်နေတဲ့ အရာဝတ္ထုတွေ ပုဂ္ဂိုလ်သတ္တဝါတွေ မြဲတယ်လို့ ယူတာမျိုး၊ ချမ်းသာတယ်လို့ယူတာမျိုး၊ အတ္တလို့ဆိုတဲ့အသက်ကောင် ဝိညာဉ်ကောင်လေး ရှိတယ်လို့ ယူတာမျိုး စသည်ပေါ့၊ အဲသလို ယူတာမျိုးကို မိစ္ဆာဒိဋ္ဌိခေါ်တယ်။

တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် ရုပ်, ဝေဒနာ, သညာ, သင်္ခါရ ဝိညာဉ် ဆိုတဲ့ ခန္ဓာငါးပါးကို အတ္တလို့ စွဲလမ်းတဲ့ သက္ကာယဒိဋ္ဌိမျိုး၊ တခြားအယူမှားတာတွေ မှန်သမျှကို မိစ္ဆာဒိဋ္ဌိလို့ခေါ်တယ်။

အဲဒီတော့ မိစ္ဆာဒိဋ္ဌိဆိုတာ စိတ်ပိုင်းတုန်းက ဒိဋ္ဌိဂတ သမ္ပယုတ္တ, မိစ္ဆာဒိဋ္ဌိနဲ့ ယှဉ်တယ်ဆိုတာ ပြောခဲ့တယ်၊ ပြီးတော့ကံ ကံ၏အကျိုး မရှိဘူး၊ ဒါတွေလည်း လာလိမ့်မယ်။

ကောင်းပြီ၊ အဲဒီမိစ္ဆာဒိဋ္ဌိက အမျိုးမျိုးရှိသော်လည်းပဲ ဒီမှာ အရေးတကြီးမှတ်ဖို့က ၃–ခုရှိတယ်၊ အဲဒါတော့ရေးပြီးမှတ်ကြ, ဒီစာရွက်ထဲတော့ ထည့်ရေးမထားဘူး။

ပထမ နတ္ထိက ဒိဋ္ဌိတဲ့၊ ဒုတိယ အဟေတုက ဒိဋ္ဌိ၊ တတိယက အကိရိယ ဒိဋ္ဌိ။

အဲဒီတော့ မိစ္ဆာဒိဋ္ဌိရဲ့ အင်္ဂါမှာ ဘာလဲဆိုရင် ယူအပ်တဲ့ ဝတ္ထုရဲ့မမှန်ခြင်းရယ်၊ အဲဒီ မမှန်ကန်သည်၏ အဖြစ်ဖြင့် စိတ်ထဲမှာ စွဲမြဲထင်ခြင်းရယ်၊ ဒါကို မိစ္ဆာဒိဋ္ဌိလို့ ခေါ်တယ်၊ မိစ္ဆာဒိဋ္ဌိရဲ့ ကမ္မပထမြောက်သွားတယ်။

အဲဒီလိုရှိရာမှာ ခုနကပြောခဲ့တဲ့ နတ္ထိက ဒိဋ္ဌိ, အဟေတုကဒိဋ္ဌိ, အကိရိယဒိဋ္ဌိ သုံးပါးတို့သာလျှင် ကမ္မပထမြောက်တယ်၊ တခြားဒိဋ္ဌိက ကမ္မပထမမြောက်ဘူး၊ ဒိဋ္ဌိတော့ ဒိဋ္ဌိပဲ။

ဆိုပါတော့, သင်္ခါရတရားတွေမြဲတယ်လို့ယူတယ်၊ ချမ်းသာတယ်လို့ ယူတယ်၊ ဒါလည်းပဲ မိစ္ဆာဒိဋ္ဌိ၊ ဒါပေမယ်လို့ အဲဒါက ကမ္မပထမြောက်တဲ့ မိစ္ဆာဒိဋ္ဌိမဟုတ်ဘူး။

ကမ္မပထမြောက်တဲ့ မိစ္ဆာဒိဋ္ဌိက ဒီ ၃–မျိုးပဲ၊ နတ္ထိကဒိဋ္ဌိဆိုတာဘာလဲ၊ လက်ာလေး ရေးလိုက်ကြဦး။

**"နတ် ကျိုး အ,ကံ၊ ဟေနှစ်တန်တဲ့"**

နတ်ကျိုးဆိုတာ၊ နတ္ထိကဒိဋ္ဌိဟာ အကျိုးကို တားမြစ်တယ်၊ အကျိုးကို ပယ်တယ်၊ အကျိုးမရှိဘူးတဲ့၊ မင်းလုပ်သမျှဟာတွေ အကျိုးဘာမှမရဘူးလို့ အဲသလို အကျိုးကိုပယ်တဲ့ ဒိဋ္ဌိမျိုးကို နတ္ထိကဒိဋ္ဌိလို့ခေါ်တယ်။

ဘာလုပ်လုပ်အကျိုးမရှိဘူး၊ ကောင်းတာလုပ်လည်းကောင်းကျိုးမရှိဘူး, မကောင်း တာလုပ်လည်း မကောင်းကျိုးမရှိဘူး၊ အဲသလိုပြောတဲ့ ဒိဋ္ဌိမျိုးကို နတ္ထိကဒိဋ္ဌိတဲ့၊ အဲဒီ နတ္ထိကဒိဋ္ဌိကို ပါဠိတော်တွေထဲမှာ ဟိုသုတ်, ဒီသုတ်တွေမှာ ခဏခဏဟောထား တယ်၊ "နတ္ထိဒိန္နံ" ပေးလှူ၍ အကျိုးမရှိဘူး၊ နတ္ထိယိဋ္ဌံဆိုတာ အလှူကြီးပါပဲ၊ ရှေးတုန်းကတော့ ဒီလိုပဲ ပေးလှူတာက တစ်မျိုး၊ ယဇ်ပူဇော်တယ်လို့ ခေါ်တဲ့ လှူတာကတစ်မျိုး၊ ပြီးတော့ ခပ်နည်းနည်းလှူတာ တစ်မျိုးဆိုပြီးတော့ လှူတာကို ၃-မျိုးခွဲတယ်။

အဲဒီတော့ ပေးလှူခြင်းရဲ့ အကျိုးမရှိဘူး၊ ယဇ်ကြီးပူဇော်ရခြင်းရဲ့ အကျိုးမရှိဘူး၊ ယဇ်ငယ်ပူဇော်ရခြင်းရဲ့ အကျိုးမရှိဘူး၊ အလှူအတန်းကြီးလုပ်လည်း အကျိုးမရှိဘူး၊ အလှူအတန်းလေးလုပ်လဲ အကျိုးမရှိဘူးပေါ့၊ အဲသလိုပြောတာ။

ပြီးတော့-

- နတ္ထိ သုဂတဒုက္ကတာနံ ကမ္မာနံ ဖလံ ဝိပါကော, ကောင်းမှု မကောင်းမှုတို့ရဲ့ အကျိုးပေး အကျိုးဆက်ဆိုတာ မရှိဘူး၊ ကောင်းမှုလုပ်လည်း ကောင်းကျိုးမရဘူး၊ မကောင်းမှုလုပ်လည်း မကောင်းကျိုးမရဘူး။

- နတ္ထိအယံ လောကော, ဤဘဝဆိုတာလည်း မရှိဘူး၊ ဆိုလိုတာက ဟိုဘဝသတ္တဝါတွေသေပြီး ဒီဘဝရောက်လာတယ်ဆိုတာလည်း မရှိဘူး၊

နတ္ထိပရောလောကော, ဒီဘဝ၍သေပြီးနောက်ဘဝဆိုတာလည်း မရှိဘူး။

- နတ္ထိမာတာ၊ အမေဆိုတာလည်း မရှိဘူး၊ အမေ့ဂုဏ်ကျေးဇူးတွေ ဘာတွေလည်း မရှိဘူး

- နတ္ထိပိတာ- အဖေဆိုတာလည်း မရှိဘူး။

- နတ္ထိသတ္တာ ဩပပါတိကာ, ဥပပါတ် ပဋိသန္ဓေဆိုတာ ပဋိသန္ဓေ မနေရပဲ နတ်တွေလို ဘွားကနဲဖြစ်တာမျိုးကို ခေါ်တယ်၊ လူလိုအမိဝမ်းမှာ မနေရပဲနဲ့ပေါ့၊ အဲဒီလို ဥပပ္ပါတ် ပဋိသန္ဓေနေရတဲ့ နတ်တွေ ဗြဟ္မာ ဆိုတာလည်း မရှိဘူးလို့ ယူရမယ်။

- နတ္ထိလောကေ သမဏဗြဟ္မဏာ သမ္မဂတာ, သမ္မာပဋိပန္နာ ယေဣမဉ္စ လောကံ, ပရဉ္စလောကံ သယံအဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ, ဒီလောက နောက်လောကကို ကိုယ်တိုင်သိပြီး ပြောဟောနိုင်တယ်ဆိုတဲ့ ရဟန်း, ပညာရှိ, ပုဏ္ဏားတို့ ဆိုတာလည်း မရှိဘူးတဲ့ဆိုတော့ မြတ်စွာဘုရားဟာ ဒီဘဝနောက်ဘဝတွေကို သိပြီးဟောပြောတယ်ဆိုတာလည်း မယုံဘူးပေါ့။

အဲသလို ဟောပြောနိုင်တဲ့ ပုဂ္ဂိုလ်ဆိုလို့လည်း မရှိဘူးလို့ ဒီလိုယူဆတာမျိုးကို နတ္ထိက ဒိဋ္ဌိလို့ ခေါ်တယ်၊ ဒါဟာ မိစ္ဆာ–ဒိဋ္ဌိ ၁၀ မျိုးလို့လည်း သုံးလေ့ရှိတယ်။

အခုခေတ်ဆိုရင် ရုပ်ဝါဒသမားတွေမှာ ဒီအယူရှိတယ်ပေါ့၊ ကောင်းတာလုပ်လည်းပဲ အရေးမကြီးဘူး၊ မကောင်းတာလုပ်လည်းပဲ အရေးမကြီးဘူး၊ ဒါဟာ နတ္ထိက ဒိဋ္ဌိတဲ့။

ဒါကြောင့် နတ္ထိကဒိဋ္ဌိဟာ ဘယ်လိုပယ်သလဲလို့ပြောရင် အကျိုးဝိပါက်ကို ပယ်တယ်၊ အကျိုးကိုပယ်ရင်း အကြောင်းကိုလည်း ပယ်ရာရောက်တာပဲ၊ အကျိုးမရှိဘူးဆိုရင် အကြောင်းလည်းမရှိဘူးဆိုရာရောက်တော့ အမှန်ကတော့ နှစ်ခုလုံး ပယ်ရာရောက်တာပဲ၊ သို့သော် ပဓာနအားဖြင့်တော့ သူက အကျိုးကိုပယ်တယ်။

အကံဆိုတာက အကိရိယအတွက်ပြောတာ၊ ဒုတိယဟာက အဟေတုက, ထိုနှစ်တန်တဲ့, ထိုဆိုတာက အဟေတုကဒိဋ္ဌိက အကြောင်းလည်းမရှိဘူး, အကျိုးလည်း မရှိဘူး, နှစ်ခုစလုံးပယ်တာ။

သတ္တဝါတွေ ဖြစ်လာဖို့ရာအကြောင်း မရှိဘူး၊ သတ္တဝါတွေ ညစ်နွမ်းဖို့လည်း အကြောင်းလည်း မရှိဘူး၊ အကြောင်းမရှိပဲနဲ့လည်း သတ္တဝါတွေဖြစ်လာရတယ်၊ ဒီလို ယူဆတာမျိုးကို အဟေတုကဒိဋ္ဌိလို့ခေါ်တယ်။

ဒါဖြင့် စိတ်ဓာတ်စင်ကြယ်ဖို့ရန် ကမ္မဋ္ဌာန်းထိုင်ဖို့လည်း မလိုဘူး, စိတ်ဓာတ်ညစ်နွမ်းဖို့ရန် ဘာမှလည်း လုပ်နေစရာမလိုဘူး၊ အကြောင်းမဲ့ပဲ စိတ်ဓာတ်ညစ်နွမ်းမှု ဖြစ်မယ်၊ အကြောင်းမဲ့ပဲ စိတ်ဓာတ်စင်ကြယ်မှု ဖြစ်မယ်ပေါ့လေ။

အကြောင်းမရှိပဲ အထောက်အပံ့မရှိပဲ လူတွေဟာ စင်ကြယ်သွားမယ်၊ ညစ်နွမ်းသွားမယ်၊ အဲဒီလို ယူဆတဲ့ အယူမျိုးကို အဟေတုကဒိဋ္ဌိတဲ့၊ စကားလုံး အဓိပ္ပါယ်နဲ့ မှတ်လို့ကို မရဘူး၊ ဒီလိုကို မှတ်ယူရမယ်။

ဟေတုဆိုတာ အကြောင်းမဲ့၊ အဟေတုဆိုတာ အကြောင်းမရှိဘူးဆိုတဲ့ အဓိပ္ပါယ်ပဲ၊ သို့သော် ဒီနေရာမှာ အဟေတုက ဒိဋ္ဌိက အကြောင်းကော အကျိုးပါ မရှိဘူးလို့ ယူဆတဲ့ ဒိဋ္ဌိပဲ၊ ဒီဒိဋ္ဌိမျိုး ယူခဲ့တဲ့ ဒိဋ္ဌိဆရာကြီးတွေ မြတ်စွာဘုရားလက်ထက်မှာလည်းရှိခဲ့ပါတယ်၊ ဒီမှာလည်းပဲ အကြောင်းရောအကျိုးရောမရှိဘူးလို့ပယ်တာနဲ့ အတူတူပါပဲ။

ကောင်းပြီ၊ နောက်တစ်ခုကဘာလဲ၊ အကိရိယဒိဋ္ဌိတဲ့၊ အကိရိယဒိဋ္ဌိဆိုတာ အ ကံဆိုတော့ ကံကိုပယ်တယ်ပေါ့၊ ဘာလုပ်လုပ် ကံမဖြစ်ဘူး၊ အကုသိုလ်လုပ်လည်း အကုသိုလ်ကံကတော့ မဖြစ်နိုင်ဘူး၊ ကုသိုလ်လုပ်လည်း ကုသိုလ်ကံ မဖြစ်နိုင်ဘူး၊

ဒီလိုကောင်းမှုပြုသော်လည်း ကောင်းမှုမဖြစ်ဘူး၊ မကောင်းမှုပြုသော်လည်း မကောင်းမှု မဖြစ်နိုင်ဘူးလို့ ယူတဲ့အယူဝါဒမျိုးကို အကိရိယဒိဋ္ဌိ။

ဒီမှာလည်းပဲ အကြောင်းမရှိဘူးလို့ပယ်ရင် အကျိုး(တကယ်ကတော့)မရှိဘူး ဆိုတာနဲ့ အတူတူပါပဲ၊ ဒါကြောင့်မို့ ဒီမှာလည်း အကိရိယဒိဋ္ဌိက အကြောင်းရော အကျိုးရော ပယ်တာပါပဲ။

အဲဒီတော့ ဒိဋ္ဌိ ၃–ခုလုံးဟာ အကြောင်းရောအကျိုးရော ပယ်တာချည်းပဲ၊ သို့သော်ပဓာနအားဖြင့် ပြောမယ်ဆိုရင် နတ္ထိကဒိဋ္ဌိက အကျိုးပယ်တယ်၊ အဟေတုက ဒိဋ္ဌိက အကြောင်းအကျိုးနှစ်မျိုးလုံးပယ်တယ်၊ အကိရိယဒိဋ္ဌိက ကံအကြောင်းကို ပယ်တယ်လို့ ဒီလိုဆိုရတယ်။

အဲဒီ မိစ္ဆာဒိဋ္ဌိ ၃–မျိုးရှိတဲ့အနက်မှာ အခုခေတ်လူတွေမှာဆိုရင် တစ်ခုခုငြိ နေတာကများတယ်၊ အကြောင်းမရှိဘူး, အကျိုးမရှိဘူး, အကြောင်းအကျိုး မရှိဘူး ဆိုတော့ အထူးသဖြင့် ရုပ်ဝါဒသမားတွေ, ဘာသာမရှိဘူးဆိုတဲ့သူတွေမှာ ဒီအယူအဆတွေ ရှိတတ်တယ်။

အဲဒီ မိစ္ဆာဒိဋ္ဌိက နိယတမိစ္ဆာဒိဋ္ဌိ၊ တကယ့်ကိုအခိုင်အမာစွဲလန်းပြီး ယူသွားရင် ဒီမိစ္ဆာဒိဋ္ဌိက ချွတ်မရဘူး၊ မြတ်စွာဘုရားလက်ထက်က တိတ္ထိဆရာကြီး ၆– ယောက်ရှိတယ်၊ သူတို့ဟာဆိုရင် ဘုရားအဆူဆူချွတ်လည်း ကျွတ်တော့တာ မဟုတ်ဘူး၊ စွဲစွဲမြဲမြဲနဲ့ တရားထိုင်လို့ တရားပေါက်ထားတာမျိုးလိုပဲ သူတို့ကလည်း ဒီအယူအဆကို ယူဆတယ်၊ သူတို့ရဲ့ တပည့်တွေဆိုရင်လည်း သူတို့ဆရာတွေဟော တာ နာယူတယ်၊ ကျမ်းဂန်တွေဆိုရင်လည်း ဖတ်တယ်၊ ကိုယ်ကိုယ်တိုင် သဘောကျပြီး အနှစ်စွဲသွားတာ မျိုးပေါ့၊ အဲဒီလို ဖြစ်လိုက်ရင် နိယတ မိစ္ဆာဒိဋ္ဌိတဲ့၊ နိယဆိုတာမြဲတာ၊ ခိုင်မြဲသွားပြီ၊ အဲသလို ခိုင်မြဲသွားအောင်ဖြစ်တဲ့ မိစ္ဆာဒိဋ္ဌိမျိုး ရောက်သွားပြီ၊ ဆိုလို တာကတော့ တရားပေါက်တဲ့အခါ ဝီထိဖြစ်သွားသလိုပဲ၊ မိစ္ဆာဒိဋ္ဌိအစစ်ဖြစ်တဲ့အခါ ဝီထိတစ်ခု ဖြစ်လိမ့်မယ်၊ အဲဒီဝီထိတစ်ခုဖြစ်တဲ့အခါမှာ သတ္တမဇောရောက်သွားတော့ ဘုရား အဆူဆူချွတ်လို့ မရတဲ့ ဒိဋ္ဌိဖြစ်မယ်။

အဲဒီလိုဒိဋ္ဌိဖြစ်သွားရင် သေသည်၏ အခြားမဲ့မှာ ငရဲကျတော့မှာပဲ၊ အသိက မြဲတယ်၊ ဒါကြောင့်မို့ နိယတမိစ္ဆာဒိဋ္ဌိ မရှိအောင် ကြိုးစားရမယ်။

ဆိုပါတော့, မမြဲတာမြဲတယ်လို့ ယူမယ်၊ မချမ်းသာတာ ချမ်းသာတယ်လို့ ယူတဲ့အယူကတော့ နည်းနည်းပါးပါး ရှိချင်ရှိကြလိမ့်ဦးမယ်၊ အဲဒီနိယတ မိစ္ဆာဒိဋ္ဌိလို အကြောင်းမရှိဘူး၊ အကြောင်းအကျိုးမရှိဘူးလို့ ယူတာမျိုးကတော့ ရှောင်ကို

ရှောင်ရမယ်။

ခုနပြောသလို တကယ့်ကို ခိုင်ခိုင်မာမာ စွဲစွဲမြဲမြဲ ဖြစ်သွားပြီဟေ့ဆိုရင်တော့ သွားပြီ၊ ဘယ်လိုမှ မရတော့ဘူး၊ အဲဒီတော့ မြတ်စွာဘုရားလက်ထက်က တိတ္ထိ ဆရာကြီးတွေဆိုရင်လည်း ဘယ်လိုမှ ချွတ်မရတော့ဘူး၊ သူတို့တွေကျတော့ မြတ်စွာဘုရားနဲ့ကို မတွေ့နိုင်တော့ဘူး၊ တွေ့ဖို့ရန်လမ်းလည်း မရှိတော့ဘူး၊ တွေ့လည်းမတွေ့တော့ဘူး၊ အဲသလို။

အဲဒီနိယတမိစ္ဆာဒိဋ္ဌိဟာ စာမှာလာတဲ့အတိုင်းဆိုရင် တကယ့်အပြစ်ကြီးတယ်၊ သံဃဘေဒကကံထက်တောင် အပြစ်ကြီးတယ်လို့ဆိုတယ်၊ သေလို့ အဝီစိမှာ ငရဲခံရ ရင်တောင် အဝီစိက သက်တမ်းမကုန်သေးရင်, ကမ္ဘာလည်းပျက်မယ်ဆိုရင် တခြားမှာ ပြောင်းခံရတယ်၊ အဲသလောက်ဆိုးတယ်၊ သံဃဘေဒကကံတို့ဘာတို့ ဆိုတာကတော့ ကမ္ဘာပျက်ရင် ပြီးသွားပြီ, လွတ်သွားပြီဆိုပါတော့၊ နိယတမိစ္ဆာဒိဋ္ဌိ ကတော့ ပြောင်းပြီးတော့တောင် ခံရတယ်ဆိုတယ်, အဲသလောက်ဆိုးဝါးတဲ့ မိစ္ဆာဒိဋ္ဌိ။

အဲဒီမိစ္ဆာဒိဋ္ဌိ ရှိနေသမျှ သမ္မာဒိဋ္ဌိဆိုတာ မပေါ်နိုင်ဘူးပေါ့၊ အဲဒါကြောင့်မို့ ပထမ ဒိဋ္ဌိကြီး ၃-မျိုးကင်းအောင် ဗုဒ္ဓဘာသာမှန်ရင်တော့ ကင်းကြရမယ်။

အနိစ္စကို နိစ္စထင်တာ၊ ဒုက္ခကို သုခထင်တာ၊ အနတ္တကို အတ္တထင်တာ၊ အဲဒါလေးတွေကို ရှောင်ရမယ်၊ အဲဒါတွေက ခံယူတာနဲ့ မပျောက်ဘူး၊ တရားကို ထိုင်ယူရမယ်။

တလောက ဖလော်ရီဒါ သွားတုန်းက တစ်ညတရားဟောတာ၊ အတ္တမရှိဘူးလို့ ဟောတာပေါ့လေ၊ ဒါကတော့ ဝိပဿနာ မဟုတ်လား၊ ဝိပဿနာ အားထုတ်ရင် မင်းတို့ အနိစ္စ, ဒုက္ခ, အနတ္တသဘောတွေ ထင်မြင်လာမယ်၊ ကိုယ်တိုင်သိလာမယ်၊ အတ္တဆိုတာ မရှိဘူးဆိုတော့ နောက်တစ်နေ့ကျတော့ မိန်းမတစ်ယောက်က တရားစစ်တော့ ပြောတယ်။

"မနေ့ညက အရှင်ဘုရားကို တပည့်တော် စိတ်ဆိုးပါတယ်၊ စိတ်ဆိုးလို့ တရားတောင်မမှတ်နိုင်ဘူး, မထိုင်နိုင်ဘူး"တဲ့၊ "ဘာကြောင့်လဲ"ဆိုတော့ "အတ္တမရှိဘူး" ပြောလို့တဲ့၊ သူက ဟိန္ဒူတွေဆီမှာ အတ္တ တကယ်ရှိရမယ်လို့ သင်လာတာကိုး၊ ဒါကြောင့်မို့ "အေး ငါ့စကားလည်းမယုံနဲ့၊ နင်ကိုယ်တိုင် ထိုင်ပြီးတော့ ရှာကြည့် တွေ့ရင်လဲငါ့ပြော" ကိုယ်တိုင်ထိုင်တဲ့အခါကော အတ္တကို တွေ့သလား၊ အတ္တဆိုတာ အကြိတ်အခဲအမြဲတည်နေတဲ့ သဘောတစ်ခုပေါ့၊ ခန္ဓာ

ငါးပါးမှ အလွတ်၊ အတ္တကို အဲသလိုထင်တတ်တယ်၊ ခန္ဓာငါးပါးကို အတ္တလို့ စွဲနေတာလည်းရှိတယ်၊ ခန္ဓာငါးပါးမှ အလွတ် အတ္တကောင်လေးလိုလို, အနှစ်သာရလေးလိုလို ကိုယ့်ခန္ဓာထဲရှိတယ်လို့ အဲသလို ထင်တတ်တယ်။

တရားထိုင်တဲ့အခါမှာ အဲသလိုဟာလေးများ နင်တွေ့သလား၊ ကြည့်ပေါ့၊ တွေ့လဲယူပေါ့”လို့ ပြောရတယ်၊ တစ်ခါတလေ စကားပြောရတာ မလွယ်ဘူး၊ လွယ်တဲ့အခါလည်း ရှိတယ်၊ သူတို့က သိပ်နားမလည်တော့, တစ်ခါတလေ သူတို့ကိုယ်တိုင်က မမေးတတ်တာလည်းရှိတယ်၊ တခါတလေကျတော့လည်း ကိုယ့်မြန်မာ လူမျိုးတွေကိုအနိစ္စ ဒုက္ခ, အနတ္တဟောရင် သဘောကိုကျလို့၊ သူတို့ကျတော့ ခုနလို ပြန်လှန်ငြင်းတာ တွေရှိတယ်၊ အမျိုးမျိုးပဲ၊ အဲဒီတော့ ပြန်ပြောလိုက်တယ်၊ “ငါလည်းပဲ မယုံနဲ့လို့၊ တရားထိုင်ရင်း ကိုယ့်ဟာကိုယ် အတ္တတရားရှာ တွေ့ရင်လည်းယူလို့။

ဒီကံ ၃–ပါးက မနောကံတဲ့၊ မနောကံက အစတုန်းက ပြောခဲ့တဲ့အတိုင်း မနောဒွါရလို့ခေါ်ရတဲ့ အကုသိုလ်စိတ်မှာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ သူတို့ကို မနောကံ၃–ပါး။

ကောင်းပြီ၊ အကုသလကမ္မပထတရား ၁၀–ပါး၊ ကာယကံ ၃–ပါး၊ ဝစီကံ –၄ ပါး၊ မနောကံ ၃–ပါး၊ ဒါကို ကောင်းကောင်းမှတ်မိအောင် ကြိုးစားကြ၊ ဒုစရိုက် ၁၀–ပါးဆိုတာလည်းဒါပဲ၊ အလကားနေရင်း ဒုစရိုက်, ဒုစရိုက်ပြော, ပြောနေတယ်၊ ဒုစရိုက်ဘာလဲဆိုရင် မပြောတတ်ကြဘူး။

အဲဒီကံ ၁၀–ပါးမှာဘယ်ကံဟာ ဘာအခြေခံဖြစ်သလဲဆိုတော့ သူ့အသက် သတ်ခြင်းဟာ ဒေါသ အခြေခံပြီးတော့ဖြစ်တယ်၊ သူ့ဥစ္စာခိုးတာက လောဘ, ဒေါသ, တစ်ခါတလေ အမြင်ကတ်လို့ သူ့ဥစ္စာခိုးတာလည်း ရှိသေးတာကိုး၊ အထူးသဖြင့် တန်ဆောင်မုန်းလဆိုရင် ဟိုအိမ်ကဟာဒီအိမ်ရွှေ့နဲ့။

ကာမဂုဏ်တို့ဖြင့် မှားယွင်းစွာကျင့်ခြင်း ဒါကတော့ အကြောင်းထင်ရှားတယ်၊ လောဘကြောင့်ပဲလိမ်ပြောတာ၊ လောဘကြောင့်လည်းလိမ်တယ်၊ ဒေါသကြောင့်လည်း လိမ်တယ်၊ ကုန်းတိုက် တာအတူတူပဲ၊ ကြမ်းတမ်းတဲ့စကားကတော့ ဒေါသကြောင့် ပေါ့၊ သိမ်ဖျင်းတဲ့စကား ပြောဆိုတာဟာ လောဘကြောင့်လည်း ပြောနိုင်တယ်၊ ဒေါသကြောင့်လည်း ပြောနိုင်တယ်၊ အဘိဇ္ဈာ၊ လောဘသေချာတယ်၊ ဗျာပါဒ ဒေါသသေချာတယ်၊ မိစ္ဆာဒိဋ္ဌိ၊ လောဘ ကြောင့် ဒါက အခြေခံတာကို ပြောပြတာ။

ကောင်းပြီ၊ အကုသလကမ္မပထတရား ၁၀–ပါးကို နားလည်သွားပြီ၊

ဒီထက်ပိုပြီး နားလည်ချင်ရင် ထိုထိုကျမ်းစာအုပ်တွေဖတ်ကြဦးပေါ့။

ကောင်းပြီ ဒီ ၁၀-ပါးထဲမှာ အရက်သောက်တာပါတာမတွေ့ဘူး၊ မပါဘူး၊ ဒါဖြင့် အရက်သောက်တာ ဒုစရိုက် မဟုတ်ဘူးလို့ တချို့က အဲသလို စကားကပ်တာပေါ့၊ အကုသလကမ္မပထတရား ၁၀-ပါးထဲ အရက်သောက်တာမပါလို့ ကိစ္စမရှိဘူးပေါ့။

အဲဒီတော့ ကျမ်းဂန်တွေမှာ indirectly ဘယ်ထဲသွင်းသလဲဆိုတော့ ကာမေသုမိစ္ဆာစာရထဲသွင်းတယ်၊ ကာမဂုဏ်တို့၌ မှားမှားယွင်းယွင်း ကျင့်တယ်၊ ကာမဂုဏ်ဆိုတာ ရူပါရုံ မြင်ရတဲ့အဆင်း တပ်မက်တာ၊ ကြားရတဲ့အသံတပ်မက်တာ စသည်ဖြင့် အဲဒါတွေကို ကာမဂုဏ်ခေါ်တာ၊ လူတွေနားလည်ထားတာက ကာမဂုဏ်ဆိုရင် sexနဲ့ ပတ်သက်တာပဲ မြင်နေကြတယ်၊ နားလည်နေကြတယ်၊ အမှန်တော့ ကာမဂုဏ်ဆိုတာ ဒွါရငါးပါးမှာရှိတဲ့ propose လုပ်တာကို ကာမဂုဏ်လို့ခေါ်တာ။

တစ်ခါတလေ စကားလုံးဟာ ကျမ်းဂန်တွေမှာဆို ဒီလောက် မဆိုးဘူး၊ လူတွေနားလည်တဲ့အခါကျတော့ စကားလုံး ဆိုးသွားတာရှိတယ်၊ အခု ကာမဆိုတဲ့ စကားလုံးက နမူနာပါပဲ။

သဂြိုဟ်တက်နေတဲ့အခါ ကာမစိတ်, ကာမာဝစရစိတ်လို့ ပြောနေတာပဲ၊ ဒါဟာ ကြမ်းတမ်းတဲ့စကားလုံးမဟုတ်ဘူး၊ ဒါပေမယ်လို့ လူ့လောကမှာ ပြောနေတဲ့ ကာမဆိုတဲ့ စကားလုံးကတော့ မကောင်းတဲ့စကားလုံး ဖြစ်သွားတယ်။

အဲဒီတော့ အရက်သောက်တယ်ဆိုတာ ရသတဏှာ မဟုတ်ဘူးလား၊အရသာတည်းဟူသော ကာမဂုဏ်မှာ မှားယွင်းစွာကျင့်တာ၊ အရသာကို အလွဲသုံးစားကျင့်တာ၊ ဒါကြောင့်မို့ အရက်သောက်ခြင်းသည်လည်း တတိယကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းဆိုတဲ့ ကာမေသုမိစ္ဆာစာရထဲမှာ ထည့်ပြီးတော့ ယူရမယ်လို့ ကျမ်းဂန်တွေမှာ ဆိုတယ်။

ကောင်းပြီ, အရက်သောက်တာဟာ ကမ္မပထမြောက်သလား၊ မမြောက်ဘူးလား ဆိုတာမှာ အယူအမျိုးမျိုးရှိတယ်၊ အချို့ကလည်း အရက်သောက်ရင် ကမ္မပထ မြောက်တယ်၊ တချို့ကလည်း အရက်သောက်တာ ကမ္မပထမမြောက်ဘူး ဒီလိုဆိုတယ်။

အဲဒီတော့ မဟာဂန္ဓာရုံ ဆရာတော်ရေးတဲ့ ကျမ်းစာအရ ပြောရမယ်ဆိုရင် ဆရာတော်ကတော့ ကမ္မပထမမြောက်ဘူးဆိုတဲ့ဘက်က သူကနေတယ်၊ ဒါက ကျမ်းဂန်တွေကြည့်ပြီးဆိုရတာ။

အဲဒီတော့ ကမ္မပထမမြောက်ပေမယ်လို့ အပြစ်ကြီး မကြီးကျတော့ တစ်မျိုးစီသွားလိမ့်မယ်၊ တစ်ခါတလေ ကမ္မပထမမြောက်ပဲနဲ့ အပြစ်ကြီးနေတာရှိတယ်၊ တစ်ခါတလေ ကမ္မပထမြောက်ပြီး အပြစ်မကြီးတာလည်း ရှိတယ်၊ ဒါကြောင့် ဒီမှာလည်း နှိုင်းချိန်ပြီး ယူရမယ်တဲ့။

အဲဒီတော့ မြတ်စွာဘုရားဟောထားတဲ့ ဒုစ္စရိတ ဝိပါကသုတ်ဆိုတာရှိတယ်၊ ပါဏာတိပါတကို အကြိမ်များစွာပြုရင် ဘယ်လိုအပြစ်တွေရမယ်ဆိုတာတွေ ဟောထားတာ၊ အဲဒီထဲမှာ အရက်အကြောင်းလည်းပါတယ်။

မြတ်စွာဘုရား ဘယ်လိုဟောထားလဲဆိုတော့ "ရဟန်းတို့, သုရာပါနကို မှီဝဲအပ်, ထုံအပ်, အကြိမ်များစွာ လေ့လာပြုအပ်လျှင်ဖြင့် ငရဲ၌ဖြစ်စေနိုင်၏၊ တိရစ္ဆာန်မျိုး၌ ဖြစ်စေနိုင်၏၊ ပြိတ္တာမျိုး၌ဖြစ်စေနိုင်၏။။ အကြင်အကျိုးကား သုရာပါဏအတွက် အပေါ့ဆုံးတည်း၊ ထိုအပေါ့ဆုံး အကျိုးသည်ပင် လူဖြစ်သည့်အခါ အရူးအနှမ်းဖြစ်စေ၏"တဲ့။

အဲဒီတော့ အရက်ကိုသောက်တဲ့အခါမှာ တစ်ကြိမ်တစ်ခါသောက်တာမျိုးကို မဆိုလိုဘူး၊ ပါဠိလို အာသေဝိတံ, ဘာဝိတံ, ဗဟုလီကတံ ဆိုတော့ အကြိမ်များစွာ အရက်စွဲအောင် သောက်တဲ့သူမျိုးဆိုရင် ငရဲကျနိုင်တယ်တဲ့၊ အပါယ်ကျနိုင်တယ်၊ တိရစ္ဆာန်ဖြစ်နိုင်တယ်၊ ပြိတ္တာဖြစ်နိုင်တယ်၊ နောက်ဆုံးအရက်သောက်ခြင်းရဲ့ အပေါ့ဆုံး အကျိုးက လူဖြစ်လာရင် အရူးအနှမ်းဖြစ်တတ်တယ်၊ စိတ်ကယောင်ချောက်ခြား ဖြစ်သူတွေ, စိတ်ပေါ့သူတွေဟာ နောက်ဘဝက အရက်သောက်လာတာတွေရဲ့အကျိုး ဆက်တွေ ခံစားရတာတွေပဲ။

အဲဒါကြောင့်မို့ အရက်သောက်တာဟာ ကမ္မပထမမြောက်ဘူးပဲဆိုစေဦး အပြစ်ကတော့ကြီးတယ်၊ ပြီးတော့ တစ်ခါ အရက်သောက်တာမှာလည်း အမျိုးမျိုး ရှိတယ်၊ ကမ္မပထမမြောက်ရင် အပယ်ပဋိသန္ဓေထိကို ပေးနိုင်တယ်လို့ မဆိုလိုဘူးတဲ့၊ တချို့သောက်စားမှုက အပါယ်ပဋိသန္ဓေ မပေးနိုင်ဘူး၊ တချို့ကတော့ ပေးနိုင်တယ်လို့ ဒီလိုယူဆကြတယ်။

အရက်သောက်တာနဲ့ ပတ်သက်လို့ ပထမဆေးထဲမှာပါလာလို့သောက်တာ၊ ဆေးတွေဟာ များသောအားဖြင့် အရက်ပါတတ်တယ်၊ Alcohol content ရာခိုင်နှုန်း ဘယ်လောက်ပါတယ်ပြတယ်၊ အဲသလို အရက်ပါတဲ့ဆေး သောက်ရင် အပြစ်မရှိဘူး၊ အရက်သောက်တာမဟုတ်ဘူး၊ ဆေးသောက်တာ၊ အရက်ကတော့ ထည့်ထားလို့ပါတာ၊ မိမိကဆေးအနေနဲ့ သောက်တာမို့ ဒါတော့အပြစ်မရှိနိုင်ဘူး။

ကောင်းပြီ အရက်ကိုပဲ ဆေးအဖြစ်နဲ့သောက်မယ်၊ တကယ့်ဆေးအဖြစ်နဲ့ သောက်တာမျိုးဆိုရင်လည်း အဲဒါဟာလည်းပဲ တကယ်အပြစ်ကြီးဖို့ မရှိဘူး၊ သူ့ဟာသူ သောက်ပြီး အိပ်ချင်အိပ်သွားမယ်ပေါ့လေ။

ဆရာတော်ရေးထားတာကတော့ မိန်းမတွေ မျက်နှာမြင်ပြီးရင် အရက်တစ်မျိုး သောက်ကြတယ်ပြောတယ်၊ အဲဒါမျိုးကတော့ အပြစ်ကြီးဖို့ မရှိဘူး၊ အရက်သောက် ချင်လို့သောက်တာမဟုတ်ဘူး၊ ဆေးအဖြစ်နဲ့ ခန္ဓာကိုယ်ကျန်းမာရေးအတွက် သောက်တာ။

ကောင်းပြီ, နောက်တစ်ခုက တမင်ကိုသောက်ချင်လို့သောက်တာ၊ အရက်ကို ကြိုက်လို့သောက်တာ၊ အဲဒါကျတော့ ရသာရုံဆိုတဲ့ ကာမမှုမှားယွင်းစွာကျင့်တဲ့ အတွက်ကြောင့် မိစ္ဆာစာရလည်းဖြစ်တယ်၊ အပြစ်လည်းကြီးပြီ၊ ဘယ်လောက် အပြစ်ကြီးတယ် ဆိုတာတော့ ဘယ်သူမှမပြောနိုင်ဘူး၊ အရက်သောက်လို့ ပျက်စီး တာတွေ လောကမှာ ဒုနဲ့ဒေး မြင်တွေ့နေကြရတာ။

မြတ်စွာဘုရားလက်ထက်က ရဟန်ရတဲ့ပုဂ္ဂိုလ်တစ်ပါးကို လူတွေက အရက် တိုက်တာ၊ လူတွေကလည်းခက်တယ်၊ အရှင်သာဂတဆိုတဲ့ ရဟန်းတစ်ပါးရှိတယ်၊ သူက ဈာန်တွေ အဘိညာဉ်တွေရတယ်၊ တစ်နေ့မှာ သူဟာ နဂါးကြီးတစ်ကောင်ကို နိုင်လိုက်တော့ လူတွေက ဩဘာပေးတာပေါ့၊ သူတို့ဆရာနဂါးနိုင်တာကို ဂုဏ်ပြုတဲ့ အနေနဲ့ အရက်တိုက်တာ၊ အရက်တိုက်တော့ သောက်မိတာပေါ့၊ သောက်မိတော့ မူးတာပေါ့။

မူးတော့ တစ်ခါတည်း မြို့တံခါးဝမှာတင်လဲတယ်၊ ဈာန်တွေဘာတွေလည်း မရှိတော့ဘူး၊ ကွယ်သွားပြီပေါ့၊ အဲသလိုဖြစ်တော့ မြတ်စွာဘုရားဆွမ်းခံထွက်တဲ့ အခါ မြင်တော်မူတာကိုး။

အဲဒီတော့ မြတ်စွာဘုရားဘက်ကို သူ့ခေါင်းထားပြီး သူ့ကို လှည့်ပေး လိုက်တာ၊ အဲဒါကို သူက ဘုရားဘက် ခြေထောက်ပြန်ထားလိုက်တာ၊ အရက်သောက် မိလာပြီဆိုရင် ကြောက်စရာသိပ်ကောင်းတာပဲ၊ အဲဒီလို လုပ်တယ်။

အဲဒီလို တန်ခိုးရှိတဲ့ ပုဂ္ဂိုလ်ကိုတောင်မှ အရက်တကဲ့ အကျိုးနည်းဖြစ်အောင် ပြုနိုင်တယ်၊ အဲဒီအဖြစ်အပျက်ကို အကြောင်းပြုပြီး ရဟန်းတွေအရက်မသောက်ရလို့ သိက္ခာပုဒ်ပညတ်တာ၊ ငါးပါးသီလထဲမှာလည်း ပါတယ်လေ၊ ဒါပေမယ်လို့ ရဟန်း သိက္ခာတွေထဲမှာက ရဟန်းဟာ ငါးပါးသီလတင် မဟုတ်ဘူး၊ ရဟန်း သိက္ခာပုဒ်က ၂၂၇–ပါးရှိတယ်၊ အဲဒီထဲမှာ အရက်မသောက်ရလို့ ပါတာက

အရှင်သာဂတကို အကြောင်းပြုပြီး ပညတ်တာ။

အဲဒီတော့ သောက်ချင်လို့သောက်တယ်ဆိုတာက ဘယ်တော့မှ မတင်းတိမ်နိုင်ဘူး၊ အိပ်မှုရယ်, အရက်သောက်မှုရယ်, မေထုံမှုရယ်က ဘယ်တော့မှ မတင်းတိမ်နိုင်ဘူး။

အိပ်တာက ဘယ်တော့မှ မဝဘူး၊ အိပ်ရာက မထချင်ဘူး၊ မတတ်သာလို့သာ ထချင်ထရတာ၊ ဘယ်လောက်အိပ်ရအိပ်ရ အိပ်ချင်တာပဲ၊ အရက်လည်း ဒီအတိုင်းပဲတဲ့၊ အရက်သောက်တာမှာ စကားပြောလေ့ရှိတယ် မဟုတ်လား၊ ပထမလူက အရက်သောက်တယ်၊ နောက်တော့ အရက်က လူသောက်တယ်၊ နောက်ဖော့ အရက်က အရက်သောက်တယ်ဆိုတာလေ။

အဲဒါကြောင့်မို့ သောက်ချင်လို့ကို သောက်တဲ့လူဟာ အပြစ်ကြီးမှာပဲတဲ့၊ ပြီးတော့ သောက်ပြီးတဲ့နောက် အကုသိုလ်တွေဘာမှ မလုပ်ပဲနဲ့ အသာလေးအိပ်သွားမယ်ပေါ့၊ အဲသလိုဆိုရင် သိပ်ပြီးတော့ အပြစ်ကြီးဖို့ မရှိဘူး၊ သို့သော် အကုသိုလ်တော့ ဖြစ်တယ်၊ ဘာကြောင့်တုန်းဆိုတော့ အရက်သောက်လိုက်ရင် စိတ်ဟာ မောဟဝင်လာတာပဲ၊ ကြည်ကြည်လင်လင် မရှိတော့ဘူး၊ မှန်မှန်ကန်ကန် မစဉ်းစားနိုင်တော့ဘူး။

ဒါကြောင့်မို့သုရာမေရယ မဇ္ဇပမာဒဋ္ဌာန ပမာဒဆိုတာ မေ့လျော့ခြင်း၊ ကုသိုလ်ကောင်းမှုတို့၌ မေ့လျော့ခြင်း၊ ဌာနဆိုတာက အကြောင်း။

# အဘိဓမ္မာသင်တန်း (၃၂)

## ဦးထိမုတ်ပိုင်း

### ကမ္မစတုက္က၊ အကုသိုလ်ကံနှင့် ကာမာဝစရကုသိုလ်ကံ

ဒီနေ့ ဇူလိုင်လ ၃–ရက်, လွန်ခဲ့တဲ့ အပတ်က သင်တန်းပျက်သွားတယ်၊ ဖလော်ရီဒါသွားနေရလို့။

လွန်ခဲ့တဲ့အပတ်က သုရာပါဏအကြောင်းပြောနေတာမပြီးသေးဘူး၊ အရက်သောက်တာနဲ့ ပတ်သက်ပြီး ပြောလာခဲ့တယ်။

အရက်သောက်ရာမှာ ဆေးထဲပါလာလို့သောက်ခြင်း, အရက်သက်သက်ကိုပဲဆေးအဖြစ်ဖြင့်သောက်ခြင်း, ဒါတွေကတော့ အပြစ်မကြီးနိုင်ဘူး၊ ဆေးထဲပါလာလို့ သောက်ခြင်းက အပြစ်ကို လုံးဝမရှိဘူးဆိုရမှာပဲ၊ ဘာကြောင့်လဲဆိုတော့ Alcohol contant နည်းတာကိုး။

အရက်ကိုပဲ ဆေးအဖြစ်သောက်ရတဲ့အခါမျိုးလည်း ရှိသေးတယ်၊ မြန်မာပြည်မှာတော့ ကိုယ်ဝန်ဆောင်မိန်းမတွေ မျက်နှာမြင်ပြီးရင် သောက်တယ်လို့ဆိုတယ်၊ အဲဒါကတော့ အပြစ်တော့ကြီးမယ်မဟုတ်ဘူး၊ ဘာလို့တုန်းဆိုတော့ မူးဝေအောင်သောက်တာလည်း မဟုတ်ဘူး၊ ကျန်းမာအောင် သောက်တာ၊ ဒါပေမယ်လို့ ဘာပဲဖြစ်ဖြစ် သိက္ခာပုဒ်ကတော့ ပျက်တာပဲ၊ အရက်မသောက်ပါဘူးဆိုတဲ့ သိက္ခာပုဒ်ကတော့ အရက်သောက်လိုက်ရင် ပျက်မှာပဲ၊ ဘာလို့တုန်းဆို သောက်တာက

အရက်ဖြစ်တာကိုး၊ ဆေးအဖြစ်နဲ့သောက်ပေမယ့် အရက်ဟာ အရက်ပဲ၊ အပြစ်တော့ သိပ်မကြီးဘူး၊ သို့သော် သီလတော့ပျက်လိမ့်မယ်။

နောက်တစ်မျိုးကတော့ တမင်ကိုသောက်ချင်လို့သောက်တာ၊ အဲသလို သောက်တာကျတော့ ရသာရုံဆိုတဲ့ ကာမဂုဏ်မှာ မှားယွင်းတဲ့အကျင့်ဖြစ်တဲ့အတွက် ကြောင့် မိစ္ဆာစာရပဲ၊ ကာမေသုမိစ္ဆာစာရလို့ပဲ သူလည်းအပြစ်ကြီးတယ်၊ ဘယ်လောက် အပြစ်ကြီးတယ်ဆိုတာကို မြတ်စွာဘုရားမှတပါး ဘယ်သူမှမပြောနိုင်ဘူး။

ကြိမ်ဖန်များစွာ သောက်တယ်၊ စွဲနေအောင် သောက်တယ်ဆိုရင် အဲဒီဟာရဲ့ အပြစ်ဟာ အပါယ်ငရဲကျတတ်တယ်၊ နောက်ဆုံးလူဖြစ်လာရင်တောင်မှ ရူးတာ နှမ်းတာ ဖြစ်တတ်တယ်၊ ဒါက တမင်သောက်ချင်လို့ သောက်တာ။

ဟိုအပတ်တုန်းက ပြောလာတဲ့အထဲမှာ သောက်ပြီးတော့ အသာလေးနေတယ်, ဘာမှမလုပ်ဘူး, အဲဒါအပြစ်ကြီးသလား, အဲဒါအပြစ်ကြီးစရာ မရှိဘူးလို့ ဟိုအပတ် တုန်းက ပြောခဲ့တယ်၊ ဒါပေမယ်လို့ အရက်သောက်တဲ့အတွက် သိက္ခာပုဒ်ကတော့ ပျက်မယ်၊ ပြီးတော့ အရက်ကို စာမှာ ဆိုထားတာက သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ပမာဒဋ္ဌာနဆိုတာ ကုသိုလ်တရားတို့၌ မေ့လျော့ခြင်း အကြောင်းဖြစ်တဲ့ သေရည်သေရက် သောက်တာပေါ့။

အဲဒီတော့ အရက်ကို ဘယ်လိုအကြောင်းကြောင့်ဖြစ်ဖြစ် သောက်မိရင် မူးယစ်လာမယ်, ရီဝေလာမယ်, အဲဒီအခါမှာ ကုသိုလ်စိတ်ဖြစ်ဖို့ အလွန်ခဲယဉ်းတယ်၊ အဘိဓမ္မာသဘောအရ စဉ်းစားကြည့်လိုက်စမ်း၊ မောဟ ဖုံးလွှမ်းလာတယ်၊ အဲသလို မောဟနဲ့ယှဉ်တဲ့စိတ် အဖြစ်များလာတော့ အကုသိုလ်စိတ်ပဲ ဖြစ်နိုင်တော့တယ်။

အဲဒါကြောင့်မို့ ငါက အရက်သောက်ရုံသောက်တာပါ, အရက်သောက်ပြီး အိပ်တာပါပဲ, ဘာမှမလုပ်ပါဘူး ဆိုပေမယ်လို့ အပြစ်ကတော့ရှိသလောက် ရှိတာပါပဲ၊ အပြစ်ကြီးသလားဆိုတော့ ကြီးမယ်တော့ မဟုတ်ပေဘူး၊ သီလအနေနဲ့ ငါးပါးသီလ ယူထားရင်တော့ ပျက်မှာပဲ၊ အရက်သောက်တာကိုး။

တချို့ကျတော့ အရက်သောက်ပြီး ဒီအတိုင်း မနေသေးပဲနဲ့ တခြားဒုစရိုက်တွေ ကျူးလွန်တယ်၊ ဒါကျတော့ သိပ်အပြစ်ကြီးသွားပြီ၊ အရက်သောက်တာ သက်သက် အတွက်တော့ ကမ္မပထမြောက်ချင်မှ မြောက်မယ်၊ သို့သော် အရက်သောက်မိတဲ့ အတွက်ကြောင့် မလုပ်ဝံ့တာတွေ လုပ်ဝံ့လာတယ်၊ မဆဲဝံ့တာ ဆဲဝံ့လာတယ်၊ မသတ်ဝံ့တာ သတ်ဝံ့လာတယ်၊ မခိုးဝံ့တာ ခိုးဝံ့လာတယ် စသည်ဖြင့် ဖြစ်လာတာတွေ ကျတော့ သူ (အရက်)က ဘာနဲ့တူသလဲဆိုတော့ သူတပါးကို မြှောက်ပေးသူနဲ့

တူတယ်။

ဆိုပါတော့ သူတပါးကို အသတ်ခိုင်းတဲ့သူနဲ့တူတယ်၊ မသတ်ချင်တဲ့သူကို သတ်ဟော့လို့ မြှောက်ပေးတဲ့သူနဲ့ တူတဲ့အတွက်ကြောင့်မို့ သူဟာ တကယ်အပြစ်ကြီးတယ်၊ လူမိုက်အားပေးပေါ့လေ။

ဒါကြောင့်မို့ သောက်ပြီးတော့ ဘာမှမလုပ်ဘူးဆိုရင် နည်းနည်းတော်သေးတယ်၊ သောက်ပြီးတော့ ဒုစရိုက်မှုတွေ ဆက်လုပ်မယ်ဆိုရင် ဒုစရိုက်လုပ်လို့ အကျိုးပေးနိုင်မယ့် အကုသိုလ်တွေရအောင် သူ(အရက်)က အခြေခံလုပ်ပေးတာ၊ အထောက်အပံ့လုပ်ပေးတဲ့အတွက်ကြောင့် သူလည်းပဲဆိုးတာပဲ။

ဒါကြောင့်မို့ အကောင်းဆုံးကတော့ ရှောင်နိုင်တာဟာ အကောင်းဆုံးပဲ၊ ဘာမှတခြား အကြောင်းတွေပြမနေနဲ့တော့၊ ရှောင်နိုင်တာဟာ အကောင်းဆုံးပဲ၊ မရှောင်နိုင်လို့ သောက်မိရင်တော့ သီလကတော့ ပျက်တာပဲ၊ သူချည်းသက်သက်က အပါယ်ကျချင်မှကျမယ်၊ ဒါပေမယ့် စွဲစွဲလန်းလန်းဖြစ်လာရင် သောက်လာရင်တော့ မြတ်စွာဘုရားဟောတဲ့အတိုင်းကျမှာပဲ။

အရက်သေစာဆိုတဲ့အထဲမှာ အခုခေတ်အရပြောရမယ်ဆိုရင်တော့ ဘိန်း, ကဇော်, လှော်ဇာတို့ ဆိုတာက ရှိသေးတယ်၊ အခုခေတ်ကိုကင်းတို့ Drugတို့ကို ထည့်ရေတွက်သင့်တယ်လို့ ဦးဇင်းတော့ထင်တယ်၊ ဘာကြောင့်လည်းဆိုတော့အဲဒါတွေကလည်း သူတို့ကိုသုံးစွဲရင် ကုသိုလ်တရားတို့မှ မေ့လျော့ခြင်းဖြစ်တာပဲ၊ ဘာမှမလုပ်ချင်တော့ဘူး၊ ဒါကြောင့်မို့ အဲဒါတွေကိုလည်း ရှောင်ရမှာပဲ။

အရက်သောက်မှုနဲ့ ပတ်သက်ပြီးတော့ အရက်ဘယ်တုန်းက ပေါ်လာတာလဲ စသည်ဖြင့် ဇာတ်တော်တစ်ခုရှိတယ်၊ ကုမ္ဘဇာတ်ဆိုတာ မှတ်မိသေးလား၊ ဟိုအပတ်တုန်းက နည်းနည်းပြောမိသေးတယ်ထင်တယ်။

ရှေးတုန်းက တောထဲမှာ သစ်ပင်ကြီးတစ်ပင်ရှိတယ်၊ သစ်ပင်ကြီးရဲ့ ပင်စည်ခွဆုံကြီးဟာ အိုးကြီးလို ဖြစ်နေတယ်၊ အဲဒီခွဆုံကြီးထဲမိုးရွာ, မိုးရေတွေစုပြီး သားဖြစ်ပြီးတော့ သစ်ရွက်တွေ ဘာတွေကျ၊ အနီးအနားမှာရှိတဲ့ ငရုတ်ပင်တို့ ငရုတ်ကောင်းပင်တို့ ဖြစ်နိုင်တယ်၊ အဲဒီအသီးတွေ အရွက်တွေကျပြီးတော့ ငှက်တွေချီလာတဲ့ ဆန်တို့ သလေးတို့ ကျပြီးတဲ့နောက် ကဇော်ပေါက်ပြီးတော့ အရက်ဖြစ်နေတယ်။

အဲဒါကို ငှက်တွေကလာသောက်, မူးပြီးတော့ ဖုတ်ကနဲကျသွား၊ အဲဒါကို မုဆိုးတစ်ယောက်ကမြင်တယ်၊ ပထမတော့ မုဆိုးက အဆိပ်ဖြစ်လိမ့်မယ် ထင်တယ်

တဲ့၊ ဘာကြောင့်လည်းဆိုတော့ ငှက်တွေသောက်ပြီး လဲသွားကြတာကိုး၊ ဒါပေမယ့် တော်တော်ကြာကြာ အချိန်ယူကြည့်ပြန်တော့ ငှက်တွေက အမူးပြေတော့ထ, ပျံကြပြန်တယ်။

ထပျံကြတာမြင်တော့မုဆိုးက ဒီအရည်ဟာအဆိပ်မဟုတ်ဘူး၊, တစ်ခုခုဖြစ် လိမ့်မယ်ဆိုပြီး မုဆိုးက သောက်ကြည့်တယ်၊ သောက်ကြည့်တော့ သူလည်း ငှက်တွေလို မူးသွားတယ်။

မူးသွားရင်း ကောင်းတဲ့အရသာ သူတွေ့သွားတာ ဖြစ်ပါလိမ့်မယ်၊ အဲဒါနဲ့ ဒါဟာ ကောင်းတာပဲဆိုပြီး သူဆက်သောက်တယ်၊ သောက်ရုံတင်မကဘူး၊ သူက အဲဒီအနီးအနားမှာနေတဲ့ ဝရုဏဆိုတဲ့ ရသေ့ဆီလည်းသွား၊ ဒီအကျိုးအကြောင်းပြောပြီး သူတို့နှစ်ယောက် အတူသောက်ကြတယ်၊ သူတို့နှစ်ယောက် အရက်သမား ဖြစ်ရော ဆိုပါတော့။

နောက်တော့ သူတို့က ဟိုသစ်ပင်ခွဆုံကြီးထဲက အရက်နဲ့တင် သောက်စားဖို့ မလုံလောက်တော့ဘူး၊ သစ်ပင်ခွဆုံကြီးထဲက အရက်ဖြစ်သွားတဲ့နည်းကိုလေ့လာတယ်၊ ဒီခွဆုံကြီးထဲဘာအရွက်တွေ အသီးတွေကျတယ်ဆိုတာ သိလာပြီး ကိုယ်တိုင်အရက် ဖော်ကြတော့တာပဲ၊ အရက်ချက်ကြတယ်။

အရက်ချက်ပြီးတဲ့နောက် တိုင်းပြည်တစ်ပြည် အုပ်ချုပ်တဲ့ ရှင်ဘုရင်ထံသွားပြီး တော့ အကျိုးအကြောင်းပြောပြပြီး အရက်ကိုဆက်, ရှင်ဘုရင်အရက်သောက်, တိုင်းသူပြည်သားတွေလည်း သောက်ပြီး အဲဒီတိုင်းပြည်ပျက်ရော၊ နောက်တစ်ခါ တိုင်းပြည်တစ်ပြည်ရောက်, အရက်တွေချက် အိုးကြီးတွေနဲ့ထည့်ထားပြီး အိုးတွေကို ကြောင်တွေကို အစောင့်ထားတာကိုး။

ကြောင်တွေက သောက်ပြီးလဲကုန်တော့ အဲဒီမှာ ရှင်ဘုရင်ကို သွားသံတော်ဦး တင်ကြတာကို၊ ဒါဟာ အဆိပ်တွေ, ဒီကောင်တွေ အဆိပ်ဖော်စပ်ပြီး ရှင်ဘုရင်ကို လာသတ်တာလို့ ပြောကြတော့၊ အဲဒီအခါကျ ရှင်ဘုရင်က သူတို့ကို သတ်ခိုင်းတာကိုး။

သတ်ခိုင်းတော့ သူတို့က "အရှင်မင်းကြီး, အရက်ကောင်းတယ်, အရက် ကောင်းတယ်လို့ ပြောရင်း အသတ်ခံရတော့ သေသွားကြရော၊ သူတို့ကို သတ်ပြီးတဲ့ နောက်မှ ကြောင်တွေက အမူးပြေပြီး ပြန်ထလာကြတာကိုး၊ အဲဒီတော့မှ ဒါဟာ အဆိပ် မဟုတ်ဘူး၊ သောက်ကောင်းတယ်လို့ နားလည်ကြပြီး သောက်ကြပြန်ရော။

နောက်တစ်တိုင်းပြည်ကျတော့ ဒီလိုပဲ အရက်သောက်ဖို့လုပ်ကြ ပြန်တဲ့အခါ သိကြားမင်းကလာပြီး "အရက်ရောင်းမယ်, အရက်ဝယ်ကြမလား" ဆိုပြီး (အမှန်က

အရက်မသောက်အောင်လုပ်တာ) ကောင်းကင်က ပေါ်လာတော့မှ ခင်ဗျား ဘာရောင်း မလို့လဲ ပြန်မေးကြတယ်။

ဒီအရည်တွေသောက်ရင် ဘာဖြစ်မယ် ညာဖြစ်မယ် စသည်ဖြင့် အပြစ်တွေ ပြောပြပြီး အဲဒီအရည်တွေ ငါရောင်းဖို့လာတာ၊ ဒီအရည်သောက်ရင် ကုသိုလ်တရား တို့က မေ့လျော့မယ်၊ ပါဏာတိပါတဖြစ်မယ်၊ အဒိန္နာဒါနဖြစ်မယ် စသည်ဖြင့် ဆိုပြီးတော့ အရက်မသောက်အောင်ဟောတဲ့ ဇာတ်ကို ကုမ္ဘဇာတ်လို့ခေါ်တယ်၊ ဟိုအပတ်တုန်းက အင်္ဂလိပ်ဘာသာပြန်လေး ကူးပြီးတော့ ပေးလိုက်တယ်၊ ဒါကတော့ ဗဟုသုတအနေနဲ့ မှတ်သားစရာပေါ့လေ၊ အရက်စတင်ဖြစ်ခဲ့တာ အဲသလိုဖြစ်ခဲ့ တယ်လို့ ဗုဒ္ဓဘာသာကျမ်းဂန်တွေမှာ အဲသလိုရှိတယ်၊ ဒါကြောင့်မို့ ကိုယ်ကျင့်တရား ကောင်းမွန်အောင် ကျင့်မယ့်ပုဂ္ဂိုလ်တွေ အနေနဲ့ကတော့ အရက်လည်းပဲ ရှောင်သင့် တယ်၊ အကုသလကမ္မပထတရား ၁၀-ပါးကိုဆိုလည်း အတတ်နိုင်ဆုံး ရှောင်သင့် တယ်။

အဲဒီ အကုသလကမ္မပထတရား ၁၀-ပါးကို အဘိဓမ္မာဘောတရားအရ ပြောမယ်ဆိုရင်တော့ ဒါဟာ အကုသိုလ်စိတ် ၁၂-ပါးပါ၊ အကုသိုလ်စိတ် ၁၂- ပါးထဲက တစ်ပါးပါးနဲ့ ပြုလုပ်ရတယ်၊ ပါဏာတိပါတဆိုရင် ဒေါသမူစိတ်နဲ့ ပြုလုပ်လိမ့်မယ်၊ အဒိန္နာဒါနဆိုရင် လောဘမူစိတ်နဲ့ ပြုလုပ်လိမ့်မယ်၊ အဲသလိုပေါ့၊ ကာမေသုမိစ္ဆာစာရဆိုရင် လောဘမူနဲ့လည်းဖြစ်နိုင်တယ်၊ ဒေါသနဲ့လည်းဖြစ်ချင် ဖြစ်နိုင် တယ်ပေါ့လေ။

အဲသလို စိတ်တို့အနေနဲ့ ပြောမယ်ဆိုရင် အကုသလကမ္မပထ တရား ၁၀- ပါးဟာ အကုသိုလ်စိတ် ၁၂-ပါးပဲ၊ အဲဒါက အကုသိုလ်။

အဲဒီအကုသလကမ္မတရား ၁၀-ပါးကို ထပ်ပြီးမြှောက်ပွားပြီးတော့ ၄၀- လုပ်တယ် ဆိုတာလည်းရှိသေးတယ်၊ ၄၀-ဆိုတာ အမျိုးမျိုးပေါ့၊ ကာယကံ, ဝစီကံ, မနောကံရှိတယ်မဟုတ်လား၊ အဲဒီမှာ (ဆိုပါတော့) မြှောက်ပွားတဲ့အခါ ပုဗ္ဗစေတနာ၊ မုဥ္စစေတနာ အပရစေတနာနဲ့ မြှောက်ရင် ၃၀-ဖြစ်တယ်။

ပုဗ္ဗစေတနာက မလုပ်မီစေတနာ, မုဥ္စဆိုတာက လုပ်ဆဲစေတနာ, အပရ စေတနာဆိုတာကလုပ်ပြီးစေတနာ၊ အဲဒီလို မြှောက်ရုံနဲ့ ၃၀-ဖြစ်တယ်တဲ့။

နောက်တစ်နည်းကတော့ **“ကိုယ်တိုင်တိုက်တွန်း၊ ချီးမွမ်းစိတ်တူ၊ ပွားပြန်မှု၊ မှတ်ယူလေးဆယ်ကံ”**တဲ့၊ လယ်တီဆရာတော်ဘုရားရေးထားတာ။

ကိုယ်တိုင်ပြုခြင်းတဲ့၊ ပါဏာတိပါတကံဖြစ်တဲ့သူများ အသက်သတ်တာကောင်း

တယ်ဟေ့, သူ့ဥစ္စာခိုးတာကောင်းတယ်ဟေ့လို့ ဒီလိုတိုက်တွန်းတာ၊ ကိုယ်တိုင်ပြုတာရယ်, သူများကို တိုက်တွန်းစေခိုင်းတာရယ်, ချီးမွမ်းတယ်ဆိုတာက သူများပြုလုပ်ချင်လာအောင်ပြောပြတာ၊ စိတ်တူတယ်ဆိုတာက သူများက ဒီကိစ္စလုပ်တော့မယ်လာပြောရင် သဘောတူလိုက်တယ်၊ အဲသလို အကုသိုလ်ကမ္မပထ တရား ၁၀-ပါးကို ၄-မျိုးနဲ့ မြှောက်ရင် ၄၀-ဖြစ်နိုင်တာပဲတဲ့၊ အကုသိုလ်အမျိုးမျိုးကို ခွဲခြားရေတွက် ပြတာ ဒုစရိုက်အမျိုးမျိုး ရှိတဲ့အကြောင်းပေါ့။

အဲသလို ဒုစရိုက်အမျိုးမျိုး ရှိရာမှာ ပါဏာတိပါတရယ်, ဖရုသဝါစာရယ်, ဗျာပါဒရယ်၊ ဒီ၃-ခုက ဒေါသမူလကြောင့်ဖြစ်တယ်။

ကာမေသုမိစ္ဆာစာရရယ်၊ အဘိဇ္ဈာရယ်၊ မိစ္ဆာဒိဋ္ဌိရယ်၊ သူက လောဘမူလရှိတဲ့စိတ်ကြောင့်ဖြစ်တယ်၊ ကျန်တာတွေကတော့၂-မျိုးလုံးကြောင့်ဖြစ်တယ်၊ စိတ်တို့အမြင်အားဖြင့် ပြောမယ်ဆိုရင် ဒါတွေဟာ အကုသိုလ် ၁၂-ပါးပဲ။

ကောင်းပြီ, ဒါက အကုသိုလ်ကံ၊ ကံ ၄-မျိုးခွဲရာမှာ အကုသိုလ်ကံပြီးတော့ဘာရှိတုန်း၊ ကာမာဝစရကုသိုလ်ကံပေါ့၊ အကျိုးပေးရာဘုံဌာနနှင့် စပ်၍ ကံ ၄-မျိုးဆိုတဲ့ နေရာမှာ ကြည့်လိုက်ရင်-

(၁) အကုသိုလ်ကံ

(၂) ကာမာဝစရကုသိုလ်ကံ

(၃) ရူပါဝစရကုသိုလ်ကံ

(၄) အရူပါဝစရကုသိုလ်ကံတဲ့။

အဲဒီမှာ ကာမာဝစရကုသိုလ်ကံကို ပြောကြစို့။

ကာမာဝစရကုသိုလ်ကံကလည်းပဲ ကာယဒွါရမှာဖြစ်တဲ့ ကာယကံ, ဝစီဒွါရဖြစ်တဲ့ ဝစီကံ, မနောဒွါရမှာဖြစ်တဲ့ မနောကံဟူ၍ ၃-ပါးရှိတယ်။

ကာယဒွါရမှာဖြစ်တယ်ဆိုတာ အမှန်ကတော့ကာယဒွါရမှာဖြစ်မယ့် ဒုစရိုက်ကိုရှောင်တာကိုခေါ်တာ၊ ရှောင်ကြဉ်တယ်ဆိုတော့ ဘာမှမလုပ်ပဲနေတော့ ကာယဒွါရမှာဖြစ်တယ်လို့ တကယ်ကတော့ မဆိုနိုင်ဘူးပေါ့၊ ပါဏာတိပါတ လုပ်စရာရှိတာကိုမလုပ်ပဲနေလိုက်တယ်၊ ဘာမှခန္ဓာကိုယ်လှုပ်ရှားမှုတွေ ဘာတွေမပါပဲနဲ့ ထိုင်နေလိုက်တယ်ဆိုပါတော့, ရှောင်လိုက်တာဟာ ကုသိုလ်ကံ-

ဒါကြောင့် ကာယကံလို့ပြောပေမယ်လို့ ဒီနေရာကျတော့ ခန္ဓာကိုယ်နဲ့ပြုလုပ်တယ်လို့ မဆိုလိုဘူး၊ သို့သော် ခန္ဓာကိုယ်နဲ့ပြုလုပ်တဲ့, ပြုလုပ်မယ့် လွန်ကျူးမှုကိုရှောင်ကြဉ်လိုက်တာ။

ဒါကြောင့်မို့ ကာယကံ ၃–ပါး၊ ဝစီကံ၄–ပါး၊ မနောကံ၃–ပါး ဆိုတာ လာဖြစ်ဦးမယ်၊ ကုသလကမ္မပထတရား ၁၀–ပါးဆိုတာမှာပေါ့၊ ပါဏာတိပါတမှ ရှောင်ကြဉ်ခြင်း၊ အဒိန္နာဒါနမှရှောင်ကြဉ်ခြင်းစသည်ဖြင့် ၁၀–ခုသွားရမယ်၊ နောက်ဆုံး မိစ္ဆာဒိဋ္ဌိမှ ရှောင်ကြဉ်ခြင်း။

အဲသလို နည်းအားဖြင့် ကာယကံကုသိုလ်, ဝစီကံကုသိုလ် မနောကံကုသိုလ်၊ ဒီလိုဖြစ်နိုင်တယ်။

ပြီးတော့ ကိုယ်တိုင်ခန္ဓာကိုယ်နဲ့ ထပြီးတော့လုပ်တယ်, လှူတယ်ဆိုပါတော့, လှူတဲ့အခါမှာ အလှူဝတ္ထုပစ္စည်းကို လက်နဲ့ကိုင်ပြီးတော့ ရဟန်းတော်ကို သွားကပ်တယ်၊ သို့မဟုတ် ပေးစရာရှိတဲ့ပစ္စည်းကို လူတွေကို ပေးတယ်ဆိုရင် ကာယကံ မဖြစ်ဘူးလား၊ ပါးစပ်နဲ့လှူပါတယ်လို့ ပြောတယ်၊ ဝစီကံမဖြစ်ဘူးလား၊ ဖြစ်တယ်၊ အဲသလိုပဲဖြစ်နိုင်တယ်၊ ကောင်းပြီ, အဲဒါက တစ်မျိုးပေါ့။

ဒါကြောင့်မို့ ကံရဲ့စစ်ကြောင်းအနေနဲ့ပြောမယ်ဆိုရင် ကာယကံ, ဝစီကံ, မနောကံ, အကုသိုလ်မှာရှိသလိုပဲ ကုသိုလ်မှာလည်းရှိတယ်။

နောက်တစ်နည်းအားဖြင့်တော့ ဒီကုသိုလ်က ၁၀–မျိုးရှိတယ်၊ အဲဒီကုသိုလ်ကို အသေးစိတ်သွားရလိမ့်မယ်၊ ဒါကိုတော့ ကုသိုလ်ကမ္မပထတရား ၁၀–ပါးပေါ့၊ ပထမဆုံးက ဒါနတဲ့။

ဒါနဆိုတာ တည့်တည့်ပြောရင်တော့ ပေးလှူခြင်းပေါ့၊ ဒါပေမယ့် ဒီနေရာမှာ အဘိဓမ္မာနည်းအရပြောမယ်ဆိုရင် ပေးလှူတဲ့အခါဖြစ်ပေါ်တဲ့စိတ်နဲ့ ယှဉ်တဲ့စေတနာ၊ အဲဒီစေတနာကို အမှန်ဒါနခေါ်တယ်၊ ပေးလှူခြင်းကို ပြုတဲ့အခါ သူမပါရင်မပြီးဘူး၊ သူပါမှပြီးတယ်၊ သူပါမှဖြစ်တယ်၊ ဒါကြောင့်မို့ ဒါန စေတနာ၊ အဲဒီဒါနစေတနာကို ဒီနေရာမှာ ဒါနခေါ်တာ၊ အဲဒီဒါနစေတနာကလည်းပဲ အမှန်အတိုင်း ပြောရမယ်ဆိုရင် ကမ္မပထမြောက်တဲ့ စေတနာပေါ့။

ကောင်းပြီ၊ ဒါဖြင့်ဒါနဆိုတာဘာလဲ၊ ပေးလှူကြောင်းဖြစ်တဲ့စေတနာ၊ အဲဒီတော့ တမင်တကာပေးလှူတာမဟုတ်ပဲနဲ့ ပေးလှူကြောင်းဖြစ်တဲ့ စေတနာ ဖြစ်နိုင်ပါ့မလား၊ မဖြစ်နိုင်ဘူးနော်၊ ဒါဖြင့် ပေးမှသာပေးလှူတဲ့ စေတနာဖြစ်နိုင်တယ်ပေါ့၊ ဒါကြောင့်မို့ စိတ်ထဲမှာ စေတနာလေးဖြစ်နေရင် ပြီးတာပါပဲကွာ၊ တကယ်လှူဖို့ မလိုပါဘူးလို့ ပြောလေ့ရှိတယ်၊ အဲဒါ သဘာဝမကျဘူး၊ ဟုတ်လည်းမဟုတ်ဘူး၊ ပညာသိပ်တတ် သွားရင် လူတွေမှာ အဲသလို ဖြစ်တတ်တယ်။

အဲဒီဒါနဟာ အမျိုးမျိုးရှိတယ်၊ တစ်ခါတလေကျတော့ လှူအပ်တဲ့ပစ္စည်းကို

ဒါနလို့ခေါ်တာလည်းရှိတယ်၊ ပေးလှူမှု အမှုအရာကို ဒါနလို့ခေါ်တာလည်းရှိတယ်၊ အဘိဓမ္မာနည်းကျကျပြောရမယ်ဆိုရင် စေတနာကို ဒါနလို့ခေါ်တယ်။

ကောင်းပြီ၊ အဲဒီဒါနစေတနာက (ခုနအကုသိုလ်မှာပြောခဲ့သလိုပဲ) ပုဗ္ဗစေတနာ၊ မုဥ္စစေတနာ၊ အပရစေတနာလို့ ၃–မျိုးရှိတယ်၊ စေတနာသုံးတန်ပြည့်စွာန်းပြီး လှူတယ်ဆိုတာ ကြားဖူးကြတယ်မဟုတ်လား၊ အဲဒီစေတနာ သုံးတန်မှာ ပထမက ပုဗ္ဗစေတနာတဲ့။

ပုဗ္ဗဆိုတာ ရှေး၊အလှူတစ်ခုလုပ်မယ်ဆိုပါတော့၊ အဲဒီအလှူ မလှူခင် အလှူနဲ့ စပ်ပြီးတော့ ဖြစ်တဲ့စေတနာကို ပုဗ္ဗစေတနာလို့ခေါ်တယ်၊ ဘုန်းကြီးဆွမ်းကျွေးမယ် ဆိုကြပါတော့၊ ဘုန်းကြီးသွားပင့်ပြီးပြီ၊ ပင့်ပြီးတဲ့နောက်ကို အဲဒီဘုန်းကြီးဆွမ်းကျွေးမယ့် ကိစ္စနဲ့ပတ်သက်ပြီးတော့ ဖြစ်ပေါ်တဲ့ ကုသိုလ်စေတနာ၊ ဘာတွေစီစဉ်မယ်၊ ဆွမ်းကပ်ရတော့မယ်ဆိုပြီး ဝမ်းမြောက်ဝမ်းသာချက်ပြုတ်တယ်၊ ပြင်ဆင်တယ်၊ လုပ်ကိုင်တယ်၊ အဲဒီအခါမှာဖြစ်ပေါ်တဲ့ စေတနာကို ပုဗ္ဗစေတနာလို့ခေါ်တယ်၊ ဒါန တကယ်ကောင်းစေချင်ရင် ပုဗ္ဗစေတနာလည်းကောင်းရမယ်၊ ကုသိုလ်စေတနာကို ဖြစ်ရမယ်၊ ဝမ်းမြောက်ဝမ်းသာဖြစ်ရမယ်၊ အဲဒါပုဗ္ဗစေတနာ။

နောက်တစ်ခုက မုဥ္စစေတနာတဲ့၊ မုဥ္စဆိုတာ စွန့်လွှတ်တာ၊ ဒါနတကယ်တမ်း ပြုတဲ့အချိန်မှာဖြစ်တဲ့ စေတနာကို မုဥ္စစေတနာလို့ခေါ်တယ်၊ ပေးလှူတဲ့အချိန်မှာ ဖြစ်တဲ့ စေတနာ(သို့မဟုတ်) ဦးဇင်းတို့ မြန်မာပြည်အလေ့အထအတိုင်း ပြောမယ် ဆိုရင် ရေစက်ချတဲ့အခါမှာ ဖြစ်တဲ့စေတနာ။

ဦးဇင်းတို့က ရေစက်ချတဲ့အလေ့အထရှိတော့ ရေစက်ချမှလှူတဲ့ကိစ္စ ပြီးမြောက်တယ်လို့ ဒီလိုပဲယူဆကြတာ၊ အမှန်ကတော့ ကိုယ့်လက်ထဲကနေ သူ့ လက်ထဲပေးလိုက်တာနဲ့ တစ်ပြိုင်နက် မုဥ္စစေတနာဖြစ်သွားပြီ၊ ဒါကြောင့် ပေးလှူဆဲမှာ ဖြစ်တဲ့ စေတနာကို မုဥ္စစေတနာ၊ အဲဒီစေတနာကလည်း ကြည်လင်သန့်ရှင်းတဲ့ စေတနာဖြစ်ရမယ်၊ ဝမ်းမြောက်ဝမ်းသာစေတနာဖြစ်ရမယ်။

အပရစေတနာတဲ့၊ အပရစေတနာဆိုတာကတော့ အလှူလုပ်ပြီးတဲ့နောက်မှာ အဲဒီအလှူနဲ့ ပတ်သက်ပြီးတော့ သတိရတိုင်း ဝမ်းသာတဲ့စေတနာကို ခေါ်တယ်၊ ငါတော့ သံဃာတော်တွေ ဆွမ်းကပ်လိုက်ရပြီ၊ မြတ်စွာဘုရားကို ရွှေသင်္ကန်းကပ်လှူ လိုက်ရပြီ စသည်ဖြင့် အဲဒီလို ကိုယ်ပြုခဲ့တဲ့ကုသိုလ်ကို ပြန်အောက်မေ့ပြီး ဝမ်းမြောက် ဝမ်းသာဖြစ်တဲ့ စေတနာကို အပရစေတနာလို့ခေါ်တယ်။

ဒါကြောင့်မို့ အလှူလုပ်တာတင် မဟုတ်ပါဘူး၊ ဘယ်ကုသိုလ်ပဲလုပ်လုပ်

ဒီစေတနာသုံးတန် ပါရတယ်။

ဒါကြောင့်မို့ ကုသိုလ်ကောင်းမှုပြုတဲ့အခါမှာ စေတနာသုံးတန်ကို သုတ်သင်ရှင်းလင်းပြီးတော့ စေတနာသုံးတန် ပြဋ္ဌာန်းပြီးတော့ စေတနာသုံးတန်ကောင်းအောင် လုပ်ပြီးတော့ လှူရတယ်။

အဲဒီတော့ ပုဗ္ဗစေတနာတွေဟာ ကုဋေပေါင်းများစွာမဖြစ်ပေဘူးလား၊ လက်ဖျစ်တစ်တွက် ကုဋေတစ်သိန်းဖြစ်တယ်ဆိုနေတာကို မုဥ္စစေတနာကတော့ လှူဆဲတစ်ချက်ပေါ့၊ အပရစေတနာကလည်း အများကြီးဖြစ်နိုင်တယ်၊ အဲဒီစေတနာတွေဟာ တကယ်အကျိုးပေးတာပဲ။

ဒါကြောင့်မို့ ကုသိုလ်ကောင်းမှုပြုရင် စေတနာ ၃–မျိုး သန့်ရှင်းအောင် ကုသိုလ်ချည်းဖြစ်အောင် ပြုရတယ်၊ ဒါဟာ ဘုရားတိုက်ရိုက်ဟောထားတာရှိတယ်။

အဲဒီပုဗ္ဗစေတနာ, မုဥ္စစေတနာ, အပရစေတနာဟာ အခွင့်ကောင်းရရင် အကျိုးပေးနိုင်တယ်တဲ့၊ အဲသလို အကျိုးပေးနိုင်တဲ့အတွက်ကြောင့် တစ်ခါတစ်ရံ စာတွေထဲမှာ တွေ့လိုက်ရတာက ပန်းလေးတစ်ပွင့်လှူတာနဲ့ ကမ္ဘာပေါင်း ရှစ်ဆယ် အပါယ်မလားဘူးဆိုတာရှိတယ်၊ ကြည့်စမ်း၊ ပန်းလေးတစ်ပွင့် လှူတာနဲ့ ဒီလောက်တာရှည်ကြီး ကောင်းစားနေတယ်ဆိုတာ ဘယ်လိုလည်းဆိုတော့ စေတနာတွေ အများကြီး ဖြစ်တယ်၊ လှူတာကတော့ ပန်းလေးတစ်ပွင့်ပဲ၊ စေတနာထားတတ်တော့ မြတ်တယ် ပေါ့။

ဒါကြောင့်မို့ လှူတဲ့နေရာမှာ အများကြီးလှူတာ၊ နည်းနည်းလေးလှူတာက အရေးကြီးတာမဟုတ်ဘူး၊ စေတနာသန့်ရှင်းဖို့သာ အရေးကြီးတာ၊ စေတနာသာ ကောင်းပါစေ၊ လောကမှာ နည်းတယ်ဆိုတဲ့အလှူ မရှိပါဘူးလို့ မြတ်စွာဘုရားက ဟောတာ။

နတ္ထိ စိတ္တေ ပသန္နမှိ

အပ္ပိကာ နာမ ဒက္ခိဏာ၊

စိတ်ကြည်လင်နေတယ်၊ စိတ်သန့်ရှင်းနေတယ်၊ စေတနာကောင်းတွေနဲ့ ပြုလုပ်တယ်ဆိုရင် နည်းတာများတာ ပဓာနမဟုတ်ဘူး၊ အခုဒီမှာကြည့်, ပန်းလေးတစ်ပွင့်လှူလိုက်တာနဲ့ ကမ္ဘာပေါင်းရှစ်ဆယ် အပါယ်မလားဘူး။

ဟုတ်တယ်၊ လှူတဲ့အချိန်အခါမှာ စေတနာသုံးတန် ပြဋ္ဌာန်းပြီးတော့ လှူတာ၊ ဒါကြောင့်မို့ စေတနာသုံးတန် စင်ကြယ်ဖို့က အလွန်အရေးကြီးတယ်။

အထူးသဖြင့် အပရစေတနာ မချို့တဲ့ဖို့ အရေးကြီးတယ်၊ အပရစေတနာ

ချို့တဲ့သွားတယ်ဆိုပါတော့၊ လှူပြီးမှ နှမြောသွားတယ်၊ စိတ်နှလုံးမသာမယာ ဖြစ်သွားတယ် ဆိုတော့ အလှူရဲ့အကျိုးကြောင့် ဘယ်လိုဖြစ်သလည်းဆိုရင် လှူချမ်းသာ ဖြစ်တယ်၊ ဒါကတော့ ရှောင်လို့မရဘူး၊ ဖြစ်မှာပဲ။

သို့သော် အပရစေတနာချို့တဲ့ခဲ့ရင် အဲဒီပုဂ္ဂိုလ်မျိုးဟာ ကိုယ့်မှာရှိပါလျက်နဲ့ မစားရက် မသောက်ရက်ဖြစ်တယ်၊ မလှူရက်မတန်းရက်ဖြစ်တယ်၊ လောကမှာ ရှိကြတယ်လေ၊ ပိုက်ဆံရှိပြီးတော့ ကောင်းကောင်းမွန်မွန် မစားချင်ဘူး၊ အဝတ်အစား ကောင်းကောင်းမွန်မွန်မဝတ်ချင်ဘူး စသည်ဖြင့် အဲသလိုပုဂ္ဂိုလ်မျိုးတွေဟာ အပရ စေတနာချို့တဲ့ခဲ့လို့။

မြတ်စွာဘုရားလက်ထက်က ပုဏ္ဏားကြီးတစ်ယောက်ရှိခဲ့တယ်၊ ကုဋေရှစ်ဆယ် ကြွယ်ဝသတဲ့၊ ဒါပေမယ်လို့ စားတော့ဆန်ကွဲထမင်းနဲ့ ပုန်းရည်ဟင်းတဲ့၊ ဝတ်တော့ လည်း နံငယ်ပိုင်း၊ ရထားစီးတော့လည်း ရထားအကျိုးစီးတယ်၊ သူသေတော့ သူ့ပစ္စည်းတွေ အကုန်လုံး မင်းဘဏ္ဍာဖြစ်ကုန်တယ်။

မင်းဘဏ္ဍာဖြစ်တော့ ဒီပုဂ္ဂိုလ်ဟာ ဘယ့်နှယ့်ကြောင့် ဒီလိုဖြစ်ကုန်တာလဲ ဆိုပြီးလျှောက်တော့ မြတ်စွာဘုရားက ဟောကြားတာ၊ ဒါကြောင့်မို့ အပရစေတနာ မချို့တဲ့ဖို့လည်း အရေးကြီးတယ်၊ လှူပြီးရင်ပြီးပြီ၊ လှူတာနဲ့ပတ်သက်ပြီးတော့ ကုသိုလ်ရအောင်သာစဉ်းစား၊ တခြားနည်းနဲ့ စိတ်ပျက်သွားတာမျိုးဖြစ်ရင် ကိုယ်လုပ် ထားတဲ့ ကုသိုလ်ဟာ ကြီးကြီးမားမား အကျိုးမပေးဘူးပေါ့၊ ပေးသည့်တိုင်အောင် (ခုနလို) ကိုယ်မခံစားရမယ့် အကျိုးမျိုး ရမှာပေါ့၊ အဲသလိုဖြစ်တတ်တယ်တဲ့၊ ဒါကို သတိ ထားပါ၊ ဒါက စေတနာသုံးတန် အရေးကြီးပုံ။

နောက်တစ်နည်းကတော့ ဒါနဆိုတာ ဟီနဒါန အညံ့စား ဒါန, မဇ္ဈိမဒါန အလယ်အလတ်စား ဒါနလည်းရှိတယ်၊ ပဏီတဒါန, အထက်တန်း အမြတ်စားဒါန လည်း ရှိတယ်။

အညံ့စားဒါနဆိုတာ ဘာလဲဆိုရင် ညံ့တဲ့ဆန္ဒ, ညံ့တဲ့စိတ်, ညံ့တဲ့ဝီရိယ, ညံ့တဲ့ပညာတို့နဲ့ ပြုတဲ့ဒါနမျိုးကို အညံ့စားဒါနလို့ခေါ်တယ်တဲ့၊ ဆန္ဒမထက်သန်ဘူး၊ စိတ်သိပ်မပါလှဘူးသဘော၊ သိပ်အားမထုတ်ချင်ဘူး၊ အဲဒါမျိုးပေါ့။

အဲဒီလို ဆန္ဒစသည်တို့က အလတ်တန်းစားရှိရင် မဇ္ဈိမဒါနပေါ့၊ အဲဒီ ဆန္ဒစသည်တို့က ထက်ထက်သန်သန်ဖြစ်တယ်ဆိုရင် အမြတ်စားဒါနဖြစ်တယ်၊ ဒါကြောင့် အဘိဓမ္မာနားလည်လာရင် သူများထက်ပိုပြီး ကုသိုလ်ရအောင် လုပ်တတ် လာတယ်၊ လှူတာချင်းအတူတူအကျိုးများများရအောင် လုပ်တတ်တယ်။

ရှင်သာရိပုတ္တရာက ဘုရားလှူတာနဲ့၊ ဘုရားက ရှင်သာရိပုတ္တရာလှူတာ ဘယ်ဟာက ပိုပြီးအကျိုးများမလဲ၊ သာမညဖြေရရင်တော့ ရှင်သာရိပုတ္တရာက ဘုရားလှူတာ အကျိုးများတယ်ထင်မှာပေါ့၊ အလှူခံသူက မြတ်စွာဘုရားကိုး၊ မဟုတ်ဘူး, မြတ်စွာဘုရားက လှူတာပိုအကျိုးများတယ်၊ မြတ်စွာဘုရားက ပိုဉာဏ်ကြီးတာကိုး။

အဘိဓမ္မာတတ်တဲ့သူတွေဟာ သူများထက်သာတယ်၊ ကုသိုလ်ကိုရအောင် ယူတတ်တယ်၊ နားလည်ပြီဆိုရင် အလှူပြုတာချင်း အတူတူ ကိုယ်က သူများထက်ပိုပြီး အကျိုးများအောင် လုပ်တတ်တယ်၊ ငွေတစ်ရာကုန်တာချင်းတူရင် ကိုယ်ကုန်ရတဲ့ ငွေတစ်ရာက အကျိုးများများရမယ်၊ အဲဒီတော့ ဆန္ဒတို့ စိတ်တို့ ပညာတို့ ဝီရိယတို့ ထက်ထက် သန်သန်နဲ့ဖြစ်အောင် လှူတတ်လုပ်တတ်ရမယ်။

နောက်တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် ဒီလူဟာ ဘုရားဒကာပဲ, ကျောင်းဒကာပဲ စသည်ဖြင့် အကျော်အစောကို လိုချင်လို့ နာမည်ကြီးချင်လို့ (ပြောကြပါစို့) လှူရင် ဒီအလှူမျိုးဟာ အညံ့စား အလှူဖြစ်သွားတတ်တယ်၊ နာမည်လိုချင်လို့လှူတာကိုး၊ ဘယ်သူကလှူတယ်,ဘုရားဒကာကျောင်းဒကာဆိုပြီးတော့ ဂုဏ်ပကာသနကို မက်ပြီး တော့ လှူတဲ့အလှူက အညံ့စားအလှူဖြစ်သွားတယ်။

ဒါနရဲ့အကျိုးကို လိုလားပြီးတော့ လှူရင် အလယ်အလတ်စား, ဒီဒါနလှူရင် ငါတော့အကျိုးရမှာပဲ၊ ဒီအကျိုးကို လိုလားပြီးတော့လှူရင် အလတ်စားဖြစ်တယ်တဲ့။

ဒါနရဲ့အကျိုးကို မမျှော်တော့ဘူး၊ ဒါနဆိုတာ သူတော်ကောင်းမှန်ရင်ပြုရမယ့် ကိစ္စတစ်ခုပဲလို့ ဒီလိုဒါနမှု ဒါနစိတ် အဲဒီလို ပြုတာမျိုးကမှ အမြတ်စားဒါနဖြစ်တယ်၊ အထူးသဖြင့် ဘုရားအလောင်းတို့ပြုတဲ့ဒါနဟာ အဲဒါမျိုးပဲ၊ ဒါနဆိုတာ ပြုသင့်ပြုထိုက် တဲ့အကျင့်တစ်မျိုးပဲဆိုပြီးတော့ ပြုတာ။

ဂုဏ်ပကာသန လိုချင်ပြီးပြုရင် အညံ့စား၊ အကျိုးလိုလားပြီးပြုရင် အလတ်စား၊ အကျိုးမမျှော်မှန်းပဲနဲ့ ပြုရမယ့် အကျင့်ဖြစ်တယ်ဆိုပြီးပြုရင် အမြတ်စားဖြစ်တယ်။

နောက်တစ်နည်းအားဖြင့် ကိုယ့်ကိုကိုယ်မြှောက်ပြီး သူတပါးကို နှိမ်ချလိုလို့ ပြုတဲ့ဒါနမျိုးရှိတယ်၊ ငါကတော့ လှူတယ်၊ သူများတွေကတော့ မလှူဘူးဆိုတာမျိုး ပေါ့လေ၊ ပါဠိလိုတော့ အတုက္ကံသန ပရဝမ္ဘနလို့ ခေါ်တယ်၊ အဲဒီလို စိတ်ထားနဲ့ လှူရင်ညံ့တဲ့ အလှူဖြစ်တာပဲ။

အဲဒီလို စိတ်ထားမျိုး မပါဘူး၊ ဒါပေမယ့် လောကီချမ်းသာကို လိုလား တောင့်တပြီး လှူရင် လူဖြစ်ရင်လည်း သူဌေးဖြစ်ချင်တယ်၊ နတ်ဖြစ်ရင်လည်း

ဘယ်လို နတ်မျိုးဖြစ်ချင်တယ်စသည်ဖြင့် လိုလားတောင့်တပြီး လှူရင် အလတ်စား ဖြစ်တယ်။

မဂ်ဖိုလ်ချမ်းသာဆိုတဲ့ မဂ်ဖိုလ်နိဗ္ဗာန်ကို တောင့်တပြီးလှူရင် အမြတ်စား အလှူဖြစ်တယ်၊ ဒါကြောင့်မို့ ကုသိုလ်ကောင်းမှုပြုတဲ့အခါမှာ မဂ်ဖိုလ်နိဗ္ဗာန်ကို ရည်မှန်းပြီးတော့ ဆုတောင်းရမယ်၊ လောကီချမ်းသာတို့ ဘာတို့ကို ဆုတောင်းနေစရာ မလိုဘူး၊ ဒါတွေက သူ့ဟာသူပါသွားတာပဲ၊ အဲဒီ လောကီချမ်းသာကို ဆုတောင်းတာ များနေရင် စိတ်က အဲဒီဘက် ယိုင်ကျသွားမှာ၊ ယိုင်ကျသွားရင် အလှူလည်း အကောင်းဆုံး အလှူမဖြစ်ဘူး။

ရာဂ, ဒေါသ, မောဟကင်းတဲ့ မဂ်ဖိုလ်ချမ်းသာကို ရည်မှန်းပြီးလှူမှ အမြတ်ဆုံး အလှူဖြစ်တယ်၊ ဒါတွေဟာ ဗုဒ္ဓဘာသာဝင်တွေအနေနဲ့ သိပ်နားလည်ဖို့ ကောင်းတဲ့ကိစ္စတွေ။

တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် ဘဝစည်းစိမ်ကို တောင့်တပြီးလှူရင် အညံ့စားအလှူလို့ ဆိုနိုင်တယ်၊ မိမိရဲ့ သံသရာမှ လွတ်မြောက်မှုကို မျှော်ပြီးလှူရင် အလယ်အလတ်စား၊ သတ္တဝါတွေအားလုံး သံသရာမှလွတ်မြောက်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဘုရားအလောင်းလှူသလို လှူရင် ဒါနပါရမီဖြစ်တဲ့ အမြတ်ဆုံးဒါန, အဲသလိုခွဲလို့ ရသေးတယ်၊ အဲသလို တစ်မျိုးထက်တစ်မျိုး ကောင်းကောင်းပြီး သွားတာလည်းရှိတယ်ပေါ့လေ။

ကိုယ်က အခုလို နားလည်ထားရင် ကိုယ်ဒါနပြုတဲ့အခါမှာ အမြတ်ဆုံး ဖြစ်အောင်ပြုရမယ်၊ အဲဒီတော့ ဒါနကရမယ့် အကျိုးတွေဘာတွေလည်း ဘာမှ သိပ်စဉ်းစားမနေနဲ့၊ စေတနာသုံးတန်ပြဋ္ဌာန်း, ထက်ထက်သန်သန်နဲ့လှူ၊ ပြီးတော့ မဂ်ဖိုလ်နိဗ္ဗာန်ကိုရည်စူးပြီး ဆုတောင်း၊ သတ္တဝါတွေအကျိုးအတွက် လှူပါတယ်ဆိုရင် ကောင်းတဲ့ဒါနဖြစ်တာပေါ့။

အဲသလို နားလည်ထားရင် ပြုတာတတ်တယ်၊ နားမလည်ဘူးဆိုရင် တော်ရုံလျော်ရုံ ဖြစ်တတ်တယ်၊ လှူတာတော့ လှူတာပဲ၊ ဒါပေမယ့် ထူးပါဘူးကွာဆိုပြီး ဖြစ်တတ်တယ်၊ အဲသလိုမဟုတ်ဘူး၊ နားလည်ပြီးလှူရင် ပိုပြီးတော့အကျိုးများတာ သေချာတယ်၊ ဒါတွေဟာ လူတွေနားလည်ဖို့ကောင်းတဲ့ အချက်အလက်တွေပဲ။

ဒါကြောင့်မို့ အဘိဓမ္မာတတ်တဲ့သူဟာ အဘိဓမ္မာမတတ်တဲ့ သူထက်နေရာ တကာသာတယ်၊ မတတ်တဲ့သူကတော့ ခပ်ညံ့ညံ့ပဲ၊ ကုသိုလ်အကုသိုလ် ခွဲခြားပြီး မသိရင် ဘယ့်နှယ်လုပ်ပြီး အကုသိုလ်ရှောင်မလဲ၊ ဘယ့်နှယ်လုပ်ပြီး ကုသိုလ်

တကယ်ရအောင်လုပ်မလဲ၊ ကုသိုလ်လုပ်လာတဲ့အခါ လုပ်နည်းသိထားတော့ ဘယ်လိုလုပ်ရင် ညံ့တယ်, ဘယ်လိုလုပ်ရင်ကောင်းတယ်ဆိုတာ သိထားတော့ ကောင်းတဲ့နည်းနဲ့လုပ်မှာပေါ့၊ ဒါကြောင့် သိမှလုပ်နိုင်တာ, မသိရင်မတတ်နိုင်ဘူး၊ ဒါက ဒါနတဲ့။

ဒါနပြီးတော့ သီလတဲ့၊ သီလဆိုတာဘာလဲ၊ ကိုယ်မှုနှုတ်မှုတို့ကို ကောင်းစွာ ထားတယ်တဲ့၊ ကောင်းစွာဆိုတာ အကုသိုလ်မဖြစ်အောင်ပေါ့၊ အကုသိုလ်မဖြစ်ရ အောင် ထားတာကို ကောင်းစွာထားတယ်ခေါ်တယ်၊ အဲသလိုကောင်းစွာထားတဲ့ နေရာမှာပါတဲ့ စေတနာကို သီလပေါ့၊ စေတနာကိုလည်း (ဒီနေရာမှာ)သီလလို့ ခေါ်တယ်။

ဒီနေရာမှာ သီလအရ ကာမာဝစရကုသိုလ်နဲ့ ပတ်သက်ပြီးတော့ ပြောဆိုမယ့် နေရာမှာဖြစ်တဲ့အတွက်ကြောင့်မို့ ရဟန္တာတို့ သန္တာန်မှာဖြစ်တဲ့ ကြိယာတို့ ဘာတို့တွေ ဒီမှာထည့်လို့မဖြစ်ဘူး၊ သို့သော် ရဟန္တာက သီလစောင့်ရင်လည်း သီလပဲ၊ သို့သော် ဒီနေရာမှာ ကာမာဝစရကုသိုလ်လို့ ပြောထားတာဖြစ်လို့ ကုသိုလ်နဲ့ ပတ်သက် လာရင်တော့ ရဟန္တာနဲ့ မဆိုင်ဘူးပေါ့၊ သာမညအနေနဲ့ပြောရမယ်ဆိုရင် သီလဆိုတာ ကြိယာလည်းဖြစ်နိုင်တာပဲ၊ ကုသိုလ်လည်း ဖြစ်နိုင်တာပဲ၊ အခု ပုညကြိယာဝတ္ထု ကောင်းမှု ကုသိုလ်ကိုပြတဲ့အရာဖြစ်လို့ ကုသိုလ်စေတနာကိုလဲ သီလလို့(ဒီမှာ)ခေါ်ရ တယ်။

အဲဒီသီလကလည်း အမျိုးမျိုးရှိတယ်၊ သီလဆိုတာ မြန်မာစကားနဲ့ပြောမယ် ဆိုရင်တော့ အကျင့်ပေါ့၊ အလေ့အထ,အကျင့်, ကိုယ်ကျင့်တရားကို သီလလို့ခေါ်တယ်၊ အဲဒီ သီလကလည်း အမျိုးမျိုးရှိတယ်။

ရဟန်းသီလ၊ ရဟန်းတွေစောင့်ထိန်းအပ်တဲ့ ၂၂၇–သွယ်သော သိက္ခာပုဒ်, နောက်ပြီးတော့ အခြားသိက္ခာပုဒ်တွေလည်း ရှိသေးတယ်၊ ဒါက ရဟန်းသီလ။

ရဟန်းမရဲ့သီလ၊ ဘိက္ခုနီမတွေ ကျင့်သုံးသင့်တဲ့သီလ, သိက္ခာပုဒ်–၃၁၁ ပါးရှိတယ်၊ ရဟန်းထက် အများကြီး ဘိက္ခုနီက ကျင့်နိုင်တယ်၊

သာမဏေသီလ၊ ဒါက ယောကျ်ားသာမဏေတွေ ကျင့်သုံးတဲ့သီလပေါ့၊ သာမဏေတွေကျတော့ ၁၀–ပါးသီလ ထိန်းရတယ်၊ လိင် ၁၀–ပါး ဒဏ်၁၀–ပါး ဆိုတာ ကြားဖူးတယ် မဟုတ်လား၊ ပြီးတော့ သေခိယဆိုတဲ့ (ပါတိမောက်ထဲမှာပါတဲ့) ရဟန်းတွေစောင့်ထိန်းရမယ့် သီလထဲပါတဲ့ သီလ ၇၅–ပါးလည်း ထိန်းရတယ်၊ ဒါက သာမဏေသီလ။

နောက်ဆုံးက လူဝတ်ကြောင်သီလ၊ လူဝတ်ကြောင်တွေစောင့်ထိန်းသင့်တဲ့ သီလ, အဲဒီလို ၄–မျိုးရှိတယ်။

ရဟန်း, ရဟန်းမ သာမဏေတို့အဖို့မှာ ဒီသီလတွေဟာ အမြဲစောင့်ထိန်းရမယ့် သီလ၊ တစ်ခါတလေ စောင့်ထိန်းပြီး တစ်ခါတလေ မစောင့်ထိန်းရင်မရဘူး၊ ရဟန်းဆိုရင် ကမ္မဝါဖတ်လို့ ရဟန်းဖြစ်ပြီးတာနဲ့တစ်ပြိုင်နက် ဒီသိက္ခာပုဒ်တွေဟာ အကုန် သူ့အပေါ်မှာတည်သွားပြီ၊ ဒါကြောင့်မို့ ရဟန်းတွေမှာ သီလယူစရာမလိုဘူး၊ သီလယူရမယ်ဆိုရင်လည်းပါတိမောက် တစ်စုံလုံးရွတ်ရရင် အကြာကြီးဆိုရမယ်၊ ၂၂၇–ခုသော သိက္ခာပုဒ်တွေ အကုန်လုံးပဲ။

အဲဒီတော့ ကမ္မဝါဖတ်ပြီးတာနဲ့ ရဟန်းလဲဖြစ်ရော ဒီသိက္ခာပုဒ်တွေအကုန်လုံး သူ့ဆီရောက်လာတော့တာပဲ၊ အဲဒါ သူ့အဖို့တော့ ရဟန်းဖြစ်နေသမျှ ကာလပတ်လုံး အမြဲတမ်း ကျင့်ရမယ့် သီလပဲ၊ သူတို့အတွက် နိစ္စသီလပဲ၊ ဘိက္ခုနီမတွေဆိုရင် ၃၁၁–ပါးသော သီလတွေဟာ နိစ္စသီလပဲ၊ ယောကျ်ားသာမဏေ မိန်းမတွေအတွက် ဆိုရင်လည်း ၁၀–ပါးသီလနဲ့ တခြားသီလတွေဟာ နိစ္စသီလပဲ။

အဲဒီလို ဖြစ်တဲ့အခါမှာ ရဟန်းနဲ့ ရဟန်းမမှာ ပါရာဇိကဆိုတာရှိတယ်၊ အဲဒီပါရာဇိကဆိုတဲ့ သိက္ခာပုဒ်တွေ ကျူးလွန်မိရင် အလိုလိုရဟန်း မဟုတ်တော့ဘူး၊ အလိုလိုရဟန်းမ, မဟုတ်တော့ဘူး။

အဲဒီလိုဖြစ်တဲ့ ပါရာဇိကထဲက တစ်ခုခုကို ကျူးလွန်ပြီးတော့ သူကိုယ့်သူလည်း ရဟန်းလို့ပဲ ဝန်ခံနေဦးမယ်ဆိုရင် အဲဒီရဟန်းမျိုးကို ဒုသီလလို့ခေါ်တယ်၊ ဒုသီလလို့ ပြောလိုက်ရင် သီလမရှိတဲ့ ရဟန်းလို့ ဆိုလိုတယ်။

သီလမရှိတဲ့ ရဟန်းဆိုတာ ပါရာဇိက ၄–ပါးထဲက တစ်ပါးပါး ကျူးလွန်မိလို့ စင်စစ်အားဖြင့်ဆိုရင် ရဟန်းမဟုတ်တော့တဲ့ ပုဂ္ဂိုလ်လို့ ဆိုလိုတယ်။

ပါရာဇိက ၄–ပါးဆိုတာ မေထုံမှီဝဲတာရယ်, သူများဥစ္စာခိုးတာရယ်၊ လူသတ်တာရယ်၊ ဈာန်မဂ်ဖိုလ် မရပဲနဲ့ ရတယ်လို့ လိမ်ပြောတာရယ်၊ အဲဒီ ၄–ပါးထဲက တစ်ပါးပါး ကျူးလွန်မိရင် သူက အလိုလို ရဟန်းအဖြစ်က လျောကျ သွားတယ်။

ကိုယ့်ဟာကိုယ်တော့ ငါရဟန်းလို့ ပြောချင် ပြောနေဦးမှာပဲ၊ သို့ပေမယ့် စင်စစ်ကတော့ ရဟန်းမဟုတ်တော့ဘူး၊ အဲသလို ပုဂ္ဂိုလ်မျိုးကို ဒုသီလလို့ခေါ်တယ်။

ဒီလိုမဟုတ်ပဲ တခြားသိက္ခာပုဒ်တွေ မရှက်မကြောက် လွန်ကျူးနေတယ်၊ အဲဒီလို ပုဂ္ဂိုလ်မျိုးကို ဒုသီလ မခေါ်ရဘူး၊ သူ့ကျတော့ အလဇ္ဇီလို့ခေါ်တယ်၊

အလဇ္ဇီဆိုတာ အရှက်မရှိတဲ့ ပုဂ္ဂိုလ်ကိုပြောတာ၊ အဲသလို ဒုသီလနဲ့ အလဇ္ဇီကို ခွဲခြားသိဖို့ လိုအပ်တယ်။

ဒုသီလဆိုရင် သီလမရှိတဲ့ ပုဂ္ဂိုလ်လို့ ဆိုလိုတယ်၊ အလဇ္ဇီဆိုတာကတော့ သီလတော့ရှိတယ်၊ သီလကို ကောင်းကောင်း မစောင့်ဘူးဆိုပါတော့၊ သိက္ခာပုဒ် ကျူးလွန်ရမှာကို မရှက်တဲ့သူကို အလဇ္ဇီလို့ခေါ်တယ်၊ အရှက်မရှိတဲ့ပုဂ္ဂိုလ်။

ခုနကဒုသီလဆိုတာက ရဟန်းအစစ်မဟုတ်ဘူး၊ အလဇ္ဇီဆိုတာက ရဟန်းတော့ ရဟန်းပဲ၊ သို့သော် သိက္ခာပုဒ်လွန်ကျူးတယ်၊ ဒါပဲရှိတယ်၊ အဲဒါ ၂-ခုကိုမှတ်ထား။

သာမဏေတွေမှာ ဆယ်ပါးသီလ, လိင် ၁၀-ပါး, ဒဏ် ၁၀-ပါးတို့ကို အမှန်ကတော့ အထူးဆောက်တည်စရာမလိုဘူး၊ သို့သော်သာမဏေတွေမှာ ပါဏာတိပါတ လွန်ကျူးမိတယ်၊ အဒိန္နာဒါနလွန်ကျူးမိရတယ်ဆိုရင် သာမဏေဘဝက လျှောကျတာပဲ၊ ရဟန်းမှာ ပါရာဇိက ကျသလိုပဲ၊ သို့သော် ရဟန်းက ပါရာဇိက ကျမိရင် နောက်တစ်ခါ ရဟန်းပြန်လုပ်လို့ မရတော့ဘူး၊ ဒီဘဝမှာတော့ ပြီးရောပဲ။

သာမဏေကတော့ ဒီလိုမဟုတ်ဘူး၊ ပါဏာတိပါတ ကျူးလွန်မိသွားတယ်၊ ပြန်ပြီးတော့ သရဏဂုံ ဆောက်တည်ရတယ်၊ ရဟန်းဆီမှာ ပြန်ပြီးတော့ သရဏဂုံ ဆောက်တည်ရတယ်၊ ရဟန်းဆီမှာ ပြန်ပြီးတော့ သရဏဂုံ ယူရတယ်၊ အဲသလို သရဏဂုံ ပြန်ယူလိုက်ရင် ပြန်ပြီးတော့ ဟန်ကျသွားတယ်၊ အဲဒါ ၁၀-ပါးသီလ။

ရဟန်းတွေကျင့်တဲ့ထဲက တချို့သီလတွေကို ပျက်သွားရင်လည်း သရဏဂုံ ထပ်ယူ၊ အဲဒါကြောင့်မို့ ဦးဇင်းတို့ ဘုန်းကြီးကျောင်းတွေမှာ ကိုရင်တွေကို နေ့တိုင်း သရဏဂုံပေးရတယ်၊ ဘာကြောင့်လည်းဆိုတော့ ကလေးတွေ မဟုတ်လား၊ သူတို့ တစ်ခုခု ဘာကျူးလွန်မိထားသလဲ မသိနိုင်ဘူးလေ၊ အဲသလို ကျူးလွန်ထားရင် သူတို့ ကိုရင်မဟုတ်ဘူး ဖြစ်နေပြီ၊ ကိုရင်မဟုတ်ပဲနဲ့ ကိုရင်လို လုပ်နေရင် သူတို့မှာ အပြစ်ရှိတယ်၊ ဒါကြောင့် နေ့တိုင်း သီလပေးရတာ။

သီလပေးရတယ်ဆိုတော့ သရဏဂုံ အရင်ယူရတာပေါ့၊ သရဏဂုံပေးချင်လို့ သီလယူခိုင်းရတာ၊ အမှန်ကတော့ သာမဏေမှာ သီလမယူရင်လည်း မပြီးဘူး၊ သရဏဂုံ ယူလိုက်တာနဲ့ သီလသူ့ဆီရောက်သွားရော၊ အဲဒီသီလတွေဟာ အမြဲ စောင့်ထိန်း ရမယ့်သီလ။

ကောင်းပြီ,လူဝတ်ကြောင်သီလကျတော့ ဘယ်လိုလဲတဲ့၊ လူဝတ်ကြောင် သီလကျတော့ ပထမသီလ မလာခင် လူဝတ်ကြောင်မှာ သရဏဂုံ တည်ရမယ်၊ သရဏဂုံတည်တဲ့ ပုဂ္ဂိုလ်ဆိုတာ မြတ်စွာဘုရားကို ဆည်းကပ်တဲ့ ပုဂ္ဂိုလ်လို့ခေါ်တယ်၊

အဲသလို ပုဂ္ဂိုလ်မျိုးကို ပါဠိလို ဘယ်လိုခေါ်သလဲ၊ ဥပါသကလို့ခေါ်တယ်၊ လူတွေက ဥပါသကာလို့ ပြောတတ်ကြတယ်၊ ဥပါသကဆိုတာ ဘုရားတရား သံဃာ ရတနာသုံးပါးကို ဆည်းကပ်တတ်တဲ့ ပုဂ္ဂိုလ်လို့ခေါ်တယ်။

အဲသလို ဥပါသကဖြစ်ပြီးမှ ဥပါသကရဲ့ ရှိသင့်ရှိထိုက်တဲ့ သီလအနေနဲ့ မြတ်စွာဘုရားက ငါးပါးသီလကိုပြောထားတာ၊ ဒါကြောင့်မို့ သရဏဂုံ ဆောက်တည်ထားရင် သူ့မှာ သရဏဂုံပဲ ရှိသေးတယ်၊ သီလမရှိသေးဘူး။

ဒါကြောင့်မို့ သီလရှိတဲ့ ပုဂ္ဂိုလ်ဖြစ်အောင် ကိုယ်က ဘာကို ဆောက်တည်ရဦးမလဲ၊ ငါးပါးသီလကို ဆောက်တည်ရမယ်၊ ဒါကြောင့်မို့ ငါးပါးသီလကို လူတွေအတွက်နိစ္စသီလလို့ခေါ်တယ်၊ ငါးပါးသီလဟာလူတွေအတွက် အမြဲတမ်း စောင့်ထိန်းရမယ့်သီလ၊ မြန်မာနိုင်ငံမှာ ပြောလေ့ရှိတယ်၊ ခါးဝတ်ပုဆိုးကဲ့သို့မြဲရမယ်၊ ဒီနိုင်ငံမှာကျတော့ မလွယ်ဘူး၊ မြန်မာနိုင်ငံမှာကျတော့ ခါးဝတ်ပုဆိုးဆို ဘယ်တော့မှ ချွတ်တာမဟုတ်ဘူး၊ ခါးဝတ်ပုဆိုး မြဲသလို ငါးပါးသီလကို မြဲရမယ်တဲ့။

အဲဒီငါးပါးသီလမှာ တစ်ခါတလေ (ဆိုပါတော့) သီလတစ်ပါးတည်းဆိုပြီး ဆောက်တည်တာ မဟုတ်ပဲနဲ့ ငါးပါးသီလဆောက်တည်ပါ၏ ဆိုပြီးတော့ ဒီလိုလေး ဆိုပြီး ဆောက်တည်ရင်လည်း ဖြစ်သတဲ့၊ ဒါပေမယ့် ဘာဖြစ်သလဲဆိုတော့ တစ်ပါးပျက်ရင် ငါးပါးစလုံး ပျက်ရော။

ဒီလိုမဟုတ်ပဲနဲ့ ပါဏာတိပါတာ ဝေရမဏီ, အဒိန္နာဒါနာဝေရမဏီတစ်ခုစီ ဆိုပြီး ဆောက်တည်ထားရင် တစ်ပါးကျိုးရင် တစ်ပါးပဲပျက်တယ်၊ တခြားဟာတွေ ကျန်တယ်၊ အဲသလိုကွာတယ်။

ပြီးတော့ အဲသလို ဆောက်တည်တဲ့အခါမှာ လူတွေအနေနဲ့ကျတော့ ကိုယ် ရည်မှန်းသလောက် ဆောက်တည်နိုင်တယ်၊ ရည်မှန်းသလောက် ကိုယ့်မှာ အဲဒီသီလ ရှိတယ်။

ဆိုပါတော့, ဒီသီလကို တစ်ရက်ဆောက်တည်ပါမယ်ဆို တစ်ရက်က ကိုယ့်မှာ သီလရှိတယ်၊ တစ်ရက်လွန်သွားတာနဲ့ အဲဒီသီလ အလိုလို မရှိတော့ဘူး၊ ချနေစရာ မလိုဘူးလို့ ဆိုလိုတယ်။

၈–ပါးသီလ ဆောက်တည်တယ် (၈–ပါးသီလလည်း လူ့ဝတ်ကြောင်သီလပဲ) ဥပုသ်နေ့တစ်နေ့ ဆောက်တည်ပါမယ်လို့ဆိုထားပြီး ဥပုသ်နေ့လွန်သွားရင် အလိုလို သွားတော့တာပဲ။

လူတွေမှာ အမြဲဆောက်တည်ရမှာက ၅–ပါးသီလ၊ တတ်နိုင်ရင် ဆောက်တည်

ရမှာက ၈–ပါးသီလ၊ ၅–ပါးထက် ၈–ပါးက ပိုပြီးမြင့်မြတ်တာပေါ့, ကောင်းတာပေါ့၊ ၅–ပါးထက် ၈–ပါးက ပိုပြီး ကုသိုလ်ရတယ်၊ ဘာလို့တုန်းဆို စောင့်ထိန်းမှုမှာ ပိုသွားလို့လေ၊ သိက္ခာပုဒ် ၃–ခုတောင် ပိုပြီး စောင့်ထိန်းရတယ်။

ဒါကြောင့်မို့ ဉပါသကာတွေအနေနဲ့ ဗုဒ္ဓဘာသာဝင်တွေအနေနဲ့ အမြဲတမ်း စောင့်ထိန်းရမယ့် နိစ္စသီလက ၅–ပါးသီလ, တတ်နိုင်ရင်တတ်နိုင်သလို စောင့်ထိန်း ရမယ့် သီလက ၈–ပါးသီလ။

အဲဒီ ၈–ပါး သီလကို ဥပုသ်သီလလို့ ခေါ်တယ်၊ ဥပုသ်စောင့်တဲ့အခါ စောင့်ထိန်းရတဲ့သီလပေါ့၊ ဥပုသ်သီလလို့ခေါ်တော့ ၈–ပါးသီလကို ဥပုသ်နေ့မှာသာ ဆောက်တည်ကောင်းတာမဟုတ်ဘူး၊ ကိုယ်ဆောက်တည်ချင်ရင် ဆောက်တည်ချင်တဲ့ နေ့ ဆောက်တည်လို့ရတာပဲ၊ သို့သော် လူဆိုတာ နေ့တိုင်း ဆောက်တည်နိုင်ဖို့ အများကြီးခဲယဉ်းတယ်၊ အဲဒီတော့ ဘယ်လိုသတ်မှတ်ထားသလဲ၊ တစ်လကို ၄– ကြိမ်ဆိုပြီးတော့ မြန်မာပြည်မှာ လဆန်း ၈ ရက်နေ့, လပြည့်နေ့, လပြည့်ကျော် ၈–ရက်နေ့, လကွယ်နေ့ရယ်၊ အဲဒီနေ့တွေကို ဥပုသ်နေ့လို့သတ်မှတ် ပြီးတော့ (များသောအားဖြင့်ပေါ့) ၈–ပါးသီလ ဆောက်တည်ကြတယ်။

အထူးသဖြင့် မြန်မာနိုင်ငံမှာတော့ ဝါတွင်းမှာ မပျက်အောင် ကြိုးစားပြီးတော့ ဆောက်တည်ကြတယ်၊ အဲဒါက ၈–ပါးသီလ။

၈–ပါးသီလ ဆောက်တည်တဲ့အခါမှာလည်း၈–ပါးသီလကို သန့်သန့်ရှင်းရှင်း ဖြစ်အောင် အထူးသဖြင့် ဆောက်တည်ရတာပေါ့၊ ဥပုသ်စောင့်သွားတယ်ဆိုပြီးတော့ သီလယူပြီး တွေ့ကရာလူနဲ့ စကားများ, ဟေးလားဝါးလားပြောဆိုနေမယ်ဆိုရင် ဒီသီလဟာ သိပ်ပြီးတော့ မကောင်းလှဘူးပေါ့၊ သီလယူပြီးပြီဆိုရင် တရားနာလို့ဖြစ်စေ၊ တရားစာအုပ်ဖတ်ပြီးတော့ဖြစ်စေ, တရားထိုင်လို့ဖြစ်စေ, ပုတီးစိပ်လို့ဖြစ်စေ, အဲဒီလို နေမှသာ ဒီဥပုသ်ဟာ ကောင်းတဲ့ဥပုသ် ဖြစ်နိုင်တယ်။

နွားကျောင်းသား ဥပုသ်ဆိုတာရှိတယ်၊ နွားကျောင်းသားများဟာ ဒီနေ့တော့ ငါ့နွားတွေကို ဒီစားကျက်မှာ မြက်စားစေမယ်, နောက်နေ့တော့ ဟိုစားကျက်မှာ မြက်စားစေမယ် ဆိုသလိုပဲ, ဒီနေ့တော့ ဘာစားမယ်, နောက်နေ့ ဘာစားမယ် ဘယ်အချိန် ဘာစားမယ်ဆိုပြီးလုပ်နေရင် အဲဒါ နွားကျောင်းသားဥပုသ်တဲ့၊ ဥပုသ် စောင့်တဲ့အခါ သန့်သန့်ရှင်းရှင်းဖြစ်အောင် ဆောက်တည်ရတယ်။

တိုက်ရိုက်တော့ မသက်ဆိုင်ဘူး၊ အနာထပိဏ်သူဌေးက သူ့သားကို တရားနာ လွှတ်တာမျိုးလိုပဲ၊ တရားနာလွှတ်တော့ ငွေတစ်ရာပေးမယ်, တရားသွားနာချေပြော

တယ်၊ သူ့သားကလည်း ခပ်မိုက်မိုက်ထင်ပါတယ်၊ ငွေတစ်ရာလည်းလိုချင်တော့ ဇေတဝန် ကျောင်းသွားပြီး ထောင့်ထဲမှာအိပ်ပြီး ပြန်လာတယ်၊ မနက်ကျတော့ အိမ်ပြန်သွားတဲ့ အခါ အိမ်မိသားစုက ထမင်းစားပါဆိုရင်မစားဘူး၊ ငွေတစ်ရာ အရင်ပေး, အဲသလို လုပ်နေတယ်။

နောက်တစ်ခါမှတော့ တရားစွဲစွဲမြဲမြဲ နာမိသွားတာ အကျွတ်တရားရသွားပြီ၊ သောတာပန်ဖြစ်ပြီး ပြန်လာတာ၊ ဒါက ၈-ပါးသီလ။

၈-ပါးသီလအပြင် လူတွေအနေနဲ့ ဆောက်တည်နိုင်တာရှိသေးတယ်၊ အဲဒါက ၁၀-ပါးသီလ၊ မဆောက်တည်ကောင်းဘူးလို့ ပြောလို့မရဘူး၊ ဆောက်တည်နိုင်ရင် ဆောက်တည်ရမယ်၊ သို့သော် အများကြီးတော့ ခဲယဉ်းတယ်၊ ဘာကြောင့်တုန်းဆိုတော့ ပိုက်ဆံ, ရွှေ ငွေ မကိုင်ရဘူးဆိုတာကို၊ လူဆိုတာကလည်း ပိုက်ဆံမကိုင်လို့ မရှိလို့ မဖြစ်နိုင်ဘူး ဟုတ်လား။

သို့သော် တစ်ခါတလေ လုံးဝ (ဆိုပါတော့) စွန့်ပယ်ပြီး ၁-ရက် ၂-ရက် စသည်ဖြင့် အဲသလိုတော့ ဖြစ်နိုင်ပါတယ်၊ ၁၀-ပါးသီလထိအောင် လူတွေအနေနဲ့ စောင့်နိုင်တယ်လို့ အဲသလို မှတ်ထားပေါ့၊ တကယ်တမ်း ၁၀-ပါးသီလ မစောင့်နိုင်တာလည်းရှိတာပဲ။

**မေး** - ချက်လက်မှတ်ကိုင်ရင်ကော။

**ဖြေ** - ချက်လက်မှတ်လည်းငွေပဲ၊ ဘာထူးသလဲ၊ လူတွေကတော့ ထင်တယ်၊ ချက်ကိုင်ရင် ကိစ္စမရှိပါဘူးလို့၊ အမှန်ကတော့ချက်လည်းငွေပဲ၊ ဒါနဲ့ဖလှယ်လို့ရတာပဲ၊ အမှန်တော့ ပါဠိလို သံဝေါဟာရလို့ခေါ်တယ်၊ ဝေါဟာရဆိုတာ ဖလှယ်တာကို ဆိုလိုတယ်၊ ချက်နဲ့ ပစ္စည်းဝယ်လို့ရရင် ဒါဟာငွေပဲ၊ ဘာမှမထူးဘူး၊ ရောင်းမယ်ဆိုရင် အကုန်လုံး ရောင်းနိုင်တာကောင်းပါတယ်၊ ဘာကြောင့်တုန်းဆိုတော့ ရှေးတုန်းက တကယ့်ရွှေငွေမဟုတ်ပဲနဲ့ သားရေပိုင်းလေး ဖြစ်ပါစေ, မင်းတံဆိပ် ခပ်နှိပ်ပြီး မင်းတို့ ဒါကို ငွေအဖြစ်နဲ့ သုံးကြဟေ့ဆိုရင် ဒါဟာ ငွေပဲ ဆိုတော့ အခုခေတ်ငွေစက္ကူနဲ့ ဘာထူးလဲ၊ ပလတ်စတစ်ကဒ်လည်း မထူးဘူး၊ ဒါဟာ ငွေလိုပဲဖြစ်နေတာ၊ ဒါနဲ့ဈေးဝယ်လို့ရတယ်၊ ဒါနဲ့ သုံးစွဲလို့ရတယ်ဆိုတော့ သိပ်မထူးဘူး။

အဲဒီသီလက စာရိတ္တသီလနဲ့ ဝါရိတ္တသီလလို ၂-မျိုးရှိတယ်၊ ဒီနာမည်လည်း မှတ်ထားကြ။

စာရိတ္တဆိုတာက မျိုးရိုးထုံးစံအတိုင်းကောင်းတဲ့အကျင့်တွေရှိတတ်တယ်၊ ဒီမျိုးရိုးဟာ ဘယ်လိုအကျင့်ရှိတယ် ဘာညာပေါ့လေ၊ အဲသလိုအကျင့်မျိုးကို

စာရိတ္တလို့ခေါ်တယ်၊ ပြီးတော့ စာရိတ္တ သီလဆိုတာက မကျင့်ရင် အပြစ်မရှိဘူး၊ ကျင့်ရင် အကျိုးရှိတယ်ဆိုတဲ့ သီလမျိုးကို စာရိတ္တသီလလို့ခေါ်တယ်။

ရဟန်းမှာ ပညတ်ထားတဲ့ ၂၂၇-ပါးအပြင် အများကြီးရှိသေးတယ်၊ ခန္ဓကဆိုတဲ့ ဝိနည်း ကျမ်းဂန်တွေမှာ ပညတ်ထားတာ၊ အဲသလို ပညတ်ထားတာမျိုးကျတော့ မကျင့်ရင် အာပတ်မသင့်ဘူး၊ ကျင့်ရင်တော့ အကျိုးရတယ်၊ အဲသလို သီလမျိုးကို စာရိတ္တသီလလို့ခေါ်တယ်။

အမျိုးရဲ့ အလေ့အကျင့်ဖြစ်နေတဲ့ သီလမျိုး၊ မကျင့်ရင် ဘာမှမဖြစ်ဘူး၊ ကျင့်ရင် အကျိုးရတယ်၊ အဲသလို သီလမျိုးကို စာရိတ္တသီလ။

ဝါရိတ္တသီလဆိုတာ ဝါရိတ္တဆိုတာတားမြစ်ထားတဲ့ အခိပ္ပါယ်ရတယ်၊ မလုပ်နဲ့လို့ တားမြစ်ထားတာကို ရှောင်တဲ့သီလကို ဝါရိတ္တသီလလို့ခေါ်တယ်။

ဝါရိတ္တသီလဆိုတာ ပါဏာတိပါတတို့ အဒိန္နာဒါနတို့ဟာ ဝါရိတ္တသီလလို့ခေါ်တယ်၊ သူတို့ကျတော့ မစောင့်စည်းရင် အပြစ်ကိုဖြစ်တယ်၊ အကျိုးမရရုံမဟုတ်ဘူး၊ သူတို့ကို မစောင့်စည်းရင် သူတို့ကို ကျူးလွန်ရင် အပြစ်ကို ဖြစ်တယ်၊ အဲသလို သီလကို ဝါရိတ္တသီလ၊ ခုနပြောတဲ့နိစ္စသီလဆိုတာ ဝါရိတ္တသီလပဲ၊ လူတွေမှာဆိုရင် ငါးပါးသီလဟာ ဝါရိတ္တသီလ၊ ဘုန်းကြီးတွေမှာဆိုရင် ပါတိမောက်သီလဟာ နိစ္စသီလ, ဝါရိတ္တသီလပဲ။

ကောင်းပြီ, သီလဆိုတာ ကိုယ်မှုနှုတ်မှုတို့ကို အကုသိုလ်မဖြစ်ရအောင် ကောင်းစွာထားခြင်းလို့ ပြောခဲ့တယ်မဟုတ်လား၊ ကိုယ်မှုနှုတ်မှု ဆိုတာကို သတိထားမှတ်ထား။

သီလက ကာယကံနဲ့ ဝစီကံလို့ ထင်နေတာ၊ ခန္ဓာကိုယ်နဲ့ပြုမယ့် မတော်တရော်ရာအကျင့်တွေကို မပြုဖြစ်အောင်ထိန်းတာ၊ နှုတ်နဲ့ မတော်တရော်ပြုမယ့် အကျင့်တွေကို မပြုဖြစ်အောင် ထိန်းတာကို သီလလို့ခေါ်တယ်၊ ပါဏာတိပါတ ဝေရာမဏီ၊ သူများအသက်သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏၊ တကယ်မသတ်ရင် ဒီသီလလုံနေတာပဲ၊ တကယ်ပဲ စိတ်ထဲက သတ်ချင်စိတ် ရှိနေဦး, စိတ်ထဲက သတ်နေဦး၊ တကယ်တမ်းထပြီး ကိုယ်ထိလက်ရောက် မသတ်ရင် ပါဏာတိပါတ သိက္ခာပုဒ်ဟာ လုံနေသေးတာပဲ၊ သူမကျူးလွန်ဘူး။

ထို့အတူပဲ, သူများဥစ္စာခိုးချင်တယ် ဆိုပါတော့၊ စိတ်နဲ့ ခိုးတယ်ဆိုပါတော့၊ သို့သော် ကိုယ်တိုင် ထမယူသေး, မခိုးသေးဘူးဆိုရင် ဒီသိက္ခာပုဒ် လုံနေသေးတယ်။

ဒါကြောင့် သီလဆိုတာ ဘာအတွက်လဲလို့ မေးရင် ကာယကံနဲ့ ဝစီကံကို

ထိန်းချုပ်ခြင်း, မနောကံကို သီလနဲ့ မနိုင်ဘူး၊ ဒါကြောင့်မို့ တချို့က ပြောလေ့ရှိတယ်၊ နားမလည်ပဲနဲ့ လူတတ်လုပ်ပြီးပြောတာ။

"ကာယကံ ဝစီကံ မနောကံ ၃-ခုလုံး ထိန်းနိုင်မှ သီလဆိုတာ ရတာ၊ ဆိုပါတော့၊ မင်းစိတ်နဲ့ကြံရင် သီလပျက်ပြီ" အဲသလို ပြောနေတာကို ဦးဇင်းက နားနဲ့ဆတ်ဆတ်ကြားဖူးတာ၊ နည်းနည်းစိတ်ကလေးနဲ့ ကြံလိုက်ရင်လည်း မင်းသီလ ပျက်သွားပြီ၊ ငါးပါးသီလပေမယ့် တစ်ဆယ့်ငါးပါးသီလ ဘာညာနဲ့ အဲသလို ပြောတာတွေရှိတယ်။

ဒီလိုကြံစေချင်လို့ မြှောက်ပေးတဲ့သဘောနဲ့ပြောတာမဟုတ်ဘူး၊ တကယ့်အမှန် အတိုင်းကတော့ သီလဆိုတာ ကာယကံနဲ့ ဝစီကံကိုထိန်းတာ၊ မနောကံကိုထိန်းတာ မဟုတ်ဘူး၊ သို့သော် ကာယကံ, ဝစီကံကို ထိန်းရင် မနောဆိုတဲ့ စိတ်လည်းပါတော့ ပါတာပေါ့၊ သို့သော် မနောကံဆိုတဲ့စိတ်ကို ထိန်းတာက သီလနဲ့တင် မရဘူး၊ ရဟန်းသီလဆိုလည်း ဒီအတိုင်းပဲ၊ မတော်တဲ့ ကာယကံ မပြုအောင် မတော်တဲ့ ဝစီကံ မပြုအောင် ထိန်းနိုင်တာ၊ စိတ်နဲ့ထိန်းနိုင်တာမဟုတ်ဘူး။

သီလတော့ ညစ်နွမ်းချင် ညစ်နွမ်းမယ်လို့ ပြောလို့ရတာပေါ့၊ သူများအသက် မသတ်နဲ့ ပြောတယ်၊ စိတ်နဲ့သတ်တယ်၊ ဒါကတော့ မတော်ဘူး၊ ကောင်းတော့ မကောင်းဘူး၊ သီလညစ်နွမ်းတယ်၊ ဒါပေမယ့် သီလမပျက်ဘူး၊ ညစ်နွမ်းတာနဲ့ ပျက်တာနဲ့ တစ်မျိုးစီနော်။

အဲဒါကြောင့် ကိုယ်မှု နှုတ်မှု စိတ်မှုသုံးမျိုးရှိရာတို့တွင် ကိုယ်မှု နှုတ်မှုတို့တွင် ထိန်းဖို့ရန် သီလကိုဟောပြီးတဲ့နောက် စိတ်အတွက်တော့ မြတ်စွာဘုရားကဘာဝနာကို ဟောတယ်။

ဒါကြောင့်မို့ ကြားဖူးကြလိမ့်မယ်၊ ဒါန, သီလ, ဘာဝနာနဲ့ ပြောလေ့ရှိကြတယ်၊ ဘာဝနာဆိုတာ ပွားအောင်လုပ်တာ, များအောင်လုပ်တာ၊ စိတ်ကျက်အောင် လုပ်တာကို ဘာဝနာလို့ခေါ်တယ်။(mentel development)

အဲဒီတော့ ဒီနေရာမှာ စိတ်ကျက်အောင် လုပ်တယ်ဆိုတာ ကုသိုလ်စိတ် ကျက်ပွားများအောင် လုပ်တာကို ဆိုလိုတယ်၊ အကုသိုလ်များပြားအောင် လုပ်တာကို ဘယ်ဆိုလိုပါ့မလဲ။

အဲဒီ ဘာဝနာမှာသာ သမထဘာဝနာ, ဝိပဿနာ ဘာဝနာဆိုပြီး ၂-မျိုး လာတယ်၊ ဒီနေရာမှာလည်းပဲ ဘာဝနာအရ သမထဝိပဿနာဆည်းပူးနေတဲ့ ကာမာဝစရ ကုသိုလ်စေတနာဆိုလိုတယ်။

အဲဒီတော့ သမထဘာဝနာပဲဖြစ်ဖြစ်, ဝိပဿနာ ဘာဝနာပဲဖြစ်ဖြစ် ဒီနှစ်ခုကို ကမ္မဋ္ဌာန်းလို့ခေါ်တယ်၊ ကမ္မဋ္ဌာန်းထိုင်တယ်လို့ ခေါ်တယ်။

ကမ္မဋ္ဌာန်းထိုင်လာပြီဆိုတော့ ကာယကံတင်မဟုတ်တော့ဘူး၊ စိတ်ကို ထိန်းရတော့တာ၊ ဒါကြောင့်မို့ ကမ္မဋ္ဌာန်းထိုင်တယ်ဆိုတာ ခက်တာ၊ သမထ ကမ္မဋ္ဌာန်းထိုင်တယ်ဆိုတော့လည်း နောက်ဆုံး ကသိုဏ်းဝန်းကို ကြည့်ပြီး ထိုင်ရင် မျက်စိက ကသိုဏ်းဝန်းကိုကြည့်ပြီး မြေကြီး, မြေကြီးနဲ့ စသည်ဖြင့် လုပ်နေရတယ်၊ စိတ်ကို တခြားမသွားအောင် ထိန်းနေရတယ်၊ မတော်တရော်လုပ်ဖို့ဆိုတာ ပြောစရာ မလိုတော့ဘူး၊ စိတ်ကို ဝေးဝေးကြီး ထွက်မသွားအောင်ထိန်းနေရတယ်။

ထို့အတူ ဝိပဿနာ တရားထိုင်တော့လည်း ပစ္စုပ္ပန်မှာဖြစ်ပေါ်လာသမျှ ဖြစ်နေတဲ့ ရုပ်, နာမ် တရားတွေကို မပြတ်ရှုမှတ်နေရတယ်၊ စိတ်ငြိမ်အောင်လို့၊ ဒါကြောင့် ဘာဝနာဟာ ပိုပြီးတော့ခက်တယ်။

ဒါနထက် သီလက ခက်တယ်၊ သီလထက် ဘာဝနာက ခက်တယ်၊ အဲဒီ ဘာဝနာ ၂-မျိုးရှိတယ်၊ သမထဘာဝနာ၊ ဝိပဿနာ ဘာဝနာ။

သမထဆိုတာ ငြိမ်အေးတာကိုခေါ်တာ၊ ငြိမ်းတာကို ခေါ်တာ၊ အင်္ဂလိပ်လို calm သို့မဟုတ် tranquility ပေါ့။

အဲဒါကတော့ အားကြီးတဲ့ သမာဓိကိုဖြစ်စေနိုင်တဲ့ ကမ္မဋ္ဌာန်းမျိုး၊ သမာဓိ အားကောင်းတဲ့အတွက်ကြောင့်မို့ ဈာန်ရဲ့ အစဉ်အဆင့်အတန်းတက်ပြီး အဘိညာဉ် ဆိုတဲ့ အဆင့်အတန်းတွေ ထိအောင်ရောက်စေနိုင်တဲ့ ကမ္မဋ္ဌာန်းမျိုးကို သမထ ကမ္မဋ္ဌာန်းလို့ခေါ်တယ်၊ သမထအရာမှာ ပိုပြီးတော့ သမာဓိအားကြီးဖို့လိုတယ်။

ဝိပဿနာ ဘာဝနာဆိုတာကတော့ အနိစ္စ, ဒုက္ခ, အနတ္တမြင်အောင်ရှုတာလို့ ဆိုတယ်၊ ဝိ-ဆိုတာက အမျိုးမျိုး, ပဿနာဆိုတာက ရှုမြင်တာ၊နည်းအမျိုးမျိုးဖြင့် ရှုမြင်ခြင်းလို့ အဓိပ္ပါယ်ရတယ်။

နည်းအမျိုးမျိုးဆိုတာ အနိစ္စဟူ၍လည်းကောင်း၊ ဒုက္ခဟူ၍လည်းကောင်း၊ အနတ္တဟူ၍လည်းကောင်းရှုမြင်တာ၊ ဝိပဿနာတရားထိုင်လာတဲ့အခါကျတော့ ပထမတော့ အနိစ္စ, ဒုက္ခ, အနတ္တကို ဘယ်ကောင်းကောင်း မြင်မလဲ၊ သို့သော် ကိုယ့်စိတ်သန္တာန်မှာ ဖြစ်ပေါ်နေတာကို မှတ်နေတာပဲ။

စိတ်ကလေး ပြေးသွားရင် ပြေးသွားတယ်လို့ မှတ်တယ်၊ ပြန်လာရင်ပြန်လာ တယ်မှတ်၊ စိတ်ဆိုးရင် ဆိုးတယ်မှတ်၊ ပျင်းရင် ပျင်းတယ် စသည်ဖြင့်ပေါ့လေ၊ ဝေဒနာတို့ကိုလည်းမှတ်၊ အဲသလိုစူးစိုက်ပြီး မှတ်လာတဲ့အခါကျတော့ စိတ်တည်ငြိမ်မှု

ရတယ်၊ စိတ်တည်ငြိမ်မှုရလာတဲ့ အခါကျတော့ ရုပ်သဘော, နာမ်သဘော သိလာတယ်၊ သူတို့ရဲ့ အဖြစ်အပျက်ကို သိလာတယ်၊ အဲဒီလို အဖြစ်အပျက်သိလာရင် အနိစ္စသဘော သိတော့တာပဲ။

ပစ္စည်းတစ်ခုဟာ ဖြစ်ပြီး ပျက်သွားကတည်းက မမြဲဘူးဆိုတာ အလိုလို ထင်ရှားလာတယ်၊ အဲသလို အမြဲတမ်း, ဖြစ်ပျက် ဖြစ်ပျက်နေတဲ့အတွက်ကြောင့် ကျေနပ်စရာမရှိဘူး၊ မကောင်းဘူး, ဒုက္ခပဲ၊ အဲသလို ဖြစ်ပျက်နေတာကို မဖြစ်ပျက်ပါနဲ့လို့ ပြောလို့မရဘူး၊ ကိုယ်က အမိန့်ပေးလို့ မရဘူး၊ အနှစ်သာရ အမာခံရယ်လို့ မရှိဘူး၊ ဒါဟာ အနတ္တပဲ။

အဲဒီ အနိစ္စသဘောတရား, ဒုက္ခသဘောတရား, အနတ္တသဘောတရားကို သိမြင်လာအောင် ရှုတာဟာ ဝိပဿနာ ဘာဝနာ၊ အဲဒီလို အနိစ္စ ဒုက္ခ, အနတ္တ သဘောတရားကို မြင်ပြီးတဲ့နောက်မှ ရှေ့တက်ရမယ်၊ လာလာခြင်း ထိပ်တက်လို့ မရဘူး၊ တရားထိုင်တဲ့အခါကျတော့ တစ်ဆင့်ချင်း တစ်ဆင့်ချင်း သွားရတယ်။

အဲဒီ သမထ ဘာဝနာနဲ့ ဝိပဿနာ ဘာဝနာ နှစ်ပါးရဲ့ အကျယ်ကိုတော့ ၉–ခုမြောက် နောက်ဆုံးအပိုင်းမှာ ပြလိမ့်မယ်၊ သမထကမ္မဋ္ဌာန်း ၄၀–ရှိတယ်၊ ဝိပဿနာ ကမ္မဋ္ဌာန်း ဉာဏ်စဉ်တွေရှိတယ်၊ ဒါတွေကို နဝမပိုင်း, ၉–ခုမြောက်အပိုင်း ကျတော့ ကျမ်းဆရာတွေက ရေးသားလိမ့်မယ်။

အဲဒီတော့ ပွားများတာကို ဘာဝနာလို့ ခေါ်တယ်၊ ကောင်းပြီ၊ ဘာဝနာဆိုတဲ့ အထဲမှာ အပြစ်မရှိတဲ့ အတတ်ပညာ သင်ယူတာတို့ စာပေ ပရိယတ် ကြံစည် စဉ်းစားတာတို့၊ ဒါတွေလည်းပဲ ထည့်ရတယ်၊ ထည့်သင့်တယ်။

တရားထိုင်နေတာတော့ မဟုတ်ဘူး၊ သို့သော်လည်း စိတ်ဓာတ်ကို ကုသိုလ် တရားပွားများအောင် ပြုလုပ်တဲ့အတွက်ကြောင့် အပြစ်မရှိတဲ့အတတ်ပညာ လေ့လာ လိုက်စားတာ၊ သင်ယူတာ, စာပေပရိယတ် စဉ်းစားတာ, ကြံစည်တာ, သင်ယူတာ ဟာလည်းပဲ ဘာဝနာ၌ သွင်းယူသင့်တယ်လို့ ဆိုကြတယ်။

ကောင်းပြီ၊ ဒါနရယ်, သီလရယ်, ဘာဝနာရယ်,၃–မျိုးပြီးသွားပြီ၊ အကျဉ်း ချုပ်လိုက်ရင် ဒါပါပဲ၊ ဒါပေမယ့် ဒီမှာတော့ ကုသလကမ္မပထတရား ၁၀–ပါး ထိအောင် ကျမ်းဂန်မှာပြထားတယ်။

ဒါနသီလ ဘာဝနာပြီးတော့ နောက်ထပ်ပြထားတာက အပစာယနတဲ့၊ အပစာယနဆိုတာက အရိုအသေပေးမှုမှာပါတဲ့ စေတနာကို အပစာယနခေါ်တယ်၊ မိဘ, ဆရာသမား, ကိုယ့်ထက် ဂုဏ်သိက္ခာအားဖြင့်ဖြစ်စေ, အသက်အားဖြင့်

ဖြစ်စေ ကြီးတဲ့ပုဂ္ဂိုလ်တို့ဟာ အရိုအသေပေးလိုက်တဲ့ ပုဂ္ဂိုလ်တွေ၊ အဲဒီလို မိဘ, ဆရာသမား, ရဟန်းသံဃာ, ဂုဏ်အားဖြင့်ဖြစ်စေ, အသက်အားဖြင့်ဖြစ်စေ ကြီးတဲ့ ပုဂ္ဂိုလ်တို့ကို အရိုအသေပေးတယ်, ခရီးဦးကြိုဆိုတယ်, လက်အုပ်ချီတယ်, ရှိခိုးဦးချတယ်စသည်ဖြင့် အဲသလို ရိုသေမှုတွေကို (ရိုးရိုးသားသား ပြုတာကို ဆိုလိုတာ, နာမည်ရချင်လို့ ပြုတာမျိုးမဟုတ်ဘူး) အပစာယနလို့ ခေါ်တယ်။

အဲဒါဟာ ကုသိုလ်ပဲ၊ ရိုသေထိုက်တဲ့သူကို ရိုသေတာ, လေးစားထိုက်တဲ့သူကို လေးစားတာဟာ အလကားနေရင်း ကုသိုလ်ရနေတာပဲ၊ ဒါကြောင့်မို့ဦးဇင်းတို့ မြန်မာပြည်မှာကျတော့ ဒါဟာ ထုံးတမ်းစဉ်လာလို ဖြစ်နေတယ်၊ လူကြီးရှေ့ ဖြတ်သွားရင်ကုန်းသွား၊ ကူညီစောင့်ရှောက် အရိုအသေပေးလိုက်ဟဲ့နဲ့ ဒီလိုကိစ္စတွေ ရှိတယ်၊ ဒီနိုင်ငံ (အမေရိကန်) မှာကျတော့ အဲသလို အစဉ်အလာမရှိဘူး၊ သူတို့မှာ ကုသိုလ်ရဖို့ အခွင့်အရေး ရဖို့သိပ်နည်းတယ်၊ သနားဖို့သိပ်ကောင်းတယ်၊ ကုသိုလ်ရမှန်းလည်း မသိပဲကိုး၊ အနှစ် ၂၀–လောက်အတွင်းမှာ ဒီနိုင်ငံမှာ ဒီအစဉ်အလာတွေ လုံးဝပျက် စီးသွားတယ်လို့သိရတယ်၊ အရင်ကတော့ လူကြီးသူမကိုကြောက်ရတယ်, ရိုသေရ တာပဲ၊ အဲဒါ အပစာယနတဲ့၊ ဦးဇင်းတို့ မြန်မာဗုဒ္ဓဘာသာဝင်တွေက ရှိတယ်၊ လူကြီးကို လူကြီးအလိုက် ရိုသေလေးစားတတ်တယ်၊ သိပ်ကောင်းတဲ့ အစဉ်အလာပေါ့။

နောက်တစ်ခုက ဝေယျာဝစ္စတဲ့၊ အဲဒါက မြန်မာစကားကို ဖြစ်နေပါပြီ၊ ဝေယျာဝစ္စဆိုတာ မိဘစတဲ့ ပုဂ္ဂိုလ်တွေ, မကျန်းမမာဖြစ်တဲ့ ပုဂ္ဂိုလ်တွေ, အတူနေ သီတင်းသုံးဖော်တို့ရဲ့ အပြစ်ကင်းတဲ့လုပ်ငန်းတွေမှာ ကူညီဆောင်ရွက်ပေးတဲ့စေတနာ မျိုးကို ဝေယျာဝစ္စလို့ခေါ်တယ်၊ လုပ်စရာရှိတာကိုလုပ်ပေးတဲ့အခါမှာပါတဲ့ စေတနာ ပေါ့။

ကိုယ့်ထက်ကြီးတဲ့သူကို ရေခပ်ပေးတယ်၊ လမ်းဖြတ်ကူးနေတဲ့ သက်ကြီးရွယ်အိုကို တွဲကူညီပေးလိုက်တယ်, သူတို့မှာ လုပ်စရာရှိတာ လုပ်ပေးလိုက်တာကို ဝေယျာဝစ္စလို့ခေါ်တယ်၊ ဒါလည်း ကုသိုလ်ရတာပဲ၊ ဖြောင့်ဖြောင့်မှန်မှန်နဲ့ လုပ်ရင် ဘယ်နေရာမှာပဲဖြစ်ဖြစ် ကုသိုလ်ရတာပဲ။

ဦးဇင်းတို့ကျောင်းမှာပွဲရှိတဲ့အခါ ဝေယျာဝစ္စမလုပ်ကြဘူးလား၊ ဒကာမကြီးတွေ ချက်ကြပြုတ်ကြနဲ့လေ၊ ဒါဟာဝေယျာဝစ္စကုသိုလ်၊ ဒီကုသိုလ်ကလည်း တကယ် ထက်မြက် တယ်နော်၊ တစ်နေ့တော့ ဟောကိုဟောချင်သေးတယ်၊ ဒါပေမယ့် လှူတဲ့ပုဂ္ဂိုလ်ကို နှိမ်ပြောသလို ဖြစ်မှာစိုးလို့ချိန်ဆနေတာ၊ ဘာဖြစ်လို့လည်းဆိုတော့

ပါယာသိ မြို့စားနဲ့ ဥတ္တရလုလင် ဇာတ်လမ်းရှိတယ်၊ မြို့စားက ပေးလှူလိုက်လို့ ပြောရုံပဲ၊ ဥတ္တရလုလင်က စီမံခန့်ခွဲရတဲ့ (supervisor)ဆိုတော့ သူက ကိုယ်တိုင် လှူရတယ်၊ ရိုရိုသေသေ လှူရတယ်၊ မြို့စားက လှူလိုက် အမိန့်ပေးရုံပဲ၊ သေလို့ နတ်သွားဖြစ်တော့ ဥတ္တရက မြို့စားထက် အဆင့်မြင့်နေရော၊ အဲဒီတော့ မြို့စားက မခံချင်။

# အဘိဓမ္မာသင်တန်း ၃၃

## [ဝီထိမုတ်ပိုင်း]

## ကမ္မစတုက္က

**ပုညကြိယာဝတ္ထု ၁၀ ပါးနှင့် ကာမာဝစရကံအကျိုးပေး**

ဒီနေ့ ဇူလိုင်လ ၂၄–ရက်၊ ခရီးသွားနေတာနဲ့ ၂–ပတ်ပျက်သွားတယ်၊ ဟိုအပတ်တုန်း ပြောခဲ့တာ စုံသွားတယ်၊ ဝေယျာဝစ္စ တစ်ဝက်တစ်ပျက်နဲ့ပြီးသွားတယ်။

ဥတ္တရလုလင်နဲ့ ပါယာသိမြို့စားအကြောင်းပြောတာ သိပ်မရေရာလိုက်ဘူး၊ ထပ်ပြီးပြောရဦးမယ်။

ပါယာသိမြို့စားဆိုတာက မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုပြီးမှ သူက(ပါယာသိ) ဆိုတဲ့ မြို့ကိုစားရတာ၊ အဲဒီမြို့စားက မှားတဲ့အယူရှိနေတာကိုး၊ နောက်ဘဝဆိုတာ မရှိဘူး, သေပြီးတဲ့သတ္တဝါတွေဟာ တစ်ဖန်ဖြစ်တယ်ဆိုတာ မရှိဘူး, ကောင်းမှုကံ မကောင်းမှု ကံရဲ့ အကျိုးဆိုတာ မရှိဘူး, ဒီလိုအယူရှိနေတာ။

တစ်နေ့တော့ ကုမာရကဿပဆိုတဲ့ အရှင်နဲ့ စကားပြောပြီးတော့ ဥပမာ အမျိုးမျိုးနဲ့ ပြောပြပြီးတော့ သူအမြင်မှန် ရသွားတယ်။

အမြင်မှန်ရသွားတော့ ရှင်ကုမာရကဿပက သူက ဝတ်လို့ခေါ်တာပေါ့၊ ယဇ်ပူဇော်တဲ့အခါ ဆိတ်တွေ, နွားတွေ, ယဇ်မျိုး ပူဇော်တာ မကောင်းဘူး၊

စားဖွယ်သောက်ဖွယ်ကို လှူတာတန်းတာကောင်းတယ် ဟောတော့ပါရာသိမြို့စားက အလှူပေးတာ၊ ဒါပေမယ်လို့ သူပေးတဲ့ အလှူက ခပ်ချာချာဖြစ်နေတယ်။

သူက ဘာလှူလဲဆိုတော့ ပုန်းရည်ဟင်းဖြင့် မစိညက်သော ဆန်ကွဲထမင်း၊ ပုန်းရည်ဆိုတာ ပုဂံပုန်းရည်ကြီးမျိုး မဟုတ်ဘူး၊ ပုန်းရည် တစ်မျိုးရှိသေးတယ် မဟုတ်လား၊ ဆန်ကို အရည်လုပ်ပြီး အချဉ်တည်တာ၊ အဲဒါနဲ့ ဆန်ကွဲထမင်းနဲ့ကို ပေးလှူတာ။

အဲသလိုလှူတဲ့အခါ ဥတ္တရလုလင်ဆိုတာက စီမံအုပ်ချုပ်ရတာ၊ supervisor လုပ်ရတာ၊ အဲသလိုလုပ်ရတော့ သူကလည်း စိတ်မချမ်းသာဘူး၊ စိတ်မချမ်းသာတော့ သူက ဘယ်လိုဆုတောင်းသလဲ၊ "ဒီအလှူကြောင့် ကျွန်ုပ်ဟာ ပါယာသိမြို့စားကို ဒီပစ္စုပ္ပန်လောကမှာသာ ပေါင်းဆုံပါရစေ၊ တစ်ပါးသော လောကမှာ မပေါင်းဆုံရပါ စေသတည်း" သူက ဒီလိုဆုတောင်းတာ။

ဒီဘဝမှာတော့ ဥတ္တရလုလင်အနေနဲ့ မြို့စားရဲ့ အခိုင်းအစေဖြစ်နေလို့သာ မတတ်နိုင်တာကိုး၊ နောက်ဘဝများတော့ မဆုံပါရစေနဲ့လို့ ဆုတောင်းတာပေါ့။

အဲဒါကိုကြားတော့ မြို့စားကခေါ်ပြီးမေးတာပေါ့၊ "မင်းဘာကြောင့် ဒီလို ဆုတောင်းသလဲ၊ မင်းဒီလိုဆုတောင်းတယ်ဆိုတာ မှန်သလား" မေးတော့ ဟုတ်တယ် ဝန်ခံတယ်၊ ဘာဖြစ်လို့လည်းဆိုတော့ "အရှင်လှူတာက ပုန်းရည်ဟင်းနဲ့ ဆန်ကွဲထမင်းကို လှူတယ်, ဒီလိုဘောဇဉ် ဒီလိုအစားအစာမျိုးကို ခင်ဗျားခြေထောက်နဲ့တောင် ထိချင်မှာ မဟုတ်ဘူး, စားဖို့ဆိုတာဝေးရော၊ အဲသလို အညံ့စားကို ခင်ဗျားလှူတယ်၊ အဝတ်လှူပြန်တော့လဲ ချည်ထုံးချည်မျှင်တွေနဲ့ အဖုအထစ်တွေနဲ့ ကြမ်းတမ်းတဲ့ အဝတ်ကို ခင်ဗျားလှူတယ်၊ ဒီအဝတ်မျိုးလည်း ခင်ဗျားခြေထောက်နဲ့ တို့ချင်မှာ မဟုတ်ဘူး၊ ဝတ်ဖို့ဝေးရောပဲ၊ ကျွန်တော် ခင်ဗျားကိုချစ်ပါတယ်၊ဒါပေမယ့် ဒီဟာ နှစ်ခုစလုံးအတွက် ဘယ်လိုပြောရမှန်း မသိဘူး၊ ချစ်တာနဲ့ လုပ်ပုံကိုင်ပုံ မကြိုက်တာနဲ့"ပေါ့၊ အဲသလို ပြောတယ်။

ပါယာသိမြို့စားက ငါစားတဲ့ အစာမျိုးပဲဆိုပါတော့ကွာ၊ ငါဝတ်တဲ့အဝတ်မျိုးပဲ ဆိုပါတော့ကွာ ဆိုပြီးတော့ လှူတယ်၊ အဲဒီအခါမှာ ပါယာသိမြို့စားက အလှူလုပ်တာနေရာမကျဘူး၊ အဲဒါသိပ်ပြီး အတုယူဖို့ကောင်းတယ်၊ သူက အရိုအသေမပြုမှု၍ လှူတယ်တဲ့၊ အလှူလှူတဲ့အခါ လေးလေးစားစားနဲ့ မလှူဘူးပေါ့လေ၊ ပေါ့ပေါ့ဆဆပဲ။

အခုခေတ်လည်း တချို့လုပ်တတ်ကြတယ်လေ၊ လှူတာပဲကွာ, ပြီးတာပဲဆိုပြီး တော့ လေးနက်တဲ့သဘောမပါဘူး၊ အဲသလို မရိုမသေလုပ်တာတစ်ခု။

ပြီးတော့ ကိုယ်တိုင်လက်နဲ့မလှူဘူး၊ သူများနဲ့ လှူခိုင်းတာတို့, ထည့်ပေးလိုက်တာတို့၊ ဒါလည်း အရေးကြီးတယ်၊ တချို့ကပြောကြတယ်၊ "လှူတာပဲ, ကိုယ်တိုင်လုပ်နေ မှလား" ဘာလားနဲ့ ပြောလေ့ရှိကြတယ်၊ အခု ဒီဝတ္ထုကိုထောက်ရင် အလှူလုပ်တဲ့အခါ ကိုယ်တိုင်လှူမှ ပိုပြီးတော့ အကျိုးများတယ်၊ အဲသလို သူက ကိုယ်တိုင်လှူတာလည်း မဟုတ်ဘူးတဲ့။

အလေးအမြတ်ပြုပြီးတော့ လှူတာလည်း မဟုတ်ဘူးတဲ့၊ ပြီးတော့ လွှင့်ပစ်သလို လှူတယ်၊ ပစ်ပစ်ခါခါလုပ်ပြီးတော့လှူတယ်၊ အဲသလို လှူတဲ့အတွက်ကြောင့် သူ့အနေနဲ့ အဲဒီဘဝကသေတဲ့အခါကျတော့ ဘယ်မှာသွားဖြစ်သလဲဆိုတော့ ပရိသတ်ဘာမှမရှိတဲ့ ဟာလာဟင်းလင်းဖြစ်နေတဲ့ သေရီသကဆိုတဲ့ ဗိမာန်မှာ နတ်သွားဖြစ်တယ်၊ စတုမဟာရာဇ်နတ်မျိုးပေါ့၊ စတုမဟာရာဇ်ဆိုတာ အောက်ဆုံးမဟုတ်လား၊ အခြံအရံလည်းမရှိဘူးပေါ့နော်။

ဥတ္တရလုလင်ကတော့ သူ့မြို့စားခိုင်းလို့ လှူရတာဖြစ်ပေမယ့် သူက အရိအသေပြုပြီးတော့လှူတယ်၊ ကိုယ်တိုင်လက်နဲ့ ကိုင်တွယ်ပြီးလှူတယ်၊ အလေးအမြတ်ပြုပြီးလှူတယ်၊ ပစ်ပစ်ခါခါမပြုပဲနဲ့လှူတယ်၊ အဲသလိုလှူတဲ့အတွက်ကြောင့် သူ့ကျတော့ တာဝတိံသာနတ်ပြည်မှာ သွားဖြစ်တယ်၊ တစ်ဆင့်မြင့်သွားတယ်။

အဲသလိုဖြစ်သွားတော့ တစ်ခုသောအခါမှာ ဂဝံပတိဆိုတဲ့ မထေရ်ရဟန္တာတစ်ပါးက ရှိတယ်၊ အဲဒီရဟန္တာက သေရီသကဗိမာန်ကို နေ့လည်မှာ သွားနေလေ့ရှိတယ်၊ အဲဒီအခါမှာ ပါယာသိနတ်သားက ဂဝံပတိမထေရ်ထံ ချဉ်းကပ်ရှိခိုးတဲ့အခါမှာ ဂဝံပတိမထေရ်က မေးတယ်။

"ဒါယကာ, မင်းဘယ်သူလဲ၊" "တပည့်တော်ဟာ နောက်ဘဝတုန်းက ပါယာသိမြို့စားပဲပေါ့၊ အခု ဒီမှာလာပြီး နတ်ဖြစ်နေတာပါ၊" "မင်းဟာ လူ့ဘဝတုန်းက ဒီလို အယူရှိခဲ့တယ် မဟုတ်လား"ဆိုပြီးမေးတော့ "ဟုတ်ပါတယ်၊ ဒါပေမယ့် အရှင်ကုမာရ ကဿပ ဆုံးမလို့ အဲဒီအယူက ကင်းလွတ်သွားပါပြီ"

နောက်တစ်ခါ နတ်သားက အရှင်ဂဝံပတိကို မှာတယ်၊ အဲဒီမှာတဲ့ စကားလေးက သိပ်ကောင်းတယ်။

"အရှင်ဘုရား, တပည့်တော်ရဲ့ အလှူကို စီမံအုပ်ချုပ်တဲ့ ဥတ္တရလုလင်ဟာ အရိအသေပြု လှူလို့, မိမိလက်နဲ့လှူလို့, အလေးအမြတ်ပြုပြီး လှူလို့, ပစ်ပစ်ခါခါ မလုပ်ပဲနဲ့ လှူတဲ့အတွက်ကြောင့် သေတဲ့အခါကျတော့ တာဝတိံသာနတ်ပြည်မှာ သွားဖြစ်တယ်၊ တပည့်တော်က သူလိုမလှူခဲ့တဲ့အတွက်ကြောင့် ပစ္စည်းအကုန်ခံ

တာတော့ သူကအကုန်ခံတာ၊ ဒါပေမယ်လို့ (ခုနက ပြောသလို ရိုရိုသေသေ ပြုလုပ်ပြီး မလှူလို့) ပရိသတ်မရှိတဲ့ သေရီသကဇိမာန်မှာ စတုမဟာရာဇ်နတ်လာ ဖြစ်ရပါတယ်ဘုရား"တဲ့ သူက အခုမှ ခံပြင်းနေတယ်။

"အဲဒါကြောင့်မို့ အရှင်ဘုရား လူ့ပြည်ပြန်ရောက်တဲ့အခါမှာ ဒကာဒကာမတွေကို ပြောပြပါဘုရား၊ ပါယာသိမြို့စားတော့ ဒီလိုပဲ မရိုမသေလှူလို့ အညံ့စားနတ်လေး သွားဖြစ်တယ်၊ ဥတ္တရလုလင်ကတော့ ရိုရိုသေသေလှူလို့, ကိုယ်တိုင်လှူလို့ တာဝတိံသာမှာ နတ်ဖြစ်တယ် ပြောပါဘုရား" အဲသလို မှာတယ်။

အဲသလိုမှာတဲ့အတွက်ကြောင့် အရှင်ဂဝံပတိက လူ့ပြည်ရောက်တဲ့အခါကျ လူတွေကို ပြန်ပြောပြတယ်။

ဒီနေရာမှာ ပြောချင်တာက ဝေယျာဝစ္စအကြောင်း ပြောချင်တာ၊ ဝေယျာဝစ္စဟာလည်း ကျေးဇူးများတယ်၊ သူများလှူတာပဲ, ငါဝင်လုပ်စရာမလိုပါဘူး, ဒီလိုမဟုတ်ဘူး၊ သူများလှူရာမှာ ဝင်လုပ်လည်း စေတနာကောင်းကောင်း ရိုရိုသေသေ လေးလေးစားစားနဲ့ လုပ်မယ်ဆိုရင် (ဒီဝတ္ထုထဲကအတိုင်း) အလှူရှင်ထက်တောင် သာသွားသေးတယ်။

တကယ်ပစ္စည်း အကုန်ခံလှူတဲ့သူထက် ရိုရိုသေသေနဲ့ ကိုယ်တိုင်ကိုယ်ကျ လှူတဲ့သူက အထက်တန်းကျသွားတယ်၊ ဒါဟာ ဝေယျာဝစ္စတဲ့၊ သူများကုသိုလ်ကိစ္စတွေမှာ ကူညီဆောင်ရွက်တာ အကုန်လုံးဟာ ဝေယျာဝစ္စတဲ့၊ အခုကျောင်းမှာ ပွဲတော်ရှိတဲ့အခါ ဝိုင်းဝန်းလုပ်ကြတာတွေဟာကောင်းတယ်။

အထူးသဖြင့် အမျိုးသမီးတွေပေါ့လေ၊ ချက်ကြပြုတ်ကြ သိမ်းဆည်းကြနဲ့၊ ဒါလုပ်ရတာလည်း မသက်သာဘူး၊ ဝေယျာဝစ္စဟာ ကုသိုလ်ရတယ်ဆိုတဲ့ အနေနဲ့ စိတ်ထားဖြူဖြူစင်စင် သန့်သန့်ရှင်းရှင်းနဲ့ လုပ်မယ်ဆိုရင် သူကလည်း ကြီးမားတဲ့ အကျိုးကို ရနိုင်တယ်၊ ဒါဟာ ဝေယျာဝစ္စကုသိုလ်။

ဝေယျာဝစ္စပြီးတော့ ပတ္တိဒါနတဲ့၊ ပတ္တိဒါနဆိုတာ မိမိရသောကုသိုလ်အဖို့ကို အမျှဝေခြင်းတဲ့၊ ဒါကတော့ ဗုဒ္ဓဘာသာဝင်တွေ အမြဲတမ်းလုပ်နေကျပါ၊ မြန်မာလို ရှင်းရှင်းပြောရရင်တော့ အမျှပေးတာပါပဲ။

အမျှဆိုတာ ကိုယ်က ပထမရပြီးမှ ကိုယ်ရတာကို မျှပေးရတာ၊ ဒါကို ပါဠိလို ပတ္တိဒါန၊ ပတ္တိဆိုတာရတာ၊ ဒါနဆိုတာပေးတာ၊ ကိုယ်ရတဲ့ ကုသိုလ်အဖို့ကို သူများကိုပေးတာ၊ ကိုယ်ရသလိုပဲ သူများရပါစေ, အညီအမျှရပါစေဆိုတဲ့ အဓိပ္ပါယ်ရှိတယ်၊ ဒါကြောင့်မို့ အမျှပေးတယ်လို့ မြန်မာစကားမှာ သုံးတယ်၊ ကုသိုလ်ကောင်းမှု

တစ်ခုခုပြုပြီးတဲ့နောက် အမျှပေးတယ်ပေါ့၊ ဒါဟာပတ္တိဒါန။

ကျမ်းဂန်တွေမှာကတော့ များသောအားဖြင့် ဒါနပြုတဲ့အခါ ဒီလို အမျှဝေတာပြုကြတယ်တဲ့၊ ဒါပေမယ့် တခြားကုသိုလ်တွေလုပ်ပြီးအမျှဝေရင်လည်း အတူတူပါပဲတဲ့၊ ရတာပါပဲလို့ ဒီလိုဆိုတယ်။

အဲဒီပတ္တိဒါန အမျှဝေတာနဲ့ ပတ်သက်ပြီးတော့ ၂-ခုပြောချင်တယ်၊ ပတ္တိဒါနနဲ့ နောက်တစ်ခုက ပတ္တာနုမောဒနာတဲ့။

ပတ္တဆိုတာ ကိုယ့်ဆီရောက်လာတာ၊ အနုမောဒနာဆိုတာက ဝမ်းမြောက်တာ၊ သူများက ပေးလိုက်လို့ ကိုယ့်ဆီရောက်လာတဲ့ ကုသိုလ်ကို ကိုယ်ကဝမ်းမြောက်တာ၊ မြန်မာလိုတော့ သာဓု သာဓုလို့ သာဓုခေါ်တာကို ပတ္တာနုမောဒနာလို့ ခေါ်တာ။

မြန်မာထုံးစံက အမျှယူတော်မူကြပါကုန်လို့ပြောလိုက်တယ်၊ ဒါက ပတ္တိဒါနပေါ့၊ သာဓု, သာဓု, သာဓုလို့ ခေါ်လိုက်တာက ပတ္တာနုမောဒနာ၊ အဲဒီလိုရှိတယ်။

အဲဒီပတ္တိဒါနနဲ့ ပတ္တာနုမောဒနာနဲ့ ပတ်သက်ပြီးတော့ နားလည်ထားဖို့ကောင်းတာရှိတယ်၊ ဗုဒ္ဓဘာသာမှာ ကိုယ်လုပ်မှ ကိုယ်ရတယ်ဆိုတဲ့ အယူအဆရှိတယ်၊ ကိုယ်လုပ်တာကို သူများမရဘူး၊ သူများလုပ်တာကိုယ်မရဘူး၊ အဲသလို principle ရှိပြီးတော့ အခုကျတော့ ကုသိုလ်အမျှပေးနေပါလား, အမျှဝေနေပါလား, ရှုးနေတာလား, ဘယ်လိုလဲ, ဒါ မေးစရာဖြစ်တယ်၊ ပြောစရာရှိတယ်။

ပတ္တိဒါန, မိမိရဲ့ကုသိုလ်အဖို့ကို ပေးတယ်ဆိုတာ မိမိမှာရှိတဲ့ ပစ္စည်းတစ်မျိုးကို ပေးလိုက်တာမျိုး မဟုတ်ဘူး၊ နောက်ဆုံးပြောမယ်၊ ကိတ်မုန့် တစ်လုံးရှိတယ်၊ ထက်ခြမ်းခြမ်းပြီး သူများကိုပေးလိုက်တာမျိုးမဟုတ်ဘူး၊ အဲသလို မျိုးသာ ဆိုရင် ကိုယ်က တစ်ခြမ်းပဲ စားရမယ်၊ တစ်ခြမ်းကို သူများပေးရမယ်ပေါ့။

အခုပတ္တိဒါနဆိုတာ အမှန်ကတော့ ကိုယ့်ကုသိုလ်ကို အကြောင်းပြုပြီးတော့ သူ့ကို ကုသိုလ်ရအောင် လုပ်ပေးလိုက်တာ၊ ဒါကိုပဲပတ္တိဒါနလို့ခေါ်တာ၊ ကိုယ်က ကုသိုလ်ပြုပြီးတော့ ငါကုသိုလ်ကို အမျှယူကြပါ၊ အမျှယူကြပါဆိုတာ ငါ့ကုသိုလ်ကို မင်းတို့ဝမ်းသာကြပါ၊ ငါ့ကုသိုလ်အကြောင်းပြုပြီး ဝမ်းသာကြပါလို့ပြောတာ။

အဲသလို ဝမ်းသာလို့ ဟိုပုဂ္ဂိုလ်က သာဓု သာဓု သာဓုလို့ ခေါ်လိုက်တော့ သူ့သန္တာန်မှာ ကုသိုလ်စိတ် ဖြစ်သွားတယ်၊ အဲဒီကုသိုလ်စိတ်ဟာ ကိုယ့်ကုသိုလ်က အကြောင်းခံတာ၊ ကိုယ့်ကုသိုလ်ကသူ့ကုသိုလ်ဖြစ်ဖို့အတွက် အကြောင်းဖြစ်တယ်၊ ဒါကိုပဲ အမျှဝေတယ်, အမျှရတယ်လို့ဆိုတယ်။

အမျှဝေတယ်ဆိုတာကို အင်္ဂလိပ်လို (transfar of merit) အဲဒါ

မကောင်းဘူး၊ transfar ဆိုတာက တစ်နေရာက တစ်နေရာကို ရွှေ့လိုက်တာ ဆိုတော့ ကိုယ့်ဆီမရှိတော့ဘူး၊ ပစ္စည်းတစ်ခုကို ဟိုနားရွှေ့လိုက်တော့ ပစ္စည်းက ဒီနားမရှိတော့ဘူးပေါ့၊ ဒါကြောင့်မို့ transfer ဆိုတာ မကောင်းဘူး၊ sharing ဆိုရင် နည်းနည်းတော်သေးတယ်၊ ဒါလည်းပဲ သိပ်မဟုတ်လှဘူး၊ ဒါပေမယ့် transfer ထက်စာရင် တော်သေးတယ်၊ ဒါပေမယ့် မတတ်နိုင်ဘူး sharing ထက် ကောင်းတဲ့စကားလုံးကလည်း ရှာမတွေ့ဘူး၊ ဒါကြောင့်မို့ sharing of merit လို့သုံးတာက ပိုကောင်းတယ်။

ကောင်းပြီ၊ ဒါကြောင့်မို့ အမျှဝေတဲ့အခါမှ ကိုယ့်ကုသိုလ်လျော့သွားသလား, မလျော့ဘူး, ကိုယ့်ကုသိုလ်သူများဆီ ရောက်သွားသလား၊ ရောက်တာမဟုတ်ဘူး၊ ကိုယ့်ကုသိုလ်ကို အကြောင်းပြုပြီး သူတို့ကိုပါ ကုသိုလ်ရအောင်လုပ်ပေးတာပင်လျှင် အမျှပေးတာလို့ခေါ်တယ်။

ပထမဆုံး ကိုယ်က လုံးဝကုသိုလ်မလုပ်ပဲနဲ့တော့ အမျှပေးလို့မရဘူး၊ ဒါကြောင့် ပထမဆုံး ကိုယ်က ကုသိုလ်လုပ်ရမယ်၊ ဒါနကုသိုလ်ဖြစ်စေ, သီလကုသိုလ် ဖြစ်စေ, ဘာဝနာကုသိုလ်ဖြစ်စေ လုပ်ရမယ်၊ အထူးသဖြင့် ဒါနပေါ့။

ပြုပြီးတဲ့နောက် အမျှယူတော်မူပါလို့ အမျှပေးလိုက်တယ်၊ သူတို့က သာဓု, သာဓု, သာဓုခေါ်လိုက်တဲ့အခါကျတော့ သူတို့မှာ ကုသိုလ်ရသွားတယ်။

အဲဒီလို အမျှဝေတဲ့အခါမှာ အခုလူ့လောကမှာ အမျှဝေတော့ တခြားလူတစ်ယောက်က သာဓု, သာဓု, သာဓုခေါ်တော့ သူကုသိုလ်ရသွားတာပဲဆိုပြီး ဘာမှစိတ်မှာ ထူးထူးခြားခြားဖြစ်မသွားဘူး၊ ဒါပေမယ်လို့ ကွယ်လွန်ပြီးသူတွေကို ရည်ရွယ်ပြီးလုပ်တဲ့ ကုသိုလ်ကို အမျှပေးဝေတာကျတော့ ဟိုပုဂ္ဂိုလ်တွေက သာဓုခေါ်နိုင်ရင် သာဓုခေါ်တဲ့ အချိန်အခါနဲ့ တိုက်ဆိုင်နေရင် အခြေအနေက ပိုကောင်းတယ်။

မြတ်စွာဘုရားလက်ထက်က ဗိမ္ဗိသာရ မင်းကြီးဆိုတာရှိတယ်၊ အဲဒီဗိမ္ဗိသာရ မင်းကြီးရဲ့ ဆွေမျိုးတွေဟာ ဟိုရှေးရှေးအခါထဲကပြိတ္တာဖြစ်နေကြတယ်၊ သံဃာတော်တွေကို ဆွမ်းလုပ်ကျွေးတော့ သံဃာတော်တွေ မကပ်ပဲ သူတို့စားလို့သောက်လို့ပေါ့လေ၊ အဲသလိုဖြစ်နေတော့ သူတို့ဟာ ပြိတ္တာဖြစ်ပြီး မစားရမသောက်ရဖြစ်နေတယ်။

ဘုရားတစ်ဆူပွင့်လိုက်ပြန်ရင် သူတို့လျှောက်ထားကြတယ်၊ သူတို့ပြိတ္တာဖြစ်နေတယ် ဘယ်လိုလုပ်ရမလဲပေါ့၊ အဲဒီတော့ မြတ်စွာဘုရားရှင်တို့က ကြည့်လိုက်တော့ ငါတို့လက်ထက်မှာ မင်းတို့ လွတ်ကိန်းမမြင်ဘူးပေါ့၊ ဒါပေမယ့် ဂေါတမ မြတ်စွာဘုရား ပွင့်တဲ့အခါ မင်းတို့ရဲ့ ဆွေမျိုးဟာ ဗိမ္ဗိသာရမင်းကြီးဆိုတာဖြစ်လိမ့်မယ်၊

သူဖြစ်တဲ့အခါမှာ အလှူကြီးလုပ်လိမ့်မယ်၊ အဲဒီအခါမှာ မင်းတို့အမျှရလိမ့်မယ်၊ အဲသလိုပြောတော့ သူတို့မှာ နက်ဖြန်သန်ဘက်ရတော့ မလောက်ပဲ ဝမ်းသာသွားတာ ပေါ့လေ။

အဲဒါနဲ့ ဂေါတမမြတ်စွာဘုရား လက်ထက်ရောက်တော့ ဗိမ္ဗိသာရမင်းကြီး ဆိုတာလည်း ရာဇဂြိုဟ်ပြည်မှာ မင်းဖြစ်လာတယ်၊ ဗိမ္ဗိသာရမင်းကြီးဟာ ဒီလိုအကျိုး အကြောင်းတွေ မသိတော့ အလှူလုပ်တဲ့အခါ အမျှမဝေဖြစ်ဖူးဘူးပေါ့၊ သူတို့က အမျှမရလိုက်ကြဘူး၊ အမျှမရကြတော့ ညအခါ ခြောက်လှန့်ကြတယ်။

ဗိမ္ဗိသာရမင်းကြီးဟာ သူတို့ရဲ့ ငြီးညူအော်သံကြားပြီး မနက်ကျတော့ မြတ်စွာဘုရားထံလျှောက်ထားတယ်၊ ညကကြားရတဲ့အသံတွေအကြောင်း လျှောက် တော့ဘုရားက အဲဒါ အခြားသူမဟုတ်ဘူး၊ မင်းဆွေမျိုးတွေ၊ သူတို့က အမျှစောင့်နေ တာ၊ အဲဒါအမျှမဝေလို့ ကိုယ်ထင်ပြပြီး အမျှတောင်းခံတာဆိုတော့မှ နောက်တစ်ခါ ထပ်ကုသိုလ်ပြုပြီး သူတို့ကို တိုက်ရိုက်ရည်စူးပြီး အမျှဝေတယ်၊ အဲဒီအခါမှ သူတို့ အမျှရကြပြီး သာဓုခေါ်တဲ့အခါ စားစရာသောက်စရာတွေ ရသွားတယ်၊ ဝတ်ဆင်စရာ တွေ ရသွားတယ်။

ဒါကြောင့်မို့ ပတ္တိဒါန ပတ္တာနုမောဒနာပြုတဲ့အခါမှာ တိုက်ရိုက်ရည်စူးပြီး ပြုတာရှိတယ်၊ သဗ္ဗေသတ္တာအတွက် ပြုလုပ်တာရှိတယ်၊ သဗ္ဗေသတ္တာအတွက် ထည့်ပြီးအမျှဝေလို့ သာဓုခေါ်ရင် ကုသိုလ်ရတာပဲ၊ ချက်ခြင်းတိုးတက်သွားတာ ဟုတ်ချင်မှဟုတ်မယ်။

သို့သော် ခုနလို ပုဂ္ဂိုလ်အတွက် သီးခြားရည်ရွယ်ပြီးတော့ အမျှဝေတဲ့အခါ ကျတော့ သူတို့ကလည်း သာဓုခေါ်နိုင်တယ်ဆိုရင် သူတို့တကယ်ရတယ်၊ နတ်ပဲဖြစ် ဖြစ်၊ တစ္ဆေပြိတ္တာပဲဖြစ်ဖြစ်ပေါ့လေ, ရတယ်၊ ဒါကြောင့် ပတ္တိဒါနနဲ့ ပတ္တာနုမောဒနာ အကြောင်းကို ဒီလိုနားလည်ထားပါတဲ့၊ တော်ကြာကျတော့ မင်းတို့ ဗုဒ္ဓဘာသာက ကိုယ်လုပ်မှ ကိုယ်ရတယ်လည်းပြောသေးတယ်၊ အခုတော့ သူများလုပ်တာ သာဓု ခေါ်ပြီး ရနေပါလားလို့ ပြောကြလိမ့်မယ်၊ သာဓုမခေါ်ရင် မရဘူး။

ဒါနဲ့ ပတ်သက်ပြီးတော့ အရှင်အနုရုဒ္ဓါအလောင်း ဟိုရှေးရှေးက အန္နဘာရ သူဆင်းရဲဖြစ်ခဲ့တုန်းက တစ်နေ့တော့ ရှင်ပစ္စေကဗုဒ္ဓါတစ်ပါးက သမာပတ်မှ ထပြီးတော့ သူဆင်းရဲကို ချီးမြှောက်ချင်တာနဲ့ ဆွမ်းခံကြွတယ်၊ သူက မြင်တဲ့အခါ ဆွမ်းရပါပြီလားမေး၊ မရသေးဘူးပေါ့၊ ဒါနဲ့ ခဏနေပါဦးဆိုပြီး အိမ်ပြန်၊သူ့အတွက် ချန်ထားတဲ့ သူစားမယ့်ထမင်းကို မစားပဲ ရှင်ပစ္စေကဗုဒ္ဓါကို လှူလိုက်တယ်။

အဲသလိုလှူလိုက်တော့ နတ်တွေက (ထီးချက်စောင့်လို့ခေါ်တဲ့နတ်) သာခုခေါ်သံ သူဌေးက ကြားတော့ သူဌေးလှူတာကို သာခုခေါ်တယ် ထင်ပြီးမေးတာ၊ နတ်ကပြောတယ်၊ မင်းလှူတာ သာခုခေါ်တာမဟုတ်ဘူး၊ အန္နဘာရ သူဆင်းရဲဟာ သူစားမယ့် ထမင်းမစားပဲ ရှင်ပစ္စေကဗုဒ္ဓါကို လှူတဲ့အတွက်ကြောင့် သာခုခေါ်တာဆိုတော့ သူဌေးက သူပြုတဲ့ ကုသိုလ် ငါရအောင်ယူမယ်ပေါ့၊ နတ်ကတောင်ချီးကျူးရတဲ့ ကုသိုလ်ဖြစ်သွားပြီမဟုတ်လား။

အဲဒါနဲ့ သူက အန္နဘာရကို ပြောတယ်, ဟေ့– မင်းထမင်း ငါဝယ်မယ်ကွ, ရှင်ပစ္စေက ဗုဒ္ဓါဆိုတော့ ရောက်သွားပြီ, ဒါပေမယ့် မင်းရဲ့ထမင်း ငါဝယ်မယ်၊ ပထမတစ်ကျပ်ပေးတယ်၊ မရောင်းဘူး၊ ဒါနဲ့ နှစ်ကျပ်သုံးကျပ် တိုးပေးသွားတာ တစ်ဆယ်အထိ ပေးသွားတယ်၊ မရောင်းနိုင်ဘူးဆိုတော့ "မင်းရဲ့ထမင်း မရောင်းနိုင်ရင်လည်း ငါ့ကို အမျှလေးတော့ ပေးပါကွာ"ဆိုတော့ ဒါကတော့ ပေးနိုင်တယ်ဆိုပြီး ရှင်ပစ္စေကဗုဒ္ဓါ သွားလျှောက်တယ်။

"အရှင်ဘုရား ဒီလိုပဲ ကုသိုလ်အဖို့တောင်းနေတယ်ပေါ့၊ တပည့်တော်ပေးရမလား"ဆိုတော့ ရှင်ပစ္စေကဗုဒ္ဓါက အဲဒီအခါမှာ ပြောပြတာရှိတယ်၊ ရှင်ပစ္စေကဗုဒ္ဓါကြီးက ဒီလိုလုပ်ခဲ့တယ်၊ ဆုတောင်းပြည့်စေသတည်းဆိုပြီး ပြန်သွားတာပဲများတယ်၊ ဒီတစ်ခါကျတော့ ရှင်ပစ္စေကဗုဒ္ဓါက ဥပမာလေးတစ်ခုနဲ့ပြောတယ်။

အဲဒီဥပမာက ဆီမီးဥပမာပါ၊ "မင်းဆီမှာ ဆီမီးတစ်တိုင်ရှိတယ်တဲ့၊ လာသမျှလူတွေက သူတို့မီးအိမ်လေးတွေဆီဆွတ်ပြီး မင်းဆီလာကြပြီးမင်းဆီမီး လာညှိပြီးယူသွားကြတဲ့အခါ မင်းမူလဆီမီး ရှိသေးလား မရှိဘူးလား"တဲ့၊ "ရှိတာပေါ့, ပိုပြီး လင်းလာသေးတယ်"ဆိုတော့၊ အေး–ဒီအတိုင်းပဲ၊ မင်းကုသိုလ်ကို သူတို့က အမျှယူတဲ့ အတွက်ကြောင့်မို့ သူတို့လည်း ကုသိုလ်ရ, မင်းလည်းထပ်ကုသိုလ်ရတယ်၊ ဒါကြောင့်မို့ အမျှပေးပေးလိုက်ဆိုတော့မှ အဲဒီတော့မှ သူက အမျှပေးတာ။

အမျှသာပေးတာ၊ ဟိုက ပိုက်ဆံပေးတော့မယူပြန်ဘူး၊ "ကျွန်တော် ခင်ဗျားကို စေတနာနဲ့ အမျှပေးတာပါ၊ ရောင်းတာမဟုတ်ဘူး" ဆိုတော့မှ "မဟုတ်ပါဘူးကွာ၊ ငါလဲမင်းကို ကျေးဇူးတင်လို့ ကျေးဇူးဆပ်တဲ့အနေနဲ့ ပေးတာပါ"လို့ အဲသလို လုပ်ယူရတယ်၊ "နောက်လည်း မင်းဘာမှ အလုပ်လုပ်မနေနဲ့တော့၊ လိုချင်တာရှိ ငါ့ထံ တောင်း" ဆိုပြီးတော့ အန္နဘာရလုလင်ဟာ ချမ်းသာသွားတယ်ပေါ့။

ဒါကြောင့်မို့ အရေးကြီးတာက ပတ္တိဒါန,ပတ္တာနုမောဒနာလုပ်တဲ့နေရာမှာ ကုသိုလ်ဟာ လျော့သွားတာမဟုတ်ဘူး၊ အဲဒီလိုလုပ်တဲ့အတွက်ကြောင့် ပတ္တိဒါန

ကုသိုလ်တစ်ခုထပ်ရတယ်။

ဒါကြောင့်မို့ အမျှပေးရင် ကုသိုလ်တိုးတောင်တိုးသေးတယ်၊ လျော့မသွားဘူး၊ အမျှပေးတဲ့ ကုသိုလ်တစ်ခု ထပ်ရတယ်၊ ဒါဟာပတ္တိဒါန, ပတ္တာနုမောဒနာနဲ့ ပတ်သက်ပြီးတော့ မှတ်စရာတွေပဲ။

နောက်တစ်ခုက ဓမ္မဿဝန, တရားနာမှု, တရားနာတယ်ဆိုတာလည်းပဲ ရိုးရိုးသားသားနဲ့ တကယ်တရားကိုလိုလားပြီး နာယူတာမျိုးကို ဆိုလိုတာ၊ ဒီလူတော့ တရားနာတတ်တယ်လို့ သူများပြောစေချင်တာနဲ့ သွားနာတာမျိုးကျတော့ ကုသိုလ် မရဘူးလို့တော့ မဆိုလိုဘူးပေါ့၊ အဲဒီလို တရားနာယူမှုဟာလည်းပဲ ပုညကြိယာဝတ္ထု ဆယ်ပါးမှာ တစ်ပါးပါတယ်။

ဓမ္မဒေသနာတဲ့၊ လာဘ်လာဘကို မငဲ့ကွက်ပဲ တရားဟောမှု, ဒီနေရာမှာ လာဘ်လာဘကိုငဲ့ပြီး တရားဟောရင် ကုသိုလ်မရဘူးလို့တော့ မဆိုလိုဘူးပေါ့လေ၊ များများမရဘူးပေါ့။

ဒါကြောင့်မို့ တရားဟောတဲ့အခါ တရားဟောတဲ့ပုဂ္ဂိုလ်က (လူဖြစ်ဖြစ်, ရဟန်းဖြစ်ဖြစ်) တကယ့်ကို စေတနာသန့်သန့်နဲ့ လာဘ်လာဘကို မငဲ့ကွက်ပဲ ဟောမှပြောမှ ကုသိုလ်ကောင်းကောင်းရတယ်။

ဒါကြောင့်မို့ တရားနာတာလည်းကုသိုလ်တစ်ခုပဲ၊ တရားဟောတာလည်း ကုသိုလ် တစ်ခုပဲ၊ ဒီနေရာမှာ တရားနာတာနဲ့ ပတ်သက်ပြီးတော့ အပြစ်ကင်းတဲ့ အတတ်ကို သင်ယူတာလို့ပါတယ်၊ ဒါလည်းပဲတရားနာတာပဲ၊ ဒါကို အပြစ်ကင်းတဲ့ အတတ်မျိုး သင်ယူတာတောင်မှ ဓမ္မဿဝနထဲမှာ ထည့်လို့ရတယ်၊ ဓမ္မဒေသနာလည်း ဒီအတိုင်းပဲ၊ အပြစ်ကင်းတဲ့ အတတ်မျိုး သင်ပေးတာတို့, တရားသင်ပေးတာတို့, တရားဟောတာ တို့ဟာ ဓမ္မဒေသနာပဲ၊ တရားနာခြင်းသည်လည်း ကုသိုလ်တစ်ခုပဲ၊ တရားဟောတာလည်း ကုသိုလ်တစ်ခုပဲ။

ကောင်းပြီ, နောက်တစ်ခုက ဒိဋ္ဌိဇုကမ္မတဲ့၊ အယူကိုဖြောင့်မတ်စွာပြုမှု၊ ဒါက ဘာလဲဆိုတော့ ကံ, ကံ၏ အကျိုးကို ယုံကြည်တာ၊ ကမ္မဿကတာဆိုတာ ရှိတယ်၊ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိတယ်လို့ ယုံကြည်တာ။

လောကမှာ စဉ်းစားကြည့်လိုက်ရင် လူတွေဟာ အချို့အသက်ရှည်တယ်, တချို့ အသက်မရှည်ဘူး၊ တချို့လှတယ်, တချို့မလှဘူး၊ တချို့ရောဂါကင်းတယ်၊ တချို့ရောဂါမကင်းဘူး၊ အမျိုးမြတ်တယ်, အမျိုးမမြတ်ဘူး အစရှိသည်ဖြင့် ရှိကြ ရာမှာ ဒါတွေဟာ ဘာကြောင့်ဖြစ်ပါလိမ့်လို့ စဉ်းစားလိုက်တဲ့အခါမှာ အမြင်မှန်ရှိတဲ့

သူတွေက မြတ်စွာဘုရားဟောခဲ့တဲ့ ရှေးကံကြောင့်ပဲလို့ ပေါ်လာတယ်။

ဒါကြောင့်မို့ သတ္တဝါတွေမှာ တစ်ဘဝက တစ်ဘဝကို သွားလာနိုင်တာကံပဲ၊ ကုသိုလ်ကံဖြစ်စေ, အကုသိုလ်ကံဖြစ်စေပေါ့၊ ဒါကတော့ တစ်ဘဝက တစ်ဘဝပါလာတာ, ရိုးရိုးပစ္စည်းတွေ, ရိုးရိုးခန္ဓာကိုယ်ကြီးတွေ တစ်ဘဝက တစ်ဘဝပါမလာဘူး၊ ဘယ်လောက်ချမ်းသာချမ်းသာ သေရင် ချန်ထားခဲ့ရတာပဲ၊ ကုသိုလ်ကံ အကုသိုလ်ကံကတော့ လိုက်မယ်။

ဒါကြောင့်မို့ ကုသိုလ်ကံ အကုသိုလ်ကံသည်သာလျှင် ကိုယ်ပိုင်ဥစ္စာဖြစ်တယ်လို့ ဒီလိုယုံကြည်တာ, ဒီလိုသိမြင်တာကို ကမ္မဿကတာဉာဏ်လို့ခေါ်တယ်၊ ဒါကိုပဲ ဒီမှာ ဒိဋ္ဌုဇုကမ္မ အယူကို ဖြောင့်မှန်စွာပြုတဲ့ထဲမှာ ပါတယ်။

ပြီးတော့ ကံ, ကံရဲ့အကျိုးရှိတယ်ဆိုတာ ယုံလိုက်ရင် ကံမရှိဘူး ဆိုတာလည်း မယုံတော့ဘူး, ကံအကျိုးမရှိဘူးဆိုတာလည်း မယုံတော့ဘူး၊ အဟေတုကဒိဋ္ဌိ ဟေတုကဒိဋ္ဌိ တို့ မဖြစ်တော့ဘူး။

အဲသလို အယူဖြောင့်မတ်စွာ ပြုမှုကို ဒိဋ္ဌိဇုကမ္မလို့ခေါ်တော့ အမှန်အတိုင်း ပြောမယ်ဆိုရင် ဒိဋ္ဌိဇုကမ္မဟာ ဉာဏ်ပေါ့၊ အမောဟဆိုတာ ဒီစိတ်ပေါ့၊ ဒါပေမယ့် ဒီနေရာမှာကျတော့ ကံကို စကားပြောနေတာဖြစ်တဲ့အတွက်ကြောင့် အဲဒီဉာဏ်နဲ့ ယှဉ်တဲ့ကံလို့ ယူရမယ်။

ဒိဋ္ဌိဇုကမ္မသည် ပုညကြိယ ဝတ္ထုဆယ်ပါးမှာတစ်ပါး အပါအဝင်ဖြစ်တယ်၊ သို့မဟုတ် ကာမာဝစရကုသိုလ်ကံထဲမှာ တစ်ပါးအပါအဝင် ဖြစ်တယ်ဆိုလို့ရှိရင် ဒီနေရာမှာ ဉာဏ်သက်သက်ကိုသာ မယူပဲ အဲဒီဉာဏ်နဲ့ယှဉ်တဲ့စေတနာ ဒါကို ဒိဋ္ဌိဇုကမ္မလို့ ယူရမယ်၊ ဒီဆယ်ပါးကို ပုညကြိယဝတ္ထုတဲ့၊ ပုညဆိုတာ ကောင်းမှု, ကြိယာဆိုတာ ပြုတာ၊ ဝတ္ထုဆိုတာ တည်ရာ၊ ကောင်းမှုပြုတာဖြစ်ခြင်းရဲ့ တည်ရာဖြစ်တဲ့အကျင့်ပေါ့၊ ဒါနသီလ ဘာဝနာစသည်ဖြင့် ဆယ်မျိုးတဲ့။

ဒါကြောင့်မို့ ကာမာဝစရကုသိုလ်ကံဟာ ပထမကာယကံ, ဝစီကံ, မနောကံ ဆိုပြီးတော့ ၃-မျိုးဖြစ်နိုင်တာ၊ ဒါကတော့ ပါဏာတိပါတကရှောင်တာ၊ အဒိန္နာဒါနက ရှောင်တာ စသည်ဖြင့် အကုသိုလ်မှာ ဒုစရိုက် ၁၀-ပါးရဲ့ ပြောင်းပြန်ပေါ့။

တစ်နည်းအားဖြင့်ဆိုရင် ဒါန, သီလ, ဘာဝနာလို့ ၃-မျိုးရှိတယ်။

တစ်နည်းအားဖြင့် ပုညကြိယဝတ္ထုအားဖြင့် ပြောမယ်ဆိုရင် ၁၀-ပါးရှိတယ်၊ အဲဒီ ၁၀-ပါးက ဒါန, သီလ, ဘာဝနာ, အပစာယန, ဝေယျာဝစ္စ, ပတ္တိဒါန, ပတ္တာနုမောဒန၊ ဓမ္မဿဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မ။

အဲဒီတော့ အမှန်အတိုင်းပြောမယ်ဆိုရင် အပစာယနကစပြီးတော့ နောက်ဟာတွေကို ဒါန,သီလ,ဘာဝနာထဲ သွင်းရင်ရတယ်, ဒါနထဲသွင်းရင်ရတယ်, သီလထဲသွင်းရင်ရတယ်, ဘာဝနာထဲသွင်းရင်ရတယ်။

ဒါကြောင့်မို့ ဒီ ၁၀–ပါးကို ပြန်အကျဉ်းချုံးလိုက်မယ်ဆိုရင် ဒါန, သီလ ဘာဝနာ ၃–ပါးပဲ ပြန်ဖြစ်သွားတယ်။

ကောင်းပြီ, ဘယ်လိုလုပ်သွင်းရမလဲ, အပစာယနနဲ့ ဝေယျာဝစ္စ ဒီ ၂–ပါးကို သီလမှာသွင်းပါ၊ အပစာယန အရိုအသေပြုပါဆိုတော့ ကောင်းတဲ့အလေ့အကျင့်မဟုတ်ဘူးလား၊ စာရိတ္တခေါ်တာပေါ့၊ ဝေယျာဝစ္စ, သူတစ်ပါးကို ကူညီဆောင်ရွက်တယ် ဆိုတာလည်း ကောင်းတဲ့အလေ့အကျင့်၊ ဒါကြောင့် ကောင်းတဲ့အလေ့အကျင့်ဖြစ်တဲ့ အတွက်ကြောင့် သူတို့ကို သီလထဲသွင်းလို့ရတယ်။

ပြီးတော့ ပတ္တိဒါနနဲ့ ပတ္တာနုမောဒန ၂–မျိုးကို ဒါနမှာ သွင်းပါ၊ ဒါက ဘာသဘောလည်းဆိုတော့ ဒါနပြုတဲ့သူတွေဟာ ဣဿာမစ္ဆရိယကင်းတယ်၊ သူတပါး ပစ္စည်းရသွားမှာကို မနာလိုနေရင် ဘယ်လိုလုပ် လှူနိုင်မလဲ၊ အလှူလှူတယ်ဆိုရင် ပေးကမ်းတယ်ဆိုရင် ဣဿာနဲ့ မစ္ဆရိယကို ပယ်ရတယ်၊ အလှူက ဣဿာမစ္ဆရိယရဲ့ ဆန့်ကျင်ဖက်။

ထို့အတူပဲ, ပတ္တိဒါနနဲ့ ပတ္တာနုမောဒနာဟာလည်းပဲ ဣဿာမစ္ဆရိယကင်းမှ ဖြစ်မယ်၊ ကိုယ့်ကောင်းမှု သူများရသွားမှာစိုးရင် ဘယ်လိုလုပ်ပြီးတော့ ပတ္တိဒါန ဖြစ်နိုင်မလဲ၊ အမျှပေးနိုင်မလဲ၊ ပြီးတော့ သူတစ်ပါးကောင်းမှုပြုတာကို ကိုယ်က မနာလိုနေရင် ဘယ်လိုလုပ်ပြီး ပတ္တာနုမောဒနာ ဖြစ်နိုင်မလဲ။

ဒါကြောင့်မို့ ပတ္တိဒါန ပတ္တာနုမောဒနာဖြစ်ဖို့ဆိုရင် ဣဿာမစ္ဆရိယမပါမှ ဖြစ်မယ်၊ ဒါကြောင့်မို့ သဘောချင်းတူတဲ့ အတွက်ကြောင့် ပတ္တိဒါနနဲ့ ပတ္တာနုမောဒနကို ဒါနထဲသွင်းပါ။

ဓမ္မဿဝန, ဓမ္မဒေသနာ, ဒိဋ္ဌိဇုကမ္မ ဒီ ၃–ပါးကိုတော့ ဘာဝနာထဲသွင်းပါ၊ ဘာဝနာဆိုတာ စိတ်ဓာတ်လေ့ကျင့်မှု၊ စိတ်ဓာတ်ပွားများမှုပေါ့၊ အဲဒီတော့ ဓမ္မဿဝန တရားနာတယ်ဆိုတာ ကုသိုလ်ပွားတယ်ပေါ့၊ ဓမ္မဒေသနာတရားဟောတယ်, ကုသိုလ်ပွားတယ်, အယူကိုဖြောင့်မှန်စွာပြုတယ်, ဒီအယူဖြောင့်မှန်မှ ကုသိုလ်ဖြစ်တာ၊ ဒီအယူမှားနေရင် ကုသိုလ်ဖြစ်ပါ့မလား၊ အလွန်ကို ခဲယဉ်းလိမ့်မယ်၊ မိစ္ဆာဒိဋ္ဌိ အရင်းခံထားရင် ကုသိုလ်အဖြစ်နည်းတာပေါ့။

ဒါကြောင့်မို့ ဓမ္မဿဝန, ဓမ္မဒေသန, ဒိဋ္ဌိဇုကမ္မ, ဒီ၃–မျိုးကို ဘာဝနာထဲ

သွင်းပါတဲ့, ဒါကြောင့်မို့ ဦးဇင်းတို့ ရေစက်ချတဲ့အခါမှာ ဒါန, သီလ, ဘာဝနာ ကုသိုလ်စေတနာတွေကြောင့် အစချီပြီး ချပေးတာရှိတယ်၊ ဘာကြောင့် ဒီလိုချပေးရတာလဲ၊ ဘာဝနာလုပ်တာလည်း မဟုတ်ပဲနဲ့ ဒီလိုချပေးရသလားလို့ ပြောစရာရှိတယ်၊ မဟုတ်ဘူး၊ ဟောတဲ့တရားကို နာတာ, ပရိတ်နာတာလည်း ဘာဝနာပဲ။

ဒါကြောင့်မို့ အလှူအတန်းတစ်ခု လုပ်တဲ့အခါမှာ ဆွမ်းကျွေးတယ်ဆိုပါစို့၊ ဆွမ်းကျွေးတဲ့အတွက်ကြောင့် ဒါနကုသိုလ် မဖြစ်ဘူးလား၊ ပြီးတော့ ရေစက်ချခါနီးကျတော့ သီလမယူဘူးလား၊ သီလကုသိုလ်ဖြစ်တယ်, ဘုန်းကြီးဟောတဲ့ တရားနာတယ်၊ ပရိတ်နာတယ်နော်။

ဒါကြောင့် ဆွမ်းကျွေးတယ်ဆိုပေမယ့် ဒါန, သီလ, ဘာဝနာကုသိုလ် ၃– မျိုးစလုံးဖြစ်တယ်။

တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် ဒိဋ္ဌိဇုကမ္မဟာ ဒါနသီလ ဘာဝနာ ၃– မျိုးစလုံးမှာပဲ သွင်းယူပါ၊ ဒါက ဘာနဲ့ တူသလည်း ဆိုတော့ ဒိဋ္ဌိဇုကမ္မက သဘော်မှာပုံ့နဲ့ တူတယ်။

သဘော်မှာပုံ့မပါရင် ပရမ်းပတာသွားမယ်၊ လိုရာမရောက်သလိုပဲ အယူမမှန်ရင် ပရမ်းပတာဖြစ်မယ်၊ ဒါကြောင့်မို့ အယူမှန်မှုဟာ ဒါနနဲ့လည်းဆိုင်တယ်၊ သီလနဲ့လည်း ဆိုင်တယ်၊ ဘာဝနာနဲ့လည်းဆိုင်တယ်။

ဒါကြောင့်မို့ ဒီနည်းအားဖြင့် ပြောမယ်ဆိုရင် ဒိဋ္ဌိဇုကမ္မဟာ ဒါန, သီလ, ဘာဝနာသုံးမျိုးလုံးနဲ့ဆိုင်တယ်၊ ဒိဋ္ဌိဇုကမ္မဆိုတာနဲ့ လှူနေလို့ မဟုတ်ဘူး၊ သီလ ဆောက်တည်နေလို့မဟုတ်ဘူး၊ ဒါပေမယ်လို့ အယူမှန် ရှိမှ ဒါနပြုနိုင်တယ်၊ အယူမှန်ရှိမှ သီလဆောက်တည်နိုင်တယ်၊ အယူမှန်ရှိမှ ကမ္မဋ္ဌာန်းဘာဝနာ ဝိပဿနာ ဘာဝနာပွားများနိုင်တယ်။

ဒါကြောင့် တစ်နည်းအားဖြင့် သွင်းမယ်ဆိုရင် ဒိဋ္ဌိဇုကမ္မကို ဒါနသီလ ဘာဝနာ ၃–ပါးလုံးမှာ သွင်းနိုင်တယ်။

ကောင်းပြီ၊ ဒီမှာ ကာမာဝစရကုသိုလ်ကံ အကြောင်းပြီးသွားပြီဆိုပါတော့၊ အစကနေ ပြန်ခေါက်လိုက်မယ်ဆိုရင် ကာမာဝစရကုသိုလ်ကံဟာ ကာယကံ, ဝစီကံ, မနောကံအားဖြင့် ၃–မျိုးရှိတယ်၊ ကာမဒွါရအားဖြင့် ၃–မျိုးရှိတယ်၊ တစ်နည်းအားဖြင့် ဒါန, သီလ, ဘာဝနာအားဖြင့် ၃–မျိုးရှိတယ်, စိတ်အနေအားဖြင့် ပြောစမ်းပါဆိုရင် ကာမာဝစရကုသိုလ်စိတ် ၈–ပါး မဟုတ်လား၊ အဲဒီ ၈–ခုနဲ့ ယှဉ်တဲ့စေတနာပေါ့၊ ဒါကြောင့်မို့ ၈–မျိုးလို့ဆိုရတယ်၊ ပုညကြိယဝတ္ထုအားဖြင့်

ဆိုရင် ၁၀–မျိုးရှိတယ်။

ဒါကြောင့်မို့ ကာမာဝစရကို စာရင်းပိတ်မယ်ဆိုရင် ၂၀–ရှိတယ်၊ အကုသိုလ်နဲ့ ယှဉ်တဲ့ စေတနာ ၁၂–နဲ့ ကာမာ ဝစရကုသိုလ်နဲ့ ယှဉ်တဲ့စေတနာ ၈–ပေါင်းလိုက်ရင် အားလုံး ၂၀–ဖြစ်တယ်။

ကံဆိုတာ ကုသိုလ်အကုသိုလ်မှာသာရှိတာနော်၊ ဝိပါက်မှာမရှိဘူး၊ ကြိယာမှာမရှိဘူး၊ ဒါလေးသတိရကြ၊ ကံလို့ပြောလိုက်ရင် ကုသိုလ်, အကုသိုလ်ကိုပဲ ရင်းရတယ်၊ ကုသိုလ်စိတ်မှာ ကံဖြစ်နိုင်တယ်၊ အကုသိုလ်စိတ်မှာသာ ကံဖြစ်နိုင်တယ်၊ ဝိပါက်စိတ်မှာ ကံမရှိဘူး၊ ကြိယာစိတ်မှာ ကံမရှိဘူး။

ဒါကြောင့် ကာမာဝစရကံ–၂၀၊ အကုသိုလ်–၁၂၊ ကုသိုလ်–၈၊ ကာမာဝစရကံအကြောင်းက မကုန်သေးဘူး၊ နောက်ထပ်လာဦးမှာ, ဘယ်ကံက ဘယ်အကျိုးပေးတယ်ဆိုတာ လာဦးမှာ။

ကာမာဝစရကံပြီးတဲ့နောက် အခုဟာက ပြောတာတွေ များသွားတယ်၊ အမှန်က ဘယ်က လာခဲ့သလဲဆိုတော့ ပါကဋ္ဌာနဆိုတာက ထွက်လာခဲ့တာ၊ အကျိုးပေးရာဘုံ ဌာနအားဖြင့် ပြောမယ်ဆိုရင် ကံ ၄–မျိုးရှိတယ်၊ အကုသိုလ်ကံ ကာမာဝစရကုသိုလ်ကံ, ရူပါဝစရကုသိုလ်ကံ, အရူပါဝစရကုသိုလ်ကံ၊ အဲဒီမှာ အကုသိုလ်ဆိုရင်လည်း အကုသိုလ်ဒုစရိုက်တွေက အများကြီးဆိုတော့ အဲဒါတွေ ပြောနေတာနဲ့ ၂–ပတ်, ၃–ပတ် လောက်ကြာသွားတယ်၊ ဒီတော့မျက်ခြည်ပြတ်သွားမှာ စိုးရမယ်။

အဲဒီတော့ ပါကဋ္ဌာနအားဖြင့် အကျိုးပေးရာဘုံဌာနအားဖြင့် ပြောရရင် ကာမာဝစရကံပြီးတဲ့နောက် ရူပါဝစရကံတဲ့၊ ရူပါဝစရကံကျတော့ ကာယကံ, ဝစီကံရယ်လို့ မရှိဘူး၊ မနောကံတစ်မျိုးထဲရှိတယ်။

ဒါဖြင့် ရူပါဝစရကုသိုလ်ကံဆိုတာ ရူပါဝစရကုသိုလ်ကံ ငါးပါးနဲ့ ယှဉ်တဲ့ စေတနာကိုပြောတာ၊ ပထမဈာန်စိတ် ရှိတယ်ဆိုပါတော့၊ ပထမဈာန်နဲ့ ယှဉ်တဲ့ စေတနာ၊ ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်, ပဉ္စမဈာန်နဲ့ ယှဉ်တဲ့စေတနာကို ရူပါဝစရကုသိုလ်ကံလို့ဆိုတာ။

အဲဒါ ရူပါဝစရကုသိုလ်ကံဟာ ကာယဒွါရမှာဖြစ်သလား, ဈာန်စိတ်တွေပဲ, ကာယဒွါရမှာဘယ်ဖြစ်မလဲ, ဝစီဒွါရမှာဖြစ်သလား, ဝစီဒွါရမှာဖြစ်ရင် သိပ်ကောင်းပေါ့၊ မဖြစ်ဘူး၊ မနောကံသာရှိတယ်၊ ကမ္မဋ္ဌာန်းတရားအားထုတ်မှ ဒီကံကို ရနိုင်တာ၊ ဒါကြောင့်မို့ မနောကံ။

ဒါကြောင့်မို့ ရူပါဝစရကုသိုလ်ကံမှာ ကာယကံရယ်၊ ဝစီကံရယ်၊ မနောကံရယ်၊ ၃–မျိုးခွဲခြားမှုမရှိ၊ မနောကံတစ်မျိုးသာရှိ၏။

အဲဒီမနောကံကလည်းပဲ ဘာဝနာတစ်မျိုးထဲပဲ၊ ဒါနလည်းမဟုတ်နိုင်ဘူး၊ သီလလည်းမဟုတ်နိုင်ဘူး၊ ဟုတ်တာပေါ့၊ ကမ္မဋ္ဌာန်း မထိုင်ပဲနဲ့ ဈာန်မှမရပဲ၊ ဘာဝနာမှ စစ်စစ်ကြီးပဲ။

အဲဒီဘာဝနာ မနောကံကလည်း အပ္ပနာဈာန်သို့ရောက်သော မနောကံတဲ့၊ အပ္ပနာသို့မရောက်သော မနောကံမဟုတ်ဘူးပေါ့၊ အပ္ပနာဆိုတာဘာလဲ မှတ်မိကြသေးလား၊ ဈာန်, မဂ်, ဖိုလ်၊ အဲဒါကို အပ္ပနာလို့ခေါ်တယ်နော်၊ ရူပါဝစရဈာန်, အရူပါဝစရဈာန်၊ လောကုတ္တရာတွေ သူတို့ကို အပ္ပနာလို့ခေါ်တယ်။

ဒီမှာတော့ ဒီမှာသက်သက်ပြောမယ်ဆိုရင် ရူပါဝစရဈာန်ပေါ့၊ အပ္ပနာသို့ ရောက်တယ်ဆိုရင် ဈာန်ဖြစ်တယ်လို့ဆိုတယ်၊ အရူပါဝစရနဲ့ ပြောမယ်ဆိုရင် အရူပါဝစရပေါ့။

ဒါကြောင့်မို့ ဘာဝနာမနောကံကလည်း အပ္ပနာဈာန်သို့ရောက်သော မနောကံ, အပ္ပနာသို့ မရောက်တဲ့ မနောကံကို ရူပါစရကုသိုလ်ကံလို့ မဆိုဘူးပေါ့, ဒါန ဝိထိလေးများ သတိရသေးလား၊ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ, ဈာန်။

အဲဒီတော့ ပရိကံ, အနုလုံ, ဥပစာ, ဂေါတြဘူ၊ သူကတော့ ဘာဝနာကံတွေပဲ မဟုတ်လား၊ သို့သော် သူက အပ္ပနာသို့ မရောက်သေးဘူး၊ သူက အပ္ပနာရဲ့ ရှေ့ပြေးပဲရှိသေးတယ်၊ ဒါကြောင့်မို့ သူ့ကို ဥပစာရလို့ခေါ်တာ၊ အပ္ပနာရဲ့ အနီးအပါးပေါ့၊ ဒါကြောင့် ပရိကံ, အနုလုံ, ဥပစာ၊ ဂေါတြဘူရဲ့ အခိုက်အတန့်မှာ အပ္ပနာသို့ မရောက်သေးဘူး။

ဒါကြောင့်မို့ အဲဒီအခိုက်အတန့်မှာ ဖြစ်တဲ့ကံဟာ ရူပဝစရကံဖြစ်ပြီလား၊ မဖြစ်သေးဘူး၊ ကာမာဝစရပဲရှိသေးတယ်၊ ဈာန်လို့ဖြစ်တဲ့အချိန်ကျမှ ရူပါဝစရကုသိုလ်ကံ ဖြစ်သွားတာ၊ အပ္ပနာကို ရောက်သွားတာ၊ ဒါကြောင့်မို့ ဥပစာရဈာန်, အပ္ပနာဈာန် နှစ်မျိုးရှိရာမှာ ဥပစာရဈာန်ဆိုတာ ကာမာဝစရ, ရူပါဝစရ မဟုတ်သေးဘူး၊ အပ္ပနာရောက်သွားမှ ရူပါဝစရဖြစ်မယ်၊ အပ္ပနာရောက်သွားမှ အရူပါဝစရ ဖြစ်မယ်၊ အပ္ပနာရောက်သွားမှာ မဂ်ဖိုလ်ဖြစ်မယ်။

ဒါကြောင့်မို့ ရူပါဝစရကုသိုလ်ကံ ဆိုရင် မနောကံ တစ်မျိုးထဲသာရှိတယ်၊ အဲဒီမနောကံကလည်း ဘာဝနာတစ်ခုသာ၊ အဲဒီဘာဝနာကလည်း အပ္ပနာသို့

မရောက်တဲ့ ဘာဝနာ, ရောက်တဲ့ဘာဝနာ ၂-မျိုးရှိရာမှာ အပ္ပနာသို့ရောက်တဲ့ ဘာဝနာကာ၊ အပ္ပနာသို့ မရောက်သေးဘူးဆိုရင် ရူပါဝစရကာကို မဖြစ်။

ဈာန်အင်္ဂါစုံအားဖြင့် ၅-ပါးရှိသည်၊ ပထမဈာန်စသည်၊ ဈာန်အင်္ဂါ ၅-ပါးနှင့် ယှဉ်တော့ ပထမဈာန်ပေါ့၊ ၄-ပါးနဲ့ ယှဉ်တော့ ဒုတိယဈာန်၊ ၃-ပါးနဲ့ ယှဉ်ရင် တတိယဈာန်, ၂-ပါးနဲ့ ယှဉ်ရင် စတုတ္ထဈာန်, ၂-ပါးနဲ့ယှဉ်ရင်ပဉ္စမဈာန်, အဲဒီလို ၅-ပါးရှိတယ်။

ဒါကြောင့်မို့ ရူပါဝစရကုသိုလ်ကာ ၅-မျိုးရှိတယ်ပေါ့၊ ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်, ပဉ္စမဈာန် ဒါက မခဲယဉ်းပါဘူး။

အရူပါဝစရဈာန်, အရူပါဝစရ ကုသိုလ်ကာတဲ့၊ သူကလည်း ရူပါဝစရလိုပဲ မနောကာ တစ်မျိုးသာရှိသည်၊ ဟုတ်တာပေါ့၊ ရူပါဝစရဈာန်ရပြီးတဲ့နောက် သူက အာကာသာနဉ္စ, ဝိညာနဉ္စ, အကိဉ္စညာ, နေဝသညာ နာသညာယတန တက်ရတာကိုး၊ အဲသလို တက်တဲ့အခါ မနောကာ တစ်ခုထဲနဲ့ တက်လို့ရတယ်။

ဒါကြောင့်မို့ ကာယကာလည်း မဟုတ်ဘူး၊ ဝစီကာလည်း မဟုတ်ဘူး၊ အဲဒီ မနောကာဟာလည်းပဲ ဘာဝနာတစ်မျိုးသာ၊ ဒါနမဟုတ်ဘူး၊ သီလမဟုတ်ဘူး၊ အလှူကြီးပေးလည်း အရူပါဝစရဈာန်မရဘူး၊ သီလဆောက်တည်ရင်လည်း အရူပါ ဝစရဈာန်မရဘူး၊ ဘာဝနာကိုလုပ်မှ။

တစ်ခါ အပ္ပနာသို့ရောက်သော မနောကာတဲ့၊ အခုနအတိုင်းပဲ၊ မနောကာဟာ လည်း အပ္ပနာသို့ရောက်တာနဲ့ မရောက်တာ ၂-မျိုးရှိရာမှာ အပ္ပနာသို့ရောက်တဲ့ မနောကာတဲ့၊ ရူပါဝစရဈာန်တို့ ဘာတို့နဲ့ပရိကာ, အနုလုံ, ဥပစာ ဂေါတြဘူပြီးတော့ အာကာသ နဉ္စယတနဈာန်ပေါ့၊ အဲဒီ ပရိကာ, အနုလုံ, ဥပစာ, ဂေါတြဘူအခိုက် အတန့်မှာ အရူပါဝစရကုသိုလ်လို့ မဆိုရသေး၊ တကယ့်ကို အာကာသာနဉ္စယတနဈာန် ဖြစ်တော့မှ အရူပါဝစရ ကုသိုလ်ကာလို့ဆိုရတယ်။

ဒါကြောင့် ရူပါဝစရကုသိုလ်နဲ့ အရူပါဝစရကုသိုလ်ကာဟာ ဆင်တူတာပဲ၊ မနောကာ တစ်မျိုးထဲဖြစ်တာလည်းတူတယ်၊ ဘာဝနာတစ်မျိုးထဲဖြစ်တာလည်း တူတယ်၊ အပ္ပနာသို့ ရောက်တာလည်းတူတယ်၊ သို့သော် ရူပါဝစရကုသိုလ်ကာက ၅-မျိုး၊ အရူပါဝစရကုသိုလ်ကာ ၄-မျိုး။

ရူပါဝစရကျတော့ ၅-မျိုးဖြစ်တာက ဈာန်အင်္ဂါယှဉ်ပုံအားဖြင့်ဖြစ်တယ်၊ ဈာန်အင်္ဂါ ၅-ပါးနဲ့ယှဉ်လို့ ပထမဈာန်ခေါ်တယ်၊ ၄-ပါးနဲ့ ယှဉ်လို့ ဒုတိယခေါ် ဖြစ်တယ်။

အခု အရူပါဝစရကျတော့ ဈာန်အင်္ဂါ ၂–ပါးနဲ့ချည်းယှဉ်တာ၊ အဲဒီတော့ ဈာန်အင်္ဂါယှဉ်တာနဲ့ ပတ်သက်ပြီး ထူးခြားအောင်လုပ်လို့ မရဘူး၊ ၂–ပါးနဲ့ချည်း ယှဉ်တာ၊ ဒါကြောင့်မို့ဒီကျတော့ အာရုံအားဖြင့် ၄–မျိုးဖြစ်တယ်။

အရူပါဝစရကုသိုလ်ကံက တစ်ခုနဲ့တစ်ခု အာရုံတူရဲ့လား၊ မှတ်မိလား၊ အာကာသာနဉ္စာယတန ကုသိုလ်ကံရဲ့ အာရုံက ကောင်းကင်ပညတ်, ဒုတိယ အရူပါဝစရဈာန်ရဲ့ အာရုံက ပထမအရူပါဝစရစိတ်, တတိယအရူပါဝစရဈာန်ရဲ့ အာရုံက ပထမစိတ်မရှိခြင်း နတ္ထိဘောပညတ်၊ စတုတ္ထအရူပါဝစရကံရဲ့ အာရုံက တတိယစိတ်, ဟုတ်ပြီလား၊ အာရုံမတူဘူး၊ အဲသလိုအာရုံအားဖြင့် ၄–မျိုး ပြားသွားတယ်၊ ဈာန်အင်္ဂါအားဖြင့်ဆိုရင် ၂–မျိုးချည်းနေမှာပဲ၊ ဈာန်အင်္ဂါ ၂–ခုနဲ့ချည်း ယှဉ်တာဖြစ်လို့ဈာန်အင်္ဂါအားဖြင့် ခွဲခြားလို့ မရဘူး။

ဒီမှာက ဈာန်အင်္ဂါတူတယ်၊ အာရုံမတူဘူး၊ အရူပါဝစရကျတော့ ပြန်သွား လိုက်စမ်း၊ အာရုံတူနိုင်တယ်၊ ဈာန်အင်္ဂါမတူဘူး၊ ပထဝီကသိုဏ်း တစ်ခုထဲကို အာရုံပြုပြီးတော့ ပထမဈာန်ရမယ်၊ ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်, ပဉ္စမဈာန်ရမယ်၊ အဲသလိုဆိုရင် အာရုံတူတယ်၊ ဒါပေမယ်လို့ ဈာန်အင်္ဂါမတူဘူး၊ ပထမဈာန်ကျတော့ ဈာန်အင်္ဂါ ၅–ပါးရှိတယ် စသည်ဖြင့်သွားမယ်၊ ဒါကြောင့်မို့ အာရုံအားဖြင့် ဝေးပြေးဖြစ်သွားတယ်။

အဲဒီတော့ ပြန်ပြောစမ်းပါ၊ ရူပါဝစရကုသိုလ်ကံဆိုတာ ဘယ်ဟာလည်းလို့ မေးရင် ရူပါဝစရကုသိုလ်စိတ်နဲ့ ယှဉ်တဲ့စေတနာ၊ အရူပါဝစရကုသိုလ်ကံဟာ အရူပါဝစရ ကုသိုလ်စိတ်နဲ့ ယှဉ်တဲ့ စေတနာ၊ ဒါပါပဲ၊ တခြားဟာတွေတော့ ကာယကံလား၊ ဝစီကံလား, မနောကံလားဆိုရင် မနောကံ၊ ဒါနလား, သီလလား, ဘာဝနာလား မေးရင် ဘာဝနာ, အပ္ပနာရောက်လား, မရောက်ဘူးလားဆိုရင် ရောက်တယ်ပေါ့၊ အပ္ပနာမရောက်ရင် ရူပါဝစရ, အရူပါဝစရလို့တောင် မခေါ်နိုင်ဘူး။

အခု အကျိုးပေးရာဘုံတဲ့၊ ကာမာဝစရကုသိုလ်ကံတွေရှိတယ်၊ အကုသိုလ် ကံတွေရှိတယ်၊ သူတို့တွေက ဘယ်လိုအကျိုးပေးသလဲ, ဘယ်ဘုံတွေမှာ အကျိုးပေး သလဲ၊ ဒါကို တစ်ဆင့်တက်ပြီး လေ့လာရမယ်၊ နားလည်အောင် လုပ်ရမယ်။

အဲဒီတော့ ပထမအကုသိုလ်ကံထဲက ပြောရမယ်၊ အကုသိုလ်ကံမှာလည်းပဲ ဥဒ္ဓစ္စ ယှဉ်သော အကုသိုလ် ၁၁(၁၂ မဟုတ်ဘူး၊ တစ်ခါတစ်ခါ ရိုက်တာလွဲသွားတယ်)၊ အကုသိုလ်စိတ် ၁၂–ပါးရှိတဲ့အနက်မှာ ဥဒ္ဓစ္စသမ္ပယုတ်စိတ် မပါနဲ့ပေါ့၊ တခြားစိတ် ၁၁–ပါးနဲ့ ယှဉ်တဲ့စေတနာပေါ့၊ အဲဒါကို ဆိုလိုတာ။

အကုသိုလ်ကံ ၁၁–ခုဟာ ဘယ်ဘုံမှာ အကျိုးပေးမလဲဆိုရင် အပါယ် ၄–ဘုံမှာ ပထမအကျိုးပေးမယ်၊ ဘာအကျိုးပေးမလဲ၊ ပဋိသန္ဓေ အကျိုးပေး မယ်၊ ဒီပဋိသန္ဓေအကျိုးဆိုတာ အကုသလဝိပါက် ဥပေက္ခာသန္တီရဏ။

ဒီဘဝ သေပြီးတော့ ငရဲကျသွားမယ်၊ ငရဲမှာ ပဋိသန္ဓေဖြစ်တယ်၊ အဲဒီပဋိသန္ဓေ ဘာကြောင့်ဖြစ်သလည်းဆိုရင် အကုသိုလ် တစ်ခုခုကြောင့်ပေါ့၊ ဒါကြောင့်မို့ ပဋိသန္ဓေ အကျိုးပေးတယ်၊ ဥဒ္ဒစ္စလာလိမ့်ဦးမယ်။

ဒါကြောင့်မို့ ဥဒ္ဒစ္စမပါတဲ့ အကုသိုလ်စိတ် ၁၁–ခုဟာ အပါယ်၄–ဘုံမှာ ပဋိသန္ဓေအကျိုးပေးနိုင်တယ်၊ ပဋိသန္ဓေကျိုးပေးတယ်ဆိုတာ အကုသလဝိပါက် ဥပေက္ခာသန္တီရဏကို ဖြစ်စေတယ်၊ အပါယ်မှာ ပဋိသန္ဓေနေတယ်ဆိုရင် ဘယ်စိတ်နဲ့ နေသလဲ၊ အကုသလဝိပါက် ဥပေက္ခာသန္တီရဏနဲ့ နေတယ်မဟုတ်ဘူးလား၊ ဒါ ပဋိသန္ဓေက အစနားမှာ ပါပြီးပြီ။

အဲဒီတော့ ဥဒ္ဒစ္စကတော့ ပဋိသန္ဓေကျိုးမပေးနိုင်ဘူး၊ ဥဒ္ဒစ္စကတော့ မရေမရာ သမား၊ တွေဝေနေတဲ့သူ၊ အာရုံပေါ်မှာ စွဲစွဲမြဲမြဲ မတည်ပဲနဲ့နေတဲ့တရား၊ အဲဒီဥဒ္ဒစ္စ သဟဂုတ်စိတ်မှာ သူနဲ့ယှဉ်တဲ့ စေတသိက်တွေ ကြည့်လိုက်မယ်ဆိုရင်လဲ လောဘ လည်း မပါဘူး, ဒေါသလည်း မပါဘူး, ထက်မြက်တဲ့ စေတသိက်တွေ တစ်ခုမှ မပါဘူး။

အဲဒီတော့ သူက ထိုင်းထိုင်းမှိုင်းမှိုင်း အားနည်းတဲ့စိတ်ဖြစ်တဲ့အတွက်ကြောင့် မို့ ဥဒ္ဒစ္စပဋိသန္ဓေကျိုးကို မပေးနိုင်ဘူး၊ ပဝတ္တိကျိုးသာ ပေးလိမ့်မယ်။

ဒါကြောင့်မို့ အကုသိုလ်ကံ ၁၂–ခုဟာ ကာမာဝစရ–၁၁ ဘုံမှာ ပဝတ္တိကျိုး ပေးမယ်၊ ပဝတ္တိဆိုတာ ပဋိသန္ဓေမှ နောက်သေသည်တိုင်အောင်ပေးသည့်ကံ။

ပဋိသန္ဓေအခိုက်အတန့်ကို ပဋိသန္ဓေခေါ်တယ်၊ ပြီးတော့နောက် ပထမဘဝင်က စပြီးတော့ သေသည်တိုင်အောင် ပဝတ္တိလို့ခေါ်တယ်၊ အဲဒီတော့ အကုသိုလ်စိတ် ၁၂–ခုလုံး ဟာ (ဒီကျတော့ဥဒ္ဒစ္စပါလာပြီ) ကာမာဝစရ ၁၁–ဘုံမှာ ပဝတ္တိကျိုးကို ပေးနိုင်တယ်၊ ပဝတ္တိကျိုးကို ပေးနိုင်တော့ အဲဒီအကျိုးက ဘာတွေတုန်း၊ အကုသလ ဝိပါက်စိတ် ၇–ပါး။

အခုလူ့ဘဝဖြစ်လာပြီးတော့ မမြင်ချင်တာမြင်ရတယ်၊ အကုသလဝိပါက် စက္ခုဝိညာဏ်စိတ်မဖြစ်ဘူးလား၊ အဲဒါဟာဘာရဲ့အကျိုးလဲ၊ နောက်ဘဝက အကုသိုလ် တစ်ခုခုရဲ့ အကျိုး၊ ဒီဘဝ ပဝတ္တိအခါမှာလာပြီးတော့ အကျိုးပေးတာ, ပဋိသန္ဓေကျိုး ကတော့ အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏဖြစ်သွားပြီ။

ပဝတ္တိအခါကျတော့ အကုသလဝိပါက်, စက္ခုဝိညာဏ်, သောတဝိညာဏ် စတာတွေ အကျိုးပေးတယ်၊ ဒါကြောင့် ကာမာဝစရ ၁၁–ဘုံမှာ အကုသလဝိပါက် စိတ် ၇–ခု။

ဒါကြောင့် ပဝတ္တိအခါမှာ အကုသလဝိပါက်စိတ် ၇–ပါးပဲ ဖြစ်စေတယ်၊ မမြင်ချင်တာမြင်ရတယ်၊ မကြားချင်တာ ကြားရတယ်၊ မနံချင်တာ နံရတယ် စသည်ဖြင့် ဖြစ်တဲ့အခါမျိုးမှာ ဒီစိတ်တွေ ဦးဇင်းတို့ သန္တာန်မှာ ရှိတယ်မဟုတ်လား၊ ဒါတွေဟာ နောက်ဘဝက အကုသိုလ်ရဲ့ အကျိုးကြောင့် ဖြစ်ရတာ၊ ဒါဟာ ကာမ ၁၁–ဘုံ။

ရူပ ၁၅–ဘုံမှာတဲ့၊ ရူပ ၁၅–ဘုံဆိုတော့ အသညသတ်မပါဘူး၊ ရူပ ၁၅–ဘုံမှာ အကုသိုလ်အကျိုးက ပေးချင်လည်းပေးသည်၊ ဒါက ဘာတုန်းဆိုတော့ ဒါနအကျိုးငှာ ကာယယှဉ်လိုက်တဲ့, ၃–ခုနုတ်လိုက်တော့ ဘာကျန်တုံး၊ အကုသလ ဝိပါက် ၄–ခု တဲ့၊ ၇–ခုထဲက ၃–ခု နှုတ်လိုက်ရင် ၄–ခု ကျန်တာပေါ့။

အဲဒီတော့ ဗြဟ္မာတွေလည်းပဲ လူ့ပြည်တို့ဘာတို့ကို ပြန်ကြည့်လိုက်တဲ့အခါ ကျတော့ မမြင်ချင်တဲ့ အနိဋ္ဌာရုံတွေ မမြင်ရပေဘူးလား မြင်နိုင်တာပေါ့၊ မကောင်းတဲ့ အသံတွေ မကြားနိုင်ဘူးလား၊ ကြားနိုင်တာပေါ့၊ ဒါကြောင့်မို့ အဲဒီအခါမှာ အကုသလ ဝိပါက်စက္ခုဝိညာဏ် ဖြစ်နိုင်တယ်၊ အကုသလဝိပါက် သောတဝိညာဏ်ဖြစ်နိုင်တယ်၊ သူတို့နဲ့တွဲပြီး အကုသလဝိပါက် သမ္ပဋိစ္ဆိုင်း, သန္တီရဏတွေ ဖြစ်နိုင်တယ်။

ဒါကြောင့်မို့ ရူပဝစရ ၁၅–ဘုံမှာလည်းပဲ ပဝတ္တိဖြစ်ချင်ဖြစ်နိုင်တာ၊ ကြည့်စမ်း၊ အကုသိုလ်က အတော်နယ်ကျယ်တာ၊ အပါယ်ဘုံကျတော့ ပဋိသန္ဓေကျိုးလည်း ပေးမယ်၊ ပဝတ္တိကျိုးလည်းပေးမယ်၊ ကာမာဝစရ ၁၁–ဘုံနဲ့ ရူပါဝစရ ၁၅–ဘုံကျတော့ ပဝတ္တိကျိုးပေးမယ်၊ အကုသလဝိပါက်။

ကာမာဝစရကုသိုလ်ကံ ၈–ခုကတော့ ဘယ်လိုအကျိုးပေးမလဲ၊ ကာမသုဂတိ ၇–ဘုံမှာ ပဋိသန္ဓေ အကျိုးပေးတယ်၊ ကာမသုဂတိ ၇–ဘုံဆိုတော့ အပါယ်၄–ဘုံ မပါတော့ဘူးပေါ့၊ လူ့ဘုံရယ်, နတ်ပြည်ခြောက်ထပ်ရယ်။

အဲဒီကာမသုဂတိ ၇–ဘုံမှာ ပဋိသန္ဓေကျိုးပေးတယ်ဆိုတော့ ကုသလဝိပါက် ဥပေက္ခာသန္တီရဏရယ်၊ မဟာဝိပါက်စိတ် ၈–ခုရယ်။

ဒါကြောင့်မို့ ကာမာဝစရကုသိုလ်ကံ ၈–ခုသည် ကာမသုဂတိ ၇–ဘုံ (လူ့ပြည်နတ်ပြည်)မှာ ပဋိသန္ဓေကျိုးပေးမယ်၊ လူ့ပြည်နတ်ပြည် ပဋိသန္ဓေနေတော့ ဒီစိတ်တွေနဲ့ ပဋိသန္ဓေနေတယ် မဟုတ်ဘူးလား၊ လူဖြစ်ပေမယ်လို့ ရုပ်ခန္ဓာက

မွေးကတည်းက ကန်းလာတာတို့ကျတော့ ကုသိုလ်ကြောင့်လူဖြစ်လာတာ၊ ကုသိုလ်အားနည်းလို့ ကန်းရတာ။

အဲဒါကျရင် ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်နဲ့ တခြားကောင်းတဲ့ ပြည့်စုံတဲ့ သတ္တဝါမျိုးဆိုရင် မဟာဝိပါက်စိတ် ၈–ခုထဲက တစ်ခုခုဖြစ်မယ်။

ဒါကြောင့် ကာမသုဂတိ ၇–ဘုံမှာ ပဋိသန္ဓေအခါမှာ ကုသလဝိပါက် ဥပေက္ခာသန္တီရဏ (သို့မဟုတ်) မဟာဝိပါက်စိတ် ၈–ခုဖြစ်တယ်။

အဲဒီကာမသုဂတိ ၇–ဘုံမှာပဲ ပဝတ္တိအခါမှာ မဟာဝိပါက်စိတ် ၈–ခုနဲ့ အဟိတ် ကုသလဝိပါက်စိတ် ၈–ခု အားလုံး ၁၆–ခု ဖြစ်တယ်၊ တဒါရုံအဖြစ်နဲ့ ဖြစ်တဲ့အခါကျတော့ မဟာဝိပါက်စိတ် မဖြစ်ပေဘူးလား၊ ဟုတ်တယ် မဟုတ်လား၊ ပြီးတော့ ကောင်းတာမြင်ရ, ကောင်းတာကြားရတဲ့အခါမျိုးကျတော့ အဟိတ်ကုသလဝိပါက်စိတ်တွေ မဖြစ်ပေဘူးလား။

အခု လူအဖြစ်နဲ့ပဲ စဉ်းစားကြည့်လေ၊ ကောင်းတာလေးမြင်ရ ကောင်းတာလေးကြားရတယ်၊ ဒါဟာ နောက်ဘဝကကုသိုလ်ရဲ့ အကျိုးပဲ။

တစ်ခါ ဝိထိတွေမှ တဒါရုံမပါပေဘူးလား၊ ပါတာပေါ့၊ အဲဒီ တဒါရုံကိစ္စတပ်တဲ့စိတ်တွေဟာ ဘာတွေတုန်း၊ မဟာဝိပါက်စိတ် ၈–ခုနဲ့ သန္တီရဏ ၃–တို့ တပ်တယ် မဟုတ်လား။

ဒါကြောင့်မို့ မဟာဝိပါက်စိတ် ၈–ခုနဲ့ အဟိတ်ကုသလ ဝိပါက်စိတ်ပေါင်း ၁၆–ခုကို ရွတ်ဆိုတယ်။

အသညသတ်ကြဉ်သော ရူပါဝစရ ၁၅–ဘုံမှာ ပဋိသန္ဓေကျိုး မပေးဘူး၊ ပဋိသန္ဓေကျိုးပေးရင် မဟာဝိပါက်စိတ်တွေ ဖြစ်နေရမှာပေါ့၊ မဟာဝိပါက်စိတ်ကလည်း ကာမာဝစရဘုံကလွဲပြီး မဖြစ်ဘူး၊

ဒါကြောင့် ရူပ ၁၅–ဘုံ ပဝတ္တိအခါမှာ အဟိတ်ကုသလဝိပါက်စိတ် ၈–ခုထဲက ၃–ခုနှုတ်လိုက်ရင် ၅–ခုကျန်တယ်၊ အဲဒါတွေ ဖြစ်စေတယ်၊ ရူပါဝစရဗြဟ္မာတွေ လူ့ပြည်လှမ်းကြည့်လို့ ဣဋ္ဌာရုံမြင်ရတယ်၊ ဣဋ္ဌာရုံကြားရတဲ့အခါမှာ ဒီစိတ်တွေဖြစ်ရမှာပေါ့။

ဒါကြောင့်မို့ မဟာကုသိုလ်စိတ် ၈–ခုဟာ ကာမသုဂတိ ၇–ဘုံမှာပဋိသန္ဓေအကျိုးပေးတယ်၊ ပဝတ္တိအကျိုးလည်းပေးတယ်၊ ပဋိသန္ဓေအကျိုးပေးတဲ့အခါမှာ ကုသလဝိပါက် သန္တီရဏနဲ့ မဟာဝိပါက်စိတ် ၈–ခု၊ ပဋိသန္ဓေကိစ္စတပ်တဲ့စိတ်တွေထဲက ဆွဲထုတ်ရတာပဲ။

ပဝတ္တိအခါမှာတော့ မဟာဝိပါက်စိတ် ၈–ခုနဲ့ အဟိတ်ကုသလဝိပါက်စိတ် ၈–ခု, အားလုံး ၁၆–ခုထဲက တစ်ခုခုဖြစ်သွားမယ်။

ရူပါဝစရ ၁၅–ဘုံမှာကျတော့ ပဋိသန္ဓေကျိုးမပေးနိုင်ဘူး၊ သို့သော် ပဝတ္တိကျိုးပေးမယ်၊ ဘယ်လိုစိတ်တွေအနေနဲ့ ဖြစ်မလဲ၊ အဟိတ်ကုသလဝိပါက်စိတ် ၅–ခုပေါ့၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ စသည်ဖြင့် ဖြစ်မယ်၊ အဲဒါအကျိုးပေးတာ၊ အကုသိုလ်က ပဋိသန္ဓေကျိုး ဘယ်လိုပေးတယ်, ပဝတ္တိကျိုး ဘယ်လိုပေးတယ်၊ ကုသိုလ်ကလည်း ထို့အတူပဲ၊ ပဋိသန္ဓေကျိုး ပဝတ္တိကျိုး ဘယ်လိုပေးတယ်၊ ဘယ်ဘုံမှာ ပေးတယ်၊ ဒါဟာ အရေးကြီးတယ်၊ ဒီလိုနားလည်ထားမှကောင်းတယ်။

ဒါကြောင့်မို့ လူ့ဘုံလူ့ဘဝအနေနဲ့ အနိဋ္ဌာရုံတွေ့ရတယ် ကြုံရတယ်ဆိုရင် ဒါဟာ အကုသိုလ်ရဲ့ ပဝတ္တိကျိုးရတယ်၊ အပါယ် ၄–ဘုံမှာ သွားဖြစ်ပြီဆိုရင် အကုသိုလ်ရဲ့ ပဋိသန္ဓေကျိုးရတယ်။

လူ့ဘုံလာဖြစ်တယ်, နတ်ဘုံလာဖြစ်တယ် ပဋိသန္ဓေနေတယ်ဆိုရင် ကုသိုလ်ရဲ့ ပဋိသန္ဓေကျိုးရတယ်၊ လူ့ဘုံနတ်ဘုံ ဗြဟ္မာဘုံတို့မှာ ကောင်းတာတွေ လာတွေ့ရတဲ့ အခါတို့ ဘာတို့မှာ ပဝတ္တိကျိုးရတယ်၊ အဲဒီလို အကျိုးပေးတဲ့အခါ ပဋိသန္ဓေကျိုး၊, ပဝတ္တိကျိုး, အဲသလို ခွဲခြားပြီး နားလည်ရမယ်။

ပဋိသန္ဓေကျိုး ပေးတဲ့အခါမှာ ဘယ်စိတ်တွေ ဖြစ်စေနိုင်သလဲ၊ ပဝတ္တိကျိုး ပေးတဲ့အခါမှာ ဘယ်စိတ်တွေ ဖြစ်စေနိုင်သလဲ၊ အဲဒီလို နားလည်ရမယ်။

အဲဒီနောက် ဘာနားလည်ဖို့ လိုပြန်သေးသလဲဆိုတော့ ကာမာဝစရကုသိုလ်ကံ မှာလည်းပဲတိဟိတ်ကုသိုလ်ရှိတယ်၊ ဒွိဟိတ်ကုသိုလ်ရှိတယ်၊ ဥက္ကဋ္ဌ ကုသိုလ်ရှိတယ်၊ ဩမကကုသိုလ်ရှိတယ်။

တိဟိတ်ကုသိုလ်ဆိုတာ ကုသိုလ်ပြုတဲ့အခါမှာ ကံရဲ့အကျိုးကိုသိတဲ့ ဉာဏ်ပါတဲ့ ကုသိုလ်၊ ကံ,ကံရဲ့ အကျိုးကို သိတဲ့ဉာဏ်၊ အဲဒီဉာဏ်ပါတဲ့ ကုသိုလ်ကို တိဟိတ်ကုသိုလ်ခေါ်တယ်၊ စိတ်အနေနဲ့ပြောရင် ဘယ်စိတ်တွေလဲပြောစမ်း၊ ကာမာ ဝစရကုသိုလ် ၈–ပါးထဲက ဘယ်စိတ်တွေလဲ၊ ဉာဏသမ္ပယုတ် ၄–ပါးပေါ့။

ဉာဏသမ္ပယုတ် ၄–ပါးကို တိဟိတ်ကုသိုလ်ကံလို့ ခေါ်တယ်၊ အဲဒီစိတ်နဲ့ ယှဉ်တဲ့စေတနာလို့ ပြောကြပါစို့၊ တိဟိတ်ကုသိုလ်ကံ။

ဒွိဟိတ်ကျတော့ ကံ, ကံ၏အကျိုးကို သိမြင်တဲ့ဉာဏ်မပါဘူး၊ အမှတ်တမဲ့ပြုတဲ့ ကံမျိုးပေါ့၊ ကုသိုလ်ပြုတဲ့အခါ အမှတ်တမဲ့ ပြုမိတတ်ကြတယ်၊ အဲသလိုဆိုရင် ဉာဏ်မပါဘူး၊ အဲဒါသတိထားကြ၊ ကုသိုလ်ပြုရင် ပေါ့ပေါ့ဆဆမပြုကြနဲ့၊ ကုသိုလ်ပြု

ခါနီးမှာ ကံကံ၏အကျိုးဆိုတာလေးကို စိတ်မှာ သတိရသွားရမယ်။

ဆိုပါတော့,သီချင်းတစ်ပုဒ်ဟာ ရနေတာပဲ၊ ရတယ်လို့ ပြောရတာပဲ၊ ဒါပေမယ့် တကယ်မဆိုသေးရင်၊ တကယ်သတိမရရင် ရတယ်လို့ မဆိုနိုင်ဘူး၊ အဲဒီအချိန်မှာမရဘူးလို့ ဆိုရတာပဲ။

ထို့အတူပဲ၊ ကံ, ကံ၏အကျိုးဆိုတာ ဗုဒ္ဓဘာသာတွေ ယုံကြည်ကြတာပဲ၊ ဒါပေမယ်လို့ ကုသိုလ်ပြုတဲ့အခါမှာ ဒါလေးကို ဂရုတစိုက် စိတ်ထဲမှာ ပေါ်အောင် မလုပ်မိရင် အလကားဖြစ်သွားတာ၊ အဲဒါ သိပ်အရေးကြီးတယ်နော်၊ အဘိဓမ္မာ တတ်ရင် သူများထက် Advantageous ဖြစ်တယ်၊ အဘိဓမ္မာနားမလည်ရင် တိဟိတ် ကုသိုလ်ဖြစ်အောင် ဘယ်လိုလုပ်ရမယ်ဆိုတာ မသိကြဘူးနော်၊ အဲဒီတော့ အဘိဓမ္မာ တတ်ရင် အဆင့်မြင့်တယ်ပြောတော့ မတတ်တဲ့သူက မခံချင်ဖြစ်မယ်၊ အဘိဓမ္မာ တတ်မှ ကုသိုလ်ကို အကောင်းဆုံးကုသိုလ်ဖြစ်အောင် လုပ်တတ်တာ၊ ဒီလို မဟုတ်ရင် မလုပ်တတ်ဘူး။

ဒါကြောင့်မို့ ဦးဇင်းတို့ ရေစက်ချတဲ့အခါကျတော့ ကံ,ကံ၏ အကျိုးကို ယုံကြည်ပါတယ်ဆိုတာလေး ထည့်ထည့်ပြီးတော့ဆိုပေးရတာ၊ ဒီဉာဏ်လေး ပါပါစေတော့ဆိုပြီး ဆုတောင်းရတာ၊ ရေစက်ချတာ အရမ်းလုပ်ထားတာ မဟုတ်ဘူး၊ နားထောင်ကောင်းအောင် လုပ်ထားတာ မဟုတ်ဘူး၊ ကွက်တိကျအောင် လုပ်ထားတာ၊ ဒွိဟိတ်ကျတော့ ဘယ်လိုမြင်သလဲ၊ သေသေချာချာလုပ်ထားတာပေါ့။

ဥက္ကဋ္ဌကုသိုလ်တဲ့, ကောင်းတာမြင့်မြတ်တာကို ဥက္ကဋ္ဌလို့ခေါ်တယ်၊ ဥက္ကဋ္ဌ ကုသိုလ်ဆိုတာ ရှေ့နောက် ကုသိုလ်ခြံရံသော ကုသိုလ်တဲ့။

ကုသိုလ်ကောင်းမှု တစ်ခုပြုတော့မယ်ဆိုရင် မပြုမီမှာ ပုဗ္ဗစေတနာဆိုတာ ရှိတယ်၊ မပြုခင်ကဖြစ်နေတဲ့စေတနာ၊ ပြုပြီးနောက် ဒီကုသိုလ်နဲ့ ပတ်သက်တဲ့ စေတနာတွေကို အပရစေတနာတွေခေါ်တယ်။

အဲဒီတော့ အဲဒီကုသိုလ်ဟာ ရှေ့ကလည်းကုသိုလ်ခြံရံနေတယ်၊ နောက်က လည်း ကုသိုလ်ခြံရံနေတယ်၊ အဲသလို ရှေ့ရောနောက်ရော ကုသိုလ်ခြံရံနေရင် အဲဒီကုသိုလ်ကို ဥက္ကဋ္ဌကုသိုလ်လို့ ခေါ်တယ်၊ အမြတ်စားကုသိုလ်လို့ခေါ်တယ်၊ အဲဒါလည်း အရေးကြီးတယ်၊ အမြတ်စားကုသိုလ်ဖြစ်အောင် လုပ်ဖို့ သိပ်အရေးကြီး တယ်။

ဒါကြောင့်မို့ စေတနာသုံးတန်ပြဋ္ဌာန်းရမယ်ဆိုတာဒါပဲ၊ အကောင်းဆုံး ကုသိုလ်ဖြစ်အောင် လုပ်ခိုင်းတာ။

မလှူခင်လည်းပဲဝမ်းသာနေတယ်၊ လှူတဲ့အခိုက်မှာလည်း ဝမ်းသာနေတယ်၊ လှူပြီးတဲ့ အခါမှာလည်း ဒီအလှူနဲ့ပတ်သက်ပြီး ပြန်စဉ်းစားတိုင်း ဝမ်းသာနေတယ်၊ အဲဒီလို စေတနာပြဋ္ဌာန်းတယ်ဆိုရင် ဥက္ကဋ္ဌကုသိုလ်ဖြစ်တော့တာပဲ၊ "ပုဗ္ဗေဝဒါနံ သုမနော ဒဒံ စိတ္တံ ပသာဒယေ၊ ဒတွာ အတ္တမနော ဟောတိ, တေပုညဿသမ္ပဒါဆိုပြီး ဘုရားဟော ထားတာ ရှိတယ်၊ ကောင်းမှုကုသိုလ်ရဲ့ ပြည့်စုံမှုဟာ ဘာလဲဆိုရင် မလှူခင်လည်းပဲ ဝမ်းမြောက်နေတယ်၊ လှူဆဲအခါမှာလည်း ဝမ်းမြောက်နေတယ်၊ လှူပြီးတဲ့နောက်မှာလည်း ဝမ်းမြောက်နေတယ်တဲ့။

ဒါကြောင့် ဝမ်းမြောက်ဝမ်းသာဆိုတာလေး ဦးဇင်းတို့က ထည့်ထည့်တိုင်ပေးရတာ၊ ဝမ်းမြောက်ဝမ်းသာလှူပါတယ်ဘာတယ်ဆိုတာ အလကားထည့်တာ မဟုတ်ဘူး၊ ရှေ့နောက် ကုသိုလ်ခြံရံပါတယ်ဆိုတဲ့ အဓိပ္ပါယ်လေး ဖြစ်သွားအောင်လို့ အဲဒါကျမှ ဥက္ကဋ္ဌကုသိုလ်ဖြစ်မယ်တဲ့။

အဲသလို မဟုတ်ပဲ ရှေ့နောက်မှာ အကုသိုလ်ခြံရံနေရင် ဩမကကုသိုလ်ဖြစ်မယ်တဲ့၊ ကုသိုလ်တော့ ကုသိုလ်ပဲ၊ နည်းနည်းညံ့သွားတယ်၊ ဘာကြောင့်တုန်းဆိုတော့ ကုသိုလ်အချင်းချင်း အားပေးမှု မရဘူးပေါ့၊ ရှေ့ကလည်း အကုသိုလ်ဖြစ်တယ်၊ နောက်ကျတော့လည်း ပြန်စဉ်းစားရင် နှလုံးမသာယာဖြစ်တာတို့ ဘာတို့ရှိတယ်၊ အဲသလိုဖြစ်ရင် ဒီကုသိုလ်ဟာ ဩမကကုသိုလ်ဖြစ်တော့မယ်၊ အကောင်းစားကုသိုလ် မဟုတ်တော့ဘူး၊ အညံ့စားကုသိုလ် ဖြစ်သွားပြီ။

ဒါကြောင့် ကုသိုလ်ကောင်းမှုပြုတဲ့အခါမှာ သတိထားကြဖို့ပဲ၊ တချို့တွေဟာ မလှူချင်မတန်းချင်စိတ်ဆိုးနေတာတွေ ဘာညာရှိတတ်တယ်၊ အချင်းချင်း စကားပြော မတည့်တာတို့, စိတ်တိုင်းမကျတာတို့ရှိတယ်၊ ဒါပေမယ့် အလှူပြုတဲ့နေ့မှာတော့ စိတ်ကို ချကိုထားရမယ်၊ ဘာဖြစ်နေနေ ဒီအလှူနဲ့ ပတ်သက်သ၍တော့ ဒေါသမဖြစ်အောင် ထိန်းမယ်ဆိုပြီး အဲဒီနေ့မှာ စိတ်ကို တစ်ခါတည်း ချထားရမယ်၊ အဲဒါ အရေးကြီးတယ်။

ပြီးတော့ အလှူနဲ့ပတ်သက်ပြီး ပြန်စဉ်းစားလိုက်ရင်လည်း ကုသိုလ်ပဲဖြစ်ရမယ်၊ ပြန်ပြီးနှမြောတဲ့စိတ်တို့ နောင်တရတဲ့စိတ်တို့ မဖြစ်စေရဘူး၊ အဲဒါလည်း အရေးကြီးတယ်၊ အဲဒါက ဘယ်မှာ အရေးကြီးသလဲဆိုရင် အခုလို ဩမကကုသိုလ်ဖြစ်သွားမှာကြောင့် တစ်ကြောင်း၊ နောက်တစ်ခုက အကျိုးရတဲ့ အခါမှာလည်းပဲ မဟာန်တဲ့ အကျိုးရမယ်၊ အပရစေတနာချို့တဲ့သူတွေဟာ ချမ်းသာပေမယ့် မစားရက် မသောက်ရက် ဆိုတာအဲဒါပဲ။

ကုသိုလ်ကောင်းမှုပြုတဲ့အတွက်ကြောင့် ကုသိုလ်ကောင်းမှု အကျိုးတော့ သူတို့ရတယ်၊ လူချမ်းသာဖြစ်တယ်၊ သို့သော် အပရစေတနာချို့တဲ့ခဲ့တဲ့ အတွက် ကြောင့်မို့ ပြန်ပြီးနောင်တရတယ်၊ ဒါလေးချန်ထားရင် ဒို့ မိသားစု သက်သာသွားမယ် စသည်ဖြင့် အဲသလို မတော်တဆဖြစ်မိရင် ဒီလို မဟုတ်လို့ လှူတဲ့ပုဂ္ဂိုလ်ကို အကြောင်းပြုပြီး စိတ်ပျက်မိရင် အကျိုးပေးတဲ့ဘဝကျတော့ မသုံးရက် မစားရက် ဖြစ်တတ်တယ်။

တချို့တွေ ပိုက်ဆံချမ်းသာပြီးတော့ ဆင်းရဲနေတတ်တယ်၊ မြတ်စွာဘုရားလက် ထက်က ကုဋေရှစ်ဆယ်ကြွယ်ဝပေမယ်လို့ စားတော့ဆန်ကွဲ ထမင်းနဲ့ ပုန်းရည်ဟင်းပဲ စားရတယ်၊ အဝတ်ကျတော့လည်း အညံ့စားဝတ်ရတယ်၊ လှည်းစီးတော့လည်း အကျိုးအပျက် စီးတယ်၊ သူသေသွားတော့ သူ့ဥစ္စာတွေ မင်းဘဏ္ဍာဖြစ်တယ်၊ အဲဒါက ဘာကြောင့် ဒီလိုဖြစ်ရတာပါလဲလို့ ရဟန်းတွေက မြတ်စွာဘုရားကို လျှောက်တော့ မြတ်စွာဘုရား က ပြန်ဟောပြတာ။

ဒါကြောင့် နောက်စေတနာကလည်း အတော်အရေးကြီးတယ်၊ ဒီအလှူနဲ့ ပတ်သက်ရင်တော့တော့ ကောင်းတဲ့စေတနာတွေ ဖြစ်ရမယ်၊ ဝမ်းမြောက်ဝမ်းသာ စိတ်တွေလည်းဖြစ်နေအောင် ဂရုစိုက်ဖို့ပဲရှိတယ်။

အဲဒီလို ကိုယ်က အဘိဓမ္မာကို နားလည်ထားလို့ အခုလို အကျိုးအကြောင်း ကို နားလည်ထားရင် ကိုယ်က သတိထားနိုင်တယ်၊ ဂရုစိုက်နိုင်တယ်၊ ကုသိုလ် ကောင်းမှုပြုတဲ့အခါမှာ ဥက္ကဋ္ဌဖြစ်အောင် ငါပြုမယ်၊ တိဟိတ်ဖြစ်အောင် ငါပြုမယ်လို့ စိတ်ပိုင်းဖြတ်နိုင်တယ်။

ဒီလိုမသိပဲနဲ့ကုသိုလ်ပြုကြရင် သနားစရာကောင်းတယ်၊ ဒါကြောင့် ဘုန်းကြီး တွေက ထည့်ထည့်ဟောရတာ၊ တရားလေးဟောလိုက်, ရေစက်ချတဲ့အခါမှာ မပါပါအောင် လုပ်ပေးရတယ်။

ဒါပေမယ့် အခုလို ပြောမထားရင် သူတို့ရဲ့ အသိဉာဏ်ဟာ သိပ်မဟုတ်ဘူး၊ မလေးနက်ဘူး။

ဒါကြောင့်မို့အဘိဓမ္မာဟာ တကယ် practical ရှိတယ်၊ value ရှိတယ်၊ ရှိးရှိးပါပဲ၊ academic မဟုတ်ဘူး၊ သို့သော် practical value ရှိတယ်၊ အဘိဓမ္မာ နားလည်မှ လုပ်တတ်တယ်။

ဒါကြောင့်မို့ ဦးဇင်းက ပြောလေ့ရှိတယ်၊ မင်းတို့လူတွေ ဘယ်လောက်လှူလှူ ငါလှူတာလောက် အကျိုးမရှိဘူးလို့ မခံချင်အောင် ပြောလေ့ရှိတယ်၊ ငါကရေလေး

တစ်ခွက် ပန်းလေးတစ်ပွင့်လှူပြီး အကျိုးရှိအောင်လုပ်တတ်တယ်၊ မင်းတို့ထက် ကုသိုလ်ရတယ်လို့ ပြောရတယ်။

တချို့တွေလှူတာ အကြီးအကျယ်လှူတာ မဟုတ်လား၊ သောင်းသိန်းချီ အကုန်ခံပြီးလှူတာ၊ ဒါပေမယ်လို့ ဦးဇင်း သိပ်သနားတယ်။

**မေး** – နောက်စေတနာပျက်တာများတယ်လို့ ထင်ပါတယ်။

**ဖြေ** – မဟုတ်ဘူး၊ အဲဒါကျတော့ အကုန်ပျက်တာ၊ ဆိုပါတော့, အလှူခံပုဂ္ဂိုလ်က ဘယ်လိုသုံးသုံး, ဘာသုံးသုံး ကိုယ်က စေတနာမကွက်နဲ့၊ သူမတော်တရော်သုံးရင် သူ့အပြစ်နဲ့သူ ဖြစ်လိမ့်မယ်၊ ကိုယ်ကသွားပြီး စေတနာသွားကွက်ရင် ကိုယ့်ခိုက် လိမ့်မယ်၊ ကိုယ့်ကုသိုလ်က ညံ့သွားတယ်၊ အဲဒါကြောင့်မို့ မတော်တရော်သုံးတာတွေ ဘာတွေ တွေ့တတ်ပါတယ်၊ ဒါပေမယ့် စိတ်ကို နားလည်ထားရမယ်၊ လှူပြီးတာက လှူပြီးပြီပဲ၊ သူ့ပစ္စည်း သူကြိုက်ရာလုပ်, သူ့ကိစ္စပဲ၊ ကိုယ်မကျေနပ်ရင် နောက် မလှူချင်နေရုံပဲ၊ လှူပြီးတာနဲ့ ပတ်သက်လို့ နှလုံးမသာမယာမဖြစ်စေနဲ့၊ ဘာကြောင့်လဲ ဆိုတော့ ဒီလိုဖြစ်လိုက်ရင် ကိုယ့်ကိုကိုယ် ပြန်ပြီး နှိပ်စက်သလိုဖြစ်နေတယ်၊ ကိုယ်ရမယ့်အကျိုး ကြီးကြီးရမှာကို မရအောင်လုပ်သလိုဖြစ်နေတယ်၊ ဒါကြောင့်မို့ အတော်အရေးကြီးတယ်၊ကောင်းပြီ။

# အဘိဓမ္မာသင်တန်း (၁၄)

## [ဝီထိမုတ်ပိုင်း]

## ကာမာဝစရကုသိုလ်, ရူပါဝစရကုသိုလ်

### အရူပါဝစရကုသိုလ်က အကျိုးပေးပုံ

ဒီနေ့ဇူလိုင်လ ၃၁–ရက်၊ ဟိုအပတ်တုန်းက တိဟိတ်ဥက္ကဋ္ဌကုသိုလ်ရယ်၊ တိဟိတ်ဩမကကုသိုလ်ရယ် အဲဒါအကျယ်ပြောပြီးပြီ။

တိဟိတ်ဆိုတာ ဘယ်လိုဟာကိုခေါ်သလဲ၊ ရှင်းရှင်းပြောရရင် ကံ, ကံ၏ အကျိုးကို ယုံကြည်တယ်, ဉာဏ် ပါတယ်ဆိုရင် တိဟိတ်ခေါ်တယ်၊ ဥက္ကဋ္ဌဆိုတာ ရှေ့နောက်ကုသိုလ်ခြံရံတာ၊ ဩမကကျတော့ ရှေ့နောက်ကုသိုလ်မခြံရံတာ။

သူကတိဟိတ်တော့ တိဟိတ်ပဲ၊ ရှေ့နောက် ကုသိုလ်မခြံရံရင် ဩမက ဖြစ်သွားတယ်၊ ဩမကဆိုတာ အညံ့စားဖြစ်သွားတာ၊ အဲဒီတော့ တိဟိတ်အကောင်းစား တိဟိတ်အညံ့စား၊ ဒါဟာ အကျိုးပေးတဲ့အခါကျတော့ ကွာလိမ့်မယ်။

ပြီးတော့ ဒွိဟိတ် ကုသိုလ်ဆိုတာက ဉာဏ်မပါပဲနဲ့ ပြုတဲ့ကုသိုလ်, အမှတ်တမဲ့ ပြုတဲ့ကုသိုလ်, ကံကံ၏အကျိုး ယုံကြည်တဲ့ဉာဏ် ဒီလိုကုသိုလ်ပြုတဲ့အချိန်မှာ ပါကိုပါရမယ်"ဟာ တပည့်တော်တို့ ဗုဒ္ဓဘာသာပဲ၊ ကံကံ၏အကျိုးကို ယုံကြည်ပြီး

ကုသိုလ်ပြုတာပဲ ကိစ္စမရှိပါဘူး” ဒီလိုပြောလို့ မရဘူး၊ ကုသိုလ်ပြုတဲ့အခိုက်အတန့်မှာ ဉာဏ်ပါကိုပါရမယ်။

ကုသိုလ်ပြုတဲ့ အခိုက်မှာ ဉာဏ်ပါမသွားရင် ဉာဏဝိပ္ပယုတ် ဖြစ်သွားမယ်၊ ဉာဏဝိပ္ပယုတ်ဖြစ်သွားရင် ဒွိဟိတ်ကုသိုလ်ဖြစ်သွားမယ်၊ ဂရုစိုက်မှ ဒီဉာဏ်ပါမယ်၊ ဒီဉာဏ်မပါရင် ဒွိဟိတ်ကုသိုလ် ဖြစ်သွားမယ်။

အဲဒီဒွိဟိတ်ကုသိုလ်ကလည်း ခုနပြောတဲ့အတိုင်းပဲ ဥက္ကဋ္ဌနဲ့ ဩမက (၂)မျိုး ရှိတယ်၊ ဥက္ကဋ္ဌဆိုတာက ရှေ့နောက် ကုသိုလ်ခြံရံတယ်၊ ဩမကရှေ့နောက် ကုသိုလ်မခြံရဘူး၊ အဲဒီတော့ အားလုံးစုပေါင်းပြောရရင် တိဟိတ်ဥက္ကဋ္ဌ, တိဟိတ် ဩမက, ဒွိဟိတ် ဥက္ကဋ္ဌ, ဒွိဟိတ်ဩမက ဖြစ်သွားတယ်။

အဲသလို ဖြစ်သွားတော့ သူတို့က အကျိုးပေးကျတော့ ကွာသွားလိမ့်မယ်၊ အဲဒီတော့ အကျိုးပေးတွေ ကြည့်လိုက်စမ်းပါ၊ ပထမအရင် စာရွက်ဟောင်းမှာနော်။

တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံက ဘယ်အခါအကျိုးပေးသလဲဆိုတော့ ပဋိသန္ဓေ အခါမှာ တိဟိတ်ပဋိသန္ဓေအကျိုးကို ပေးတယ်။

တိဟိတ်ပဋိသန္ဓေအကျိုးဆိုတော့ ကာမာဝစရထဲက ဘယ်စိတ်တွေလဲ၊ ကာမာဝစရဝိပါက်, မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ်တွေဖြစ်မှာပေါ့၊ တိဟိတ်ပဋိ သန္ဓေကိုး။

ပဝတ္တိအခါကျတော့ အဲဒီကုသိုလ်ကံဟာ ဘယ်အကျိုးဖြစ်စေသလဲဆိုရင် ဝိပါက်စိတ် ၁၆-ပါးကို ဖြစ်စေသည်၊ ဝိပါက် ၁၆-ပါးဆိုတာ အဟိတ်ကုသလ ဝိပါက်စိတ် ၈-ခု၊ မဟာဝိပါက်စိတ် ၈-ခု၊ အဲဒါ ၁၆-ပါးကိုပြောတာ၊ ပဝတ္တိ အခါမှာဆိုရင်ဝိပါက်စိတ် ၁၆-ပါးလုံးကိုပဲ အရာအားလျော်စွာ ဖြစ်စေလိမ့်မယ်၊ အဲဒီတော့ ဝီထိကျတဲ့အခါမှာ တဒါရုံတွေဘာတွေ မကျပေဘူးလား၊ မဟာ ဝိပါက်စိတ်ဖြစ်တယ်၊ မြင်တဲ့အခါ စက္ခုဝိညာဏ်စိတ် ဖြစ်တယ်၊ ကြားတဲ့အခါ သောတဝိညာဏ်စိတ်ဖြစ်တယ်၊ ကောင်းတာမြင်တဲ့အခါ ကောင်းတာကြားတဲ့အခါ စသည်ဖြင့် အဲဒါက ပဝတ္တိအခါမှာဖြစ်စေတာ။

ပဋိသန္ဓေအခါမှာတော့ မဟာဝိပါက်စိတ်ထဲက တိဟိတ်ပဋိသန္ဓေကျိုးကိုပဲ ပေးတယ်၊ တိဟိတ်ပဋိသန္ဓေ (၄)ခုရှိတယ်၊ ဒါက တိဟိတ် ဥက္ကဋ္ဌနော်။

တိဟိတ်ဩမက ကုသိုလ်ကံသည် ပဋိသန္ဓေအခါမှာ ဒွိဟိတ်ပဋိသန္ဓေကျိုးကို ပေးသည်တဲ့၊ ကြည့်စမ်း၊ တိဟိတ်ကုသိုလ်နော်၊ သို့သော် သူက ဘာဖြစ်သွားတုန်း၊ ဩမကဖြစ်သွားတယ်၊ ရှေ့နောက် အကုသိုလ်ခြံရံသွားတယ်၊ အဲဒါကြောင့် သူက

ညံ့သွားတဲ့အတွက်ကြောင့် တိဟိတ်ပဋိသန္ဓေကျိုးကို မပေးနိုင်တော့ဘူး၊ ဒွိဟိတ် ပဋိသန္ဓေကျိုးသာ ပေးတော့တယ်။

ပဝတ္တိအခါမှာတော့ တိဟိတ် မဟုတ်သော ဝိပါက်စိတ် ၁၂-ပါးဆိုတော့ အဟိတ်ကုသလဝိပါက်စိတ် ၈-ပါးရယ်၊ မဟာဝိပါက် ဉာဏဝိပ္ပယုတ် ၄-ပါးရယ်၊ ဟုတ်ပြီလား၊ အဲဒီ ၁၂-ပါးကို ပေးတယ်။

အဲဒီပုဂ္ဂိုလ်သန္တာန်မှာ မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ်ဖြစ်ကို မဖြစ်တော့ဘူး၊ မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ်ပဲ ဖြစ်တော့မယ်၊ တိဟိတ်ကုသိုလ်ဟာ ဥက္ကဋ္ဌဖြစ်အောင်လုပ်နိုင်မှ အကျိုးရှိတယ်၊ ဥက္ကဋ္ဌဖြစ်အောင် မလုပ်နိုင်ရင် ဒွိဟိတ်ပဋိသန္ဓေကျိုးကိုပဲ ပေးလိမ့်မယ်။

ပေးသည့်အခါမှာလည်း ဉာဏဝိပ္ပယုတ် မဟာဝိပါက်စိတ်ရယ်၊ အဟိတ်အကုသလဝိပါက်စိတ် ၈-ခုရယ်, ဒါပဲဖြစ်စေလိမ့်မယ်။

အဲဒီတော့ ဒွိဟိတ် ပဋိသန္ဓေကျိုးပေးတော့ ဘာဖြစ်သလဲ, ဘယ်လိုဆုံးရှုံးမှုရှိသလဲ, အကြီးအကျယ် ဆုံးရှုံးမှုရှိတယ်၊ ဒွိဟိတ် ပဋိသန္ဓေဖြစ်ရင် ဈာန်, မဂ်, ဖိုလ်မရနိုင်ဘူး၊ ဒီလိုရှိတယ်။

ဒွိဟိတ်ပုဂ္ဂိုလ်ဖြစ်ရင် အဲဒီဘဝမှာ ဈာန်လည်းမရနိုင်ဘူး၊ မဂ်ဖိုလ်လည်း မရနိုင်ဘူး၊ တိဟိတ်ပုဂ္ဂိုလ်ဖြစ်မှ ဈာန်မဂ်ဖိုလ်ရနိုင်တယ်၊ အဲဒါကြောင့်မို့ တိဟိတ်ဥက္ကဋ္ဌကုသိုလ်ဖြစ်အောင်လုပ်ဖို့ အလွန်အရေးကြီးတယ်။

လူတွေက နိဗ္ဗာန်ရရပါလို၏လို့ ဆုသာတောင်းနေကြတာ၊ ဆုတောင်းနေရုံနဲ့ မပြီးဘူး၊ ကိုယ်လုပ်တဲ့ ကုသိုလ်က တိဟိတ်ဥက္ကဋ္ဌကုသိုလ်ဖြစ်အောင်လုပ်မှ ဒီဘဝ တော့ကြိုးစားရင် တိဟိတ်ပုဂ္ဂိုလ်ဖြစ်မှာ၊ နောက်ဘဝမှန်းတယ်ဆိုရင် နောက် ဘဝ တိဟိတ် ပုဂ္ဂိုလ်ဖြစ်မှ အကျွတ်တရားရမှာ၊ ဒွိဟိတ်ပုဂ္ဂိုလ်ဆိုရင် မဂ်ဖိုလ် မရနိုင်ဘူး၊ ပါရမီဖြည့်မှ ရနိုင်တယ်။

ဒါကြောင့် တိဟိတ်ဥက္ကဋ္ဌ ပုဂ္ဂိုလ်ဖြစ်ဖို့ အရေးကြီးတယ်၊ နိဗ္ဗာန်ရရပါလို၏ လို့ဆုတောင်းနေရုံနဲ့ ကိစ္စမပြီးဘူး၊ နိဗ္ဗာန်ရနိုင်တဲ့ အခြေခံပါတဲ့သတ္တဝါဖြစ်အောင်, ပဋိသန္ဓေမျိုးရအောင် လုပ်ရမှာ၊ ဒါဟာ ဘိဓမ္မာတတ်တဲ့လူရဲ့ advantage ပဲ၊ အဘိဓမ္မာမတတ်ရင် ဒါတွေ မသိတော့ဘူး၊ တော်ရုံလျော်ရုံပဲ ပြုချင်ပြုလိုက်မယ်။

ဒါကြောင့်မို့ ကုသိုလ်ပြုချင်ရင် တိဟိတ်ဥက္ကဋ္ဌဖြစ်အောင်ကို ပြုရမယ်၊ ဒါမှ ပြုရကျိုးနပ်တယ်၊ အကျိုးလည်းအပြည့်အဝရမယ်။

ကိုယ်က နားမလည်လို့ဖြစ်စေ, နားလည်သော်လည်း ဂရုမစိုက်လို့ဖြစ်စေ,

တိဟိတ်ဩမကဖြစ်သွားမယ်ဆိုရင် ပဋိသန္ဓေမှာ ဒွိဟိတ်ပဲဖြစ်သွားလိမ့်မယ်၊ ဒွိဟိတ် ပဋိသန္ဓေဖြစ်သွားရင် အဲဒီဘဝမှာ ဈာန်မဂ်ဖိုလ်ရစရာအကြောင်း မရှိတော့ဘူး၊ ဒါကြောင့်မို့ အရေးကြီးတယ်ပြောတာ။

ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်ကတော့ တိဟိတ်ဩမကနဲ့ အကျိုးပေးတူတယ်၊ ဒါကြောင့်မို့ အချောင်းလေး ၂–ချောင်း လုပ်ထားတာ၊ အချောင်းလေး ၂–ချောင်း လုပ်ထားတာဟာ တိဟိတ်ဩမက အတိုင်းပဲ ပဋိသန္ဓေအခါမှာ ဒွိဟိတ် ပဋိသန္ဓေကျိုး ပေးတယ်၊ ပဝတ္တိအခါမှာ တိဟိတ်မဟုတ်တဲ့ ဝိပါက်စိတ် ၁၂–ပါးကို ဖြစ်စေတယ်၊ အမှန်တော့ သူတို့ ၂–ဦးဟာတွဲထားလို့ရတယ်၊ တိဟိတ်ဩမကနဲ့ ဒွိဟိတ်ဥက္ကဋ္ဌက အကျိုးပေးတူတာကိုး။

ဒါကြောင့်မို့ ဟိုကတိဟိတ်ဖြစ်သော်လည်း ဩမကဖြစ်နေတယ်၊ ဒီက ဒွိဟိတ် ဖြစ်ပေမယ်လို့ ဥက္ကဋ္ဌဖြစ်နေတယ်။

ဒွိဟိတ်ဩမကတဲ့၊ အညံ့ဆုံးပဲ၊ ရှေ့နောက်လည်း ကုသိုလ်မခြံရံဘူး၊ အဲသလို ကုသိုလ်ကျတော့ ပဋိသန္ဓေအခါမှာ အဟိတ်ပဋိသန္ဓေကျိုးသာ ပေးတော့တယ်၊ ဒီခေတ်အနေနဲ့ ပြောရရင် မွေးကတည်းက ကန်းလာတာတို့, နားပင်းလာတာမျိုး ပေါ့လေ၊ ဒါမျိုးတွေ ဖြစ်လာတာဟာ ဒွိဟိတ်ဩမက ကုသိုလ်ကံကြောင့် ဖြစ်လာတာ၊ အကုသိုလ်ကံကြောင့် ဖြစ်လာတာမဟုတ်ဘူး။

အကုသိုလ်ကံကြောင့် ဆိုရင် လူကို မဖြစ်ဘူး၊ ကုသိုလ်ကံကြောင့်ဖြစ်တာ၊ သို့ပေမယ့် ဒီကုသိုလ်ကံက နုံချာတယ်၊ မျိုးစေ့မကောင်းဘူး၊ မအောင်မြင်တဲ့မျိုးစေ့ ဖြစ်နေတော့ သစ်ပင်ပေါက်လာတော့ ကြဲလှီတဲ့သစ်ပင်ပေါက်လာသလိုပဲ ကောင်းမှု ကုသိုလ်က ဒွိဟိတ် ဩမက ဖြစ်နေတယ်၊ ဉာဏ်လည်းမပါဘူး၊ ရှေ့နောက်ကလည်း ကုသိုလ်မခြံရံတော့ အကျိုးပေးတဲ့ အခါ အဟိတ် ပဋိသန္ဓေကျိုးပဲပေးတော့တာ၊ ကာမသုဂတိ ၇–ဘုံပေါ့၊ လူဖြစ်ရင်လည်း ကျိုးတာ, ကန်းတာ ပင်းတာ, ဆွံ့တာဖြစ် လာတယ်။

ပဝတ္တိအခါမှာ သူက မဟာဝိပါက်ကို မပေးနိုင်တော့ဘူး၊ အဟိတ်ကုသလ ဝိပါက်စိတ် ၈–ပါးကိုပဲ ဖြစ်စေနိုင်တယ်၊ အဲဒီပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ တဒါရုံအစစ်နဲ့ မဟာဝိပါက်စိတ် ဖြစ်နိုင်ပါဦးမလား, မဖြစ်နိုင်ဘူး သန္တီရဏ မဟာဝိပါက်စိတ်တော့ ဖြစ်နိုင်တယ်၊ တဒါရုံ မဟာဝိပါက်စိတ် မဖြစ်နိုင်ဘူး။

ဒါကြောင့်မို့ ဒါကိုနားလည်ထားရင် ကုသိုလ်ကောင်းမှု တကယ်ပြုတတ်သွားပြီ၊ ဘယ်လို ကုသိုလ်ကောင်းမှုပြုမှ နိဗ္ဗာန်ရနိုင်တဲ့ အခြေရောက်သွားမယ် ဆိုတာသိတယ်။

အဲဒီတော့ တစ်ခုရှိတယ်၊ ကောင်းပြီ၊ တပည့်တော်တို့ ဒွိဟိတ်ပုဂ္ဂိုလ်မှန်း တိဟိတ် ပုဂ္ဂိုလ်မှန်းလည်း မသိဘူး၊ ဘယ်သူကမှလည်း အဆုံးအဖြတ် မပေးနိုင်ဘူး၊ တပည့်တော်တို့ တရားအားထုတ်နေတာ အလကားနေမှာပေါ့၊ ဒီလို ပြောမယ်ဆိုရင် ဘယ့်နှယ်တုန်း။

မဟာစည်ဆရာတော်ကြီးက ဘယ်လို မိန့်တော်မူခဲ့သလဲဆိုတော့ ပါရမီရှိတာ မရှိတာ, ဒွိဟိတ်တွေ တိဟိတ်တွေ စဉ်းစားမနေနဲ့တဲ့၊ ပါရမီရှိလို့ တိဟိတ်ဖြစ်ရင်လည်း ဒီဘဝ တကယ်တရားအားထုတ်လိုက်ရင်ပေါက်ရောက်သွားမယ်၊ ဒီဘဝမှာ တိဟိတ် မဟုတ်သေးရင်လည်း နောက်ဘဝ တိဟိတ်ပဲ ဖြစ်လိမ့်မယ်တဲ့။

ဒါကြောင့်မို့ တပည့်တော်တို့ ပါရမီရှိတာ မရှိတာ မသိလို့ တရားအားမထုတ်ဘူးလို့ ဒီလို မလုပ်နဲ့၊ ဒွိဟိတ်မှန်း တိဟိတ်မှန်း မသိလို့ တရားအားမထုတ်ဘူး, ဒီလို မလုပ်နဲ့။

ကိုယ်က တိဟိတ်ဖြစ်တယ်, ပါရမီရှိတယ်ဆိုရင် ဒီဘဝမှာပဲ ပေါက်ပေါက် ရောက်ရောက် ဖြစ်လိမ့်မယ်၊ ဒီလိုမဟုတ်ဘူး ဆိုရင်လည်း နောက်ဘဝတွေမှာ ပေါက် ပေါက်ရောက်ရောက်ဖြစ်ဖို့ အခြေခံ ဖြစ်လိမ့်မယ်၊

ဒါကြောင့်မို့ ဘာပဲဖြစ်နေနေ ကိုယ့်အလုပ်ကို မလျှော့ရဘူး၊ တရားထိုင်တာ တရားကျင့်တာ မလျှော့ရဘူး။

ကောင်းပြီ, ဒါက ဆရာတွေ အညီအမျှ ယူဆထားတဲ့ အယူအဆအတိုင်းသာ ပြောရတာ၊ တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ကံက တိဟိတ်ပဋိသန္ဓေကျိုးပေးတယ်၊ တိဟိတ် ဩမကက ဒွိဟိတ်ပဋိသန္ဓေကျိုးပေးတယ် စသည်ဖြင့် လုပ်တာ။

အဲဒီတော့ ကေစိ (အချို့)ဆိုတာရှိတယ်၊ ကေစိဆိုတာက ပါဠိစကား အင်္ဂလိပ်စကား some နဲ့အတူတူပဲ၊ ကေစိဆရာ (အချို့ဆရာ)တွေက အသင်္ခါရိက ကုသိုလ်က သသင်္ခါရိက အကျိုးမပေးဘူး၊ သသင်္ခါရိကက ကုသိုလ်က အသင်္ခါရိက အကျိုးမပေးဘူးတဲ့၊ သူကတော့ တိတိကျကျလိုက်တယ်၊ အသင်္ခါရိကက အသင်္ခါရိက ကိုသာ ပေးမယ်၊ သသင်္ခါရိကက သသင်္ခါရိကသာ ပေးမယ်တဲ့၊ ဒီလို ယူကြတယ်။

ကျမ်းဂန်မှာ ကေစိလို့ ပြောထားရင် ဒီကျမ်းဂန်ရေးတဲ့ ပုဂ္ဂိုလ်က မကြိုက်လို့ အများလက်မခံလို့, တချို့တလေကသာ လက်ခံတဲ့ ဝါဒကို ကေစိဝါဒလို့ခေါ်တယ်၊ ကေစိဆိုရင် မယူအပ်တဲ့ ဝါဒပေါ့၊ သူ့မှာ အပြစ်ရှိတယ်။

အဲဒီတော့ ပဋိသန္ဓေဖြစ်တယ်ဆိုတာ မရဏာသန္နဇောအခိုက်တုန်းက ဘယ်သူမှ လုပ်ဆောင်မပေးရပဲနဲ့ သူ့ဟာသူ အလိုလို အာရုံထင်လာပြီးတော့ အသင်္ခါရိကဖြစ်ရင်

ပဋိသန္ဓေကျတော့လည်း အသင်္ခါရိကပဲဖြစ်တယ်။

မရဏာသန္နဇော အခိုက်တုန်းက သူများက ယူဆောင်ပြ တိုက်တွန်းလို့ ဖြစ်လာရင် သသင်္ခါရိကဖြစ်တာပဲ၊ ရှေးရှေးဘဝ ပြုထားတဲ့ ကုသိုလ်က ဆုံးဖြတ်တာ မဟုတ်ဘူး၊ မရဏာသန္နဇော အခိုက်မှာ အာရုံထင်တဲ့အခါ သူ့ဟာသူပဲ အားကောင်းကောင်းနဲ့ ထင်လာသလား, သူများက လုပ်ပေးလို့ ထင်လာသလားဆိုတာတောင်မှ သိခဲတယ်တဲ့။

ဒါကြောင့်မို့ ဒီဝါဒကို ဆရာအများကမကြိုက်ကြဘူး၊ သို့သော် အချို့ဆရာတွေက ဒီလိုဆိုတယ်ပေါ့လေ၊ ဆရာတစ်ပါးနဲ့ တစ်ပါးအယူမတူဘူး ဆိုကြတာ အများကြီးရှိတယ်။

ဒါကြောင့်မို့ ကေစိဆရာတို့ အလိုအတိုင်းဆိုရင်တော့ အသင်္ခါရိက ကုသိုလ်က အသင်္ခါရိက အကျိုးကိုသာပေးမယ်၊ သသင်္ခါရိက ကုသိုလ်က သသင်္ခါရိက အကျိုးကိုသာပေးမယ်၊ ဒီလိုဆိုရင် ကေစိဆရာတို့ရဲ့ အလိုဆိုရင် ဘယ့်နှယ်ဖြစ်မလဲ၊ တိဟိတ်ဥက္ကဋ္ဌ အသင်္ခါရိကကုသိုလ်ကံက တိဟိတ် အသင်္ခါရိက ပဋိသန္ဓေပေးမယ်ဆိုရင် တိဟိတ်အသင်္ခါရိက ပဋိသန္ဓေ ဘယ်နှစ်ခုပဲရှိတော့မလဲ၊ ၂–ခုပဲ ရှိတော့မယ်။

ဟုတ်တယ်၊ တိဟိတ်က ၄–ခု, ဒွိဟိတ်က ၄–ခု, အဲဒီတော့ တိဟိတ်ဥက္ကဋ္ဌ အသင်္ခါရိကဆိုရင် သူက ဘာအကျိုးပေးမလဲ၊ တိဟိတ်အသင်္ခါရိက အကျိုးပေးမယ်၊ ၂–ခုပဲပေးမှာပေါ့။

ဩော်– ဒီလိုရှိတယ်၊ ပဋိသန္ဓေအခိုက်မှာတော့ ဟုတ်တယ်၊ ပဝတ္တိအခါမှာ ကျတော့ ဒွိဟိတ်လည်းပေးနိုင်တယ်၊ ဒါကြောင့်မို့ ပဋိသန္ဓေအခိုက်နဲ့ ပဝတ္တိအခိုက် ပေါင်းတဲ့အခါမှာ တစ်မျိုးဖြစ်သွားတယ်၊ ဒါကြောင့်မို့ နောက်ထပ်ပေးထားတာနဲ့ ဒီနေ့ပေးတဲ့ ဇယားချပ်တွေရှိတယ်၊ အဲဒီမှာကတော့ ပဋိသန္ဓေနဲ့ပဝတ္တိကို ရောထားတယ်၊ ရောထားတော့ တိဟိတ်ဥက္ကဋ္ဌ အသင်္ခါရိကကုသိုလ်ကံက သမာနဝါဒ၊ ခုနပြောတဲ့အတိုင်း အဆက်အစပ်ရှိနေပြီ။

ကေစိဝါဒကျတော့ အဟိတ်ကုသလဝိပါက်စိတ် ၈–ခုရယ်, အသင်္ခါရိက ၄–ခုရယ်, ပဋိသန္ဓေအခါမှာတော့ ၂–ခုပဲရှိမယ်နော်၊ ပဝတ္တိအခါပါ ထည့်လိုက်တော့ အသင်္ခါရိက ၄–ခု ဖြစ်သွားတယ်။

အဲဒီတော့ အသင်္ခါရိက ကုသိုလ်က အသင်္ခါရိကအကျိုးပေးတယ်၊ သသင်္ခါရိက ကုသိုလ်က သသင်္ခါရိက အကျိုးပေးတယ်၊ အဲဒါကြောင့်မို့ ပဋိသန္ဓေ အခိုက်လို့သာ ပြောမယ်ဆိုရင်တော့ ၁–နဲ့ ၃–ပဲ ဖြစ်လိမ့်မယ် ထင်တယ်။

သို့သော် ပဋိသန္ဓေရော ပဝတ္တိရော ၂–ခုပေါင်းလိုက်တော့ ပထမ တတိယ, ပဥ္စမ, သတ္တမ, ကေစိဝါဒအလိုက ဒါကြောင့်မို့ ၁၂–ခုပဲဖြစ်မယ်။

တိဟိတ်ဩမကအသင်္ခါရိကကျတော့ သမာနဝါဒ၏အလိုအရ ဒွိဟိတ်ပဲပေးမယ်၊ တိဟိတ်မပေးဘူး မဟုတ်လား၊ ဒါကြောင့်မို့ ၃, ၄, ၇, ၈ ဒါက သမာနဝါဒအရ။

ကေစိဝါဒ အရကျတော့ သူက အသင်္ခါရိကသာ ပေးမှာဆိုတော့ သသင်္ခါရိက ဖြုတ်ရဦးမယ်ဆိုတော့ ၃–နဲ့ ၇–ပဲ ရှိတော့မယ်။

တိဟိတ်ဥက္ကဋ္ဌ သသင်္ခါရိကကျတော့ သမာနဝါဒအရတော့ ၁၆–ကေစိဝါဒအရကျတော့ သသင်္ခါရိက ၄–ခု ယူရလိမ့်မယ်၊ ၂, ၄, ၆, ၈ ဟာသသင်္ခါရိက ၄–ခု မဟုတ်ဘူးလား။

တိဟိတ်ဩမက သသင်္ခါရိကတဲ့၊ သမနဝါဒအရ ၁၂–ခု၊ ကေစိဝါဒအရ ၁၀–ခုပဲ ရှိတော့တယ်။

ဒွိဟိတ်ဥက္ကဋ္ဌ အသင်္ခါရိက, ဒါကတော့ တိဟိတ်ဩမကနဲ့တူတော့မှာပေါ့ ၁၂–ခုရယ်, ၁၀–ခုရယ်။

ဒွိဟိတ်ဩမက အသင်္ခါရိကကျတော့ ကာမာဝစရဝိပါက် မရှိဘူး၊ အဲသလို သွားတယ်။

နံပတ် (၅) စိတ်, တိဟိတ် ဥက္ကဋ္ဌ အသင်္ခါရိကစိတ်, ဒါက ပဥ္စမစိတ်, သူ့ရဲ့အကျိုးကတော့ သမာနဝါဒအလို ၁၆–ခု, ကေစိဝါဒအလို ၈–ခု၊ သူက ဥပေက္ခာသဟဂုတ် ဖြစ်သွားပြီ၊ ဒါပေမယ်လို့ ဥပေက္ခာသောမနဿက ဒီနေရာမှာ အရေးမကြီးဘူး၊ အသင်္ခါရိက, သသင်္ခါရိက, တိဟိတ်, ဒွိဟိတ်, ဒါပဲ အရေးကြီးတာ။

တိဟိတ် ဩမက အသင်္ခါရိကဆိုရင် သမာနဝါဒအလို ၈–ခု, ကေစိဝါဒအလို ၁–ခု၊ ဒါကြောင့် အသင်္ခါရိကသာ ဖြစ်မယ်ဆိုရင် သသင်္ခါရိက မပါနိုင်တော့ဘူး။

တိဟိတ်ဥက္ကဋ္ဌ သသင်္ခါရိကဆိုတော့ သမာနဝါဒဆိုရင် ၁၆–ခု၊ ကေစိဝါဒဆိုရင် ၁၂–ခုပဲ ဖြစ်မယ်။

တိဟိတ်ဩမက သသင်္ခါရိက၊ သမာနဝါဒအလို ၁၂–ခု၊ ကေစိဝါဒအလို ၁၀–ခုပဲ ဖြစ်မယ်။

ဒွိဟိတ်ဥက္ကဋ္ဌ အသင်္ခါရိက, သမာနဝါဒအလို ၁၂–ခု၊ ကေစိဝါဒအလို ၁၀–ခု။

ဒွိဟိတ်ဩမက အသင်္ခါရိက (သွားပြီ) ကာမာဝစရဝိပါက် မဖြစ်ဘူး။

ဒွိဟိတ်ဉက္ကဋ္ဌ သသင်္ခါရိက၊ သူက တိဟိတ်ဩမက သသင်္ခါရိကနဲ့တူလိမ့်မယ်၊ ဒါကြောင့် သူက သမာနဝါဒအလို ၁၂–ခု၊ ၁–လေး ကျန်ခဲ့တယ် ဂဏန်းလေး ထည့်လိုက်။

ဒွိဟိတ်ဩမက သသင်္ခါရိကကျတော့ ၈–ခုပဲ၊ ဒီလိုမဟုတ်ရင် အဟိတ်ဝိပါက်စိတ်မရဘူး ဖြစ်သွားလိမ့်မယ်၊ အစက်ကလေးတွေနဲ့ ပြန်ကြည့်လိုက်၊ အဲဒါဆို ရှင်းတယ်၊ ပြန်ကြည့်လိုက်စမ်း, မဟာဝိပါက်စိတ် ၈–ခုတွေ့လား၊ အဟိတ်ကုသလဝိပါက်စိတ် ၈–ခုကတော့ ကြည့်စရာမလိုဘူး၊ တိဟိတ်ဉက္ကဋ္ဌ အသင်္ခါရိကက (ကေစိဝါဒပဲ ကြည့်ကြစို့၊ သမာနဝါဒကတော့ အစဉ်အတိုင်းသွားမှာ )အသင်္ခါရိကလို့ ရေးလိုက်စမ်း၊ ပထမ, တတိယ, ပဉ္စမ, သတ္တမ, မဖြစ်ပေဘူးလား။

တိဟိတ် ဩမကတဲ့၊ သူက ဒွိဟိတ်ပဲဖြစ်ရမယ်၊ ဉာဏဝိပ္ပယုတ် ဖြစ်ရမယ်၊ ဒီတော့ သူကတတိယနဲ့ သတ္တမသာ ဖြစ်တော့မယ်၊ ဉာဏသမ္ပယုတ် မပါနိုင်တော့ဘူး၊ အဲသလိုသွားတယ်။

တစ်ခါ တိဟိတ်ဉက္ကဋ္ဌသသင်္ခါရိက ဒုတိယစိတ်တဲ့၊ ဒုတိယစိတ်က အကျိုးပေးတဲ့အခါကျတော့ သူက သသင်္ခါရိက ဖြစ်တဲ့အတွက်ကြောင့် ကေစိဝါဒအလို သသင်္ခါရိက ၄–ခု သွားမယ်။

တိဟိတ်ဩမကဖြစ်သွားတဲ့အခါ အဲဒီသသင်္ခါရိက ၄–ခုထဲက တိဟိတ် ၂–ခု ထုတ်ပစ်လိုက်၊ အဲသလိုသွားတယ်၊ အဲသလို တိုက်ကြည့်လိုက်ရင် ပိုရှင်းတယ်။

အဲဒီတော့ ဇယားကွက်ထဲမှာ ၁, ၂, ၃, ၄, ၅, ၆, ၇, ၈ မှာ ၈ နောက်က ကော်မာလေး ဘာလေးပါရင် ပါသွားမယ်၊ ဒါပေမယ့် ဒါလည်း သိလောက်တယ် ထင်ပြီးထားလိုက်တာ၊ တော်တော်ကြာ ၁ သိန်း, ၂ သောင်း ထင်နေဦးမယ်၊ ဒါဟာ ပထမ, ဒုတိယ, တတိယ ဆိုပြီးတော့ ကာမာဝစရ ဝိပါက်စိတ် ၈–ခုပဲ၊ အဲဒါ ကာမာဝစရကုသိုလ် အကျိုးပေးပုံတဲ့၊ ဒါဆိုရင် ဒီထက်အသေးစိပ်စရာလည်း မရှိတော့ဘူး။

စာမှာတော့ သသင်္ခါရိကဆို အသင်္ခါရိက အကျိုးမပေးဘူး၊ အသင်္ခါရိကဆို သသင်္ခါရိက အကျိုးမပေးဘူး၊ အသင်္ခါရိကဟာ အသင်္ခါရိက အကျိုးပဲ ပေးတယ်၊ သသင်္ခါရိကဟာ သသင်္ခါရိကသာ အကျိုးပေးတယ်။

အဲဒီတော့ ကေစိအလိုဆိုရင် ၃–မျိုးကြည့်ရမယ်၊ တိဟိတ်လား, ဒွိဟိတ်လား၊ ဉက္ကဋ္ဌလား, ဩမကလား, အသသင်္ခါရိကလား, သသင်္ခါရိကလား ဒီလိုကြည့်ရမယ်။

သမာနဝါဒအလိုကတော့ သမာနဆိုတာက အညီအမျှ ပုဂ္ဂိုလ်တွေရဲ့

သဘောတူ ဝါဒ, General agreement ပေါ့၊ သမာနဝါဒအရကတော့ အသင်္ခါရိက, သသင်္ခါရိက ရွေးနေစရာ မလိုတော့ဘူး၊ ပြီးတော့ ဒီမှာတော့ ခုနလို ပဋိသန္ဓေ ပဝတ္တိမခွဲတော့ဘူး၊ ခွဲဦးတော့ ၄–ခုဟာ ၂–ခုပဲ ဖြစ်လိမ့်မယ်။

ကောင်းပြီ, ဒါဟာ ကာမာဝစရကုသိုလ် အကျိုးပေးပုံတဲ့၊ အရေးကြီးတယ်၊ ဘာကြောင့်လဲ၊ မိမိတို့မှာ ကာမာဝစရကုသိုလ်ပဲ အဖြစ်များတယ်၊ ရူပါဝစရကုသိုလ်, အရူပါဝစရကုသိုလ် စသည်ရှိရာမှာ ဒီကာမာဝစရကုသိုလ်ဖြစ်ပုံ, ဘယ်လိုလုပ်ရင် ကာမာဝစရကုသိုလ်မှာ အကောင်းဆုံးကုသိုလ်ဖြစ်တယ်ဆိုတာ သိတယ်။

အကောင်းဆုံး ကုသိုလ်ဖြစ်မှ အကျိုးပေးတဲ့အခါမှာလည်းပဲ အကောင်းဆုံး အကျိုးကို ပေးတယ်၊ အကောင်းဆုံး အကျိုးဆိုတာ ခုနလို ကိုယ့်ကို မဂ်ဖိုလ်ရစေနိုင်တဲ့ အခြေခံရအောင် လုပ်ပေးနိုင်တယ်၊ ဒါကြောင့်မို့ တိဟိတ်ဥက္ကဋ္ဌဖြစ်အောင် ပြုတတ်ဖို့ အလွန်ကို အရေးကြီးတယ်၊ အဲသလို မဟုတ်ရင် ယှဉ်မရဘူး၊ ကောင်းမှုကုသိုလ် ပြုတာချင်းတူပြီးတော့ သံသရာမှ ထွက်မြောက်ကြောင်း အခြေခံ မဂ်ဖိုလ်ရနိုင်တဲ့ အခြေခံမပါပဲ ဖြစ်သွားမယ်၊ အဲသလိုရှိတယ်။

**မေး** – အရှင်ဘုရားဆိုလိုတာက ကုသိုလ်ကောင်းမှု ပြုတဲ့အခါ သတိထားရမယ်။

**ဖြေ** – ဟုတ်တယ်, သတိထားပေးရမယ်၊ ဂရုစိုက်ပေးရမယ်၊ ကံကံ၏အကျိုး ယုံတယ်ဆိုတာလေး စိတ်ထဲပေါ်လာရမယ်၊ အဲသလိုပြုရမယ်၊ အမှတ်တမဲ့ ပြုလိုက်ရင် မပါဘူး၊ စိတ်ထဲပေါ်မလာဘူး၊ နောက် background အနေနဲ့ ရှိနေတယ်ဆိုမှ ဥပါဒ်, ဋ္ဌီ, ဘင်ဖြစ်ပေါ်နိုင်အောင်လို့ပေါ့၊ အကုသိုလ်လိုပေါ့၊ ကုသိုလ်ပြုနေရင် အကုသိုလ် မရှိဘူးပေါ့၊ ပေါ်မလာဘူး၊ စိတ်ထဲမှာ လိုချင်လာတဲ့အခါ တွယ်တာလာတဲ့ အခါ လောဘပေါ်လာမယ်။

အေး, အဲဒါကြောင့်မို့ သင်္ဂြိုဟ်မှာ ဒီအပိုင်းဟာ အသုံးအကျဆုံးအပိုင်း ဆိုရင်မလွဲဘူး၊ သိစရာတွေလည်းများတယ်၊ ဒါဟာ ကာမာဝစရကုသိုလ် အကျိုးပေး ပုံတဲ့။

ရူပါဝစရကုသိုလ် အကျိုးပေးပုံသွားကြစို့၊ ဒါကတော့လွယ်ပါတယ်၊ ရူပါဝစရ ကုသိုလ် အကျိုးပေးပုံကတော့ ဈာန် ၅–မျိုးရှိတယ်၊ ဘုံကျတော့ ၄–မျိုးသာရှိတယ်၊ အဲဒါလေး မှတ်ထားရမယ်၊ ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်, ပဉ္စမဈာန်ရှိတယ်၊ ဒါပေမယ်လို့ ဘုံကျတော့ ၃၁–ဘုံထဲက ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်ဘုံပဲရှိတယ်၊ ပဉ္စမဈာန် ဘုံမရှိဘူး။

ဒါကြောင့်မို့ ဒုတိယနဲ့ တတိယကို တစ်တွဲလုပ်ထားရမယ်၊ ပဋိသန္ဓေစိတ်တုန်း

ကလည်း ဒီအကြောင်းလေ့လာပြီးပါပြီ၊ နားလည်ပြီးပါပြီ။

အဲဒီတော့ ပထမဈာန် ၃–ဘုံရှိတယ် မဟုတ်လား၊ ပထမဈာန် ၃–ဘုံရှိတဲ့ အတွက်ကြောင့်မို့ ပထမဈာန်ကို အားထုတ်တဲ့အခါမှာ ၃–မျိုး ၃–စားဖြစ်သွားတယ်, ၃–မျိုး ၃–စား အလိုက် ပထမဈာန် ၃–ဘုံမှာ တည်ကြတယ်။

ပထမဈာန်တော့ရပါတယ်၊ အညံ့စားဖြစ်နေတယ်၊ ဈာန်လည်း အညံ့စား ရှိသေးတယ်၊ ဒါက ဘာလဲဆိုတော့ သတ္တမပိုင်းကျရင် အဓိပတိ ၄–ပါးဆိုတာ တွေ့လိမ့်မယ်၊ ဆန္ဒရယ်, စိတ်ရယ်, ဝီရိယရယ်, ပညာရယ်၊ ဒီ ၄–မျိုးကို အဓိပတိလို့ခေါ်တယ်၊ အဓိပတိဆိုတာ ခေါင်းချုပ်ကနေတာပေါ့။

အဲဒီ ဆန္ဒ, စိတ်, ဝီရိယ, ပညာဆိုတဲ့ ၄–မျိုးညံ့နေရင် အညံ့စားလို့ခေါ်ရတယ်၊ ဒီဈာန်ဟာ အညံ့စား ပထမဈာန်, သူတို့ဟာ ထက်မြက်တာတော့မှန်တယ်၊ ထက်မြက်တာထဲမှာ အညံ့, အလတ်, အကောင်းထပ်ခွဲလိုက်တာ၊ မထက်မြက်ဘူး လို့တော့ မဆိုလိုဘူးပေါ့၊ သူတို့က ထက်မြက်လို့ပဲဈာန်ရတာ၊ သို့သော် အဲဒီ ထက်မြက်တဲ့ထဲမှာပဲ အဆင့် ၃–မျိုးကွဲသွားသေးတာ။

ဒါကြောင့် ဆန္ဒ, စိတ်, ဝီရိယ, ပညာနည်းနည်း ညံ့နေရင် ပထမဈာန် အညံ့စားခေါ်တယ်၊ အဲသလို ပထမဈာန် အညံ့စားရပြီး သေသွားရင် အဲဒီအကျိုးအပြစ် နဲ့ ဗြဟ္မပါရိသဇ္ဇာ ပထမဈာန်, ပထမဘုံမှာ သွားဖြစ်မယ်၊ ပဋိသန္ဓေစိတ်ကတော့ ပထမဈာန်ဝိပါက်စိတ်ပေါ့၊ ဟုတ်တယ်နော်၊ ဒါကရှင်းတယ်။

အဲဒီဆန္ဒ, စိတ်, ဝီရိယ, ပညာက အလတ်စား ဖြစ်မယ်ဆိုရင် ဗြဟ္မပုရောဟိတ ဘုံမှာဖြစ်မယ်။

အကယ်၍ ဆန္ဒ, စိတ်, ဝီရိယ, ပညာက သိပ်ထက်မြက်နေပြီဆိုရင် မဟာဗြဟ္မာဖြစ်မယ်၊ ပထမဈာန် ၃–ဘုံမှာ အဲသလို ပထမဈာန် ၃–မျိုး အကျိုး ပေးမယ်ပေါ့။

အဲဒီတော့ ၃–ဘုံမှာ ပဋိသန္ဓေစိတ် အနေနဲ့ကတော့ ရူပါဝစရ ပထမဈာန် ဝိပါက်စိတ်, ဗြဟ္မပါရိသဇ္ဇာမှာ ပထမဈာန် ဝိပါက်စိတ်ပဲ၊ ဗြဟ္မပုရောဟိတာမှာလည်း အတူတူပဲ၊ မဟာဗြဟ္မာမှာလည်း ပထမဈာန် ဝိပါက်စိတ်ပဲ။

နောက်တစ်ခုကျတော့ ဒုတိယဈာန်နဲ့ တတိယဈာန်, ဒုတိယဈာန် အညံ့စား ပွားများမယ်၊ သို့မဟုတ် တတိယဈာန် အညံ့စားပွားများမယ်၊ အဲသလို အညံ့စား ပွားများမယ်ဆိုရင် ပရိတ္တာဘာဘုံမှာဖြစ်မယ်၊ ဒုတိယဈာန် ဝိတက်သော်လည်းကောင်း တတိယဈာန် ဝိတက်သော်လည်းကောင်းပေါ့။

အလတ်စားပွားများမယ်ဆိုရင် အပ္ပမာဏာဘာ ဘုံမှာဖြစ်မယ်၊ အမြတ်စား ပွားများမယ်ဆိုရင် အာဘဿရဘုံမှာဖြစ်မယ်။

အဲဒီတော့ ဒီနေရာမှာ ဒုတိယဈာန် ပွားများပြီးရောက်တာနဲ့ တတိယဈာန် ပွားများပြီး ရောက်တာနည်းနည်းကွာတော့ ကွာလိမ့်ဦးမယ် ထင်တယ်၊ မကွာပဲတော့ မနေသင့်ဘူး၊ ဘယ့်နှယ် တတိယဈာန်ရောက်အောင်လုပ်ပြီးမှ ဒုတိယဈာန်နဲ့တန်းတူဆို သိပ်တော့မဟုတ်သေးဘူး။

ဆိုပါတော့, အဲဒီဘုံမှာ သွားဖြစ်ပြီးတော့ တန်ခိုးပိုရှိတာတို့ အရောင်အဝါ ပိုတောက်ပတာတို့ဘာတို့ အဲဒါမျိုး ရှိပါလိမ့်မယ်။

ဘာပဲဖြစ်ဖြစ်ပေါ့၊ ဒုတိယဈာန်သော်လည်းကောင်း, တတိယဈာန်သော် လည်းကောင်း, အညံ့စား ပွားများမိရင် ပရိတ္တာဘာဘုံမှာ သွားဖြစ်မယ်၊ အလတ်စား ပွားများမိရင် အပ္ပမာဏာဘာဘုံမှာဖြစ်မယ်၊ အမြတ်စားပွားများရင် အာဘဿရဘုံမှာ ဖြစ်မယ်။

အဲဒီမှာ ဒုတိယဈာန် ဝိတက်, သို့မဟုတ် တတိယဈာန် ဝိတက်စိတ်နဲ့ ပဋိသန္ဓေနေလိမ့်မယ်။

စတုတ္ထဈာန်ကို ဆန္ဒ, စိတ်, ဝီရိယ, ပညာ အညံ့စားနဲ့ ပွားများရင် ပရိတ္တာသုဘာ၊ စတုတ္ထဈာန်ကို အလတ်စား ပွားများမယ်ဆိုရင် အပ္ပမာဏာသုဘာ, အမြတ်စားပွားများမယ်ဆိုရင် သုဘကိဏှာ, အဲဒီဘုံမှာဖြစ်မယ်၊ အဲဒီဘုံတွေမှာ စတုတ္ထဈာန် ဝိပါက်စိတ်နဲ့ ပဋိသန္ဓေ နေလိမ့်မယ်ပေါ့။

ပဥ္စမဈာန်ကို (ဒီကျတော့ အညံ့စားပွားများသည်ဖြစ်စေ၊ အလတ်စား ပွားများသည်ဖြစ်စေ, အမြတ်စားပွားများသည်ဖြစ်စေ၊ မတူတာမဟုတ်ဘူး၊ ရိုးရိုးကို ပြောတာ) ရိုးရိုးပွားများရင် ပဥ္စမဈာန်ဘုံ ဝေဟပ္ဖိုလ်မှာဖြစ်လိမ့်မယ်၊ အဲဒီမှာ ပဥ္စမဈာန် ဝိပါက်စိတ်နဲ့ ပဋိသန္ဓေနေလိမ့်မယ်။

အဲဒီပဥ္စမဈာန်ကိုပဲ နာမ်တရားမှာ (စာမှာတော့ သညာလို့ခေါ်တယ်၊ သညာ ဆိုတာ သညာသက်သက် မဟုတ်ဘူး, နာမ်တရားကိုပဲဆိုလိုတယ်) စက်ဆုပ်အောင် ပွားများမယ်၊ ပွားများရင် အသညသတ်ဘုံမှာဖြစ်မယ်။

အဲဒီတော့ အသညသတ်ဘုံရောက်ချင်တဲ့ ပုဂ္ဂိုလ်ရဲ့ စိတ်ကူးက တစ်မျိုးပေါ့၊ အမှန်ကတော့ ချော်နေတာ၊ ဈာန်တော့ရပါရဲ့, ချော်နေတာ၊ သူတို့က ဘယ်လို ယူဆသတုံးဆိုရင် အသိရှိနေလို့ ဆင်းရဲတယ်၊ စိတ်ရှိလို့နာရတယ်၊ စိတ်မရှိရင် နာရမှာမဟုတ်ဘူး၊ အရပ်ကြီး သွားထိပါလား၊ ဘာမှမဖြစ်ဘူး၊ ဝမ်းနည်းတယ်,

စိတ်ဆိုးတယ်ဆိုတာ စိတ်ရှိလို့ ဖြစ်နေတာ, စိတ်မရှိရင် မဖြစ်ဘူး၊ စိတ်မရှိရင် အလွန်ချမ်းသာမှာပဲ၊ ဒုက္ခအတော့်ကိုနည်းမှာပဲလို့ အဲသလို နာမ်တရားကို စက်ဆုပ်ပြီး ပဉ္စမဈာန်ကို ပွားများတယ်။

တကယ်ပေါက်ရောက်ပြီး သေတဲ့နောက် ပဉ္စမဈာန်ဘုံမှာ သွားဖြစ်တယ်, ဆန်းတယ်၊ သို့သော် သူ့အတွေးအခေါ်လည်း သိပ်မဆိုးလှဘူး၊ ရှေ့တိုးတက်စရာတော့ ဘာမှမရှိဘူး၊ သို့သော် အဲဒီဘဝမှာ ဖြစ်နေတုန်းတော့ သူ့မှာ ဘာဒုက္ခမှ မရှိဘူး။

ဘာကြောင့်လဲဆိုတော့ အသညသတ်ဘုံမှာ သွားဖြစ်တဲ့အခါ ရုပ်တုကြီးလို သွားနေတယ်၊ သို့သော် ထူးခြားချက်တော့ ရှိတာပေါ့၊ ရုပ်တုကြီးအစစ်မှာ ဇီဝိတမရှိဘူး၊ အသညသတ်ဘုံမှာ ဇီဝိတရှိတယ်၊ နာမ်ဇီဝိတရှိသလို ရုပ်ဇီဝိတရှိတဲ့ အတွက်ကြောင့် မပုပ်ဘူး, မပွဘူး, စသည်ဖြင့်ရှိတယ်၊ ကမ္ဘာငါးရာပတ်လုံး အရုပ်ကြီးလိုသွားဖြစ်နေတာ၊ နာမ်ပျောက်နေတယ်၊ သူ့အချိန်ကုန်တဲ့အခါ ရှေးရှေးက ပြုထားတဲ့ကုသိုလ်ကံကြောင့် ပဋိသန္ဓေစိတ် ပြန်ပေါ်တယ်၊ ကာမာဝစရပဋိ သန္ဓေ သွားဖြစ်တယ်၊ အဲဒါ အသညသတ် ဗြဟ္မာတဲ့၊ နာမ်ကို စက်ဆုပ်တဲ့ ပုဂ္ဂိုလ်၊ အဲဒီဘုံဟာ ရုပ်ပြစ်ရှစ်ပါးထဲပါတာပဲ။

ဘာကြောင့်တုန်းဆိုရင် အဲဒီဘုံမှာသွားဖြစ်နေတော့ မြတ်စွာဘုရားပွင့်တာနဲ့ ကြုံရင် သူဘာမှ အကျိုးမရှိနိုင်တော့ဘူး၊ စိတ်မှမရှိပဲကိုး၊ စိတ်မရှိတော့ သူဘာမှ အကျိုးမရှိဘူး၊ ဒါကြောင့်မို့ တောင့်တအပ်တဲ့ နေရာမျိုး မဟုတ်ဘူးပေါ့။

သူပြောသလို သူတွေးခေါ်သလို ချမ်းသာတာတော့ ဟုတ်ပါတယ်၊ ဒါ ပဉ္စမဈာန်နဲ့ ပတ်သက်ပြီး ရိုးရိုးပွားများရင် ဝေဟပ္ဖိုလ်ဘုံ၊ များများစက်ဆုပ်အောင် ပွားများရင် အသညသတ်ဘုံ။

အနာဂမ်ပုဂ္ဂိုလ်တွေကျတော့ သုဒ္ဓါဝါသဘုံမှာဖြစ်တယ်၊ ဒါဟာဘာလဲ၊ သုဒ္ဓါဝါသဘုံမှာဖြစ်တယ်ဆိုရင် ပဉ္စမဈာန်ရောက်လို့, ပဉ္စမဈာန်ရမှသာ သုဒ္ဓါဝါသဘုံမှာ ဖြစ်တယ်၊ သုဒ္ဓါဝါသဘုံဟာ စတုတ္ထဈာန်ဘုံ မပါဘူးလား၊ စတုတ္ထဈာန် ဘယ်နှစ်ဘုံ ရှိတယ်ဆိုတာ မှတ်မိသေးလား။

ပထမဈာန် ၃–ဘုံ၊ ဒုတိယဈာန်–၃ ဘုံ၊ တတိယဈာန် ၃–ဘုံ ဆိုတော့ ၉– မဟုတ်လား၊ ပြီးတော့ ဝေဟပ္ဖိုလ်တစ်ဘုံ၊ အသညသတ်တစ်ဘုံ၊ သုဒ္ဓါဝါဒ ၅–ဘုံ၊ ၉–ရယ်၊ ၇–ရယ် ပေါင်းတော့ ၁၆။

ဒါဖြင့် စတုတ္ထဈာန်ဘုံ ဘယ်လောက်ရှိလဲ၊ ရူပါဝစရဘုံ ၁၆–ဘုံရှိတယ်၊ စတုတ္ထဈာန်ဘုံဆိုရင် ၇–ဘုံရှိတယ်၊ အခု ဝေဟပ္ဖိုလ်နဲ့ အသညသတ်ပြီးပြီ၊

သုဒ္ဓါဝါသဘုံကျန်တယ်။

အဲဒီတော့ သုဒ္ဓါဝါသဘုံဟာ အနာဂါမ် ပုဂ္ဂိုလ်တွေသာဖြစ်တယ်၊ အဲဒီအနာဂါမ် ပုဂ္ဂိုလ်တွေဟာ သုဒ္ဓါဝါသဘုံမှာဖြစ်တယ်ဆိုရင် သူတို့ဟာ ဈာန်ရပြီးမှသာဖြစ်ရမယ်၊ ဒါကြောင့်မို့ အနာဂါမ်ပုဂ္ဂိုလ်ဟာ အနာဂါမ်ဖြစ်တုန်းက ဈာန်မပါပဲနဲ့ ဖြစ်သော်လည်းပဲ (ဖြစ်ချင်ဖြစ်ခဲ့မယ်) သုဒ္ဓဝိပဿကဆိုတာရှိတယ်၊ ဝိပဿနာသက်သက်ကိုသာ အားထုတ်တဲ့အတွက် ဈာန်မရဘူး။

အဲဒီလို ဈာန်မရသော်လည်းပဲ သူတို့ဟာ သမာဓိအားကောင်းတဲ့အတွက်ကြောင့် မို့ သေခါနီးမှာ ဖြစ်ပေမယ်လို့ တစ်ချိန်ချိန်မှာ ကေန်ပဌမ ဈာန်ထိအောင်ရမယ်။

ကျမ်းဂန်တွေမှာ ဘယ်လောက်ထိ ပြောထားသလဲဆိုတော့ အိပ်နေတုန်း သွားသတ်ဦး၊ မသေခင်မှာ ပဌမဈာန် ရသွားပြီးတော့ သူဟာ သုဒ္ဓါဝါသဘုံမှာ သွားဖြစ်မယ်၊ အဲဒီလောက် သူတို့ရဲ့ သမာဓိကအားကောင်းတယ်။

ဘာကြောင့် သမာဓိအားကောင်းသလဲဆိုတော့ အနာဂါမ်က ကာမရာဂကို ပယ်တယ်၊ ကာမဂုဏ်နဲ့ ပတ်သက်တဲ့ လိုချင်မှု တွယ်တာမှုမရှိတော့ဘူး၊ ကာမဘုံနဲ့ ပတ်သက်တဲ့ လိုချင်မှု တွယ်တာမှု သူ့မှာမရှိတော့ဘူး၊ ရူပါဝစရဘုံရောက်ချင်တဲ့ တွယ်တာမှုလေး သူ့မှာရှိသေးတယ်၊ အရူပါဝစရဘုံရောက်ချင်တဲ့ တွယ်တာမှုလေး သူ့မှာရှိဦးမယ်ပေါ့လေ၊ ကာမဝစရနဲ့ ပတ်သက်တာ သူ့မှာ မရှိတော့ဘူး။

အဲဒီတော့ ကာမဂုဏ်ကို လိုချင်တွယ်တာတဲ့ လောဘဟာ သမာဓိရဲ့ဆန့်ကျင် ဘက်၊ ဒါကြောင့်မို့ ကာမဂုဏ်ကိစ္စများနေရင် သမာဓိမရနိုင်တော့ဘူး၊ သမာဓိမပွား နိုင်ဘူး၊ ပထမဈာန်စတဲ့ ဈာန်ပွားများတဲ့အခါမှာ မြတ်စွာဘုရားဟောကြားတဲ့အခါမှာ ကာမဂုဏ်တို့မှ ကင်းရှင်း၍ အကုသိုလ်တရားတို့မှ ကင်းရှင်း၍ဆိုပြီး အဲသလို ဟောတာ။

ကာမဂုဏ်ကို မစွန့်ပဲနဲ့, ကာမဂုဏ်တို့မှ ကင်းပြီးမနေနိုင်ပဲနဲ့ ဈာန်ရဖို့ဆိုတာ မဖြစ်နိုင်ဘူး၊ အဲဒီတော့ အနာဂါမ်ပုဂ္ဂိုလ်တွေက ကာမရာဂကို အပြီးသတ်ပယ်ပြီးသား ဖြစ်တာကြောင့်မို့ သမာဓိရဲ့ဘေးရန်ဟာ သူတို့မှာ မရှိတော့ဘူး၊ သမာဓိရဲ့ဘေးရန် မရှိတော့တဲ့အတွက်ကြောင့်မို့ သူတို့ဟာ သမာဓိကောင်းတဲ့ ပုဂ္ဂိုလ်တွေဖြစ်တယ်၊ သောတာပန် သကဒါဂါမ်တွေမှ သမာဓိ ကောင်းတယ် မဆိုလိုဘူးနော်၊ သီလပြည့်စုံ တယ်သာဆိုတယ်၊ သမာဓိမှာ အပြည့်အဝ ရသွားပြီလို့ မဆိုလိုဘူး၊ အနာဂါမ်ကျမှ သမာဓိပြည့်ဝသွားတယ်။

ဘာကြောင့်လဲဆိုတော့ ခုနပြောသလို ကာမစ္ဆန္ဒကို သူတို့က အပြီးသတ်ပယ်ပြီး

သား ဖြစ်နေတယ်၊ အဲဒီတော့ သမာဓိ ဘေးရန်မရှိပဲ သမာဓိ အားကောင်းတယ်၊ သမာဓိအားကောင်းတဲ့အတွက်ကြောင့်မို့ တစ်ချိန်ချိန်မှာ ဈာန်ကေန်ရကိုရမယ်၊ ဈာန်ရရင်လည်း ပဋ္ဌမဈာန်ထိအောင် ရပြီးတော့ သူတို့ဟာ သုဒ္ဓဝါသဘုံမှာဖြစ်မယ်။

ဘုံပုဂ္ဂိုလ်ရတုန်းကလဲ ဒီလိုပဲမဟုတ်လား၊ သုဒ္ဓါဝါသဘုံမှာ အနာဂါမိဖိုလ်ရယ်၊ အရဟတ္တမဂ်ရယ်, အရဟတ္တဖိုလ်ရယ်, ဒီသုံးယောက်ဖြစ်တယ်လို့ ဆိုခဲ့တယ် မဟုတ်လား။

* **သုဒ္ဓါဘုံငါး၊ သုံးယောက်ထား၊ ထက်ဖျားအရိယာ၊**ဆိုပြီးတော့ လင်္ကာလေး တောင်ရှိတယ်။

ဒါကြောင့်မို့ ပဋ္ဌမဈာန်ဟာ ရိုးရိုးပွားများရင် အနာဂါမ်လည်း မဟုတ်ဘူးဆိုရင် ဝေဟပ္ဖိုလ်မှာ အကျိုးပေးမယ်၊ နာမ်ကိုစက်ဆုပ်အောင် ပွားများရင် အသညသတ်ဘုံမှာ ဖြစ်မယ်။

အနာဂါမ် ပုဂ္ဂိုလ်တွေဆိုရင်တော့ ပဋ္ဌမဈာန်ရဲ့ အကျိုးကြောင့် သုဒ္ဓဝါသဘုံမှာ ဖြစ်မယ်၊ အဲဒီတော့ သုဒ္ဓါဝါသက ၅–ဘုံရှိတယ်၊ ဘယ်လိုများဖြစ်မှာတုန်းဆိုတော့ အဖြေရှိတာက

* **သဒ္ဓါ ဝီရိ, သတိ သမာ, ဓိပညာ, ငါးဖြာ ဣန္ဒြေခင်း၊**

* **သုဒ္ဓါဘုံငါး, ထက်သူများ, စံစားစဉ်တိုင်းသွင်း။**

ဆိုလိုတာက ဣန္ဒြေ ၅–ပါးဆိုတာရှိတယ်၊ ဒါလည်းပဲ သတ္တမပိုင်းကျတွေ့လိမ့် မယ်၊ အဲဒီမှာ တွေ့မယ့်ဣန္ဒြေ ၂၂–ပါးထဲက ၅–ပါးပေါ့၊ ဒီ ၅–ပါးက အရေးကြီးတဲ့ ဣန္ဒြေ ၅–ပါးပေါ့။

ပထမက သဒ္ဓါ၊ ယုံကြည်မှုပေါ့၊ ဘုရားတရားသံဃာ သိက္ခာသုံးပါးစသည့် အပေါ် ယုံကြည်မှုပေါ့။

ဝီရိယ, တရားအားထုတ်တဲ့အခါ ဝီရိယမပါပဲနဲ့ မရဘူး၊ သတိ, သတိမပါရင် တရားထိုင်လို့ မရဘူး၊ သမာဓိ အတူတူပဲ၊ ဘာကြောင့်တုန်း သမာဓိမရှိရင် ပညာလည်း မဖြစ်ဘူး၊ ဒါကြောင့်မို့ ဒီဟာကို ဣန္ဒြေ ၅–ပါးလို့ခေါ်တယ်၊ အဲဒီဣန္ဒြေ ၅–ပါး အစဉ်အတိုင်းထားပါတဲ့။

* **သုဒ္ဓါဘုံငါး၊ ထက်သူများ၊ စံစားစဉ်တိုင်းသွင်း။**

ဆိုလိုတာကတော့ အဲဒီဣန္ဒြေ ၅–ပါး ထက်မြက်မှုအလိုက် သုဒ္ဓါဝါသ ၅– ဘုံမှာ ဖြစ်လိမ့်မယ်ဆိုတော့ သုဒ္ဓါဝါသ–၅ဘုံ မှတ်မိရဲ့လား ပြန်ကြည့်စမ်းပါ၊ အဝိဟာ, အတ္တပ္ပါ, သုဒဿာ သုဒဿီ, အကနိဋ္ဌ။

အဲဒီတော့ သဒ္ဓါထက်မြက်တဲ့ ပုဂ္ဂိုလ်သည် ပထမဆုံးဘုံဖြစ်တဲ့ အဝိဟာဘုံမှာ ဖြစ်မယ်၊ ဝီရိယထက်မြက်တဲ့ပုဂ္ဂိုလ်သည် အတ္တပ္ပါ၊ သတိထက်မြက်တဲ့ ပုဂ္ဂိုလ်သည် သုဒဿာ၊ သမာဓိ ထက်မြက်တဲ့ ပုဂ္ဂိုလ်သည် သုဒဿီ၊ ပညာထက်မြက်တဲ့ပုဂ္ဂိုလ်သည် အကနိဋ္ဌဘုံမှာ ဖြစ်လိမ့်မယ်တဲ့၊ ဒါကြောင့်မို့–

*** သဒ္ဓါ၊ ဝီရိ၊ သတိ သမာ၊ ဓိပညာ၊ ငါးဖြာဣန္ဒြေခင်း၊**

*** သုဒ္ဓါဘုံငါး၊ ထက်သူများ၊ စံစားစဉ်တိုင်းသွင်း။**

**မေး** – သဒ္ဓါထက်တဲ့သူက အနိမ့်ဆုံးဘုံဖြစ်ပြီး ပညာထက်မြက်တဲ့သူက ထိပ်ဆုံးဘုံရောက်မယ့် သဘောပါလား။

**ဖြေ** – ဟုတ်တယ်၊ ပညာထက်တဲ့သူက ထိပ်ဆုံးရောက်မယ်၊ သူ့ level နဲ့သူ သွားတယ်။

**မေး** – အဲဒါဆိုရင် ဣန္ဒြေငါးပါးအလိုက် ဘုံခံစားရတယ်၊ ဒါကြောင့် ညီမျှခြင်း သဘောလေး လုပ်ရင် ကောင်းမလား။

**ဖြေ** – ကောင်းတယ်၊ သုဒ္ဓါဝါသဘုံငါးပါး ပြန်ကြည့်လိုက်စမ်း၊ အဝိဟာ၊ အတ္တပ္ပါ၊ သုဒဿာ၊ သုဒဿီ၊ အကနိဋ္ဌ၊ အဝိဟာနဲ့ သဒ္ဓါနဲ့တွဲလိုက်၊ သဒ္ဓါထက်ရင် အဝိဟာရောက်မယ်၊ ဝီရိယထက်ရင် အတ္တပ္ပါ၊ သတိထက်ရင် သုဒဿာ၊ သမာဓိထက်ရင် သုဒဿီ၊ ပညာထက်ရင် အကနိဋ္ဌဘုံရောက်မယ်။

ကောင်းပြီ၊ အဲဒီမှာ ဘာပြောစရာရှိသလဲဆိုတော့ အနာဂါမ်ပုဂ္ဂိုလ်တွေဟာ သုဒ္ဓါဝါသဘုံမှာသာ ဖြစ်သလား၊ တခြားဘုံတွေမှာကော မဖြစ်ဘူးလားဆိုတော့ ဖြစ်နိုင်တယ်တဲ့၊ အကယ်၍ သူတို့မှာ စိတ်ဆန္ဒရှိရင် ပဌမဈာန် ရနေပေမယ်လို့ သူတို့စိတ်က စတုတ္ထဈာန်ဘုံမှာသာဖြစ်ချင်တယ်၊ တတိယဈာန်ဘုံမှာသာ ဖြစ်ချင်တယ်၊ ဒုတိယဈာန်ဘုံမှာသာ ဖြစ်ချင်တယ်ဆိုတဲ့စိတ်ဆန္ဒမျိုးရှိရင်တော့ ဖြစ်နိုင်တယ်တဲ့။

ဒါကြောင့်မို့ ဒီနေရာမှာ အနာဂါမ်ပုဂ္ဂိုလ်တွေဟာ သုဒ္ဓါဝါသဘုံမှာဖြစ်ရမယ်လို့ ဒီလို အတိအကျ သတ်မှတ်ချက်မရှိဘူး၊ သို့သော် သုဒ္ဓါဝါသဘုံမှာ အနာဂါမ်တွေသာ ဖြစ်တယ်ဆိုတဲ့ သတ်မှတ်ချက်တော့ရှိတယ်၊ သောတာပန်က သုဒ္ဓါဝါသဘုံတက် မဖြစ်နိုင်ဘူး၊ သကဒါဂါမ်က သုဒ္ဓါဝါသဘုံတက် မဖြစ်နိုင်ဘူး။

တစ်ခါတလေကျတော့ ဈာန်၅–ပါးလုံး ရထားပြီးတော့ ပုဂ္ဂိုလ်ရဲ့ စိတ်သန်နေတာက (ဆိုပါတော့) ပထမဈာန်ဘုံမှာပဲ ဖြစ်ချင်တယ်ဆိုရင် ဖြစ်နိုင်တယ်တဲ့၊ ဘာကြောင့်တုန်းဆိုတော့ ပုဂ္ဂိုလ်ရဲ့ စိတ်ကောင့်တမှုဟာ သူ့ရဲ့ သီလ သမာဓိ

စင်ကြယ်ရင် တောင့်တတဲ့အတိုင်းဖြစ်တယ်။

ဒါကြောင့်မို့ သုဒ္ဓါဝါသဘုံမှ တပါးသောဘုံ၌လည်းဖြစ်နိုင်သေးတယ်ပေါ့၊ သို့သော် သုဒ္ဓါဝါသဘုံမှာတော့ အနာဂါမ်သာ ဖြစ်နိုင်တယ်၊ တခြားသတ္တဝါတွေ မဖြစ်နိုင်ဘူး၊ ဘုံပုဂ္ဂိုလ်ရတွေ ပြန်ကြည့်ရင် အဲဒီအတိုင်း တွေ့လိမ့်မယ်၊ အနာဂါမိဖိုလ် အရဟတ္တမဂ်, အရဟတ္တဖိုလ် ဒီ ပုဂ္ဂိုလ် ၃-မျိုးသာ သုဒ္ဓါဝါသဘုံရောက်မယ်၊ ဒါက ရူပါဝစရကုသိုလ် အကျိုးပေးရာတဲ့။

အရူပါဝစရကုသိုလ် အကျိုးပေးရာကျတော့ လွယ်ပါတယ်, သိပ်ရှင်းတယ်, အာကာသာနဉ္စာယတန ကုသိုလ်စိတ်က အာကာသာနဉ္စာယတနဘုံမှာ အကျိုးပေးမယ်၊ အကျိုးပေးတယ်ဆိုတော့ ပဋိသန္ဓေကျိုးရော, ပဝတ္တိကျိုးရောပေးတာ၊ ဘာဝိပါက် စိတ်နဲ့ အကျိုးပေးမလဲဆိုရင် အာကာသာနဉ္စာယတနဝိပါက်စိတ်နဲ့ အကျိုးပေးမယ်။

ဝိညာဏဉ္စာယတန ကုသိုလ်စိတ်ကလည်း ဝိညာဏဉ္စာယတနဘုံမှာ ဝိညာ ဏဉ္စာ ယတနဝိပါက်စိတ်နဲ့ အကျိုးပေးမယ်၊ ပဋိသန္ဓေနဲ့ရော ပဝတ္တိနဲ့ရော။

အာကိဉ္စညာယတန ကုသိုလ်က အာကိဉ္စညာယတနဘုံမှာ အကျိုးပေးမယ်။

နေဝသညာနာသညာယတနကုသိုလ်က နေဝသညာနာသညာ ယတနဘုံမှာ အကျိုးပေးမယ်၊ နေသညာနာသညာယတနဝိပါက်စိတ်ကို ဖြစ်စေမယ်လို့ ဆိုလိုတယ်ပေါ့၊ ဒါက အရူပါဝစရ။

အရူပါဝစရ ဗြဟ္မာတွေကလည်း ဗြဟ္မာမဖြစ်ခင် ဒီဘဝမှာ အားထုတ်က ထည်းက သူတို့က ရုပ်မုန်းတဲ့သူကိုး၊ ခုနပြောခဲ့တဲ့ အသညသတ်က နာမ်မုန်းတဲ့သူ။

သူတို့က ဘာပြောတုန်းဆိုတော့ ဒီရုပ်ခန္ဓာရှိနေလို့ နာကျင်တာတို့ ဘာတို့ရောဂါဖြစ်တာတို့ရှိတယ်၊ ရုပ်ခန္ဓာကြီးမရှိရင် နာမ်ချည်းသာရှိရင် သိပ်ချမ်း သာမယ်၊ သူတို့က အစွန်းရောက်တယ်ပေါ့၊ အဲဒီတော့ ရုပ်ကို အလွန်မုန်းတော့တာပဲ၊ ရုပ်မုန်းတော့ ပဉ္စမဈာန်ရပြီးမှ အာကာသာနဉ္စာယတနဈာန်ရမှာနော်။

ပဉ္စမဈာန်ရတော့ ပဉ္စမဈာန်က ဘာကို အာရုံပြုသလဲဆို ကသိုဏ်းနိမိတ် တစ်ခုခုကို အာရုံပြုတယ်၊ အဲဒါကြောင့်မို့ သူက မကြိုက်နိုင်တော့ဘူး၊ ပဉ္စမဈာန်နဲ့ ဘင် အားမရတော့ဘူး၊ ပဉ္စမဈာန်ထက်ပိုပြီး အာရုံပြုတာပဲ၊ အဲဒီတော့ ပဉ္စမဈာန် ထက် ကျော်လွန်အောင်ဆိုပြီးတော့ အရူပါဝစရဈာန်ရအောင် ဆက်ပြီးပွားများတယ်၊ အဲသလို ပွားများတဲ့အတွက်ကြောင့် သမာဓိတန်ခိုးရပြီး ဒီဈာန်ရရော, ဒီဈာန်ရပြီး ဒီဈာန်နဲ့ပဲ သေတဲ့အခါမှာ (သူ့သဘောကျပေါ့) ရုပ်မုန်းတဲ့သူဆိုတော့ ရုပ်လုံးဝ မရှိပဲ နာမ်သက်သက်သာရှိတဲ့ဘုံမှာ သွားဖြစ်တယ်၊ အာကာသာနဉ္စာယတနဘုံပေါ့။

ထို့အတူပဲ ဝိညာဏဉ္စာယတနဘုံ၊ အကိဉ္စညာယတန၊ နေဝသညာနာသညာယတနတို့ဟာ ရုပ်ပြစ်ရှစ်ပါးထဲ ပါတာပဲ၊ ကုသိုလ်ရတော့ ရနိုင်သေးတယ်ပေါ့၊ ဒါပေမယ့် ဘုရားမဖူးနိုင်ဘူး၊ မျက်လုံးမှမရှိပဲ၊ နာမ်ချည်းရှိတာဆိုတော့ သိတာသိတယ်၊ မမြင်နိုင်ဘူး၊ ကြားလည်းမကြားနိုင်ဘူး။

ဒါကြောင့်မို့ ကိုယ်က ပုထုဇဉ်ဘဝနဲ့ အာကာသာနဉ္စာယတန ကုသိုလ်ရပြီး သေသွားပြီတဲ့၊ အဲဒီဘုံသွားဖြစ်ပြီဆိုရင် အဲဒီကမ္ဘာပေါင်း ရှစ်သောင်းလေးထောင်မှာ ဘုရားဘယ်နှစ်ဆူပွင့်ပါစေ, သူ့အတွက်အကျိုးမရှိတော့ဘူး၊ ဒါကြောင့်မို့ ရုပ်ပြစ်ရှစ်ပါးတဲ့။

ရုပ်ပြစ်ဆိုတာ ပြစ်ပယ်အပ်တဲ့အရပ်, ဘုံဌာနကိုဆိုလိုတာ၊ လူတွေက ပြောကြတယ်၊ ရုပ်ပြစ်ရှစ်ပါးဆို ဘုန်းကြီးတွေ ပရိတ်ရွတ်တော့ တစ္ဆေခြောက်လားဘာလား မသိဖြစ်ပြီး ယပ်တောင်တွေပစ်ပြီး ပြေးတဲ့ဘုန်းကြီး ၈–ပါးဆိုပြီး မဟုတ်တာတွေ ပြောတတ်ကြတယ်။

ရုပ်ပြစ်ဆိုတာ အပြစ်ရှိတဲ့ အရပ်ဆိုရင်လည်း ဟုတ်တယ်ပေါ့လေ၊ သို့မဟုတ်ရင်လည်း ပစ်ပယ်အပ်တဲ့ ဘုံဌာနပေါ့၊ ဒါကြောင့်မို့ ကောင်းတော့ကောင်းတယ်ပေါ့လေ၊ သို့သော် တရားထူးရဖို့ရန် ဖြစ်နိုင်တဲ့နေရာမျိုးမဟုတ်ဘူး၊ ဒါကြောင့် အသညသတ်ဗြဟ္မာဖြစ်ဖို့ အရူပါဝစရဗြဟ္မာဖြစ်ဖို့ မတောင့်တနဲ့ မလိုလားနဲ့ပေါ့။

ဒါနဲ့ပတ်သက်ပြီးတော့ မြတ်စွာဘုရားအလောင်းဖွားမြင်ပြီးတဲ့နောက် ကာဠဒေဝီလရသေ့ကြီးလာတယ်မဟုတ်လား၊ ရသေ့ကြီးလာတဲ့အခါကျတော့ သုဒ္ဓေါဒနမင်းကြီးက ဝမ်းသာပြီးတော့ သားတော်လေးကို ရသေ့ကြီးကို ရှိခိုးခိုင်းတယ်၊ ရှိခိုးခိုင်းတဲ့အခါကျတော့ သိဒ္ဓတ္ထမင်းသားက ရှိမခိုးတဲ့အပြင် မင်းသားလေးရဲ့ ခြေထောက်က ရသေ့ကြီးခေါင်းပေါ်ရောက်သွားတာ။

ဘာကြောင့်လဲဆိုတော့ မြတ်စွာဘုရားရဲ့နောက်ဆုံးဘဝမှာ သူက ရှိခိုးထိုက်တဲ့သူ တစ်ယောက်မှမရှိဘူး၊ အဲသလို ရသေ့ကြီးက ရှိခိုးပြီးတော့ သားတော်လေးကို ကြည့်ပြီး ပထမဝမ်းသာပြီး ရယ်တယ်၊ နောက်တော့ ဝမ်းနည်းသွားပြီး ငိုတယ်တဲ့။

အဲသလိုဖြစ်တော့ သုဒ္ဓေါဒနမင်းကြီးက သားတော်လေးဘာများဖြစ်လို့ပါလိမ့်လို့ စိုးရိမ်ကြောင့်ကျသွားတာပေါ့၊ အဲဒါနဲ့ မေးတယ်။

"အရှင်ဘုရား၊ သားတော်လေးကိုကြည့်ပြီး ပထမရယ်တယ်၊ နောက်တော့ ငိုတယ်၊ အဲဒါ သားတော်လေးမှာ ဘေးအန္တရာယ်များ ရှိပါသလား"ဆိုတော့

"မဟုတ်ဘူး၊ သားတော်လေးကို ကြည့်လိုက်တဲ့အခါကျတော့ ၃၂-ပါး သောလက္ခဏာတွေနဲ့ပြည့်စုံနေတယ်၊ အဲဒါကြောင့်မို့သားတော်လေးဟာ ဧကန်ဘုရားဖြစ်မယ်၊ ဘုရားဖြစ်ရင် သတ္တဝါတွေအကျိုးရှိမှာမြင်လို့ ဝမ်းသာပြီး ရယ်တာ၊ နောက်တစ်ခုကတော့ ဒါပေမယ့်လည်း ငါကြည့်လိုက်တော့ ဒီသားတော်လေး ဘုရားဖြစ်သည့်တိုင်အောင် ငါက အသက်ရှည်ဖို့ မရှိဘူး၊ အဲဒီတော့ သားတော်လေး ဘုရားမဖြစ်ခင် ငါက သေရမှာ၊ အဲဒီတော့ ဘုရားပွင့်တဲ့အတွက် ငါ့မှာ ဘာအကျိုးမှ ရတော့မှာမဟုတ်ဘူး၊ ဘုရားကို တွေ့ခွင့်မရဘူး၊ အကျွတ်တရားရဖို့လမ်း မရှိဘူး၊ ဒါကြောင့် ဝမ်းနည်းလို့ ငါငိုတာ"တဲ့။

အဲဒီတော့ မေးစရာရှိတာက သူသေသွားပေမယ့် ရောက်မယ့်နောက်ဘဝက နေပြီးတော့ ဘုရားဟောတဲ့ တရားကို နာပြီးတော့ အကျွတ်တရား မရနိုင်ဘူးလား၊ ကြည့်လိုက်တော့ မဖြစ်နိုင်ဘူးတဲ့၊ ဘာကြောင့်တုန်းဆိုတော့ သူကအရူပဈာန်ရထားလို့။

အရူပဈာန်ရပြီးတော့ အဲဒီအရူပဈာန်ကို သူက မစွန့်နိုင်ဘူး၊ အကျွတ်တရားရတာ မရတာထက် လက်ရှိရထားတဲ့ အရူပဈာန်ကို သူက စွဲလန်းနေတယ်၊ စွဲလန်းနေတော့ မစွန့်နိုင်ဘူး။

အရူပဈာန် မစွန့်နိုင်တော့ ဒီဈာန်နဲ့ သေသွားရင် အရူပဘုံရောက်မယ်၊ အရူပဘုံရောက်ရင် ဘုရားမဖူးနိုင်ဘူး၊ ဘုရား တရား မနာနိုင်တော့ အကျွတ်တရား မရနိုင်ဘူး၊ ဒါကြောင့် သိလျက်နဲ့ နစ်နာရသလားဆိုတော့ ဈာန်ကိုစွဲလမ်းပြီး ဈာန်ကို မခွာနိုင်လို့ပဲ၊ အဲဒါကြောင့် အရူပါဝစရဘုံမှာ သွားဖြစ်တော့ မြတ်စွာဘုရားပွင့်တော့ မီပေမယ်လို့ သူဘာမှ အကျိုးခံစားခွင့်ရမှာ မဟုတ်တော့ဘူး၊ အဲဒါကို ဝမ်းနည်းပြီး ငိုတာလို့ ဖြေခဲ့တယ်။

ဒါကြောင့်မို့ အသညသတ်ဘုံနဲ့ အရူပါဝစရာဘုံဆိုတာ တောင့်တထိုက်တဲ့နေရာတွေ မဟုတ်ဘူး၊ ဒါပေမယ်လို့ ဒီဘုံတွေကျတော့ ရအောင် အားထုတ်ကြတယ်၊ ဘာကြောင့်လဲဆိုရင် ရူပါဝစရဈာန်နဲ့ အရူပါဝစရဈာန်ရပြီးတဲ့နောက်မှာ အဘိညာဏ်ဆိုတာတက်လို့ရတာ၊ သာမညအားဖြင့် ပြောတဲ့အခါကျတော့ အဘိညာဏ်ဆိုတာ ပဥ္စမဈာန်ကို အထူးပွားများတာကို အဘိညာဏ်ခေါ်တော့ ပဥ္စမဈာန်ရရင် အဘိညာဏ်ရနိုင်တယ်လို့ ထင်တတ်တယ်။

စာမှာက ဒီလိုမဆိုဘူး၊ သမာပတ် ၈-ပါးလုံး၊ သင်္ဂြိုဟ်စကားနဲ့ ပြောမယ်ဆိုရင် ဈာန် ၉-ပါးလုံး ရထားတယ်၊ ရူပဈာန် ၅-ပါး၊ အရူပဈာန် ၄-ပါး အကုန်ရပြီးတဲ့ ပုဂ္ဂိုလ်မှာ အဘိညာဏ်ကို ရနိုင်တယ်၊ အရဟတ္တမဂ်ရလည်း အဘိညာဏ်ရတာပဲ၊

ရဟန္တာလည်း အဘိညာဏ်ရတာပဲ၊ အဲဒါကြောင့် မြတ်စွာဘုရားရဲ့ ရဟန္တာတို့ဟာ ဒီဈာန် ၄-ပါးလုံးရတယ်၊ ရဟန္တာဖြစ်ပြီးရင်တော့ အထူးပြောစရာမလိုဘူးပေါ့၊ နောက်ထပ် ဘဝဖြစ်စရာမရှိတော့ဘူး၊ ရုပ်မရှိတဲ့ဘဝ သွားဖြစ်မလားလို့ကြောင့်ကျစရာ မရှိဘူးပေါ့။

ပုထုဇဉ်တွေ အနေနဲ့လည်း အဘိညာဏ်ကို ရချင်တယ်, လုပ်ချင်တယ်,ပွားများချင်တယ်ဆိုရင် ဒီအရူပဈာန်ကိုလဲပဲ လျှော့ရမယ်၊ ဒါပေမယ့် သူ့စိတ်ဆန္ဒက အရူပ ဘုံမှာ မဖြစ်ချင်ဘူးဆိုရင် ဖြစ်မှာမဟုတ်ဘူး အဲဒါပဲ။

ကောင်းပြီ၊ ဒါကြောင့်မို့အရူပဈာန် အကျိုးပေးရာဘုံကတော့ ရှင်းပါတယ်၊ နိဂုံးချုပ်လိုက်စမ်း။

"ဤသို့လျှင် မဟဂ္ဂုတ်ကံသည်၊ ပိုင်းခြားသတ်မှတ်ထားအပ်တိုင်းသော ဘုံ၌(ဆိုပါတော့ ပထမဈာန်ကုသိုလ်က ပထမဈာန်ဘုံမှာ အကျိုးပေးမယ်၊ ဒုတိယဈာန်ကုသိုလ်က ဒုတိယဈာန်ဘုံမှာ အကျိုးပေးမယ်၊ အဲသလို သတ်မှတ်ထားတဲ့ အတိုင်းပဲ အဲဒီအတိုင်းသာ လုပ်မှာတဲ့) မိမိနှင့် တူသောအကျိုးကို (ကာမာဝစရ ကုသိုလ်နဲ့ ဒီမှာကျတော့ မတူဘူးနော်) ပဋိသန္ဓေအခါ ပဝတ္တိအခါ၌ ဖြစ်စေသည်တဲ့။

ဆိုလိုတာက ပထမဈာန် ကုသိုလ်က ပထမဈာန်ဝိပါက် အကျိုးပဲပေးမယ်၊ ပဋိသန္ဓေအခါမှာရော, ပဝတ္တိအခါမှာရောပေါ့၊

ဒုတိယဈာန် ကုသိုလ်က ဒုတိယဈာန် ဝိပါက်အကျိုးပဲပေးမယ်၊ တူသော အကျိုးဆိုတာ ဒါကိုပြောတာ။

ကာမာဝစရကုသိုလ်ကျတော့ တူတာရော မတူတာရော ပေးရမှာပေါ့, ကာမာဝစရကုသိုလ်က ကာမာဝစရဝိပါက် အကျိုးလည်းပေးတယ်၊ အဟိတ်ဝိပါက် အကျိုးလည်းပေးတယ်၊ ကာမာဝစရဝိပါက် အကျိုးပေးတော့ တူတဲ့အကျိုးပေးတယ် ဆိုရပေမယ့် အဟိတ်ဝိပါက်အကျိုးပေးတဲ့အခါကျတော့ မတူတဲ့အကျိုးပေးတယ်လို့ ဆိုရတယ်။

ဒါကြောင့်မို့ ကာမာဝစရကုသိုလ်ကံသည် တူသောအကျိုးကိုလည်းကောင်း, မတူသောအကျိုးကိုလည်ကောင်း, ထိုက်သည့်အားလျော်စွာ ပဋိသန္ဓေအခါ, ပဝတ္တိအခါတို့မှာပေးတယ်

မဟဂ္ဂုတ်ကုသိုလ်ကံ (သို့မဟုတ်) ရူပါဝစရကုသိုလ်ကံ အရူပါဝစရကုသိုလ်ကံ တို့ကတော့ သူ့သတ်မှတ်ထားတဲ့ ဘုံမှာပဲ (ပထမဈာန်ဘုံ, ဒုတိယဈာန်ဘုံစသည်ဖြင့်) ပဋိသန္ဓေအခါမှာရော, ပဝတ္တိအခါမှာရော တူသောအကျိုးကို ပေးတယ်။

ဒါကြောင့်မို့ သူတို့မှာ ခုနလိုမရှုပ်ဘူး၊ ကာမာဝစရတုန်းကတော့ ရှုပ်တယ် မဟုတ်လား၊ တူတဲ့အကျိုးနဲ့ မတူတဲ့အကျိုးနဲ့ပေါင်းရတာ၊ တိဟိတ်, ဒွိဟိတ်နဲ့ ဥက္ကဋ္ဌ, ဩမကနဲ့ လုပ်ရတာရှုပ်တယ်။

ဒီကျတော့ ရှင်းလို့, ပထမဈာန်ကုသိုလ်က ပထမဈာန်ဘုံမှာ ပထမဈာန် ဝိပါက်စိတ်ဖြစ်စေ၊ ဒုတိယဈာန်, တတိယဈာန် ကုသိုလ်က ဒုတိယဈာန်, တတိယဈာန်ဘုံမှာ, ဒုတိယဈာန်, တတိယဈာန် ဝိပါက်စိတ်ဖြစ်စေ စသည်ဖြင့် သွားတယ်။

နေဝသညာနာသညာယတန ကုသိုလ်က, နေဝသညာနာသညာယတနဘုံမှာ နေဝသညာနာသညာဝိပါက်စိတ်ဖြစ်စေ၊ အဲသလို ရှင်းတယ်၊ ဒါက ဘာလဲဆိုရင် ကံအကျိုးပေးပုံ အကုန်လုံးပြီးသွားပြီ။

ကာမာဝစရကုသိုလ်ကံ အကျိုးပေးပုံ၊ ရူပါဝစရကုသိုလ်ကံ အကျိုးပေးပုံ၊ အရူပါဝစရကုသိုလ်ကံ အကျိုးပေးပုံ ပြီးသွားပြီ။

ကံ, ကံ၏အကျိုးကို ကြည့်တဲ့အခါ အဲဒီလောက်ပဲ၊ မမှတ်မိသေးရင် ထပ်နားထောင်၊ ဒါဆိုရင် ကံပိုင်းဆိုင်ရာပြီးပြီ၊ နောက်အပတ်ဆိုရင် မရဏာသန္နခေါ်တဲ့ သေတဲ့အပိုင်း သွားလိမ့်မယ်။

သေခါနီးဘာဖြစ်တယ်ဆိုတာရယ်၊ ပြီးတော့ နောက်ဘဝ ဆက်တာတွေ၊ အဲဒါသိပ်အရေးကြီးတယ်၊ မရဏာပ္ပတ္တိလို့ ပါဠိလိုခေါ်တယ်၊ သေခြင်းဖြစ်ပုံပေါ့၊ သေခါနီးမှာ ဘယ်လိုစိတ်တွေဖြစ်တယ်၊ ဘယ်လိုနိမိတ်တွေထင်တယ်၊ ဒီနိမိတ်တွေကို ယူပြီးတော့ ပဋိသန္ဓေ ဘယ်လိုဖြစ်တယ်၊ ဒီဘဝကသေပြီးရင် ဘယ်ဘုံမှာဖြစ်နိုင် တယ်စသည်ဖြင့်ဖြင့်ပေါ့လေ၊ များတော့ ဒီတစ်ပတ်ထဲနဲ့ ရဘူး၊ ၂–ပတ်လောက် အနည်းဆုံး သွားရလိမ့်မယ်ထင်တယ်၊ ပဥ္စမပိုင်းတော်တော်လေးရောက်သွားပြီ၊ မသိမသာနဲ့ ရောက်သွားတာ၊ နောက် ၄–ပိုင်းပဲလိုတော့တယ်၊ မရဏုပတ္တိပြီးရင် ၄–ပိုင်းပဲလိုတော့တယ်၊ တတ်မှန်းမသိ တတ်သွားကြပြီ မဟုတ်လား။

**မေး** – အခုမှ ရှေ့နဲ့နောက် စပ်သွားတာ၊ တစ်ခါပြန်ဆက်သွားသလိုပါပဲ၊ အစတုန်းကတော့ ဈာန်အကြောင်းတွေ ပြောနေတာ၊ လောကမှာ ဖြစ်နေတာတွေ story တွေနဲ့

**ဖြေ** – ဒါကြောင့်မို့ပြောတာ၊ မပြည့်မချင်း ဟိုဟာလေး လိုနေတယ်၊ ဒီဟာလေး လိုနေတယ်၊ အားလုံးကုန် ပြည့်သွားမှသိတာ၊ ဒါကြောင့်မို့ အကုန်လုံး နားမလည်ပေ မယ့် စိတ်မပျက်နဲ့ ဆိုတာဒါကိုပြောတာ၊ ဘာကြောင့်လည်းဆိုတော့ နောက်က

သိစရာတွေရှိတယ်၊ ရှေ့ကသိစရာတွေရှိတယ်၊ ဒါတွေအကုန်လုံးစုပြီးမှ ပြည့်စုံတာ၊ ဒါကြောင့် ပထမတစ်ခါထက် နောက်တစ်ခါကျ ပိုကောင်းတယ်, ပိုနားလည်လာတယ်၊ ကိုယ်က သူများကို ပြန်သင်ပေးရင် ပိုနားလည်ပြန်ရော။

ကိုင်း, ဘုံပိုင်း၊ တော်တော်ကောင်းတဲ့ အပိုင်းပဲ၊ လက်တွေ့အသုံးကျတဲ့ မှတ်သားစရာတွေ တော်တော်ပါတယ်၊ ရှေ့ပိုင်းတုန်းကတော့ စိတ်တွေ စေတသိက်တွေယှဉ်တာ၊ ကိစ္စတွေဝီထိတွေ လုပ်နေရတာ၊ ဒီမှာကျတော့ နားလည်ဖို့ကောင်းတာတွေ အများကြီး ပါလာတယ်။

**မေး** – ဒီအပိုင်းကနေ ရှေ့ကို ပြန်သွားမှာတွေ အများကြီးပဲ မဟုတ်ပါလားဘုရား။

**ဖြေ** – ဒါကတော့ ပြန်သွားမှာပဲ၊ အခုပဲပြောနေပြီ မဟုတ်လား၊ ကာမာဝစရကုသိုလ်က အကျိုးပေးတယ်၊ အကျိုး ၁၈–ခုရှိတယ်ဆိုတော့ စိတ်ပိုင်းပြန်ရောက်သွားတာပေါ့၊ ဒါတော့ သွားမှာပဲ၊ အခုပြောနေတာ ကံနော်၊ ကံဆိုတော့စိတ်က အကျိုးပေးတာ မဟုတ်ဘူး၊ စေတနာကအကျိုးပေးတာ၊ အဲဒါလည်း သတိမေ့နေကြဦးမယ်၊ ကာမာဝစရ ကုသိုလ်ကံလို့ပြောရင် စေတနာကိုဆိုလိုတယ်၊ တစ်ခါတလေပါးစပ်က စိတ်လို့ ပြောမိသွားတတ်တယ်၊ အမှန်တော့စိတ်က အကျိုးပေးတာ မဟုတ်ဘူး၊ စေတနာက အကျိုးပေးတာ၊ စေတနာနဲ့ စိတ်ကလည်းအတူတူဖြစ်တာပါပဲ။

**မေး** – အရှင်ဘုရား ဘုံပိုင်းမှာကြည့်လိုက်တဲ့အခါကျတော့ ဒီနေ့ သင်ခန်းစာအရ ကြည့်လိုက်ရင် ဘုံအမြင့်ဆုံးကျတော့လည်း စေတနာသယ်ယူမှုက သိပ်အကောင်းကြီး မဟုတ်သေးဘူး၊ အဆင့်ဆင့်တက်လာပြီး ထိပ်ထိရောက်တော့လည်း စေတနာက သိပ်အကောင်းမဟုတ်ဘူး။

**ဖြေ** – ဘယ်လောက်ပဲအမြင့်ဆုံးရောက်ရောက် အချိန်တန်ရင်ပြန်ကျရမှာပဲ၊ အရိယာဖြစ်သွားရင်တော့ မဆင်းရဘူးပေါ့လေ၊ အရိယာမဟုတ်ရင်တော့ ဆင်းရမှာပဲ။

**မေး** – အရှင်ဘုရား ထိပ်ရောက်တဲ့ပုဂ္ဂိုလ်တွေဟာ သူတို့တစ်ခါထပ်ပြီးတော့ ဒီဟာတွေ အပြင်စွန့်ပြီးတော့ ဒီဘုံမှာ ရောက်လျက်သားနဲ့ မစွန့်နိုင်တာဘာကြောင့်ပါပဲ။

**မေး** – သက်တမ်းကုန်ရင်ကော။

**မေး** – သက်တမ်းမကုန်ပဲနဲ့တော့ မလုပ်နိုင်ဘူးလား၊ ဒါမှမဟုတ် သူ့အသိတရားက တစ်ဖက်ကပ်နေရင် နောက်ဘယ်လိုမှ ခွာလို့မရရင်ရော။

**ဖြေ** – ဒီလိုတော့ မဟုတ်ပါဘူး၊ ဒေဝီလရသေ့ကတော့ စွဲလန်းလို့ပါ။

**မေး** – အဲသလို မစွဲလန်းရင်ကော ခွာလို့ရပါသလား။

**ဖြေ** – ခွာလို့ရပါတယ်၊ အရိယာတွေအထိ ဖြစ်တာပဲ၊ အရိယာတွေလည်း

အရူပဘုံဖြစ် တာပဲ။

**မေး** – အရှင်ဘုရား၊ သူတို့အနေနဲ့ level ဒီလောက်မြင့်တဲ့ပုဂ္ဂိုလ်ပဲ၊ လူသာမန်တောင် ခွာချင်ရင် ခွာလို့ရတာပဲ၊ ဒီပုဂ္ဂိုလ်တွေကပိုခွာနိုင်ရမှာပေါ့၊ စွဲနေရင်တော့ မခွာတော့ ဘူးပေါ့။

**ဖြေ** – တရားအားထုတ်တဲ့အခါကျ အရောင်လေးမြင်လာရတာတို့ ပီတိလေး ဖြစ်လာတာတို့ ဒါနဲ့တင် ကျေနပ်ပြီးတော့ မသွားပါရစေနဲ့ဦးဖြစ်တာ။

**မေး** – နိမ့်တဲ့ဘုံမှာဖြစ်ရင်လည်း attraction က နည်းသွားတာ၊ မြင့်တာကို မလိုချင်တာလား။

**ဖြေ** – ဟုတ်တယ်၊ လက်တွေ့မှာလည်း ချမ်းသာနေတာကိုး၊ peacefulness ပေါ့လေ၊ မစွန့်နိုင်ဘူးပေါ့။

အဲဒါနဲ့ ပတ်သက်ပြီး ရှေးတုန်းက ဆရာတော်နှစ်ပါးအမေးအဖြေလုပ်တဲ့ အထဲမှာပါတယ်၊ ကာဠုဒေဝီလရသေ့ကြီးက ဘာကြောင့်ဒီလိုဖြစ်ရသလဲ၊ အဋ္ဌကထာ တွေ ထဲမှာ ရေးထားတာမရှိဘူး၊ ခုနဆရာတော်ကြီး နှစ်ပါးအမေးအဖြေထဲမှာပါတယ်၊ အဲဒီတော့ ခုနပြောသလို ဈာန်ကို စွဲလမ်းပြီး မခွာနိုင်လို့ဖြစ်တဲ့အကြောင်းပေါ့။

**မေး** – တကယ်လို့ သူကခွာချင်တယ်ဆိုရင် တစ်ယောက်ယောက်က သူ့ကိုခွာအောင် အသိတရားထပ်ပေးမှ ခွာလို့ရမှာလား၊ ဒါပေမယ့် ခုနက သူပြောတာက မြင်နေသိနေ လျက်သားနဲ့ မခွာတာလား။

**ဖြေ** – အဲဒါပေါ့၊ ကြောက်စရာတော်တော်ကောင်းတယ်နော်။

**မေး** – သိလည်းသိနေတယ်၊ ပြောလည်းပြောနေတယ်၊ ဒါနဲ့များ။

**မေး** – အဲဒီဈာန်ကိုရဖို့လဲပဲ သူကြိုးစားလိုက်ရတာနော်။

**မေး** – ဒီ pain ကို သူက တော်တော်နဲ့ လက်မလွှတ်နိုင်ဘူး။

**ဖြေ**– သူက မညံ့ဘူး၊ သူ့တူက နာလကမထေရ်လေ၊ အဲဒီမထေရ်က မြတ်စွာဘုရား လက်ထက်မှာ တစ်ပါးပဲရှိတာ၊ တစ်ရွာကို တစ်ရက်ပဲ ဆွမ်းခံတာ၊ အဲဒါမျိုး၊ တစ်နေရာမှာ တစ်ခါပဲနေရာဆိုတော့ အဲသလို ပုဂ္ဂိုလ်မျိုးဟာ ကြာကြာအသက် မရှည်ဘူး။

**မေး** – လူ့ဘဝသက်တမ်း တစ်ခုထဲတောင်မှ ဒီလောက်အသက်ရှည်ရပြီး ဒုက္ခများရင် လူ့ဘဝသက်တမ်း ဒီလောက်အများကြီးဆိုရင် တော်တော်နဲ့ သတိရမှာ မဟုတ်ဘူးထင်တယ်၊ လူကျတော့ နောက်တစ်နေ့ ဘာဖြစ်မလဲမသိပဲ ဖြစ်သွားတော့ သတိတရားရဦးမယ်၊ သူတို့ကျတော့ တော်တော်နဲ့သတိမရဘူး၊ တကယ့်ကိုသူဌေး

ဖြစ်ပြီး ဘာမှဒုက္ခမရှိတဲ့သူနဲ့တူနေတယ်။

**မေး** – ဒုက္ခတော့ရှိဦးမှာပေါ့။

**ဖြေ** – မဟုတ်ဘူးလေ၊ တကယ်လဲ သူဌေးဖြစ်တယ်၊ ဒုက္ခလည်း မကြုံဖူးတော့ လူဆိုတာ ဘယ်လိုမှ ဒုက္ခဆိုတာဘာလည်းဆိုတာ သိမှာ မဟုတ်ဘူး။

## သေခြင်းဖြစ်ပုံ
## သေခြင်း ၄–မျိုး

၁။ အသက်တမ်းကုန်၍ သေခြင်း။

၂။ ကံစွမ်းကုန်၍ သေခြင်း။

၃။ အသက်တမ်း, ကံစွမ်း ၂–ပါးကုန်၍သေခြင်း။

၄။ ဥပစ္ဆေဒကကံဖြင့် သေခြင်း။

## သေခါနီးထင်လာသောနိမိတ် ၃–မျိုး

| | |
|---|---|
| ၁။ ကံနိမိတ် | အခြားမဲ့ဘဝ၌ ပဋိသန္ဓေကို ဖြစ်စေတတ်သောကံ။ |
| ၂။ ကမ္မနိမိတ် | ကံပြုစဉ်အခါ တွေ့ကြုံရသော အာရုံ ၆–ပါး။ |
| ဥပလဒ္ဓ | ကံနှင့်ဆက်စပ်၍ တိုက်ရိုက်ကြုံရသော အာရုံ၊ (ပုံစံ– ကျောင်းဆောက်ရာ၌ ကျောင်း)။ |
| ဥပကရဏ | ကံပြီးမြောက်ဖို့ရာ အခြံအရံဖြစ်သောအာရုံ၊ (ပုံစံ–ကျောင်းဆောက်ရာ၌ သက်န်းဆွမ်းစသည်) |
| ၃။ ဂတိနိမိတ် | လားရတော့မည့်ဘဝ၌ တွေ့ကြုံရလတ္တံ့သော အာရုံ။ |
| ဥပလဘိတဗ္ဗ | တိုက်ရိုက်ရောက်ထိုက်သော အရပ်၊ (ပုံစံ–အမိဝမ်း ရေ၊ ငရဲဘုံ။) |
| ဥပဘောဂ | ထိုဘဝ၌ တွေ့ကြုံရမည့် အသုံးအဆောင်အခြွေအရံ၊ (ပုံစံ– လင်းတ၊ ခွေး၊ ငရဲမီး၊ ငရဲထိန်း၊ နတ်သား၊ နတ်သမီး၊ ဥယျာဉ်၊ ဗိမာန်၊ ပဒေသာပင်)။ |

ထိုကံတစ်မျိုးမျိုးသည် ကံ၏အစွမ်းကြောင့် ဒွါရခြောက်ပါးတို့တွင် တစ်ပါးပါး၌ ထင်လာသည်။

## သေခါနီးစိတ်အစဉ်

နိမိတ်ထင်လာပြီးနောက် ထိုနိမိတ်အာရုံကိုပင် အာရုံပြု၍အကျိုးပေးလတ္တံ့သော ကံအားလျော်စွာစင်ကြယ်သော သို့မဟုတ် ညစ်နွမ်းသော စိတ်အစဉ်သည် ရောက်ထိုက်သော ဘဝအားလျော်စွာ ရောက်လတ္တံ့ဘဝသို့ ညွတ်ကိုင်းနေသကဲ့သို့ မပြတ်များသောအားဖြင့် ဖြစ်တတ်၏။

## ကံအာရုံထင်ပုံတစ်နည်း

ပဋိသန္ဓေကို ဖြစ်စေတတ်သော ထိုကံသည်ပင် ထိုခဏ၌ အသစ်ပြုနေရသကဲ့သို့ မနောဒွါရ၌ ထင်လာသည်။

## မရဏာသန္နဝီထိ

မရဏာသန္နဝီထိ၌ **ဝီထိစိတ်၏** အဆုံး၌သော်လည်းကောင်း, **ဘဝင်၏**အဆုံး၌ သော်လည်းကောင်း, ပစ္စုပ္ပန်ဘဝ၏ အဆုံးဖြစ်သော စုတိစိတ်ဖြစ်ပေါ်၍ ချုပ်၏။

စုတိစိတ် ချုပ်ပြီးနောက် ဘာမျှမခြားပဲ ဘဝသစ် ပဋိသန္ဓေစိတ်ဖြစ်သည်၊ ပဋိသန္ဓေစိတ် ဥပါဒ်လျှင် ဥပါဒ်ချင်း ဘဝသစ် ဖြစ်လေတော့သည်။

ထိုပဋိသန္ဓေစိတ်သည်–

မရဏာသန္နဇောယူသော အာရုံကိုပင် အာရုံပြုသည်။

ကာမဘုံ ရူပဘုံ၌ဖြစ်လျှင် မှီရာဝတ္ထုရုပ် ရှိသည်၊ အရူပဘုံ၌ ဖြစ်လျှင် မှီရာဝတ္ထုရုပ် မရှိ။

အဝိဇ္ဇာနုသယ ခြံရံလျက် တဏှာနုသယ အရင်းခံရှိသောကံကြောင့် ဖြစ်သည်။

ဖဿစသော သမ္ပယုတ်တရားတို့နှင့် အတူတကွဖြစ်သည်။

သမ္ပယုတ်တရားတို့၏ ရှေ့သွားခေါင်းဆောင်ကဲ့သို့ ဖြစ်သည်။

ဘဝတစ်ပါးကို စပ်ပေးတတ်သောကြောင့် ပဋိသန္ဓိ အမည်ရသည်။

**ဝီထိစိတ် အရ** ဇော သို့မဟုတ်တဒါရုံကို ယူရသည်။
**ဘဝင်** ဇောနောင် သို့မဟုတ် တဒါရုံနောင် ဘဝင်ကျနိုင်သည်။

ထို့ကြောင့် အချုပ်အားဖြင့် မရဏာသန္နဝီထိ ၄–မျိုးရှိသည်။

၁။ ဇော နောင် စုတိကျသော ဝီထိ။

၂။ တဒါရုံ နောင် စုတိကျသော ဝီထိ။

၃။ ဇော နောင် ဘဝင်၊ ဘဝင်နောင် စုတိကျသော ဝီထိ။

၄။ တဒါရုံ နောင် ဘဝင်၊ ဘဝင်နောင် စုတိကျသော ဝီထိ။

ပကိဏ်းပိုင်း အာရမ္မဏသင်္ဂဟတုန်းက ပေးခဲ့သော မရဏာသန္နဝီထိပုံကို ပြန်ကြည့်ပါ၊ ထိုပုံသည် ပစ္စုပ္ပန်ရူပါရုံထင်လာ၍ စက္ခုဒွါရ၌ဖြစ်သော ဝီထိဖြစ်သည်။

ထိုဝီထိ၌ မရဏာသန္နဇောတို့ အားနည်းသောကြောင့် ၅–ကြိမ်သာ ဇောသည်၊ ဘဝသစ်၌ ပဋိသန္ဓေနှင့် ဘဝင် ၂–ကြိမ်တိုင်အောင် ပစ္စုပ္ပန်ရူပါရုံရှိသေး

သောကြောင့် ပဋိနှင့်ဘဝင် ၂-ကြိမ်တို့ ထိုပစ္စုပ္ပန်ရူပါရုံကို အာရုံပြုကြသည်၊ နောက်ဘဝင်တို့နှင့်တကွ ဘဝသစ်ဘဝင်အားလုံးနှင့် စုတိတို့ (ပုံစံ၌မပါ) လွန်သွားပြီဖြစ်သော အတိတ်ရူပါရုံကို အာရုံပြုကြသည်။

ထို့ကြောင့် ကာမာဝစရ ပဋိသန္ဓေ၏အာရုံသည်

မနောဒွါရဖြင့် ယူအပ်သော အတိတ် ကံ ဓမ္မာရုံ၊

ခြောက်ဒွါရဖြင့် ယူအပ်သော အတိတ် ပစ္စုပ္ပန် ကမ္မနိမိတ်အာရုံ ၆-ပါး၊

မနောဒွါရဖြင့် ယူအပ်သော ပစ္စုပ္ပန် ဂတိနိမိတ် ရူပါရုံဖြစ်သည်။

ရူပါဝစရပဋိသန္ဓေ၏ အာရုံသည် ပညတ် ကမ္မနိမိတ် ဖြစ်သည်။

အရူပပဋိသန္ဓေ၏အာရုံသည် ပညတ် သို့မဟုတ် မဟဂ္ဂုတ် (အဟိတ်) ကမ္မနိမိတ် ဖြစ်သည်။

အသညသတ်ဘုံ၌ကား ဇီဝိတနဝကကလာပ်သည်သာ ပဋိသန္ဓေအဖြစ်ဖြင့်ဖြစ်၏၊ ထို့ကြောင့် ထိုဘုံသတ္တဝါတို့သည် ရုပ်ပဋိသန္ဓေရှိသောပုဂ္ဂိုလ်တို့ မည်ကုန်၏။

အရူပါဝစရသတ္တဝါတို့သည်ကား နာမ်ပဋိသန္ဓေရှိသောပုဂ္ဂိုလ်တို့ မည်ကုန်၏။ ကြွင်းသတ္တဝါ (ကာမ ရူပ သတ္တဝါ)တို့ကား ရုပ်နာမ် ၂-ပါး ပဋိသန္ဓေရှိသော ပုဂ္ဂိုလ်တို့ မည်ကုန်၏။

* * *

# အဘိဓမ္မာသင်တန်း (၃၅)

## [ဝီထိမုတ်ပိုင်း]

## မရဏာသန္နဇ္ဇော သေခြင်းဖြစ်ပုံ

## (၁၉၈၇ ခုနှစ်၊ ဩဂုတ်လ ၇–ရက်)

လွန်ခဲ့တဲ့အပတ်တွေက ဘယ်ထိအောင် ပြီးခဲ့ပြီလဲ၊ ကံနှင့် ပတ်သက်တဲ့ ကမ္မစတုက္က ပြီးခဲ့ပြီ၊ ဒီအပတ်တော့ဖြင့် နောက်ဆုံးအပိုင်းပေါ့လေ၊ ပဋ္ဌမပိုင်းမှာ နောက်ဆုံးအပိုင်းငယ် မရဏာသန္နဇ္ဇောလို့ ပါဠိလို ခေါ်တယ်၊ "သေခြင်းဖြစ်ပုံ"

ဘဝတစ်ခုရဲ့ အဆုံးမှာ ဘာဖြစ်တယ်၊ ဒီဘဝနဲ့ နောက်ဘဝ ဘယ်လို ဆက်စပ်တယ်၊ ဒါတွေကလည်း တော်တော်အရေးကြီးတယ်၊ မျက်စိလည်း လည်တတ်တယ်၊ ဒီဘဝအဆုံးနဲ့ နောက်ဘဝအစကို မျက်စိလည်ပြီးတော့ အပြောမှား၊ အဆိုမှား၊ အရေးမှားတွေ ဖြစ်ဖြစ်ကုန်တယ်၊ ခေတ်လူတွေ အဲဒါတွေ အလွန်မှားတယ်။

အဲဒီတော့ ဗုဒ္ဓဘာသာမှာလက်ခံထားတာ သေခြင်းလေးမျိုးရှိတယ်၊ နံပတ် ၁–က အသက်တမ်းကုန်၍ သေခြင်း၊ နံပါတ်နှစ်က ကံစွမ်းကုန်၍သေခြင်း၊ နံပါတ် ၃–ကတော့ အသက်တမ်းရော ကံစွမ်းရော နှစ်မျိုးလုံးကုန်၍ သေခြင်း၊ နံပါတ် ၄– က ဥပစ္ဆေဒကကံဖြင့် သေခြင်းရယ်လို့ သေခြင်း ၄–မျိုးရှိတယ်။

အသက်တမ်းကုန်၍ သေခြင်းဆိုတာ (ဆိုပါတော့)လူ့ဘဝ လူ့ဘုံမှာဆိုရင် အသက်တမ်း မမြဲဘူးပေါ့လေ၊ မမြဲပေမယ်လို့ တစ်ရာတမ်းပဲ၊ ရှစ်ဆယ်တမ်းပဲ စသည်ဖြင့် သတ်မှတ်ထားချက်ရှိတယ်ပေါ့၊ အဲဒီတော့ ကံက အသက်တစ်ထောင် ရှည်ဖို့ရာ ကံပါလာသော်လည်းပဲ ကိုယ်ကလူဖြစ်တဲ့အခါမှာ သက်တမ်းတစ်ရာအချိန် အခါမှာ လူဖြစ်ရင် သက်တမ်းတစ်ရာပဲနေရမယ်၊ တစ်ရာပြည့်ရင် သူသေရမှာပဲ၊ ဘာကြောင့်တုန်းဆိုတော့ သက်တမ်းကုန်သွားလို့။

အဲဒီတော့ ကံစွမ်းမကုန်သေးသော်လည်းပဲ သက်တမ်းကုန်ရင်လည်းပဲ သေရမယ်၊ စုတေရမယ်၊ ဒါကြောင့်မို့ လူ့ဘဝရောက်လာကြတယ်ဆိုရင် လူ့ဘဝ က တစ်ရာသက်တမ်းဆိုရင်တော့ တစ်ရာထိအောင် နေပြီးရင် သေတာပဲများတယ် ပေါ့လေ၊ တစ်ရာကလွန်ပြီးတော့ အသက်ရှည်တာတော့ မရှိဘူးလားဆိုတော့ အလွန်ရှားရှား ပါးပါး ရှိပါတယ်။

မြတ်စွာဘုရားလက်ထက်တုန်းကလည်း အရှင်အာနန္ဒာတို့, ဝိသာခါတို့ အသက် ၁၂၀–ရှည်တယ်၊ တချို့ဆို အသက် ၁၆၀–ထိအောင် ရှည်တာတောင်ရှိတယ်၊ ဒါကတော့ အထူးပေါ့ especial

မိမိနဂိုက ကံကောင်းတာရယ်, ကျန်းမာရေးကို အထူးစောင့်ရှောက်တာရယ်၊ အဲဒီတော့ အဲဒီလို ကံစွမ်းရှိသော်လည်းပဲ၊ အသက်တမ်းကုန်လို့ သေတာမျိုးကို အသက်တမ်းကုန်၍ သေခြင်းလို့ ဒီလိုခေါ်တယ်။

အဲဒီတော့ ဒီသေခြင်း ၄–မျိုးကို ဆီမီးနဲ့ ဥပမာပေးလို့ရတယ်၊ ဆီမီးမှာ ဆီရှိတယ်, မီးစာရှိတယ်, အဲဒီတော့ ဆီမခမ်းသေးပေမယ်လို့ မီးစာကုန်သွားရင်လည်း မီးငြိမ်းသွားမယ်၊ အခု သက်တမ်းကုန်၍ သေခြင်းဆိုတာ မီးစာကုန်သွားတာနဲ့ တူတယ်။

ရှေးတုန်းက ဆီထဲမှာ မီးစာလေးထည့်ပြီးတော့ ထွန်းတယ်၊ မြင်ဖူးလား မသိဘူး၊ ကြိုးခြေဆိုပြီးတော့လေ ဒကာမတွေ လုပ်ရတာ၊ ကြိုးခြေထောက်ကလေးလို ဝွမ်းလေးကို ကျစ်ရတာ၊ အဲဒီတော့ အဲဒါလေးထည့်လိုက်တော့ သူကကို ထောင်နေ တယ်၊ အဲဒီတော့ ဆီမကုန်သေးပေမယ်လို့လည်းပဲ မီးစာကုန်ရင်လည်းပဲ မီးငြိမ်းသွား နိုင်တယ်။

ကံစွမ်းကုန်၍သေခြင်းဆိုတာကတော့ မီးစာရှိပေမယ်လို့ ဆီကုန်သွားတာနဲ့ တူတယ်၊ ကံက အသက်တစ်ရာတမ်းမှာ လူဖြစ်သော်လည်းပဲ ကံက အသက်– ၅၀ ပဲနေဖို့ရာ ပါလာရင် အသက် ၅၀ –မှာပဲ သူသေလိမ့်မယ်၊ အသက် ၇၀

နေဖို့ရန် ပါလာရင် အသက် ၇၀–ထိအောင် နေရမယ်၊ အသက် ၇၀–ကျရင် သူသေလိမ့်မယ်၊ အဲဒီလို သေတာမျိုးကို ကံကုန်လို့သေတာ၊ ကံစွမ်းကုန်လို့သေတာ။

အမှန်ကတော့ လူသေတိုင်း ကံကုန်လို့သေတာချည်း မှတ်လို့မရဘူး၊ သာမညအားဖြင့်တော့ ပြောနေကြတာပဲ၊ ကံကုန်လို့သေတယ်, သေနေ့စေ့လို့သေတယ်, သေနေ့ရှိလို့ သေတယ်ဆိုတာ ပြောဖို့ရာမလွယ်ဘူး၊ အဲဒီတော့ ဒီမှာတော့ ကံကုန်၍ သေတယ်, အသက်တမ်းရှိသေးပေမယ်လို့ ကံကုန်ရင်လည်းပဲ သူသေရမယ်။

အသက်တမ်းကံ နှစ်ပါးကုန်၍သေခြင်းဆိုတာ ဒါကတော့ ရှင်းပြီ၊ ကိုယ်က ဖြစ်တာလည်း အသက်တစ်ရာရှည်တဲ့ လူ့ဘဝမှာ သွားဖြစ်တယ်၊ ကံကလည်းပဲ အသက် တစ်ရာရှည်ဖို့လောက်ပဲ ပါလာတယ်၊ ဒီနှစ်ခု ပြိုင်တူကုန်လို့ သေတာမျိုး၊ ဆီရော မီးစာရော ပြိုင်တူကုန်လို့ သေတာမျိုးပေါ့။

အဲဒါမျိုးတော့ ရှားလိမ့်မယ်ထင်တယ်နော်, ဘာပြုလို့လည်းဆိုတော့ ကံဟာ များသောအားဖြင့်တော့ အများကြီး အသက်ရှည်နိုင်လောက်တဲ့ ကံတွေ ရှိလာတာ၊ သက်တမ်းက မရှိတော့ သက်တမ်းအလိုက် သေကြရတယ်။

ဥပစ္ဆေဒကကံဖြင့် သေခြင်းတဲ့၊ ဒါကတော့ (acident) သေတာမျိုး၊ မီးလောင်သေတာ, ရေနစ်သေတာ, အဆိပ်သောက်သေတာ စသည်ပေါ့၊ ဒါတွေကို ဥပစ္ဆေဒကကံဖြင့် သေခြင်းလို့ခေါ်တယ်။

ဥပစ္ဆေဒကကံဆိုတာ ကံ ၄–မျိုး ခွဲခဲ့တုန်းက ဇနကကံ, ဥပတ္ထမ္ဘကကံ, ဥပပီဠကကံ, ဥပဃာတကကံလို့ ရှိတယ်မို့လား၊ အဲဒီ ဥပဃာတကကံကိုပဲ ဒီမှာ ဥပစ္ဆေဒကကံလို့ဆိုတယ်။

အဲဒီတော့ အဲဒီ ဥပစ္ဆေဒကကံက တကယ်ကြီးမားရင် ဒီဘဝတင် တစ်ခါတည်း ချက်ခြင်းဆိုပါတော့ အဲဒီကံကို ပြုပြီး ချက်ချင်းမြေမျိုသွားတာတွေ ရှိတယ်မဟုတ်လား၊ ဒီလိုသေသွားတာတွေရှိတယ်။

အဲဒီလို ကိုယ်က အသက်တမ်းလည်း မကုန်သေးဘူး၊ ကံစွမ်းလည်းရှိသေး လျက်နဲ့ နောက်ကံတစ်ခုက လာပြီးတော့ သတ်ဖြတ်လိုက်တာနော်, ဖြတ်ပစ်လိုက်တယ်၊ နှိပ်စက်ပစ်လိုက်တယ်၊ အဲဒီလိုဖြစ်ပြီးတော့သေတဲ့ သေတာမျိုးကို ဥပစ္ဆေဒကကံနဲ့ သေတယ်လို့ ဒီလိုခေါ်တယ်။

ဒါကြောင့်မို့ သေနေ့စေ့တိုင်း သေတာမဟုတ်ဘူး၊ အဲဒီလို သေချိန်မကျပဲနဲ့ သေတာ အများကြီးရှိတယ် (ခရီးသွားရင်း သေနတ်ပစ်ခံရတယ်) ကံတော့ ပါတာပေါ့၊ ဟုတ်လား၊ သူ့ကံက သေနတ်ပစ်ခံရမယ့် ကံပါလို့ သေတာတော့မှန်တယ်။

ဆိုပါတော့, နောက်ဘဝက သူတပါးကို အစာငတ်ထားပြီးတော့ သတ်ခဲ့တဲ့ လူမျိုးဟာ ဒီလိုပဲ ကိုယ့်ကျလည်း အစာငတ်ပြီးတော့ သေတတ်တယ်၊ နောက်ဘဝက သူတစ်ပါးကို အဆိပ်ကျွေးပြီး သတ်ခဲ့တဲ့လူမျိုးဟာ ကိုယ်လည်း အဆိပ်စားပြီး သေရတတ်တယ်ပေါ့၊ အဲဒီလိုဖြစ်တဲ့ကံက ဥပစ္ဆေဒကကံ၊ အဲဒီကံက အကျိုးပေးတာ၊ အဲဒီတော့ မူလ ဥပတ္ထမ္ဘကကံကို သူက လာပြီးတော့ ဖြတ်ပစ်တာ။

ဥပစ္ဆေဒကဆိုတာ ကပ်ပြီးဖြတ်တယ်လို့ အဓိပ္ပါယ်ရှိတယ်၊ အဲဒီလို ကံမျိုး၊ ဒါကြောင့်မို့ ၁, ၂, ၃ သေခြင်းမျိုးကို ကာလမရဏလို့ခေါ်တယ်, နော် အချိန်ကျလို့ သေခြင်းမျိုးပေါ့၊ နောက်ဆုံး နံပတ် ၄–ကို အကာလမရဏ– သေချိန်မကျပဲနဲ့ သေတယ်၊ အဲဒီသေချိန်မကျပဲနဲ့ သေတာ ခုခေတ် အများကြီးရှိတယ်၊ ကိုယ့်ကို သတ်သေတာ။

**မေး** – ကျောက်မီးသွေးတွင်း ပိလို့သေတာမျိုးရော။

**ဖြေ** – အဲဒါတွေ အတူတူပေါ့။

**မေး** – သေသူအကုန်လုံးမှာ ဒီကံပါတာဟုတ်ရဲ့လား။

**ဖြေ** – ဟိုဘဝတွေက သဘောတူလုပ်လာခဲ့ကြတာတွေရှိတယ်လေ၊ ဒီဘဝမှာလည်းပဲ စုပြီးဖြစ်ကြတာပေါ့နော်၊ ခု ဆန်ဖရန်ဆစ်စကိုအနေနဲ့ ပြောရင် Golden Gate က ခုန်ချတာတွေ၊ ဒါတွေဟာ ဥပစ္ဆေဒကကံနဲ့ သေတာတဲ့။

ဒါကြောင့်မို့ သေခြင်း ၄–မျိုးရှိတယ်၊ အသက်ကုန်၍သေတယ်၊ ကံကုန်၍ သေတယ်၊ အသက်, ကံနှစ်ပါးကုန်၍ သေတယ်၊ ဒါ မကုန်သေးပဲနဲ့ ကပ်ဖြတ်တတ်တဲ့ ကံတစ်ခုခုကြောင့် သေတယ်။

ရှေးတုန်းက ဒေဝဒတ်ဟာ ပဥ္စာနန္တရိယကံထဲက သံဃဘေဒကကံနဲ့ ဘုရားသွေးစိမ်းတည်အောင်ပြုတဲ့ လောဟိတုပ္ပါဒကကံဆိုတာ ဒီကံနှစ်ခုပြုတာ၊ ဒါကြောင့်မို့ သူဟာ မြေမျိုပြီးတော့ သေသွားတယ် မဟုတ်ဘူးလား။

ထို့အတူပဲ နန္ဒဆိုတဲ့ လုလင်ဟာ အရှင်ဥပ္ပလဝဏ် (တန်ခိုးအရာမှာ တေဒဂ်ရတဲ့) ရဟန္တာမကို မတော်တရော်ကျင့်လို့ ချက်ချင်းမဆိုင်းဘူး၊ ချက်ချင်းမြေမျို သွားတယ်၊ အဲဒီလိုပြုတဲ့ အကုသိုလ်ကံကကြီးမားရင် တစ်ခါတည်း ချက်ချင်း အကျိုးပေးပြီးတော့ သေချိန်မကျပဲနဲ့ သေသွားရတယ်၊ ဒီလိုကံတွေလည်းရှိတယ်၊ အဲဒါ အမျိုးမျိုးပေါ့လေ၊ အဲဒီလို သေခြင်း ၄–မျိုးမှာ သတ္တဝါတွေဟာ တစ်မျိုးမျိုးနဲ့ သေကြရတယ်။။

ကောင်းပြီ, သတ္တဝါတွေ သေတော့ ဘယ်လိုဖြစ်သလဲ၊ သေခါနီး အချိန်ရောက်

လာပြီ၊ အဲဒီသေခါနီးမှာ နိမိတ်တွေ ထင်လာတယ်၊ စိတ်ထဲမှာ ပေါ်လာတယ်၊ အဲဒီလို ပေါ်လာတတ်တဲ့ နိမိတ်သုံးမျိုးရှိတယ်။

အဲဒါ ဟို အာရမ္မဏသင်္ဂဟ ပကိဏ်းပိုင်းတုန်းကလည်း နည်းနည်းတော့ ပြောခဲ့ပြီ၊ ကံရယ်, ကမ္မနိမိတ်ရယ်, ဂတိနိမိတ်ရယ်, အဲဒီသုံးမျိုးမှာတဲ့ သေခါနီးလာရင် တစ်မျိုးမျိုး ပေါ်လာတတ်တယ်တဲ့။

ပထမဆုံး ကံနိမိတ်တဲ့၊ ကံပေါ့လေ၊ နောက်တုန်းက ပြုခဲ့ဖူးတဲ့ ကုသိုလ်ကံ, အကုသိုလ်ကံဆိုတာရှိတယ်၊ အဲဒီကံက အခြားမဲ့ဘဝမှာ အကျိုးပေးမယ့် ပဋိသန္ဓေကို ဖြစ်စေမယ့်ကံ၊ အဲဒီကံက စိတ်ထဲမှာ လာပေါ်တယ်၊ ကုသိုလ်ကံဖြစ်ရင်လည်းပဲ ကုသိုလ်ကံ လာပေါ်မယ်၊ အကုသိုလ်ကံ ဖြစ်ရင်လည်း အကုသိုလ်ကံ လာပေါ်မယ်၊ သေခါနီးမှာပေါ်လာတာ၊ အဲဒါကို ကံအာရုံ, ကံနိမိတ်ပေါ့နော်၊ နိမိတ် သုံးမျိုးအနေနဲ့ ပြောရရင် ကံနိမိတ်။

ဒါပေမယ်လို့ များသောအားဖြင့်တော့ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်လို့ ဒီလိုသာဆိုတယ်၊ ကံကို နိမိတ်လို့တော့ မဆိုဘူး၊ ဘာဖြစ်လို့လည်းဆိုတော့ ကမ္မနိမိတ်ဆိုတာနဲ့ ရောသွားမှာစိုးလို့၊ ဒီမှာတော့ နိမိတ်သုံးမျိုးကိုဆိုလို့ ကံနိမိတ်ပဲ ဆိုလိုက်တယ်၊ အမှန်ကတော့ ကံပါပဲ။

အဲဒီကံဟာ အတိတ်ကပြုခဲ့တဲ့ကံဟာ ပေါ်လာတတ်တယ်၊ အဲဒီလို မဟုတ်ရင်လဲပဲ ကမ္မနိမိတ်ဆိုတာ ပေါ်လာတတ်တယ်။

ကမ္မနိမိတ်ဆိုတာက ဘာလဲတဲ့၊ အဲဒီကံပြုစဉ်အခါတုန်းက တွေ့ရကြုံရတဲ့ အာရုံခြောက်ပါး၊ အလှူအတန်းပြုရင် အလှူအတန်းပြုတဲ့ ကုသိုလ်စေတနာကံ, ပေါ့၊ အလှူခံပုဂ္ဂိုလ်တို့, အလှူခံပစ္စည်းတို့ကျတော့ ကမ္မနိမိတ်လို့ခေါ်ရတယ်၊ အကုသိုလ်မှာလည်းပဲ သတ်ရင် သတ်တာကကံ, အသတ်ခံရတဲ့ သတ္တဝါတို့သတ်တဲ့ လက်နက်တို့ ဘာတို့က ကမ္မနိမိတ်ဆိုတာတွေလည်း စိတ်ထဲမှာ ထင်ပေါ်လာတတ်တယ်။

အဲဒီကမ္မနိမိတ်က နှစ်မျိုးရှိတယ်၊ ပထမဟာကို ပါဠိလို "ဥပလဒ္ဓနိမိတ်"လို့ ခေါ်တယ်၊ ဒါက ကံနှင့် ဆက်စပ်ပြီးတော့ တိုက်ရိုက်ကြုံရတဲ့ အာရုံ၊ ပုံစံက ကျောင်းဆောက်လှူရင် ကျောင်းကြီးပေါ့၊ ဒီကျောင်းကို ဘာလို့ခေါ်လဲ, ကမ္မနိမိတ်လို့ ခေါ်တယ်၊ လှူတဲ့အလှူကို ကံ, ကျောင်းကကမ္မနိမိတ်, ဒါက ဥပလဒ္ဓ ကမ္မနိမိတ်, ဥပလဒ္ဓ ဆိုတာ ရအပ်တယ်လို့ မြန်မာလိုအဓိပ္ပာယ်ရှိတယ်၊

"ဥပကရဏ"ဆိုတာကံပြီးမြောက်ဖို့ရာ အခြံအရံဖြစ်တဲ့ အာရုံ၊ ခုန ကျောင်း

ဆောက်လှူတဲ့အခါမှာ ကျောင်းတင်မကဘူးပေါ့၊ ကျောင်းလှူရင်းနဲ့ ဆွမ်းတွေလှူတယ်၊ သင်္ကန်းတွေလှူတယ်၊ ကျောင်းသုံးပစ္စည်းတွေ လှူတယ်၊ အဲဒီ အခြံအရံ ဖြစ်တဲ့ ပစ္စည်းတွေက ဘာလို့ခေါ်လည်းဆိုတော့ "ဥပကရဏကမ္မနိမိတ်" ဒါတွေလဲညီး ပြန်ပြီးတော့စိတ်ထဲမှာ ပေါ်လာတာပေါ့၊ ကမ္မနိမိတ်သော်လည်း ပေါ်လာတယ်။

နောက်တစ်ခုက "ဂတိနိမိတ်"တဲ့၊ ဂတိဆိုတာ ဒီနေရာမှာ လားရာလို့ ဆိုလိုတယ်၊ လားရာဆိုတော့ အင်္ဂလိပ်လိုဆိုတော့ (destination) ပြန်တာပေါ့လေ၊ ရှေးရောက်ရမယ့်ဘဝ၊ အနာဂတ်မှာရောက်ရမယ့်ဘဝ အဲဒါကို "ဂတိ"လို့ ခေါ်တယ်၊

ဂတိနိမိတ်ကတော့ လားရာဘဝမှာ တွေ့ကြုံရလတ့်ဖြစ်တဲ့အာရုံ၊ အဲဒါ မှာလည်းပဲ "ဥပလဘိတဗ္ဗ", ဥပဘောဂ" တစ်ခါ ၂– မျိုးခွဲပြန်တယ်။

ဥပလဘိတဗ္ဗဆိုတာ တိုက်ရိုက်ရောက်ထိုက်တဲ့အရပ်, အကယ်၍ လူဖြစ်မယ် ဆိုရင်လည်း အမိဝမ်းရေပေါ့လေ၊ သားအိမ်ရဲ့အတွင်းက wall ကြီးပေါ့ ၊ ဒီလို ဟာတွေ ပေါ်လာတယ်၊ သို့မဟုတ် ငရဲကျမယ့်သူဆိုရင်လည်း ငရဲဘုံပေါ့လေ, နတ်ပြည်ရောက်မယ့် သူဆိုရင်လည်းပဲ နတ်ဘုံပေါ့လေ၊ အဲဒါမျိုးတွေပေါ်လာတယ်၊ မြင်လာတယ်ပေါ့နော်၊ အဲသလိုဖြစ်လာရင် ဥပလဘိတမ္ဗဂတိနိမိတ် သူ့မှာ ထင်နေပြီလို့ ဆိုလိုတယ်။

ဥပဘောဂ ဂတိနိမိတ်ဆိုတာ အဲဒီဘုံမှာ တွေ့ကြုံခံစားရမယ့်ဟာတွေပေါ့၊ လင်းတကောင်တို့, ခွေးတွေ, ခွေးနက်ကြီးတွေက ကိုယ့်ကိုလိုက်တာတို့ဘာတို့ ခွေးတွေ, ငရဲမီးတွေ၊ ငရဲကျမယ့်သူဆိုလို့ရှိရင် အဲဒီလိုဟာတွေပေါ့၊ ငရဲဘုံမှာ ခံစားရမယ့်ဟာတွေ, တိရစ္ဆာန်ဖြစ်မယ်ဆိုရင်လည်းပဲ တိရစ္ဆာန်အလိုက် တောကြီးတွေ ဘာကြီးတွေ ပေါ်လာမယ်၊ ကောင်းတဲ့ဘက်ကပြောရင်လဲ နတ်သားတို့, နတ်သမီးတို့, ဥယျာဉ်တို့ ဗိမာန်တို့ ပဒေသာပင်တို့ ဒါတွေဟာ ဥပဘောဂ၊ လာလတ္တံ့ဘဝမှာ တွေ့ကြုံခံစားရမယ့် အာရုံတွေ၊ အဲဒီလို အာရုံဒီသုံးမျိုးမှာ တစ်မျိုးမျိုး ထင်လာတယ်တဲ့။

ဒါကြောင့်မို့ ကံရယ်, ကမ္မနိမိတ်ရယ်, ဂတိနိမိတ်ရယ်၊ ဒီသုံးမျိုးကို ခွဲခြား ပြီးတော့ သိထားရမယ်၊ နားလည်ထားရမယ်။

ပြန်ပြောဦးမယ်၊ ကံဆိုတာ နောက်ဘဝမှာ ပဋိသန္ဓေကျိုးပေးတော့မယ့် ရှေးတုန်းကပြုခဲ့ဖူးတဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံပေါ့လေ၊ အခုမှ (ဆိုပါတော့) မသေခင်တော်တော်လေးက ပြုခဲ့တဲ့ ကုသိုလ်ကံ, အကုသိုလ်ကံလည်း ဖြစ်နိုင်တာပါပဲ၊ ရှေးဆိုတာ သေခါနီးမကျခင်ပေါ့လေ၊ ဟိုးနောက်ဘဝတွေက စပြီးတော့ ဒီဘဝမှာ ရော ဒါအကုန်ပါသွားမယ်။

ကမ္မနိမိတ်ဆိုတာကျတော့ အဲဒီကံပြုစဉ်တုန်းက ဒီအခြံအရံ အဆောက်အဦး (အဆောက်အဦးဆိုတာ instrument ကို ဆိုလိုတယ်)တွေဖြစ်တဲ့ ပစ္စည်းတွေ, အာရုံတွေပေါ့လေ။

ဂတိနိမိတ်ဆိုတာကတော့ လားရမယ့်ဘဝ အာရုံ၊ အဲဒီဘဝ တိုက်ရိုက်ဖြစ်စေ, အဲဒီဘဝမှာ တွေ့ကြုံခံစားရမယ့်ဟာတွေဖြစ်စေ မြင်လာတာနော်၊ မျက်စိထဲမှာ ပေါ်လာတာ ဂတိနိမိတ်တဲ့။

အဲဒီလို ကံသည်သော်လည်းကောင်း, ကမ္မနိမိတ်သည်သော်လည်းကောင်း, ဂတိနိမိတ်သည်သော်လည်းကောင်း, တစ်ခုခုဟာ ပေါ်လာမြဲတဲ့၊ ဒီတစ်ခုခုကို မြင်တွေ့ပြီးတော့မှ သေတဲ့စိတ် စုတိစိတ် ပေါ်လိမ့်မယ်၊ စုတိစိတ် မပေါ်ခင် ဒီမရဏာ သန္နဝီထိဆိုတာဖြစ်မယ်၊ အဲဒီမရဏာသန္နဝီထိမှာ ကြည့်ပြီးတော့ ဘယ်စိတ်တွေက ဘာအာရုံပြုတယ်၊ တော်ကြာကျတော့ ခွဲမယ်။

အဲဒီကံတစ်မျိုးမျိုးဟာ ကံရဲ့ အစွမ်းကြောင့်ထင်တဲ့အခါမှာ ဒွါရ၆-ပါးတို့တွင် တစ်ပါးပါး၌ ထင်လာတယ်၊ ကံအာရုံကတော့ အတိတ်က ဖြစ်ခဲ့တာမို့လို့ မနောဒွါရမှာ ထင်မယ်ပေါ့လေ၊ ကမ္မနိမိတ်ကျတော့ အာရုံ ၆-ပါးလုံးဖြစ်တဲ့အတွက် ကြောင့်မိုလို့ ထိုက်သည်အားလျော်စွာ ဒွါရ ၆-ပါးမှာထင်မယ်၊ ဂတိနိမိတ်ကိုတော့ အများ အယူအဆအတိုင်းကတော့ ရူပါရုံပဲရှိတယ်လို့ဆိုတယ်၊ ရူပါရုံဖြစ်ရင် စက္ခုဒွါရမှာ ဖြစ်လိမ့်မယ်ပေါ့လေ, အဲဒီလို၊

ကောင်းပြီ သေခါနီး စိတ်အစဉ် ဘယ်လိုဖြစ်သလဲတဲ့၊ နိမိတ်ထင်လာပြီး တဲ့နောက် အဲဒီနိမိတ်ကိုပဲ အာရုံပြုပြီးတော့ အကျိုးပေးလတ္တံ့ဖြစ်တဲ့ ကံအား လျော်စွာ ကုသိုလ်ကံက အကျိုးပေးမှာလား အကုသိုလ်ကံက အကျိုးပေးမှာလားပေါ့၊ အဲဒီကံအားလျော်စွာပဲ ကုသိုလ်ကံက အကျိုးပေးမှာဖြစ်ရင်လည်းပဲ စင်ကြယ်တဲ့စိတ် အစဉ် ဖြစ်နေမယ်ပေါ့နော်၊ အကုသိုလ်ကံက အကျိုးပေးမှာ ဖြစ်ရင်လည်းပဲ ညစ်နွမ်းတဲ့ စိတ်အစဉ်ဖြစ်နေမယ်၊ အဲသလို စိတ်အစဉ်ဟာ ရောက်ထိုက်တဲ့ဘဝ အားလျော်စွာ အဲဒီဘဝ ဘက်သို့ ညွတ်နေလိမ့်မယ်၊ နောက်ရောက်လတ္တံ့ ဘဝသို့ ညွတ်ကိုင်းနေ သကဲ့သို့ မပြတ်များသောအားဖြင့် ဖြစ်တတ်၏။

များသောအားဖြင့် ဖြစ်တတ်၏ ဆိုတာက စိမ်ပြေနပြေ သေရရင်လည်းဒီလို သွားမှာပေါ့၊ ယင်ကောင်လေးကို တစ်ခါတည်း ဖိသတ်လိုက်တဲ့ အခါမျိုးကျတော့ ဒီလိုညွတ်ကိုင်းနေစရာ အချိန်မရဘူးပေါ့၊ မရဏာသန္နဝီထိကတော့ ဖြစ်တော့ ဖြစ်ရမယ်၊ ဆိုပါတော့, ထိုက်သည်အားလျော်စွာ ပဥ္စဒွါရဝီထိ မနောဒွါရဝီထိ

တွေ ဖြစ်ရမယ်၊ သို့သော် အခုလို စိမ်ပြေနပြေ သေရတဲ့ လူမျိုးလို ညွှတ်ကိုင်းနေစရာ မဖြစ်နိုင်ဘူး၊ ဒါကြောင့်မို့ များသောအားဖြင့်လို့ ဒီလိုဆိုတယ်။

အဲဒီတော့ အကျိုးပေးမယ့်ကံက အကုသိုလ်ကံဖြစ်ရင် မစင်ကြယ်တဲ့ စိတ်အစဉ်ဖြစ်မယ်၊ အကျိုးပေးတဲ့ကံက ကုသိုလ်ကံဖြစ်ရင် စင်ကြယ်တဲ့ စိတ်အစဉ်ဖြစ်နေမယ်, ဟုတ်ပြီလား။

အဲဒီတော့ တစ်ခါတလေ မစင်ကြယ်တဲ့ စိတ်အစဉ်ဖြစ်နေရာကနေပြီးတော့ ကိုယ်ကပဲ ရှေးတုန်းက ပြုခဲ့တဲ့ ကောင်းမှု ကုသိုလ်တစ်ခုခုကို သတိရလို့ဖြစ်စေ၊ အနီးအနားမှာရှိတဲ့ ဆွေမျိုးတို့ ဘာတို့က ကြံဖန်ကူညီပေးလို့ဖြစ်စေ ကောင်းတဲ့စိတ်အစဉ်သို့လည်း ပြောင်းသွားနိုင်တယ်။

ထို့အတူပဲ, နိဂိုတုန်းက ကောင်းတဲ့ စိတ်အစဉ်ကနေပြီးတော့ မတော်တာ တစ်ခုခု ကို သတိရလို့ မကောင်းတဲ့စိတ်အစဉ်လည်းပဲ ပြောင်းသွားနိုင်တယ်၊ ဒါကြောင့်မို့ ဦးဇင်းတို့ ဗုဒ္ဓဘာသာဝင်တွေအဖို့ သေခါနီး အလွန်အရေးကြီးတယ်လို့ ပြောတာ၊ သေခါနီးမှာပဲ မိတ်ဆွေကောင်း, နားလည်တဲ့ မိတ်ဆွေ, မိတ်ဆွေကောင်းဆိုတာ well meaning ဖြစ်ပေမယ်လို့ နားမလည်တဲ့ သူဆိုရင် ကို့ရို့ကားရား ဖြစ်နိုင်တယ်၊ ဒီလို အဘိဓမ္မာသဘော နားလည်ထားရင်သာ ကောင်းတယ်၊ အဲသလို မိတ်ဆွေကောင်း လိုတယ်။

ဟိုအရင်ကလည်း ခဏခဏပြောဖူးပါပြီ၊ ထပ်တော့ ပြောဦးမှာပဲ၊ ရှေးတုန်းက သောဏဂိရိဆိုတဲ့ အရပ်မှာ သောဏဆိုတဲ့ ရဟန္တာ တစ်ပါးရှိတယ်၊ အဲဒီတော့ သူ့ရဲ့ အဖေက သန်သန်မာမာ ရှိတုန်း အခါက မုဆိုးလုပ်လာခဲ့တယ်၊ နောင်ကြီးတဲ့ အခါကျတော့ ရဟန်းဝတ်ပြီးတော့ သူ့သားနဲ့ အတူတူနေတယ်၊ အဲသလိုသေတော့မယ် ဖြစ်တဲ့အခါကျတော့ တစ်သက်လုံးက မုဆိုးလုပ်လာတာဆိုတော့ သူ့မှာသေခါနီးကျတော့ ဘာနိမိတ်တွေ ထင်သလဲ ဆိုတော့ခွေးတွေ သူ့ဆီလာတာ၊ ခွေးတွေ သူ့ကိုက်တယ်၊ အဲသလို သူ့မှာနိမိတ်ထင် တယ်တဲ့၊ ထင်တော့ဟဲ့ သားရဲ့ခြောက်ပါဟဲ့ ဘာဟဲ့ပေါ့လေ၊ သူလန့်ပြီးအော် တာပေါ့၊ အဲဒီလိုအော်တော့ ဘာဖြစ်တာလဲပေါ့၊ ဦးဇင်းကြီး ဘာဖြစ်တာတုန်းမေးတော့ ဟာ ငါ့ခွေးတွေလိုက်လို့ဆိုတော့ သိပြီ, အင်း ငါ့အဖေကော့ ငရဲနိမိတ်တွေထင်နေပြီ ဒီအတိုင်း သေရင်တော့ ငရဲကျတော့မှာ သေချာတယ်၊ ဒါနဲ့ တစ်ခါထဲ အဲဒီ မထေရ်က သူ့ကိုရင်တွေကို ပန်းတွေဘာတွေ သွားရှာချေကြပေါ့ဆိုပြီးတော့ အဲဒီပန်းတွေ ခူးလာခိုင်းပေါ့လေ၊ အဲဒီပန်းတွေကို ဘုရားရင်ပြင်မှာ ပန်းမွေ့ရာခင်း ပြီးတော့ အဲဒီ ဦးဇင်းကြီးကို ခေါ်သွားပေါ့လေ၊

ထမ်းခေါ်သွားပြီးတော့ ဟိုမှာ ချပြီးတော့ ဦးဇင်းကြီး ဒီမှာ ပန်းမွေ့ရာခင်းထားတယ်, ဘုရားပန်းတွေ လှူထားတယ်၊ ဘုရားကြည်ညိုလို့ ပြောလိုက်တဲ့အခါကျတော့ သူက အဲဒီ ဘုရားဘက် စိတ်က ရောက်သွားတယ်၊ ဘုရားပန်းလှူတာ၊ အဲသလို ဘုရားပန်းလှူတဲ့စိတ်နဲ့ ရောက်သွားတာနဲ့ တစ်ပြိုင်နက် ခုနညစ်နွမ်းနေတဲ့ စိတ်အစဉ် ကနေပြီးတော့ စင်ကြယ်တဲ့စိတ် အစဉ်ဖြစ်သွားပြီ၊ သို့မဟုတ် အကုသိုလ်ဖြစ်နေတဲ့ စိတ်အစဉ်ကနေပြီးတော့ ကုသိုလ်စိတ် အစဉ် ဖြစ်သွားတယ်။

အဲဒီလို ကုသိုလ်စိတ်အစဉ်လည်း ဖြစ်သွားရော နိမိတ်ပြောင်းသွားတော့တာ၊ နတ်သမီးတွေ သူမြင်တယ်တဲ့၊ အဲသလို ပြောတယ်တဲ့နော်၊ အဲသလိုပြောပြီးတဲ့နောက် သေသွားတယ်၊ သေသွားတဲ့အခါကျတော့ နတ်ပြည်မှာ သွားပြီးတော့ နတ်ဖြစ်တယ်၊ နောက်တုန်းက အကုသိုလ်လုပ်လာခဲ့ပေမယ်လို့ သေခါနီးမှာ ကုသိုလ်ဇော စောလိုက်တဲ့ အတွက်ကြောင့်မို့ သူဟာ နတ်ပြည်သွားဖြစ်တယ်။

ဒါပေမယ်လို့ သောဏမထေရ်က အားမရသေးတာနဲ့ နတ်ပြည်မှာ လိုက်ပြီး တရားဟောတာ၊ သောတာပန်ဖြစ်မှ စိတ်ချရမှ ပြန်လာတယ်လို့ ဆိုတယ်။

ဒါက အကုသိုလ်စိတ်အစဉ် ဖြစ်နေရာကနေပြီးတော့ ကုသိုလ်စိတ်အစဉ် ပြောင်းသွားတဲ့အတွက်ကြောင့်မို့ နောက်ဘဝမှာ ဘဝကောင်းရောက်သွားတာ၊ ဒါကြောင့်မို့ ဒီမှာ အကျိုးပေးလတ္တံ့ ကံအားလျော်စွာ စင်ကြယ်တဲ့စိတ်အစဉ် ညစ်နွမ်းတဲ့ စိတ်အစဉ် ဖြစ်တယ်ဆိုတာ ပထမတော့ ဟုတ်ပြီ၊ ပထမနဂိုအကျိုးပေး မယ့်ကံ ဖြစ်ပေမယ်လို့ ဘေးက နားလည်တဲ့ လူက ပြုပြင်ပြောင်းလဲပေးတဲ့ အတွက်ကြောင့်မို့ မကောင်းတာက နေကောင်းတာဖြစ်သွားမယ်။

**မေး–** အဲဒီလို ဒီသေခါနီး စိတ်အစဉ် ဒီနိမိတ်တွေမှာပေါ်တဲ့ အချိန်နဲ့ သေတဲ့အချိန် နဲ့ ကာလအပိုင်းအခြား အကွာအဝေးက သိပ်သိပ်နီးတာပေါ့။

**ဖြေ** – နောက်တစ်ခုကတော့ ဘာတုန်းဆိုတော့ သေခါနီးမှာ မကောင်းတဲ့စိတ် ဖြစ်သွားလို့ မကောင်းတဲ့ဘဝရောက်သွားရတာနော်၊ အသောကမင်းတြားကြီးဟာ ဦးဇင်းတို့ကျမ်းဂန်တွေအရ ပြောမယ်ဆိုရင် ရေတွင်း–၈၄၀၀၀, ရေကန်ပေါင်း ၈၄၀၀၀, ကျောင်းပေါင်း ၈၄၀၀၀၊ ဒီလိုစွန့်လှူပြီးတော့ မြတ်စွာဘုရားရဲ့ သာသနာတော် ကို ချီးမြှောက်လာတာ, သူလောက် မြတ်စွာဘုရားရဲ့ သာသနာတော်ကို လှူတဲ့ပုဂ္ဂိုလ် မရှိဘူးလို့ တောင်ဆိုတယ်၊ မြတ်စွာဘုရားလက်ထက်ကတောင်မှ မရှိခဲ့ဘူးလို့ဆိုတယ်၊ ဒါပေမယ်လို့ သူနေမကောင်းလို့ သေခါနီးအခါကျတော့ ဘယ်လိုလုပ်လိုက်သလဲ ဆိုတော့ အမတ်တွေက ဘဏ္ဍာတိုက်တွေဘာတွေ အကုန်လုံး ပိတ်ပစ်လိုက်တယ်၊

အခုခေတ်လိုပြောရင် ချိပ်ပိတ်ပစ်လိုက်တယ်ပေါ့လေ၊ သူဘာမှာမလုပ်နိုင်တော့ဘူး၊ သူမပိုင်တော့ဘူး။

အဲဒီသေခါနီးမှာ သူ့အနားမှာ ဘာလေးရှိတုန်းဆိုတော့ ဖန်းခါးသီးလေး ရှိတယ်တဲ့နော်၊ ဖန်းခါးသီးထက်ခြမ်းကလေးတဲ့၊ အဲဒါလေးပဲ သူပိုင်တော့တယ် ဆိုတော့ သူသိပ်စိတ်မချမ်းမသာ ဖြစ်တယ်၊ ကြည့်စမ်း၊ ငါဟာ တစ်လောကလုံး ရေမြေအစိုးရတဲ့ ဘုရင်ဖြစ်လာပြီးတော့ အကုန်လုံး ပိုင်ဆိုင်ခဲ့တဲ့ ဘုရင်ဟာ အခု ဒါလေးပဲ ငါပိုင်တော့တယ်၊ ဖြစ်ရလေခြင်းပေါ့၊ လှူချင်တာလည်း မလှူရတော့ဘူးပေါ့ ဟိုက ပိတ်ထားပြီဆိုတော့ အဲဒီလို နှလုံးမသာမယာဖြစ်ပြီးတော့ အသောကမင်းကြီး ကြီးက နတ်ရွာစံသွားရတာ။

အဲသလို သေသွားတဲ့အတွက်ကြောင့်မို့ ဘာသွားဖြစ်တုန်းဆိုတော့ မြွေကြီး သွားဖြစ်တယ်တဲ့နော်၊ နောက်တော့ သားတော် မဟိန္ဒသိတော့မှ လိုက်ပြီးတော့ တရားဟောရတာပေါ့လေ၊ နောက်တော့ ကြာကြာတော့ မဖြစ်ဘူးပေါ့လေ၊ သို့သော် ချက်ချင်းတော့ သွားဖြစ်တယ်နော်၊ အဲဒီကနေ ကျွတ်သွားတယ်လို့ဆိုတယ်။

အဲဒါကြောင့်မို့ ဒီသေခါနီးအခါမှာ အလွန်အရေးကြီးတယ်၊ ဒါကြောင့်မို့လို့ ဗုဒ္ဓဘာသာတွေအနေနဲ့ဆို ပရိတ်လေး ဘာလေး ရွတ်ပေးတာ၊ ဘုရားအကြောင်း တရားအကြောင်းပြောတာ, ဒါမျိုးပေါ့။

အဲဒီလို စိတ်ညွတ်ကိုင်းပြီးတော့ နေတာပဲများတယ်၊ ထုလို့ ရိုက်လို့ချက်ချင်း သေသွားတာမျိုးကလွဲရင်ပေါ့။

ကောင်းပြီ၊ ကံ အာရုံ ထင်ပုံက တစ်နည်းရှိသေးတယ်တဲ့နော်၊ ဒါက ဘာလဲဆိုတော့ ခုနပထမကံနိမိတ် ထင်တာကတော့ ဒီကံကို သတိရတာပဲရှိတယ်၊ ကံကို သတိရတော့ ဒီကံက စိတ်ထဲမှာပေါ်လာတယ်၊ အခုဟာကျတော့ နောက် တစ်နည်းထင်ပုံကတော့ ပဋိသန္ဓေကိုဖြစ်စေတတ်တဲ့ အဲဒီကံကပဲ၊ အဲဒီအခါမှာ အသစ်ပြုနေရသလို မနောဒွါရမှာ ထင်လာတယ်တဲ့၊ တစ်ခါ အခုကိုပြန်ပြီးတော့ အဲဒီကံကို လုပ်နေရသလို ပြန်ထင်လာတယ်နော်၊ အလှူပေးခဲ့ဖူးတာတွေ့ရင် အလှူပေးတာ သာမန်သတိရတာမျိုးမဟုတ်ပဲ သူကိုယ်တိုင် အဲဒီအချိန်အခါမှာ လုပ်နေရသလိုပဲ၊ အကယ်၍ သူများသတ်ခဲ့တာမျိုးဆိုရင်လည်း ကိုယ်တိုင်သတ်ခဲ့ရ၊ တကယ်သတ်နေရသလို အဲဒီလို အချိန်အခါမှာ ထင်ထင်ရှားရှားကြီး ပေါ်လာတယ်၊ အဲဒီလိုလည်းပဲ ကံဟာ ပေါ်လာနိုင်တယ်။

**မေး** – အဲသလိုပေါ်တယ်ဆို ဘယ်လိုဖြစ်မလဲ၊ ကောင်းတဲ့ကံဆိုရင်ကော။

**ဖြေ** – ကောင်းတဲ့ကံကလည်း ကောင်းတဲ့အကျိုးကိုပေးမယ်၊ မကောင်းတဲ့ကံကလည်း မကောင်းတဲ့အကျိုးသွားတော့မှာပေါ့၊ ဟိုရှေးတုန်းက ပြုထားဖူးတော့ သူ့ဟာသူ အလိုလိုပေါ်လာတာက တစ်မျိုးဟုတ်လား၊ ဒါကနီးမှ တစ်ယောက်ယောက်က ဆောင်ရွက်ပေးလို့ဖြစ်စေ, ပြန်သတိရလာတဲ့ အခါကျတော့ တကယ့်ကို ကိုယ်တိုင်ပြန် လုပ်နေရသလို ထင်ထင်ရှားရှားကြီး ဖြစ်လာတာ, အဲဒီလိုလည်းပဲ ကံအာရုံဟာ ထင်နိုင်တယ်တဲ့၊

မျောသွားတဲ့အခါမှာလည်းပဲ အဲဒါမျိုးတွေ ဖြစ်တတ်တယ်၊ တကယ့်ကို သူ တစ်ခုခု လုပ်နေရသလိုပဲ၊ တချို့တွေမျောသွားပြီးတော့ ပြန်ပြောတာတွေရှိတယ်။

ဦးဇင်းအစ်ကိုဝမ်းကွဲတစ်ယောက် ရှိဖူးတယ်၊ သူဒီလိုပဲဖျားပြီးတော့ နောက် မျောသွားပြီးတော့, ပြန်သတိရလာတဲ့အခါကျတော့ သူကတော့ ကောင်းပါတယ်၊ သူ့ကို ရှင်မောဂ္ဂလာန်က တာဝတိံသာခေါ်သွားတယ်တဲ့၊ နောက်ကျတော့ ရှင်သာရိပုတ္တရာနဲ့တွေ့ပြီး သူ့ရှင်ပြုပေးတယ်၊ ရှင်ပြုပေးပြီးတော့ သူက တစ်ခါထဲ သီလပေးတာကို၊ သီလပေးတော့ ပါးစပ်က သီလယူကြနဲ့ အဲသလို ပြောတာ၊ အနားပြုစုတဲ့ အဖိုးကြီးတွေကလည်း သူချပေးတာ လိုက်ဆိုကြတယ်တဲ့၊ သီလ ယူတယ်၊ အဲသလို၊ အဲဒါကတော့ ကောင်းတဲ့ဟာပေါ့လေ။

မကောင်းတာတွေလည်း ရှိမှာပေါ့၊ အဲဒီလို သေခါနီးမှာ ကြောက်လန့် ပြီးတော့ အာရုံမကောင်းတာတွေ ထင်လာတယ်၊ အဲဒီလိုမျိုး တွေ့ကြုံခဲ့ရရင် ပေါ့လေ, သူများဖြစ်တာ ကိုယ်က တွေ့ကြုံခဲ့ရရင် အတတ်နိုင်ဆုံး အဲဒီစိတ် ပျောက်သွားအောင် ဘုရား တရား သတိရလာအောင် တစ်နည်းနည်းနဲ့ ကိုယ်က ကူညီဆောင်ရွက်ပေးဖို့ အရေးကြီးတယ်၊ အဲဒီလို ကံအာရုံ ထင်လာ နိုင်တယ်။

**မေး** – ဘုရားတရား မယုံကြည်တဲ့သူကို ဘယ်လိုကူညီရမလဲ။

**ဖြေ**။ ဘုရား, တရား မယုံကြည်တဲ့လူဆိုရင်လည်းပဲ မင်းတို့နောက်တုန်းက ကောင်း တာတွေ လုပ်ခဲ့တာမျိုးလေးတွေပေါ့လေ၊ လုံးဝကုသိုလ်ကောင်းမှု မလုပ်ဖူးတဲ့ သူကတော့ တော်တော်ရှားပါလိမ့်မယ်၊ အဲသလို စိတ်ချမ်းသာအောင် အာရုံပြောင်း သွားအောင်တော့ လုပ်ပေးရမယ်နော်။

အဲဒီလို ထင်နေပြီးတဲ့နောက်မှာ သေတဲ့စုတိစိတ်ကျမယ်၊ အဲဒီတော့ မရဏာ သန္နဝီထိတဲ့, သေခါနီးဝီထိလို့ ဆိုလိုတယ်၊ ဒါပေမယ်လို့ ဝီထိက သေခါနီးတင် မဟုတ်ဘူး၊ သေတာလည်းပါတယ်၊ နောက် ပဋိသန္ဓေနေတာလည်းပါတယ်၊ အားလုံး တစ်ခုလုံးကို ဘာလို့ခေါ်လဲဆိုရင် မရဏာသန္နဝီထိလို့ ခေါ်တယ်နော်၊

သေခါနီးရယ်, သေဆဲရယ် သေပြီးနောက်ရယ်ပေါ့။

အဲဒီမရဏာသန္နဝီထိမှာ စိတ်ရဲ့ အဆုံးမှာလည်းပဲ စုတိစိတ်ဖြစ်နိုင်တယ်၊ ဘဝင်ရဲ့ အဆုံးမှာလည်းပဲ စုတိစိတ်ဖြစ်နိုင်တယ်၊ စုတိစိတ်ဆိုတာက ဒီဘဝရဲ့ နောက်ဆုံးဖြစ်တဲ့စိတ်နော်၊ စုတိစိတ်အပြင် ဒီဘဝမှာ နောက်ဆုံး ဖြစ်တဲ့စိတ်ရယ်လို့ မရှိတော့ဘူး၊ အဆုံးသတ်စိတ်ကို စုတိစိတ်။

မြန်မာစကားစုတေတယ်, စုတေတယ်နဲ့ သုံးတယ် မဟုတ်လား၊, နတ်တွေကျမှ စုတေတယ်လို့ ပြောကောင်းတယ် ထင်နေတယ်နော်၊ စုတေတယ်ဆိုတာ ရိုးရိုးသေတာကိုပဲ ဆိုလိုတာ၊ လူလည်းစုတေတယ်လို့ ပြောလို့ရတာပဲ၊ နတ်လည်းပြောလို့ရတာပဲ။

အဲဒီ စုတိစိတ်ဆိုတာဟာ စုတိဆိုတာ လျောကျသွားတယ်ဆိုတဲ့ အဓိပ္ပါယ်ပေါ့, ဒီဘဝက အသက်ကလျောကျသွားတယ်ဆိုတဲ့ အဓိပ္ပါယ်ရှိတယ်၊ အဲဒီစုတိစိတ်ဟာ ပစ္စုပ္ပန်ဘဝမှာ ဖြစ်ရင် နောက်ဆုံးဖြစ်တဲ့စိတ်ပဲ၊ အဲဒီနောက်ဆုံးဖြစ်တဲ့စိတ်ဟာ ဝီထိစိတ်ရဲ့ အဆုံးမှာလည်းပဲ ပေါ်လာနိုင်တယ်၊ ဘဝင်စိတ်ရဲ့ အဆုံးမှာလည်း ပေါ်လာ နိုင်တယ်။

အဲဒီလို စုတိစိတ် ဖြစ်ပြီးတဲ့နောက် ဘာမှမခြားပဲနဲ့ ဘဝသစ် ပဋိသန္ဓေစိတ်ဖြစ်တယ်၊ အဲဒီတော့ စုတိနဲ့ ပဋိသန္ဓေကြားမှာ ဘာမှမရှိဘူး၊ တရားလည်း မခြားဘူး, ကာလလည်းမခြားဘူး, ဆက်တိုက်ဖြစ်တယ်၊ အဲသလို ပဋိသန္ဓေစိတ်ဥပါဒ်တယ်ဆိုရင်ပဲ ဘဝသစ်ရောက်သွားပြီ, ဘဝသစ်ဖြစ်သွားပြီ၊ ဆိုင်းမနေတော့ဘူး၊ အဲ–တစ်ရက်ပဲ နှစ်ရက်ပဲ ခုနစ်ရက်ပဲ ဆိုင်းနေတာမဟုတ်ဘူး၊ စုတိစိတ်ပြီးတဲ့နောက် ပဋိသန္ဓေ စိတ်ဖြစ်တယ်ဟော့ ဆိုရင် ဒါ ဘဝသစ်ပဲ။

ဒါကြောင့်မို့ ဘဝဟောင်းနဲ့ ဘဝသစ်ဟာ ဘာမှ မခြားဘူး၊ တစ်ဆက်တည်းသွားတာပဲ၊ ဒါပေမယ်လို့ အခြေအနေက ကွာလွန်းတော့ ဒီဘဝက ဘဝတစ်ခု ဟိုဘဝက ဘဝတစ်ခုလို့ဆိုရတာ၊ တရားသဘော အနေနဲ့ ကြည့်မယ်ဆိုရင်တော့ ဒီရုပ်နာမ်တွေဟာ ဒီဘဝဖြစ်ချုပ်သွားပြီး နောက်ဘဝ တစ်ခါဖြစ်တာပဲ၊ အဲဒီတော့ ဒီဘဝမှာ တစ်ခဏပြီးတစ်ခဏ ဖြစ်ချုပ်ဖြစ်နေတာနဲ့ စုတိပြီးတဲ့နောက် ပဋိသန္ဓေ ဖြစ်သွားတာနဲ့ဟာ ဘာမှ မထူးဘူး။

ဒါကြောင့်မို့ ဒီဘဝမှာ ရုပ်နာမ်ဖြစ်ပုံ နားလည်နိုင်ရင် နောက်ဘဝ ရုပ်နာမ်ဖြစ်ပုံလည်းပဲ နားလည်နိုင်တယ်၊ ဒီလိုဆိုလိုတယ်၊ အဲဒီမှာ ဝီထိစိတ်ရဲ့အဆုံးမှာလည်းပဲ စုတိဖြစ်နိုင်တယ်) ဘဝင်ရဲ့အဆုံးမှာလည်းပဲ စုတိဖြစ်နိုင်တယ်ဆိုတော့ ဝီထိ

ပြန်စဉ်းစားကြည့်စမ်း၊ ဝီထိမှာ တဒါရုံကျတဲ့ ဝီထိရှိတယ်၊ တဒါရုံမကျတဲ့ ဝီထိရှိတယ်၊ ဝီထိပိုင်းတုန်းက ဒါတွေ သင်ခဲ့ပြီ မှတ်မိသေးလားမသိဘူး၊ ဇောရဲ့ အဆုံးမှာ ဘဝင်ကျသွားတယ်, ဇော နောင် တဒါရုံ, တဒါရုံရဲ့ အဆုံးမှာ ဘဝင်ကျတယ်၊ အဲဒီဇောတို့, တဒါရုံ တို့ကို ဝီထိစိတ်လို့ ခေါ်ရတယ်။

ဒါဖြင့် ဝီထိစိတ်အဆုံးမှာ စုတိဖြစ်နိုင်တယ်ဆိုရင် ဇော နောင် စုတိတစ်မျိုးဖြစ်လိမ့်မယ်၊ တဒါရုံ နောင် စုတိတစ်မျိုး ဖြစ်လိမ့်မယ်၊ အဲဒီတော့ နှစ်မျိုးရမလား၊ ဝီထိစိတ်အဆုံးဆိုတဲ့ စကားအရ မရဏာသန္နဝီထိနှစ်မျိုးရတယ်၊ တစ်မျိုးက ဇော နောင်စုတိ, နောက်တစ်ခုက ဇော နောင် တဒါရုံ နောင် စုတိ။

တစ်ခါ ဘဝင်၏ အဆုံး၌လို့ ဆိုတော့ အဲဒီဘက်ကဇော နောင်ဘဝင်ကျနိုင်တယ်၊ တဒါရုံ နောင်ဘဝင်ကျနိုင်တယ်၊ ပြီးတော့မှ စုတိဖြစ်မယ်နော်၊ အဲဒီလိုလည်းရှိတယ်၊ အဲဒီလိုရှိရင် ဇော နောင်ဘဝင်၊ ဘဝင်နောင်ကျမှ စုတိ ဇော, နောင် တဒါရုံ၊ တဒါရုံ နောင်ဘဝင်, ဘဝင် နောင်ကျမှ စုတိ ဒီလိုလည်းရှိတယ်ဆိုတော့ အကြမ်းဖျင်းအားဖြင့် ပြောမယ်ဆိုရင် ဝီထိပေါင်း လေးမျိုးဖြစ် သွားနိုင်တယ်၊ ဟိုးအောက်နားမှာကြည့် ၁။ ဇောနောင်စုတိကျတဲ့ဝီထိ ၂။ တဒါရုံနောင် စုတိကျတဲ့တဒါရုံ၊ တဒါရုံနောင်စုတိကျတယ်ဆို တဒါရုံရှေ့က ဇောတော့ရှိရမယ်နော်၊ ဇောမရှိရင် တဒါရုံဆိုတာရှိကိုမရှိဘူးနော်၊ နံပါတ် ၃က ဇောနောင်ဘဝင်၊ ဘဝင်နောင်စုတိ၊ နံပါတ် ၄ က ဇော နောင်တစ်ဒါရုံပေါ့ ဟုတ်လား၊ တဒါရုံ နောင်ဘဝင်၊ ဘဝင်နောင်စုတိလို့၊ အဲဒီလို အကြမ်းဖျင်း အားဖြင့်ဆိုရင် မရဏာသန္နဝီထိဟာ လေးမျိုးတောင်ဖြစ်နိုင်တယ်၊ ဒီထက် သွားအုံးမယ်ဆိုရင် အများကြီးရှိသေးတယ်။

ကောင်းပြီ, အဲဒီဘဝသစ်မှာ ပဋိသန္ဓေစိတ် ဖြစ်သွားတယ်ဆိုတော့ အဲဒီပဋိသန္ဓေစိတ်က ဘယ်လိုသဘောတရားရှိသလဲနော်၊ ကောင်းပြီ၊ စုတိပြီးတော့ ပဋိသန္ဓေစိတ် ဆက်တိုက်ဖြစ်တယ်၊ အဲဒီ ပဋိသန္ဓေစိတ်က ဘာကို အာရုံပြုသလဲ၊ ဘယ်အာရုံကိုယူသလဲ၊ အာရုံယူတယ် ဆိုတာနဲ့ အာရုံပြုတယ်ဆိုတာနဲ့ အတူတူပေါ့၊ ဘယ်ကို အာရုံပြုသလဲ မရဏာသန္နဇောယူတဲ့ အာရုံကိုပဲ သူက အာရုံပြုတယ်နော်။

ပြီးတော့ အဲဒီပဋိသန္ဓေစိတ်ဟာ ကာမဘုံ ရူပဘုံမှာဖြစ်ရင် မှီရာဝတ္ထုရုပ်ရှိတော့တာပေါ့၊ ဟဒယဝတ္ထု ရုပ်မမှီလို့ သူမဖြစ်ဘူး, အရူပဘုံမှာဖြစ်ရင်တော့ မှီရာဝတ္ထုရုပ်မရှိပဲဖြစ်လိမ့်မယ် ဒါကြောင့်မို့ သူ့မှာ မှီရာဝတ္ထုရုပ်ရှိတဲ့ အခါလည်း ရှိလိမ့်မယ်, မရှိတဲ့အခါလည်း မရှိပေဘူး။

ပြီးတော့ အဝိဇ္ဇာ နုသယခြံရံလျက် တဏှာနုသယအရင်းခံရှိသော ကံကြောင့် ဖြစ်တယ်၊ အဲဒီတော့ ဖြစ်လာတဲ့ပဋိသန္ဓေစိတ်ဟာ ဝိပါက်မဟုတ်ဘူးလား၊ အဲဒီဝိပါက်စိတ်ဟာ ကံကြောင့်ဖြစ်တာ၊ နောက်ကပြုခဲ့တဲ့ကံကြောင့် ဒီဘဝမှာ လာပြီးတော့ (အဲဒီဘဝဆိုတာ အခုသေပြီးတဲ့ဘဝပေါ့) ပဋိသန္ဓေ ဝိပါက်စိတ်ဖြစ်တယ် မဟုတ်လား။

အဲဒီကံဟာ အဝိဇ္ဇာ နုသယခြံရံလျက် တဏှာနုသယ အရင်းခံရှိသောကံ, အဝိဇ္ဇာဆိုတာ မောဟကိုခေါ်တယ်, တဏှာဆိုတာ လောဘကိုခေါ်တယ်၊ အဲဒီတော့ အကယ်၍ အကုသိုလ်ကံ ဖြစ်မယ်ဆိုရင်တော့ မောဟက တွဲပြီးတော့ မပါပေဘူးလား၊ အကုသိုလ်စိတ်မှာ မောဟယှဉ်တယ်, တွဲပါတယ်။

ပြီးတော့ တစ်ခါ တဏှာနုသယဆိုတော့ အနုသယဆိုတာ ကိန်းနေတာ ပေါ့လေ, အောက်မှာနေတာ၊ သို့သော် တဏှာနုသယက ဖြစ်ပေါ်ပြီးတော့လည်း လာနိုင်တယ်၊ ဖြစ်ပေါ်လာတဲ့အခါကျတော့လည်း ပရိယုဋ္ဌာနလို့ ခေါ်တယ်နော်၊ ကောင်းပြီ, အဲဒီတဏှာနုသယ အကုသိုလ်စိတ်မှာ လောဘမူစိတ် ၈–ခုမှာဆိုရင် မောဟနဲ့ လောဘ ၂–မျိုးမယှဉ်ဘူးလား၊ ယှဉ်တယ်၊ အကယ်၍ ဒေါသမူစိတ် ဖြစ်မယ် ဆိုရင်တော့ မောဟနဲ့ပဲ ယှဉ်မယ်၊ လောဘနဲ့မယှဉ်ဘူး၊ မယှဉ်ပေမယ်လို့ လောဘ အရင်းခံကြောင့်ပဲ ဒီကံတွေ ဖြစ်လာတာနော်၊ အဝိဇ္ဇာနဲ့ တဏှာဒီနှစ်ခု အရင်းခံပြီး တော့ သတ္တဝါတွေမှာ ကုသိုလ်ကံ အကုသိုလ်ကံဖြစ်တာ။

အဲဒီတော့ အကုသိုလ်ကံက သူတို့ကို အမှီပြုပြီးတော့လည်းပဲ ဖြစ်နိုင်တယ်၊ သူတို့နဲ့ အတူယှဉ်တွဲပြီးတော့လည်း ဖြစ်နိုင်တယ်, ပဋ္ဌာန်းနည်းနဲ့ကျတော့ ဒါလာ လိမ့်မယ်၊ သဟဇာတ, သဟဇာတသတ္တိတို့ ပကတူပနိဿယ သတ္တိနဲ့ အခုတော့ နားမလည် သေးဘူး၊ ထားပါတော့။

အဲဒီတော့ အကယ်၍ အကုသိုလ်ကံဖြစ်မယ်ဆိုရင် အဝိဇ္ဇာနုသယခြံရံတယ် ဆိုတာဟာ မောဟကို အမှီပြုပြီးတော့ ဖြစ်တယ်လို့လည်းဆိုနိုင်တယ်၊ မောဟနဲ့ တွဲပြီးတော့ ဖြစ်တယ်လို့လည်း ဆိုနိုင်တယ်နော်၊ တဏှာနုသယအရင်းခံရှိတယ် ဆိုတာမှာလည်းပဲ ဒီလောဘတဏှာကို အရင်းခံပြီးတော့ အကုသိုလ်ကံဖြစ်တယ် သို့မဟုတ် လောဘတဏှာနဲ့တွဲလျက်လည်းပဲ လောဘမူစိတ်အကုသိုလ်ကံ ဖြစ်နိုင် တယ်၊ အကုသိုလ် ကံ အနေနဲ့ပြောတာ။

ဒါဖြင့် ကုသိုလ်ကံကျတော့ ဘယ်လိုလဲ, ကုသိုလ်ကံကလည်းပဲ အဝိဇ္ဇာနဲ့ တဏှာအရင်းခံရှိနေလို့ ကုသိုလ်ဖြစ်နေတာ, ကုသိုလ်လုပ်ကြတာ၊ အကယ်၍သာ တဏှာမရှိဘူး, လောဘမရှိဘူး, တွယ်တာမှုမရှိဘူး, ပြီးတော့လည်းပဲ အမှန်အတိုင်း

လည်း မြင်နေမယ်ဆိုရင် ကုသိုလ်လည်းပဲ မရှိတော့ဘူး။

ဒါကြောင့်မို့ အဝိဇ္ဇာနဲ့တဏှာကို အမြစ်ပြတ်ပြီးတဲ့ ရဟန္တာတွေမှာ ကုသိုလ်စိတ် မဖြစ်ဘူး၊ ကုသိုလ်အစား ကြိယာစိတ်သာ ဖြစ်တော့တယ်။

ဒါကြောင့်မို့ ကုသိုလ်ကံလို့ ဒီနေရာမှာယူမယ်ဆိုရင် အဝိဇ္ဇာနုသယ ခြံရံတဲ့ တဏှာနုသယအရင်းခံ ရှိတယ်ဆိုတာဟာ အဝိဇ္ဇာနဲ့တဏှာကို အမိုပြုပြီးတော့ အဝိဇ္ဇာနဲ့တဏှာက ကျေးဇူးပြုတဲ့အတွက်ကြောင့်မို့ ကုသိုလ်ကံဖြစ်တယ်လို့ ဒီလို ယူရမယ်။

အတူတကွဖြစ်တယ်လို့ ယူလို့ရမလား၊ ယှဉ်ပြီးတော့ ဖြစ်တယ်လို့ ယူလို့ရ မလား၊ မရဘူးလေ၊ ကုသိုလ်စိတ်မှာ မောဟယှဉ်လား၊ မယှဉ်ဘူး၊ လောဘ ကော မယှဉ်ဘူးနော်၊ ဒါကြောင့်မို့ ကုသိုလ်ကံလို့ဆိုရင် အဝိဇ္ဇာနုသယ ခြံရံတာနဲ့ တဏှာနုသယ အရင်းခံတာကို အခံပွါယ်တစ်မျိုး ယူရမယ်။

အကုသိုလ်ကံဆိုရင် အခံပွါယ်တစ်မျိုး ယူရမယ်နော်၊ အကုသိုလ်ကံဆိုရင် အမိုပြုပြီးတော့လည်း ဖြစ်တယ်၊ အတူတူလည်းဖြစ်တယ်၊ ကုသိုလ်ကံဆိုရင် အမိုပြုပြီးတော့ သာ ဖြစ်တယ်၊ အတူတူမဖြစ်ဘူး။

အဲဒီလို အဝိဇ္ဇာနဲ့ တဏှာဝင်္ခမြစ်လို့ခေါ်တဲ့ ဒီတရား ၂-ပါးရှိနေတဲ့အတွက် ကြောင့် အဝိဇ္ဇာက အမှန်အတိုင်းမမြင်အောင် ဖုံးလွှမ်းတတ်တယ်၊ အမှန်အတိုင်း မမြင်အောင် ကာပေးတတ်တယ်ဟုတ်လား၊ တဏှာက အဲသလို ဖုံးလွှမ်းပေး လိုက်တာကို ကိုယ့်ကိုညာပြီးတော့ ပေးတဲ့ပစ္စည်းကို ကိုယ်ကစွဲလမ်းသလို ပေါ့လေ၊ တဏှာက စွဲလန်းတယ်၊ အဲဒီတော့ သူတို့ နှစ်ခုက သိပ်ကြောက်စရာ ကောင်းတယ်၊ အဝိဇ္ဇာက မျက်စိဖုံးပေးတယ်၊ တဏှာက စွဲလန်းအောင် လုပ်တယ် ဟုတ်လား၊ ဆုပ်မိဆွဲကိုင်အောင် လုပ်တယ်နော်။

အဲဒီနှစ်ခုရှိနေတဲ့အတွက်ကြောင့်မို့ သတ္တဝါတွေက ကုသိုလ်ပြုမိတဲ့အခါ ပြုမိတယ်၊ အကုသိုလ်ပြုမိတဲ့အခါ ပြုမိတယ်နော်၊ ကုသိုလ်ပြုမိတာလည်း ဒီဟာ အရင်းခံပဲ၊ အကုသိုလ်ပြုမိတာလဲ ဒီဟာ အရင်းခံပဲ။

ဒါကြောင့်မို့ ပဋိသန္ဓေစိတ်ဟာ ရှေးကပြုခဲ့တဲ့ကံကြောင့်ဖြစ်တာ၊ အဲဒီ ကံဟာလည်း ကံသက်သက်လေး မဟုတ်ဘူး၊ စေတနာတစ်ခုတည်းက ဖြစ်စေတာ မဟုတ်ဘူး၊ အဲဒီစေတနာမှာ အဝိဇ္ဇာနဲ့ တဏှာပါနေတယ်, အဲဒီအဝိဇ္ဇာနဲ့ တဏှာ အရင်းခံထားတဲ့ သို့မဟုတ် အတူတူဖြစ်တဲ့ကံက အကျိုးပေးတဲ့ အတွက်ကြောင့်မို့ ပဋိသန္ဓေစိတ်ပေါ်လာတယ်၊ ဒါကို ဆိုလိုတယ်။

အဲဒီ ပဋိသန္ဓေစိတ်ဟာ သူတစ်ခုတည်း ဖြစ်တာမဟုတ်ဘူး၊ ဖဿစသော သမ္ပယုတ်တရားတို့နှင့် အတူတကွဖြစ်တယ်၊ စာထဲပါလို့သာထည့်တာပါ၊ ဒါကတော့ ပြောစရာတောင် မလိုပါဘူး၊ သင်္ဂြိုဟ်ဒီလောက် သင်လာမှတော့ စိတ်ချည်းဖြစ်တယ်လို့ ဘယ်သူ ယူဆမလဲ၊ မယူဆဘူး၊ စိတ်ဖြစ်ရင် စေတသိက် မပါဘူးလား၊ ပါတော့ တာပေါ့နော်၊ သမ္ပယုတ်တရားတွေ ရှေ့သွားခေါင်းဆောင်ကဲ့ သို့လည်း ဖြစ်တယ်။

ဒါက စိတ်နဲ့ စေတသိက်မှာ စိတ်က ရှေ့သွားဖြစ်တယ်မဟုတ်လား၊ နောက် စိတ်က ခေါင်းဆောင်သဖွယ်ဖြစ်တယ်, စိတ်က ပြဋ္ဌာန်းတယ်၊ ဒါကြောင့်မို့ စိတ်မပါရင် စေတသိက် မပေါ်နိုင်ဘူး၊ ဟုတ်တယ်မို့လား၊ ဒါကြောင့်မို့ သူ့ကို ရှေ့သွားခေါင်းဆောင်၊ သူက ရှေ့ဆောင်နေသလိုလည်းပဲ ဖြစ်တယ်တဲ့။

သူ့ကိုဘာကြောင့် ပဋိသန္ဓိလို့ ခေါ်သလဲ, ပါဠိလို ပဋိသန္ဓိလို့ ခေါ်လည်း ဦးဇင်းတို့က မြန်မာလို ပဋိသန္ဓေလို့ လုပ်ပေးလိုက်တယ်၊ အမှန်တော့ ဆက်စပ် ပေးတယ်ဆိုတဲ့ အဓိပ္ပါယ်၊ ပဋိသန္ဓေလို့ဆိုတာ အင်္ဂလိပ်လို (relinking) လို့ အဲသလိုပြန်တယ်၊ ဘဝတစ်ပါးကို စပ်ပေးတတ်တဲ့အတွက်ကြောင့်မို့ သူ့ကို ပဋိသန္ဓိလို့ခေါ်တာတဲ့နော်၊ အကယ်၍ ဒီ ပဋိသန္ဓိစိတ် မဖြစ်ဘူးဆိုရင် ဘဝကြီး ပျောက်သွားပြီပေါ့၊ အခု ဆက်ပြီး ဖြစ်နေတာဟာ ဒီစိတ်ကလေး ဖြစ်နေလို့ ဒီစိတ်ကလေးကနေ တစ်ခါတဆင့် နောက် ဘဝင်စိတ်တွေကနေပြီးတော့ ဘဝတစ်ခု ဆက်သွားတာ၊ ဒါကြောင့်မို့ သူ့ကို ဘဝကို စပ်ပေးတတ်တဲ့ သဘောရှိတဲ့အတွက် ကြောင့်မို့ သူ့ကို ပဋိသန္ဓိလို့ ခေါ်ရတယ်၊ အဲဒီ ပဋိသန္ဓိစိတ် ဖြစ်တယ်တဲ့နော်။

အဲဒီတော့ သင်္ဂြိုဟ်မှာ ဒီပဋိသန္ဓေစိတ်ဖြစ်တာတင် ပြောပြီးတော့ နောက်ထပ် ဘဝင်စိတ်တွေ ဘာတွေကျတော့ ထည့်မပြောတော့ဘူးနော်။

အဲဒါကျတော့ ဒီအာရုမ္မဏသင်္ဂဟတုန်းက ပေးခဲ့တဲ့ပုံစံကို ကြည့်ပြီးတော့ ပြန်ပြီးတော့ ဒီအခုသိခဲ့ပြီးတဲ့ ဗဟုသုတ, သိခဲ့ပြီးတဲ့အချက်အလက်ကို ပြန်ပြီးတော့ လုပ်ယူကြမယ်၊ အဲဒါကြည့်ကြပေါ့နော်။

အဲဒီတော့ ဒီမရဏာသန္နဝီထိ အမျိုးမျိုး ရှိတယ်နော်၊ ဒီမှာ တစ်မျိုးထည်းပဲ ယူထားတာ၊ အဲဒီပြထားတဲ့ မရဏာသန္နဝီထိဟာ ပစ္စုပ္ပန် ရူပါရုံထင်လာပြီးတော့ စက္ခုဒွါရမှာဖြစ်တဲ့ ဝီထိကို ပြတာ, ဒီတစ်မျိုးတည်းလို့ မဆိုလိုဘူးနော်၊ ရူပါရုံ မဟုတ်ပဲနဲ့ တခြားအာရုံ အာရုံပြုပြီးတော့ ဖြစ်နိုင်တယ်၊ ပြီးတော့ မနောဒွါရမှာလည်း ဖြစ်နိုင်တယ်၊ ဒါ (Just an example) ပေါ့လေ၊ သို့သော် သူက ပြလို့ ကောင်းတဲ့ပုံစံဖြစ်လို့ ဒီဝီထိကို ပြသွားတာ။

အဲဒီတော့ သေခါနီးအခါမှာ ရူပါရုံကို မြင်တယ်ဆိုတော့ ကမ္မနိမိတ်လည်းပဲ ဖြစ်နိုင်တယ်တဲ့နော်၊ ဂတိနိမိတ်လည်း ဖြစ်နိုင်တယ်၊ အဲတော့ ဒီရူပါရုံဟာ ကမ္မနိမိတ်သော် လည်းကောင်း၊ ဂတိနိမိတ်သော်လည်းကောင်း ဖြစ်လိမ့်မယ်။

ကံကတော့ မဖြစ်နိုင်ဘူး၊ ကံဆိုတာက နာမ်တရားမဟုတ်ဘူးလား၊ နာမ်တရား အတိတ်၊ အခုဟာက ပစ္စုပ္ပန်လည်း ဖြစ်ရမယ်၊ ရူပါရုံလည်းဖြစ်ရမယ်ဆိုတော့ ကမ္မနိမိတ် သော်လည်းကောင်း, ဂတိနိမိတ်သော်လည်းကောင်း ဖြစ်မယ်။

ကောင်းပြီ, အဲဒီပစ္စုပ္ပန် ရူပါရုံအာရုံပြုပြီးတော့ (ဆိုပါတော့နော်) ဒီပုဂ္ဂိုလ် သေတယ်ပြောကြစို့၊ အဲတော့ သူ့ဝီထိဟာ ဘယ်လို ဖြစ်မလဲတဲ့နော်။

အတီတဘဝင်, ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇော ငါးကြိမ်၊ စုတိ၊ ဇောနောင် စုတိကျတဲ့ ဝီထိပေါ့၊ တဒါရုံ မပါဘူးနော်၊ စုတိပြီးတော့မှ စုတိ၏အခြားမဲ့မှာ ပဋိသန္ဓေဆက်တိုက် အဲဒီပဋိသန္ဓေရောက်မှာက ဘဝင် ၁၅-ကြိမ် ၁၆-ကြိမ် ဖြစ်ရမယ်နော်၊ ဒါကြောင့်မို့ အခုဒီမှာ ဘဝင် ၁၆-ကြိမ် ပြထားတယ်၊ ဟိုမှာ ကွက်လပ်ကလေးတွေကတော့ ရှည်နေမှာစိုးလို့ မပြနိုင်ဘူးနော်၊ အဲဒီတော့ ဘဝင် ၁၅-ကြိမ် ၁၆-ကြိမ်။

အဲဒီဘဝင်နောက်မှာ မနောဒွါရာဝဇ္ဇန်း, မနောဒွါရဝဇ္ဇန်းနောက်မှာ ဇော ၇-ကြိမ် တစ်ခါတည်း ဆက်ဖြစ်တယ်၊ ဘဝနိကန္တိကလို့ခေါ်တယ်၊ ဘဝကို တွယ်တာ တဲ့ဇော, အဲဒီနောက် ဘဝင်တွေဖြစ်တယ်၊ ဒါဟာ ဘာလဲ မရဏာသန္နဝီထိ တစ်ခု တွေ့လား၊ ပကိဏ်းပိုင်း၊ အာရမ္မဏသင်္ဂဟ, ကောင်းပြီ၊ ပြန်ပြောလိုက်ဦးမယ်။

ကောင်းပြီ၊ အဲတော့ ပစ္စုပ္ပန်ရူပါရုံကိုအာရုံပြုပြီးတော့ စုတေမယ့် သတ္တဝါ အတွက်ပေါ့၊ အဲဒီတော့ ပစ္စုပ္ပန်ရူပါရုံဆိုတာ ခုနပြောသလို ကမ္မနိမိတ်လည်း ဖြစ်နိုင် တယ်၊ ဂတိနိမိတ်လည်း ဖြစ်နိုင်တယ်၊ ကံကတော့မဖြစ်နိုင်ဘူး၊ ကောင်းပြီ အဲဒီတော့ ကြည့်လိုက်ရင် အတီတဘဝင်ကစကြည့်လိုက် အတီတဘဝင်၊ ဘဝင်္ဂစလန, ဘဝင်္ဂု ပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ် သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇော ၅-ကြိမ် စုတိနော် တဒါရုံမပါဘူး၊ ဒါက အကြောင်းရှိတယ်၊ ဒါက တဒါရုံ မပါအောင်လုပ်ထားတာ၊ ပါချင်လည်းရပါတယ်၊ စုတိ နောင်ပဋိသန္ဓေ, ပဋိသန္ဓေ နောင် ဆက်တိုက် ဘဝင် ၁၆-ချက်နော်၊ ဘဝင် ၁၆-ကြိမ်နောင် မနောဒွါရာဝဇ္ဇန်း, မနောဒွါရာဝဇ္ဇန်း နောင် ဇော ၇-ကြိမ်, တစ်ခါ ဘဝင်တွေ ကျတော့ အဲဒီဝီထိမှာ ကြည့်လိုက်။

အဲဒီဝီထိမှာ ပစ္စုပ္ပန်ရူပါရုံက စက္ခုပသာဒကို ထိခိုက်လိုက်တဲ့အခါမှာ

ထင်ခြင်းသို့ ရောက်တယ်လို့ စာမှာသုံးတယ်နော်၊ ဒီအခါမှာ အတီတဘဝင်တစ်ကြိမ် လွန်သွားတယ်၊ ဟုတ်တယ်မို့လား၊ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ ထုံးစံအတိုင်းလာတယ်၊ ပဉ္စဒွါရာဝဇ္ဇန်းကစပြီးတော့ ဒါဟာ ဝီထိစိတ်တွေ ဖြစ်မလာဘူးလားနော်၊ အဲဒီတော့ အတီတဘဝင်, ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒက ပစ္စုပ္ပန်ရူပါရုံကို အာရုံမပြုပေဘူး၊ ဘာကြောင့်တုန်း သူတို့က ဘဝင်စိတ်တွေဖြစ်တဲ့ အတွက်ကြောင့်မို့ ဟိုးဘဝ အစတုန်းက ပဋိသန္ဓေစိတ်တုန်းက ယူခဲ့တဲ့ ကံ, ကမ္မနိမိတ် ဂတိနိမိတ်ကိုပဲ အဲဒီအချိန်မှာ သူတို့က အာရုံပြုလိမ့်မယ်၊ ပဉ္စဒွါရာဝဇ္ဇန်းကစပြီးတော့ ဟိုဘက်စိတ်တွေ ကျတော့ ဒီပစ္စုပ္ပန်ရူပါရုံကို အာရုံပြုလိမ့်မယ်၊ အဲဒီတော့ ပဉ္စဒွါရာဝဇ္ဇန်းက ပစ္စုပ္ပန်ရူပါရုံကို အာရုံပြုတယ်၊ နောက်စက္ခုဝိညာဏ်ကလည်းဒါပဲ၊ သမ္ပဋိစ္ဆိုင်းကလည်း ဒါပဲ၊ သန္တီရဏကလည်းဒါပဲ စသည်ဖြင့်သွားတယ်နော်၊ ဇောကျတော့ ဘယ်နှစ်ကြိမ်တုန်း, ဒီမှာ ၇-ကြိမ်မဟုတ်ဘူး, ၅-ကြိမ်။

ဝတ္ထုရုပ် အားနည်းနေပြီတဲ့၊ အဲဒီအချိန်အခါမှာ သေခါနီးပြီလေ၊ သူသေဆို ချက်ချင်းပဲ၊ အဘိဓမ္မာသဘောနဲ့ ပြောနေလို့သာ သေခါနီးဆိုတော့ အဝေးကြီးလို့ ထင်နေရသေးတာ၊ သေတဲ့အချိန်နဲ့ အတူတူလောက်ကျတာနော်၊ အဲဒီအချိန်မှာကျတော့ ဝတ္ထုရုပ်က အားနည်းတဲ့ သေတော့မှာ ဖြစ်တဲ့ အတွက်ကြောင့်မို့ မရဏာသန္နဇော ၅-ကြိမ်ပဲကျတယ်တဲ့၊ မရဏာသန္နဇော ၅-ကြိမ်ရဲ့နောက်မှာ အခုဒီဝီထိမှာ စုတိ ကျထားတယ်နော်၊ အဲဒီ မရဏာသန္နဇောလည်း ပြီးရော စုတိ၊ အဲဒီစုတိ နောင် ဆက်တိုက် ဘာမှ မခြားပဲနဲ့ ပဋိသန္ဓေရောက်, ဘဝင်တွေ ဖြစ်တယ်။

ကောင်းပြီ, အဲဒီတော့ ပစ္စုပ္ပန်ရူပါရုံဟာ အသက်ဘယ်လောက်ရှည်ရလဲ၊ ရုပ် သက်ဘယ်လောက်ရှိတုန်း ၁၇-ချက် မဟုတ်ဘူးလား၊ ၁၇-ချက်ဆိုတော့ သူ စပြီးတော့တွေ့တဲ့အချိန်က အတီတဘဝင်ကစတွေ့တာနော်၊ သို့သော် အတီတ ဘဝင်က သူ့ကိုတော့ အာရုံမပြုဘူး၊ သူက ဘဝင်ထုံးစံအတိုင်း ကံ, ကမ္မ နိမိတ် ဂတိနိမိတ်ကို အာရုံပြုရမှာ၊ ဒါပေမယ်လို့ သူက အဲဒီအချိန်ကစပြီးတော့ ဥပါဒ် ဖြစ်ပေါ်ခဲ့တယ်ဆိုတော့ သူကနေစပြီးတော့ ၁၇-ခု ရေလိုက်စမ်း၊ ဘယ်ရောက် သွားလဲ၊ ပဋိသန္ဓေ နောင် -၂ ဘဝင်ထိအောင် ရောက်မသွားဘူးလား၊ ၁၇-ခု။

အဲဒီတော့ စုတိကျတဲ့အချိန်မှာ ပစ္စုပ္ပန်ရူပါရုံရှိတုန်းပဲ၊ ပဋိသန္ဓေဖြစ်တဲ့ အချိန်အခါမှာရော ရှိတုန်းပဲနော်၊ ဘဝ ဟို ပဋိသန္ဓေဖြစ်တဲ့အခါမှာလည်း လူ့ဘဝ နတ်ဘဝရောက်သွား, အဝေးကြီးရောက်သွားပေမယ်လို့ ဒီအာရုံနဲ့ ဒီအာရုံဟာ ရှိတာပဲ၊ စိတ်နဲ့အာရုံပြုတာကိုး။

ဒါကြောင့်မို့ ပဋိသန္ဓေအခိုက်အတန့်မှာ ပစ္စုပ္ပန်ရူပါရုံက ရှိသေးတော့ ဒီပဋိသန္ဓေက ဘယ်သူ့ကိုအာရုံပြုမလဲ၊ အဲဒီပစ္စုပ္ပန်ရူပါရုံကို အာရုံပြုမယ်၊ နောက်ထပ် ဘဝင်ကလည်း အဲဒီပစ္စုပ္ပန်ရူပါရုံကို အာရုံပြုမယ်၊ နောက်ထပ် နံပတ် ၂ ဘဝင်က လည်းပဲ အဲဒီပစ္စုပ္ပန်အာရုံမှာပဲ အာရုံပြုမယ်။

အဲဒီနောက်ကျတော့ ပစ္စုပ္ပန်ရူပါရုံ ချုပ်သွားပြီ၊ ချုပ်သွားရင် သူအတိတ်ဖြစ် မသွားဘူးလား၊ နောက်ဘဝင်တွေက အဲဒီအာရုံကိုပဲ အာရုံပြုတာ၊ သို့သော် သူ့ကျတော့ အတိတ်ဖြစ်သွားပြီ၊ ရူပါရုံကိုပဲ အာရုံပြုတာ။

အဲသလိုနဲ့ သွားလိုက်, ဘဝင်တွေ အားလုံးက အဲဒီအတိတ်ရူပါရုံကို အာရုံပြုတာ၊ မနောဒွါရာဝဇ္ဇန်းနဲ့ ဟို ဇော ၇-ကြိမ်ကျတော့ ပဋိသန္ဓေ အသစ်ဖြစ်တဲ့ အဲဒီပဋိသန္ဓေအသစ်ကို အာရုံပြုတယ်လို့ဆိုတယ်၊ ပဋိသန္ဓေအသစ်ဆိုတာက ပဋိသန္ဓေစိတ်ရယ် အတူတကွဖြစ်တဲ့ရုပ်ရယ်၊ ပဋိသန္ဓေတည်တဲ့အခါမှာ ပဋိသန္ဓေ စိတ်ရယ် ရုပ်ရယ်, အတူတူဖြစ်တယ်၊ အဲဒါကို နားလည်ပြီလား၊ အသင့်အတင့်တော့ နားလည်ပြီးပြီ ထင်တယ်ဟုတ်လား၊ ရုပ်ပိုင်းကျတော့ ထပ်လာလိမ့်ဦးမယ်နော်၊ အဲဒါ အရေးမကြီးဘူး၊ ဒီ အခုဘဝ အကူးလေး အရေးကြီးတယ်။

အဲဒါကြောင့်မို့ မရဏာသန္နဇောဟာ အားနည်းတဲ့အတွက်ကြောင့်မို့ ၅-ကြိမ်သာစောတယ်နော်၊ ပြီးတော့ အခု ဒီဝီထိမှာဆိုရင် ဘဝသစ်မှာရောက်သွားတဲ့ ပဋိသန္ဓေနဲ့ ဘဝင် ၂-ကြိမ်က အဲဒီပစ္စုပ္ပန်ရူပါရုံကိုပဲ အာရုံပြုသေးတယ်၊ အဲဒီနောက်က ဘဝင်တွေကျတော့ အတိတ်ရူပါရုံဖြစ်သွား၊ အတိတ်ရူပါရုံကို အာရုံပြုတာပေါ့၊ ပစ္စုပ္ပန်မရှိတော့ ဒါအတိတ်ဖြစ်သွားပြီပေါ့နော်၊ ကွယ်သွားပြီ, ချုပ်သွားပြီ၊ ဒါပေမယ်လို့ ချုပ်သွားတဲ့ အတိတ်ကိုပဲ သူတို့က အာရုံပြုတယ်။

ကောင်းပြီ, ဒါကြောင့်မို့ ဘဝတစ်ခုမှာ ပဋိသန္ဓေရယ်, ဘဝင်ရယ် စုတိ ရယ်ဟာ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ကို အာရုံပြုတယ်လို့ နဂိုတုန်းက သိခဲ့ပြီမို့လား၊ အဲဒီတော့ အကယ်၍ ပဋိသန္ဓေက ကံအာရုံပြုခဲ့ရင် ဘဝင်စုတိ ကံကိုပဲ အာရုံပြုမယ်နော်၊ ကမ္မနိမိတ်, ဂတိနိမိတ် အာရုံပြုရင် ဂတိနိမိတ်ပဲ အာရုံပြုမှာပဲ၊ ဟုတ်တယ်မို့လား၊ အဲဒီတော့ ဘဝတစ်ခုက တစ်ခုကူးတဲ့အခါမှာ မျက်စိလည်တတ် တယ်၊ အခု စုတိ ဘယ်အာရုံပြုတုန်း၊ ဟိုအစမှာရှိခဲ့တဲ့ ကံ, ကမ္မနိမိတ်,ဂတိနိမိတ် တစ်ခုခုကိုပဲ အာရုံပြုမယ်၊ အဲဒါ မျက်စိလည်တတ်တယ်နော်။

ဒါကြောင့်မို့ စုတိနဲ့ ပဋိသန္ဓေဟာ အာရုံမတူဘူး၊ စုတိရဲ့ အာရုံက (စုတိဆိုတာ ပထမဘဝရဲ့စုတိနဲ့ ဒုတိယဘဝရဲ့ ပဋိသန္ဓေကို ပြောတာ) ပထမဘဝရဲ့

စုတိနဲ့ ဒုတိယဘဝရဲ့ ပဋိသန္ဓေဟာ အာရုံမတူဘူး၊ အဲဒီတော့ ပထမဘဝရဲ့စုတိက ဘယ်အာရုံကိုယူလဲ၊ အဲဒီပထမဘဝ ပဋိသန္ဓေရဲ့အာရုံကိုယူတယ်၊ ဒါဖြင့် ဒုတိယဘဝ ပဋိသန္ဓေဟာ ဘယ်အာရုံယူလဲ, မရဏာသန္နဇောယူတဲ့ အာရုံကိုယူတာ၊ အဲဒါလေးမှာ မျက်စိလည်တတ်တယ်၊ အယူမှားသွားတတ်တယ်။

ပြန်ပြောဦးမယ်နော်, ပထမဘဝရဲ့ စုတိက ပထမဘဝရဲ့ ပဋိသန္ဓေရဲ့ အာရုံကိုယူတယ်၊ ဒုတိယဘဝရဲ့ ပဋိသန္ဓေက ပထမဘဝရဲ့ မရဏာသန္နဇောယူတဲ့ အာရုံကိုယူတယ်၊ ဒီပုံစံမှာဆိုရင် ပစ္စုပ္ပန်ရူပါရုံပေါ့၊ အများနဲ့ဆိုင်အောင် ပြောမယ်ဆိုရင် မရဏာသန္နဇောယူတဲ့ အာရုံကိုယူတယ်။

ဒါကြောင့်မို့ ဒီဘဝ ပဋိသန္ဓေဘဝင်စုတိရဲ့ အာရုံနဲ့ နောက်ဘဝ ပဋိသန္ဓေဘဝင် စုတိရဲ့ အာရုံနဲ့ တူသေးလား, မတူဘူးနော်၊ အဲဒီမှာ အယူမှားပြီးတော့ ပြောမိတတ်တယ်၊ ပြောမိရင် တစ်သံသရာလုံးမှာ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ဟာ အတူတူဖြစ်နေရမှာပေါ့၊ ဒီဘဝစုတိရဲ့ အာရုံကိုပဲ နောက်ဘဝပဋိသန္ဓေက ယူတယ်လို့ ဆိုရင် တစ်ခုတည်း ဖြစ်တော့မှာပေါ့၊ ဘဝမဆုံးမချင်း (ဆိုပါတော့) ဟုတ်လား၊ ပရိနိဗ္ဗာန်မပြုမချင်း အဲသလို မဟုတ်ဘူး တစ်ဘဝနဲ့ တစ်ဘဝ တစ်ဘဝနဲ့တစ်ဘဝရဲ့ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ဟာ မတူဘူးနော် အဲဒါ၊ အရေးကြီးတယ်။

**မေး** – အဲဒီဥစ္စာက ဘာနဲ့တူလဲဆိုလို့ရှိရင် သတ်မှတ်ချက်က ဒီလိုဖြစ်တာ သက်သေကျတော့ ဘယ်လိုဖြစ်မလဲ

**ဖြေ** – သက်သေကတော့ မလွယ်ဘူးထင်တယ်၊

**မေး** – တကယ်လို့ ကံစသည် ဒီစုတိစသည်ကို ကံ မယူဆလိုက်လို့ရှိရင် အဲဒီမှာ ၁၇–ချက်သွားမှာ၊ ၁၇–ချက်သွားမယ်ဆိုရင် ပစ္စုပ္ပန်ရူပါရုံကိုပဲ ဆက်သွားတယ်လို့ ယူဆလိုက်ရမှာလား။

**ဖြေ**– အဲဒါကျတော့ လက်တွေ့ကတော့ မပြနိုင်ဘူးပေါ့၊ စာနဲ့ညှိမယ်ဆိုရင်တော့ ဘဝတစ်ခုမှာ ပဋိသန္ဓေဘဝင် စုတိဟာ အာရုံတူရတယ် ဟုတ်တယ်မို့လား၊ အဲတော့ အကယ်၍ ဒီမှာ ရူပါရုံ သွားယူလိုက်ရင် သူ့အာရုံမတူတော့ဘူး ဖြစ်သွားမှာပေါ့၊ ဟို အစတုန်းက ယူခဲ့တာက တစ်မျိုး၊ အခု ယူတာက တစ်မျိုးဆို ဒါ ကွဲသွားလိမ့်မယ်၊ အဲဒီတော့ ဒီဘဝမှာရောက်တဲ့ စုတိဟာအမှန်ကတော့ ဟိုအရင် ဘဝက ပြုခဲ့တဲ့ ကုသိုလ်အကုသိုလ်ကံရဲ့ အကျိုးမဟုတ်လား၊ အကျိုးဆိုတော့ ပဋိသန္ဓေစိတ်နဲ့ သူနဲ့က (အမှန်က) အတူတူပဲ၊ နောက်ဆုံးလာဖြစ်လို့ သူ့စုတိခေါ်တာ သူက ကံရဲ့အကျိုးပဲ။

ဒါကြောင့်မို့ ကံရဲ့အကျိုးဖြစ်တဲ့ အတွက်ကြောင့်မို့ သူဟာလွန်ခဲ့တဲ့ ပဋိသန္ဓေနဲ့ တူကို တူရမယ်၊ အကယ်၍ သူက အခုလက်တွေ့ဖြစ်နေတဲ့ အာရုံကို သူယူမယ်ဆိုရင် ခုန စနစ်ပျက်သွားမှာ၊ ပဋိသန္ဓေတစ်ဘဝမှာ ပဋိသန္ဓေဘဝင် စုတိတူတယ်ဆိုတဲ့ဟာ ပျက်သွားမှာ။

သဘာဝအားဖြင့် စဉ်းစားကြည့်ရင်လည်းပဲ ခုနပြောသလို သူဟာ ဟိုအတိတ်ဘဝ ရဲ့ ကံကြောင့်ဖြစ်တဲ့စိတ်ကို ဒီဘဝမှာ ပဋိသန္ဓေစိတ်ဖြစ်တယ်၊ အဲဒီ ပဋိသန္ဓေစိတ်၌ပင်လျှင် နောက်ထပ်ဖြစ်တာပဲ၊ ဒါပေမယ်လို့ သူ့ကို ပဋိသန္ဓေ လို့ မခေါ်တော့ဘူး၊ နောက်ထပ်ဖြစ်တဲ့အခါကျတော့ ဘဝင်လို့ခေါ်တော့တယ်၊ ကြားမှာ သေတဲ့အခါကျ တော့ စုတိလို့ခေါ်တော့တယ်၊ ဒီစိတ် ဒီစိတ်ပဲဆိုတော့ ဒီစိတ်ဆိုရင် ဒီအာရုံပဲဖြစ်ရမယ် ဟုတ်ဘူးလား။

အကယ်၍ ဒီမှာ လက်တွေ့ မျက်မှောက်အာရုံကို ယူလိုက်တယ်ဆိုရင် ဒီစိတ်ဟာ အာရုံမတူဘူး ဖြစ်သွားမယ်။

ကောင်းပြီ, အဲဒီတော့ အခု ဒုတိယဘဝ ပဋိသန္ဓေဟာ ဘယ်သူ့ကြောင့် ဖြစ်တာတုန်း၊ ကံကြောင့်ဖြစ်တာ၊ ဟုတ်တယ်မို့လား၊ ဒီဘယ်ဘက်ဆိုပါတော့, ရှေးဘဝ ဒီဘယ်ဘက်ကပ်ရက် ဘဝပဲဖြစ်စေ, အဲဒီဘဝကို ရှေးရှေးက ဘဝကဖြစ်စေ ပြုခဲ့တဲ့ ကုသိုလ်ကံ အကုသိုလ်ကံကြောင့်ဖြစ်တာနော်၊ စုတိက ဖြစ်နေတာမဟုတ်ဘူး၊ အဲဒါ သိပ်အရေးကြီးတယ်နော်၊ အခုခေတ်လူတွေ အဲဒါ မှား,မှားကုန်တယ်၊ သူတို့ဘယ့်နှယ်ရေးလိုက်လဲ၊ ဒီဘဝစုတိက နောက်ဘဝ ပဋိသန္ဓေကိုဖြစ်စေတယ်၊ အဲဒီလို သွားသွားပြီးတော့ ရေးမိတယ်။

အဲဒီတော့ စုတိစိတ်ကသူကိုယ်တိုင်က ဝိပါက်စိတ်မဟုတ်ဘူးလား၊ ဘယ့်နှယ် လုပ်ပြီး သူက နောက်ဘဝများ ဖြစ်စေနိုင်မလဲ၊ အကျိုးလုပ်တဲ့အနေနဲ့ ဖြစ်စေ နိုင်မလား၊ မဖြစ်စေနိုင်ဘူး၊

အဲဒါကြောင့်မို့ အဲဒါ သတိထားရတယ်၊ စုတိက ပဋိသန္ဓေကို produce လုပ်တဲ့အနေနဲ့ ဖြစ်စေတာမဟုတ်ဘူး၊ ပဋိသန္ဓေဟာ ဘယ်သူ့ကြောင့် ဖြစ်တာလည်း ဆိုရင် ရှေးကကံကြောင့်ဖြစ်တာနော်၊ အဲဒီကံကို မရဏာသန္နဝီထိအခါမှာ အဲဒီကံ ကလည်း ပြန်ပေါ်လာချင်ပေါ်လာမယ်၊ သို့မဟုတ်ရင် ကမ္မနိမိတ် အာရုံ ၆–ပါး တစ်မျိုးမျိုးပေါ်ချင်ပေါ်မယ်, ဂတိနိမိတ် အာရုံပေါ်ချင်ပေါ်မယ်ပေါ့လေ။

သို့သော် ဒီဟာတွေပေါ်တာက အဲဒီခုန အကျိုးပေးမယ့် ကံရဲ့အစွမ်းကြောင့် ပေါ်တာ, အဲဒီကံကြောင့်ပဲ ပဋိသန္ဓေဖြစ်တာ, ဟုတ်ပြီနော်၊ စုတိက ပဋိသန္ဓေကို

ဖြစ်စေတာ မဟုတ်ဘူး၊ ကောင်းပြီ, တစ်နည်းအားဖြင့် ပြောရင်တော့ စုတိက ပဋိသန္ဓေကို ဖြစ်ခွင့်ပေးတယ်၊ ဖြစ်ခွင့်ပေးတယ်ဆိုတာက နေရာဖယ်ပေးတာကို ပြောတာ၊ သူက ချုပ်ပေးမှ ပဋိသန္ဓေက ပေါ်ရတာကိုး၊ ဒါကို ပဋ္ဌာန်းမှာကျတော့ အနန္တရပစ္စည်းလို့ ခေါ်တယ်၊ အနန္တရပစ္စည်းဆိုတာ အမှန်ကတော့ ကိုယ့်နေရာ သူယူနိုင်အောင် ကိုယ်က ဖယ်ပေးတဲ့သဘောပေါ့၊ ကိုယ့်အလုပ် ထွက်လိုက်တော့ ဟိုလူ အလုပ်ရသွားတာ, အဲဒါမျိုး၊ စုတိက ငါမချုပ်ဘူး ကွာဆိုပြီးတော့ ပေနေရင်ဆိုတော့ ပဋိသန္ဓေဖြစ်ခွင့် မရှိဘူး၊ စုတိက ဒါမှမဟုတ် သူ့သဘောတရားအရ ဥပါဒ်, ဌီ, ဘင်ဆိုပြီးတော့ ချုပ်လိုက်တယ်၊ ချုပ်လိုက်တဲ့အတွက်ကြောင့်မို့ ပဋိသန္ဓေဖြစ်နိုင်သွားတယ်၊ အဲဒီနည်းနဲ့တော့ ကျေးဇူးပြုတယ်။

**မေး** – အာရုံကတော့ မတူဘူးနော်။

**ဖြေ** – အာရုံ မတူဘူး။ ပြီးတော့ (produce) လုပ်တဲ့အနေနဲ့ ဖြစ်စေတာ မဟုတ်ဘူး၊ အကျိုးဖြစ်စေတဲ့ အနေမျိုးဖြစ်စေတာ မဟုတ်ဘူး၊ သက်သက်နေရာ ဖယ်ပေးတဲ့သဘော၊

**မေး** – ပဋိသန္ဓေဆိုတာ ဟိုစုတိနေရာမှာ replace လုပ်လိုက်တယ်လို့ထင်ပါတယ်၊

**ဖြေ** – ဟုတ်တယ်, သူဖြစ်နိုင်အောင် ကိုယ်က နေရာဖယ်ပေးတဲ့သဘောပဲ၊ အဲဒီလို ဆက်စပ်မှုကိုလည်း နားလည်ရမယ်၊ များသောအားဖြင့် အခု အင်္ဂလိပ်လို ရေးတဲ့ လူတွေက (give rise to) ဆိုပြီးတော့ အဲဒီလို သုံးတယ်။ (give rise to) ကို ဦးဇင်းက သိပ်သဘောမကျဘူး၊ (give rise to) ဆိုတာ အဓိပ္ပါယ် နှစ်မျိုးလုံး ဖြစ်နိုင်တယ် ဟုတ်ဘူးလား၊ (produce) လုပ်တဲ့အနေမျိုးလည်းပဲ ဖြစ်နိုင်တယ်၊ ဖယ်ပေးတယ်ဆိုတဲ့ အနေမျိုးလည်း ဖြစ်နိုင်တယ်၊ အဲဒီတော့ amliguous ဖြစ်တယ်။ give chance to arise ဒီလိုသာ သုံးဖို့ကောင်းတယ်၊ အဲဒါ အရေး ကြီးတယ် မှား,မှားသွားတတ်တယ်။

ရှေးရှေးစိတ်ကနောက် စိတ်ကို ကျေးဇူးပြုတယ်ဆိုတာ မှန်တယ်၊ ရှေးစိတ်ကြောင့် နောက်စိတ်ဖြစ်တာ မဟုတ်ဘူး၊ ဆိုပါတော့, အခုဒီဝိထိထဲမှာ ပြောကြည့်, ပဉ္စဒွါရာဝဇ္ဇန်းဟာ ဘဝင်္ဂုပစ္ဆေဒက ဖြစ်စေတာ မဟုတ်ဘူး၊ သူက ဝိပါက်စိတ်မဟုတ်လား၊ နောက်ဘဝကပြုထားတဲ့ ကုသိုလ်ကံ အကုသိုလ်ကံကြောင့်ဖြစ်တာ၊ သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဒီအတိုင်းဖြစ်တာ၊ဇောကျတော့ ဘယ်သူကမှ ဖြစ်စေတာမဟုတ်ဘူး၊ သူကိုယ်တိုင်ကိုက ဖြစ်စေမယ့်သူ ဖြစ်လိမ့်မယ်၊ (active)စိတ်ဟုတ်တယ်မို့လား၊ အေး အဲဒါကြောင့်မို့ ဒီဘဝ အကူးကို မျက်စိလည်တတ်တယ်၊ အယူအဆမှားတတ်

တယ်ဆိုတာ အဲဒါပဲ။

အာရုံအနေနဲ့ အယူအဆမှားတတ်တယ်နော်၊ ပြီးတော့ ခုနလို ဖြစ်စေတယ် ဆိုတဲ့ အနေနဲ့ ပြောမိတတ်တယ်၊ ဖြစ်စေတယ်ဆိုတာ ခုနလို နေရာဖယ်ပေးတဲ့ အနေနဲ့ ဆိုရင် ဟုတ်တယ်၊ ဒါဘုရားဟော တိုက်ရိုက်ရှိတယ်၊ အဲဒီတော့ အဲဒါ အနန္တရပစ္စည်းလို့ ခေါ်တယ်၊ ဖြစ်စေတဲ့ အနေမျိုး ကံကနေ အကျိုးပေးတဲ့ အနေမျိုး ဆိုရင် မဟုတ်ဘူး။

ဒါပါပဲ, အဲဒီ အဆက်ကလေး အရေးကြီးတယ်။

ပြီးတော့ ဒီဘဝစုတိနဲ့ နောက်ဘဝ ပဋိသန္ဓေ အာရုံမတူဘူးနော်၊ နောက်ဘဝ ပဋိသန္ဓေက ဒီဘဝ မရဏာသန္နဇောရဲ့ အာရုံကို ယူတယ်၊ ဟုတ်ပြီလား၊ ဒီဘဝ စုတိက ဒီဘဝ ပဋိသန္ဓေရဲ့ အာရုံကိုယူတယ်၊ အဲသလို တခြားစီသွားတာ။

ကောင်းပြီ, အခုနောက်ဘဝ ပဋိသန္ဓေယူတဲ့ အာရုံကိုပဲ နောက်ဘဝ ဘဝင် တွေက ယူလိမ့်မယ်၊ နောက်ဘဝ စုတိကလည်း ယူလိမ့်မယ်၊ တတိယဘဝရောက် သွားပြီဆိုရင် ဒုတိယဘဝ မရဏာသန္နဇော ယူတဲ့အာရုံကို တတိယဘဝ ပဋိသန္ဓေက ယူလိမ့်မယ်၊ အဲဒီတော့ ကွင်းဆက်တစ်မျိုး သွားတာပေါ့လေ၊ တစ်ခါတည်း တန်းတန်းကြီးသွားတာ မဟုတ်ဘူး၊ ဟုတ်လား၊ lope အနေနဲ့သွားတာ။

ဒါကြောင့်မို့ ဘဝသစ်ရောက်သွားတဲ့အခါကျတော့ ပဋိသန္ဓေ နောင် ဘဝင် ၁၆–ကြိမ်ဖြစ်တယ်တဲ့နော်၊ ဖြစ်ပြီးရင် ချက်ချင်း မနောဒွါရာဝဇ္ဇန်းတွေ ၇–ကြိမ် ဖြစ်တော့တာပဲ၊ ဒါကြောင့်မို့ သတ္တဝါတွေက ဘဝတစ်ခုကို အစပြုတဲ့ အခါမှာ လောဘနဲ့ အစပြုခဲ့တာ, ဒါကြောင့်မို့လည်းဘဝကို မစွန့်လွှတ်နိုင်တာ ဒါပဲနော်။ ဒါကြောင့်မို့လည်း သံသရာကြီးကရှည်တာ။

ဘာလို့လဲဆို ကိုယ်စကတည်းက တွယ်တာမှုနဲ့ စခဲ့တာ၊ ဘဝလေးတစ်ခု ဖြစ်ပြီဟော့ဆို ဆုပ်မိကိုင်မိတော့ တွယ်တာလာတော့တာ၊ ဒါကြောင့်မို့ ဒီဇောကလည်း အမြဲတမ်း အကုသိုလ်ဇော ဘဝနိကန္တိကဇောလို့ ခေါ်တယ်၊ ဒီဇောပဲ ဖြစ်တယ်။

ဒါကြောင့်မို့ အပယ်ခက်တာနော်၊ အစွဲအလန်းက ကြီးလာပြီ။

ကောင်းပြီ, အဲဒီ ဘဝနိကန္တိက လောဘဇော ၇–ကြိမ် ဖြစ်ပြီးတဲ့နောက် ဘဝင်တွေဖြစ်ပေါ့လေ၊ အဲဒီနောက်တော့ ဖြစ်ချင်တာ ဖြစ်ကြ ပေါ့လေ။

လူသတ္တဝါဆို အမိဝမ်းထဲမှာ နေတုန်းမှာ တချို့ ဝီထိတွေ မဖြစ်နိုင်သေးဘူးပေါ့၊ စက္ခုဝိညာဏ်က ဝီထိတို့ဘာတို့ မဖြစ်သေးဘူးပေါ့၊ ဒါပေမယ်လို့ တချို့ဟာတွေကတော့ ဖြစ်မှာပေါ့လေ၊ အဲဒီလို သွားတယ်နော်။

ဒါ ပဋိသန္ဓေ ဒီဘဝစုတိနဲ့ နောက်ဘဝ ပဋိသန္ဓေ ဆက်ပုံကို ဆိုလိုတယ်။

ကောင်းပြီ, အဲဒီလို ဆက်တဲ့အခါကျတော့ အခုဝီထိပုံနဲ့ ပြောလိုက်တော့ ရှင်းပါတယ်၊ ဒါပေမယ်လို့ ရိုးရိုးနဲ့ ပြောတဲ့အခါကျတော့ ဒီပညတ်နယ်က စကားလုံးတွေကို မသုံးပဲလည်းမဖြစ်ဘူး သုံးနေရတယ်။

အဲသလို သုံးတဲ့အတွက်ကြောင့် တော်ကြာကျတော့ ဟို (misunderstand) က အလွန်ဖြစ်တယ်နော်၊ ဆိုပါတော့ အခု ဦးဇင်းတို့ပြောလည်း မင်း ဒီဘဝ သေသွားပြီ, နောက်ဘဝဖြစ်တယ် ဆိုပါတော့၊ ဒီဘဝကုသိုလ်လုပ်လို့ မင်းနောက်ဘဝ နတ်ဖြစ်မယ်၊ အကုသိုလ်လုပ်လို့ မင်းနောက်ဘဝ ငရဲကျမယ် စသဖြင့်ပြောတော့ ဒီဘဝ သတ္တဝါကြီးကလည်း ဟိုဘဝ ပြောင်းရွှေ့သွားသလို ဟုတ်လား၊ ကိုယ်က အရပ်တစ်ပါးသွားတဲ့အခါကျတော့ ဒီကလူကြီးက ဆိုပါတော့ LA ရောက်သွားတယ်၊ LA ကနေတဆင့် ဆန်ဒီရေးဂိုးကို သွားတော့ ဆန်ဒီ ရေးဂိုးရောက်သွားတယ်၊ အဲဒီလို စိတ်ထဲမှာ ထင်ထင်သွားတတ်တယ်၊ အများစုကတော့ အဲဒါမျိုးထင်နေမှာပဲ။

စကားလုံးကလည်းဒီလိုပြောရတာပဲ၊ ဟုတ်တယ်မို့လား၊ အဲဒီတော့ အဲဒီမှာ အရေးကြီးတာက ဒီနိုင်ငံကလူတွေလည်း မေးတတ်တယ်နော်၊ ဒီဘဝ တစ်ခု ဒီဘဝနဲ့ ဟိုဘဝ ပြောရင် သူတို့ကလည်း ကိုယ့်ကို ဖမ်းတာပဲ။

အဲဒါဘယ်လိုလဲ ဆိုပါတော့–အရှင်ဘုရားတို့က အနိစ္စသဘောတရားလည်း ပြောတယ်, အတ္တမရှိဘူးလို့လည်းပြောတယ်, အခု ဟိုဘဝရောက်တယ်လို့လည်း အရှင် ဘုရားတို့ ပြောနေပြန်ပြီ၊ အဲဒီတော့ ဒါ တစ်ခုခု သွားနေတာမဟုတ်ဘူးလား" စသဖြင့် မေးတယ်, အဲဒီတော့ အခု ဒီဝီထိစဉ်မှာကြည့်ရင် တစ်ခုနဲ့တစ်ခုဟာ ဒီခဏက စိတ်, စေတသိက်, ရုပ်က ဟိုခဏရောက်သွားတာ မဟုတ်ဘူး။

ဒီခဏ စိတ်စေတသိက်ရုပ်က ဒီခဏဖြစ်ပြီးချုပ်၊ ရုပ်ဆိုရင်တော့ ၁၇ ချက်နေမယ်ပေါ့၊ စိတ်ကတော့ တစ်ခဏနေမယ်၊ နောက် ခဏ ရောက်တဲ့အခါ နောက်ခဏဖြစ်ပြီးချုပ်ချုပ်သွားတာဆိုတော့ အမြဲတမ်း (ဆိုကြပါစို့) တစ်ခုပြီးတစ်ခု အသစ်ဖြစ်နေတာ၊ အဲဒီတော့ ဒီ ခဏက ရုပ်နာမ်က ဟိုခဏပြောင်းသွားတာ မဟုတ်ဘူး၊ ဒီခဏ ရုပ်နာမ်ကချုပ်ပြီးတော့ ဟိုခဏရုပ်နာမ်ဖြစ်တာ၊ နာမ်ရုပ်ဖြစ်တဲ့ အခါမှာ ခုနလို အနန္တရသတ္တိတို့ ဘာတို့နဲ့ ကျေးဇူးပြုမှုတော့ ရှိတယ်ပေါ့ (support) လုပ်ပြီးတော့ရှိတယ်၊ အဲဒီလိုသွားတယ်။

အဲဒီလိုသွားတော့ ဘာအရေးကြီးလဲဆိုတော့ သဿတ အယူထဲမကျအောင်

လည်း ယူတတ်ရမယ်တဲ့၊ ဥစ္ဆေဒအယူထဲလည်းမကျအောင်ယူတတ်ရမယ်၊ သဿတအယူဆိုတာ ခုနပြောသလို ဆက်နေရင် သဿတအယူနော်, ဒီဘဝဟာ ဝိညာဏ်တို့ ဘာတို့၊ အတ္တတို့က ဟိုဘဝရောက်သွား ဟိုဘဝရောက်သွား ဒီလို ယူရင်လည်းပဲ ဒါသဿတ အယူဖြစ်တယ်၊ ဒီဘဝပြတ် တစ်ခါတည်း နောက်ဘဝသီးခြား ဘာမှအဆက်အစပ် မရှိဘူး၊ (ဒီဘဝနဲ့ နောက်ဘဝဆိုရင်) ဒါဥစ္ဆေဒဒိဋ္ဌိ, အဲဒီနှစ်ခု အစွန်းနှစ်ခုလွတ်အောင် မဇ္ဈိမပဋိပဒါ ယူရမယ်။

အဲဒီတော့ ဘယ်လိုလဲဆိုတော့ တစ်ခုနဲ့တစ်ခုဟာ ခဏတစ်ခုနဲ့တစ်ခုဟာ ခဏအကြောင်းအကျိုးအဖြစ်ဖြင့် ဆက်စပ်မှု ဆက်သွယ်မှုရှိတယ်၊ ဒီဘဝက အကြောင်းကြောင့် ဟိုဘဝအကျိုးဖြစ်တယ်၊ အဲဒီလို အကြောင်း အကျိုး ဆက်သွယ်မှုကတော့ရှိတယ်၊ ဒါပေမယ်လို့ အကြောင်းသည် သီးခြား, အကျိုးသည်သီးခြား, အကြောင်းနဲ့အကျိုးသည် identical မဟုတ်ဘူး၊အကြောင်းဟာ အကြောင်းပဲ, ဒီအကြောင်းကြောင့် ဟိုမှာ အကျိုးသွားဖြစ်တာ၊ သို့သော် သူတို့ဟာ အကြောင်းအကျိုးအဖြစ်ဖြင့်တော့ ဆက်သွယ်မှုရှိတယ်၊ အဲဒီဆက်သွယ်မှုကို ယူပြီးတော့ ဦးဇင်းတို့က ဒီဘဝသေပြီး နောက်ဘဝကို ပဋိသန္ဓေနေတယ်လို့ ပြောရတာ။

အဲဒါကြောင့်မို့ ဥပမာလေးတွေရှိတယ်၊ ဒါမှတ်ထားဖို့ဟာကျမ်းဂန်တွေမှာပေးတဲ့ ဥပမာကဘာလဲ၊ ပဲ့တင်သံ ဥပမာပေးတယ်၊ ကိုယ်ဟာ အော်လိုက်တယ်၊ အခန်းကြီးတစ်ခုထဲကို ဂူကြီးတစ်ခုထဲကို၊ အသံကပြန်လာတယ်, အဲဒီအသံဟာ ကိုယ့်အသံ မဟုတ်ဘူး၊ ကိုယ့်အသံအစစ်မဟုတ်ဘူး၊ ကိုယ့်အသံနဲ့ကင်းပြီးတော့လည်း ဒီပဲ့တင်သံဟာ မဖြစ်ပေါ်ဘူး၊ ဟုတ်တယ်မို့လား၊ ပဲ့တင်သံဟာ ငါ့အသံလည်း မဟုတ်ဘူး၊ ငါ့အသံမပါရင်လည်းပဲ ဒီပဲ့တင်သံမဖြစ်ပေါ်လာဘူး၊ အဲဒီလို နည်းမျိုး၊ ဒီဘဝက နောက်ဘဝ သွားတယ်ဆိုတာဟာ ဒီဘဝကလူ ရုပ်နာမ်က နောက်ဘဝ ပြောင်း ရွှေ့သွားတာလဲမဟုတ်ဘူး၊ နောက်ဘဝမှာ အသစ်ဖြစ်တယ်ဆိုတဲ့ ရုပ်နာမ်က ဒီဘဝရုပ်နာမ်နဲ့ လုံးဝမပတ်သက်တာလည်းမဟုတ်ဘူး၊ လုံးဝ မဆက်စပ် တာလည်း မဟုတ်ဘူး၊ ခုနလို အကြောင်းအကျိုးအဖြစ်ဖြင့် ဆက်စပ်မှုရှိနေသေးတယ်။

အဲဒီလို ရှိလို့လည်းပဲ(ဆိုပါတော့)ကိုယ့်ကံက ကိုယ့်အကျိုးပေးတာ၊ ကိုယ့်ကံက သူများသွားအကျိုးမပေးဘူး၊ သူများကံက ကိုယ့်လာအကျိုးမပေးဘူး၊ အဲဒီလို မဟုတ်ရင် ရှုပ်ထွေးမှုတွေ ဖြစ်ကုန်မှာပေါ့၊ ကံတွေလည်း အကုန်လုံး ဘုရားလို အလွန်ကံများတဲ့ပုဂ္ဂိုလ်က ကံတွေ တိုးတိုး အကျိုးပေးရင် ဟန်ကျသွားရောဟုတ်လား၊

ခုက ကိုယ်ပြုတဲ့ကံက ကိုယ့်ပဲအကျိုးပေးတယ်ဆိုတာ ဒါပဲနော်၊ ဒါကြောင့်မို့

ပဲ့တင်သံတဲ့၊ နောက်တစ်ခုကတော့ ဆီမီးတဲ့နော်, ဆီမီးညှိလိုက်တဲ့အခါမှာ တစ်တိုင်က တစ်တိုင်ညှိလိုက်တဲ့အခါမှာ ဒီနောက်တိုင်ကမီးဟာ ပထမတိုင်ကမီးလည်းမဟုတ်ဘူး။ ပထမတိုင်က မီးနဲ့ကင်းပြီးတော့လည်း နောက်တိုင်က မီးမပေါ်လာဘူး၊ အဲဒီလိုပဲ့တင် ဆီမီး၊ ပြီးတော့ စည်းတံဆိပ်နှိပ်လိုက်လို့ ထင်သွားတဲ့တံဆိပ်ဟာ ထင်ရှားတဲ့ (impression) ဟာဟိုတံဆိပ်လည်းမဟုတ်ဘူး၊ ဟိုတံဆိပ်နဲ့ ကင်းပြီးတော့လည်းပဲ ဒီပုံစံ ဒီတံဆိပ်ဟာ မထင်ဘူး၊

*** ပဲ့တင်ဆီမီး, တံဆိပ်နည်း, သိပ်သည်းမှတ်ကြလေ၊**

ဆိုပြီး လင်္ကာလေးတွေ ရေးထားတာရှိတယ်နော်၊ ပဲ့တင်သံနဲ့ (explain) လုပ်၊ ဆီမီးညှိယူတာနဲ့ (explain) လုပ်နိုင်တယ်၊ ပြီးတော့ တံဆိပ်ရိုက်နှိပ်တာနဲ့ (explain) လုပ်နိုင်တယ်၊ ဒါကျမ်းဂန်တွေမှာ အဲဒီအတိုင်းရှိတယ်၊ ပြီးတော့ နောက်တစ်ခုရှိသေးတယ်။

## စုတိနောင် ပဋိသန္ဓေ

အရူပစုတိနောင် အောက်အောက်အရူပကြဉ်သော အရူပပဋိသန္ဓေနှင့် ကာမတိဟိတ် ပဋိသန္ဓေတို့ ဖြစ်ကုန်၏။

ရူပစုတိနောင် သဟိတ်ပဋိသန္ဓေတို့ ဖြစ်ကုန်၏။

ကာမတိဟိတ် စုတိနောင် အလုံးစုံသော ပဋိသန္ဓေတို့ ဖြစ်ကုန်၏။

ကာမအဟိတ် ဒွိဟိတ် စုတိနောင် ကာမပဋိသန္ဓေတို့ ဖြစ်ကုန်၏။

အသညသတ်စုတိနောင် ကာမဒွိဟိတ် တိဟိတ် ပဋိသန္ဓေတို့ ဖြစ်ကုန်၏။

ဝေဟပ္ဖိုလ် အကနိဋ္ဌ နေဝသညာနာသညာယတန ဘုံတို့၌ တည်သော အရိယာပုဂ္ဂိုလ်တို့ တစ်ပါးသောဘုံတို့၌ မဖြစ်ကြ၊ သုဒ္ဓါဝါသဘုံသား အားလုံးလည်း တစ်ခါဖြစ်ပြီးသော သုဒ္ဓါဝါသဘုံ၌ ထပ်၍ မဖြစ်၊ ဗြဟ္မာ့ပြည်သို့ရောက်သော အရိယာတို့အောက် အောက်ဘုံတို့၌ မဖြစ်ကြ။

## ဘဝင်နှင့် စုတိ

ဆိုအပ်ပြီးသောနည်းဖြင့် ပဋိသန္ဓေ ယူအပ်ပြီးသူတို့၏သန္တာန်၌ ပဋိသန္ဓေစိတ်ချုပ်ခြင်း၏ အခြားမဲ့မှ အစပြု၍ ထိုပဋိသန္ဓေစိတ်၏အာရုံကိုပင် အာရုံပြုကာ ထိုပဋိသန္ဓေစိတ်သည်ပင် စုတိစိတ်ဖြစ်သည်တိုင်အောင် ဝီထိစိတ်တို့၏ဖြစ်ခြင်း မရှိသော် ဘဝင်၏အဖြစ်ဖြင့် မြစ်ရေအယဉ်ကဲ့သို့ မပြတ်ဖြစ်၏၊ ဘဝ၏အဆုံး၌လည်း စုတေသည်၏ အစွမ်းဖြင့် စုတိစိတ်ဖြစ်၍ ချုပ်၏။

ထိုစုတိစိတ်မှ နောက်၌လည်း ရထားဘီးကဲ့သို့ အစဉ်အတိုင်းသာလျှင် အဆက်ဆက်လည်ကုန်လျက် ဖြစ်ကုန်၏။

ဤဘဝ၌ ပဋိသန္ဓေဘဝင်စုတိတို့ ဆက်ကာဆက်ကာ ဖြစ်ကုန်သကဲ့သို့ ထို့အတူဘဝတစ်ပါး၌ တစ်ဖန် ပဋိသန္ဓေအစရှိသော ဤစိတ်အစဉ်သည် ဆက်ကာဆက်ကာဖြစ်၏။ ဘဝင် = ဘဝ၏အကြောင်း။

## သံသရာစက် ပြတ်ကိန်း

တိဟိတ်ပဋိသန္ဓေ ပင်ကိုယ်ဉာဏ်ရှိသူတို့သည် ကြာမြင့်စွာသော ကာလပတ်လုံး သီလအကျင့် ဓုတင်အကျင့် သမာဓိအကျင့်နှင့် ပြည့်စုံကြကုန်သည် ဖြစ်၍ ဆိုအပ်ပြီး သော ဝဋ်ဖြစ်ပုံကို မမြဲသောတရားဟု ဝိပဿနာဉာဏ်ဖြင့် ထင်ရှားစွာ သိကုန်ပြီးလျှင် စုတေရွှေ့လျှောသေရခြင်း သဘောမရှိသော နိဗ္ဗာန်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် မျက်မှောက်သိမြင်၍ တဏှာအစေး အနှောင်အဖွဲ့ကို ကောင်းစွာ ဖြတ်လျက် သခ်ါရတို့ငြိမ်းရာ နိဗ္ဗာန်အအေးဓာတ်သို့ ရောက်ကြကုန်လတ္တံ့။

*  *  *

# အဘိဓမ္မာသင်တန်း [၃၆]

## [ဘုံပိုင်း]

## ဝိထိမုတ်ပိုင်း
## စုတိနောင် ပဋိသန္ဓေ

ဒီနေ့ ဩဂုတ်လ ၁၄ ရက်။

ဟိုအပတ်တုန်းက ဘဝဟောင်းနဲ့ ဘဝသစ်ဆက်စပ်တဲ့အကြောင်းပြောခဲ့တယ်၊ အဲဒါပြောနေတော့ ဘဝဟောင်းက ဘာတစ်ခုမှလည်း ဘဝသစ်ကိုပါ သွားတာမဟုတ်ဘူး၊ ဘဝသစ်မှာဖြစ်တဲ့ ရုပ်နာမ်က ဘဝဟောင်းကဖြစ်တဲ့ ရုပ်နာမ်(သို့မဟုတ်)ကံနဲ့ လုံးဝမဆက်စပ်တာလည်း မဟုတ်ဘူး၊ အဲဒီလို လုံးဝ သီးခြားလည်းမဟုတ်ဘူး၊ ဒီကဟာက ဟိုပြောင်းရွှေ့သွားတာလည်းမဟုတ်ဘူး ဆိုတာကို သဘောပေါက်ဖို့လိုတယ်ဆိုတာ ပြောခဲ့တယ်။

အဲသလိုပြောတဲ့အခါ ဥပမာလေးနဲ့ ပဲ့တင်သံရယ်, ဆီမီးရယ်, တံဆိပ်နှိပ်တဲ့ တံဆိပ်ရယ်၊ အဲဒီဥပမာတွေနဲ့ ပြောခဲ့တယ်။

အဲဒီလို ဒီဘဝနဲ့လာမယ့် ဘဝဟာ (သို့မဟုတ်) ပစ္စုပ္ပန်နဲ့ အနာဂတ်ဘဝဟာ အဲသလိုအကြောင်းအကျိုး ဆက်သွယ်မှုရှိတဲ့အတွက်ကြောင့်မို့ မိမိရဲ့ကံက မိမိကို အကျိုးပေးတယ်၊ သူတစ်ပါးကံက ကိုယ့်ကို အကျိုးပေးတာမဟုတ်ဘူး၊ ကိုယ့်ကံက သူတစ်ပါးသွားပြီးတော့ အကျိုးမပေးဘူး၊ အဲသလို ဆက်သွယ်မှုသန္တာန်အစဉ်ဆိုတာက ရှိနေတာကို။

အဲဒီလိုရှိတဲ့အတွက်ကြောင့် ယူဆတဲ့အခါမှာ လုံးဝတူတယ်ဆိုတဲ့ (complete identily) လည်းပဲလက်မခံရဘူး၊ လုံးဝ သီးခြားဖြစ်တဲ့ (complete diversity) လည်း လက်မခံပဲ ဒီနှစ်ခုကြားမှာ ခုနပြောသွားသလိုပေါ့၊ ဒီကဟာ ဟိုရွှေ့တာလည်း မဟုတ်ဘူး၊ ဟိုကဟာ ဒီကဟာနဲ့ အကြောင်းကင်းတာလည်း မဟုတ်ဘူး၊ အဲဒီလို ဆက်စပ်သွားတယ်။

အဲဒီလို ယူတတ်မှ သဘောမှန်ရောက်မယ်၊ သို့မဟုတ်ရင် ခုနပြောသလို နောက်ဘဝက လုံးဝအသစ်ဖြစ်တာဆိုရင်လည်း တပည့်တော်တို့ ကုသိုလ်ကောင်းမှု ပြုစရာမလိုတော့ပါဘူး၊ နောက်ဘဝရမယ့်သူက တစ်ယောက်ပဲ၊ တပည့်တော်မှ မဟုတ်ပဲ"လို့ ဒီလိုပြောစရာရှိတယ်။

သို့မဟုတ်လဲ"အကုသိုလ်ရှောင်နေစရာ မလိုပါဘူး၊ ကိုယ်ခံရမှာမှ မဟုတ်ပဲ" လို့ ပြောစရာရှိတယ်၊ ဒါပေမယ်လို့ ခုနပြောသလို သန္တာန်အစဉ်က ရှိတယ်၊ အကြောင်းအကျိုးအဖြစ် ဆက်သွယ်တာက သူ့အကြောင်းနဲ့ သူ့အကျိုး ဆက်သွယ်တာဖြစ်တဲ့အတွက်ကြောင့် ခုနလို ယူဆလို့မရဘူး။

အဲဒီမှာ ခုနပြောခဲ့တဲ့ဥပမာအပြင် ကျမ်းဂန်တွေမှာသုံးတာတွေရှိသေးတယ်၊ (formula) လေးပေါ့၊ဟိုနေ့က နည်းနည်းပြောခဲ့သေးတယ်၊ ဒါပေမယ်လို့ Tape က ကုန်သွားတယ်ထင်တယ်၊ အဲဒါက ဘာလဲဆိုတော့ "န စ သော န စ အညော" ဆိုတဲ့စကားလေး၊ မြန်မာလိုကတော့သူလည်းမဟုတ်ဘူး၊ တခြားသူလည်း မဟုတ် ဘူးတဲ့။

နောက်ဘဝဖြစ်သွားတဲ့ သတ္တဝါဟာ ဒီဘဝကသူလည်းမဟုတ်ဘူး၊ တခြား သတ္တဝါအသစ် ဖြစ်ပေါ်လာတာလည်း မဟုတ်ဘူးတဲ့၊ ဒါကို formula သုံးတယ်၊ န စ သော, န စ အညောတဲ့၊ ဒါက ကျမ်းဂန်တွေမှာသုံးတာ။

အဲဒီ formula အတိုင်းပဲ, ဒီကသွားတဲ့ပုဂ္ဂိုလ်ဟာ သူလား?၊ သူလည်း မဟုတ်ဘူး၊ သူနဲ့ကင်းတာလား? သူနဲ့ကင်းတာလည်းမဟုတ်ဘူး။

အဲဒါကြောင့်မို့ ဗုဒ္ဓဘာသာက လက်ခံတဲ့ (rebirth) က ဟိန္ဒူကလက်ခံတဲ့ (reincarnation) နဲ့ မတူဘူး၊ သူတို့ကတော့ အတ္တလေးက သတ္တဝါခန္ဓာရဲ့ တစ်နေရာရာမှာရှိတယ်၊ အဲဒီအတ္တလေးက လူတွေအိမ်ပြောင်းသလို, ပြောင်းပြောင်း သွားတယ်၊ တစ်ဘဝက တစ်ဘဝပို,ပိုပြီး စင်ကြယ်ကောင်းမြတ်သွားတယ်၊ နောက်ဆုံး တစ်နေ့မှာ ဒီအတ္တလေးဟာ မူလအတ္တကြီးဖြစ်တဲ့ ဗြဟ္မာကြီးနဲ့ ပြန်ပေါင်းသွားမယ်။

ဒီလိုယူဆတော့ သူတို့ (reincarnation) က အတ္တပါတယ်၊ ဗုဒ္ဓဘာသာ

(rebirth) က အတ္တမပါပဲနဲ့ (rebirth) ကို လက်ခံတာ၊ ဗုဒ္ဓဘာသာကပိုပြီးတော့ သိမ်မွေ့တယ်၊ နက်နဲတယ်၊ သာမညစဉ်းစားမယ်ဆိုရင် လက်ခံနိုင်ဖို့လည်းခက်တယ်။

ဒါကြောင့်မို့ လူတွေကမေးရင် "မင်းတို့ (reincarnation) လက်ခံလား" မေးရင် ပထမတော့ ကိုယ်က (reincarnation) ဆိုတဲ့ စကားလုံး မသုံးဘူးဟော့၊ (rebirth)လို့ သုံးတယ်၊ (rebirth) ဆိုတာတောင်မှ အလွန်ကြီးကျေနပ်စရာတော့ မဟုတ်သေးဘူး၊ ဒါပေမယ်လို့ ဒီထက်ကောင်းတဲ့ စကားလုံးမရှိလို့ ဒါကိုသုံးရတာ၊ သို့သော် ဒို့က ဘယ်လိုယူဆတယ်ဆိုတာကို သူတို့ကို အဲသလို ရှင်းလင်းပြောပြရတယ်။

အဲဒီတော့ အဲဒီနည်းနဲ့ ဦးဇင်းတို့ ဗုဒ္ဓဘာသာက ဘဝသံသရာကို လက်ခံတာ၊ အတ္တရှိတယ်, လိပ်ပြာကောင်ရှိတယ်, ဝိညာဉ်ရှိတယ်, သူက ဒီဘဝကဟိုဘဝ, ဟိုဘဝက ဟိုးဘဝသွားနေတယ် ဆိုတဲ့အနေနဲ့ လက်ခံတာမဟုတ်ဘူး။

တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် မျိုးစေနဲ့ အသီးနဲ့လည်း နှိုင်းယှဉ်ပြောလို့ရတယ်၊ မျိုးစေ့ကို စိုက်ပျိုးတယ်ဆိုပါတော့၊ လိုအပ်တဲ့ မြေသြဇာနဲ့ ရေနဲ့ပြည့်စွက်တဲ့ အခါမှာ မျိုးစေ့ကအပင်ပေါက်, အပင်ကနေအပင်ကြီးဖြစ်, အပင်ကြီးက အသီးသီး ဆိုတဲ့ အခါမှာလည်းပဲ ဒီအသီးဟာ အခြားမျိုးစေ့ရဲ့ အသီးလား? ဆိုတော့လည်း မဟုတ်ဘူး၊ ဒီမျိုးစေ့ကနေ တဖြည်းဖြည်းနဲ့ အသီးဖြစ်သွားတာလား?၊ ဒီလိုလည်း မဟုတ်ဘူး၊ ဒီမျိုးစေ့က အသီးသီးသည့် အချိန်ထိအောင် မျိုးစေ့အတိုင်းကြီး ရောက်သွားတာလည်း မဟုတ်ဘူး၊ အဲဒီအသီးဟာ ဒီမျိုးစေ့မှတပါး အခြားမျိုးစေ့ရဲ့ အသီးလည်းမဟုတ်ဘူး၊ အဲဒီနည်းနဲ့လဲ ကျမ်းဂန်တွေမှာ ဖြေရှင်းပြထားတာရှိတယ်။

**မေး** – တပည့်တော်တို့ အချင်းချင်းတွေ့တဲ့အခါကျတော့ တချို့လူတွေပြောတာရှိတယ်၊ မျိုးစေ့ကနေ အသီးဖြစ်တယ်ဆိုတာ (apple) ဟာ (apple)ပဲ၊(apple) အစေ့ဟာ (apple) အသီးဖြစ်တယ်၊ နောက်တစ်ခါထပ်ဖြစ်လည်း(apple) ပဲ ဖြစ်ရမယ်လို့ စွဲသွားမှာတဲ့။

**ဖြေ** – (apple) ပဲ ဖြစ်ရမှာမှန်တယ်၊ အဲဒါက ဘယ်လိုလဲဆိုတော့ ဒီဘဝက ပြုလိုက်တဲ့ ဒီသန္တာန်က ဒီအကျိုးပဲပေးမှာ၊ အဲဒါကို ဆိုလိုတာ၊ ဒီကံက ဟိုအကျိုး မပေးဘူး၊ ဒီကံက ဒီအကျိုးပဲပေးတယ်၊ ဒါကို (apple) မျိုးစေ့က (apple)အသီး ဖြစ်တယ်လို့ အဲသလို ဆိုလိုတယ်။

ကိုင်း၊ အဲဒီတော့ မရဏာသန္နဇောတွေ ပြီးသွားပြီ၊ မရဏာသန္နဇောဟာ ၅– ကြိမ်ပဲဇောတယ်၊ ပြီးတော့ ဘဝသစ်မှာ ဒီပုံစံထဲမှာပါတဲ့အတိုင်းဆိုရင် ပဋိသန္ဓေနဲ့ ဘဝင်၂–ကြိမ်က ပစ္စုပ္ပန်အာရုံ အာရုံပြုတယ်၊ ကျန်တာတွေက အတိတ်အာရုံကို

အာရုံပြုတယ်။

အဲဒါကြောင့်မို့ နောက်ဘဝင်တို့နှင့်တကွ ဘဝသစ် ဘဝင်အားလုံးတို့နှင့် စုတိ (ပုံစံမှာမပါဘူး) လွန်သွားပြီဖြစ်တဲ့အထိ ရူပါရုံကို အာရုံပြုကြတယ်၊ ဒါက ပကိဏ်းပိုင်းတုန်းက ပုံစံလေးနဲ့မြင်အောင် ကြည့်ထားရမယ်။

ဒါကြောင့်မို့ ကာမာဝစရ ပဋိသန္ဓေရဲ့ အာရုံဟာ မနောဒွါရနဲ့ ယူအပ်တဲ့ အတိတ်ကံ ဓမ္မာရုံဖြစ်တယ်တဲ့၊ အတိတ်ကံဆိုတော့ သူက ရူပါရုံမဟုတ်နိုင်တော့ဘူး၊ သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံမဟုတ်ဘူး၊ ဓမ္မာရုံ။

အတိတ်ဓမ္မာရုံဖြစ်တဲ့အတွက်ကြောင့်မို့ မနောဒွါရနဲ့ပဲသိနိုင်တယ်၊ မျက်စိနဲ့ မြင်တာမျိုး မဟုတ်ဘူး၊ ကမ္မနိမိတ်ကျတော့ အတိတ်လည်းဖြစ်နိုင်တယ်၊ ပစ္စုပ္ပန်လည်း ဖြစ်နိုင်တယ်၊ အာရုံ ၆–ပါးဖြစ်တဲ့အတွက်ကြောင့် စက္ခု, သောတ စသည်မှာ တစ်ပါးပါးနဲ့ ဒွါရ ၆–ပါးမှာ တစ်ပါးပါးနဲ့ ယူနိုင်တယ်။

ဂတိနိမိတ်ကျတော့ ရူပါရုံတော့ ဟုတ်ပါရဲ့၊ မျက်လုံးနဲ့မြင်တာမဟုတ်တဲ့ အတွက်ကြောင့်မို့ စိတ်ထဲမှာ ပေါ်တဲ့ရူပါရုံဖြစ်တဲ့အတွက်ကြောင့်မို့ မနောဒွါရနဲ့ ယူတယ်လို့ ဒီလို အစဉ်အလာ ဆရာသမားများ ယူဆကြတယ်၊ အဲဒါ, ကံ, ကမ္မနိမိတ်, ဂတိနိမိတ်။

ရူပါဝစရပဋိသန္ဓေရဲ့ အာရုံကတော့ ပညတ်ကမ္မနိမိတ်တဲ့၊ အဲဒါကိုကော နားလည်ကြလား၊ ဈာန်ရတဲ့အခါကျတော့ ဈာန်က ဘယ်ကိုအာရုံပြုသလဲ၊ ပညတ်ကို အာရုံပြုတယ်၊ ကသိုဏ်းပညတ်ကို အာရုံပြုတယ်၊ ကသိုဏ်းအားထုတ် တာဆိုရင် ကသိုဏ်းပညတ်ပေါ့၊ ကောဋ္ဌာသ, ကေသာလောမာ အားထုတ်ရင်လည်း ကေသာ လောမာဆိုတဲ့ ကောဋ္ဌာသပညတ်ပေါ့၊ ဘာပဲဖြစ်ဖြစ်ပညတ်ပေါ့၊ အဲဒီပညတ်ကို အာရုံပြုတယ်။

အဲဒီရူပါဝစရကုသိုလ်စိတ်က ပညတ်ကိုအာရုံပြုရင် အဲဒီရူပါဝစရစိတ် မလွတ်ပဲနဲ့ ပျောက်မသွားပဲနဲ့ သေသွားတဲ့သူဟာ ရူပါဝစရဘုံမှာ ဗြဟ္မာသွားဖြစ်တော့ ဝိပါက်စိတ် သွားမဖြစ်ပေဘူးလား။

အဲဒီရူပါဝစရဝိပါက် ရူပါဝစရ ပဋိသန္ဓေဟာ ဘယ်ကို အာရုံပြုသလဲဆိုရင် ပညတ်၊ အဲဒီပညတ်ဟာ ဘာလဲဆိုရင် ကမ္မနိမိတ်၊ အဲဒီပညတ်ကမ္မနိမိတ်ကို အာရုံပြုတယ်။

အဲဒီတော့ ပထဝီကသိုဏ်းကို အားထုတ်ပြီးတော့ ပထမဈာန်ရတဲ့ပုဂ္ဂိုလ် ဆိုပါတော့၊ သူသေသွားလို့ ဗြဟ္မာဖြစ်တဲ့အခါမှာ ဘယ်စိတ်နဲ့ ဗြဟ္မာဖြစ်မလဲ၊

ဘယ်စိတ်နဲ့ ပဋိသန္ဓေနေမလဲဆိုရင် ရူပါဝစရ ပထမဈာန်ဝိပါက်စိတ်နဲ့ ပဋိသန္ဓေနေမယ်။

အဲဒီပဋိသန္ဓေဟာ ဘယ်အာရုံကိုအာရုံပြုသလဲဆိုရင် ပထဝီကသိုဏ်း ပညတ်ဆိုတဲ့ ကမ္မနိမိတ်ကို အာရုံပြုမယ်၊ အဲဒီအတိုင်းပဲသွားမယ်၊ ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်, ပဉ္စမဈာန် ဒီအတိုင်း အချိုးကျနားလည်သွားပေတော့။

"အရူပပဋိသန္ဓေ၏အာရုံသည် ပညတ် သို့မဟုတ် မဟဂ္ဂုတ်အတိတ် ကမ္မနိမိတ်ဖြစ်သည်"တဲ့၊အရူပပဋိသန္ဓေရဲ့ အာရုံက ပညတ်လည်းဖြစ်နိုင်တယ်၊ မဟဂ္ဂုတ်လည်းဖြစ်နိုင်တယ်၊ ဒါကို စိတ်ပိုင်းပြန်ကြည့်ရင် သိနိုင်တယ်။

အာကာသာနဉ္စာယတနစိတ်ဟာ ကောင်းကင်ပညတ်ကိုအာရုံပြုတယ်၊ ဝိညာဏနဉ္စာယတနစိတ်ဟာ အာကာသာနဉ္စါယတနစိတ်ကို အာရုံပြုတယ်၊ အာကိဉ္စညာယတနစိတ်က ပထမစိတ်ရဲ့မရှိခြင်း နတ္ထိဘာဝပညတ်ကို အာရုံပြုတယ်၊ နေဝသညာနာသညာ ယတနစိတ်က တတိယ အရူပါဝစရစိတ်ကို အာရုံပြုတယ်။

အဲဒီတော့ ပထမစိတ်နဲ့ တတိယစိတ်ရဲ့ အာရုံက ပညတ်မဟုတ်ဘူးလား၊ ကောင်းကင်ပညတ်ရယ်, နတ္ထိဘာဝပညတ်ရယ်၊ ဒုတိယစိတ်နဲ့ စတုတ္ထစိတ်ရဲ့ အာရုံက အရူပါဝစရစိတ်ဆိုတော့ မဟဂ္ဂုတ်အာရုံပေါ့။

ဒါကြောင့်မို့ အရူပါဝစရပဋိသန္ဓေရဲ့ အာရုံဟာပညတ် သို့မဟုတ် မဟဂ္ဂုတ်အတိတ်ကမ္မနိမိတ်ဖြစ်တယ်၊ ပစ္စုပ္ပန်တော့မဟုတ်ဘူး အတိတ်၊ ဒါကြောင့်မို့ သေသေချာချာ ခွဲပြောမယ်ဆိုရင် ပထမနဲ့ တတိယရဲ့ အာရုံကပညတ်, ဒုတိယနဲ့ စတုတ္ထရဲ့အာရုံက မဟဂ္ဂုတ်၊ အဲသလိုခွဲပါ။

ပညတ်ဆိုရင်တော့ အတိတ်လား, အနာဂတ်လား, ပစ္စုပ္ပန်လား ရွေးနေစရာမရှိဘူးနော်၊ ပညတ်က ကာလမှအလွတ်, ကာလဝိမုတ်ခေါ်တယ်၊ တော်တော်ကြာ ပညတ်ဟာဘာလဲ၊ ပစ္စုပ္ပန်လား, အတိတ်လား, အနာဂတ်လား ထင်နေဦးမယ်၊ မဟဂ္ဂုတ်တော့ အတိတ်လို့ပြောတယ်၊ ပညတ်တော့ဘာမှမပြောပါလားလို့ ထင်နေမယ်၊ ဒါက အရူပါဝစရပဋိသန္ဓေ။

အသညသတ်ဘုံမှာတော့ ဇီဝိတနဝကကလာပ်နဲ့သာ ပဋိသန္ဓေအနေနဲ့ဖြစ်တယ်၊ ဇီဝိတနဝက ကလာပ်ဆိုတာ ရုပ်ပိုင်းကျတော့ နားလည်လိမ့်မယ်၊ ရုပ်ချည်းသက်သက်ပေါ့လေ၊ ဇီဝိတဆိုတာလေးပါတယ်၊ အသညသတ်ဘုံမှာက ဆင်းတုကြီးလို ရုပ်တုကြီးလို သွားဖြစ်နေမှာကိုး။

သွားဖြစ်နေတော့သစ်သားရုပ်တုနဲ့ အဲဒီသွားဖြစ်တဲ့ ပုဂ္ဂိုလ်နဲ့ ဘယ်လိုကွာခြား

သလဲမေးရင် သစ်သားရုပ်ထုမှာက ဇီဝိတဆိုတဲ့ ရုပ်မပါဘူး၊ အဲဒီသတ္တဝါမှာကျတော့ ဇီဝိတပါတယ်၊ အဲဒီ ဇီဝိတနဝကကလာပ်ပဲ ပဋိသန္ဓေအဖြစ်နဲ့ဖြစ်တယ်။

ပြီးတော့ အဲဒီအတိုင်းချည်း သူက ကမ္မာငါးရာနေသွားမှာကိုး၊ "ထို့ကြောင့် ထိုဘုံ သတ္တဝါတို့သည် ရုပ်ပဋိသန္ဓေရှိသော ပုဂ္ဂိုလ်တို့မည်ကုန်၏" ဒါက ရုပ်သာ ပဋိသန္ဓေရှိတဲ့ပုဂ္ဂိုလ်။

ဒါဖြင့် အရူပါဝစရ သတ္တဝါတွေကျတော့ နာမ်သာပဋိသန္ဓေရှိတဲ့ ပုဂ္ဂိုလ်ပေါ့၊ သူတို့မှာရုပ်မပါဘူး၊ ကြွင်းတဲ့သတ္တဝါတွေဖြစ်တဲ့ ကာမာဝစာရသတ္တဝါတွေ, ရူပါဝစရ ဗြဟ္မာတွေကျတော့ ရုပ်နာမ်နှစ်ပါးလုံး ပဋိသန္ဓေရှိတဲ့ သတ္တဝါတွေပေါ့။

လူတွေဆိုရင် ရုပ်နာမ်နှစ်ပါးလုံးရှိတယ်၊ တိရစ္ဆာန်တွေဆိုရင် ရုပ်နာမ်နှစ်ပါးလုံး ရှိတယ်၊ နတ်တွေတစ္ဆေတွေလည်း (မမြင်ရပေမယ့်) ရုပ် ရှိတယ်နော်၊ မမြင်ရ တာကတော့ သူတို့မှာ ကမ္မဇိဒ္ဓိရှိတာကိုး၊ ဒါပေမယ်လို့ သူတို့မှာ ဦးဇင်းတို့လိုပဲ ရုပ်နာမ်ရှိတာပဲ။

ဒါကြောင့်မို့ ကြွင်းတဲ့ကာမာဝစရသတ္တဝါ, ရူပါဝစရသတ္တဝါတွေကတော့ ရုပ်နာမ်နှစ်ပါးလုံး ပဋိသန္ဓေရှိတဲ့ ပုဂ္ဂိုလ်လို့ ဒီလိုခေါ်ရတယ်၊ ကောင်းပြီ ဒါက သေခြင်းဖြစ်ပုံနဲ့ ပတ်သက်ပြီး ပြောစရာလေး။

စုတိနောင်ပဋိသန္ဓေတဲ့, အဲဒါကချဲ့ရင်ချဲ့သလောက်ကျယ်လိမ့်မယ်၊ ရှုပ်လည်း ရှုပ်တယ်၊ ရိုးရိုးလေး ဖတ်လိုက်ရင်တော့ရှင်းတယ်၊ ဖတ်လိုက်စမ်း။

"အရူပစုတိနောင်, အောက်အောက်အရူပကြဉ်သော ပဋိသန္ဓေနှင့် ကာမတိ ဟိတ် ပဋိသန္ဓေတို့ ဖြစ်ကုန်၏"

ဆိုပါတော့တဲ့,အရူပါဝစရဘုံမှာ ရောက်သွားတဲ့ ဗြဟ္မာက သူစုတေမယ်, စုတေရင် သူဘယ်ဘဝ ပဋိသန္ဓေရနိုင်လဲ၊ ဘယ်ဘုံရောက်နိုင်လဲတဲ့၊ အောက်အောက် အရူပကြဉ်သောတဲ့, ဆိုလိုတာက နေဝသညာနာသညာယတနဘုံ ရောက်သွားတဲ့ ဗြဟ္မာက စုတေပြီဆိုပါတော့၊ သူဟာ အောက်သုံးဘုံမှာဖြစ်ဦးမလား၊ မဖြစ်ဘူးတဲ့ အထက်ဈာန်ရရင် အောက်ဈာန်ပျောက်တာပဲ။

အာကာသနဉ္စါယတနကနေ ဝိညာဏနဉ္စါယတနတက်လိုက် အာကာသာ နဉ္စယတနပျောက်တာပဲ၊ ပျောက်တော့ အောက်ဈာန်တွေပျောက်သွားတဲ့အတွက် ကြောင့် အောက်ဘုံတွေမှာ မဖြစ်ဘူး။

ဒါပေမယ်လို့ နောက်ဘဝကပြုထားတဲ့ကံတွေရှိတော့ ကမ္မတိဟိတ် ပဋိသန္ဓေတော့ သွားဖြစ်တယ်၊ အရူပါဝစရဈာန်ရတော့ သူတို့မှာ ရူပါဝစရဈာန်လည်း

မရှိတော့ဘူး၊ အဲဒီတော့ ရူပါဝစရဘုံမှာ မဖြစ်တော့ဘူး၊ ဒါကြောင့် သူ့ဘုံမှာ ပြန်ဖြစ်မယ် (ဖြစ်ခြင်းဖြစ်ရင်)၊ ပြီးတော့ ဘယ်သွားမလဲ, ကာမာဝစရဆင်းမယ်။

ကာမာဝစရဆင်းတဲ့အခါကျတော့ ဈာန်အရှိန်ရဲ့အစွမ်းကြောင့် ကာမတိဟိတ် ပဋိသန္ဓေဖြစ်မယ်ဆိုတော့ အပါယ်မကျဘူးပေါ့၊ လူဖြစ်မယ် နတ်ဖြစ်မယ်ပေါ့။

လူဖြစ်, နတ်ဖြစ်တဲ့အခါမှာလည်းပဲ အဟိတ်ပဋိသန္ဓေ, ဒွိဟိတ်ပဋိသန္ဓေ မဖြစ်ဘူး၊ တိဟိတ်ပဋိသန္ဓေဖြစ်မယ်၊ ဒါလေး သူ့ဟာသူမရှင်းဘူးလား၊ ရှင်းတာပဲ။

အဲဒီတော့ (ဆိုပါတော့) အာကာသာနဉ္စာယတနဘုံက စုတေရင် ဖြစ်ချင်ရင် အာကာသာနဉ္စာယတနဘုံမှာပြန်ဖြစ်မယ်၊ သို့မဟုတ် ကာမသုဂတိတိဟိတ်ဖြစ်မယ်။

ဝိညာဏဉ္စာယတနဘုံက စုတေရင် ဝိညာဏဉ္စာယတနဘုံမှာ ပြန်ဖြစ်ချင် ဖြစ်မယ်၊ အောက်ကာမဘုံ ပြန်ဆင်းမယ်၊ အဲဒီလိုသွားမယ်၊ ရူပါဝစရဘုံ ဘာကြောင့် မဆင်းနိုင်တာလဲ၊ ရူပါဝစရဈာန်မရလို့၊ အရူပါဝစရဈာန်ရရင် ရူပါဝစရဈာန် မလိုချင်တော့ဘူးပေါ့၊ တစ်ခါ အရူပဈာန်ကနေ အထက်ဈာန်ရောက်ရင် အောက်ဈာန် ပျောက်တာပဲ။

ကောင်းပြီ, ရူပါဝစရစုတိ နောင်ကျတော့ ဘာတွေဖြစ်နိုင်သတုန်း၊ သဟိတ် ပဋိသန္ဓေဖြစ်နိုင်တယ်တဲ့၊ သဟိတ်ပဋိသန္ဓေဆိုတော့ ဘာတွေတုန်း၊ ဒွိဟိတ်ပဋိသန္ဓေနဲ့ တိဟိတ်ပဋိသန္ဓေ, ရူပါဝစရပဋိသန္ဓေတွေကော မဖြစ်နိုင်ဘူးလား။

ပဋိသန္ဓေ ဘဝင်စုတိကိစ္စတပ်တဲ့စိတ် ဘယ်လောက်ရှိသလဲ, ၁၉–ခုရှိတယ်၊ အဲဒီ ၁၉–ခုထဲမှာ အဟိတ်အကုသလဝိပါက် သန္တီရဏကတစ်ခု, သဟိတ်သန္တီရဏ ကတစ်ခု, အဲဒါ ၂–ခု နုတ်လိုက်, ဘယ်လောက်ကျန်လဲ, ၁၇– ခုကျန်တယ်၊ အဲဒီ ၁၇–ခုဟာ သဟိတ်ပဋိသန္ဓေ မဖြစ်ပေဘူးလား၊ ဟိတ်ရှိတဲ့ပဋိသန္ဓေ။

ကာမာဝစရဝိပါက်စိတ် ၈–ခုရယ်၊ ရူပါဝစရဝိပါက်စိတ် ၅–ခုရယ်၊ အရူပါ ဝစရဝိပါက်စိတ် ၄–ခုရယ်၊ ၈–ရယ် ၉–ရယ်ပေါင်းတော့ ၁၇–ခုပေါ့၊ အဲဒီဟာက ဘာဖြစ်သလဲ၊ သဟိတ်ပဋိသန္ဓေက ရူပါဝစရစုတိနောင် ဖြစ်နိုင်တယ်ဆိုတော့ ရူပါဝစရဗြဟ္မာစုတေရင် ဘယ်ဘုံရောက်နိုင်သလဲ။

သဟိတ်ပဋိသန္ဓေ ဖြစ်နိုင်တယ်ဆိုသဖြင့် လူ့ဘုံပြန်မရောက်နိုင်ဘူးလား၊ နတ်ဘုံမရောက်နိုင်ဘူးလား၊ ဗြဟ္မာဘုံကော မရောက်နိုင်ဘူးလား၊ ရောက်နိုင်တာပေါ့၊ သဟိတ်ပဋိသန္ဓေဆိုတော့ ခုနလို သူက အောက်ဘုံမဆင်းဘူးဆိုတာ မရှိဘူး၊ ဒါဖြင့် ရူပါဝစရစုတိနောင် သဟိတ် ပဋိသန္ဓေ ၁၇–ခု ဖြစ်သည်။

ကာမတိဟိတ်စုတိနောင်တဲ့၊ ကာမတိဟိတ်စုတိဆိုတော့ ဉာဏသမ္ပယုတ်

၄–ခုပေါ့၊ သူကတော့ အလုံးစုံသော ပဋိသန္ဓေတို့ဖြစ်ကုန်၏တဲ့၊ တိဟိတ်ပုဂ္ဂိုလ်ထက် တယ်ဆိုတာဒါပဲ၊ ကာမာဝစရတိဟိတ်ဖြစ်လိုက်ပြီဟော့ဆိုရင် ရောက်ချင်ရာရောက် နိုင်တယ်၊ အဝီစိလည်းသွားနိုင်တယ်၊ ဒေဝဒတ်တို့ အဝီစိသွားတာကြည့်လေ၊ ဟိုဘက် အထိလည်း တက်နိုင်တယ်၊ ရဟန္တာထိအောင်လည်း ဖြစ်သွားနိုင်တယ်၊ ဒီနေရာမှာတော့ ပဋိသန္ဓေဖြစ်တာ ပြောနေတာမို့ ရဟန္တာနဲ့တော့ မဆိုင်ဘူး။

ဒါကြောင့် ကာမတိဟိတ်စုတိနောင်ကတော့ ပဋိသန္ဓေရှိသမျှ အကုန်လုံး ရနိုင်တယ်ဆိုတော့ ၁၉–ပါးလုံးရနိုင်တယ်ပေါ့၊ ဟုတ်တယ်လေ၊ တိဟိတ်ဖြစ်ပေမယ်လို့ အကုသိုလ်တွေ သိပ်လုပ်ရင် အပါယ်ကျမှာပေါ့၊ ကုသိုလ်လုပ်ပြန်တော့ ကုသိုလ်က ခပ်ညံ့ညံ့ဖြစ်နေရင် သူက အဟိတ်ပဋိသန္ဓေလည်း နေနိုင်တာပဲ၊ သဟိတ်ပဋိသန္ဓေ လည်း နေနိုင်တာပဲ၊ ဗြဟ္မာလည်း ဖြစ်နိုင်တာပဲ၊ ဒါကြောင့် ကာမတိဟိတ်စုတိနောင် ဆိုတာ အလုံးစုံသော ပဋိသန္ဓေတို့ဖြစ်ကုန်၏။

ကာမအဟိတ်ဒွိဟိတ်စုတိနောင်တဲ့, ဆိုတော့ အဟိတ်ပဋိသန္ဓေက ဘာတုန်း၊ အကုသလဝိပါက်နဲ့ ကုသလဝိပါက် ဥပေက္ခာသန္တီရဏ၊ ဒွိဟိတ်စုတိဆိုတော့ ဉာဏဝိပ္ပယုတ် မဟာဝိပါက်စိတ် ၄–ခု၊ ဟုတ်ပြီလား (ကာမဒွိဟိတ်စုတိဆိုတော့)၊ စုတိစိတ်ဆိုတာ မဟာဝိပါက်စိတ် ၈–ခုပဲမဟုတ်လား၊ မဟာဝိပါက်စိတ် ၈–ခု ရယ်၊ ဥပေက္ခာသန္တီရဏ ၂–ခုရယ်၊ (ကာမစုတိဆိုရင်လေ) အဲဒီထဲမှာ ဒွိဟိတ်က ၄–ခုပါမယ်၊ တိဟိတ်က ၄–ခုပါမယ်၊ တိဟိတ်ခုနပြောပြီးပြီ၊ ဒီမှာ ဒွိဟိတ်ကျန်တယ်။

ဒါကြောင့်မို့ ကာမအဟိတ်လို့ ပြောလိုက်ရင် ဥပေက္ခာသန္တီရဏကိုပြောတာ၊ ကာမဒွိဟိတ်ဆိုရင် ဉာဏဝိပ္ပယုတ် မဟာဝိပါက်စိတ် ၄–ခုကို ပြောတာ။

အဲဒီစုတိနောင်မှာ ကာမပဋိသန္ဓေတို့ဖြစ်ကုန်၏တဲ့၊ ကာမပဋိသန္ဓေဆိုတော့ ကာမပဋိသန္ဓေဘယ်နှစ်ခုရှိလဲ၊ ကာမပဋိသန္ဓေ ၁၀–ခုရှိတယ်၊ သုဂတိအဟိတ်, ဒုဂတိအဟိတ်, ဒွိဟိတ်, တိဟိတ်, အဲဒီ ၁၀–ခုရှိတယ်။

အသညသတ် စုတိနောင်တဲ့၊ ဒါက သင်္ဂြိုဟ်ထဲမပါဘူး၊ အသညသတ် စုတိနောင်မှာ ကာမဒွိဟိတ် တိဟိတ်ပဋိသန္ဓေတို့ ဖြစ်ကုန်၏တဲ့၊ ဘာကြောင့်တုန်း ဆိုတော့ အသညသတ်ဘုံက စုတေရင် သူကဗြဟ္မာကိုး၊ ဗြဟ္မာပြည်က စုတေတယ် ဆိုတော့ သူက သေချာတယ်၊ အပါယ်မကျနိုင်ဘူး၊ ဈာန်ကလည်း မရနိုင်ဘူးဆိုတော့ ရူပါဝစရဘုံမှာ မဖြစ်နိုင်ဘူး၊ အရူပါဝစရဘုံမှာ မဖြစ်နိုင်ဘူး ဆိုတော့ ကာမသုဂတိပဲ ရှိတော့တယ်။

ဒါကြောင့်မို့ ကာမသုဂတိဘုံမှာ ကာမဒွိဟိတ် ပဋိသန္ဓေသော်လည်းကောင်း,

ကာမတိတ်ပငိုသန္တေသော်လည်းကောင်း ဖြစ်မယ်၊ ဒါလောက်လေးကတော့ ရှင်းတယ်၊ အသေးစိတ်ဆိုရင် နည်းနည်းရှုပ်မယ်၊ ခဏလေးထားဦး။

စကားတစ်ခွန်းကြားဖူးကြလား **"ဗြဟ္မာ့ပြည်မှာ တဝင်းဝင်း၊ ဝက်စားကျင်းမှာ တရှုံ့ရှုံ့"** ဆိုတာလေ၊ အဲဒီတော့ ဗြဟ္မာပြည်ကနေ ဝက်ဖြစ်နိုင်သလား၊ မဖြစ်နိုင်ဘူးလားပြောစမ်း၊ တိုက်ရိုက်ဖြစ်နိုင်သလား၊ မဖြစ်နိုင်ဘူးလား၊ ဒါက အဘိဓမ္မာနည်းနဲ့ ပြောရမှာ၊ မဖြစ်နိုင်ဘူး၊ အမှန်ကတော့ ဒါဟာ ကြားဟာလေးကို မြှုပ်ပြောတဲ့ သဘောဖြစ်တယ်၊ ဗြဟ္မာ့ပြည်က စုတေပြီးရင် လူသော်လည်းကောင်း၊ နတ်သော် လည်းကောင်းဖြစ်ရမယ်၊ ပြီးတော့မှ တိရစ္ဆာန်ဖြစ်ချင်ဖြစ် အပါယ်ကျချင် ကျမယ်။

ဒါကြောင့်မို့ **ဗြဟ္မာ့ပြည်မှာ တဝင်းဝင်း၊ ဝက်စားကျင်းမှာ တရှုံ့ရှုံ့** "ဆိုတာ ကြားကကွက်လပ်လေး ချန်ပြောတာ၊ ကွက်လပ်လေး မဖော်ပဲပြောတာ၊တကယ်တော့ ဒါရိုက်ဟတ် ဗြဟ္မာကနေဝက် မဖြစ်နိုင်ဘူး။

ဓမ္မပဒမှာဝတ္ထုလေးရှိတယ်၊ ဝက်မလေးမြင်တော့ မြတ်စွာဘုရားက ပြုံးတော်မူတယ်ဆိုတာပေါ့၊ တကယ်ဗြဟ္မာကနေဝက်သွားဖြစ်တာမဟုတ်ဘူး၊ ဗြဟ္မာကနေ တစ်ဆင့် ကာမသုဂတိဘုံကို လာရဦးမယ်၊ အဲဒီကမှသွားမှာ၊

အဘိဓမ္မာတတ်တာ အဲဒီကိစ္စမျိုးတွေမှာ အယူအဆ မှန်မှန်ကန်ကန် နားလည်တာ၊ အဘိဓမ္မာမတတ်တဲ့သူဆိုရင် နားမလည်ဘူး၊ ဗြဟ္မာ့ပြည်တဝင်းဝင်း ဝက်စားကျင်း တရှုံ့ရှုံ့ဆိုရင် ဒါရိုက်ပဲအောက်မေ့လိုက်မှာ၊ ဒါကြောင့်မို့ ဦးဇင်းခဏခဏ ပြောတယ်မဟုတ်လား၊ အဘိဓမ္မာမတတ်ရင် ဘုရားဟောသုတ္တန်တရားတော်တွေကို မှန်မှန်ကန်ကန် နားလည်ဖို့ မလွယ်ဘူးဆိုတာ ဒါပြောတာပေါ့၊ တချို့ဟာတွေကတော့ အဘိဓမ္မာမပါပဲနဲ့ နားလည်နိုင်တာမျိုး ရှိတော့ရှိပါတယ်၊ ဒါပေမယ့် အဘိဓမ္မာနဲ့ ချိန်ထိုး ချိန်ထိုးပြီး နားလည်မှ ယူဆမှ အမှန်အကန်ရောက်တယ်၊ အဘိဓမ္မာဟာ guide line ပဲ။

ဒါကြောင့် အဘိဓမ္မာဟာ အလွန်အရေးကြီးတယ်၊ တချို့တွေက အဘိဓမ္မာကို သေးသေးသိမ်သိမ်ဖြစ်အောင် ပြောကြတာဟာ သူတို့မတတ်လို့ပြောတာ။

ကောင်းပြီ အထူးမှတ်စရာလေးရှိတယ်၊ ဒါကဘာတုန်း၊ ဘုံ –၃၁ ကို စိတ်ထဲက ကြည့်ထားဦး၊ ဝေဟပ္ဖိုလ်၊ အကနိဋ္ဌ၊ နေဝသညာနာသညာယတနတဲ့၊ ၃–ဘုံရှိတယ်၊ အဲဒီ ၃–ဘုံတို့၌တည်သော အရိယာပုဂ္ဂိုလ်တို့ (တည်တယ်ဆိုတာ အဲဒီမှာ ဖြစ်ပြီးတဲ့ အရိယာပုဂ္ဂိုလ်ဟာ တစ်ပါးသောဘုံတို့၌ မဖြစ်ဘူး) အဲဒီဘုံမှာပဲ ထပ်ဖြစ်ချင်ဖြစ်မယ်၊ အဲဒီဘုံကနေပြီး တခြားဘုံတွေကို အရိယာပုဂ္ဂိုလ်တွေကတော့

မဖြစ်တော့ဘူး။

ဝေဟပ္ဖိုလ်ဘုံဆိုတာ ဘယ်မှာလဲ, ရှာလိုက်စမ်း၊ စတုတ္ထစျာန်ဘုံထဲမှာ ရှိလိမ့်မယ်၊ အကနိဋ္ဌဘုံ, သုဒ္ဓါဝါသထိပ်ဆုံးမှာ ဝေဟပ္ဖိုလ်ရယ်, အကနိဋ္ဌရယ်, ပြီးတော့ နေဝသညာနာသညာယတနရယ်၊ အဲဒီ ၃-ဘုံကို ဘုံတွေရဲ့ခေါင်းလို့ ခေါ်တယ်၊ ဘူမိသီသလို့ခေါ်တယ်၊ ဝေဟပ္ဖိုလ်ကလည်း ဗြဟ္မာဘုံမှာ အထက်ဆုံး, အကနိဋ္ဌကလည်း သုဒ္ဓါဝါသမှာ အထက်ဆုံး, နေဝသညာနာသညာယတနကတော့ ဘုံ ၃၁-ဘုံမှာ သူက အထက်ဆုံး, ဘဝဂ် (ထိပ်ဆုံး)လို့ ခေါ်တာ၊ အဲဒီနေဝသညာ နာသညာယတနဘုံကို ခေါ်တာ။

ဘဝဂ်ဆိုတာ ပါဠိစကား, ဘဝဂ်ဆိုတာ ဘဝအဂ္ဂ, အဂ္ဂဆိုတာ ထိပ်ဆုံး အမြင့်ဆုံး၊ ဘဝဆိုတာဘဝ၊ ဘဝရဲ့ အမြင့်ဆုံးဘဝဆိုတော့ နေဝသညာနာသညာ ယတနဘုံကို ဘဝဂ်လို့ခေါ်တယ်၊ အမျှဝေတဲ့အခါကျတော့ ဆိုကြတယ် မဟုတ်လား၊ အထက်ဘဝဂ်, အောက်အဝီစိနဲ့၊ အထက်ဘဝဂ်ဆိုတာ အဲဒါကိုပြောတာ။

ကောင်းပြီ, အဲဒီဘုံတွေမှာ အရိယာပုဂ္ဂိုလ်တွေ သွားဖြစ်ပြီဆိုပါတော့, လူ့ဘုံက အရိယာက ဟိုဘုံမှာသွားပြီး ပဋိသန္ဓေနေသည်ဖြစ်စေပေါ့လေ၊ အဲဒီဘုံမှာ ပုထုဇဉ်ဖြစ်ပြီး အရိယာဖြစ်သည်ဖြစ်စေ၊ ဖြစ်ပြီးရင် အရိယာတွေရဲ့သဘောက တခြားဘုံတွေမှာ မဖြစ်တော့ဘူး။

အဲဒီတော့ အဲဒီဘုံဖြစ်ပြီးလျက်နဲ့ ရဟန္တာမဖြစ်သေးရင်လည်း ဝေဟပ္ဖိုလ်ဘုံမှာ ထပ်ဖြစ်လိမ့်မယ်၊ ဝေဟပ္ဖိုလ်မှာ ရောက်သွားတဲ့အရိယာက ဝေဟပ္ဖိုလ်ဘုံ ထပ်ဖြစ် လိမ့်မယ်။

ပြီးတော့ အကနိဋ္ဌဘုံဆိုတာ သုဒ္ဓါဝါသမှာ အမြင့်ဆုံးဘုံ၊ အဲဒီအကနိဋ္ဌဘုံ ရောက်ရင်တော့ ကေန်ရဟန္တာဖြစ်တယ်၊ ရဟန္တာမဖြစ်တဲ့ အနာဂါမ်ရယ်လို့မရှိဘူး၊ သုဒ္ဓါဝါသဘုံက အနာဂါမ်မှ ရောက်တာမဟုတ်လား၊ အနာဂါမ်ဖြစ်ပြီးတော့ သုဒ္ဓါဝါသဘုံရောက်သွားမယ်၊ သုဒ္ဓါဝါသဘုံရောက်ပြီးတော့ သူကအဆင့်ဆင့် တက်ချင်တယ် သွားမယ်၊ အဝိဟာ၊ အတပ္ပါ၊ သုဒဿာ၊ သုဒဿီ, အကနိဋ္ဌ။

အကနိဋ္ဌဘုံရောက်ရင်တော့ ကေန်ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ပြုလိမ့်မယ်၊ ဒါကြောင့်မို့ အဲဒီဘုံကလွဲပြီး တခြားဘယ်ဘုံမှ မဖြစ်တော့ဘူး၊ ရဟန္တာမဖြစ်သေးရင် ဝေဟပ္ဖိုလ်မှာ ထပ်ဖြစ်နိုင်သေးတယ်၊ အကနိဋ္ဌကတော့ ဒီလို မဟုတ်ဘူး၊ ကေန် ကိုရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ပြုလိမ့်မယ်။

နေဝသညာနာသညာယတနဘုံမှာရှိတဲ့ အရိယာကလည်း တခြားသောဘုံမှာ

မဖြစ်တော့ဘူး၊ အဲဒီဘုံ ထပ်ဖြစ်ချင်လည်းဖြစ်မယ်၊ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ပြုချင်လည်းပြုမယ်၊ အဲဒီလို ပုထုဇဉ်နဲ့ အရိယာကွာတာနော်။

ပုထုဇဉ်ကျတော့ ဒီလိုမဟုတ်ဘူး၊ ပုထုဇဉ်ကျတော့ ဝေဟပ္ဖိုလ်ဘုံမှာဖြစ်ပြီး အောက်ဘုံတွေကော မဖြစ်နိုင်ဘူးလား၊ ဖြစ်နိုင်တယ်၊ ကာမာဝစရဘုံလည်းပြန်ကျနိုင်တယ်။

အကနိဋ္ဌမှာတော့ ပုထုဇဉ်မရှိဘူးဆိုတော့ ပြောစရာမလိုဘူး၊ နေဝသညာနာသညာဘုံမှာလည်း ပုထုဇဉ်သွားဖြစ်ပြီး အဲဒီကနေ အောက်ပြန်မကျနိုင်ဘူးလား၊ ကျနိုင်တယ်၊ အရိယာကျတော့မကျဘူး၊ ဒီ ၃–ဘုံကို မှတ်ထားပေါ့၊ ဝေဟပ္ဖိုလ်ရယ်၊ အကနိဋ္ဌရယ်၊ နေဝသညာနာသညာယတနရယ်။

“သုဒ္ဓါဝါသဘုံသားအားလုံးလည်း တစ်ခါဖြစ်ပြီးသောသုဒ္ဓါဝါသဘုံ၌ ထပ်၍မဖြစ်ကြ” အဝိဟာပြီးရင် အတပ္ပါ,အတပ္ပါပြီးရင် သုဒဿ၊ အဲသလို အဆင့်ဆင့်တက်သွား၊ နောက်ဆုံး အကနိဋ္ဌကျတော့ ပရိနိဗ္ဗာန်ပြု၊ အဲသလိုတဲ့။

“ဗြဟ္မာပြည်သို့ရောက်သော အရိယာတို့အောက်, အောက်ဘုံ၌မဖြစ်ကြ”တဲ့၊ တတိယဈာန်ဘုံမှာအရိယာက ဗြဟ္မာသွားဖြစ်ပြီတဲ့၊ သူဟာ ဒုတိယဈာန်ဘုံပြန်မဆင်းတော့ဘူး၊ ဗြဟ္မာ့ဘုံမှာတောင် အောက်ဘုံ ပြန်မဆင်းတော့ဘူးဆိုရင် ကာမာဝစရဘုံဆိုတာမပြောနဲ့တော့၊ အဲဒီဘုံမှာထပ်ဖြစ်မယ်၊ အထက်ဘုံကို တက်သွားမယ်၊ ဒါက အရိယာ။

ခုနပြောထားတာ (ပထမအပိုဒ်)က အားလုံးခြုံပြီး ပြောထားတာ၊ အရူပစုတိနောင်, အရူပကြဉ်သော ပဋိသန္ဓေ, ပုထုဇဉ်နဲ့ အရိယာကိုမခွဲခြားပဲ ပြောထားတာ၊ ခွဲခြားမယ်ဆိုရင် အရိယာတွေမှာ ဒီလိုထူးခြားချက်တွေက ရှိသေးတယ်။

ဒါကြောင့် ပုထုဇဉ်တစ်ယောက်သေပြီး ဘယ်ဘုံဖြစ်နိုင်သလဲ၊ အရိယာတစ်ယောက် သေပြီး ဘယ်ဘုံဖြစ်နိုင်သလဲဆိုတဲ့ အမေးရှိလာရင် သတိထားပြီးတော့ ဖြေရလိမ့်မယ်၊ ကိုင်း, for example လုပ်ကြပါစို့။

**မေး** – ဝေဟပ္ဖိုလ်ဘုံမှာ ပုထုဇဉ်ရှိတယ်၊ အဲဒီပုထုဇဉ်သေရင် ဘယ်ဘုံမှာဖြစ်နိုင်သလဲ။

**ဖြေ** – အဲဒီဘုံ သို့မဟုတ် ကာမဘုံ၊ သဟိတ်ပဋိသန္ဓေ အကုန်ဖြစ်နိုင်တယ်၊ ရူပစိတ်ကြဉ်သော သဟိတ်ပဋိသန္ဓေလို့ပြောထားတာကိုး၊ အရူပဘုံလည်း တက်ဖြစ်မယ်၊ အောက်ဘုံလည်းပြန်ဆင်းချင် ဆင်းမယ်။

**မေ** – အကယ်၍ သူအရိယာဆိုရင်ကော

**ဖြေ** – အရိယာဆိုရင်တော့ ဒီဘုံထပ်ဖြစ်ချင်ဖြစ်မယ်၊ ဒီထက်မြင့်တဲ့ဘုံမှာ ဖြစ်ချင်

ဖြစ်မယ်၊ အောက်ကို မဆင်းတော့ဘူး၊ အဲသလို ခွဲခြားပြီး သိရမယ်၊ အကနိဋ္ဌကတော့ ပုထုဇဉ်မရှိလို့ ပြောစရာမလိုဘူး။

နေဝသညာနာသညာဘုံမှာ ပုထုဇဉ်သွားဖြစ်မယ်၊ သူ့နောင်ဘယ်ပဋိသန္ဓေ နှောင်းနိုင်သလဲဆိုရင် အောက်, အောက်အရူပကြဉ်တဲ့ အရူပပဋိသန္ဓေရယ်, ကာမ တိဟိတ်ပဋိသန္ဓေရယ် နှောင်းနိုင်တယ်။

အရိယာဆိုရင်တော့ ဘယ်ဘုံမှမဖြစ်တော့ဘူး၊ ဒီဘုံထပ်ဖြစ်ချင်ဖြစ်မယ်၊ အဲသလိုကွာခြားတယ်၊ ဒါကြောင့်မို့ စုတိနဲ့ ပဋိသန္ဓေဆက်တာ ပြတဲ့နေရာမှာ ပုထုဇဉ်ဆိုရင်တစ်မျိုး, အရိယာဆိုရင် တစ်မျိုးဖြစ်နိုင်တယ်။

အဲဒါကြောင့် ဘုံ ၃၁–ကို စိတ်ထဲမှာတန်းပြီး မှန်းလိုက်စမ်း၊ ပြီးတော့မှ တစ်ဘုံစီ, တစ်ဘုံစီ အဲသလိုသွားမယ်ဆိုရင် တော်တော်ကျယ်ကျယ်လုပ်ရလိမ့်မယ်၊ ဆိုပါတော့ ငရဲဘုံက စုတေရင် ဘာစိတ်နဲ့စုတေမလဲ၊ သိကြလား၊ ငရဲဘုံမှာဘာစိတ်နဲ့ ပဋိသန္ဓေနေသလဲ, ပထမအဲဒါပြော၊ အကုသလဝိပါက် ဥပေက္ခာ သန္တီရဏနဲ့ နေမယ်၊ သေရင်လည်းပဲဒါနဲ့သေမယ်။

ဒါဖြင့် ငရဲဘုံက စုတေတယ်ဆိုရင် အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏနဲ့ စုတေလိမ့်မယ်၊ အဲဒီငရဲဘုံက စုတေတဲ့လူဟာ ဘယ်ဘုံတွေ ရောက်နိုင် သလဲ၊ ဘယ်ပဋိသန္ဓေစိတ်တွေ ဖြစ်နိုင်သလဲ၊ ကိုင်း, ပြောစမ်း။

ဘယ်မှာကြည့်မလဲ၊ စုတိနောင် ပဋိသန္ဓေဆိုတဲ့ ခေါင်းစဉ်ထဲမှာ ကြည့်လိုက် ဘယ်စာပိုဒ်ကိုသုံးမလဲ၊ ကာမအဟိတ်ဒွိဟိတ် စုတိနောင် ကာမပဋိသန္ဓေတို့ ဖြစ်ကုန်၏၊ ဒါဖြင့် ငရဲကျပြီးတဲ့လူက ငရဲကလွတ်ပြီတဲ့၊ ဘယ်ဘုံမှာဖြစ်နိုင်သလဲ၊ ကာမပဋိသန္ဓေ ၁၀–ခုရှိတယ် မဟုတ်လား၊ အဲဒီ ၁၀–ခုမှာ သွားဖြစ်နိုင်တယ်ပေါ့။

ဒါဖြင့်ရင် ငရဲဘုံကလွတ်ပြီးတဲ့နောက် ငရဲဘုံလည်း ပြန်ကျချင်ကျမယ် ဆိုပါတော့၊ သို့မဟုတ် တခြားအပါယ် ၃–ဘုံလည်း ဖြစ်ချင်ဖြစ်မယ်၊ လူဖြစ်ချင် ဖြစ်မယ်၊ နတ်ဖြစ်ချင်ဖြစ်မယ်၊ အဲသလိုပေါ့၊ ဒါကြောင့် အဲသလို စမ်းကြမလား၊ home work ပေးလိုက်မယ်။

ဆိုပါတော့ ငရဲဘုံ၊ စုတိစိတ်၊ ဘာစိတ်နဲ့စုတိတယ်၊ ပြီးတော့ ပဋိသန္ဓေ နေမယ့်ဘုံ၊ ပဋိသန္ဓေစိတ် ၄–ချက်သွားလိမ့်မယ်၊ ဟုတ်ပြီလား၊ ဘုံ၊ စုတိစိတ်၊ ဘုံ၊ ပဋိသန္ဓေစိတ် (သိပ်ကပ်မရေးနဲ့) ငရဲဘုံကို ပထမလုပ်ကြည့်မယ်၊ ပထမဘုံအောက်က ငရဲလို့ ရေးလိုက်၊ ကဲ–သူက ဘာနဲ့သေမလဲ၊ အပါယ် ၄– ဘုံ ဆိုတော့ အကုသလ ဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏ၊ အဲဒီမှာ အတိုကောက်လေးရေး ,အ, ကဲ

ဘယ်ဘုံတွေမှာဖြစ်မလဲ၊ ကာမပဋိသန္ဓေလို့ ဆိုတယ်မဟုတ်လား၊ ကာမ ပဋိသန္ဓေ ဆိုကတည်းက ကာမ ၁၁–ဘုံမှာ ဖြစ်မယ်မဟုတ်ဘူးလား၊ ဒါဖြင့် ကာမ ၁၁ဘုံပေါ့။

ကာမ ၁၁–ဘုံမှာ ဘာပဋိသန္ဓေ စိတ်တွေဖြစ်မလဲ၊ အဟိတ်ပဋိသန္ဓေ ၂–ခု၊ ကာမဒွိဟိတ် ပဋိသန္ဓေ ၄–ခု၊ ကာမတိဟိတ် ပဋိသန္ဓေ ၄–ခု၊ ဆိုတော့ ၁၀–ခုဖြစ်မယ်ပေါ့၊ ဟုတ်ပြီလား။

**မေး** – ပဋိသန္ဓေစိတ်တွေကို အကျယ်တစ်ခေါက် ပြန်ပြောပါဘုရား။

**ဖြေ** – အဟိတ်ပဋိသန္ဓေစိတ် ၂–ခုက ကုသလဝိပါက်နဲ့ အကုသလဝိပါက် ဥပေက္ခာ သန္တီရဏ၊ ပြီးတော့ ကာမဒွိဟိတ် ပဋိသန္ဓေ ၄–ခု၊ မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ် ၄–ခုကို ဆိုလိုတယ်၊ ပြီးတော့ မဟာဝိပါက် ဉာဏသမ္ပယုတ် စိတ် ၄–ခု၊ ရှင်းရှင်းပြောရရင်တော့ မဟာဝိပါက်စိတ် ၈–ခုပါပဲ၊ ဒါပေမယ့် ဒီနေရာမှာ ခွဲပြောချင်တယ်၊ တိဟိတ်နဲ့ ဒွိဟိတ်ကို ခွဲခွဲပြီးပြောချင်တယ်။

ကိုင်း ပြန်ပြောလိုက်ဦးမယ်၊ ပထမဘာလဲ၊ ငရဲ၊ စုတိစိတ်က အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏ၊ ဖြစ်မယ့်ဘုံက ကာမ ၁၁–ဘုံ၊ ပဋိသန္ဓေ ၁၀–ပဲ၊ ရှင်းရှင်းကတော့ အကျဉ်းရေးချင်ရင် ဒါပဲ၊ သို့သော် စိတ်တွေထိအောင် သေသေချာချာ ရေးချင်တယ်ဆိုရင် အဟိတ်ပဋိသန္ဓေစိတ် ၂–ခု၊ အဲသလိုမှ မရေးချင်ရင် အကုသလဝိပါက် ဥပေက္ခာသန္တီရဏ, ကုသလဝိပါက် ဥပေက္ခာသန္တီရဏလို့ ရေးရလိမ့်မယ်၊ မဟာဝိပါက်ဉာဏဝိပ္ပယုတ်လို့ မရေးချင်ရင်ဒွိဟိတ်လို့ပဲ ရေးလိုက်တော့၊ မဟာဝိပါက်ဒွိဟိတ် ၄–ခု မဟာဝိပါက်တိဟိတ် ၄–ခု။

ဉာဏဝိပ္ပယုတ်နဲ့ ဒွိဟိတ်နဲ့ အတူတူပဲ၊ ဉာဏသမ္ပယုတ်နဲ့ တိဟိတ်နဲ့ အတူတူပဲ၊ ဒီနေရာမှာ ဒွိဟိတ်တိဟိတ်ဆိုတဲ့ စကားလုံးကို သုံးကြရအောင်။

**မေး** – ဝိပ္ပယုတ်က ဒွိဟိတ်၊ သမ္ပယုတ်က တိဟိတ်လား။

**ဖြေ** – ဟုတ်တယ်၊ ဉာဏ်နဲ့ယှဉ်ရင် တိဟိတ်လေ၊ ဉာဏ်နဲ့ မယှဉ်ရင် ဒွိဟိတ်။

ဒါကိုရပြီလား၊ ရရင် နောက်တစ်ဘုံဖြစ်တဲ့ တိရစ္ဆာန်ဘုံသွားမယ်၊ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်, အတူတူပဲ၊ အပါယ် ၄–ဘုံ ဒီအတိုင်းသွားမှာပဲ။

တိရစ္ဆာန်ဘုံ၊ အဲသလိုရေးလိုက် စုတိစိတ်၊ ဒါပါပဲ၊ ဖြစ်မယ့်ဘုံလည်းဒါပဲ၊ အဲဒီဘုံမှာဖြစ်မယ့် ပဋိသန္ဓေစိတ်လည်းဒါပဲ၊ အပါယ်၄–ဘုံစလုံး ဒီအတိုင်းသွားလိမ့်မယ်၊ ဇယားကွက်လေးလိုလုပ်ပြီးရေးခဲ့။

ကိုင်း, လူ့ဘုံလုပ်ကြည့်ရအောင်။

**မေး** – လူ့ဘုံက စတောမယ်တဲ့၊ ဘယ်စိတ်တွေနဲ့ စတောနိုင်လဲ။

**ဖြေ** – လူ့ဘုံကလည်း ငရဲနဲ့ ကပ်နေတယ်ဘုရား။

**မေး** – ဟုတ်တယ်လေ၊ တစ်ပြင်တည်းလိုဖြစ်နေတာ။

**ဖြေ** – ၁၉–ခုလုံး

**မေး** – လူ့ဘုံက အကုန်လုံးရတယ်၊ အကုန်လုံးရရင် ဟိုဘက်ကျတော့ ဘုံ ၃၁ ပေါ့, လူကတော့ သိပ်ကျယ်တယ်၊ ပဋိသန္ဓေအကုန်ပဲ၊ ခွဲရေးချင်ရင် ခုနလို တိဟိတ်တို့ ဒွိဟိတ်တို့ ခွဲရေးလို့ရပါတယ်၊ အဲသလိုတောင်ခွဲရင် ကောင်းမယ် ထင်တယ်။

ပြန်ခွဲလိုက်စမ်း၊ လူ့ဘုံနော်၊ အကုသလဝိပါက်သာမရတာ၊ ဒုဂ္ဂတိအဟိတ်သာမရတာ သုဂတိအဟိတ်မရတာ၊ အဲဒီတော့ ၁၉–မဟုတ်ဘူး၊ ၁၈၊ အသေးစိတ်သွားရင် အဲသလိုသွားရလိမ့်မယ်။

လူ့ဘုံ၊ သုဂတိအဟိတ် စုတိ, သုဂတိ စုတိနောင်, ကာမပဋိသန္ဓေပဲပေါ့၊ တစ်ခါ လူ့ဘုံ၊ ဒွိဟိတ်စုတိနောင်၊ ကာမပဋိသန္ဓေပဲ၊ လူ့ဘုံတိဟိတ်စုတိနောင်, ကာမတိဟိတ်စုတိနောင် ပြန်ကြည့်၊ ပဋိသန္ဓေအကုန်ရတယ်၊ ပဋိသန္ဓေအကုန်ရရင် ဘုံ ၃၁–ပေါ့၊ အဲဒါလေးကို ပြန်ပြန်ကြည့်ရင်း စိစစ်သွား။

လူ့ဘုံပြီးရင် စတုမဟာရာဇ်ဘုံ၊ စတုမဟာရာဇ်ဘုံမှာလည်းသုဂတိရှိတယ်, တိဟိတ်ရှိတယ်၊ ဒွိဟိတ်ရှိတယ်၊ တာဝတိံသာကစပြီး ပရနိမ္မိတ, ဝသဝတ္တီတိုင်အောင် သုဂတိ အဟိတ်မရှိဘူး၊ သူတို့ကျတော့ ဒွိဟိတ်နဲ့ တိဟိတ်ပဲရှိတယ်၊ ကာမဒွိဟိတ်နဲ့ ကာမတိဟိတ် နားလည်ပြီနော်။

ဗြဟ္မာဘုံနည်းနည်းပြောလိုက်မယ်၊ ပထမဈာန်၊ ၃–ဘုံဆိုပါတော့, စုတိက ပထမဈာန်စုတိပဲပေါ့၊ ပထမဈာန်ဝိပါက်ပဲပေါ့၊ ဟိုဘက်ဖြစ်မှာကျတော့ ရူပါဝစရ စုတိနောင် သဟိတ်ပဋိန္ဓေလို့ စာမှာပြောထားတယ်၊ အဲဒီတော့ သဟိတ် ပဋိသန္ဓေပဲ ရမယ်။

သဟိတ်ပဋိသန္ဓေပဲ ရမယ်ဆိုတော့ အောက်ဆုံးဘုံက ပြန်တက်မယ်ဆိုရင် သဟိတ်ပဋိသန္ဓေဆိုတဲ့ အဟွက်ကြောင့် လူ့ဘုံမရပေဘူးလား, ရမယ်၊ နတ်ပြည် ခြောက်ထပ်မရပေဘူးလား ရမယ်၊ ဗြဟ္မာဘုံမရပေဘူးလား, ရမယ်၊ ကုန်အောင် ကြည့်နော်, လူ့ဘုံဆိုပေမယ့် အောက်ကိုမကြည့်နဲ့၊ အထက်လည်းကြည့်ရမယ်၊ ဗြဟ္မာ့ဘုံဆိုရင်လည်း အောက်ကို မကြည့်နဲ့၊ အထက်လည်းကြည့်၊ အဲဒီအတိုင်း

သွားရမယ်။

ဒုတိယဈာန်ဘုံက လုပ်မယ်ဆိုရင်လည်း ဒီအတိုင်းသွားမယ်၊ ရူပစုတိနောင် ပဋိသန္ဓေဆိုထားတာကိုး၊ အဲဒီအတိုင်းသွားမယ်။

အရူပကျတော့ သတိထားရမယ်၊ အရူပကျတော့အောက်, အောက်ဘုံမပါ ရဘူး၊ အရူပပဋိသန္ဓေနှင့် ကာမတိဟိတ်ဆိုတော့ ရူပလည်း မပါရဘူး၊ ဆိုပါတော့, အာကာသာနဉ္စာယတနဘုံက စုတေမယ်ဆိုပါတော့၊ သေမှာက အာကာသာနဉ္စာယ တန ဝိပါက်စိတ်နဲ့သေမယ်၊ သူက ဘယ်ဘုံရောက်မလဲ၊ အာကာသာနဉ္စာယတနဘုံ ပါနိုင်တယ်၊ ပြီးတော့ ကာမတိဟိတ်၊ ရူပါဝစရမပါရဘူး။

ကောင်းပြီ၊ ဒုတိယဘုံဖြစ်တဲ့ ဝိညာဏာနဉ္စာယတနဘုံက စုတေမယ်တဲ့၊ ဝိညာဏာနဉ္စာယတနနဲ့ ကာမဝစရတိဟိတ် သုဂတိဘုံပဲသွားမယ်၊ အာကာသာနဉ္စာ ယတန မပါရဘူး။

အာကိဉ္စညာယတနဘုံက စုတေမယ်တဲ့၊ အာကိဉ္စညာယတနဘုံနဲ့အောက်ဆင်း၊ နေဝသညာနာသညာလည်း ဒီအတိုင်းပဲ။

အဲဒါကိုယ့်ဟာ ကိုယ်လုပ်နိုင်ရင်တော့ ပိုကျေတယ်၊ လုပ်နည်းသိပြီမဟုတ်လား၊ အဲဒီတော့ စုတိနောင် ပဋိသန္ဓေဆိုတဲ့ စာပိုဒ်လေးကိုကြည့်ပြီး အဲဒါနဲ့ နှိုင်းယှဉ်, နှိုင်းယှဉ်ပြီး လုပ်သွား, အဲသလိုဆိုရင်ကျေတယ်၊ စစ်စစ်ပေါက်ပေါက်လုပ်ရင် ပိုကောင်းတယ် home work ပေးဦးမယ်။

ကဲ–ဒါကစုတိနောင် ပဋိသန္ဓေနောင်းတာပါ၊ ဒါက ပုထုဇဉ်အနေနဲ့ပြောတာပါ၊ အရိယာကျရင် ဇယားကွက်တစ်ကွက်လာရလိမ့်မယ်၊ အရိယာအသာထားဦး, ရှုပ်ကုန်မယ်။

ကောင်းပြီ ဒါက စုတိနောင်ပဋိသန္ဓေတဲ့၊ နောက်တစ်ရွက်သွားလိုက်စမ်း၊ ဒီနေ့တော့ ပဥ္စမပိုင်းကုန်အောင် လုပ်ရလိမ့်မယ်။

ဘဝင်နှင့်စုတိတဲ့၊ ဒါက နောက်တုန်းကလည်း ပါပြီးသား နားလည်ပြီးသားပါ၊ ဒါပေမယ့် သင်္ဂြိုဟ်မှာ ပါနေတော့လုပ်ရမှာပဲ။

“ဆိုအပ်ပြီးသောနည်းဖြင့် (အခုပြောခဲ့တဲ့ စုတိ နောင် ပဋိသန္ဓေနည်းနဲ့ ပြောခဲ့ပြီးတဲ့) ပဋိသန္ဓေယူအပ်ပြီး သူတို့၏သန္တာန်၌ (ဘဝသစ် ပဋိသန္ဓေဖြစ်ပြီး ပဋိသန္ဓေယူတယ်ပေါ့) ပဋိသန္ဓေစိတ်ချုပ်ခြင်း၏ အခြားမဲ့မှ အစပြု၍ (ပဋိသန္ဓေချုပ်ပြီး ဟိုဘက်ကို တိုးသွားမယ်) ထိုပဋိသန္ဓေစိတ်၏ အာရုံကိုပင် အာရုံပြုကာ ထိုပဋိသန္ဓေ စိတ်သည်ပင် စုတိစိတ်ဖြစ်သည့်တိုင်အောင် ဝီထိစိတ်တို့ဖြစ်ခြင်း မရှိသော် ဘဝင်၏

အဖြစ်ဖြင့် မြစ်ရေအယဉ်ကဲ့သို့ မပြတ်ဖြစ်၏”တဲ့။

ဝါကျတော့ ရှည်တယ်၊ ရှင်းရှင်းကတော့ ပထမပဋိသန္ဓေစိတ်ဖြစ်တယ်၊ ပဋိသန္ဓေစိတ်ချုပ်ပြီးတဲ့နောက် အဲဒီပဋိသန္ဓေစိတ်ရဲ့ အာရုံကိုပဲ အာရုံပြုပြီးတော့ အဲဒီပဋိသန္ဓေစိတ်ပဲထပ်ဖြစ်တယ်၊ တစ်ဘဝလုံး ဖြစ်သွားတယ်။

တစ်ဘဝလုံးဆိုရာမှာ ဝီထိစိတ်မဖြစ်တဲ့အခါမှာ ဆိုလိုတယ်၊ ဝီထိစိတ်ဖြစ်ရင်တော့ သူမဖြစ်ဘူး။

အဲဒီတော့ ဒီပဋိသန္ဓေစိတ်ကပဲထပ်ဖြစ်တယ်ဆိုတော့ စကားအနေနဲ့ သုံးတာပေါ့၊ တကယ် ပဋိသန္ဓေစိတ်က ထပ်ဖြစ်တာမဟုတ်ဘူး၊ နောက်စိတ်တစ်ခုပဲ၊ ဒီပဋိသန္ဓေစိတ်နဲ့ တူတဲ့စိတ်ပဲ၊ ထပ်,ထပ်ဖြစ်ပြီးတော့ တစ်ဘဝလုံးဖြစ်သွားတယ်၊ ဒီစိတ်တွေဟာ စုတိစိတ်ဖြစ်သည့်တိုင်အောင်နဲ့ သေသည်တိုင်အောင် ဖြစ်မယ်တဲ့, ဖြစ်တော့ ဘယ်လိုအချိန်အခါမှာ ဖြစ်မလဲ၊ ဝီထိစိတ်တို့ဖြစ်ခြင်း မရှိသော်(ဝီထိစိတ်တို့မဖြစ်တဲ့အခါမှာ) သူက ဝီထိမုတ်စိတ် မဟုတ်ဘူးလား၊ ပဋိသန္ဓေစိတ် ဘဝင်စိတ်ဆိုတာ ဝီထိမုတ်၊ ဝီထိဖြစ်တဲ့အခါမှာ သူမဖြစ်ဘူး၊ ဘဝင်၏ အဖြစ်ဖြင့်ဖြစ်မယ်၊ အဲဒီအခါကျတော့ သူ့ကို ပဋိသန္ဓေလို့ ခေါ်ရဦးမလား၊ မခေါ်တော့ဘူး, ဘဝင်စိတ်လို့ ခေါ်မယ်၊ အမှန်တော့ ပဋိသန္ဓေစိတ်ပါပဲ။

နောက်ဖြစ်တဲ့ ဘဝရဲ့ တစ်လျှောက်လုံးမှာ ဖြစ်တဲ့စိတ်မို့ ဘဝင်စိတ်လို့ခေါ်မယ်၊ မြစ်ရေအယဉ်ကဲ့သို့ မပြတ်ဖြစ်၏၊ ဒါ ခုနပြောသလိုပေါ့ ဝီထိစိတ်ဖြစ်တဲ့အခါ သူကပြတ်ပြတ်သွားတာပေါ့၊ တန့်တန့်သွားတာပေါ့၊ ဒါကြောင့် အတီတဘဝင်, ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ ပြီးရင်ဘာလဲ၊ ဝီထိစိတ်တွေသွားပြီ။

ဝီထိစိတ်တွေလည်း ကုန်ရော၊ သူက အမြဲတမ်း ပြန်, ပြန်လာတယ်၊ ဒါကြောင့်မို့ မြစ်ရေအယဉ်ကဲ့သို့ မပြတ်ဖြစ်၏တဲ့။

ဘဝ၏အဆုံး၌လည်း စုတေသည်၏အစွမ်းဖြင့် စုတိစိတ်ဖြစ်၍ချုပ်၏၊ အဲဒီပဋိသန္ဓေစိတ်ကပဲ ဘဝတစ်ခုဆုံးတဲ့အခါကျတော့ စုတိစိတ်ဆိုပြီး ဖြစ်ပြန်တယ်၊ သူပဲဖြစ်တာပဲ။

တကယ်တော့ အဲဒီစိတ်က ပြန်ဖြစ်တာမဟုတ်ဘူး၊ အဲဒီစိတ်နဲ့ အလားတူတဲ့စိတ်ဖြစ်တာကိုပဲ အဲဒီစိတ်ထပ်ဖြစ်တယ်လို့ ကျမ်းဂန်မှာဒီလိုသုံးတယ်။

အဲဒါဟာ ဘာနဲ့တူသတုန်းဆိုရင် ရှေးတုန်းက ဘုန်းကြီးတွေကို ကိုရင်ဦးဇင်းတွေက ဆေးကပ် ရတယ်မဟုတ်လား၊ ဟော မနေ့က ဆေးလေးကပ်စမ်းပါဦးကွာလို့ ပြောတယ်၊ တကယ်တော့ မနေ့က ဆေးနဲ့ အလားတူတဲ့ ဆေးကပ်တာကိုပဲ

မနေ့ကဆေးလေး ကပ်စမ်းပါဦး ပြောတာမျိုးလို ပဋိသန္ဓေစိတ်သည်ပင် ဘဝင်စိတ်ဖြစ်တယ်, စုတိစိတ်ဖြစ်တယ်, ဒီလိုဆိုတာ၊ တကယ့်ကို ပဋိသန္ဓေစိတ်က ဘဝင်စိတ်တကယ်ပြောင်းပြီး ဖြစ်သွားတာမဟုတ်ဘူး၊ သို့သော် သူနဲ့တူတဲ့စိတ်, အလားတူတဲ့စိတ်ဖြစ်တာကိုပဲ ထိုစိတ်သည်ပင်လျှင် ဖြစ်တယ်လို့ ဒီလိုကျမ်းဂန်တွေမှာသုံးတယ်။

မနေ့ကဆေးလေး ကပ်စမ်းပါဦး ပြောတာ လူတွေလည်း ဒီလိုပြောကြတာပဲ မနေ့ကဆေးလေး ငါစားရဦးမယ်၊ ဒါပေမယ့် မနေ့က ဆေးဘယ်ရှိတော့မလဲ။

အဲဒီစိတ်ကို ဘာကြောင့် ဘဝင်ခေါ်သလဲ၊ အောက်နားမှာကြည့် ဘဝင်ဆိုတာ ပါဠိလို ဘဝင်္ဂ၊ ဘဝ၏အကြောင်းဖြစ်လို့ သူ့ကို ဘဝင်လို့ခေါ်တယ်၊ အကယ်၍ ဘဝင်စိတ်မဖြစ်ဘူးဆိုရင် ဝီထိစိတ်ဖြစ်ပြီးတဲ့နောက် စိတ်အစဉ် ပြတ်သွားပြီး လူဟာ သေရတော့မှာပေါ့၊ ဘဝမရှိနိုင်တော့ဘူးပေါ့၊ ဘဝင်စိတ်ကဝင်ပြီးဖြစ်ဖြစ်ပေးနေလို့ ဦးဇင်းတို့မှာဘဝကြီးရှည်နေတာ၊ မသေပဲနဲ့ ဆက်,ဆက် ဖြစ်နေတာ၊ ဒါကြောင့်မို့ ဒီစိတ်ကို ဘဝရဲ့ အကြောင်းဖြစ်တဲ့စိတ်၊ အဆက်မပြတ်ဖြစ်နေတဲ့စိတ်ရဲ့အကြောင်းဖြစ်တာမို့ ပါဠိလို ဘဝင်္ဂလို့ခေါ်တယ်၊ ဘဝင်္ဂဆိုတာ ဘဝ+အင်္ဂ, ဘဝက ဘဝ၊ အင်္ဂက ဒီနေရာမှာ အကြောင်းလို့ဆိုလိုတယ်။

အင်္ဂဆိုတာအစိတ်အပိုင်းကိုလည်း ဆိုလိုတယ်၊ ကိုယ် အင်္ဂါဆိုရင် ကိုယ့်ရဲ့ အစိတ်အပိုင်းဆိုရင်လည်းရတယ်၊ ဘဝရဲ့အစိတ်အပိုင်း၊ ဒီနေရာမှာတော့ အစိတ်အပိုင်းဆိုတာ အကြောင်းဖြစ်တဲ့ အစိတ်အပိုင်း, သူမရှိရင် ဘဝပြတ်သွားပြီ၊ သူဝင်ဝင်ပြီးဖြစ်ပေးနေ တဲ့အတွက်ကြောင့် ဒီဘဝကြီးဟာ အဆက်မပြတ် မြစ်ရေအယဉ်ကဲ့သို့ သွားနေတယ်။

ဘဝင်ကို ဘာကြောင့် ဘဝင်ခေါ်သလဲမေးရင် ဘဝင်စိတ်ဟာ ဘဝရဲ့အကြောင်းဖြစ်တဲ့အတွက်ကြောင့် ဘဝင်လို့ခေါ်တယ်၊ အမှန်ကတော့ ဘဝင်စိတ်ဟာ ပဋိသန္ဓေစိတ်နဲ့ အလားတူတဲ့စိတ်ပဲ၊ အကယ်၍ ပဋိသန္ဓေစိတ်က မဟာဝိပါက် ပထမစိတ်ဆိုရင် ဘဝင်စိတ် ကလည်း မဟာဝိပါက် ပထမစိတ်ပဲ။

အဲဒီစိတ်တွေဟာ ဘယ်သူ့ကြောင့်ဖြစ်တာကုန်း၊ ဝိပါက်စိတ်လို့ ဆိုတဲ့အတွက်ကြောင့် ကံကြောင့်ဖြစ်တာပေါ့၊ ကံဟာ ဘယ်လောက်သတ္တိရှိတယ်ထင်သလဲ၊ ပဋိသန္ဓေစိတ်ဖြစ်စေရုံနဲ့ ပြီးတာမဟုတ်ဘူး၊ ဘဝင်စိတ်တွေ စုတိစိတ်တွေ ဝိပါက်စိတ်တွေကလည်း သူ့ကြောင့်ဖြစ်တာ။

"ထိုစုတိစိတ်မှ နောက်၌လည်း ရထားဘီးကဲ့သို့ အစဉ်အတိုင်းသာလျှင် အဆက်ဆက်လည်ကုန်လျက် ဖြစ်ကုန်၏" အဲဒီစုတိပြီးတဲ့နောက် တတိယဘဝ

ပဋိသန္ဓေသွားပြန်ဦးမှာပေါ့၊ သွားပြန်ပြီ၊ ပဋိသန္ဓေဘဝင်၊ ဝီထိစိတ်၊ ဘဝင်၊ ဝီထိစိတ်၊ စုတိစိတ် အဲသလို သွားနေတာကို ဝဋ် သံသရာစက်လို့ ခေါ်တာပေါ့။

စက်ဆိုတာ machine ကို ပြောတာမဟုတ်ဘူး၊ သံသရာစက်ဆိုတာက wheel ကိုပြောတာ၊ အဆက်မပြတ်သွားနေတာ၊ တစ်ခုပြီးတစ်ခု ဆက်နေတာ၊ ဘဝင်၊ စုတိ၊ ပဋိသန္ဓေ၊ အဲသလို သွားနေတာ၊ ဒါကြောင့်မို့ သံသရာစက်ကြီးဟာ လည်နေတယ်၊ မပြတ်နိုင်ဘူး၊ ဒါက သံသရာစက်လည်ပုံပေါ့။

"ဤဘဝ၌ ပဋိသန္ဓေ၊ ဘဝင်၊ စုတိတို့ဆက်ကာဆက်ကာ ဖြစ်ကုန်သကဲ့သို့ ထို့အတူဘဝတစ်ပါး၌ တစ်ဖန် ပဋိသန္ဓေဘဝင်အစရှိသော ဤစိတ်အစဉ်သည် ဆက်ကာဆက်ကာဖြစ်၏" ဒါပေါ့၊ ဒီဘဝမှာ ပဋိသန္ဓေ၊ ဘဝင်စုတိဖြစ်ပြီးနောက် ဘဝမှာ ပဋိသန္ဓေ၊ ဘဝင်၊ စုတိ၊ ဒါကိုပဲ သံသရာလို့ခေါ်တာပေါ့။

သံသရာအဆက်မပြတ် တစ်ဘဝပြီးတစ်ဘဝ ဖြစ်နေတာကို ဝဋ်လို့လဲခေါ်တာပေါ့၊ ဝဋ္ဋဆိုတာပါဠိစကား၊ လည်တာလို့လည်းခေါ်တယ်၊ ဝဋ်ခံရတဲ့ ဝဋ်ကတစ်မျိုးပေါ့၊ ဒီသံသရာဝဋ်လို့ပြောတာက ဝဋ်သုံးပါးစသည်ကိုပြောတာရှိတယ်၊ လည်တယ်ဆိုတာကို ဆိုလိုတယ်၊ ဒါက သံသရာဖြစ်ပုံပေါ့လေ။

ဒါဖြင့် ဒီသံသရာကြီးဟာ အမြဲတမ်းဖြစ်နေသလား၊ ဒီသံသရာစက်ကြီးကို သံသရာဘီးကြီးကို ပြတ်သွားအောင်လုပ်လို့မရဘူးလား၊ ဒီလို ဆက်ကာဆက်ကာ ဖြစ်နေတာကို ဖြတ်လို့ မရဘူးလားဆိုတော့ ဖြတ်လို့ရပါတယ်တဲ့၊ ဒါဟာ မြတ်စွာဘုရားရဲ့ (consolation) ပေးတာပေါ့။

အကယ်၍သာ ဒီသံသရာကြီးဟာ လွတ်မြောက်ကိန်းမရှိဘူးဆိုရင် အတော်အားငယ်စရာကောင်းတာပေါ့၊ ဒုက္ခတွေ တစ်သက်လုံး တစ်သံသရာလုံး အမြဲတမ်းခံသွားရမယ့်သဘောရှိတယ်၊ ဒါကို မြတ်စွာဘုရားက သံသရာပြတ်အောင်လုပ်လို့လည်းရတယ်၊ သံသရာပြတ်ကိန်းလည်းရှိတယ်၊ အဲဒီသံသရာပြတ်ကိန်းကိုလည်း မြတ်စွာဘုရားက ဟောတော်မူခဲ့တယ်။

ဒါကြောင့်မို့ ဦးဇင်းတို့ ဗုဒ္ဓဘာသာကို အဆိုးကြည့်တယ်လို့ ချည်းပြောတာဟာ မမျှမတဝေဖန်တာ၊ သူတို့က မင်းတို့ ဗုဒ္ဓဘာသာဟာ ဒုက္ခချည်း ပြောတယ်လို့ ပြောကြတယ်၊ အမှန်ကတော့ ဒါက အမှန်ကိုကြည့်တာ၊ အမှန်အတိုင်းမြင်တာ၊ ဒါကို (Pessimism) လို့ ပြောလို့မရဘူး။

တကယ်ပဲ မြတ်စွာဘုရားအနေနဲ့ ကြည့်လိုက်တဲ့အခါမှာ ဒုက္ခကို တကယ်မြင်လာတယ်၊ ဒုက္ခမှအလွန်သိမ်မွေ့တဲ့ ဒုက္ခအထိ မြင်လာတယ်၊ ဒါကို ကောင်းပါ

တယ်လို့ မြတ်စွာဘုရားအနေနဲ့ ဘယ်လိုလုပ် ပြောနိုင်မလဲ၊

ဆေးသမားတစ်ယောက်ဟာ လူနာတစ်ယောက်ကို စစ်ဆေးပြီး ရောဂါကို တွေ့နေပြီတဲ့၊ အဲဒါကို မင်းမှာ ရောဂါမရှိဘူး၊ မင်း အခြေအနေကောင်းပါတယ်လို့ ဘယ်ဆရာဝန်ပြောဝံ့မလဲ၊ မင်းမှာ ရောဂါရှိနေပြီလို့ မပြောချင်ပေမယ့် ပြောရတော့မှာပဲ။

အဲဒီအတိုင်းပဲ၊ မြတ်စွာဘုရားကလည်း လောကကြီးကို ကြည့်လိုက်တဲ့အခါမှာ ဒုက္ခတွေကို တွေ့တော့ လောကကြီးဟာ ဆင်းရဲအပြည့်ပဲ, ဒုက္ခချည်းပဲလို့ ပြောကို ပြောရမှာပဲ၊ ရှောင်လို့ကိုမရဘူး။

ဒါပေမယ်လို့ မြတ်စွာဘုရားက အဲဒီအနေအထားမှာတင် ရပ်ရင်တော့ ဟုတ်တယ်ပေါ့, အားငယ်စရာကြီးပေါ့, ဆင်းရဲဒုက္ခမှာတင်ရပ်နေတာကို၊ ဆင်းရဲက လွတ်အောင် မပြောရင်တော့ ခုနပြောသလို မင်းမှာရောဂါတော့ရှိတယ်၊ ပျောက်လမ်း မရှိဘူး ဆိုရင်တော့ ဒုက္ခပဲ။

ဘုရားက ဒီလိုမဟုတ်ဘူး၊ ဒီရောဂါပျောက်နိုင်တယ်လို့ပြောတယ်၊ ပျောက်နိုင်တာတော့ဟုတ်ပြီ၊ ပျောက်နိုင်တဲ့နည်းလမ်းတော့ ရှိသလားလို့ ဒီလိုလာရဦးမှာကို၊ မြတ်စွာဘုရားက နည်းလမ်းလည်းရှိတယ်လို့ ပြောတယ်။

အဲသလို စနစ်တကျ ထိုးထွင်းသိမြင်ပြီး ဟောထားတာဖြစ်လို့ Pessimism ဟုတ်ကို မဟုတ်ဘူး၊ အမှန်ကို အမှန်အတိုင်းမြင်တာ၊ မကောင်းလို့ မကောင်းဘူးပြောတာဟာ အမှန်အတိုင်းပြောတာ။

အမှန်အတိုင်းပြောပြီးတဲ့နောက် ဒီဆင်းရဲကြီးထဲက ဒီမကောင်းတာကြီးထဲက လွတ်အောင်လုပ်လို့ ရသေးတယ်, လွတ်နိုင်တယ်, လွတ်မြောက်မှုဆိုတာရှိတယ်၊ ဒါဟာ တတိယသစ္စာ။

အဲဒီလွတ်မြောက်မှုရှိတာကတော့ ဟုတ်ပြီ၊ လွတ်မြောက်မှုကို သွားရတဲ့ လမ်းကော ရှိပါသလား၊ လွတ်နည်းကော ရှိပါသလား၊ ဒီရောဂါပျောက်နိုင်တယ်လို့တော့ ပြောပြီး၊ ဆေးကော ဘယ်မှာလဲဆိုတဲ့ သဘောလေ။

အဲဒါကို မြတ်စွာဘုရားက မဂ္ဂင်ရှစ်ပါး, မဂ္ဂသစ္စာကို ဟောတော်မူတယ်၊ ဒါကြောင့်မို့ မြတ်စွာဘုရားရဲ့ သစ္စာလေးပါး ဒေသနာဟာ လောက ဥပမာနဲ့ ပြောမယ်ဆိုရင် သမားတော်ကြီးတွေနဲ့ အလွန်တူတယ်။

ပထမရှာဖွေလိုက်တဲ့အခါမှာ ရောဂါတွေ့လာတယ်၊ အဲသလိုရောဂါတွေ့ပြီး တဲ့နောက် ဒီရောဂါဘာကြောင့် ဖြစ်ရတယ်ဆိုတာ သမားတော်တွေအနေနဲ့ သိရတယ်။

ထို့အတူပဲ မြတ်စွာဘုရားက ဒုက္ခဆိုတဲ့ ရောဂါကြီး ဘာကြောင့်ဖြစ်လာသလဲ သမုဒယ, တဏှာလောဘအရင်းခံပြီး အဝိဇ္ဇာပါတယ်ပေါ့၊ အဲသလို တဏှာလောဘကြောင့် ဒုက္ခဆိုတာကြီး ပေါ်လာတယ်၊ ဒါကိုပဲ မြတ်စွာဘုရားက ဖော်ထုတ်နိုင်တယ်။

ကောင်းပြီ, အဲဒါဒုက္ခရဲ့ အကြောင်းလည်းဟောလို့သိရပြီ၊ ဒုက္ခဆိုတာလည်း သိပါပြီ၊ ဒါဖြင့် ဒီဒုက္ခလွတ်မှုကော ရှိနိုင်လား၊ ခုနပြောသလို ရောဂါလည်းပြောပြီ၊ ရောဂါ အကြောင်းလည်းသိပြီ၊ ဒီရောဂါ ဘာကြောင့်ဖြစ်တယ်ဆိုတာလည်းပြောပြီ၊ ကိုင်း ဒီရောဂါပျောက်နိုင်ပါ့မလား၊ ပျောက်နိုင်တာများ ရှိသလားဆိုတော့ မြတ်စွာဘုရားက "ရှိတယ်၊ ဒါဟာ နိဗ္ဗာန်ပေါ့"တဲ့။

အဲဒီတော့ ဒုက္ခနဲ့သမုဒယသိပြီး အားငယ်နေတဲ့ သတ္တဝါတွေကို အားပေးတဲ့ အနေနဲ့ လွတ်မြောက်မှုဆိုတာရှိတယ်လို့ ပြောလိုက်တယ်၊ ပြောပြီးတဲ့နောက် အဲဒီ လွတ်မြောက်မှုကိုလိုချင်ရင် တပည့်တော်တို့ ဘာလုပ်ရမလဲ, ဆေးကောရှိပါသလား ဆိုတော့ ရော့–ဒီဆေးစား, မဂ္ဂင်ရှစ်ပါးဆိုတဲ့ဆေးကို မြတ်စွာဘုရားက ပေးသနားတော်မူတယ်။

အဲဒီမဂ္ဂင်ရှစ်ပါးဆေးကို တကယ်ကျကျနန စားသုံးမယ်ဆိုရင်မြတ်စွာဘုရား ဟောတော်မူတဲ့အတိုင်း ဒီဒုက္ခကြီးကို ကုစားနိုင်မှာပေါ့၊ ဆေးတော့ပေးပါရဲ့, ဆေးကောင်းတော့ ရှိပါရဲ့၊ ကိုယ်က ညွှန်ကြားတဲ့အတိုင်း မစားရင် ရောဂါမပျောက်နိုင်ဘူး၊ ဒါကြောင့်မို့ မြတ်စွာဘုရား ဟောတော်မူတဲ့အတိုင်း အားထုတ်ဖို့လည်း အရေးကြီးတယ်ပေါ့။

ကောင်းပြီ, သံသရာစက်ပြတ်ကိန်းတဲ့၊ "တိဟိတ် ပဋိသန္ဓေပင်ကိုယ်ဉာဏ် ရှိသူတို့သည် (ဒါကလည်း အရေးကြီးတယ်၊ တိဟိတ်ပဋိသန္ဓေမနေခဲ့ရင် ဒီဘဝမှာ မဂ်, ဖိုလ်, နိဗ္ဗာန် မရနိုင်ဘူး) ကြာမြင့်စွာသော ကာလပတ်လုံး (ဒါကတော့ အကြာကြီးဆိုပါတော့) သီလအကျင့်, စတင်အကျင့်, သမာဓိအကျင့်နှင့် ပြည့်စုံကြကုန်သည်ဖြစ်၍ အဲဒီတော့ မြတ်စွာဘုရားရဲ့ လေ့ကျင့်ရာက သီလ, သမာဓိ, ပညာ, သီလပါပဲနဲ့ သမာဓိမဖြစ်ဘူး၊ သမာဓိမဖြစ်ပဲနဲ့ ပညာမပေါ်လာဘူး၊ ဒီသုံးချက်ဟာ တစ်ဆင့်ကို အမှီပြုပြီးဖြစ်ရတယ်။

ဒါကြောင့်မို့ သီလအကျင့်ကို ကျင့်တယ်၊ ငါးပါးသီလ, ရှစ်ပါးသီလ ဆယ်ပါး သီလ, ရဟန်းသီလ, ဒီထက်ပိုပြီး သီလကို ပိုဖြူစင်အောင် တောက်ပြောင်သွားအောင်ဆိုပြီး စတင်ဆိုတဲ့အကျင့်ကို ကျင့်ပြန်တယ်၊ ဧကသနိတ်စားတယ်၊ ပတ္တပိုဏ်စားတယ် ဆိုတာ ရှိတယ်၊ လူတွေလည်း အဲဒါတွေကျင့်လို့ရတယ်။

ကောသနိတ်စားတယ်ဆိုတာ တစ်ထိုင်ထဲစားတာ၊ တစ်နေ့လုံးမှာထိုင်နေရာက ထလိုက်ရင် ဒီနေ့ မစားတော့ဘူး၊ ပတ္တပိုရ်ဆိုတာ တစ်ခွက်ထဲမှာစားတာ၊ ဒါလူ တွေလည်း စားလို့ရတယ်။

အဲသလို သီလအကျင့်, ဓုတင်အကျင့်ပြီးရင် သမာဓိအကျင့်ဆိုတာ တရား အားထုတ်တာ, ကမ္မဋ္ဌာန်းထိုင်တာကို ဆိုလိုတာ၊ အဲဒီအကျင့်တွေနှင့် ပြည့်စုံကြ ကုန်သည်ဖြစ်၍ (ဒီလိုကျင့်ရင်တဲ့) ဆိုအပ်ပြီးသောဝဋ်ဖြစ်ပုံကို မမြဲသော တရားဟု ဝိပဿနာဉာဏ်ဖြင့် ထင်ရှားစွာသိကုန်ပြီးလျှင် (တရားအားထုတ်လာတဲ့အခါ ကျတော့ သမာဓိရလာပြီးရင် အဲဒီ ဝိပဿနာဉာဏ်ဆိုတာလည်း ပေါ်လာတာပဲ။ သူ့ကို ပေါ်ပါစေ ပေါ်ပါစေ ဆုတောင်းနေလို့ ပေါ်လာတာမဟုတ်ဘူး၊ ဝိပဿနာဉာဏ် ဆိုတာ သမာဓိဖြစ်ရင် ပေါ်လာတာပဲ၊ အဲဒီတော့ ဝိပဿနာဉာဏ်ဖြစ်ဖို့ရာမှာ သမာဓိ အရေးမကြီးဘူးလား၊ ဝိပဿနာဆိုတာ အမှန်အတိုင်း သိမြင်တဲ့ဉာဏ်၊ အမှန်အတိုင်း သိမြင်တဲ့ဉာဏ်ရဖို့ရာ သမာဓိ အရေးကြီးတယ်၊ သမာဓိတည်သွားတာနဲ့ တစ်ပြိုင်နက်, စိတ်တည်သွားတာနဲ့ တစ်ပြိုင်နက် ရုပ်နာမ် သဘောကို ထိုးထွင်းပြီး သိသွားတာပဲ၊ ဒါကို မမြဲသော တရားဟု သိတယ်။)

မမြဲသော တရားလို့ သိရင် ဆင်းရဲသောတရားလို့လည်း သိသွားတော့တာပဲ၊ မမြဲဘူး, ဆင်းရဲတယ်ဆိုတာသိရင် အစိုးမရဘူး, အနှစ်သာရမရှိဘူးဆိုတာ အတ္တကောင် မဟုတ်ဘူးဆိုတာလည်း အလိုလိုပေါ်သွားတော့တာပဲ၊ ဒါကြောင့်မို့ အနိစ္စ, ဒုက္ခ အနတ္တမှာ အနိစ္စမြင်ရင် ဒုက္ခနဲ့ အနတ္တလည်း မြင်သွားတော့တာပဲ၊ ဒုက္ခမြင်ရင်လည်း ဒီအတိုင်းပဲ၊ တစ်ခုမြင်ရင် တခြားဟာတွေလည်းမြင်တော့တာပဲ၊ အကုန်လုံး ဆက်သွယ်နေ ကြတာကိုး။

ဒါကြောင့်မို့ အဲသလို သမာဓိအကျင့်ကို ကျင့်လို့ သမာဓိရပြီးရင် ဝဋ်ဖြစ်ပုံ ကို မမြဲသောတရားလို့သိတဲ့ ဝိပဿနာဉာဏ်လည်း ပေါ်လာလိမ့်မယ်၊ ဝိပဿနာ ဉာဏ်နဲ့ ပေါက်မြောက်သိမြင်လာလိမ့်မယ်၊ အဲသလိုသိပြီးရင်တဲ့။

"စုတေရွေ့လျောသေရခြင်း သဘောမရှိသော နိဗ္ဗာန်ကို မဂ်ဉာဏ်ဖိုလ်ဉာဏ် ဖြင့် မျက်မှောက်သိမြင်၍ (ဝိပဿနာဉာဏ်အဆင့်ဆင့် တက်အောင် အားထုတ်သွား တဲ့အခါမှာ ဝိပဿနာဉာဏ်ရင့်ကျက်လာတဲ့အခါမှာ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြစ်လာတယ်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ် ဖြစ်တယ်ဆိုရင် နိဗ္ဗာန်ကို တိုက်ရိုက်မြင်တယ်၊ တိုက်ရိုက် မျက်မှောက်ပြုတယ်လို့ဆိုတယ်၊ ဒါကြောင့်မို့–

"စုတေရွေ့လျော သေရခြင်း သဘောမရှိသောနိဗ္ဗာန်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ်

ဖြင့် မျက်မှောက်သိမြင်၍ တဏှာအစေး အနှောင်အဖွဲ့ကို ကောင်းစွာဖြတ်လျက်” (တဏှာအစေးလေးရှိရင် ကပ်နေဦးမှာကိုး၊ တဏှာအနှောင်အဖွဲ့ လေးရှိနေသေးရင် သံသရာကြီးက မလွတ်နိုင်သေးဘူး၊ တွယ်တာမှု စွဲလန်းမှုလေးတွေ ရှိနေသေးရင် မလွတ်နိုင်သေးဘူးပေါ့။)

အဲသလို မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုလိုက်တယ်ဆိုရင်ပဲ ဒီတဏှာအစေး, တဏှာအနှောင်အဖွဲ့ရှိသေးလား မရှိတော့ဘူး၊ ရဟန္တာဖြစ်ရင်ပေါ့လေ၊ တဏှာကို အကြွင်းမဲ့ ပယ်သတ်လိုက်တာ။

“အဲသလို တဏှာအစေး အနှောင်အဖွဲ့ကို ကောင်းစွာဖြတ်လျက် သင်္ခါရတို့ ငြိမ်းရာ နိဗ္ဗာန်အအေးဓာတ်သို့ ရောက်ကြကုန်လတ္တံ့.”

အဲသလို တရားအားထုတ်သွားမယ်ဆိုရင် သင်္ခါရတို့ရဲ့ အေးငြိမ်းရာဖြစ်တဲ့ (သင်္ခါရဆိုတာရုပ်နာမ်သဘာဝကို ပြောတာ၊ အဲဒီဖြစ်ပျက်တွေ နှိပ်စက်ခံနေရတဲ့ သဘောရှိတာကြောင့် ပူလောင်တဲ့သဘောရှိတယ်) အဲဒီသင်္ခါရတွေ ချုပ်ငြိမ်းသွားတဲ့ နိဗ္ဗာန် အအေးဓာတ်ကို ရောက်ပါလိမ့်မယ်တဲ့။

ဆိုလိုတာကတော့ မြတ်စွာဘုရားရဲ့ သီလ, သမာဓိ, ပညာ ဒီကျင့်စဉ်သုံးမျိုးကို ကျင့်ရမယ်၊ ပထမဆုံး သီလဖြူစင်အောင် အားထုတ်ရမယ်၊ သီလဖြူစင်တယ်ဆိုရင် ဓုတင်အကျင့်တွေကျင့်နိုင်လည်းကျင့်ဦး၊ ပြီးရင် သမာဓိလုပ်ငန်းလုပ်ပါ, သမာဓိ လုပ်ငန်း လုပ်လို့ သမာဓိရလာပြီဆိုရင် ပညာဆိုတဲ့ အသိဉာဏ် အလိုလိုပေါ်လာမယ်။

ရုပ်နာမ်ရဲ့ သင်္ခတ လက္ခဏာလေးဆိုတဲ့ အနိစ္စ, ဒုက္ခ, အနတ္တသဘောတရားကို ကေန်မြင်လာမယ်၊ မြင်လာရင် အနိစ္စ ဒုက္ခ အနတ္တကို သိနေရင် အနိစ္စ, ဒုက္ခ, အနတ္တဖြစ်နေတာတွေကို လိုချင်တဲ့စိတ် ရှိပါဦးမလား, မလိုချင်တော့ဘူးပေါ့၊ ငြီးငွေ့တဲ့စိတ်တွေ ဖြစ်ပေါ်လာပြီပေါ့၊ ငြီးငွေ့တဲ့စိတ်ဖြစ်ရင် ဒီဟာတွေ လွတ်ချင်လာတာပေါ့၊ လွတ်ချင်ရင် လွတ်အောင် လုပ်တယ်ပေါ့၊ လွတ်အောင်လုပ်ရင်လွတ်တဲ့ဆီ ရောက်တယ်ပေါ့၊ အဲသလို ဝိပဿနာဉာဏ်အဆင့်ဆင့် တက်ပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ရောက်တယ်ပေါ့၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရောက်ရင် နိဗ္ဗာန်ကို အာရုံပြုပြီးတော့ ကိလေသာကိုလည်း ပယ်တော့တယ်၊ တဏှာအစေးဆိုတာက တဏှာတင်မကဘူး၊ အကုန်လုံးပါတာပေါ့။

တဏှာကတော့ ဘဝတစ်ခုနဲ့တစ်ခု ဆက်စပ်တဲ့သဘောဆိုတော့ သူက အနှောင်အဖွဲ့အစေးဆိုပြီးတော့ ဒီမှာ အရေးကြီးတဲ့ တဏှာကိုပြောထားတယ်။

အဲဒီတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြစ်တယ်ဆိုတာနဲ့ တစ်ပြိုင်နက် နိဗ္ဗာန်

မျက်မှောက်ပြုပြီးတော့ ကိလေသာကိုလည်း ပယ်တော့တယ်၊ အထူးသဖြင့် မဂ်ဉာဏ်ပေါ့၊ အဲသလို တဏှာအစေး အနှောင်အဖွဲ့ကိုပယ်ပြီးရင် သခ်ါရတို့ရဲ့ ငြိမ်းရာ နိဗ္ဗာန် အအေးဓာတ်ရောက်တော့တာပဲ၊ ရဟန္တာဖြစ်ပြီးတဲ့နောက် မသေခင် လည်းပဲ သဉပါဒိသေသဆိုတဲ့ နိဗ္ဗာန်ခံစားရတယ်ပေါ့၊ ရဟန္တာဖြစ်ပြီးတဲ့နောက် ပရိနိဗ္ဗာန်ပြုရင်လည်း အနုပါဒိသေသဆိုတဲ့ နိဗ္ဗာန်ဓာတ်ဖြစ်မယ်၊ အဲသလို နိဗ္ဗာန် အအေးဓာတ်ကို ရောက်ပါလိမ့်မယ်၊ အဲဒါ သံသရာစက်ပြတ်အောင် လုပ်တဲ့ကိန်းတဲ့။

အဲဒီတော့ သံသရာဖြစ်အောင်က အထူးလုပ်စရာမလိုဘူး၊ သူ့ဟာသူဖြစ်ပြီး သား၊ သံသရာစက်ပြတ်အောင်ဆိုရင်တော့ မြတ်စွာဘုရားရဲ့ နည်းလမ်းကိုလိုက်ရမယ်၊ သီလ, သမာဓိ, ပညာ လုပ်ရမယ်၊ ဒီနည်း မလုပ်ပဲနဲ့တော့ ဗုဒ္ဓဘာသာအမြင်နဲ့ တော့ သံသရာပြတ်တဲ့ကိစ္စမရှိဘူး။

တချို့တွေက မကြိုက်ကြဘူး၊ သတိပဋ္ဌာန်တရားဟာ တစ်ခုတည်းသော လမ်းဆိုရင် ဒီ(အမေရိကန်)က လူတွေက ဘာလဲ, ညီညီညွတ်ညွတ် ရှိရမှာပေါ့၊ ဘုရားက ဒီလိုမပြောပါဘူး၊ ပြောမှာမဟုတ်ပါဘူးလို့ လုပ်ကြတယ်၊ အဲဒါတွေလည်း တွေ့ရတယ်။

တစ်ခုတည်းသောလမ်းဆိုတာလည်းဟုတ်တယ်၊ တစ်ကြောင်းတည်းသောခရီး အမှာမရှိတဲ့ခရီးလို စသည်ဖြင့် ဖွဲ့ဆိုထားတာတွေရှိပါတယ်၊ သူတို့က (ဒီကလူတွေ) တစ်ခုတည်းသောလို့ ပြောရင်မရဘူး။

အဲဒါကြောင့်မို့ သီလ, သမာဓိ, ပညာဆိုတဲ့နေရာမှာ သီလကလည်း တကယ်အရေးကြီးတယ်နော်၊ ဒီနိုင်ငံကလူတွေက သီလအကြောင်းပြောရင် မကြိုက် ဘူး၊ သူတို့ကိုယ်တိုင်က သီလကို မထိန်းချင်ပဲကိုး၊ အဲဒီတော့ သီလ အရေးမကြီးပါဘူး မလိုပါဘူးလို့ ပြောတတ်တယ်။

ဒါပေမယ့် သီလရှိမှ သမာဓိဖြစ်တာ၊ သီလမရှိတော့ ဝိပ္ပဋိသာရဆိုတဲ့ နှလုံးမသာယာမှု (Self-criticism)ဖြစ်တာပေါ့၊ သူများတွေက ငါဘာဖြစ်တယ် ဆိုတာ မသိလို့ ဆိုပြီး သူများမသိအောင် လုပ်ထားတဲ့ကိစ္စအတွက် သိမှာစိုးရိမ်ပူပန်တာ၊ ကုက္ကုစ္စလို့ ပါဠိလိုခေါ်တယ်၊ အဲဒါ နှိပ်စက်နေရင် သမာဓိမရတော့ဘူး၊ မကောင်းတာ တွေလုပ်ထား, မကောင်းတာတွေ ပြန်သတိရနေရင် သမာဓိမရနိုင်ဘူး၊ ဒါကြောင့် သီလရှိမှ သမာဓိဖြစ်တယ်၊ သမာဓိဖြစ်မှ ပညာပေါ်တယ်၊ ဒါကြောင့် သီလ, သမာဓိ, ပညာ, ဒီသုံးခုကို ရှောင်လို့မရ, ဖြတ်လမ်းက တက်လို့ မရဘူး။

သို့သော် တစ်ခုရှိတာက သီလဆိုတာ အကြာကြီးကျင့်နေမှ မဟုတ်ပါဘူး၊

တရားအားထုတ်ပြီဆိုရင် သီလဆောက်တည်ပြီးတော့ တကယ့်ကို ရိုးရိုးသားသား စိတ်နဲ့ ရှောင်ကြဉ်မယ်ဆိုတဲ့စိတ်နဲ့ အားထုတ်သွားရင် အဲဒီအခါကျရင် သီလ စင်ကြယ်တယ်လို့ပဲ ဆိုရတယ်။

"Wherever the Buddha's teachings have flourished,
either in cities or countrysides,
people would gain inconceivable benefits.
The land and people would be enveloped in peace.
The sun and moon will shine clear and bright.
Wind and rain would appear accordingly,
and there will be no disasters.
Nations would be prosperous
and there would be no use for soldiers or weapons.
People would abide by morality and accord with laws.
They would be courteous and humble,
and everyone would be content without injustices.
There would be no thefts or violence.
The strong would not dominate the weak
and everyone would get their fair share."

**※ THE BUDDHA SPEAKS OF
THE INFINITE LIFE SUTRA OF
ADORNMENT, PURITY, EQUALITY
AND ENLIGHTENMENT OF
THE MAHAYANA SCHOOL ※**

## Taking Refuge with Bodhichitta

**I go for refuge, until I am enlightened,**
**to the Buddha, the Dharma and the Sangha.**
**Through the merit I create by practicing giving and the other perfections,**
**may I quickly attain the state of Buddhahood for the benefit of all sentient beings.**

## The Prayers of the Bodhisattva

**With the wish to free all beings,**
**I will always go for refuge**
**to the Buddha, Dharma and Sangha**
**till I reach full enlightenment.**
**Enthused by the compassion and wisdom,**
**Today, in Buddha's presence,**
**I generate the Mind of Enlightenment,**
**for the sake of all sentient beings.**
**For as long as space remains,**
**and as long as sentient being remain,**
**until then, may I too remain**
**to dispel the sufferings of all beings.**

With bad advisors forever left behind,
From paths of evil he departs for eternity,
Soon to see the Buddha of Limitless Light
And perfect Samantabhadra's Supreme Vows.

The supreme and endless blessings
of Samantabhadra's deeds,
I now universally transfer.
May every living being, drowning and adrift,
Soon return to the Pure Land of Limitless Light!

*** The Vows of Samantabhadra ***

I vow that when my life approaches its end,
All obstructions will be swept away;
I will see Amitabha Buddha,
And be born in His Western Pure Land of
Ultimate Bliss and Peace.

When reborn in the Western Pure Land,
I will perfect and completely fulfill
Without exception these Great Vows,
To delight and benefit all beings.

*** The Vows of Samantabhadra Avatamsaka Sutra ***

## DEDICATION OF MERIT

May the merit and virtue
accrued from this work
adorn Amitabha Buddha's Pure Land,
repay the four great kindnesses above,
and relieve the suffering of
those on the three paths below.
May those who see or hear of these efforts
generate Bodhi-mind,
spend their lives devoted to the Buddha Dharma,
and finally be reborn together in
the Land of Ultimate Bliss.
Homage to Amita Buddha!

**NAMO AMITABHA**

**南無阿彌陀佛**

《緬甸文：ABHIDHAMMA COURSES AND CLASSES（Vol.3），
阿毗達摩 述義 第三冊》

財團法人佛陀教育基金會 印贈
台北市杭州南路一段五十五號十一樓

Printed for free distribution by
**The Corporate Body of the Buddha Educational Foundation**
11F, No. 55, Sec. 1, Hang Chow South Road, Taipei, Taiwan, R.O.C.
Tel: 886-2-23951198 , Fax: 886-2-23913415
Email: overseas@budaedu.org
Website: http://www.budaedu.org
Mobile Web: m.budaedu.org
**This book is strictly for free distribution, it is not to be sold.**
ဓမ္မစာအုပ်များကိုအခမဲ့ ပေးလှူသည်ဖြစ်၍ရောင်း ဝယ်ခြင်းမပြုရ။
Printed in Taiwan
4,000 copies; May 2019
BU203 - 16594